ဂုဏ်ကြီးများစွာတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ကြီး

ဘဒန္တရေဝတ

ဓမ္မလာရိပ်သာစေတီတော်ကြီးဦးဟောကြားတော်မူသော


ပဋိသန္ဓေ

တရားတော်


အမှတ်စဉ်-၇

ပဋိစ္စသမုပ္ပါဒ်အဓိဘာဂများ၊ ခ ၂-ပါး၊ ထင်ရှားပေါ်လွင်-ခေတ်အစဉ်

အာမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလဏ်
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ



ဆဝိဇ္ဇာနဲ့၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်စ အပင်မှမျိုး။ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်ဝင်ဆည့်ဆန်
ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ ဆဘင်္ဂန်၊ ဖြစ်ဖြန်းနည်းအလျော်။ ဖြဟ္မာ-သိကြား၊ စသည်များက၊ ထင်ရှား၊ မြင်ပြင် ဒိဋ္ဌဓမ္မ
ဆင်း။ ဆကြောင်း၊ ရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရှာ၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှုမြဲခြေက်။
(လက်ဘဆောင်ပုဒ်) ပူလွန်စွဖြာ၊ သန္ဓာနှစ်ခု၊ လေးခုဆက်လွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးဆဝင်၊ နှင်ရမှုလ
ဝဋ်သုံးစွန်း၊ ကာလသုံးဖြာ၊ ခြင်းထုနှစ်ဆယ်၊ ဤရှစ်သွယ်ကို ဆလွယ်ကျက်မှတ်၊ သိဝေဒနာသည့်၊ သံသရာမှ လွတ်ကြောင်းတည်း။



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

ဂါထာရုပ်

စကျွးငှးစတင်ရွင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ မင်္ဂလာ တိုက်ဟောင်း ဓမ္မာရုံတွင်း

ဟောကြားတော်မူသော

ဒိပဿနာ လွှစ်ချနိုးစဉ်

ပဋိစ္စသမုပ္ပါဒ်–တရားဓမ္မာ

(အာမဠကိစဉ် ၇)

ဤစာအုပ်ကို ကူးယူ ပြန်ဝေခြင်း
မပြုရန် သတိပေးအပ်ပါသည်

A

၄၊၃၇ မိုးကုတ် ဆရာတော်ဘုရား၏
ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင် ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

အဖွဲ့ကိုယ်စား - ထုတ်ဝေဖြန့်ချီသူ
ဦးဘသောင်း (အတွင်းရေးမှူး) မှတ်ပုံတင်အမှတ် (ဝ၁၂၇)
၂၉၊ ၃၅၇ အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။
၀ ၆၈၄
၄၈၇၀

★

ယောဂီပုံနှိပ်တိုက်၊ ဦးတင်- မှတ်ပုံတင် အမှတ် (ဝဝ၃၇) က
အမှတ် ၂၄၅-လွှစ့်လမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ဒုတိယနှိပ်ခြင်း အုပ်ရေ ၃၅၀၀
(၂၄ · ၉ · ၆၅)

နိဒါန်း

နဓမော ဗုဒ္ဓါယ သိဒ္ဓမ်

အမှာစကား

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်သည် ၁၉၆၁- ခုနှစ်တွင် အမရပူရမြို့ မဂ်လာတိုက်ပေါင်း၌ ဟောကြားတော်မူခဲ့သော ပဋ္ဌိစ္စသမုပ္ပါဒ် တရားဒေသနာများကို ရန်ကုန်မြို့ရှိ မိုးကုတ် ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့မှ အမှတ် စဉ်(၆) စာအုပ်အဖြစ်ဖြင့် ၁၉၆၇-ခုနှစ် အတွင်း၌ ပဌမအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ သို့ရာတွင် ဟောရက်အနည်းငယ်ကျန် ရှိနေသည်နှင့် ပြည့်စုံသည်ထက် ပြည့်စုံစေခြင်းငှာ ဒုတိယအကြိမ် မြောက် အမှတ်စဉ် (၇) စာအုပ်ကို ထိုနှစ်အတွင်းမှာပင် ထပ်မံ ပုံနှိပ်ထုတ်ဝေခြင်း ပြုရပါကြောင်း။

နိဒါန်းအနေနှင့် စာဘတ်ပရိသတ်များ အကျိုးငှာ အခြေခံ သဘောတရားကို အကျဉ်းအားဖြင့် ဖော်ပြရပါလျှင် ပဋ္ဌိစ္စ သမုပ္ပါဒ်ဒေသနာဆိုကား သည်....

၁။ သံသရာ၏ အစကိုငုံး၊ သမုတိသစ္စာ အလိုအားဖြင့်လူ ဟူ၍ငုံး၊ ပုဂ္ဂိုလ်သတ္တဝါဟူ၍ငုံး၊ သမုတ်ကြသူတို့၏ ဖြစ်ရာအစသည် အဝိဇ္ဇာနှင့် တဏှာကဟူ၍ငုံး၊ ပြသခြင်းဖြစ်သည်။ ပေါ်လွင် ထင်ရှားစေခြင်း ဖြစ်သည်။

၂။ ထိုလူဟူ၍ငုံး၊ ပုဂ္ဂိုလ်သတ္တဝါဟုငုံး သမုတ်ကြသော သူတို့၏ ခန္ဓာဖြစ်စဉ်ကို ပြသခြင်းဖြစ်သည်။

၃။ ပရမတ္ထသစ္စာ အလိုအားဖြင့် ပုဂ္ဂိုလ်သတ္တဝါယောကျ်ားမိန်းမ မရှိ။ ဤ အကြောင်းတရား ဖြစ် ပေါ် ခြင်း ကြောင့် ဤအကျိုးတရား ဖြစ်ပေါ် ခြင်းစသည်ကိုပြသသော တရားဖြစ်သည်။

၄။ သင်္ခါရနှင့် ဝိညာဏ်အစပ်၊ ဝေဒနာနှင့် တဏှာ အစပ်၊ ကမ္မဘဝနှင့် ဇာတိ အစပ်လို အမျှင်မပြတ် ဒုလစပ် ဆက်စပ်နေခြင်းကိုပြသည်။

၅။ ဇာတိဟု ဆိုအပ်သော ပဋိသန္ဓေနေလိုက်၊ အိုလိုက်၊ နာလိုက်၊သေလိုက်၊တဖန် ပဋိသန္ဓေနေလိုက်၊အိုလိုက်၊ သေလိုက်၊ မီးခိုးမဆုံး-မိုးမဆုံးလှည့်လည် ဖြစ်ပွားနေခြင်းကို ပြခြင်းဖြစ်သည်။

၆။ ဒုက္ခအစုတွေ့ တခုပြီးတခု အစဉ်စာန်းနေခြင်းသာ ဖြစ်သည်။

၇။ လောင်စာနှင့် မီးသာ ထပ်ခါတလဲလဲ လှည့်နေခြင်း။ လောင်စာ ထည့်ပေးရင်း မီးအသစ် ပွားခြင်းဟူ၍သာ ဆက်ခါ-ဆက်ခါ ဖြစ်ပွားနေခြင်းကို ပြသသည်။

၈။ သမုဒယနှင့် ဒုက္ခသစ္စာသာ လှည့်နေခြင်းကို ထင်ရှား ပေါ်လွင်စေသည်။

၉။ ကိုးလသဝင့်, ကမ္မဝင့်, ဝိပါကဝင့်ဟု ဆိုအပ်သော ဝင့်ခု-ပါးသာ မရပ်မနား ရဟတ်ခြားပမာ လှည့်နေခြင်းကိုပြသည်။

၁၀။ လွန်လေပြီးသော အတိတ်ဘဝ၊ ယခု ပစ္စုပ္ပန် ဘဝ၊ နောင် လာလတံ့သော အနာဂတ်ဘဝ၊ထိုဘဝ ဒုပါးသာ လှည့်လည်နေခြင်းကို ပြသထင်ရှား ပေါ်လွင်စေ

သည်။ ဤသည်တို့ကား ဒေသနာစဉ်အတိုင်း ဓမ္မနိယာမအစဉ်ဖြစ်၏၊ ဗုဒ္ဓဘာသာတိုင်းဤအခြေခံသဘောကို နားလည်မှသာ ပုဂ္ဂိုလ်သတ္တဝါမရှိ။ ဓမ္မအစဉ်တွေသာ တခုပြီးတခု တနှံးနေခြင်း ဖြစ်၍ ဒီဋ္ဌဓမ္မိကသောတရား၊သုညတ ဆိုက်စေသော တရားဖြစ်သောကြောင့် ခန္ဓာဉာဏ်ရောက်မှု ရရှိရန် ကြိုးစားသင့်သော အချက်ကြီးဖြစ်သည်။

ဤဒေသနာတော်ကို နေတဆူ, လတဆူ ထင်ရှား ကျော်ဇောတော်မူ၍ ဝိပဿနာအလုပ်ကို လက်မှန်မဆုံ လမ်းရှင်းပေးဟော်မူခဲ့သော အနန္တ ကျေးဇူးတော်ရှင် ဖြစ်တော် မူကုန်ကြသော ဆရာတော်, ဆရာတော်ကြီးများသည်လည်း ဒေသနာစဉ်အရသာ ဟောကြားတော်တော်မူခဲ့ကြခြင်း။ ရေးသားကျမ်းပြုတော်မူခဲ့ကြခြင်း ဖြစ်ပါသည်။

သို့ဆိုတွင် ဤပဋိစ္စသမုပ္ပါဒ် ဒေသနာကို သံဃာများမှ ထုတ်မြောက်ရာလမ်းကို တိတိကျကျ ဝိပဿနာအလုပ်နှင့်ဟပ်၍ ဖွင့်ပြဟောကြားဆုံးမ၊ သွန်သင်ပြသ ဆုံးမတော်မူခဲ့သော ပုဂ္ဂိုလ်မှာ ဤကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဦးဝိမလ တပါးသာလျှင် ထူးထူးခြန်ခြန် ပေါ်ထွန်းခဲ့ကြောင်းကို ပရိယတ်-ပဋိပတ် လိုက်စားသူတိုင်းပြောဆိုဝန်ခံရပေမည်ဟုသဘောရပါ၏ကြောင်း။

ဆရာတော်ကြီးသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာကို ဟောကြားတော်မူရာ၌ စက်ဝိုင်းကို ထောက်ပြ၍ ဟောတော်မူလေ့ရှိရာ၊ ပိုမို ရှင်းလင်း ပြတ်သားမှု ရှိသည်ကို တွေ့ရှိရပါမည်၊ ဤကဲ့သို့ စက်ဝိုင်းကို ထောက်ပြ၍ ဟောကြားတော်မူရာ၌ တရားနာပရိသတ် အဆင့်အားဖြစ် ၃- မျိုးရှိရာ ၎င်း ၃- မျိုးစလုံး၏

နားလည်မှုကို ရည်ရွယ်ပင်- ရည်ရွယ်ရင်း ရှိခြားသော်လည်း ခန္ဓာဉာဏ်ရောက်စေမှုကို အဓိကထား၍ သိမ်းသွင်း ပို့ဆောင် တော်မူခဲ့ခြင်းဖြစ်ပါ၏ကြောင်း၊ဆရာတော်ကြီးသည် ပဋ္ဌိစ္စသမုပ္ပါဒ် ဆိုတာ စာထဲမှာ မရှိဘူးဟော... မင်းတို့သန္တာန်မှာ ဖြစ်စဉ်တွေ တန်းနေတာက။ဓမ္မဇတ် တခုပြီးတခု အစဉ်တန်းနေတာကဟု ဖြစ်စဉ်ကိုက် ပြသတော်မူပါသည်။

ဤနေရာ၌ ထပ်မံဘော်ပြလိုသေးသည့် အချက်တချက်မှာ ဆရာဘော်သည် စာဟတ် ပဋ္ဌာန်းကြီး၊ စာချ ပဋ္ဌာန်းကြီးပင် ဖြစ်လင့်ကစား စာဓပါ၌ အဓိကမထားဘဲ ခန္ဓာဉာဏ်ရောက်မှုကို အဓိကထား၍ သယ်ယူပို့ဆောင်တော်မူကြောင်း ဘတ်ရင်း ဘတ်ရင်း ထင်ရှားပါလိမ့်မည်။

ထို့ထက်ပို၍ ထူးခြားသော အချက်မှာ ဗာရာနသ ပရိသတ် (စာဘတ်ပရိသတ်များသည်) ဤဘရားများကို ကြားနာဘတ် ရှုပြီးနောက် ခန္ဓာဉာဏ်ရောက် သုတမယဉာဏ်ကို သန်သန်ထွား ထွား ရရှိကြမည်မှာ အမှန်ပင် ဖြစ်ပါသည်။ ဤသို့ ရရှိကြပြီး လျှင် ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုတာ တခြား မဟုတ်ပါကလား။ မိမိတို့ သည် နံနက်မိုးလင်းကစ၍ ည၌ နေဝင်အထိ အိပ်ယာထဲသို့ ရောက်သည်အထိ "စက္ခုံစ ပဋိစ္စ ရူပေစ ဥပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ...." ဆိုသည့်အတိုင်း အာရုံ နှင့် ဒွါရ တိုက်ဆိုင်တိုင်း- တိုက်ဆိုင်တိုင်း ပဋ္ဌိစ္စသမုပါဒ် ခန္ဓာ စဉ်ကြီး တန်းနေတာပါကလား။ မဂ်အလုပ် မလုပ်ဘူးဆိုယင် (၀၂) ဝိပဿနာအလုပ် မလုပ်ဘူးဆိုယင်(၀၂) ဖြစ်ပျက်အလုပ် မလုပ်ဘူးဆိုယင် မျက်စိမှာ ပေါ်တိုင်း၊ နားမှာ ကြားဟိုင်း၊

နှာခေါင်းမှာ နံတိုင်းဆိုသလို- သာယာယင် ဝေဒနာမှု တက္ခာကူး၊ တက္ခာမှ ဥပါဒါန်ကူး၊ ဥပါဒါန်မှ ကမ္မဘဝဘက်ကူး၊ ၎င်းကမ္မဘဝဘက် ကူးသွားပြီးဆိုလိုက်ယင် ဇာတိ ဇရာ မရဏ ဆိုတဲ့ ဘေးကတော့ ပြေး၍ လွှတ်နိုင်ဘွယ် မရှိပါကလဲ့းဆိုတဲ့ ရှေးက မည်သည့် အာခါကမျှမပေါ်ဘူးသေးတဲ့ အာသိဉာဏ် မိမိတို့ သန္တာန်မှာ ပေါ်ပေါက်လာပါလိမ့်မည်။ ထိုသို့ပေါ်ပေါက်လာခြင်းသည် အင်မာန်မှ ကြီးကျယ်သော ဆုကြီးလာဘ်ကြီးသဘွယ် ဖြစ်ပေသည်ဟု ဆိုရလောက်အောင် လောကုတ္တရာအမြတ်တွေ့ ရရှိပါလိမ့်မည်။

ဤသို့ဆုကြီး- လာဘ်ကြီးသဘွယ် လောကုတ္တရာ အာသိဉာဏ် သံဝေဂဉာဏ်များ ရရှိပြီး နောက်ဘဆင့်ဘက်၍ ပဋိစ္စသမုပ္ပါဒ် ထွက်ခြောက်ရာလမ်းကို ဆရာဘော်ကြီး ဥပနိဿ ပေးထား တော်မူခဲ့သည့်အတိုင်း စိတ္တာနုပဿနာ၊ အလုပ်တည်းဟူသော ဝိပဿနာကို ဒိဋ္ဌိပြုတ်မှုကို ရှု့ထား၍ မိမိ၏လွတ်ရေး၊ ကျွတ်ရေး အစစ်အမှန်ဖြစ်သော ဂိစ္စကို ကျွန်းမာတုံး၊မိမိတို့ဉာဏ်ထက်တုံးသားရေး, သမီးရေး,စီးပွားရေးကို နောက်ထားပြီးကြိုးစားသင့်ကြပါသည်။ ကမ္မဋ္ဌာန်းကျောင်း၊ရိပ်သာစသဖြင့် သွားနိုင်မှုမဟုတ်ပါ။နေရင်း,ထိုင်ရင်း,သွားရင်း, လာရင်း,အလုပ်-လုပ်ရင်းလဲ စိတ္တာနုပဿနာ လုပ်လို့ ဖြစ်ပါသည်။မိမိအိမ်မှာလည်း လုပ်လို့ ဖြစ်ပါသည်။စိတ် ၁၃-မျိုး ရှုပွားနည်းကို ဂျီစာလုပ်၌ ပြထားပါသည်။ အကယ်၍ ၎င်းအတိုင်း ကြည့်၍ သဘော မပေါက်သေးပါက အဖဲ့နှင့် ဆက်သွယ်၍ မေးမြန်းစုံစမ်းပါ။

ပဋိစ္စသမုပ္ပါဒ် ဒေသနာကိုလည်း သဘော့ မပေါက်မခြင်း ထပ်ခါတလဲလဲ အပြန်ပြန် ဘတ်ရှု့ လေ့လာပါ။ သာသနာ

တော်၌ အလွန်အဘိုးတန်လှသော တရား၊ အရေးကြီးလှသော တရား ဖြစ်ပါသည်။ ဝိပဿီ မြတ်စွာဘုရားမှ အစပြု၍ ဂေါတမ ရှင်တော်ဘုရားအထိ ဘုရားမဖြစ်ခင်ဘုရားအလောင်းဘဝနှင့် ဤ ပဋိစ္စသမုပ္ပါဒ်တရားကို နှလုံသွင်း အားထုတ်မှသာ အာသဝေါ တရားကုန်၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီး ဘုရားဖြစ်တော်မူ ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ထပ်မံ၍တိုက်တွန်းလိုသည်မှာ နားမလည်သေး သော ဓမ္မမိတ်ဆွေများသည် ဤမျှ တန်ဘိုးရှိလှသော တရား တော်ကို ခန္ဓာဉာဏ်ရောက် နားမလည်-လည်အောင် ထပ်ခါ တလဲလဲ နာကြား သင်္ဘလေ့လာတော်မူကြပါကုန်။

နားလည်ပြီး ဓမ္မမိတ်ဆွေများသည်လည်း အထက်က တိုက် တွန်းချက်ဆိုတို့ကြောင့် ခန္ဓာဉာဏ်ဆောက်မှုကို အရင်းခံ၍ မိမိတို့ ယောနိသော မသိကာရ ရင့်သန်လာသည်နှင့်အမျှ၊ သံဝေဂဉာဏ် ထက်သန်လာသည်နှင့်အမျှ အားထုတ်ဆဲဖြစ်သော ဝိပဿနာ လုပ်ငန်း၏ အားကြီးသော အထောက်အပံ့ဖြစ်စေပြီးလျှင် ယခု ဘဝ၌ပင်လျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာ ဆိုသလို မိမိတို့ သဒ္ဓါ,ပိရိယ,ပညာအလျောက် ဖြစ်ကြပြီးလျှင် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြပါစေဟု ဆုတောင်းရင်း နိဂုံး ချုပ်လိုက်ပါသတည်း။

ဦးသံဒိုင် (ဥက္ကဋ္ဌ)

မိုးကုတ် ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့—ရန်ကုန်မြို့

စိတ္တာနုပဿနာ ရှုနည်း

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်
၆။ တွေးစိတ်-တောစိတ်

အပြင်ဖြည့်သည့် ၆ ယောက်

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်

အတွင်းဖြည့်သည့် ၅ ယောက်

၁။ လေကိုဆုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

အိမ်သည်စိတ် ၂ ခု

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ သမ္မာသမာဓိ၊
ဂုဏ်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ၊
အိမ်သည် မရှိပါက အပြင် ဖြည့်သည်၊အတွင်းဖြည့်သည်
ပေါ်ရာကို ရှုပါ၊
ဖြည့်သည်မရှိပါက အိမ်သည်ကို အမြဲရှုပါ၊

မာတိကာ

ဦးရေ	အခြောင်းအရာ	စာမျက်နှာ
၁။	ချည်တိုင်ကျိုး၍ လည်ပတ်ဖြတ် ဥပမာပြ ပဋိစ္စသမုပ္ပါဒ် တရားတော်	၁
၂။	တရားအားထုတ်မှု နိဗ္ဗာန်ရ ။	၄၄
၃။	ကိုယ်သာနာ၍ စိတ်မနာစေနဲ့ ။	၈၇
၄။	။ ။ ၎င်းအဆက် ။	၁၃၃
၅။	။ ။ ၎င်းအဆက် ။	၁၇၆
၆။	။ ။ ၎င်းအဆက် ။	၂၂၁
၇။	ရှေ့နှင့် နောက် ခဲခြားသော ။	၂၇၆
၈။	အရှင်သာရိပုတ္တရာနှင့် မြတ်စွာဘုရား မေး-ဖြ ပဋိစ္စသမုပ္ပါဒ် တရားတော်	၃၁၃
၉။	လောကီမဂ်၄ ၅-ပါးကို လောကုတ္တရာ မဂ်၄ ၈-ပါးဖြစ်အောင် အားထုတ်သင့်ကြောင်း ပဋိစ္စသမုပ္ပါဒ်တရားတော်	၃၅၉
၁၀။	ခန္ဓာဖြစ်စဉ်စက်ဝိုင်းထောက်ပြ၍ ဟောတော် မူအပ်သော ပဋိစ္စသမုပ္ပါဒ် တရားတော်	၃၉၂
၁၁။	အားကိုးရာအစစ် ရှာကြပါ ။	၄၃၈
၁၂။	ခန္ဓာဖြစ်စဉ်စက်ဝိုင်းထောက်ပြ၍ ဟော်တော် မူအပ်သော ပဋိစ္စသမုပ္ပါဒ် တရားတော်	၄၇၉
၁၃။	အိမ်တွင်း ။ ။ ။ ။	၅၂၇

ကျေးဇူးရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရားကြီး၏

ဓိပတိသုတ်ဟောကြားစဉ်နှင့်လုပ်ငန်းစဉ်

ပြန်ပွားရေး အဖဲ့မှ

လက်လီ-လက်ကား ရောင်းချခြင်း

မပြုပါ။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော်မူသော
ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရား - အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော
ချည်တိုင်ကြိုး၍ လည်ပတ်ဖြတ် ဥပမာပြု
ပဋိစ္စသမုပ္ပါဒ်တရားတော် (၁၀)
(၃၀-၁၁-၆၁)

တကာတကာမတို့ သူမျှား ကယ်တင်ရတာထက် ကိုယ့် ကိုယ် ကယ်တင်ရတာ ဘယ်ဟာ အရေးကြီးပါလိမ့်မတုံး.... (ကိုယ့် ကိုယ် ကယ်တင်ရတာက အရေးကြီးပါတယ်ဘုရား) ကိုယ့် ကိုယ် ကို ကယ်တင်ရတာက ပိုမိုပြီးသကာလ အရေးကြီးဘယ်လို့ မှတ် ကြစမ်းပါ.... (မှန်လှပါဘုရား) အခုတရားနာကြတယ်၊ တရား အားထုတ်ကြတယ်လို့ တကာ တကာမတွေ နေကြတာဟာ ကိုယ့် ကိုယ်ကို ကယ်ကင်တဲ့ အလုပ်ဘဲ.... (မှန်လှပါဘုရား)။

အိမ်က အထွက်မျှား ပျင်းခဲ့လို့ ရှိယင် သြော်....မင်းစဉ်းစား ကြည့်စမ်း၊ မင်း ကိုယ့် ကိုယ်ကို ကယ်တင်တဲ့ အလုပ်တောင်မှ မင်းသည်ကား ပျင်းသေးတယ်ဆိုယင်ဖြင့် သူမျှားဘို့ ရွက်ဆောင်

နေတယ်ဆိုတာ မင်း အလုကား ပြောတာပါ။ ဒီ မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ကိုယ် ကိုယ်ကို ကယ်တင်တာတောင် ပျင်းသေးတယ် ဆိုလို ရှိယင် မင်း သူများ ကယ်တင်တဲ့အလုပ်ဟာဖြင့် မင်း လုံးဝမပါးတဲ့ ပုဂ္ဂိုလ်ဘဲလို့ ကိုယ် ကိုယ်ကို ဆုံးမ,ပြီးသတာလ ထားကြပါ (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ ဒီ တတာတတာမတွေ့ ကိုယ် ကိုယ်ကို ကယ်တင်တဲ့ အလုပ်လို့ ပြောရပါလိမ့်မတုံး ဆိုတော့ လက်ရှိက တကာကြွယ်-သိတဲ့ အတိုင်းဘဲ၊ အိုဘေးကြီးကလဲ ခန္ဓာကိုယ်ကြီးထဲမှာ အပြည့်ရှိပါတယ်....(ရှိပါတယ် ဘုရား) နာဘေးကလဲ....(ရှိပါတယ်ဘုရား)သေဘေးကလဲ....(ရှိပါတယ်ဘုရား)။

အဲဒီ အပြည့်တွေ ရှိနေတော့ ဒါတွေ လွတ်ရာသွားမည့် အလုပ်ကို ဆရာသမားက ပေးနေတယ်...(မှန်ပါ့) တကာကြွယ် အထဲမှာလဲ သူပါမှာဘဲ၊ အဲဒါမပါအောင်ဘဲ ဆရာဘုန်းကြီးက ပေးနေတယ်.... (မှန်လှပါ ဘုရား)။

ပေးနေတော့ ဆရာဘုန်းကြီးပြောတဲ့အတိုင်း လိုက်နာကြလို့ ရှိယင်လဲ လွတ်ရ ကျတ်ရမှာကိုး....(မှန်ပါ့) အဲဒီ လွတ်ရကျတ်ရမှာကို တကာ တကာမတွေက တရားနာ ပျင်းမယ်၊ တရားအားထုတ်ပျင်းမယ်၊ ဒီ့ပြင် ကိစ္စတွေကြောင့် ဆိုပြီးသကာလ အလွဲသုံးစားနဲ့ နေကြမယ်ဆိုယင်ဖြင့် ကိုယ် ကိုယ်ကို ဆုံးမ,စမ်းပါ၊ မင်းလောက်မိုက်တာ မရှိတော့ဘူး...(မှန်လှပါ)ငင်းကိုယ်မှ မင်း မသနားလို့ မင်း မကယ်တင်တာဘဲ....(မှန်ပါ့)မင်းလို့လူဟာ ရှာမှ ရှားတယ်၊ မင်း အပါယ်ဘေးလဲ မကြောက်ဘူး၊ အို-

ဘေး နာဘေး သေဘေးလဲ မခြောက်ဘူး....(မှန်ပါ့)သားဇတ္ထ သမီးတွေနဲ့ ခဲရမည့် မျက်ရည်စက်လက်နဲ့ ပဲ့တွဲလဲ မင်းမခြောက်ဘူး....(မှန်လှပါဘုရား)။

မင်းဟာ ချမ်းသာ မရှာတတ်ဘူး၊ ချမ်းသာရှာတယ်ဆိုတာ ဒီလို လူစားမဟုတ်ဘူး၊တရားနာပြီး တရားနဲ့ ပျော်ရွှင်မှုရဘယ် ဆိုတာကို ကိုယ် ကိုယ်ကို ဆုံးမ,ပါလို့ ဆိုတာ သတိပေးလိုက်တယ်....နော်....(မှန်လှပါဘုရား) တကာတကာမတွေ ဆုံးမ,ကြပေါ့....နော်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီလို ဆုံးမ,ခိုင်းတာတွေကို ဆရာ ဘုန်းကြီးက တခြားကြောင့် မဟုတ်ပါဘူး၊ အနာပေါက်နေတဲ့ လူကို အနာ မရှိရာ ပို့ချင်လို့....(မှန်ပါ့)သေနာဂပါနေတဲ့ ပဂ္ဂိုလ်ကို သေ နာ မရှိတဲ့နေရာ ပို့ချင်လို့ ....(မှန်ပါ့) အိုနာ ပေါ်နေတဲ့ ပဂ္ဂိုလ်ကို အိုနာမရှိရာ ပို့ချင်လို့....(မှန်ပါ့)။

အဲဒါကြောင့် ဘယ်လိုဘဲ တကာတကာမတွေ ဖဟာဒီလူခြင့် လာနေတယ်၊ မကင်းတရားကသေး ရှိနေလို့၊ဒို့-မင်းမကင်းတာက တဏှာခေါ်တယ်...(မှန်ပါ့) မကင်းတရားက တဏှာခေါ်တယ်၊ အဲဒီ.ဥစ္စာက မင်းကို ထိုးချသမား၊ အပါယ်လေးပါးထဲကျအောင် လာတာ....(မှန်လှပါဘုရား)။

မင်းကိုယ် မင်းသနားတာက အပါယ်ဘေးလွတ်ဘို့၊ အိုမာနာဘေး သေဘေး လွတ်ဘို့...(မှန်ပါ့) ဒါကို မင်းလိုက်နာဘို့ အရေးကြီးတယ်ဆိုပြီးသကာလ ကြားတဲ့ပဂ္ဂိုလ် ကျေနပ်လေးက် အောင် ပြောပြီးသကာလ ကိုယ် ကိုယ်ကယ်ဘင်တဲ့ အလုပ်ကို အပြေးအလွှား လုပ်ပါဆိုတာ တိုက်တွန်းတယ်နော်.... (မှန်လှပါဘုရား)။

နောင်ကို ဒီလိုလမ်းပြတတ်တဲ့ ဆရာကောင်း-သမားကောင်းနဲ့ မတွေ့ဘူးဆိုလို့ ရှိယင်ဖြင့် တကာကြွယ်-ကိုယ့်ကိုယ် ကယ်တင်တဲ့ အလုပ်တော့ မလုပ်တတ်ပါဘူး....(မှန်လှုပါ) ဆရာကောင်း သမားကောင်းနဲ့ မတွေ့ယင် ဘယ်နှယ်တုံး....(ကိုယ့်ကိုယ် ကယ်တင်တဲ့ အလုပ်တော့ မလုပ်တတ်ပါဘုရား)။

ကိုယ့်ကိုယ် ကယ်တင်တဲ့ အလုပ်ကို မလုပ်တတ်ဘူး မျက်စိလည်နေတယ်....(မှန်လှုပါ)ဒီ ပုဂ္ဂိုလ်ကတော့ ကုန်တွေ့ အမျှားကြီး ဝယ်မှာ အဲ....သူ့ရဲ့ဦးမယ်၊ ဒီနေ့ တရားပဲ့ နားလိုက်မှာဲ၊ တရားအားတုတ်တာလဲ နက်ဖြန်မှာဲ ကြိုးစားတော့မယ်ဆိုတော့ မျက်စိလည်သွားတယ်....(မှန်ပါဘုရား)။

တကာကြွယ်-ဘာဖြစ်သွားသလဲ....(မျက်စိလည်သွားပါတယ် ဘုရား) မျက်စိလည်သွားတာဟာ တခြားမှ မဟုတ်ဘဲ၊ တဏှာခိုင်းရာ လုပ်ပါတော့မယ် ဆိုတော့ အပါယ် သွားပါတော့မယ် ပြောတာ....(မှန်ပါဘုရား) မဟုတ်ဘူးလား....(ဟုတ်ပါတယ်)။

အဲဒီတော့ ဒါတွေ့ကိုယ့်ကိုယ်ကို ကယ်တင်တဲ့ အလုပ်ဟာ တရားနာမှုအလုပ်၊ တရားအားထုတ်တဲ့ အလုပ်ဟာ ကိုယ့်ကိုယ် ကယ်တင်တဲ့ အလုပ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

တသိန်းဘိုးဝယ်ဝယ်၊ နှစ်သိန်းဘိုး ဝယ်ဝယ် အင်း....ဝယ်ချင် ဝယ် မဝယ်ချင်နေ၊ ဝယ်လဲ ငွေရတာဘဲ၊ များများဆိုတော့ များများဝယ်ပြီး များများထားရ များများပူရတယ်၊ အဝိပ္ပါယ်က ဒီရောက်တယ်....(ရောက်ပါတယ်ဘုရား)။

အဝိပ္ပါယ်က ဒီရောက်ပြီးသကာလနေတော့ အင်း....ဒါတွေ့ဟာ မလွဲသာလို့ လုပ်ရငြားသော်လဲ ဒါရိုးရာထားပြီးသကာလ

၄့ဘို့ မလိုဘူးဆိုတာကိုလဲ တကာကြွယ် ပြင်ရမယ်....(မှန်လှပါ) မပြင်ထိုက်ဘူးလား.... (ပြင်ထိုက်ပါတယ်ဘုရား)။

တဏှာခိုင်းတဲ့အလုပ်နဲ့ ဥာဏ်ခိုင်းတဲ့အလုပ် တကာတကာ မကို့ ဘယ်ဟာလိုက်သင့်သလဲ....(ဥာဏ်ခိုင်းတဲ့အလုပ် လိုက်သင့်ပါတယ်ဘုရား)ဥာဏ်ခိုင်းတာက တရားနာဟေ့၊တရားအားထုတ်ဟေ့၊ အဲဒါကိုသာ တကာတကာမတွေက လိုက်ပါလို့ဆိုတာ တဇွတ်ထိုးဟောနေတယ်လို့တော့ မယူလိုက်ပါနဲ့....(မှန်ပါ့)။

တဇွတ်ထိုးဟောနေတယ်လို့ တကာတကာမတွေက မယူပါနဲ့....(မှန်ပါ့) ခင်ဗျားတို့ကတော့ ဘာတုံးဆိုတော့ တိုတိုပြောတော့ တကာကြွယ် ကိလေသာရှူး ဖြစ်နေတယ်... (မှန်ပါ့) ဘာဖြစ်နေသလဲ....(ကိလေသာရှူးဖြစ်နေပါတယ်)ငွေရယင် ဝမ်းသာနေတာဘဲ....(မှန်ပါ့) ငွေရယင်ဘာတုံး.... (ဝမ်းသာနေပါတယ်ဘုရား) ဒါဘာတုံးဗျာ....(ကိလေသာရှူးပါဘုရား)။

အဲ....ကိုလေသာရှူးဖြစ်နေတော့သြော်....ဘုန်းကြီးကပြောဆိုတာကဖြင့် အင်မတန်မှ အလိုရှိလို့ ပြောတာဘဲ ဆိုတဲ့ဘက်မရောက်ဘဲနဲ့ ခင်ဗျားတို့က ဘုန်းကြီးဟာ တရားဘဖက်တည်း ပြောတာဘဲ....လို့ တကာကြွယ်က ယူချင်....ယူလိုက်လိမ့်မယ်....(မှန်ပါ့ဘုရား)။

ဒီလိုယူလို့ရှိယင်ဖြင့် တကာတကာမတွေကမှတ်၊ ငါ့သန္တာန်အရှူးထလို့ အကောင်းမသိတာဘဲလို့မှတ်လိုက်.... (မှန်လှပါ) ဘယ်လိုမှတ်ကြမယ်....(ငါ့သန္တာန် အရှူးထလို့ အကောင်းမသိတာပါဘုရား) အရှူးထလို့ အကောင်းမသိလို့ ငါ....မျက်စိလည်နေတာဘဲ မှတ်လိုက်စမ်းပါ.... (မှန်လှပါဘုရား) ဘာပါ

လိမ့်....(အရှုးထလို့ အကောင်းမသိလို့ပါဘုရား) ငါ....မျက်စိလည်နေတယ်လို့ ဆုံးဖြတ်ချက်ချစမ်းပါ.... (မှန်လှပါဘုရား)။

တကာတကာမတို့ ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... (မျက်စိလည်နေပါတယ်ဘုရား) ငါ.... မျက်စိလည်နေလို့ဆိုပြီး ဆုံးဖြတ်ချက်ချပါ၊ သူများမမေးနဲ့.... (မှန်ပါ့) တကျဉ့် အာရုံကြောင့် တကျဉ်ခိုင်းလို့ သူတော်ကောင်းအလုပ် ပျက်လို့ရှိယင် ငါမျက်စိလည်နေလို့ဘဲ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့ဘုရား)။

တကျဉ်ဟာ ဆိုးကျိုးနဲ့ကောင်းကျိုး ဘယ်ဟာ ပေးလေ့ရှိသလဲ.... (ဆိုးကျိုးပေးလေ့ရှိပါတယ် ဘုရား) ဆိုးကျိုးသာပေးလေ့ရှိတယ်ဆိုဘာ တကားကွယ် သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်တယ်.... (မှန်ပါ့) မဖြစ်ဘူးလား.... (ဖြစ်ပါတယ် ဘုရား) သမုဒယသစ္စာကြောင့်....(ဒုက္ခသစ္စာဖြစ်ပါတယ်ဘုရား) ဒုက္ခသစ္စာဖြစ်တယ်ဆိုတာ တကာသစ်တို့ စက်ဝိုင်းကြီး အမြင်သားဘဲ....(မှန်ပါ့)။

ထိုကဲ့သို့မြင်တာ ထောက်လိုက်လို့ရှိယင် တကျဉ်ဟာဆိုးကျိုးသာပေးတယ်၊ ကောင်းကျိုးမပေးဘူး (မှန်လှပါဘုရား)သဗ္ဗောကျပလေး....(ကျေးပါပြီ)။

အဲဒါကြောင့် တကာတကာမတွေ့ တကျဉ်က ပြောတာများဟာ လူ့ပြည်ကောင်းတယ်လို့ပြောလဲ မယုံနဲ့... (မှန်ပါ့ဘုရား) နတ်ပြည်ဟာ ကောင်းတယ်လို့ပြောလဲ.... (မယုံနဲ့) ဗြဟ္မာပြည်ကောင်းတယ်လို့ ပြောယင်... (မယုံနဲ့)။

မယုံပါနဲ့၊ ယုံလို့ရှိယင် ဒီဥစ္စာ ခင်ဗျားတို့ကိုယ်က နဂိုရှိကတည်းက အရှုးနာရှိနေတော့ အရှုးပြောတာ ယုံတာ.... (မှန်ပါ့ဘုရား) အရှုးနာရှိနေလို့.... (အရှုးပြောတာ ယုံတာပါဘုရား)

အရှုးနာရှိနေလို့ အရှုးပြောတာ ယုံကို မယုံပါနဲ့လို့ သတိပေးလိုက်တယ်....(မှန်လှပါဘုရား)။

ဩော်....ငါယုံသ၍ဟာ အလဲချည်းဘဲ၊ ဥာဏ်ကမှ နိဗ္ဗာန်ပို့နိုင်တာ၊ တဏှာက နိဗ္ဗာန် ပို့နိုင်တာမဟုတ်ဘူး....(မှန်လှပါဘုရား) တကာကြွယ်.... ဘယ်သူကပို့သလဲ.... (ဥာဏ်ကမှပို့နိုင်ပါတယ်ဘုရား) တဏှာကတော့.... (မပို့နိုင်ပါဘုရား) မပို့နိုင်ဘူးဆိုတာ သေချာပလား.... (သေချာပါတယ် ဘုရား) သူက ဘာပို့နိုင်သတုံးလို့ မေးတဲ့အခါကျတော့ တကာ တကာမတို့ အဓလောင်းချင်းထပ်ပြီး သေတဲ့နေရာ ပို့နိုင်တယ်.... (မှန်ပါဘုရား)။

ဒီနေရာ တကာကြွယ်.... အလောင်းတခါသေ၊ နောက်တခါ တကာကြွယ်က ပုံတမျိုး ဖြစ်ပြီးသကာလ ဒီအလောင်းပေါ် ထပ်မြုပ်တယ်....(မှန်လှပါဘုရား) နောက်ဘခါ တကာကြွယ်က ပုဂ္ဂိုလ်တမျိုးဖြစ် သေပြီး ဒီအလောင်းပေါ် ထပ်မြုပ်တယ် (မှန်လှပါဘုရား) ဒါ-ဘယ်သူ မြုပ်တာတုံးဗမေးယင် ဘုယ်နှယ်ဖြေကြမလဲ.... (တဏှာမြုပ်တာပါဘုရား)။

အဲဒါကြောင့် တဏှာဟာ တကာ တကာမတို့ အလောင်းချင်းထပ်တဲ့ကိစ္စကို သူအင်မတန်ပြုတယ်.... (မှန်လှပါဘုရား) ခင်ဗျားတို့ အလောင်းသိမ်းတဲ့ဇာတ် အိုးဘူး, နာဘေး, သေဘေး, သိမ်းတဲ့ဇာတ်ကိုတကာသစ် ကြည့်ကိုမှကြည့်ချင်ဘူး....(မှန်လှပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က ဘုရားဟောတဲ့အတိုင်း ဘုန်းကြီးပြောတာကိုသာ မှတ်ပြီးသကာလ တဏှာ ပြောတာကိုဖြင့် အယုံအကြည် မရှိဘူးဆိုတဲ့ဘက်ကအမြဲထားပေးပါ....(မှန်လှပါ

ဘုရား) ဘယ်လိုထားရမယ်.... (တဏှာပြောတာ အယုံအကြည် မရှိပါဘုရား)။

အယုံအကြည် မရှိပါဘူးကွာ....ဆိုတဲ့ လောကမှာ ကိုယ့်ယုံကြည်ရသူ လာပြီဆိုမှပြင့် ငွေတခါချွေးသွား ပြန်မပေး၊နောက်တခါ ကျုပ်ပေးပါမယ်ဆိုလာချေး မပေး၊ သုံးခါလာချေးတဲ့ အခါကျတော့ မင်းအကြောင်းသိပြီ မလိမ်နဲ့တော့ဟေ့....ဆိုသလိုဘဲ...(မှန်လှပါဘုရား) ဒီမှာလဲ ဘဝမျှားစွာ သံသရာက ဒီမြေပေါ်မှာ သူ့စကား နားထောင်မိတာနဲ့ သေပဲ့အလောင်းတွေ ထပ်ထပ်- ထပ်ထပ်ပြီး ကိုယ်တပေါက်တည်း ထပ်ထပ်-ထပ်ဘပ်မြှုပ်နေတာ ဘယ်သူ့သတ္တိထင်ကြသလဲ(တဏှာသတ္တိပါဘုရား) တဏှာ သတ္တိဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အဲဒီ တဏှာသတ္တိပေါ်တော့မှ ဘုန်းကြီးတို့ တကာတကာမတွေ ဒီဘခါ ဘ်ဏှာကလာပြီး.... ကုန်သည်ကြီး ဒါင့်ရမည်.... ဒါတရားဝင်တဲ့အချိန်ကို လဲပေးရမယ်.... တနည်းအားဖြင့်လဲ ဒီနေ့ အတွက်တော့ သူနဲ့ပြီးရမယ်ဆိုလို့ ရှိယင်ဖြင့် လာပဟေ့.... လိမ်နေကျလူ လာပဟာ.... မယုံကြည်ထိုက်တဲ့သူ လာပဟာ....လို့ တကာကြွယ် အဘင်းတွန်းကန် ထုတ်ရမယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ အာမျိုးမျိုးအဖုံဖုံ သေပဲ့တွေဝင်ခဲ့တယ်...(ဝင်ခဲ့ပါဘုယ်ဘုရား) အဲဒါ ဘယ်သူ့ အလိမ်မိလို့ထင်ကြသလဲ(တဏှာရဲ့ အလိမ်မိလို့ပါ ဘုရား) တဏှာ အလိမ်မိလို့ဆိုတာ သေချာကြပလား.... (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ဒီတခါကော့ ဆရာသမားကောင်း အကူအညီနဲ့ ငါတို့ကို ဉာဏ်မျက်လုံးတပ်ပြီးပေးပြီ၊ ဒါ့ကြောင့် မင့်စကားကိုဖြင့် အယုံအကြည် မရှိတော့ဘူးဆိုတဲ့စကားကိုဖြင့် ခင်ဗျားတို့ ရဲရဲတင်းတင်း သုံးစမ်းပါ....(မှုန်လှုပါဘုရား)။

ဘယ်လိုမှာပါလိမ့် .... (ရဲရဲတင်းတင်း သုံးရပါမယ်ဘုရား) ရဲရဲတင်းတင်း သုံးရမယ်ဆိုတာ တကာတကာမတွေ့ .... ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား) ရဲရဲတင်းတင်း သုံးစမ်းပါဆိုတာကို သတိပေးလိုက်တယ်နော်....(မှုန်လှုပါ) တော်တော်ကြာကျတော့ သူက သေခါနီးကျကာမှ ငရဲအိုးကြီးတွေ့ မသေခင်ကမြင်....(မှုန်လှုပါ)။

အင်း .... ဒါဘယ်ပုဂ္ဂိုလ် မြင်တာတုံးဆိုတော့ တဏှာရဲ့အလိမ်မိတဲ့ပုဂ္ဂိုလ်မြင်တာ...(မှုန်လှုပါဘုရား) ဒီကျတော့ သူက ဘာမှ ကျုပ်တို့ကို လာမပြောလှာဘူး၊ မင်းထိုက်နဲ့ မင်း သွားရော့ဆိုပြီး သူက ဒီကျတော့လဲ လက်မြောက်ဖယ် . . (မှုန်ပါဘုရား)။

ဒီကျတော့ လက်မြောက်လိုက်တာ တကာ တကာမတွေ့က စဉ်းစားပါလားး၊ သြော် .... သူ့ကျန်ခံတာ ကောင်းတယ်လို့ မှတ်ပြီး လိုက်မိတာ အခုတော့ ပစ်ထားခဲ့ပါပေါ့လား ဆိုတာ ပေါ်ရော.... (ပေါ်ပါတယ်ဘုရား) မပေါ်လာဘူးလား .... (ပေါ်လာပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ့မှာ သေခါနီးကျတော့လဲ သူခိုင်းတာလုပ်နေတဲ့ ပုဂ္ဂိုလ်တဦး တယောက်ဟာ ခွေးနက်ကြီးတွေ့က လာဆွဲလိမ့်မယ်....(မှုန်လှုပါ) မဆွဲပေဘူးလား....(ဆွဲပါတယ်ဘုရား)။

သေးတယ်၊ ကျုပ်အသက်တော့ ကျုပ်မနှမြောပါဘူး၊ သူတို့တော့ ကျွန်းမာစေချင်တယ်....(မှန်လှုပါဘုရား)။

ဩော်....တဏှာက ပြောခိုင်းတော့ အရှုးထပြီးပြောတာ.... (မူန်လှုပါဘုရား) တဏှာက ခိုင်းတော့ ဘာတဲ့ .... (အရှုးထပြီး ပြောတာပါဘုရား) ပြောတာ ကိစ္စမရှိပါဘူး၊ ဒီပြောနေတဲ့ အခိုက်အတန့်မှာ တဏှာပြီး ဘာလာသတုံး....(ဥပါဒါန်လာပါတယ်ဘုရား)ဥပါဒါန်ပြီး ဘာလာသတုံး .... (ကမ္မဘဝ လာပါတယ်ဘုရား) ကမ္မဘဝပြီးယင် စုတေတော့ ဘာလာသတုံး .... (အပါယ်ဇာတိလာပါတယ်ဘုရား)။

ကိုင်း-ဟာဆာတာကာမတို့ ပြောရတာ အရသာရှိသလား၊ကိုယ်သွားရမည့် ခရီးက ကြမ်းတမ်းသလား....အကဲခတ်စမ်း.... (ကိုယ်သွားရမည့် ခရီးက ကြမ်းတမ်းပါတယ်ဘုရား) ကိုယ်သွားရမည့် ခရီးက ကြမ်းတမ်းတယ် ဆိုတာဖြင့် တကာကြွယ် ပေါ်ပြီ.... (ပေါ်ပါပြီ)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

အဲဒါတွေကြောင့် ဘုန်းကြီးများက အနာမပေါက်စေနဲ့ တကာတကာမတွေ ဆေးရှာပါ၊ အနာမပေါက်မှ ဆေးရှာတော့ မရတော့ဘူး .... (မူန်လှုပါဘုရား) အပါယ် အနာပေါက်မှ ဆေးရှာလို့တော့....(မရတော့ဘူး) ပေါ်ပြီးသားအနာ ကိုယ် ကိုယ်တိုင်ခံရုံဘဲရှိတယ်....(မှန်ပါ့)ရှင်းကြပလား.... (ရှင်းပါပြီ)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ ဘကာမတွေကို ရင်းရင်း-ချာချာထားပြီးသကာလ တကယ်တမ်းဆုံးမ၊ တကယ်ဘန်း သွန်သင်၊ တကယ်ဘမ်း ဘုရားနည်းကို လမ်းပြနေတယ်လို့ ဆိုတာကိုလဲ သေသေချာချာမှတ်ပါ....(မှန်လှုပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ပြောကြပါစို့....ကဲ့၊တကာတကာမတို့ ဒီလမ်းဖြင့် ကြောက်လှချီရဲ့၊ ဒီလမ်းဖြင့် မသွားချင်ပါဘူး၊ ဒီခရီးဖြင့် တပည့်တော်တို့ ဘယ်လိုတွန်းထုတ်ထုတ် အပါယ်ခရီးတွေ့ မသွားချင်ပါဘူး၊ နတ်ပြည်ဆိုတာလဲ ဇာတိဒုက္ခ ရှိပါတယ်ဘုရား.... (မှန်ပါ့) ဆိုထိုက်ကြရဲ့လား....(ဆိုထိုက်ပါတယ်ဘုရား) ဗြဟ္မာပြည်ဆိုတာကော....(ဇာတိဒုက္ခရှိပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ တကာတတာမတွေက မသိလို့ အဝိဇ္ဇာနဲ့ တဏှာက လှည့်စားလို့.... အေး....နိဗ္ဗာန် မရသေးလို့ ရှိယင်လဲ နတ်ပြည်, ဗြဟ္မာ့ပြည် သွားပြီး တည်းခိုနေရယင်.... ကောင်းမှာဘဲလို့ ဆိုတာတောင်မှ တကာကြယ်.... တဏှာလှည့်စား အလိမ်မိတာ....(မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား) တဏှာလှည့်စားလို့ အလိမ်မိဘာလို့ မှတ်လိုက်စမ်းပါ-(မှန်လှပါဘုရား) ဘယ်နှယ်ကြောင့် ဒီလို ဟောရပါလိမ့်မလဲလို့ အမေးထုတ်ဘော့မှ တကာတကာမတို့ ဇာတိက ဒုက္ခသစ္စာ-(မှန်ပါ့)အမိုဝမ်းခေါင်းထဲ နေခဲ့ရတယ်၊ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား)။

ဒီ ဒုက္ခသစ္စာပြီးယင် တခါ ခင်ဗျားတို့က တဏှာနဲ့ ဆုတောင်းလိုက်လို့ ရှိယင်ဖြင့် အင်း....ဒီဘဝ စုတိမနေ သေလွန်တော့ နတ်ဖြစ်ရပါလို့၏ ဆိုတော့ နတ်ဇာတိက လာဦးမှာဘဲ.... (လာပါတယ်ဘုရား)။

အင်း....ဇာတိက လာပြီးသကာလ၊ လာတုန်းကလဲ ဇာတိကလာတယ်....(မှန်ပါ့) သေတော့လဲ ဇာတိပြန်ရောက်ရတယ် ဆိုတော့ မီးထဲကလာပြီး မီးထဲပြန်ရောက်တယ်....(မှန်လှပါဘုရား) ဘယ်လိုဆိုကြမယ်.... (မီးထဲကလာပြီး မီးထဲပြန်ရောက်ပါတယ်

ဘုရား) မီးထဲကလာပြီး မီးထဲပြန်ရောက်တယ်ဆိုတော့ အဆိုးမှာ တန်းကုန်သွားပြီ.... (မှန်လှပါဘုရား) မီးထဲကလာပြီး ငြိမ်းရာသွားရတယ်ဆိုယင် တော်သေးရဲ့.... (မှန်လှပါ) မဟုတ်ဘူးလား- အခုတော့ မီးထဲကလာပြီး ဘယ်သွားသတုံး.... (မီးထဲသွားပါတယ်ဘုရား)။

သြော်.... ဘုန်းကြီတို့ တကာတကာမတွေ့ တဏှာလိမ်တာမယုံနဲ့နော်.... (မှန်ပါဘုရား) သာမည ဆရာများပြောတာလဲ မယုံနဲ့.... (မှန်ပါဘုရား) တဏှာလိမ်ဇာကို.... (မယုံနဲ့) သာမည ဆရာပြောတာကိုလဲ.... (မယုံပါနဲ့) သာမည ဆရာများတာလဲ အို.... လူ့ဘဝ,နတ်ဘဝ ကောင်းတယ်လို့ တကားကြွယ်ပြောချင် ပြောလိုက်လိမ့်မယ်....(မှန်ပါ) ပြောတဲ့အခါကျတော့ မိမိတွက်ကြည့် မိမိ ဘယ်ကလာသတုံး.... (ဇာတိက လာပါတယ် ဘုရား) ဇာတိ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) နတ်ပြည်ရောက်တော့ ဘယ်က စ,ရမလဲ....(ဇာတိကပါဘုရား) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

သြော်....ဒုက္ခထဲက လာပြီး ဒုက္ခထဲ ပြန်ရောက်ရမယ်ဆိုယင် ကျုပ် မကြိုက်ဘူးလို့ ပြောလိုက်စမ်းပါ.... (မှန်လှပါဘုရား) ဒုက္ခထဲက လာပြီး ဒုက္ခထဲ ရောက်လို့ ရှိယင်.... မောင်ဘဲသော် ဘယ်လိုဖြေမလဲ....(မကြိုက်ပါဘုရား) ကျုပ်တို့ မကြိုက်ဘူးလို့ ဦးသာအောင်ကြီး မဖြေရဲဘူးလား.... (ဖြေရဲပါတယ်ဘုရား) မှန်ကော မမှန်ဘူးလား....(မှန်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ သြော်ဇာကိက လာလို့ ရှိယင် ဇာတိလွတ်ရာ သွားလိုက်ရယင် ဦးဘအုန်း ကောင်းလိမ့်မယ်....(မှန်လှပါဘုရား)။

ဇရာကကော.... ဇရာလဲ ရောက်နေတဲ့ပုဂ္ဂိုလ်က ဇရာလွတ်ရာ သွားရယင်.... (ကောင်းပါလိမ့်မယ်ဘုရား) အနာ နှိပ်စက်နေတဲ့ ဗျာဓိ ပုဂ္ဂိုလ်ဟာ အနာလွတ်ရာ ရောက်ရယင်.... (ကောင်းပါတယ်ဘုရား) ရှင်းပြီ.... (ရှင်းပါပြီဘုရား) အသေရှိတဲ့ ပုဂ္ဂိုလ်ဟာ.... အသေလွတ်ရာ သွားရမယ်ဆိုယင်.... (ကောင်းပါမယ်ဘုရား)။

ခင်ဗျားတို့လဲ ဥပမာ စဉ်းစားကြည့်စမ်းပါ....၊ ခင်ဗျားတို့ဘုံဘဝတော့ ဆုတောင်းတယ်....၊ ခင်ဗျားတို့သည် သေမည့်ဝေဒနာ အနာကပ်ရောက်လာတယ်ဆိုပါစေတော့....(မှန်ပါ့) ဦးဘအုန်း ကပ်ခံရောက်လာတယ် ဆိုပါစေဗျာ့....(မှန်လှပါဘုရား)။

ဦးဘအုန်း.... ဘယ်ဆရာဝန် အကောင်းဆုံးတုံးဆိုတာ ဦးဘအုန်း ကိုယ်တိုင်က မေးမှာဘဲ.... (မှန်ပါ့) မခမေးပေဘူးလား.... (မေးမှာပါဘုရား) ဘာပြုလို့တုံးဆိုတော့ အသေနာပေါ်လို့ အသေလွတ်ရာ ရှာချင်လို့ - (မှန်လှပါဘုရား) ဥစ္စာယယ်လောက်ကုန်ကုန်ဗျာ....' ကျုပ်တို့ရှာထားပါတယ်၊ အစ်မိုးကုန်အောင် ဘဲ ကုပေးပါဆိုတာ သေနာပေါ်နေတဲ့ ပုဂ္ဂိုလ်မှာဖြင့် အသေလွတ် ဆရာသာ သူကိုယ်တိုင် ရှာပြီးသား.... (မှန်ပါ့) မရှာဘူးလား....(ရှာပါတယ်ဘုရား)။

မမာတဲ့ အချိန်ကျတော့ ဇာကာတကာမတွေ့ သေနာပေါ်တယ်ဆိုတာ ပြောဘို့ လိုသေးသလား.... (မလိုပါဘုရား) ဘာရှာကြသတုံး အဲဒီအချိန်မှာ (အသေလွတ်ရာရှာပါတယ်ဘုရား) အို....ဦးဘအုန်း ဒါ-အရှင်းသားဘဲ....(မှန်ပါ့) မရှင်းဘူးလား- (ရှင်းပါတယ်ဘုရား)။

အင်း.... ဝေဒနာရောက်တဲ့ ပုဂ္ဂိုလ်ကျလို ့ရှိယင်ဖြင့် သေနာ ပေါ်တဲ့အတွက် အကောင်းဆုံးဆရာဝန် အကောင်းဆုံး ဆေး မရှာကြဘူးလား....(ရှာကြပါတယ်ဘုရား) ဘာဖြစ်လို့ ရှာတာ တုံး....(သေနာပေါ်လို့ပါဘုရား)။

အဲ.... အဲဒီမှာ ရှာတာတော့ အတည့်သားနဲ့ လူ့ပြည်ကနေ ပြီး နတ်ပြည်သွားချင်တာဟာ အသေရှိတာ မသိသေးဘူး—(မှန် ပါ့ဘုရား) မဟုတ်ဘူးလား.... (မှန်ပါ့) ကဲ.... ဒါဖြင့် မျက်စိ လည်တယ်ဆိုတာ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးက ခင်ဗျားတို့က မျက်စိလည်နေဟော့ ကိုယ့် ဟာကိုယ်တော့ မသိဘူး....(မှန်ပါ့) ဦးဘအုန်းသိရဲ့လား- (မသိပါဘုရား) လူ့ပြည်က စုတေသွားလို့ နတ်ပြည်ရောက် ချင်တဲ့ ပုဂ္ဂိုလ်မှန်ခဲ့လို့ ရှိယင်ဖြင့်....တဲ့၊ ဟိုမှာ မသေတော့ဘူး လား၊ သေဦးမှာလဲ့လား....(သေဦးမှာပါဘုရား)။

ဒါဖြင့် ဒီတခါသေလို့ ရှိယင် နတ်ပြည်ရောက်ရပါလို့၏ ဆို တော့ နောက်တခါ သေရပါလို့၏ဆိုတာ ပါ-မပါ.... (ပါ-ပါ တယ်ဘုရား) သေချာကြပလား....(သေချာပါတယ်)။

အဲဒါကြောင့် ခင်ဗျားတို့ သူများပြောလဲ မှယုံနဲ့.... (မှန်ပါ့ ဘုရား) တကာကြွယ် ဘယ်လိုမှာပါလိမ့်.... (သူများပြောလဲ မယုံနဲ့) သူများပြောလဲ မယုံနဲ့ ဆိုတာကို လေးလေးစားစား နားကြီးကြီးနဲ့ ခင်ဗျားတို့မှတ်ထားပါ....(မှန်လှပါဘုရား) သူ များပြော ယုံကိုမှယုံနဲ့၊ ဒီဘဝ စုတေမနေ သေလွန်ရလို့ ရှိယင် ဤသက်ဆိုး-ဤကျောင်း အစရှိသည်တွေကြောင့် နတ်ရွာရောက် ရပါလို့၏များ-သွားပြီးမထည့်လေနဲ့- (မှန်လှပါ) သွားမထည့် ကြနဲ့၊ ကိုယ်မမာတုန်းဟာတော့ ဘာရှာသွတုံး၊အသေလွတ်ရာရှာ

တယ်-(မှန်ပါ့) ကိုယ်မမာတုန်းကတော့....(အသေလွတ် ရှာပါတယ်ဘုရား)အခု မာတုန်းကျတော့ ဘာရှာနေသတုံး.... (အသေရှာနေပါတယ်ဘုရား)။

ဟာ....အတော် အရုပ်ဆိုးပါလားး.... (မှန်ပါ့ဘုရား) မဆိုးဘူးလား.... (ဆိုးပါတယ်ဘုရား) သေသေချာချာ အရုပ်ဆိုးတယ်ဆိုတာ ပေါ်ကြပလားး....(ပေါ်ပါပြီဘုရား) တကယ်ကွယ် မမာတုန်းက ဘာရှာသတုံး....(အသေလွတ်ရာရှာပါတယ်)။

နောက် အလှူကြီးပေးတော့ ဘာရှာသတုံး.... (အသေရှာပါတယ်ဘုရား) ဟာ.... ခင်ဗျားတို့က ပိုက်ဆံကုန်ပြီး အသေရှာတယ်....(မှန်လှပါဘုရား)။

ဟိုမှာ ဆရာဝန်ကတော့ ပိုက်ဆံကုန်ပြီး အသေလွတ်ရှာတယ် (မှန်ပါ့ဘုရား) ဧကျတော့ မလွှတ်ကြီးထိုးပြီး အသေရှာတယ်-(မှန်ပါ့ဘုရား) မနစ်နာဘူးလား.... (နှစ်နာပါတယ် ဘုရား) အဲဒါ ဥာဏ်နဲ့လဲ သဘောပေါက်ကဲ့လား.... (ပေါက်ပါတယ် ဘုရား) တချို့ ဒီသစ္စာ နားမလည်တော့ တကာကွယ်.... မလွှတ်ထိုးပြီး ဘာရှာသတုံး....(အသေရှာပါတယ်ဘုရား)။

ဩော်....ခက်တယ် တကာသစ်-ရ....(မှန်ပါ့) မောင်ဘသော် မခက်ဘူးလား.... (ခက်ပါတယ်ဘုရား) ကိုယ်မမာတော့ ဘာရှာသတုံး.... (အသေလွတ်ရာ ရှာပါတယ်ဘုရား) ဘယ်ဆရာဝန် ကောင်းသတုံး၊ ဘယ်ဆေးကောင်းသတုံးနဲ့.... (မှန်ပါ့) ဟာ... ဒါ ဘာလုပ်ကြတာတုံးဆိုတော့ ဘယ်နှယ်ဖြေကြမလဲ-(အသေလွတ်ရာ ရှာပါတယ်ဘုရား) သေမှာသိလို့ အသေလွတ်ရာ ရှာတယ်-(မှန်ပါ့ဘုရား) ဒီ ဝေဒနာနဲ့ သေမှာသိလို့ အသေလွတ်

ရာ ရှာကြတာ.... (မှန်ပါ့) တလှုပ်တန်းတွေပေးတော့ သစ္စာမသိတဲ့ ပုဂ္ဂိုလ်ကျတော့ တကာကြွယ် ဘာရှာသတုံး— (အသေရှာပါတယ်ဘုရား)။

သြော်.... ဒီလို နတ်ပြည် ဗြဟ္မာပြည် အကြိမ်ကြိမ် ခံစား၍-ဆိုတာသည် တကာသစ် အကြိမ်ကြိမ် အသေရှာတာ.... (မှန်ပါ့ဘုရား) ဒါဖြင့် ဘုန်းကြီးပြောတာ ခင်ဗျားတို့က မငြင်းပါနဲ့တော့လို့ ဦးဘအုန်းတို့ သတိပေးလိုက်တယ်- (မှန်ပါ့ဘုရား) မမာတုန်းကစိတ် မပျောက်စေနဲ့....(မှန်ပါ့ဘုရား)မမာတုန်းစာစိတ် ဘာတုံး.... (မပျောက်စေပါနဲ့ဘုရား)မမာတုန်းက အားလုံး နောက်က တကာ တကာမတွေ.... ဘာရှာကြသတုံး.... (အသေလွတ်ဆု ရှာပါတယ်ဘုရား) ငွေဘယ်လောက်ကုန်ကုန် နော်၊ အသေလွတ်ယင် ဇတော်ပါပြီ.... (မှန်ပါ့) မပြောကြဘူးလား....(ပြောကြပါတယ်ဘုရား)။

အဲဒီတုန်းက ရှာပုံ,မမှန်ဘူးလား-မှန်သလား.... (မှန်ပါတယ်ဘုရား) နို့-ဒီအလှုအတန်း ပေးတဲ့အခါကျတော့ ဘာရှာကြသတုံး....(အသေရှာပါတယ်ဘုရား)ရော....ကျန်းမာဇတော့ ခင်ဗျားတို့ဟာ အသေရှာတယ်၊ မကျန်းမာတော့ ခင်ဗျားတို့က အသေလွတ်ရာ ရှာတယ်ဆိုတော့ ကျန်းမာတာက ပိုပြီး မိုက်နေတယ်....(မှန်ပါ့ဘုရား) ဘယ်နှယ်ဆိုကြမယ်....(ကျန်းမာတာက ပိုမိုက်ပါတယ်ဘုရား) ကျန်းမာတာက ပိုမိုက်လေလေဆိုတဲ့ အဓိပ္ပါယ်က ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကြုံလုံးပြောတဲ့ စကားလား....တဲ့၊ ခင်ဗျားတို့ မိုက်ပုံထူးခြားတာ ပြောတာလား....(မိုက်ပုံထူးခြားတာ ပြောတာပါဘုရား)။

အင်း....မကျန်းမာတော့ ဘာရှာသတဲ့တုံး....(အသေလွတ်ရာ ရှာပါတယ်)ကျန်းမာတော့....(အဇသရှာပါတယ်ဘုရား) ဟ.... ကျန်းမာလို့ရှိယင် ကျန်းမာသထက် ကျန်းမာတာ ရှာရမယ်.... (မှန်ပါ့ဘုရား) အသေတော့ ရှာဘို့ မသင့်ဘူး.... (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဘုန်းကြီး ဖေါ်ပြောမှ ဦးဘအုန်း မျက်စိလည်တယ်ဆိုတာ ပေါ်တာနော်....(မှန်ပါ့ဘုရား) နို့မို့ယင် ဒီအဓိပ္ပါယ်ကို ဦးဘအုန်းတို့ တွေးကြည့်စမ်း ပေါ်ပါ့မလား.... (မပေါ်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီး ဒီနေ့ ပြောကဲ့စကားဟာ နှစ်လုံးတည်း ရှိပါသေးတယ်-(မှန်ပါ့ဘုရား)မကျန်းမာတဲ့အခါ ဘာ ရှာလေ့ရှိသလဲ....(အသေလွတ်ရာရှာပါတယ်ဘုရား)။

ဒါဖြင့် ကျန်းမာတဲ့ အချိန်ကျတော့လဲ ဘာရှာဘို့ သင့်သလဲ (ကျန်းမာသထက် ကျန်းမာတာ ရှာဘို့သင့်ပါတယ်) အဲဒါ ရောက်အောင် လုပ်ပစ်လိုက်....(မှန်ပါ့ဘုရား) ကျန်းမာတုန်းကို ရှာတဲ့ အရှာလဲ မကျန်းမာတုန်းကတောင် အဇသလွတ် ရှာခဲ့သေးတာ၊ ကျန်းမာတဲ့အခါ ဒီထက် လွတ်တဲ့နေရာ ရှာမဟ.... ဆိုတော့ ဒီလိုမှ မှန်တယ်....(မှန်လှပါဘုရား) သဘောကျပလား (ကျပါပြီ) ကျန်းမာတဲ့ အချိန်မှာ ဘာရှာကြမယ်.... (အသေလွတ်ရာ ရှာကြပါမယ်ဘုရား) မကျန်းမာမှ အဇသလွတ် မဂ္ဂင်အလုပ်ကို တကာကြွယ် မလုပ်နိုင်ဘူး.... (မှန်ပါ့ဘုရား) လုပ်နိုင်ပါ့မလား....(မလုပ်နိုင်ပါဘုရား) ကျန်မာတုန်းက မဂ္ဂင်အလုပ် လုပ်လိုက်တော့ ဘာရှာရာ ရောက်သွားသလဲ.... (အသေလွတ်ရာ ရောက်သွားပါတယ်ဘုရား)။

အဲ....မကျန်းမာတုန်းက ငွေရှာပေးတာကတော့ အသေလွတ်ရှာတာ....(မှန်ပါ့ဘုရား) ကျန်းမာတုန်း အသေလွတ် ရှာတာကတော့ ဥာဏ်နဲ့ရှာရမယ်....(မှန်ပါ့ဘုရား) သဘောကျပလား-(ကျပါပြီ)မကျန်းမာတုန်းအသေလွတ်ရှာတာကတော့.... (ငွေနဲ့ရှာတဲ့ပါဘုရား) ငွေပေးရှာတာကတော့ စရိတ်ကုန်တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)ကျန်းမာတုန်း အသေလွတ်ရှာတာကတော့ ဘာနဲ့ ရှာရသတုံး.... (ဥာဏ်နဲ့ ရှာရပါမယ်ဘုရား)။

ဒါဖြင့် ဥာဏ်နဲ့ ရှာရမယ်ဆိုတာ သေချာ ကြပလား....(သေချာပါတယ်ဘုရား) ဒါဖြင့် ဥာဏ်နဲ့ ရှာတဲ့ အခါကျတော့ လွယ်ပါတယ်....တဲ့... ၊ သေတတ်တဲ့ ခန္ဓာကြီး မလိုချင်လို့ ရှိယင် ဒါ-ပြီးသွားတာဘဲ....(မှန်လှပါဘုရား) သေဖာတ်တဲ့ ခန္ဓာကြီးကို မလိုချင်တဲ့ဥာဏ်နဲ့ ပွားယူ.... (မှန်ပါ့ဘုရား) တကယ်သစ်နောက်ထပ်ရပါဦးမလား.... (မရပါဘုရား) နောက်ထပ် မရတော့ဘူးဆိုတာ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် တကယ်တကယ်မတွေ့ ယနေ့ ဘုန်းကြီးပြောတာက သြော်....မျက်စိလည်တာ ပေါ်ပြီဘုရား....(မှန်ပါ့) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား) နောက်က တကယ်တကယ်မတွေ့ မကျန်းမာတော့ ဘာရှာကြမယ်.... (အသေလွတ်ရာ ရှာပါတယ်ဘုရား)။

အဲဒါ တည့်တယ်၊အဲဒါ-မျက်စိ မလည်ဘူး.... (မှန်ပါ့ဘုရား) အဲဒါ မျက်စိမလည်တာကို သြော်.... ဒီလူကတော့ဖြင့် မကျန်းမာလို့ မကျန်းမာမှုဆိုတဲ့ အသေလွတ်ကို ရှာကြံတယ်၊ တည့်လိုက်တာ....(မှန်ပါ့ဘုရား) မှကျန်းမာတုန်းတော့ တည့်တယ်....

(မှန်ပါ့ဘုရား) ကျန်းမာတဲ့အခါကျတော့ ငွေကလေး ဘာက လေးကလဲ ရလာ၊ ပိုပိုမိုမိုရှိယင် လှူဦးမှာဘဲဆိုတဲ့ အချိန်ကျမှ မောင်ဘသော်.... ဘာရှာတတ်သလဲ .... (အသေကို ရှာတတ်ပါ့ တယ်ဘုရား)။

သြော်....မကျန်းမာတုန်းကတော့ လိမ်မာသဟ့....(မှန်ပါ့) ကျန်းမာမှ မိုက်တယ်....(မိုက်ပါတယ်ဘုရား)ရှင်းပလား.... (ရှင်း ပါပြီ) တကာသစ် ဘယ်နှယ်ဆိုမလဲ .... (မကျန်းမာတုန်းက တော့ လိမ်မာပြီး ကျန်းမာမှ မိုက်ပါတယ်ဘုရား)။

ဒါ သေသေချာချာ မှတ်ပါ နောက်က တကာ တကာမ တွေ၊ မကျန်းမာတုန်းကတော့ ဘာတဲ့(လိမ်မာပါတယ်ဘုရား) ကျန်းလဲ ကျန်းမာလာရော....(မိုက်ပါဘယ်ဘုရား) ဘာကြောင့် မိုက်သလဲဆိုယင် ကျန်းမာလို့ရှိယင်ဖြင့် အသေလွတ်တာကို ပို ရှာရမယ်....(မှန်ပါ့)မဟုတ်ဘူးလား.... (မှန်ပါ့) နောက် ဒီလို မကျန်းမာယင် ခက်ချည်ရဲ့ ဆိုပြီးသကာလတခါတည်း ဒီထက် အသေလွတ်ရာ ရှာဘို့အရေးဟာ ကျန်းမာတုန်းကမှ ရှာနိုင်တာ ကိုးဗျ....(မှန်ပါ့ဘုရား)။

အဲဒီအချိန်ကျမှ တခါတည်း အသေရှာမယ်ဆိုကော့ ဦးဘ အုန်း ဒီထက် မိုက်တဲ့လူကို ဘယ်နှယ် ရှာတွေ့ပါ့မလဲ- (မတွေ့ ပါဘုရား)တကာ တကာမတို့ ယနေ့တရား နားလည်ရဲ့လား.... (နားလည်ပါတယ်ဘုရား)။

ကျန်းမာတုန်း ဘာရှာလေ့ရှိသလဲ .... (အသေရှာလေ့ ရှိ ပါတယ်ဘုရား) မှန်တယ်၊ ကျန်းမာတုန်းကတော့ အသေလွတ် ဆေးဝါးတွေ ရှာတာဘာတုံး .... (မှန်ပါတယ်) မှန်တယ်ဆိုတာ

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာဇော်အဓိ။

သဘောကျပလား .... (ကျပါတယ်ဘုရား) မကျန်းမာတုန်း အသေလွတ်ရှာတာ အင်မတန် မှုန်တယ်....(မှုန်ပါ့)။

ဩော် .... သူ့ကိုယ်သူ ခင်ရှာလွန်းလို့ သနားလွန်းလို့.... (မှုန်ပါ့) သဘောကျရဲ့လား ... (ကျပါတယ်) မကျန်းမာတုန်းမှာ လူ့ပြည့်,နတ်ပြည် လိုချင်တဲ့ ဆွမ်းတင်-ကွမ်းတင်ပြီး သကာလ နိဗ္ဗာန်မလိုချင်တဲ့ ဥာဏ်တွေနဲ့ တင်လိုက်တော့ ဩော်....ဒီလူဟာ မကျန်းမာတုန်းကဖြင့် အမှန်သားဘဲ .... (မှုန်ပါ့)မှုန်မှုပေါ့ တကယ်မဝင်နိုင်ဘူး၊ အဲဒီ့အချိန်မှာ.... (မှုန်ပါ့ဘုရား) မကျန်းမာတဲ့ အချိန်မှာ တကယ်မဝင်ဘူး .... (မှုန်ပါ့ဘုရား) ကျန်းမာတဲ့ အချိန်ကျတော့ တကယ်က ကောက်ကျစ်ပြီး ဝင်လာတယ်....(မှုန်ပါ့)။

အဲဒါကြောင့် ကျန်းမာမှ ပိုမိုက်တယ်.... (မှုန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) ကျန်းမာတော့ ဘာတဲ့.... (ပိုမိုက်ပါတယ်ဘုရား)တကယ်တကာမတို့ ယနေ့တရား သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ဘုန်းကြီးက ပြောလိုက်ပါဘယ်၊ ဘုန်းကြီးတို့.... တကယ်တကာမတွေ့ မကျန်းမာတဲ့ စိတ်ကလေး မပျောက်စေနဲ့.... (မှုန်ပါ့) ဘယ်လိုမှုပါလိမ့် .... (မကျန်းမာတဲ့ စိတ်ကလေး မပျောက်စေနဲ့) မကျန်းမာတဲ့ စိတ်ကလေးဟာလေ.... (မှုန်ပါ့) မကျန်းမာတော့ ဘာရှာလေ့ရှိသလဲ.... (အသေလွတ်ရာ ရှာပါတယ်ဘုရား)။

အေး....ရှင်တဲ့အခါလဲ ဒီ မကျန်းမာဘူးဆိုတဲ့ စိတ်ကလေး ထားပေး....(မှုန်ပါ့ဘုရား) မကျန်းမာဘူး၊ ဒုက္ခသစ္စာချည်းဘဲ....

(မှန်လှုပါ)ဒုက္ခသစ္စာဆိုတာ ကျန်းမာတယ်လို့ ရှိရဲ့လား.... (မရှိပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကျန်းမာတယ်လို့ လောကအပြေးနဲ့ နေတဲ့အချိန်မှာဘဲ မကျန်းမာဘူးမှတ်ထား .... (မှန်လှုပါဘုရား) သဘောကျပလား....(ကျပါပြီ) မကျန်းမာတာ ဘုန်းကြီးမရှင်း ပါရစေနဲ့၊ရှင်းမယ်ဆိုလို့ ရှိယင် တကား- ဦးဘအုန်းရဲ့ သိပ်ရှည်လိမ့်မယ်.... (မှန်ပါဘုရား) မကျန်းမာဘာ နည်းနည်းကလေးများ ပြောလဲ ခင်ဗျားတို့ နေ့တိုင်း မကျန်းမာတာ....(မှန်လှုပါ) ဦးဘအုန်း-ရှင်းရဲ့လဲ....(ရှင်းပါပြီ) နေ့တိုင်းမကျန်းမာပါဘူး (မှန်ပါ့)ဘယ်အချိန်လဲ ဘော်တော်ကြာ အိပ်ချင်တဲ့ အနာ ပေါက်လာတာဘဲ....(မှန်ပါ့) ဆာလောင် မွတ်သိပ်တဲ့ အနာကော....(ပေါက်ပါဘယ်ဘုရား) ကျင်ကြီး-ကျင်ငယ် စွန့်ချင်တဲ့ အနာကော.... (ပေါက်ပါတယ်ဘုရား) ကွေးချင်- ဆန့်ချင်တဲ့ အနာ....(ပေါက်ပါတယ်ဘုရား) ကဲ....ကျန်းမာသလား-မကျန်းမာဘူးလား....(မကျန်းမာပါဘုရား)။

အဲဒီတော့ ဒီအချိန်လို မကျန်းမာတဲ့ အနာတွေ ရှိနေသောကြောင့် အဆသလွတ်ရှာမယ်ဆိုတဲ့မဂ္ဂင်အလုပ်-လုပ်ပါ.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဘာလုပ်ရမယ် .... (အဆသလွတ်ရှာတဲ့ မဂ္ဂင်အလုပ်-လုပ်ပါ)အဆသလွတ်ရှာတဲ့ မဂ္ဂင်အလုပ်လုပ်ပါ့လို့ သတိပေးလိုက်တယ်....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း....နို့မို့ ဒီအလုပ်ကို လုပ်လိုက်တဲ့အခါကျတော့ ကျန်းမာတဲ့အချိန်မှာ မကျန်းမာဘူးဆိုတာကြီးကိုခန္ဓာသိပြီး သကာလအင်း....ဘယ်အချိန်မှ မကျန်းမာတဲ့ခန္ဓာကြီးဖြင့် နောက်လဲမရ

ချင်ပါဘူးဆိုပြီးတော့ သူ့ကို ဖြစ်ပျက်မြင်အောင်ရှုပါ.... (မှန်ပါ့ဘုရား) သူ့ကို မှန်းအောင်ကြည့်ပါ .... (မှန်ပါ့) သူ့ကို ဆုံးအောင်ကြည့်ပါ....(မှန်ပါ့)။

ထိုကဲ့သို့ ကြည့်လိုက်ပြီဆိုမှဖြင့်သူဆုံးတော့ကိုသြော်....နိဗ္ဗာန်ဆိုတာကလည်ကားလို့ ဆိုလို့ရှိယင် အမြဲတန်း ကျန်းမာတဲ့နေရာပါကလားဆိုပြီး အဲဒီ နေရာကို ဉာဏ်နဲ့မြင်တော့မှ အလုပ်ခေျာင်တယ်....(မှန်ပါ့) တကာကြွယ်- သဘောပါလား .... (ပါပါတယ်ဘုရား)တကာတကာမတွေ အလုပ်-လုပ်တတ်ပြီလား.... (လုပ်ကတ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတွေသည်ကားလို့ဆိုယင် အခုဘယ် နှယ်ဖြစ်နေတယ်ဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပြောလိုက်တယ်-နော်....(မှန်ပါ့) တကာတကာမတို့ သံယုတ်ပါဋ္ဌေတာ်ကြီးမျာ၌ ဘယ်လိုလာသတုံးဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အင်မတန်ကြီးကျယ်တဲ့ ဉာဏ်ကြီးနဲ့များ ဟောတဲ့ နေရာမှာ တကာ့အုန်း မှတ်ထားစမ်းပါ....နော်.... (မှန်ပါ့)။

ဒီ ခန္ဓာကြီးဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)ထား ထား-ဒုက္ခသစ္စာ ထား-နော်....(မှန်ပါ့)ဒါက ဆရာကောင်းနဲ့တွေ့လို့ သူဒုက္ခသစ္စာဆိုတဲ့ အသံကလေးဟာ ထွက်တယ်-နော်-(မှန်ပါ့)။

ဆရာကောင်းနဲ့ မတွေ့ခင်တုန်းကတော့ ဒါ ငါ့ဟာလို့မှတ်နေတယ်....(မှန်ပါ့) ငါ-ငါ့ဟာလို့ မှတ်နေတယ် .... (မှန်ပါ့) ဆရာကောင်းတွေ့နဲ့မတွေ့ခင်တော့ .... (ငါ-ငါ့ဟာ) ငါလဲ ဒါဘဲ၊ ငါ့ဟာလဲ ဒါဘဲ ....(မှန်ပါ့) ငါ့လက်မောင်းကို၊ ငါ့ခေါင်း ငါ့ဆံပင်လို့-ဦးလှဘူး မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

အင်း....ဆရာကောင်းတွေနဲ့ မတွေ့တော့ ခန္ဓာကို ဘယ်လို ပြောလေ-ဆိုလေ ရှိသတုံး.... (ငါ-ငါဟာလို့ ပြောလေ ရှိပါ တယ်) ငါ-ငါဟာလို့ ပြောဘယ်-ရှင်းပလား .... (ရှင်းပါပြီ) ဆရာကောင်းနဲ့ တွေ့တဲ့ အခါကျတော့ ဒီခန္ဓာ ဘာတဲ့....(ဒုက္ခ သစ္စာပါဘုရား) ခြားနားသွားပြီ....(မှန်ပါ)အင်မတန်ခြားနား သွားပြီဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ) ဆရာကောင်းနဲ့ တွေ့တဲ့အခါကျတော့ .... (ဒုက္ခသစ္စာပါဘုရား) မတွေ့တဲ့အချိန် ကျတော့....(ငါ-ငါဟာပါဘုရား)။

ဩော်....ငါ-ငါဟာလို့ ထင်တယ်....(မှန်ပါ့) ကြည့်စမ်း.... ဒုက္ခသစ္စာကို ငါ-ငါဟာလို့ ထင်တယ်....(မှန်ပါ့ဘုရား) ဒုက္ခ သစ္စာကို့....(ငါ-ငါဟာလို့ ထင်တယ်)။

အဲဒါကြောင့် ခင်ဗျားတို့ ဆရာကောင်းသမားကောင်းရှဲ့ ပြီး ကိုးကွယ်ကြပါဆိုတဲ့ အဓိပ္ပါယ်လဲ တကာကြွယ်-ပြောထိုက် တယ်....(ပြောထိုက်ပါတယ်ဘုရား)။

အခု ဒီ ဆရာဘုန်းကြီးက ခေါင်းဆောင်ပြီး သကာလ ဒီ တကာတကာမတွေ ပြောနေတော့ ဒီ ခန္ဓာကြီးဟာ ဘာ သစ္စာကုံး မေးတော့ တကာသစ်ဘို့က ဘယ်နှယ်ဖြေကြသလဲ.... (ဒုက္ခသစ္စာပါဘုရား)။

ဩော်.... ဒါက ဆရာကောင်း-သမားကောင်းက သွန်သင် ဆုံးမထားလို့ ပြောတဲ့ အသံကိုးဗျ.... (မှန်ပါ့) ကိုယ့် ကိုယ်တိုင် သိတဲ့ အသံဟုတ်ပါရဲ့လား.... (မဟုတ်ပါဘုရား)။

ကိုယ်-ကိုယ်တိုင် သိထားတာတွေ့ ပြောကြစမ်းပါ ဆိုတော့ ဒီ ခန္ဓာကြီးဟာ ဘယ်သူပါလိမ့်....(ငါ-ငါဟာပါဘုရား)ဟော-တဲ့ကာကြွယ်-ကြည့်စမ်း၊ ကိုယ်-ကိုယ်တိုင် သိထားကာကတော့....

(ငါ-ငါဟာပါ) ငါလဲ ဒါဘဲတဲ့၊ငါဥစ္စာလဲ ဒါဘဲ....(မှန်ပါ့ဘုရား)။

ဒီထဲ ဘယ်သူက မှန်သတုံးလို့ ဆရာသမား ဆုံးမတာက မှန်ဘလား၊ကိုယ့်အထင်က မှန်သလား....လို့ ဝေဘန်ကြပါဦး-(ဆရာသမား ဆုံးမဘာကမှန်ပါတယ်ဘုရား) ဆရာသမား ဆုံးမတာက တာတဲ့.... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ ဟုတ်တယ် မဟုတ်တယ် ခင်ဗျားဝို့ ခန္ဓာကိုယ်ကြီးက အိုဘေးတွေ နာဘေးတွေ သေဘေးတွေ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီတော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဒါကို အိုဘေးတွေ-နာဘေးတွေ-သေဘေးတွေကြီးကို တကာတကာမတွေက ဆရာကောင်း သမားကောင်းမတွေတော့ ငါ-ငါဥစ္စာ (မှန်ပါဘုရား) နာလိုက်တဲ့ဖြစ်ခြင်း....(မှန်ပါ့) မနာဘူးလား.... (နာပါဘယ်ဘုရား)။

အဲဒီတော့ ကိုယ့်အထင်နဲ့ကိုယ် ငါ-ငါဥစ္စာလုပ်ပြီးနေကြတော့ အင်း .... အမှန်မသိတဲ့ ပုဂ္ဂိုလ်က ဒုက္ခသစ္စာကြီး သိမ်းပိုက်ပြန်ပြီ....(မှန်ပါ့ဘုရား) ဘယ်နှယ်ဆိုကြမယ်... (ဒုက္ခသစ္စာကြီး သိမ်းပိုက်ပြန်ပါပြီဘုရား)။ ဒုက္ခသစ္စာကြီး သိမ်းပိုက်ပြန်ပြီလို့ ဆိုရမယ်....(မှန်ပါ့ဘုရား) မဆိုထိုက်ဘူးလား .... (ဆိုထိုက်ပါတယ်ဘုရား) တကာတကာမတို့ .... ဒုက္ခသစ္စာဆိုတာ နေရစ်တော့လို့ ထားခဲ့ရမှာလား....၊ သိမ်းပိုက်ရမှာလား .... (နေရစ်တော့လို့ ထားခဲ့ရမှာပါဘုရား)။

ကဲ-ဒုက္ခသစ္စာကို ပရိညေယျနဲ့ ထားပစ်ခဲ့ရမည့်ဥစ္စာ တကာတကာမတွေက သိမ်းပိုက်နေတယ်ဆိုတော့ ဩော်....ငါ အလွန်တုန်ချက် ထ,ပြန်ပါပေါ့လား.... (မှန်ပါ့) ပေါ်ကြပလား...

(ပေါ်ပါပြီဘုရား) ဘာဖြစ်တာလဲ....(အရှုးတချက် ထ,ပြန်ပါ
တယ်)အရှုး ထ,တယ်....(မှန်ပါ့) ဘယ်.နှယ်ကြောင့် အရှုးထ
ပါလိမ့်မတုံးဆိုတော့ ဆရာသမားကင်းလို့.....(မှန်ပါ့) ပေါ်ကြ
ပလား... (ပေါ်ပါပြီ ဘုရား) ဘယ်.နှယ်ကြောင့် အရှုးထ,ကြ
ပါလိမ့်....(ဆရာသမားကင်းလို့ပါဘုရား) ဆရာသမားနဲ့.မတွေ့
ခင်တုန်းကတော့ ဒီ ခန္ဓာ ဘယ်လို ထင်ကြသလဲ....(ငါ.ငါ့ဟာ
လို့ ထင်ပါတယ်) ဆရာကောင်း သမားကောင်းက လမ်းပြ
လို့ကျွန်တော့....(ဒုက္ခသစ္စာလို့ ထင်ပါတယ်ဘုရား)။

အဲ....ဒုက္ခသစ္စာက မှန်သလား....ငါ.ငါ့ဥစ္စာက မှန်သလား
(ဒုက္ခသစ္စာက မှန်ပါဘယ်) ဒုက္ခသစ္စာက မှန်တယ်....(မှန်ပါ့
ဘုရား)သဘောပါကြလား....(ပါပါ့တယ်ဘုရား)။

ဒါဖြင့် တကာ တကာမတွေက သြော်.... ဒီလို သာသနာ
တွင်းထဲ လူက မဖြစ်ခဲ့ကြဘူးဘူး....(မှန်ပါ့) ဒီလို ဆရာသမား
ကောင်း ခေါင်းဆောင်ကောင်းကလဲ မတွေ့ခဲ့ကြ, မကြုံကြိုက်
ခဲ့ကြဘော့ ငါ.ငါ့ဥစ္စာနဲ့ဘဲ....တဲ့ အချိန်ကုန်ခဲ့ကြတယ်(မှန်ပါ့
ဘုရား) သဘောကျပလား....(ကျပါတယ်) ဘာနဲ့ အချိန်
ကုန်ခဲ့သလဲ....(ငါ.ငါ့ဥစ္စာနဲ့ဘဲ အချိန်ကုန်ခဲ့ပါတယ်) ငါ.ငါ့
ဥစ္စာနဲ့ အချိန်ကုန်ခဲ့ကြတယ်....(မှန်ပါ့ ဘုရား) ဒီ ခန္ဓာကြီးကို
ဘာဘဲ့....(ငါ.ငါ့ဥစ္စာနဲ့ အချိန်ကုန်ခဲ့ကြပါတယ်) ငါ့ဆိုတာ
ကလဲ ဒီ ဒုက္ခသစ္စာဘဲ....(မှန်ပါ့) ငါ့ဥစ္စာဆိုတာကော....(ဒုက္ခ
သစ္စာပါဘဲဘုရား)။

သြော်.... ဒုက္ခသစ္စာကြီးကို ငါထင်ပြန်– ဒုက္ခသစ္စာကြီးကို
ငါ့ဥစ္စာထင်ပြန်ဆိုင်တော့ သြော်.... ဘုရားသခင် ကိုယ်တော်မြတ်
ကြီးက ခက်လိုက်တာ....၊ ဘယ်.နှယ်လုပ်မျှား တရားဟောရပါ့

မတုံးဆိုပြီး သကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သစ္စာ စ,ဟောတယ်....(မှန်ပါ့ဘုရား) ဘုရားဖြစ်လျှင် ဖြစ်ခြင်း ဘာဟောပါလိမ့်....(သစ္စာ စ,ဟောပါတယ်ဘုရား)) သစ္စာ စ,ဟောတာ ခင်ဗျားတို့ အရှုးပျောက်အောင်လို့ ဟောတာ.... (မှန်ပါ့ဘုရား) ဘုရားသာ သစ္စာကို လည်လည်ပယ်ပယ် မဟောဘူး၊ မဟုတ်မကြောင်းလဲ ထင်ထင်မြင်မြင် မပြောဘူးဆိုယင်ဖြင့် ခင်ဗျားတို့ ငါ-ငါ့ဉစ္စာနဲ့ သေကြမှာဘဲ....(မှန်လှပါ ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာနဲ့ သေကြမလဲ .... (ငါ-ငါ့ဉစ္စာနဲ့ဘဲ သေကြပါမယ် ဘုရား) အလွန်ကို ကြောက်စရာကြီးပါလား....(ကြောက်စရာကြီးပါဘုရား) အားလုံး တကာ တကာမတွေ....ယနေ့ တရားမှာဖြင့် အင်မတန် အဘိုးတန်အောင်လဲဘုရားကဟော-ဆရာဘုန်းကြီးကလဲ လည်လည်ပတ်ပတ် နားလည်အောင်ပြောလို့ ဓမ္မသွဲ့-ဒိဋ္ဌိ ဒီဆရာဘုန်းကြီး မတွေ့လို့ရှိယင် ငါ-ငါ့ဉစ္စာ ဘဲဆိုပြီး သေကြမှာဘဲ....(မှန်ပါဘုရား) ငါ-ငါ့ဉစ္စာ အထင်ပြုတ်ပြီး သေပါ့မလား....(မသေပါဘုရား) ကြည့်ပါလား .... ငါဖြင့် သေရတော့မှာဘဲ....(မှန်ပါ့) ငါ့ဉစ္စာနဲ့ ခွဲရတော့မှာဘဲ.... (မှန်ပါ့) ဒီလို့ကို သေရမယ်....(မှန်ပါဘုရား)။

ငါဖြင့် ခက်ခတော့တာဘဲ၊ ငါ့ခန္ဓာကြီးနဲ့ ငါ ခွဲရတော့မယ်--(မှန်ပါဘုရား) ငါ့ဉစ္စာကြီးနဲ့ ငါ ခွဲရတော့မယ်၊ ဒီလိုဆိုတော့ တကှာ ဒိဋ္ဌိနဲ့ သေသွားတယ်....(မှန်ပါ့ဘုရား) တဲကဲ့ကြယ်.... ဘာနဲ့ သေသလဲ....(တကှာ ဒိဋ္ဌိနဲ့ သေပါတယ်)။

သြော်....ကြောက်စရာ ကောင်းလိုက်တာ တဆာတကာမတို့ ဆရာကောင်း သမားကောင်း မတွေ့လို့ရှိယင် .... ခင်ဗျားတို့

ကိုယ်ကျိုးဖြင့် အကြီးအကျယ်နည်းပြီ...(နည်းပါပြီဘုရား) ကိုယ်ကျိုး အကြီးအကျယ် နည်းပြီဆိုတဲ့ သဘောကျပလား.... (ကျပါပြီဘုရား)။

အင်း.... ဘယ်နှယ်ကြောင့်ပါလိမ့်မတုံး....၊ ဒုက္ခသစ္စာကို ငါ-ငါ့စ္စာလုပ်ပြီး ဖေလို့....(မှန်လှပါဘုရား) ဘယ်လိုဆိုကြမယ်....(ဒုက္ခသစ္စာကို ငါ-ငါ့စ္စာ လုပ်ပြီး ဖေလို့ပါဘုရား) ဒုက္ခသစ္စာ ငါ-ငါ့စ္စာလုပ်ပြီး သေသွားတော့ကို ကိုင်း....သေတာတော့ ငါ-ငါ့စ္စာလုပ်ပြီး ငါ-ငါ့စ္စာ၊ ငါဆိုတာက ဒိဋ္ဌိ၊ ငါ့စ္စာဆိုတာက တဏှာ....(မှန်ပါဘုရား)။

ဒါဖြင့် တဏှာကြွယ် တဏှာ ဒိဋ္ဌိနဲ့ သေသွားတာ....(မှန်ပါဘုရား) ဘယ်နှယ်ဆိုကြမယ်....(တဏှာ ဒိဋ္ဌိနဲ့ သေသွားတာပါဘုရား) အင်း....တဏှာ တကယ်မတို့ ဘာနဲ့ ဖသေသွားသတုံး.... (တဏှာဒိဋ္ဌိနဲ့ သေသွားပါတယ်ဘုရား)တဏှာ ဒိဋ္ဌိဆိုတာ ငါက ဘာပါလိမ့်....(ဒိဋ္ဌိပါဘုရား) ငါ့စ္စာကကော.... (တဏှာပါဘုရား)။

သြော်...ဒီ ခန္ဓာကြီးကိုဖြင့် တဏှာ ဒိဋ္ဌိနဲ့စွဲပြီး တကာသစ်ရေသေသွားပြီ....(မှန်ပါဘုရား) ဦးဘအုန်း ရိပ်မိပြီနော်....(ရိပ်မိပါပြီဘုရား) ဒီလိုသေကဲ့ ဇာသုဘမျိုး ဦးဘအုန်း ဘုယ်လောက် များမယ် ထင်သတုံး....(မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် ဒီလို လုပ်ကြစို့.... ဒီလို သေသွားတဲ့ ပုဂ္ဂိုလ်သည် ဘယ်ဆောက်လို့ ဘယ်များ ပေါက်ပါလိမ့်မတုံးဆိုတာကို ကျုပ်တို့ ပဋိစ္စသမုပ္ပါဒ်ကို မေးကြစို့....(မှန်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်နဲ့ တကာကြွယ် မေးကြစို့....(မှန်လှပါ ဘုရား) ငါဆိုတာက ဒိဋ္ဌိ၊ ငါ့စ္စာဆိုတာက....(တဏှာပါဘုရား)။

ဒါဖြင့် သေကာနီးမှ ငါ–ငါဉစ္စာနဲ့ ခဲ့ရတော့မှယ် ဆိုတဲ့ အဓိပ္ပါယ် မလာဘူးလား....(လာပါတယ် ဘုရား) အဲဒီတော့ တဏှာ ဒိဋ္ဌိ လာပြီဆိုကြပါစို့.....(မှန်ပါ) ကဲ....တဏှာလာပြီ ဆိုတော့ တဏှာက ဘယ်သူ့ ကျေးဇူးပြုမလဲ.... (ဥပါဒါန်ကို ကျေးဇူးပြုပါမယ်ဘုရား)။

ကဲ....ဥပါဒါန်က ဆက်ပြီး ဘယ်သူ့ကို ကျေးဇူးပြုမလဲ.... (ကမ္မဘဝကိုကျေးဇူးပြုပါမှယ်)ကမ္မဘဝက ဘယ်ကို ကျေးဇူးပြုမလဲ(ဇာတိကို ကျေးဇူးပြုပါမယ်ဘုရား)အပါယ်ဇာတိကျေးဇူးပြုလိုက်တယ်ဆိုတော့ ဦးဘအုန်း ဒီမသာဟာ ဘယ်သွားမှာတုံး (အပါယ်သွားမှာပါဘုရား)တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီ)ဒီ မသာ ဘယ်သွားမှာတုံး....(အပါယ်သွားမှာပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သြော်....ဒါဖြင့် တကာကြွယ်တို့ နောက်က တကာတကားမှတို့ ဒီလို မသာပေါင်း ဘယ်လောက်များမယ် ထင်ကြသလဲ.... (မရေတွက်နိုင်ပါဘုရား)။

ကြည့်လေ-ဒီခန္ဓာကြီးဟာ ငါဘဲ ငါဉစ္စာဘဲဆိုတာ ခင်ဗျားတို့က ထင်နေတယ်....(ထင်ပါတယ်ဘုရား) ငါမထိနဲ့ဆိုတာ ငါဉစ္စာ မထိနဲ့ပြောတာ....(မှန်ပါဘုရား)သဘောကျပလား.... (ကျပါပြီဘုရား)။

ငါ့ မစမ်းနဲ့ ဟုတ်လား....(မှန်ပါ)ငါ့စမ်းယင် အမှေးတပင် အကျွတ်မခံနိုင်ဘူး....(မှန်ပါဘုရား) ငါဉစ္စာ အပျောက်မခံနိုင်ဘူး၊ သဘောကျပလား....(ကျပါပြီ) ငါဆိုတာလဲ ဒီခန္ဓာဆိုတာဘဲ၊ငါဉစ္စာဆိုတာက တကယ်မစဲ့ဘူးလား(စဲ့ပါတယ်ဘုရား)

ဒါဖြင့် တကာ ကကာမတို့ ဒီဥစ္စာ ခန္ဓာကြီး စဲ့နေတဲ့ ဒိဋ္ဌိပါဒါန်နဲ့ ကာမုပါဒါန်လို့ မှတ်လိုက်စမ်းပါ(မှန်လှပါဘုရား) ခန္ဓာစဲ့နေတဲ့....(ဒိဋ္ဌိပါဒါန်နဲ့ ကာမုပါဒါန်ပါ ဘုရား) ငါက ဒိဋ္ဌိပါဒါန်၊ ငါ့ဥစ္စာဆိုတာက ကာမုပါဒါန်၊ တဏှာကိုးဗျ....(မှန်လှပါဘုရား) တဏှာက ကာမုပါဒါန်၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား) ငါက ဘာတဲ့....(ဒိဋ္ဌိပါဒါန်ပါဘုရား) ဒိဋ္ဌိဥပါဒါန်ဘဲ၊ ရှင်းပလား....(ရှင်းပါပြီ) ငါ့ဥစ္စာက....(ကာမုပါဒါန်ပါ ဘုရား) ကာမုပါဒါန်ဆိုတာက ဒီ ခန္ဓာငါးပါးက ကာမအာရုံဆိုတယ်....(မှန်ပါ့) အဲဒီ အာရုံ စဲ့လှမ်းခြင်းကြောင့် ကာမုပါဒါန်လို့ ဦးဘအုန်း ဆိုလိုက်တယ်....(မှန်လှပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ငါက ဘာတဲ့တုံး....(ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိပါဒါန်....(မှန်ပါ့ ဘုရား) သဘောကျပလား....(ကျပါပြီ) ငါ့ဥစ္စာက ဘာတဲ့တုံး....(ကာမုပါဒါန်ပါ ဘုရား) ကာမုပါဒါန်ဆိုတာ သေချာပလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်ဟာ ဥပါဒါန်တန်းလန်းနဲ့ သေသွားယင် ဥပါဒါနပစ္စယာ.... (ကမ္မဘဝပါ ဘုရား) ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား) ဇာတိပစ္စယာ....(ဇရာ မရဏပါဘုရား)။

အဲ...သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့နဲ့ တကာကြွယ် စုံလို့ပေါ့ဗျာ....(မှန်လှပါဘုရား) မကောင်းတာ ဟူသမျှ အကုန်စုံလို့ဆိုယင် လွဲပါ့မလား....(မလွဲပါ ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ခန္ဓာချည်တိုင်မှာ ခေါင်းစင်းပြီး သေသွားတယ်.... (မှန်လှပါဘုရား) ခန္ဓာချည်တိုင်မှာ....(ခေါင်းစင်းပြီး သေသွားပါတယ်ဘုရား) ခန္ဓာကို ငါ့ထင်သွား

တယ်၊ သေတဲ့ သဘောက-နော်....(မူန်ပါ့)ငါ့ဥစ္စာ ထင်သွားတဲ့ အတွက် ဒီ ခန္ဓာစွန့်ပြီး ခန္ဓာနဲ့ လဲရပေါ့ဆိုပြီး ဝမ်းသာသွားတာလား....တဲ့၊ ခန္ဓာချည်တိုင်ကို ခေါင်းစင်းပြီး စဲ့လျက်နဲ့ သေနေတာလား...(ခန္ဓာကို စဲ့လျက်နဲ့ သေနေတာပါဘုရား)။

ဒါဖြင့် ဒီလို မှတ်ပေတော့ ဘုရားသခင် ကိုယ်တော်မြတ် ကြီးက ခန္ဓာဟာ ချည်တိုင်ဟော....(မှန်လှပါ) ပေါ်ပြီနော်.... (ပေါ်ပါပြီဘုရား) ခန္ဓာဟာ ဘာတဲ့....(ချည်တိုင်ပါ ဘုရား) ခန္ဓာက ချည်တိုင်တဲ့၊ ငါ့ဥစ္စာ ထင်တာက တကွာက ကြီး.... (မှန်လှပါဘုရား)ဟုတ်လား--(မှန်ပါ့)မသိတဲ့ ပုဂ္ဂိုလ်က ပုထုဇဉ်နဲ့ (မှန်လှပါဘုရား) ဒီဥပါဒါန်, ကာမုပါဒါန် မသိတဲ့ ပုဂ္ဂိုလ်က (ပုထုဇဉ်ပါဘုရား)သဘောကျပလား.... (ကျပါပြီ)။

အဲဒီ ပုထုဇဉ်ဟာတဲ့ ခန္ဓာချည်တိုင်မှာ တကွာကြီးနဲ့.... (မှန်ပါ့)ခွေးနဲ့ တူတဲ့ ပုထုဇဉ်ကိုး.... (မှန်လှပါ) ဒီခွေးကလဲ ဘာမှမသိလို့ ငါ့ဆဲ ထင်နေသောဓကြောင့် သူ့မှာ လည်ပတ် တပ်ထားရတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ခန္ဓာက ချည်တိုင်၊ တကာကြွယ်....ဇာတကာကော.... (ကြီးပါဘုရား)ငါဆိုတဲ့ ဒီဥစ္စာက....(လည်ပတ်ပါဘုရား) အင်း.... ဟင်....လည်ပတ်ထဲ စွပ်နေတဲ့ ပုထုဇဉ်က....(ခွေးပါ ဘုရား) ခွေးလို့ ခေါ်လိုက်၊ဘုရားက-ဟောတာနော်-(မှန်လှပါဘုရား-) ဘုရားက ဟောတာ တကာတကာမတို့၊ ကိုင်း... ကိုင်း....တကာ တကာမတို့ ဒါ အနုမတဂ္ဂသံယုတ်မှာလဲ ပါ-ပါတယ်....နော်.... (မှန်လှပါ)အနုမတဂ္ဂသံယုက်မှာလဲ ပါပါတဲ့ယ်ဆိုတော့ ခန္ဓာက ဘာနဲ့ တူသတုံး....(ချည်တိုင်နဲ့ တူပါတယ်ဘုရား) တကွာက့

ဘာနဲ့ တူသတုံး....(ကြိုးနဲ့ တူပါတယ်ဘုရား) ဒီ ခန္ဓာ ခင်ဗာကိုး....(မှန်လှပါဘုရား)။

အဲဒီတော့ ပုထုဇန်နဲ့ တဏှာနဲ့ တဏှာကြိုးနဲ့ဟာ ခန္ဓာချည်တိုင်ကြီးနဲ့ ပုထုဇန်မိုက်နဲ့ဟာ တန်းလန်းကြီး မနေဘူးလား...(နေပါတယ် ဘုရား) သို့သော်လဲ ဒီ ခွေးနဲ့ တူသော ပုထုဇန်ဟာ မသိသောကြောင့် ဒါ ဘယ်သူတုံးလို့ မေးလို့ရှိယင် ငါလို့ ပြောလိမ့်မယ်....(မှန်ပါ့ဘုရား) ငါလို့ ပြောပြန်တော့ ဒီ ပုထုဇန်ခွေးဟာလဲ လည်ပတ်ကြီး ပတ်လျက်ဘဲ....(မှန်ပါ့ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် တကာကြွယ် မှတ်စမ်းပါဦးနော်.... (မှန်လှပါ) ဘုရားဟောတော်မူတာ သေသေချာချာ မှတ်ကြစမ်းပါဦး .... (မှန်ပါ့) တကာတကာမတို့ ခန္ဓာကိုယ်တည်းဟူသော ချည်ကိုင်မှာ ငါ.ငါဥစ္စာဆိုပြီး ဥပါဒါန်နဲ့ စွဲတဲ့ ဒီ ခွေးနဲ့ တူတဲ့ ပုထုဇန်သည် ကိုယ်.ခန္ဓာ ကိုယ်ခင်တဲ့ တဏှာနဲ့ ပုထုဇန်နဲ့ ဟာလဲ ကြိုးချင်းဆက်နေတယ်....(မှန်ပါ့) ခန္ဓာချည်တိုင်နဲ့ ပုထုဇန်နဲ့ ဘယ်နှယ်နေကြသလဲ.... (ကြိုးချင်းဆက်နေပါတယ် ဘုရား) တဏှာကြိုးက ဆက်နေတယ်....(မှန်ပါ့ ဘုရား) တဏှာကြိုးက ဘယ်သွား ချည်လိုက်သတုံးဆိုတော့ ဒီ ခွေးနဲ့ တူတဲ့ ပုထုဇန်ကလဲ ငါဘဲလို့ သူ့ကိုယ်သူ ထင်တယ်....(မှန်ပါ့) ထင်တော့ သူ့မှာ လည်ပတ်ကြီး တပ်ပြီးလျက် ဖြစ်နေတယ်....(မှန်ပါ့)။

ဒါဖြင့် ဒီဥလည်ပတ် တဏှာကြိုးနဲ့ ခွေးနဲ့ ဘူတဲ့ ပုထုဇန်သည် ချည်တိုင်မှာ ချည်ပြီးသားဖြစ်နတယ်-(မှန်လှပါဘုရား) ခန္ဓာချည်တိုင်မှာ....(ချည်ပြီးသား ဖြစ်နေပါတယ်ဘုရား) သေသေချာချာ မှတ်ပါ၊ ဒါဟာ သံယုတ်ပါဠိတော်မှာ လာပါ

တယ်....(မှန်လှုပါ) တကာ တရားမတို့ ခင်ဗျားတို့သည်ကား လို့ ဆိုလို့ရှိယင်ဖြင့် ငါ-ငါဉစ္စာ နှစ်ခုကို ယနေ့ ပေါ်အောင် ဟဲ့ဝနေတယ်....(မှန်ပါဘုရား)။

ငါ-ငါဉစ္စာ နှစ်ခုကို ယနေ့ ပေါ်အောင် ဟောနေတော့ တကာတကာမတို့ ဖြတ်လဲ့ ပေးပါ့မယ်၊ ဖြုတ်လဲ့ ပေးပါ့မယ်၊ ခင်ဗျားတို့ ဖြစ်စဉ်ကိုလဲ့ အရင် ပြောပါရစေဦး.... (မှန်လှုပါဘုရား)။

ဒီ ခန္ဓာကြီးကို ခင်ဗျားတို့က ငါဟဲ့ ထင်နေတော့ ဒီဥကလဲ့ ပါနေတယ်....(ပါပါတယ် ဘုရား) ငါဉစ္စာလို့ ထင်နေတော့ တဏှာကကော....(ပါပါတယ်ဘုရား) ဘယ်သူက ထင်တာတုံးမေးတော့ ပုထုဇန်မိုက်က....(မှန်ပါဘုရား) ပုထုဇန်က ဘယ်သူ့ အပေါ်မှာထင်တာတုံးဆိုတော့ခန္ဓာငါးပါးအပေါ်မှာ ထင်တာ (မှန်ပါဘုရား)သဘောကျပလား(ကျပါတယ်ဘုရား)ပုထုဇန်က ခန္ဓာငါးပါး ဘယ် နှယ်ထင်သတုံး... (ငါ-ငါဉစ္စာ ထင်ပါတယ် ဘုရား)ငါ-ငါဉစ္စာ နှစ်ချက်ထင်တယ်-(မှန်ပါဘုရား)ပုထုဇန်က ခန္ဓာကြီးကို.... (ငါ-ငါဉစ္စာဟု နှစ်ချက်ထင်ပါတယ်) ငါ-ငါဉစ္စာလို့ နှစ်ချက်ထင်နေတယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီ တရားကလဲ့ ခပ်နက်နက်ကလေး ဘုရားက ဟောထားတော့ ဘုန်းကြီးကလဲ့ ပေါ်လွင်ပြီး နားလည်အောင် အတော်ဘဲ ပြောနေရတော့ တကာသစ်ရေ-အင်မတန် ရှင်းအောင် ပြောရပါတယ်....(မှန်ပါဘုရား)အင်မဘန်ရှင်းအောင် ပြောရပါတယ်-မှန်တာကတော့ လွန်လို့....(မှန်ပါဘုရား) မှန်တာကတော့ လွန်လို့ဘဲလို့ သေသေချာချာ မှတ်ကြပါ....(မှန်ပါဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးက ဘာနဲ့ တူသတဲ့....(ချည်တိုင်နဲ့ တူပါတယ်ဘုရား) ငါဥစ္စာဆိုတဲ့ခက....(ကြိုးနဲ့ တူပါဘယ်)ကြိုးနဲ့ တူတယ်နော်....(မှန်ပါ) ဒါဖြင့် ပုထုဇန်က ဘာနဲ့ တူသလဲ....(ခွေးနဲ့ တူပါတယ်ဘုရား) ဒီ ခွေးကလဲ သူ့ကိုယ်သူ ငါလို့ ထင်နေတာနဲ့ ပုထုဇန်ကလဲ ငါလို့ဘဲ ထင်နေပြန်တော့ လည်ပတ်ဟာ ဒီဥဒီဘဲ....(မှန်ပါဘုရား)။

ဒါဖြင့် ကျုပ်တို့မှာ ဘယ်နှယ် ဖြစ်နေသတုံးဆိုတော့ ခန္ဓာငါးပါးချည်တိုင်၌ တဏှာတည်းဟူသော ကြိုး၊ ဒိဋ္ဌိတည်းဟူသော လည်ပတ်နဲ့ ပုထုဇန်အမိုက်သည် ခွေးကဲ့သို့ နေတယ်....(မှန်ပါဘုရား)ပေါ်သွားပလား....(ပေါ်ပါပြီဘုရား)။

တကာကြွယ် ပေါ်ပလား....(ပေါ်ပါပြီ ဘုရား) တပည့်တော်တို့ ရှေးတုန်းက ဘယ်လို နေခဲ့ပါလိမ့်မတုံး ဘုရား ဆိုတော့ ခန္ဓာငါးပါးတည်းဟူသော မြေမြှုပ်လှစ္စာသော ချည်တိုင်ကြီး....(မှန်ပါ)သဘောကျပလား....(ကျေပါပြီ) ခိုင်လှစ္စာသော တဏှာကြိုးမြဲလှစ္စာသော ဒိဋ္ဌိလည်ပတ်ကြီးနဲ့၊ ခွေးနဲ့ တူသော ပုထုဇန်သည် တိုင်ကို လှည့်ပတ်ပြေးနေတယ်... ဟေ့....(မှန်လှပါဘုရား) ဘယ် လှည့်ပတ်ပြေးနေပါလိမ့်....(ချည်တိုင် လှည့်ပတ်ပြေးနေပါတယ် ဘုရား) ကြောက်စရာ ကောင်းလိုက်တာ .... (ကောင်းပါတယ်ဘုရား) ဓနွာတိုင် လှည့်ပတ်ပြေးနေတာဘဲ....(မှန်ပါဘုရား)။

ဒီလူ ခန္ဓာတိုင် မချည်ရလို့ ရှိယင် နတ်ခန္ဓာ ဖြစ်ရပါလို့၏ ဆိုတော့ ဟိုခန္ဓာမှာ သွားချည်တယ်....(မှန်လှပါ) ဗြဟ္မာခန္ဓာ ဖြစ်ရပါလို့၏ ဆိုးတော့....(ဗြဟ္မာခန္ဓာမှာ သွားချည်ပါတယ် ဘုရား)ဗြဟ္မာခန္ဓာ၌ တဏှာကြိုးနဲ့ ဒိဋ္ဌိလည်ပတ်နဲ့ သွားချည်

တော့ သူ့မှာ တိုင်ကျိုးတယ်လို့ တိုင်ပျောက်တယ်လို့ ရှိသေးသလား....(မရှိပါဘုရား) တကယ်ကြွယ် ပေါ်ပလား.... (ပေါ်ပါပြီဘုရား)တယ်လဲကြောက်စရာကောင်းပါကလား—(ကောင်းပါတယ်ဘုရား)။

သြော်... ဘုန်းကြီးတို့ တကာ တကာမတွေ့ ဆရာသမားကမ္မဒိကြိုး ဖြတ်မပေးဘူး၊ ဟုတ်လား....(မှန်ပါ့)ဒီ လည်ပတ်ဖြုတ် မပေးဘူးဆိုလို့ ရှိယင် တိုင်ခြေရင်းမှာဘဲ တိုင်လှည့်ပတ် ပြေးနေမှာဘဲ....(မှန်လှပါ ဘုရား) စားလဲ့ တိုင်ခြေရင်း၊ အိပ်လဲ .... (တိုင်ခြေရင်း)သေယင်လဲ-(တိုင်ခြေရင်းပါဘုရား) ဘယ်တော့မှ ဒါဖြင့် ဒီဥနဲ့ တက္ကာ မပြုတ်တော့ဘူး....(မပြုတ်ပါ ဘုရား) ဒီဥနဲ့ တက္ကာ မပြုတ်တော့ တက္ကာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ....(မှန်ပါ့ဘုရား) ဇာ ဘယ်ရောက်ပါလိမ့်....(အပါယ် ရောက်ပါတယ်) အပါယ် ရောက်လာပြန်မတော့လဲ တကာသစ်-ဒီ ထင်ချက် နှစ်ခုက မပြုတ် ပြန်ဘူး....(မှန်ပါ့)မခပျောက်ပြန်ဘူး....(မှန်ပါ့ဘုရား) မပျောက် ပြန်တော့ ဒီလူ့ဘဝ ရောက်လာပြန်လဲ ချည်တိုင်နဲ့....(မှန်ပါ့ ဘုရား) ကြိုးနဲ့ လည်ပတ်နဲ့ အင်း....လှည့်ပြေးနေပြန်ပြီ... (မှန် လှပါဘုရား)။

အင်း... သေပြန်တော့လဲ ဒီခန္ဓာ စွဲသေပြီး ဒီ ခန္ဓာ ဇာထင့်-ဇာဉစ္စာထင် သေပြန်တော့လဲ ပဋိစ္စသမုပ္ပါဒ်ထဲ ဆွဲချလိုက်ပြန် တယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ချည်တိုင်နဲ့ လည်ပတ်နဲ့ ခွေးဖြစ် လိုက်-အပါယ်ကျလိုက်၊ ခွေးဖြစ်လိုက်....(အပါယ်ကျလိုက်ပါ ဘုရား)။

ကဲ....ဘုန်းကြီးတို့ တကာ တကာမတွေ့ အရင်းတွေ့ဖြစ်လို့ ပြောနေပါတယ် ဘုရားဟောယော်မူတာ .... (မှန်ပါဘုရား) ဦးဘအုန်း ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် ကျုပ်တို့ ဒီတရားမျိုးလဲ မနာရ၊ဖြတ်နည်း ဖတာက် နည်းလဲ တကာသစ် မကြားရဆိုလို့ ရှိယင်ဖြင့် ဒီခွေးနဲ့ ငရဲ တလှည့်စီ နေမှာဘဲ....(မှန်ပါဘုရား) ဘယ်နှယ်ဆိုကြမယ်.... (ခွေးနဲ့ ငရဲ တလှည့်စီ နေမှာပါဘဲဘုရား)ဦးလှဘူး ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဘယ်လောက် ကြောက်စရာ ကောင်းတယ်ဆိုတာ တကာကြွယ် ဒီနေ့တရားပွဲမှာ မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

တပည့်တော် ရှေးဘဝက ဘာဖြစ်သတုံး၊ ဟာ....ငရဲကျနေတယ်....(မှန်ပါ) ငရဲ မကျတဲ့ဘဝ ဘာဖြစ်နေသတုံး - ခွေးနဲ့ ချည်တိုင် ဖြစ်နေပါတယ်.... (မှန်ပါဘုရား) သဘောကျပလား (ကျပါပြီ) ခွေးနဲ့ ချည်တိုင်ဘဝက ဘယ်သွားပြန်တုံးဘုရဉ့ မေးယင်....(ငရဲသွားပါတယ်ဘုရား) ငရဲက နှစ်စေ့ လို့ တက် လာပြန်တော့ ဘာဖြစ်ရသတုံး မေးယင် ခွေးနဲ့ ချည်တိုင်နဲ့ လည်ပတ်နဲ့ ဟုတ်လား၊ကြိုးနဲ့ ဖြစ်နေရတယ်လို့ ဆိုလို့ရှိယင် လဲဒါဟာ အမှန်ဘဲ....(မှန်ပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘယ်တော့မှ လွတ်လပ်ရေး မရခဲ့ဘူးပေါ့....(မရခဲ့ပါဘုရား) နောက်က တကာတကာမတွေ့ လွတ်လပ်ရေး ရဘူးကြရဲ့လား....(မရဘူးပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ အခုလဲ ဘုန်းကြီးသာ မကူတော့ဘူးဆိုယင်ဖြင့် ခင်ဗျားတို့ ခန္ဓာကြီးကို ငါဘဲ ထင် မှာဘဲ....(မှန်ပါဘုရား) ငါ့ဥစ္စာကော....(ထင်ပါတယ်ဘုရား)

ထင်တဲ့ပုဂ္ဂိုလ် ဘယ်သူတုံးမေးတော့ ပုထုဇန်...(မှန်ပါ့)ပုထုဇန်ဟာ ဘယ်သူ့ကို ထင်နေတာတုံးဆိုတော့ ခန္ဓာကို ထင်နေတာ-(မှန်ပါ့ဘုရား)။

ဒါဖြင့် ခန္ဓာတခြား ပုထုဇန်တခြား လည်ပတ်တခြား ကြိုးတခြားလို့ လေးမျိုးခွဲခြားပြီး မူတ်လိုက်စမ်းပါ .... (မှန်ပါဘုရား)ဘယ်နှစ်မျိုးခြားနား မှတ်မလဲ .... (လေးမျိုးမူတ်ပါမယ်ဘုရား)ခန္ဓာတခြားနော်(မှန်ပါ့) ပုထုဇန်က(တခြားပါဘုရား)ကြိုးက....(တခြားပါဘုရား)လည်ပတ်က....(တခြားပါဘုရား)။

အဲ-ဒီလေးမျိုး တခြားစီမူတ်ပေါ့....(မှန်ပါ့ဘုရား) ကဲ.... ဒါဖြင့် ဒီငါ-ငါ့စွာ မပြုတ်တဲ့ ပုဂ္ဂိုလ်များဟာ တကာတကာမတို့ ဝိပဿနာ မလုပ်တော့ ငါ-ငါ့စွာ ပြုတ်ပါ့မလား .... (မပြုတ်ပါဘုရား) မပြုတ်တဲ့ ပုဂ္ဂိုလ်ကျတော့ ခန္ဓာချည်တိုင်မြဲမနေဘူးလား... (မြဲနေပါတယ်ဘုရား) ငါ့စွာဆိုတဲ့ ကြိုးကြီးကကော ပြုတ်ပါ့မလား....(မပြုတ်ပါဘုရား) ငါဆိုတဲ့ ဒီဥစ္စာလည်း ပတ်ကြီးကလဲ ပြုတ်ပါ့မလား....(မပြုတ်ပါဘုရား)။

ဒါဖြင့် ပုထုဇန်နဲ့တူတဲ့ ခွေးသည်ကားလို့ ဆိုယင် တိုင်ခြေလှည့်ပြေးနေမှာဘဲ့....(ပြေးနေမှာဘဲ့ဘုရား) ပြေးပြန်လဲ တိုင်ခြေကြိုးတဆုံးဘဲ့ ပြေးမှာဘဲ့ .... (မှန်ပါ့) အိပ်ပြန်တော့လဲ တိုင်ခြေဘဲ့....(မှန်ပါ့)စားပြန်တော့လဲ့....(တိုင်ခြေပါဘဲ့ဘုရား) သေပြန်တော့လဲ....(တိုင်ခြေပါဘဲ့ဘုရား)။

ဒီက-နေပြီးသကာလ ဘုယ်သွားမလဲ .... (အပါယ်သွားပါမယ်ဘုရား) အပါယ်က ပြန်လာပြီး ဒီတိုင်ခြေမှာ ဒီကြိုးနဲ့ ဒီ လည်ပတ်နဲ့ ပြန်ဝပ်တာဘဲ့....(မှန်ပါ့ဘုရား)ရှင်းပလား-(ရှင်းပါပြီ)။

ဒါဖြင့်.... ဘုန်းကြီးတို့ တကာ တကာမ၌တွေ့ သိပ်ကြောက်စရာ ကောင်းနေပြီ....(မှန်ပါ့ဘုရား)ဒါဖြင့် ယခုနေ့ ဂရုစိုက်ပြီး ဒီနောက်ပိုင်းမှာ မှတ်စမ်းပါ....(မှန်ပါ့ဘုရား) ဒီကြိုးနဲ့ ဒီလည်ပတ်ကို ဘုန်းကြီး ဖြတ်ပေးလိုက်ပါမယ် .... (မှန်ပါ့ဘုရား) ဖြတ်ပြီး ပေးလိုက်တဲ့ အခါကျလို့ ရှိယင် နိဗ္ဗာန်တည်းဟူသော လွတ်လပ်ရေးကိုခံစား ငါတို့ ရောက်ပြီလို့ သေသေချာချာ မှတ်ဖေတော့....(မှန်ပါ့ဘုရား)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ယခုဖြင့် အပါယ်နဲ့ခွေးနော်....(မှန်ပါ့)ခွေးနဲ့ အပါယ်....(မှန်ပါ့) ဒါဘဲ လှည့်တယ်....(မှန်ပါ့ဘုရား)ရှင်းပလား- (ရှင်းပါပြီဘုရား) အပါယ်နဲ့ ခွေး....(ခွေးနဲ့ အပါယ်ပါဘုရား) ခွေးနဲ့ အပါယ်ဆိုတော့ တကာ ကြွယ် ဒီဘဲ လှည့်တယ်....(မှန်ပါ့) (ဒီပြင် လှည့်တာ ပါသေးသလား....(မပါ-ပါဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဒါ ဘယ်နှယ်ကြောင့် ဖြစ်ရတာတုံးဆိုတော့ ပုထုဇန်ဟာ ခွေးစိတ် ပေါက်နေလို့....(မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့်ဒီပုထုဇန်ကိုကျုပ်တို့သည် ဘာ့ကြောင့် မင်းပုထုဇန် ဖြစ်နေသတုံး, ပုထုဇန်ခွေး ဖြစ်နေသတုံးလို့ မေးဘို့ လိုလာတယ်.... (မှန်ပါ့-လိုလာပါတယ်ဘုရား) ကြိုးနဲ့ လည်ပတ်မပြုတ်လို့ဖြစ်ရတာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) ဒီတိုင်ခြေလှည့်နေရတာ ဘာဖြစ်လို့ လှည့်နေသတုံးမေးယင် .... (ကြိုးနဲ့ လည်ပတ် မပြုတ်လို့ လှည့်ရတာပါဘုရား)။

ဒါဖြင့် ဒီတိုင်ခြေက လှုတ်သွားမယ်ဆိုယင် သက္ကာယနယ် ဏာ လှုတ်သွားတဲ့ အဓိပ္ပါယ်ရတယ်.... (မှန်ပါဘုရား) မရဘူး လား....(ရပါတယ်ဘုရား) သက္ကာယဆိုတာ ခန္ဓာငါးပါးကိုး.... (မှန်လှပါဘုရား)။

ကဲ....ဒါဖြင့် ဒီကနေ့ လှုတ်ကြပါစို့ဆိုတော့ သက္ကာယနယ် မှု လှုက်လို့ရှိယင် သက္ကာယချုပ်တဲ့ နိဗ္ဗာန်ရောက်တယ်....(မှန် ပါဘုရား)။

ဒါဖြင့် ကြိုးနဲ့ လည်ပတ်သာ ဖြတ်ကြပါ....(မှန်ပါ) ခင်ဗျားတို့ လှုတ်လပ်ခရေး ရပြီ အောက်မေ့ပါ .... (မှန်ပါ ဘုရား)။

ပုထုဇန်အဖြစ်မှ ကြိုးနဲ့ လည်ပတ်လဲ ပြုတ်ပါရော ပုထုဇန် အဖြစ်က အရိယာအဖြစ်သို့ ရောက်သောကြောင့် နိဗ္ဗာန်ရောက် ပါတယ်....(မှန်ပါဘုရား)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒါကလေး နိဂုံးချုပ်ကြပါဦးစို့ .... (မှန်ပါ ဘုရား) တကာတကာမတို့ ခန္ဓာဆိုတာ ဘယ်နှစ်ပါးရှိသလဲ.... (ငါးပါးရှိပါတယ်ဘုရား) ခန္ဓာဆိုတာ ရုပ်က ရူပက္ခန္ဓာ၊ဝေဒ နာက ဝေဒနာက္ခန္ဓာဆိုတာသိပြီ၊ စိတ်က ဝိညာဏက္ခန္ဓာဆိုတာ သိပြီ....(မှန်ပါ) သိတဲ့အခါကျတော့ တကာတကာမတို့....ဒါ ကလေးတွေကို ဉာဏ်နဲ့ကြည့်လိုက်.... (မှန်ပါ) ဉာဏ်နဲ့ကြည့် လိုက်တဲ့အခါ ဝေဒနာကလေးတွေက ဒီနေရာက ယားတယ်ဆို ရှုလိုက်....(မှန်ပါဘုရား)အင်း....ဟင်....ရှိသေးရဲ့လား....(မရှိပါ ဘုရား)။

ဟာ....ဒါဖြင့် ဖြစ်ပြီးပျက်သွားတဲ့ အနိစ္စဘဲ· (မှန်ပါ့ဘုရား) ဒီနေရာကနေ ဝမ်းသာလိုက်တာဆိုတော့ ဝမ်းသာတာကလေး ပြန်ကြည့်စမ်း....(မရှိတော့ပါဘုရား)။

ဒါဖြင့် ဝေဒနာကဘန္ဓာလဲဘဲ.... (မှန်ပါ့ဘုရား) ဖြစ်ပျက် ဆိုတော့ ငါ့ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား) အနိစ္စ ဖြစ်သွားတယ်-(မှန်ပါ့) ဘာဖြစ်သွားသတုံး....(အနိစ္စ ဖြစ်သွားပါတယ်ဘုရား) အနိစ္စဖြစ်သွားတော့ တကာတကာမတို့ ဒိဋ္ဌိ လည် ပတ် ပြုတ်ပြီ.... (မှန်ပါ့) ငါ့ဥစ္စာကော ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား)။

ဟာ... မဟုတ်လို့ရှိယင်ဖြင့် ကြိုးပြတ်သွားပြီ(မှန်ပါ့ဘုရား) ဒါဖြင့် တကာတကာမတို့ ဖြစ်ပျက် တလုံးသည် ဝေဒနာကလေးတွေ ရှောက်ကြည့်၊ ဖြစ်ပြီး ပျက်တာဘဲ၊ ဖြစ်ပြီး ပျက်တာဘဲ ရှိတယ်ဆိုတော့ ကိုယ့်လည်ပတ်နဲ့ ကိုယ့် ကြိုးဖြတ်တယ်-(မှန်ပါ့ဘုရား) ဘာလုပ်တာတုံး.... (ကိုယ့်လည်ပတ်နဲ့ ကိုယ့်ကြိုးဖြတ်ပါတယ်) ကိုယ့်လည်ပတ်နဲ့ ကိုယ့်ကြိုး ဖြတ်နေဟာဆိုတာ တကာကြွယ် ကောင်းကောင်း ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)

ဦးဘအုန်း ဒါကြောင့် ခင်ဗျားတို့ကို ညီအကို-မောင်နှမ လို့ဘဲ ဆရာမြဲသဘောထားပြီး သကာလ တကာတကဲ့ဘာမတို့....ကိုယ့်ကြိုးနဲ့ ကိုယ့်လည်ပတ်ဖြတ်ပါ၊ ဒါမှ ခွေးလဲက်စ, သတ်မယ်....(မှန်ပါ့)အပါယ်လက်စသတ်မယ်....(မှန်ပါ့ဘုရား) ရှင်းပလား-(ရှင်းပါပြီ)။

ဒါဖြင့် ဖြစ်ပျက်အလုပ်ဟာ မလုပ်ထိုက်ဘူးလား-(လုပ်ထိုက်ပါစေဘုရား) ကိုယ့်ကိုယ် အကျဉ်းကျနေတာမှ တိုင်ခြေမှာ

သေနေရတဲ့ အထဲမှာ လွတ်လပ်ရေးဖြစ်တဲ့ နိဗ္ဗာန်ကြီးကို.... ဒီဥစ္စာ တကျသေတော့ နိဗ္ဗာန်ရောက်တာကိုး.... (မှန်ပါဘုရား) ပဌမ နိဗ္ဗာန်ရောက်ပါဘယဲ့....(မှန်ပါ)တကာကြွယ် ရိပ်မိပြီ- (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကဲ့ဘတကာမတို့.... စိတ်ကလေးတွေ ရှုမယ်ဆိုယင် ဘယ်စိတ်လာလာ ဖြစ်ပျက်ရှုပေါ့-(မှန်လှပါဘုရား) ရှုလိုက်တဲ့ အခါကျတော့ ငါ-ဟုက်သေးရဲ့လား- (မဟုတ်ပါဘုရား) ငါ မဟုတ်တော့ဘူးဆိုကတော်ညီးက လည်ပတ်ပြုတ်ပြီ.... (မှန်လှပါ) ငါဥစ္စာဟုတ်လို့ ရှိယင်လဲ တကာတကာမတို့ ဒီဥစ္စာမပျက်ဘဲ နေမှာနော်—(မှန်ပါဘုရား) ငါဥစ္စာကော ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား)။

ဒါဖြင့် ကြိုးကော မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား) ဒါဖြင့် ဒီဥစ္စာလည်ပတ် တကျာကြီးပြတ်တော့ကို ပုထုဇဉ်ဖြစ်သလား- အရိယာဖြစ်သလား- (အရိယာဖြစ်ပါတယ်ဘုရား) အရိယာဖြစ်- ဖြစ်တဲ့အချိန်ကစပြီး.... လွတ်လပ်ရေးရသောကြောင့် တကာတကာ့မတို့ အပါယ်နဲ့ကွဲလွဲပြီး သကာလ အိုဘေး- နာဘေး- သေဘေးတွေက ကျွတ်လွတ်သွားပါတယ်.... (မှန်လှပါဘုရား) တိုင်ခြေမှာဝပ်ပြီး တိုင်ခြေမှာ သေရသေးရဲ့လား.... (မသေရပါဘုရား) တိုင်ခြေမှာတွင်ဘဲ ပြေးလွှားနေရသေးရဲ့လား- (မပြေးရပါဘုရား) တခါတည်း အချည် အနှောင်အဖဲ့ဆိုတဲ့ ဒိဋ္ဌုပါန်, ကာမုပါဒါန်ဆိုတဲ့ ဥပါဒါန်ကြိုးတွေ အကုန်ပြုတ်ပြီးသကာလ ဥပါဒါန်တို့၏ ချုပ်ရာငြိမ်းရာ နိဗ္ဗာန်ရောက်ပါတယ်....(မှန်ပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ တရား တပဲ့လုံးကို ဟောလိုက်ပါ တယ်၊ ဝေဒနာဖြစ်ပျက်-စိတ်ဖြစ်ပျက်ဆိုတဲ့သတိပဋ္ဌာန်တပါးပါး ကို ရှုခြင်းမှတပါး ကြိုးပြတ်၍ လည်ပတ်ပြုတ်တဲ့နည်း ရှာလို့ မတွေ့ဘူးလို့ ဘုရားဟောတယ်....(မှန်ပါဘုရား) ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

ကဲ....နာရီစေ့ပြီ၊ တော်ကြဦးစို့....။

သာဓု....သာဓု...သာဓု....။

အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင် သီတင်းသုံး

နေထိုင်တော်မူသော

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား - အမရပူရမြို့ ဓမ္မာရုံ၌

ဟောကြားတော်မူသော

တရားအားထုတ်မှ နိဗ္ဗာန်ရ

ပဋိစ္စသမုပ္ပါဒ်တရားတော် (၁၂)

(၂-၁၂-၆၁)

တကာတကာမတို့ သန္တာန်မှာ ပေါ်နေတဲ့ တရားနာတဲ့စိတ် သီလယူတဲ့စိတ် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ" ဆိုတဲ့ ယူတဲ့စိတ်တွေဟာ ရှိပါတယ်-နော်....(ရှိပါတယ်) ဒီစိတ်တွေကို သစ္စာဖဲ့ရလိမ့်မယ်-နော်....(မှန်ပါ့)။

ဒီစိတ်တွေ သစ္စာဖဲ့ဘော့ တကာတကာမတို့ သိတဲ့ အတိုင်း ခင်ဗျားတို့ ခန္ဓာက ဝိညာဏ်နာရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတော့.... ဒီ ဒုတိယပိုင်းထဲမှာ လာနေတယ်.... (နေပါတယ် ဘုရား)။

ဩော်....ဒီထဲမှာ သဠာယတနထဲပါတဲ့ မနာယတနဆိုတာက စိတ်ဘဲ· (မှန်ပါ့) ဒါဖြင့် ဒုတိယ ၂·နံပါက်ထဲမှာ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းမှာ ပါနေတယ်.... (ပါနေပါတယ်ဘုရား) ပါနေတော့ အခု တရားနာတဲ့စိတ် ဟုတ်လား....(မှန်ပါ့ဘုရား) တရားနာတဲ့

စိတ်- သီလယူတဲ့စိတ်တွေဟာ ဩဩ.... ဒုတိယပိုင်းထဲ ပါနေပါ
ကလားဆိုတာ သိပေးပါ....(မှန်ပါ့)။

ဘာဖြစ်လို့တုံး ဆိုတော့.... ခင်ဗျားတို့ရဲ့ အတိတ်ဘဝက
အဝိဇ္ဇာသင်္ခါရဆိုတာ မြင်တဲ့အတိုင်း ၁-နုံပါတ်ကနော်-(မှန်ပါ့
ဘုရား)။

အဲဒီ အဝိဇ္ဇာသင်္ခါရက ပြုလုပ်လိုက်တဲ့အတွက် ယခုအခါမှာ
ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတော့ သဠာယ
တနထဲမှာခြောက်ခုမြောက် စိတ်ပါမလာဘူးလား....(ပါလာပါ
တယ်ဘုရား)။

ကောင်းပြီ.... ဒီစိတ်သည်ကားလို့ဆိုယင်ဖြင့် အဝိဇ္ဇာသင်္ခါရ
တည်းဟူသော သမုဒယသစ္စာကြောင့် ၁-နုံပါတ် သမုဒယသစ္စာ
ကြောင့် ၂-နုံပါတ်ဆိုတဲ့အထဲမှာ ယခုဘဝပေါ့ဗျာ.... (မှန်ပါ့
ဘုရား) အခုပေါ်တဲ့ စိတ်တွေဟူသမျှသည်.... ၂-နုံပါတ်ထဲမှာ
ပေါ်တယ်လို့မှတ်ပါ....(မှန်ပါ့ဘုရား)။

အခုပေါ်တဲ့စိတ်တွေဟာ.... (၂-နုံပါတ်ထဲမှာ ပေါ်ပါ့တယ်
ဘုရား) ဒါဖြင့် ၁-နုံပါတ် သမုဒယသစ္စာက လုပ်လိုက်လို့
၂-နုံပါတ် ဒုက္ခသစ္စာစိတ်တွေပေါ်တာဘဲ.... (မှန်လှပါဘုရား)။

ဒါဖြင့် ၂-နုံပါတ်စိတ်ကို ဘာသစ္စာဆိုကြမယ်....(ဒုက္ခသစ္စာ
ပါဘုရား) ဒုက္ခသစ္စာဆိုတာ .... တကာတာမတို့ ဒီအထဲမှာ
သဠာယတန ဆိုတဲ့ စက္ခု သောတ ဃာန ဇိဝှာ ကာယမနထဲက-
မနဆိုတာ စိတ်လို့မှတ်ပါ....(မှန်ပါ့)။

ဒါဖြင့် အခု တရားနာတဲ့စိတ်တွေ သီလယူတဲ့စိတ်တွေ သား
ရေး,သမီးရေး,စီးပွားရေးနဲ့ ပတ်သက်တဲ့စိတ်တွေ ရောင်းရေး
ဝယ်ရေးနဲ့ ပတ်သက်တဲ့စိတ်တွေ ဒါတွေဟာ -၂-နုံပါတ်ထဲ

မှာ ပါလာတယ်-(ပါလာပါတယ်ဘုရား)ပါတော့ ဒီစိတ်တွေကို တကာတကာမတွေ ကြည့်လိုက် ဘာသစ္စာကုံး.... (ဒုက္ခသစ္စာပါဘုရား)။

သြော်.... ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးက ပြနေတော့ ဒုက္ခသစ္စာဘဲဆိုတာ သိပြီနော်.... (သိပါပြီဘုရား) ဒုက္ခသစ္စာဆို တာသည်အား ဘာဖြစ်လို့ ဒုက္ခသစ္စာခေါ်ပါလိမ့်မလဲ မေးလို့ ရှိယင်ဖြင့် စိတ်ကလေးတမှုပေါ်လာတယ်....၊ သိလယ္ယုတဲ့ စိတ်ကလေးပေါ်လာလဲ ပျက်သွားတယ်-(မှန်ပါ!) တော်တော်ကြာ အားထုတ်ရပြန်ပြီ၊ "ဗုဒ္ဓ သရဏ ဂစ္ဆာမိ" ပေါ်အောင်လုပ်တဲ့ စိတ်ကလေးအားထုတ်ရပြန်ပြီ၊ ပျက်သွားပြန်ပြီ-(မှန်ပါဘုရား) တော်တော်ကြာ ဘုန်းကြီးက ချပေးပြန်တော့ " ဓမ္မ သရဏ ဂစ္ဆာမိ " ဆိုတော့ ဘကာတကာမတွေကလဲ " ဓမ္မ သရဏ ဂစ္ဆာမိ" ပေါ်အောင် စိတ်ကလေး လုပ်ရပြန်တယ်.... (လုပ်ရပါတယ်ဘုရား)နောက်ပြီးတော့ " သံဃ သရဏ ဂစ္ဆာမိ" ပေါ်အောင် စိတ်ကလေး လုပ်ရပြန်တယ်၊ မလုပ်ရဘူးလား.... (လုပ်ရပါတယ်ဘုရား)။

ဒါဖြင့် ဒီစိတ်ကလေးတွေဟာ ခဏခဏပေါ်- ခဏာဏ ပျောက်သောကြောင့် အနိစ္စ-ဒုက္ခဿစ္စာ....(မှန်လှပါ)အနိစ္စဘဲ.... (ဒုက္ခသစ္စာပါ) အနိစ္စလဲ ဟုတ်တာဘဲ.... (ဟုတ်ပါတယ်) ဒုက္ခသစ္စာလဲ....(ဟုတ်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ဟာကာတကာမတွေ ယခုသိလယ္ယုနေရတာ ခင်ဗျားတို့ကတော့ ကောင်းတယ်၊ သိလနဲ့နေရတာ အကောင်းဆုံး၊ သိလဆောက်တည်ပြီး နေရတာ အကောင်းဆုံး၊ ဝိပဿနာ

အားထုတ်ပြီး နေရတာ အကောင်းဆုံးလို့ ထင်တော့ ထင်ကြတာဘဲ....(မှန်ပါ့ဘုရား)။

ကောင်းတော့ ကောင်းပါတယ်၊ နောင်ရေး ကောင်းတယ်၊ ယခုလုပ်နေတာကတော့ဖြင့် ဒုက္ခသစ္စာဘဲ.... (မှန်လှပါ) ယခုဖြစ် ပေါ်ပေါက်နေတာက....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီတော့ တကာကြွယ်-ဒုက္ခသစ္စာ အထူးရှာစရာလား-အခုပေါ်တဲ့စိတ် ကြည့်လိုက်ယင် ဒုက္ခသစ္စာတွေ့တာဘဲ မဟုတ်လား (တွေ့ပါတယ်ဘုရား)။

ဘာဖြစ်လို့ တုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတွေ့ရှင်းပြီးသား- လင်းပြီးသားဘဲ....တဲ့၊ ဒီ ခန္ဓာကိုယ်ထဲမှာ ယခုအချိန် ဘာဘဲပေါ်ပေါ် ဒုက္ခသစ္စာဘဲ....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဘာဖြစ်လို့တုံး၊ ၂-နံပါတ်ထဲမှာ နေရတာကိုး...(မှန်ပါ့ဘုရား)။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဆိုတဲ့ ၁-နံပါတ်က အကြောင်းဆက်လိုက်လို့ ၂-နံပါတ် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတော့ သဠာယတနထဲပါတဲ့ စိတ်တွေ့ဟူသမျှဟာ.... တကာကြွယ် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

သြော်.... ဒါဖြင့် ဒုက္ခသစ္စာ ဒို့ အမှန်အကန် သိဘို့ရာသာအရေးကြီးတယ်၊ ဒုက္ခသစ္စာကတော့ ရှိပြီးသားပါကလဲးလို့ မှတ်ပါ....(မှန်လှပါဘုရား) အနိစ္စလဲ ရှိပြီးသား၊ ဒုက္ခသစ္စာလဲ ရှိပြီးသား.... (ရှိပြီးသားပါဘုရား) အနိစ္စနဲ့ ဒုက္ခသစ္စာကိုလဲ.... မောင်ဘခသာတို့က တခြားစီလို့ မှတ်မနေနဲ့... (မှန်လှပါ) ဖြစ်ပြီး ပျက်တဲ့ ဓမ္မဟူသမျှသည် ဒုက္ခသစ္စာချည်း မှတ်လိုက်....

(မှန်လှုပါဘုရား)ဖြစ်ပြီးပျက်တဲ့ အနိစ္စတရားကို ဘာဆိုကြမယ်-(ဒုက္ခသစ္စာပါဘုရား)။

အဲ-ဒုက္ခသစ္စာချည်း မှတ်ထားတော့ကိုတဲ့၊ ပဋိစ္စသမုပ္ပါဒ်ကို ကြည့်ပါ၊ ၂-နံပါတ်ထဲမှာ ပေါ်သ၍တရား ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီတော့ တကာကြွယ်-ရှင်းနေပြီ....(ရှင်းပါတယ်ဘုရား) ၂-နံပါတ်ထဲ ပေါ်သ၍တဲ့ရားဟာ....(ဒုက္ခသစ္စာပါဘုရား) ဘာ့ကြောင့် ဒုက္ခသစ္စာတွေလို့ သူ့ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောရပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့ သမုဒယသစ္စာကြောင့် ဖြစ်တဲ့တရားတွေ....(မှန်ပါ့)။

အဝိဇ္ဇာ သင်္ခါရဆိုတာက ဒီကြည့် တကာတကာမတို့ အဝိဇ္ဇာသင်္ခါရကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပေါ်တယ်....(မှန်ပါ့ဘုရား)အဝိဇ္ဇာ သင်္ခါရက သမုဒယသစ္စာ....ရှင်းပြီလား.... (ရှင်းပါပြီ)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေက....(ဒုက္ခသစ္စာပါဘုရား)။

ဩော်.... ဒါဖြင့် အခု ဒို့သန္တာန် ဘာတွေများ ရှိနေပါလိမ့်မတုံးလို့ တွေးကြည့်ယင် သိပါပြီ.... (သိပါပြီဘုရား) ဘာတွေ ရှိသလဲ....(ဒုက္ခသစ္စာတွေရှိပါတယ်ဘုရား)ဘာဘဲ လုပ်လုပ် ခင်ဗျားတို့ ဒုက္ခသစ္စာမှတပါး ဘာမှ မရှိဘူး....(မှန်လှုပါဘုရား) ဒုက္ခသစ္စာစိတ်ဘဲ ရှိတော့တယ်ဆိုတာ သေချာပလား... (သေချာပါပြီဘုရား)။

အဲဒီတော့ ဝိပဿနာရှုတော့ ဒီ၂-နံပါတ်ပေါ်တဲ့စိတ်တွေဘဲ ရှိမှာဘဲ....(မှန်ပါ့)ခင်ဗျားတို့သန္တာန်ပေါ်တာ ၂-နံပါတ် စိတ်မှတဲ့ပါး ၂-နံပါတ်အတွင်းမှာ ပါတဲ့စိတ်မှတပါး တခြားသော

စိတ်ရှိရဲ့လား....(မရှိပါဘုရား) မရှိတော့ ဒီတရားတွေက ဖြစ်ပျက် ဖြစ်ပြီးပျက်တဲ့ဒုက္ခသစ္စာဘဲလို့ ဆိုတာကို ဝိပဿနာ ရှုတော့ကို တကာတကာမတွေ ရှာနေကိုလိုသေးသလား.... (မလိုပါဘုရား) ကိုယ့်သန္တာန်ပေါ်တဲ့စိတ်ဟူသမျှ ဘာဆိုကြမယ်..., (ဒုက္ခသစ္စာပါဘုရား)။

သြော်....တကာကြွယ် ဒုက္ခသစ္စာ ရှာရင်သေးသလား(မရှာရှုပါဘုရား) ရှေးတုန်းကတော့ တကာ တကာမတွေက ဒုက္ခသစ္စာဆိုတာ ဘာပါလိမ့်မတုံးဆိုတဲ့တွေးလုံးတွေ ထုတ်နေတယ်၊ သြော်....နာမ်၊ ကျင်မှ၊ ကိုက်မှ၊ ခဲမှလို့ ဒါ....ဒုက္ခသစ္စာလို့ ထင်နေကြတယ်... (မှန်ပါဘုရား) မဟုတ်ပါဘူး....တဲ့ ခင်ဗျားတို့သန္တာန်ထဲ ပေါ်ချင်တာပေါ်တဲ့၊ရုပ်ပေါ်ပေါ်နာမ်ပေါ်ပေါ် ပေါ်ချင်တဲ့ ပေါ်ပါ။ ပေါ်တဲ့တရားဟူသမျှဟာဖြင့် မောင်ဘသော် ဒုက္ခသစ္စာချည်းဘဲ....(မှန်လှပါဘုရား) ရှင်းကြပါသေး.... (ရှင်းပါပြီဘုရား) ဒါဖြင့် ၂-နုံပါတ်ထဲ ပေါ်တဲ့တရားဟူသမျှ ဘာသစ္စာ-(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တကာကြွယ် ခန္ဓာကိုယ် ဥာဏ်လှည့်လိုက်လို့ ရှိယင် ဘာတွေတွေ့မယ်ထင်သလဲ....(ဒုက္ခသစ္စာတွေ့ တွေ့ပါမယ်ဘုရား) နာမည်သာပြောင်းတယ်....(မှန်ပါ) နာမည် ပြောင်းလိုက်ဟာ့ အနိစ္စတွေ့ပါတယ်ဘုရား၊ ဒုက္ခတွေ့ပါတယ်ဘုရား၊ အနတ္တ တွေ့ပါတယ်ဘုရား....(မှန်လှပါ) ဒုက္ခသစ္စာထဲ အကုန်ဝင်ပေးတဲ့.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ) ဘာထဲအကုန်ဝင်ပါလိမ့်... (ဒုက္ခသစ္စာထဲ အကုန်ဝင်ပါတယ်ဘုရား)။

အဲဒီတော့ ဒုက္ခသစ္စာထဲ ဝင်တာတွေကိုတကာတကာမတွေက ဥပမာဘုန်းကြီးကစိတ္တာနုပဿနာပေးထားတယ်ဆိုပါတော့(မှန်

လှုပါဘုရား) စိတ္တာနုပဿနာ ပေးထားတော့ တကာကြွယ်
သန္တာန်၊မောင်ဘသော်တို့သန္တာန်၊ဦးလှဘူးတို့သန္တာန် စားချင်
တဲ့စိတ်ပေါ်လဲ ဒုက္ခသစ္စာဘဲ....(မှန်ပါ့) အိပ်ချင်တဲ့စိတ်ပေါ်လဲ
(ဒုက္ခသစ္စာပါဘုရား) ဘယ်နှယ်ကြောင့် သူ့ကို ဒုက္ခသစ္စာလို့
ဆိုင်းဘုတ်နာမည် ပေးရပါလိမ့်မလဲလို့ မေးလို့ ရှိယင် သူဖြစ်ပြီး
ပျက်တယ်....(မှန်လှုပါ) ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်လိုကြောင့်ပါလိမ့်.... (ဖြစ်ပြီး ပျက်လို့ပါဘုရား)
ဖြစ်ပြီး ပျက်တဲ့ တရားကို "ဝိပရိဏာမလက္ခဏ ဒုက္ခသစ္စာ"
ဒုက္ခသစ္စာပျက်စီးခြင်းလက္ခဏာရှိတယ်....(မှန်ပါ့) ဖြစ်ပြီးပျက်တဲ့
တရားကို....(ဝိပရိဏာမ လက္ခဏ ဒုက္ခသစ္စာပါ)ဒါဖြင့်ဖြစ်ပျက်
တာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် အနိစ္စလဲ ဒုက္ခသစ္စာမှတ်လို့ကော်.... (မှန်ပါ့) ဒုက္ခလဲ....
(ဒုက္ခသစ္စာပါဘဲဘုရား) အနတ္တဟာလဲ.... (ဒုက္ခသစ္စာပါဘဲ)
ဒုက္ခသစ္စာချည်းလို့ ဘုန်းကြီးတို့ တကာတကာမှငေ့ကမှတ်ထား
လိုက်တဲ့အခါကျတော့ သြော်....ဒို့မှာဖြင့် ဒို့သန္တာန်၊ ပေါ်သမျှ
ဘယ်စိတ်ပေါ်ပေါ် ဒုက္ခသစ္စာလို့ ရှုရုံဘဲ....(မှန်ပါ့ဘုရား) ရှင်း
ကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ကို ဖြစ်ပြီး ပျက်တာကလေး တွေ့လိုက်ပြန်တယ်၊
အင်း....ဟင်....ဒုနိစ္စလို့ တကာကြွယ် ဆိုချင်လဲ ဆိုလိုက်၊အနိစ္စ
လို့ မှတ်ချင်လဲ မှတ်လိုက်တာပေါ့... (မှန်လှုပါဘုရား) နောက်
ဆုံးပိတ် တနေ့ကျတော့ အနိစ္စလဲ ဒုက္ခသစ္စာ.... (မှန်ပါ့) ရှင်းပ
လား....(ရှင်းပါပြီ)။

ဒါဖြင့် ဝိပဿနာ ရှုတဲ့အခါကျတော့ တကာ တကာမတို့
စိတ်ကို ဝိညာဏ်လို့ ခေါ်တယ်နော်....(မှန်လှုပါဘုရား) စိတ်ကို

ဘယ်လိုခေါ်ပါလိမ့်.... (ဝိညာဏ်လို့ ခေါ်ပါတယ်ဘုရား) ဝိညာဏ်လို့ခေါ်တယ်ဆိုတာ သိပြီနော်.... (မှန်ပါဘုရား)။

ဒါဖြင့် မြင်စိတ်ကလေး ပေါ်လာဘယ်၊ အဆင်း တခုကို မြင်တဲ့စိတ်ပေါ့ဗျာ....(မှန်ပါ) ဒါကလေးက မြင်ပြီးပျက်တာ ဘဲ....(မှန်ပါဘုရား) အဆင်းလှ ပျက်တာကို မယူလိုက်ပါနဲ့.... (မှန်ပါ) မျက်လုံးထဲက မြင်တတ်တဲ့ စိတ်ကလေးဟာ မြင်ပြီး ပျက်တာကို ယူပါ... (မှန်ပါဘုရား)သဘောကျပလား....(ကျပါ ပြီဘုရား)။

ဒါဖြင့် အဲဒီစိတ်ကလေးဟာ ဝိညာဏ်လို့ခေါ်တော့ ဝိညာဏ် အနိစ္စ....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)ဝိညာဏ် (အနိစ္စပါဘုရား) သြော်.... ဒါဖြင့် ဒီ....ဝိညာဏ်ကလေးဟာ တကာတကာမတူ သတ္တဘုံ....တွ ဒုအထပ်မှာ မနာယတန ထဲမှာပါတဲ့ ဝိညာဏ်သည် အနိစ္စတရားကလေး.... (မှန်ပါ) ဒီ....အနိစ္စတရားကလေး ဘာပါလိမ့်မတုံးလို့ တကာကြွယ်က တွေးမနေပါနဲ့ ဒီကြည့်လိုက်၊ ဘာသစ္စာလဲ.... (ဒုက္ခသစ္စာပါ ဘုရား)။

ဒီထဲပါတာဘဲ....(မှန်ပါ) ဒီထဲပါတော့ သြော်....ဒုက္ခသစ္စာ ဟုတ်မဟုတ်ကို သေသေ ချာချာ ဝဝဖန်ယင်တော့ သမုဒယ သစ္စာက လုပ်တဲ့တရားဟူသ၍ ဒုက္ခသစ္စာဆိုတော့ အဝိဇ္ဇာသင်္ခါ ရက ဘာသစ္စာလဲ....(သမုဒယသစ္စာပါဘုရား) သူက ဆက်စပ် ပြီး လုပ်လိုက်တဲ့အတွက် ဒီထဲပါတဲ့စိတ်တွေဟာ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာလာဖြစ်တယ်ဆိုတာ သိသွားပြီ (သိသွားပါပြီဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးမှာ တကာတကာ့ မတွေ့ သိတဲ့အတိုင်း....တဲ့ ဒုက္ခသစ္စာမှတပါး ခင်ဗျားတို့ ခန္ဓာထဲ ဘာမှမရှိဘူး....(မရှိပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဘာ ဝိပဿနာ ရှုရမှာတုံး....လို့ အခြေအမြစ်နဲ့တကွသေသေချာချာရှာတဲ့အခါ ကျတော့ ဩော်... သမုဒယက ဖြစ်တဲ့တရားဟူသ၍ ဒုက္ခသစ္စာ ချည်းလို့ မှတ်လိုက်....(မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒီဥစ္စာ ပေါင်းလိုက်တော့ အဝိဇ္ဇာ သင်္ခါရတည်းဟူသော သမုဒယသစ္စာက ဖြစ်စေတဲ့တရားကို ဒီဒုတိယ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့တရားခွေတွဟာသမုဒယသစ္စာကြောင့်ဖြစ်သော ကြောင့် အကုန်ဒုက္ခသစ္စာဘဲ....(မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား) ပုံစံတွေ့ ကြည့်ပါ။ ပုံစံတွေ့ ကြည့်ပါ။ တကာတကာမတွေ့ ယခုပေးထားတဲ့ပုံစံတွေ့ ကြည့်လိုက်တော့ ဘာသစ္စာတွေ့သလဲ....(ဒုက္ခသစ္စာ တွေ့ပါတယ် ဘုရား)။

သူ့ကို ဘယ်နှယ်ကြောင့် တကာတကာမတွေ့က ဒုက္ခသစ္စာ ဆိုကြသတုံး....(သမုဒယသစ္စာက ဖြစ်စေလို့ပါဘုရား)သမုဒယ သစ္စာက ဖြစ်စေတယ်....(မှန်ပါ့) ရှတ်ကြည့် ခင်ဗျားတို့ ရတဲ့ ပါဠိကို အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား) သင်္ခါရပစ္စယာ.... (ဝိညာဏံပါဘုရား)။

အဲဒီ ဝိညာဏ်ခဏ်းမှာ ကြည့်လိုက်တော့ ဒီမြွားကွေ့ပြပြီး အကျိုးတွေ့ပြထားတော့ သူ့အတွင်းပါတာတော့ ဘာသစ္စာ တုံး....(ဒုက္ခသစ္စာပါဘုရား)။

သူ့ကို ဒုက္ခသစ္စာလို့ ဘာပြုလို့ ပြောကြရသတုံး ဆိုတော့ ဒီ သမုဒယသစ္စာက ဖြစ်စေလို့ ဒုက္ခသစ္စာဖြစ်ရတယ်....(မှန်ပါ့ဘုရား သမုဒယသစ္စာက အကြောင်း၊ ဒုက္ခသစ္စာက အကျိုး.... (မှန်လှပါ)။

ဒုက္ခသစ္စာသည်ကားလို့ ဆိုယင် အလိုလို ပေါ်တာ လားလို့ - မောင်ဘခင်သာတို့ တကာကြွယ်တို့မေးယင် ဘယ်နှယ်ဆိုပါ့မလဲ.... (သမုဒယသစ္စာကြောင့် ဖြစ်တာပါဘုရား) သမုဒယဖြစ်စေတာ သူ့ဟာ ရှင်းနေပြီ၊ ဒီ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာထဲ ရောက်လာတယ်။

အဲဒီတော့ ကျုပ်တို့ ရှုတော့ ဒီဥစ္စာ ဒုက္ခသစ္စာထဲ ရောက်လာတယ်သာ သိယင် ဥာဏ်ထဲမှာ ဒုက္ခသစ္စာ သိဘို့ဘဲ အရေးကြီးတော့တယ်....(မှန်ပါ့ဘုရား)။

အဲ- ဒါကလေးဖြစ်သွားယင် မဂ်ဆိုက်မှာ သေချာတယ်.... (မှန်လှပါဘုရား) ဒါဒီဥစ္စာ စာကဖြင့် ဆိုထားသည်၊ ခန္ဓာထဲမှာလဲ ဒီအတိုင်းတော့ ဖြစ်နေပြီ၊ ခန္ဓာထဲ ပေါ်သရွဲ့ဟာဖြင့် ပေါ်တဲ့ စိတ်တွေဟာ ဒုက္ခသစ္စာဘဲ- ဆိုတာတော့ တကာကြွယ်တို့ မောင်ဘသော်ဘို့က ရှုသာနေ.... (မှန်ပါ့) ရှုနေလဲ သူ့ဖြစ်ပျက်တွေ့ တွေ့နေမှာဘဲ....(တွေ့ပါတယ်ဘုရား) ဖြစ်လိုက်ပျက်လိုက်-ဖြစ်လိုက် ပျက်လိုက်တွေ့ မတွေ့ဘူးလား .... (တွေ့ပါတယ် ဘုရား) တွေ့တာက ပဌမ တွေ့နေတုန်းကတော့ဖြင့် သွေ့....ဒါ အနိစ္စ တွေ့နေတာဘဲ....(မှန်ပါ့) သဘောကျပလား (ကျွပါပြီ) ပဌမ တွေ့တာတော့ အနိစ္စတွေ့တာဘဲ....(မှန်ပါ့) နောက် ရှုဖန်များပြီးလာတော့ အနိစ္စတွေ့ဟာ သွေ့ .... မုန်းစရာတွေ့ပါလားဆိုတဲ့ နိဗ္ဗိန္ဒဉာဏ်တက်မယ် .... (မှန်ပါ့ဘုရား)။

ဘာ့ကြောင့်တုံးလို့ မေးတော့ သမ္မာပဿဒ်လို့ ဆိုသော ကြောင့် သမ္မာ=ကောင်းစွာ၊ ပဿဒ်= ဖြစ်ပျက်ကို မြင်သည်ရှိသော်၊ နိဗ္ဗိန္ဒတိ=ဖြစ်ပျက်ကို ငြီးငွေ့လာ၏၊ ဖြစ်ပျက်မြင်လို့ ရှိယင် နောက် ငြီးငွေ့လာမှာဘဲတဲ့.... (မှန်ပါဘုရား) ဖြစ်ပျက် မြင်တာက ယထာဘူတ ဉာဏ်ပေါ့ဗျာ....(မှန်ပါ) ယထာဘူတ ဉာဏ်က တက်လာတဲ့အခါ ငြီးငွေ့တဲ့ နိဗ္ဗိန္ဒဉာဏ် တက်သွားတာယ်....(မှန်ပါဘုရား) ဘုရားက ဒီအတိုင်း ဟောတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ)။

" နိဗ္ဗိန္ဒ ဝိရဇ္ဇတိ " .... တဲ့၊ နိဗ္ဗိန္ဒ - နိဗ္ဗိန္ဒန္တိ = ငြီးငွေ့ပြီးလို့ ရှိယင်၊ ဝိရဇ္ဇတိ=မင်းပေါ်လာ၏....(မှန်လှပါ) ဒီခန္ဓာကြီး မလိုချင်တဲ့ မင်းပေါ်လာ၏လို့ ဘုရားက ဟောတယ်.... (မှန်ပါဘုရား) ဘယ်နှယ်ကြောင့် မင် ပေါ်လာတုံး ဆိုတော့ ဒုက္ခ ပိုင်ပိုင် သိလို့ မင် ပေါ်လာတယ် မှတ်ပါ.... (မှန်လှပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်ကို ကြိုးစားရှုလို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတော့ ဒီဥစ္စာဟာ....တဲ့ ကြာတော့ ဉာဏ်ကထက် ထက်-ထက်ထက်ပြီး အပ်ကို သွေးပါမျှားလို့ ထက်သလို...(မှန်ပါဘုရား) ဓါးကိုသွေးပါမျှားလို့ ထက်သလို .... တဲ့ ဉာဏ်က ထက်ထက်လာတော့ သြော်....နဂိုရိုက ဖြစ်ပျက်အနိစ္စ မှတ်နေတယ်၊ သေသေချာချာရှုရင်း- ရှုရင်း ဉာဏ်ကြီးလေလေ ဒုက္ခသစ္စာမြင်သလောဘဲ၊ မြင်လာယင် ဒုက္ခသစ္စာ အမှန်မြင်လာလို့ ရှိယင် ဒါ မင်ဆိုက်တော့မလို့ သာမှတ်ပေတော့- (မှန်ပါဘုရား) ဒုက္ခသစ္စာ အမှန်မြင်လာယင်....(မင်ဆိုက်မလို့ပါဘုရား) မင်

ဆိုက်တော့မလို့ ဆိုတာ သေချာပါတယ်....(မှန်ပါ့ဘုရား) ရှင်း ပလား....(ရှင်းပါပြီ)။

ဒါ့ကြောင့် တကာတကာမတွေ့ အခု ပဋိစ္စသမုပ္ပါဒ်ဒေသနာ စက်ဝိုင်းကြီးပြပြီး တကာတကာမတွေ့မှာ လက်ခံရှိထားပြီး ပြတော့ သြော်....ဒီထဲ ၂-နံပါတ်ထဲ ပေါ်လာတာတွေ့ ဘာသစ္စာတွေ့ ပေါ်သလဲ.... (ဒုက္ခသစ္စာတွေ့ ပေါ်ပါတယ်ဘုရား) သဘောကျပလား...(ကျပါပြီဘုရား)သူ-ဒုက္ခသစ္စာလို့ ခင်ဗျားတို့ ဘယ်သူက ပြောသတုံးဆိုတော့ ဘယ်သူကမှ မပြောပါဘူး-အဝိဇ္ဇာသင်္ခါရကြောင့် ဖြစ်တဲ့တရားမို့....(မှန်ပါ့ဘုရား) တကာကြယ် ဘယ်နှယ်ဆိုပါ့မယ်.... (အဝိဇ္ဇာသင်္ခါရကြောင့် ဖြစ်တဲ့တရားမို့ပါဘုရား)။

ကောင်းပြီ-အဝိဇ္ဇာသင်္ခါရက ဘာသစ္စာတုံး-(သမုဒယသစ္စာပါဘုရား)သမုဒယသစ္စာဆိုတာသည် ဘာကိုဖြစ်စေသတုံး- (ဒုက္ခသစ္စာကို ဖြစ်စေပါတယ်ဘုရား)။

ဒါဖြင့် ကိုက်နေတာဘဲ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဆိုဘာ.... သမုဒယသစ္စာ၊ သင်္ခါရပစ္စယာ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့က....(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာဘဲဆိုတာ ရှင်းနေတော့ ခင်ဗျားတို့ ရှုတဲ့အခါကျတော့ ဒုက္ခသစ္စာဘဲဆိုတာ ရှင်းနေတော့ ခင်ဗျားတို့ ရှုတဲ့အခါကျတော့ ခင်ဗျားတို့က သြော်.... အခု ခန္ဓာကြီးတရားနာနေတယ်၊ အခု တရားအားထုတ်နေတဲ့ ခန္ဓာကြီးဟာ ၁-ထဲမှာလား ၂-ထဲမှာလား....(၂-ထဲမှာပါဘုရား)။

ဒါဖြင့် ရုပ်ကြည့်လဲ ဒုက္ခသစ္စာတွေ့ရမှာဘဲ....(မှန်ပါ့) နာမ်တွေ့ကြည့်လဲ .... (ဒုက္ခသစ္စာ တွေ့ရမှာပါဘုရား) ဒါတွေ့လို့

ရှိယင်ဖြင့် ထိုတရား လဲ့သေးတယ် ....၊ စောင်းသေးတယ် ....၊ တိမ်းသေးတယ်လို့ ဘယ်တော့မှမရှိဘူး....(မှန်ပါ့) တရား မလဲ့တော့ပါဘူး.... (မလဲ့ပါဘုရား) လဲ့စရာအကြောင်းမြင်သေးရဲ့လား.... (မမြင်ပါဘုရား) သမုဒယသစ္စာကြောင့် ဖြစ်တဲ့ ခန္ဓာငါးပါး....(မှန်ပါ့) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟာ ခန္ဓာငါးပါးဘဲ.... (မှန်လှပါဘုရား) ဒီခန္ဓာငါးပါး ၂-နုံပါတ် အချက်ထဲ ဝင်လာကဘည်းက တကာကြွယ်တို့-မောင်ဘခင်သာတို့၊ ဦးလှဘူးတို့က စဉ်းစားတာပေါ့....၊ ဘာ သစ္စာထဲသူ ရောက်နေသလဲ....(ဒုက္ခသစ္စာထဲရောက်နေပါတယ်ဘုရား)။

ဟုတ်မှ ဟုတ်ပါ့မလားလို့ ယုံမှားသံသယရှိယင် .... သူ့ဖြစ်ကြောင်းတွေးလိုက်တာပေါ့....(မှန်ပါ့) သူ့ဖြစ်ကြောင်းတွေးလိုက်တော့ ဘာပါလိမ့်....(သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် သမုဒယသစ္စာက ဖြစ်စေတဲ့ တရားဟူသမျှ တော့ဖြင့် နိဗ္ဗာန်တော့ မဖြစ်နိုင်တာ အမှန်ဘဲ... (မှန်ပါ့ဘုရား) ဘာသစ္စာ ဖြစ်မလဲ....(ဒုက္ခသစ္စာကို ဖြစ်စေပါတယ်ဘုရား)ဒါဖြင့် ခင်ဗျားတို့ စာရွက်ကိုကြည့်ပါ၊ ဒီထဲပါသမျှဘာသစ္စာ .... (ဒုက္ခသစ္စာပါဘုရား) အခု ဘကာတကာမတွေဟာ ၁-နုံပါတ် အကွက်မှာနေကြသလား၊ ၂-နုံပါတ်အကွက်ထဲမှာ နေသလား....(၂-နုံပါတ်အကွက်ထဲမှာနေပါတယ်ဘုရား) ၂-နုံပါတ်အကွက်ထဲမှာ နေတယ်ဆိုတာ သေချာပါပြီ... (သေချာပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ၂-နုံပါတ် အကွက်ထဲမှာနေတော့ ၂-နုံပါတ်အကွက်ထဲမှာ .... ဘာဘဲပေါ်ပေါ်၊ တကာ တကာမတွေ သန္တာန်မှာဖြင့် ရုပ်ပေါ်ပေါ် နာမ်ပေါ်ပေါ် ဖဿပေါ်ပေါ် ဝေဒနာပေါ်ပေါ် စိတ်ပေါ်ပေါ် သတိပဋ္ဌာန်လေးပါးထဲက

တပါးပါး ကြိုက်ရာသာရှု ဒုက္ခသစ္စာသာတွေ့မှာဘဲ(မှန်လှပါ) တပါးပါးကိုကြိုက်ဆုရှုပါ...၊ ကြိုက်ချရှုယင် ဘာတွေ့မလဲ.... (ဒုက္ခသစ္စာတွေ့ပါမယ်ဘုရား ') ကြိုက်ရာရှုယင် ဒုက္ခသစ္စာတွေ့မယ်....(မှန်လှပါ)သဘောကျပလား....(ကျပါပြီ)။

ကောင်းပြီ... ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ဟောပါတယ်....၊ဝိညာဏာ = စိတ်ဝိညာဏ်ကို၊ အနိစ္စန္တိ = အနိစ္စဟူ၍၊ ပဿတိ=မြင်၏ .... (မှန်ပါ) သြဲ့... ဝိညာဏ်ကလေးဟာ ဖြစ်ပြီး ပျက်တာဘဲ ...၊ မြင်စိတ်ကလေးဟာ ဖြစ်ပြီး ပျက်တယ်....(မှန်လှပါ)။

ကြားစိတ်ကလေးကော....(ဖြစ်ပြီးပျက်ပါတယ်ဘုရား)။

နံစိတ်ကလေးကော.... (ဖြစ်ပြီးပျက်ပါတယ်ဘုရား)။

အင်း....ဟုတ်... လျှာအလည်မှာ စားစိတ်ကလေး .... (ဖြစ်ပြီးပျက်ပါတယ်ဘုရား)။

ကိုယ်ပေါ်မှာ ယားစိတ်-ယံစိတ်-နာစိတ်ကလေးတွေ့ကကော (ဖြစ်ပြီးပျက်ပါတယ်ဘုရား)။

ကိုယ်ပေါ်မှာ ကောင်းတဲ့-ချမ်းသာတဲ့ စိတ်ကလေးပေါ်လာယင်ကော....(ဖြစ်ပြီး ပျက်ပါတယ်ဘုရား)။

ဒီအာရုံက ကို မထုတ်ဘဲကိုးဗျ....၊ မထုတ်ဘော့ ဖြစ်ပျက်ဒုက္ခသစ္စာချည်း လာတာဘဲ.... (မှန်ပါဘုရား)က .... ဒီအာရုံထဲမှာ တခါ လောဘကလေး ပေါ်လာပြန်ယင်ကော.... (ဖြစ်ပြီးပျက်ပါတယ်ဘုရား) ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒီအာရုံထဲမှာဘဲ တကာတကာမှတွေ့က နေရတော့ ဒေါသစားလေး ပေါ်လာယင်ကော .... (ဖြစ်ပြီးပျက်ပါတယ်ဘုရား)

ဘာသစ္စာပေါ်သတုံး....(ဒုက္ခသစ္စာပေါ်ပါတယ်ဘုရား) ရှင်းပြီ (ရှင်းပါပြီ)။

ဒီအကွက်ထဲမှာဘဲ ယုံမှားတဲ့ ဝိစိကိစ္ဆာတို့ ပျံ့လွှင့်တဲ့ ဥဒ္ဓစ္စ စိတ်တို့ပေါ်လာယင်....(ဖြစ်ပြီး ပျက်ပါတယ်ဘုရား) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒီအကွက်ထဲမှာဘဲ ခင်ဗျားတို့လူကြွ-တန်းကြွတာလဲ ဒီဘက် မရောက်သေးပါဘူး....၊ ဒီ အကွက်ထဲကနေပြီး လူတဲ့ တန်းတဲ့ ကုသိုတ်စိတ်ပေါ်တာဘဲ.... (မှန်ပါ့ဘုရား) ပေါ်ပြန်တော့ ကော (ဖြစ်ပျက်ပါဘုရား) ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါဘုရား) ဘာစိတ်ပေါ်ပေါ်ပေါ့ဗျာ....(မှန်လှပါ) ဒီအကွက်ထဲမှာဘဲ ဘုရားရှေ့သွားထိုင်ပြီးတော့ တခါ မေတ္တာပို့နေတယ် (မှန်ပါ့) ကဲ.... တကာကြွယ် မေတ္တာပို့တဲ့စိတ် ဘာစိတ်ခေါ်ကြမယ်....(ဖြစ်ပြီးပျက်ပါတယ်ဘုရား) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဩော်-ဒီအကွက်ထဲနေတော့ဒီအတွက်ထဲပေါ်တဲ့ စိတ်ဟူသမျှ ဟာဖြင့်ဒုက္ခသစ္စာဘဲပေါ်ပါတယ်....(မှန်လှပါ)အနိစ္စပေါ်တယ် ဒုက္ခသစ္စာ ပေါ်တယ်ဆိုတာ ရှင်းပြီလား....(မှန်ပါ့ဘုရား)။

ဩော်....ဒါဖြင့် ဒီဝိပဿနာ ရှုနေရတာ အရှာခက်သလား လို့ တကာကြွယ်တို့ မောင်ဘသော်တို့မေးယင် ဘယ်နှယ်ဖြေကြမလဲ....(မခက်ပါဘုရား) မခက်ဘူးဆိုတာ သေချာပြီတဲ့.... (သေချာပါပြီ) ဘာဖြစ်လို့တုံးဆိုတော့ ဒုက္ခသစ္စာမှ တပါး ဘာမှ မပေါ်လာဘူး....(မှန်ပါ့)ဒီ့ပြင် ဘာပေါ်သေးသတုံး.... (ဘာမှ မပေါ်ပါဘုရား) ဒုက္ခသစ္စာဆိုတာလဲ ဖြစ်ပျက်ဘဲ.... (မှန်ပါ့)။

ဒါဖြင့် ဒီ အာကာသကြီးတစ်ခုလုံးကို ဖြစ်ပျက်၊ ဖြစ်ပြီး ပျက်တယ်၊ ဖြစ်ပြီး ပျက်တယ်လို့ ခင်ဗျားတို့ ရှုနေဘို့ အရေးကြီးပါတယ်.... (မှန်ဖူး!) ရှုရင်းမှတ်တဲ့ဒီဥစ္စာ ဉာဏ်ရင့်လာယင် ဒုက္ခသစ္စာထင်လာတာဘဲ.... (မှန်ပါ!) ပဌမတော့ဖြင့် ဖြစ်ပျက် အနိစ္စဘဲ မြင်မှာဘဲ.... (မှန်ပါ!) နောက် ဉာဏ်က ကြီးကြီးလာတဲ့ အခါကျတော့ ဒီဖြစ်ပျက်ဟာ တခြားလူ အောက်မေ့နေတယ်၊ ဒုက္ခဆောက်နေတာကိုး....(မှန်လှပါ)။

ဒုက္ခဆောက်တယ်ဆိုတော့ ဉာဏ်ကလေး ပြောင်းကြည့်လိုက်တာပေါ့.... (မှန်ပါ!) ဖြစ်တာသည် ပျက်စီးမလို့ ဖြစ်တာ.... (မှန်ပါ!) ပျက်တာသည် ပျက်စီးသွားတာ....(မှန်ပါ!)။

ဒါဖြင့် ပျက်စီးမလို့ဖြစ်တာနဲ့ ပျက်စီးသွားတာဘဲ ပေါ်လာတယ်....(မှန်ပါ!) အဲဒါ သူ့ကို ဘာသစ္စာဆိုကြမလဲ....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါကြောင့် သံယုတ်ပါဠိတော်ကြီးများက၊ " ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ " ဆိုပြီး သဂါထာဝဂ္ဂသံယုတ် ပါဠိတော်မှာ ဇောတ်တယ်....၊ ဒုက္ခမေဝ— ဒုက္ခသည်သာလျှင်၊ ဥပ္ပဇ္ဇမာနံ—ဖြစ်သည်ဖြစ်၍၊ ဥပ္ပဇ္ဇတိ=ဖြစ်၏။ မင်းတို့သန္တာန်မှာ....(မှန်ပါ!)။ ဒုက္ခမေဝ= ဒုက္ခတရားသည် သာလျှင်၊ နိရုဇ္ဈမာနံ=ချုပ်သည်ဖြစ်၍၊ နိရုဇ္ဈတိ=ချုပ်၏....(မှန်ပါ!)။

မင်းတို့သန္တာန် ပေါ်တဲ့တရားဟာ ဒုက္ခဖြစ်ပြီး ဒုက္ခချုပ်တာဘဲ ရှိတယ်.... (မှန်ပါ!) သဘောပါကြလား.... (ပါ-ပါတယ်) တကာ တကာများတွေ့ သန္တာန် ၂-နှံပါတ် အကွက်ထဲ နေကြသေးတာကိုး.... (မှန်ပါ!) ဒုက္ခသစ္စာ အကွက်ထဲကကို မရှေ့နိုင်သေးဘူး.... (မရှေ့နိုင်သေးပါ) မရှေ့နိုင်တော့ ဒီအထဲ ပေါ်လာ

တာသည် ဖြစ်တာလဲ ဒုက္ခသစ္စာ၊ ပျက်တာလဲ.... (ဒုက္ခသစ္စာပါဘုရား) ဒီ အကွက်ထဲ ပေါ်လာတာဟူသ၍ ဒါဘဲ ရှိတယ်.... (မှန်ပါ့) ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)။

ဒါ့ကြောင့် စိတ်တလုံးဖာသည်း ၈ ရှု... (မှန်ပါ့) ဝေဒနာ ကိုက်တဲ့သူက ဝေဒနာသာလုံးတည်း ပေရှု... (မှန်ပါ့) ရှုလိုက်ပြီ ဆိုမှဖြင့် နောက်ဆော့ စိတ်ရှုဘဲ့ပုဂ္ဂိုလ်ဟာလဲ စိတ်မတွေ့ဘူး....၊ ဖြစ်ပျက် ဒုက္ခသစ္စာတွေ့တယ်....(မှန်လှပါ) ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ကလဲ ဝေဒနာမတွေ့ပါဘူး၊ ဘာတွေ့သတုံး.... (ဖြစ်ပျက် ဒုက္ခသစ္စာဘဲ တွေ့ပါတယ်ဘုရား) ဖြစ်ပျက် ဒုက္ခသစ္စာဘဲ ရှိဘာကိုး- (မှန်ပါ့) ဝေဒနာဆိုတာ နာမ်ဘဲ.... (မှန်ပါ့) တကယ် ဉာဏ်နဲ့ ကြည့်လိုက်တော့ ဝေဒနာမဟုတ်ဘဲနဲ့ ဖြစ်ဒုက္ခ၊ပျက်ဒုက္ခဘဲ သွားတွေ့တယ်.... (မှန်ပါ့)ဘာသွားတွေ့သလဲ....(ဖြစ်ဒုက္ခ· ပျက်ဒုက္ခဘဲ တွေ့ပါတယ်ဘုရား) ဖြစ်ဒုက္ခ· ပျက်ဒုက္ခ သွားတွေ့တယ်ဆိုတော့ ဘုန်းကြီးက ဟောနေတာ မဟုတ်ဘူး....၊ ဒီမှာ သွားတွေ့တယ်၊ ဒီအထဲပေါ်သ၍ ဒုက္ခချည်းဘဲ.. (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ) ၂·ထဲမှာ ရှိတဲ့တရားဟူသ၍ ဘာတဲ့တုံး.... (ဒုက္ခသစ္စာချည်းပါဘုရား)။

ဒါဖြင့် ဖြစ်တာလဲ ဘာဆိုကြမယ်.... (ဒုက္ခသစ္စာပါဘုရား) ပျက်တာလဲ.... (ဒုက္ခသစ္စာပါဘဲ) အဲဒီတော့ ခင်ဗျားတို့သန္တာန် စိတ်ကလေးတခု ပေါ်လာလဲ ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား) စိတ်ကလေးတခုပျက်သွားယင်.... (ဒုက္ခသစ္စာပါဘုရား)။

အဲဒါတွေ ကြည့်နေရမယ်၊ ကြည့်နေပြီဆိုမှဖြင့်... တကာ တကာမတို့ ဖြစ်ပျက်က ဒုက္ခသစ္စာ....၊ကြည့်တာ ကလေးတ မဂ္ဂ

သစ္စာ-(မှန်ပါ့) ဖြစ်ပျက်က်ား....(ဒုက္ခသစ္စာပါဘုရား) ကြည့်တာ-ကလေးက....(မဂ္ဂသစ္စာပါဘုရား)။

ဩော်... ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ခဲ့ မဂ္ဂသစ္စာပေါ်ဘို့ အရေးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် တခြားအရေးမှ မဟုတ်ပါကလား... (မှန်ပါ့) ဖြစ်ပျက် ဒုက္ခသစ္စာမြင်မှ ပေါ်တာပါကလား....(မှန်ပါဘုရား)။

ဒါ့ကြောင့် မင်ဉာဏ်-ဗိုလ်ဉာဏ် ရ,ရုပါလို့၏လို့ ဆုတောင်းရုံနဲ့ မရဘူးပြောတာ- (မရုပါဘုရား) ဖြစ်ပျက် ကြည့်လိုက်ပြန်တော့.... (ဒုက္ခသစ္စာပါဘုရား) ဖြစ်ပျက် ကြည့်လိုက်ပြန်တော့.... (ဒုက္ခသစ္စာပါဘုရား) မင်ရတယ်- မင်ရတယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) မင်ဉာဏ်, ဗိုလ်ဉာဏ် ရ,ရုပါလို့၏လို့ ဘုရားရှေ့ သွားတောင်းလို့ ဘုရားက ရော့... အင့်လို့ မပေးနိုင်ဘူး.... (မှန်လှပါ) ကိုယ် စိတ်ကလေးကိုယ် ဖြစ်ပျက် ရှုလိုက်တော့ ဘာရသလဲ.... (မင်ဉာဏ်ရုပါတယ်ဘုရား)။

ဩော်.... ဒါဖြင့် မင်ဉာဏ်ဆိုတာသည် တကာတကာမတို့ ဘုရားပေးလို့ ရတဲ့ တရားမျိုးမဟုတ်ဘူး.... (မဟုတ်ပါဘုရား) တရားပေးမှ ရတာ....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဘုရားပေးလို့....(မရုပါဘုရား)ဘယ်သူပေးမှ ရသတုံး...(တရားပေးမှ ရုပါတယ်ဘုရား)။

ဒီအထဲရှိတာတွေက ဘုရားတဆူမှမပါဘူး၊ တရားချည်းဘဲ-(မှန်ပါ့ဘုရား) ဝိညာဏ်ဆိုယင် ဝိညာဏခမှ,နာမ်ရုပ်ခမှ, ဟောခမှချည်း ပါနေတယ်....(မှန်ပါ့)သင်္ခဉာယတနခမှ,တရားချည်းဘဲ (မှန်ပါ့) ဖဿခမှ.... (တရားချည်းပါဘုရား) ဝေဒနာခမှ...

(တရားချည်းပါဘုရား) အဲဒီ ဓမ္မရော ပေးမှ မဂ်ဉာဏ်ရတယ်.... (မှန်ပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ မဂ်ဉာဏ်ကို ဘယ်သူပေးမှ ရသတုံး- (တရားပေးမှ ရပါတယ်ဘုရား) ဘုရားပေးလို့.... (မရပါဘုရား) မရဘူး....၊ အရှင်ဘုရား ပေးသနားတော်မူပါဆိုလို့ တကာကြွယ် မရဘူး... (မရပါဘုရား)။

ခင်ဗျားတို့ သန္ဓာန်ရှိတဲ့ကရားကို အမြင်မှန်နဲ့ ကြည့်လိုက်လို့ ရှိယင် တရားကပေးပါတယ်.... (မှန်ပါဘုရား) ဒါဖြင့် မဂ်သည် တရားပေးလို့ ရတယ်- (မှန်ပါ) မဂ်သည်.... (တရားပေးလို့ ရပါတယ်ဘုရား) ဘုရားပေးလို့.....(မရပါဘုရား) ရှင်းကြပလား—(ရှင်းပါပြီ) မဂ် ဘယ်သူပေးမှ ရသတုံး.... (တရားပေးမှ ရပါတယ်) တကာကြွယ်တို့ အခု ဥပမာမှာ ဖြစ်ပျက်ကလေးမြင်လို့ ဖြစ်ပျက်ကလေး ဆုံးတယ်ဆိုတော့ ဘုရားက ပေးတာလား....တရားက ပေးတာလား.... (တရားက ပေးတာပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘုရားက ပေါ်ပေါက်ရတယ်-(မှန်ပါ)ဘုန်းကြီးကလဲ ဘုရားဘပည့်သားဖြစ်တဲ့အတိုင်း ပေါ်ပေါက်ရတာဘဲ....(မှန်ပါ)စင်စစ်တကယ် မဂ်ဉာဏ်ပေးတာကတော့ ၂-နံပါတ် အကွက်က တရားတွေက ခင်ဗျားတို့ကို မဂ်ဉာဏ်ပေးတယ်.... (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်သည် ဘုရားဆီ သွားတောင်းလို့ ရ-မရ....(မရပါဘုရား)တရေားကို အမြင်မှန်နဲ့ ကြည့်ယင်.... (ရပါတယ်ဘုရား) တကာကြွယ် က....အာဘိုးတန်ပလား.... (အာဘိုးတန်ပါတယ်ဘုရား) ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မင်္ဂလာဏ်,ဖိုလ်ညာဏ်လိုချင်လို့ ရှိယင် တရားကြည့်ပေး (မှန်လှုပါ)မင်္ဂလာဏ်,ဖိုလ်ညာဏ်လိုချင်လို့ ရှိယင်.... (တရားကြည့်ပေးရပါမယ်) တရားကြည့်ပေးတော့ ၂-နံပါတ် အကွက်က တရားကို ကြည့်ရမယ်၊ ဒီ့ပြင်တရား မကြည့်ရဘူး.... (မှန်လှုပါ) ဘယ်တရားကြည့်ရမယ်....(၂-နံပါတ်အကွက်က တရားကို ကြည့်ရပါမယ်) ၂-နံပါတ်ထဲမှာလဲ.... သတိပဋ္ဌာန် လေးပါးထဲက တပါးပါးကိုကြည့်.... (မှန်လှုပါ) ကာယာနုပဿနာဖြင့် ရုပ်ကြည့်....(မှန်ပါ့) ဝေဒနာနုပဿနာဖြင့်.... (ဝေဒနာကြည့်ရပါမယ်) စိတ္တာနုပဿနာဖြင့်....(စိတ်ကြည့်ရပါမယ်)။

အဲဒါတွေ့ တရားတွေမဟုတ်လား.... (မှန်ပါ့) အဲဒီ တရားတွေကို ခင်ဗျားတို့က ပေါ်တိုင်း-ပေါ်တိုင်း ကြည့်တော့ သူတို့က ကျုပ်တို့ဟာ ဖြစ်ပျက်ပါဘဲ၊ သူတို့က ပြောတယ်.... (မှန်ပါ့ဘုရား) သူတို့ကပြောတဲ့အခါကျတော့ ခင်ဗျားတို့က သြော် ဒါတွေဟာ ဖြစ်ပျက်တွေဘဲ၊ အနိစ္စတွေဘဲလို့ မသိဘူးလား.... (သိပါတယ်ဘုရား)။

အဲ... သိတာက သမ္မာဒိဋ္ဌိ....(မှန်ပါ့) သမ္မာဒိဋ္ဌိဆိုတာ မဂ္ဂင်ဘဲ....(မှန်ပါ့) သမ္မာဒိဋ္ဌိဆိုတာ....(မင်္ဂပါဘုရား) မဂ္ဂင်-မဂ္ဂင်.... (မှန်ပါ့) မင်္ဂဉာဏ်လဲ ဆိုနိုင်တယ်၊ မဂ္ဂင်လဲ ဆိုနိုင်တယ်.... (မှန်ပါ့ဘုရား) အတူတူဘဲ....။

ဒါဖြင့် ဒီသမ္မာဒိဋ္ဌိမဂ္ဂင်ကို မောင်ဘသော် ဘယ်သူပေးလို့ ရပါလိမ့်....(တရားပေးလို့ ရပါတယ်ဘုရား) တကာကြွယ် ရှင်းပလား....(ရှင်းပါပြီဘုရား) သဘောပါလား.... (ပါ-ပါပြီ)။

ကောင်းပြီ.... ဒါကို တရားပေးလို့ ရတယ်ဆိုတာတော့ ရှင်းပါပြီနော်....(မှန်ပါ့) ဒါဖြင့် မင်္ဂဉာဏ်လိုချင် တရားအားထုတ်

(မှန်ပါဘုရား) သဘောကျပလား... (ကျေပါပြီ) မင်္ဂလာဏ် ရှ ချင် လိုချင်ယင်.... (တရား အားထုတ်ရပါမယ်) နို့ ဘုရားရှေ့ တပည့်တော်တို့ သွားတယ်၊ အဲဒါက သူ့ရှေ့ သွား အားထုတ်တာ၊ ပေးတာတော့ တရားကပေးတယ်—(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) ပေးတာကတော့.... (တရားက ပေးတာပါဘုရား) တရားကသာ ဖြစ်ပြီးပျက်တာတွေ့ ပြတော့မှ ခင်ဗျားတို့က ဖြစ်ပျက်တွေ့ မမြင်ပေဘူးလား.... (မြင်ပါတယ်ဘုရား) ဉာဏ်မြင်ပေါ့ဗျာ....(မှန်ပါ)။

အဲဒီတော့ သမ္မာဒိဋ္ဌိမဂ်င်ရတယ်.... (မှန်ပါ့) ဟ.... ဒီ မဂ်င် ဘယ်သူပေးသတုံးလို့ မေးယင် (တရားကပေးပါတယ်ဘုရား) တရားမှာလဲ ၁-ကွက်မှာရှိတဲ့တရား....၊ ၂-ကွက်မှာ ရှိတဲ့ တရား ရှိတယ်....၊ ဘယ်တရားက ပေးပါလို့.... (၂-ကွက်ထဲမှာ ရှိဘဲ့ တရားက ပေးပါတယ်ဘုရား)။

ခင်ဗျားတို့နေတာက ၂-ကွင်းထဲ နေတော့ကို ၂-ကွက်ထဲမှာ ဘဲ့ တရားရှိတယ်.... (မှန်ပါ့) ၁-ကွက်က် လွှန်ပြီးသားဖြစ်နေတယ်....၊ အဝိဇ္ဇာ သင်္ခါရာ ဆိုတဲ့ ၁-အကွက်က အတိတ်ဘဝကဟာ ပြီးခဲ့ပြီ... (မှန်ပါ့)။

ယခု ပစ္စုပ္ပန်ဘဝ ခင်ဗျားတို့ သန္တာန်ပေါ်တဲ့ တရားက ခင်ဗျားတို့ ဆရာဘုန်းကြီးက ပေးတဲ့နည်းနှင့် ကြည့်လိုက်ပြီ ဆိုမှ ဖြင့် ခင်ဗျားတို့မှာ မင်္ဂလာဏ်ရတယ်.... (မှန်ပါ့) သဘောကျပလား....(ကျေပါပြီ)။

ဒါဖြင့် တကာတကာမတို့ တရားကပေးမှ မင်္ဂလာဏ်ရတယ်—(မှန်ပါ့) ဘုရားကပေးလို့.... (မရ၊ပါဘူးရှင်) မင်္ဂလာဏ် မရှိနိုင်ဘူးတဲ့....(မှန်ပါ့)။

ဒါ့ကြောင့် ဘုရားဆိုသူးလို့ ရှိယင် ဘုရားက ဘယ်တရား ဘယ်တရား အားထုတ်ကြဟော့.... (မူရင်းလှပါဘုရား) ဘုရားဟာ အားထုတဲ့စဉ်တရား ပေးလိုက်တယ်ဆိုတာ သဘောကျပလား..., (ကျပါတယ်ဘုရား)။

အဲဒီ့ ပေးတဲ့တရား ဘာလုပ်ရမလဲ.... (အားထုတ်ရမယ်) နောက်ဆုံးပိတ် မဂ်ဉာဏ်ဖိုလ်ဉာဏ် ဒီ ရဟန်း ရသွားတဲ့ အခါ ကျတော့ တရားကပေးလို့ ရတာ.... (မူရင်းပါဘုရား) ဘုရားက ဘယ်တရား, ဘယ်တရား အားထုတ်လို့ အားထုတ်စဉ် ပြောလိုက်တယ်.... (မူရင်းပါဘုရား) ဟို–ပုဂ္ဂိုလ်တွေ့ မဂ်ဉာဏ်- ဖိုလ်ဉာဏ် ရတာကတော့ ဘယ်သူက ပေးတာတုံး.... (တရားက ပေးတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ခန္ဓာကိုယ်ကြီးဟာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) အဲဒီ့ ဒုက္ခသစ္စာကြီးကို ဖြိုင်ဖြိုင်သာ ကြည့်ပေးသူက မဂ်ဉာဏ် ဖိုလ်ဉာဏ် ခင်ဗျားတို့ကို ပေးပါလိမ့်မယ်.... (မူရင်းလှပါဘုရား)သဘောကျပလား.... (ကျပါတယ်)ခင်ဗျားတို့ဟာ ဖြစ်ပျက်သာ ကြပ်ကြပ် ကြည့်ပေး.... (မူရင်းပါဘုရား) အနိစ္စ ဖြစ်ပျက်သာ ကြပ်ကြပ် ကြည့်ပေးလို့ ရှိယင်.... အဲဒီ့ ဖြစ်ပျက်ကြောင့် မဂ်ဉာဏ် ဖြစ်ရမယ်.... (မူရင်းပါဘုရား) သဘောကျပလား....(ကျပါပြီ)။

အဲဒါကြောင့် ပဋ္ဌာန်း ပါဠိတော်ကြီးကျတော့ "သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ"တဲ့- (မူရင်းလှပါ) သင်္ခါရေ=သင်္ခါရတရားတွေကို၊ ဒါ တရားတွေပေါ့ဗျာ.... (မူရင်းလှပါ) အနိစ္စတော=အနိစ္စအားဖြင့်ဂင်း၊ ဒုက္ခတော= ဒုက္ခအား

ဖြင့်ဝင်း၊ အနတ္တတော= အနတ္တအား ဖြင့်ဝင်း၊ ဝိပဿတိ=မြင်၏ ဆိုတော့ မြင်တဲ့စိတ်က မဂ္ဂင်...(မှန်လှပါဘုရား)။

ဒါက သခ်ါရတရား၊ သခ်ါရတရားကို ခင်ဗျားတို့က ရှုလိုက်တဲ့ အခါကျတော့ မဂ်ဉာဏ် ပေါ်တယ်.... (မှန်လှပါ ဘုရား) သဘောကျပလား.... (ကျပါပြီ) သခ်ါရတရားဆိုတာလဲ နားမယောင်ပါနဲ့....၊ အဝိဇ္ဇာသခ်ါရက ပြုပြင်လို့ ပေါ်လာတဲ့ တရား ဖြစ်သောကြောင့် သူ့ကို သခ်ါရတရားခေါ်ပါတယ်....(မှန်ပါ့ ဘုရား) ၂-ကွက်ထဲ ပါတဲ့တရား ဘာတရားတုံး....(သခ်ါရတရား ပါဘုရား)သခ်ါရတရားဆိုတာ ဖြစ်မှု ပျက်မှုရှိတာ သခ်ါရတရား လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား) သူများပြုလို့ ပေါ်လာတဲ့ တရားကော....(သခ်ါရတရားပါဘုရား)။

သခ်ါရတရားဆိုတာ ရှင်းသွားပြီ.... (ရှင်းသွားပါပြီဘုရား) ဘကဲ့ကြွယ်.... နေ့ရောကျပလား.... (ကျပါပြီဘုရား) ဒါဖြင့် ဝိပဿနာရှုယင် ပဋိစ္စသမုပ္ပါဒ်ကြီးမှာ အခု လေးမျိုးပြတယ်.... (မှန်ပါ့) ဘယ်ထဲကဟာ ရှုရမှာကုံး....(၂-ထဲကဟာ ရှုရမှာပါဘုရား) ၁-လဲ သွားမရှုနဲ့၊ ၃-တွေလဲ သွားရှုစရာမဟုတ်ပါဘူး.... (မဟုတ်ပါဘုရား)သဘောကျပလား(ကျပါပြီ)၄-လဲ အနာဂတ်ဆိုတာ မရောက်သေးလို့ ရှုစရာ မရှိပါဘူး.... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတက်ာမတို့ ဘယ်ဟာ ရှုကြမယ်.... (၂-ထဲကဟာ ရှုရမှာပါဘုရား) အဲ....၂-ကွက်ထဲမှာ ရှိတဲ့ဟာ သတိပဋ္ဌာန် လေးပါး ပါ-ပါတယ်....(ပါ-ပါတယ်ဘုရား) ကာယာနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာ-နော် (မှန်ပါ့ ဘုရား)အဲဒါတွေ ကြည့်လိုက်တဲ့ အခါကျလို့ ရှိယင် တခုခု ဖိပြီး

ရှုပါ....(မှန်ပါ့) စိတ်ကြိုက်တဲ့ ပုဂ္ဂိုလ်ထာ.... (စိတ် ရှုရပါမယ်) သဘောကျပလား.... (ကျပါပြီ) ဒေဝနာကြိုက်တဲ့ ပုဂ္ဂိုလ်က.... (ဝေဒနာ ရှုရပါမယ်ဘုရား) သဘောပါသွားပလား.... (ပါပါပြီဘုရား)။

အဲဒီဘော့ ဒါတွေကို ခင်ဗျားတို့က ရှုလိုတ်တော့ ၂-နံပါတ်ထဲက နေပြီးသကာလတဲ့- ၂-နံပါတ်က သမ္မာဒိဋ္ဌိပေးတယ်.... (မှန်ပါ့ဘုရား) ဆရာကောင်း သမားကောင်းတည်း ဟူသာနည်းနာနိဿယကောင်း ရပြီဆိုယင် ၂-နံပါတ်ထဲမှာ ရှိနေတဲ့ တရားတွေက ခင်ဗျားတို့ကို သမ္မာဒိဋ္ဌိပေးတယ်.... (မှန်ပါ့)။

ကဲ.... ဒါဖြင့် သံယုတ်၂ ဦးကော်နဲ့ ပြောကြစို့.... (မှန်ပါ့) သူက ပေးတယ်,မပေးတယ် သိရအောင်....(မှန်ပါ့ဘုရား)

"ဘိက္ခဝေ ဝေ• ဝိညာဏ• အနိစ္စတော ပဿတိ"

ဘိက္ခဝေ=ရဟန်းတို့၊ ဝေ•=ကျိသို့၊ ဝိညာဏ•= မင်းတို့ သန္ဓာန်၌၊ ၂-ကွက်ထဲပါတဲ့စိတ်ကို၊ အနိစ္စတော=အနိစ္စအားဖြင့်၊ ပဿတိ=ရှုခမ်းပါ ပေါ့....(မှန်ပါ့)

၂-ကွက်ထဲပါတဲ့စိတ်ကလေးတလုံးကိုပေါ့လေ... (မှန်ပါ့)ဖြစ်ပြီး ပျက်တယ်လို့ ရှုစမ်းပါတဲ့.... (မှန်လှပါဘုရား) တကာတကာမတွေ့ စိတ်ကလေးတလုံး ဘာလုပ်ရမလဲ.... (ဖြစ်ပျက် ရှုရပါမယ်ဘုရား) ဖြစ်ပျက်လို့ ရှုစမ်းပါတဲ့....(မှန်ပါ့)။

ကောင်းပြီ.... တပည့်တော်တို့ ရှုပါပြီဘုရားလို့ တကာကြွယ်ကဘဲ လျှောက်ပါတော့ နော်.... (မှန်ပါ့) မောင်ဘခသင်းက လျှောက်လျှောက်....၊ ဦးလှဘူးက လျှောက်လျှောက်ပေါ့ဗျာ.... (မှန်လှပါ)။

"သာအယံ ဟောတိ သမ္မာဒိဋ္ဌိ"
အယံ=ဤဖြစ်ပျက်ကို ရှုခြင်းသည်၊ ဖြစ်ပျက်ကိုရှုသော၊
သာ=ထိုပညာသည်၊ သမ္မာဒိဋ္ဌိ–သမ္မာဒိဋ္ဌိမည်၏။

အင်း.... တကာတကာမတို့ ဖြစ်ပျက်ရှုတာ ဘာဒိဋ္ဌိ....တဲ့.... (သမ္မာဒိဋ္ဌိပါဘုရား) ဟော-သမ္မာဒိဋ္ဌိမဂ်င် ပေါ်ပြီ.... (မှန်ပါ့) ရှုလိုက်တော့ ဘာဖြစ်လာသလဲ-(သမ္မာဒိဋ္ဌိမဂ်င်ဖြစ်လာပါတယ်)

ဩော်... ဒါဖြင့် တကာတကာမတို့ သမ္မာဒဋ္ဌိမဂ်င် ပေါ်လာတယ်ဆိုတာ ဖေသချပလား.... (ဖေသချပါတယ် ဘုရား) ဩော်....ဒါဟာ မဂ် ရချင်လို့ ဆုဒတောင်းလို့ ရတာလားတဲ့.... ရှုလို့ ရကာလား....(ရှုလို့ရတာပါဘုရား) ဘယ်သူ့ကို ရှုလိုက်ပါလိမ့်.... (ဖြစ်ပျက် ရှုလိုက်ပါတယ်) ဖြစ်ပျက် ရှုလိုက်ပါတယ်....(မှန်ပါ့) ဖြစ်ပျက်ကို ရှုလိုက်ပါတယ်၊ ဖြစ်ပျက် ရှုလိုက်တော့ ခင်ဗျားဘို့ ဘာရသတုံး.... (သမ္မာဒိဋ္ဌိမဂ်င် ရပါတယ် ဘုရား)။

ဩော်....သမ္မာဒိဋ္ဌိမဂ်င် ရတယ်....(မှန်ပါ့)သဘောကျပလား (ကျပါပြီ) အင်း.... ဒါဖြင့် ဒီဖြစ်ပျက် ရှုလိုက်တော့ ဝမ်းထဲ သမ္မာဒိဋ္ဌိမဂ်င်ရဘယ်.... (ရပါတယ်ဘုရား) ဥပမာ မြက်လုံးစိတ် ကလေး ဖြစ်ပျက် ရှုလိုက်တော့ ဝမ်းထဲ ဘာရသလဲ....(သမ္မာဒိဋ္ဌိမဂ်င် ရပါတယ်ဘုရား) နားထဲ ကြားစိတ်ကလေး ရှုလိုက်တော့ (သမ္မာဒိဋ္ဌိမဂ်င် ရပါတယ်ဘုရား) ဝမ်းထဲမှာဘဲ တခါလောဘ စိတ်ကလေး ပေါ်လာတာ ရှုလိုက်ပြန်တော့.... (သမ္မာဒိဋ္ဌိမဂ်င် ရပါတယ်ဘုရား)။

အင်း....ဟင်.... ဝမ်းထဲ ပေါ်လာတဲ့ ဒေါသ ရှုလဲ သမ္မာဒိဋ္ဌိ၊ မောဟရှုလဲ (သမ္မာဒိဋ္ဌိမဂ်င်ပါဘုရား)ကုသိုလ်စိတ်ကလေးရှုလိုက်

ပြန်တော့ .... (သမ္မာဒိဋ္ဌိမဂ္ဂင်ပါဘုရား) အဒေါသဆိုတဲ့ မေတ္တာ စိတ်ကလေး ရှုလိုက်ပြန်တော့....(သမ္မာဒိဋ္ဌိမဂ္ဂင်ပါဘုရား) သမ္မာဒိဋ္ဌိမဂ္ဂင်ကလဲ တကာတကာမတို့ ဓမ္မက ပေးတာ ပါလား.... (မှန်ပါဘုရား) ဖြစ်ပျက်ဓမ္မက ဖေးတယ်.....(မှန်ပါ) သမ္မာဒိဋ္ဌိမဂ္ဂင် ဘယ်သူက ပေးပါလိမ့်....(ဖြစ်ပျက် ဓမ္မက ပေး ပါတယ်ဘုရား) ဖြစ်ပျက် ဓမ္မက ဖေးတယ်ဆိုတာ သာဓောကျပလား... (ကျပါပြီ)၊

ဘိက္ခဝေ = ရဟန်းတို့၊ ဝိညာဏံ = စိတ်ကုလေးတခုကို

အနိစ္စန္တိ = အနိစ္စဟူ၍၊ ပဿတိ-ရှု၏....(မှန်ပါ)။

စိတ်ကလေးတခုကို ခင်ဗျားတို့က ရှုတယ်-တဲ့၊ ဖြစ်ပျက်ကို ရှုလိုက်တယ်....(မှန်လှပါ) အဲဒီလို ရှုတာကလေးကောတုံး.... အယံ=ဤသို့ရှုသော၊ သာ= ထိုပညာသည်၊ သမ္မာဒိဋ္ဌိ= သမ္မာ ဒိဋ္ဌိမည်၏ .... (မှန်လှပါ) သဘောကျပလား....(ကျပါပြီ)

အဲဒါ သမ္မာဒိဋ္ဌိ ပါလာတယ်ဆိုတော့ တကာကြွယ်တို့ သင်ထားတာက သမ္မာဒိဋ္ဌိ ပါယင် သမ္မာသက်ပဲ ပါပြီ..... (မှန်ပါ) သမ္မာဝါယာမ သမ္မာသတိ၊သမ္မာသမာဓိဆိုတဲ့ လေးကိ မဂ္ဂင်ငါးပါး မပါသေးဘူးလား....(ပါ-ပါတယ်ဘုရား)ငါးပါး ဟာ တပြိုင်နက်ဖြစ်တယ်....(မှန်ပါ) ဒါဖြင့် အနိစ္စ တချက်မြင်ယင် မဂ္ဂင်ဘယ်နှစ်ပါးဖြစ်သလဲ.... (ငါးပါး ဖြစ်ပါတယ်ဘုရား) အနိစ္စတချက်မြင်ယင်....(မဂ္ဂင်ငါးပါးဖြစ်ပါတယ်ဘုရား) မဂ္ဂင် ငါးပါးတခါတည်းရတယ်....(မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီ) အနိစ္စတချက်မြင်ယင်....(မဂ္ဂင်ငါးပါးဖြစ်ပါတယ်ဘုရား)။

ဩော်... မဂ္ဂင်ကလဲ ဘယ်နေရာများ ပေါ်ပါလိမ့်မတုံးလို့ မေးဘို့မလိုဘူးလား.... (လိုပါတယ်ဘုရား) မဂ္ဂင်က ဘယ်နေရာ

ပေါ်ရမတုံး တကာတကာမတို့၊ မဂ္ဂင်ဆိုတာသည် ဒုတိယအကွက်ထဲ ရှုတော့ကို ဒုတိယအကွက်ထဲက ပေါ်ရတယ်.... (မှန်လှုပါ) ဒုတိယ အကွက်ထဲမှာရှိတဲ့ စိတ်ကို တကာတကာမတွေက ဒုတိယအကွက်ထဲမှာနေတာကို-....(မှန်လှုပါ) ၂-နံပါတ် အကွက်ထဲနေတယ်....(မှန်ပါ့) နောက်ပြီးတော့ ဒီအထဲက တရားကို ရှုတော့ ဒီအထဲမှာဘဲ မဂ္ဂင်ပေါ်တယ်.... (မှန်လှုပါ)။

ဒါ့ကြောင့် မဂ္ဂင်သည် ဒီဘဝပေါ်တာလား၊ နောက်ဘဝမှ ပေါ်မှာလား .... (ဒီဘဝ ပေါ်တာပါဘုရား) ဒီ ဘဝမှာ အခု ပြောတဲ့စိတ်တွေ အခုရှုတာကိုးဗျ.... (မှန်လှုပါ) ဒါဖြင့်မင်္ဂသည် တကာတကာမတို့ ဖြေးဖြေးမှ ရမှာလား၊လက်ငင်းရုတာလား.... (လက်ငင်းရတာပါဘုရား)။

သြော်....တကာတကာမတွေကလဲ လျှောရှည်လိုက်တဲ့ဖြစ်ခြင်း လက်ငင်းရတာ အကြွေးတောင်းနေတော့ အတော် ခက်တယ်.... (မှန်ပါ)ဝဋ်ဘဝ တိုတိုနဲ့ မင်္ဂ-ဖိုလ်ရ,ရပါလို့ဆိုတော့ တကာကြွယ်-အကြွေးတောင်းနေတယ်.... (တောင်းနေပါတယ်ဘုရား) ရတာက....(လက်ငင်းရတာပါဘုရား) လက်ငင်းရတာလဲ မသိဘူး၊ အကြွေးသာ နင်းကန်တောင်းနေတာဘဲ .. (မှန်လှုပါ) ဒီလို ဆိုတော့ တကာကြွယ် - ဒါ ရှုးချက်သန်တာ....(မှန်ပါ့) မသန်ဘူးလား.... (သန်ပါတယ်ဘုရား) ရတာက ... (လက်ငင်းပါဘုရား)။

ဒါဖြင့် အခုရတာ မလိုချင်သေးဘူး၊ နောက်မှ ပေးပါလို့ဆိုတဲ့ အဓိပ္ပါယ်မျိုးကော မရောက်ဘူးလား.... (ရောက်ပါတယ် ဘုရား)။

ဒါဖြင့် အခုအာယတနသွားပါရစေဦးပေါ့ဗျာ.... (မှန်ပါ့) နောက်တခေါက်ပြန်မှ ယူပါရစေ....(မှန်ပါ့) အတော်ဆိုးဘဲ့ စကားလဲ အဓိပ္ပါယ်ရပါတယ်....(ရပါတယ်ဘုရား)။

အဲဒါ ဘုန်းကြီးက ဘယ်နှယ်ဗကြောင့် ဒီလိုပြောရသတုံးဆိုတော့ ခင်ဗျားတို့ ယခု ၁-ကွက်ထဲမှာ ဖြစ်နသလား၊ ၂-ကွက်ထဲမှာ ဖြစ်နေသလား ... (၂-ကွက်ထဲမှာပါ ဘုရား) ၂-ကွက်ထဲမှာနော် ...(မှန်လှပါ) ၂-ကွက်ဆိုတော့ ယခုဘဝပါ.... (မှန်ပါ့) ဟုတ်တယ်-မဟုတ်တယ် ဒီကြည့်လိုက်၊ပစ္စုပ္ပန်လို့ မပါဘူးလား (ပါ-ပါတယ်ဘုရား)ဒီမှာလဲ ပစ္စုပ္ပန်အကျိုးလို့ မပါဘူးလား— (ပါ-ပါတယ်)။

ဒါဖြင့် ယခုရှိတာလား၊ မရှိဘူးလား....(ရှိပါတယ်ဘုရား) ယခုရှိနေတော့ ပစ္စုပ္ပန်ဘဝ....(မှန်ပါ့) အဲ-ပစ္စုပ္ပန် ဘဝမှာဘဲ ဆရာဘုန်းကြီးက တကာတကာမတို့ စိတ်ကလေးတလုံးကို ရှုလိုက်ပါလို့ ပြောတယ်၊ ခင်ဗျားတို့ကလဲ ဖြစ်ပြီး ပျက်တာ မြင်လိုက်ပြီဆိုပါတော့....(မှန်ပါ့) ဖြစ်ပျက်က အနိစ္စ....(မြင်တာက မဂ္ဂပါဘုရား)။

ကဲ....အကျိုးထဲမှာလား အကြောင်းထဲမှာလား .... (အကျိုးထဲမှာပါဘုရား) ဘယ်ထဲမှာ ရသတုံး .... (၂-ထဲမှာ ရပါတယ်ဘုရား) ၂-နံပါတ်အကွက်ထဲမှာ ရတယ် .... (မှန်ပါ့) တဏှာကြယ် မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား) ဆုတောင်းတဲ့ ပုဂ္ဂိုလ်က ၃-နံပါတ်အကွက်ကျမှ ယူပါရစေ....၊နောက်မှ ယူပါရစေ....(မှန်ပါ့ဘုရား) ဆုတောင်းတဲ့ ပုဂ္ဂိုလ်က ၄-နံပါတ်ကျမှ ယူပါရစေ....(မှန်ပါ့ဘုရား)ဘာဖြစ်လို့တုံး.... လို့ မေးတဲ့အခါကျတော့ တကာတကာမတို့ ရနေတာတောင်မှ ရမှန်းမသိဘူး-

(မှန်ပါ့ဘုရား) ရှင်းပကား.... (ရှင်းပါပြီဘုရား) ဘယ်.နှယ်ဆို ကြမယ်....(ရနေတာတောင်မှ ရမှန်းမသိပါဘုရား)။

အဲဒါ ခင်ဗျားတို့ ဘုရားရှေ့.သွားပြီးသကာလ တော်အောင် ရောဲအောင် လိမ်မနေကြနဲ့....(မှန်ပါဘုရား) တကာကြွယ်တို့ သူတို့ ဘုရားရှေ့.သွားပြီး ဤဆွမ်း ဤကွမ်း ဤဖယောင်းတိုင် ဤမီးအိုးကြောင့် ဟုတ်လား .... (မှန်ပါ့) ဝဋ်ဘဝတိုတိုနဲ့ မင်္ဂိုလ် ရ,ရပါလို့၏ဘုရားဆိုတော့ နောက်တော့မှ ရပါရစေ ဘုရား...(မှန်ပါ့) ဒီလိုဆိုတော့ လုပ်တာက အခု လုပ်နေတာ (မှန်ပါ့) ရတာက .... (နောက်မှပါဘုရား) မဟုတ်ဘူး ရတော့ကို....(အခုရတာပါဘုရား) အခုရှု-အခုရနေတာဗျ .... (မှန်ပါ့ ဘုရား) ခင်ဗျားတို့ ဆုတောင်းတာက နောက်မှ ရ-ရပါလို့၏ တဲ့....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ ဒီပုဂ္ဂိုလ်ဟာ တော်တော်ရှေးသေးတယ်လို့ ဆို.... (ဆိုရပါမယ်ဘုရား) မောင်ဘသော် ....ဘယ်.နှယ် ဆိုမယ်.... (တော်တော်ရှေးပါသေးတယ်ဘုရား) တော်တော် ရှေးတယ်လို့ ဆိုသာဆိုပါ.... (မှန်ပါ့) ဘာဖြစ်လို့တုံး ဆိုတော့ ဘုရားကလဲ သက်တော်ထင်ရှားကမရှိလို့....(မှန်ပါ့) ရှိလို့ရှိယင် နှင်လုပ်နေလို့ နှင်အခုရတာတော့ နှင်မကြိုက်ဘူးလား၊ နောက်မှရတာကို နောက်ရ- ရပါလို့၏....လို့ ငါ့ဆီ လာတောင်းတယ်၊ ငါလဲ မပေးနိုင်ဘူး၊ နောက်လဲ ရမှာမဟုတ်ဘူး၊အခုရအောင်လုပ်လို့ ပြောမှာဘဲ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) အဲဒီ ခင်ဗျားတို့က ဘုရားရှေ့.သွားပြီး တကာကြွယ်တို့က အရှေးထ တာက အတော်ဆိုးတယ်....(မှန်ပါ့ဘုရား)။

ဘုန်းကြီးတွေကြွလာလို့ ကန်တော့ကျိုးယူပြန်လို့ ရှိယင်လဲ စင်္ဘာဝတိုတိုနဲ့ မင်္ဂိုလ် ရ,ရပါလို့၏ဘုရား....(မှန်ပါ့ဘုရား)။

လုပ်ပြန်ပြီခင်ဗျားတို့....(မှန်ပါ့) ကိုယ်လုပ်နေတဲ့ အလုပ်က အခု ရနေတာ မဲ့သိလို့ ယူဘဲ့ သဘောကလေးနဲ့ပေါ့လ.... (မှန်ပါ့ဘုရား) ဒီ မသိတာကလဲ .... ဒီ ပဋိစ္စသမုပ္ပါဒ်ကြီးကို ကိုယ့် ခန္ဓာထဲမှာ အခုဖြစ်ပေါ်နေတာကို မသိဘူး.... (မှန်ပါ့ဘုရား)။

အခုဖြစ်ပျက်ရှိနေလို့ အခုသိတဲ့ မင်္ဂဇာဏ် ပေါ်နေတာကိုဘဲ မသိဘူးဆိုတော့ အင်း....ခေါင်းမှာလဲ အနာတွေက ပိုးကျနေပြီး၊ သူကဖြင့် ပြုံးတုန်းဘဲရှိသေးတယ် .... (မှန်လှပါဘုရား) သေတွင်းက နက်ဘယ်၊ ယနေ့ထက်ထိ အနာတွေလဲ ပိုးကျလို့ ပြုံးတုန်းဘဲဆိုတော့ ဒီပဋိလ်ဟာ စိတ်ကောင်း-မကောင်း.... (မကောင်းပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒမှာလဲ ထို့နည်းအတူဘာ တကာတကာမတူ ကိုယ်ရနေတော့ ရမှန်းမသိဘဲ နောက်မှ ဘုရားဆိုလဲ သွားတော်ငင်းတယ်၊ ဘုရားကလဲ မပေးနိုင်၊ နောက်မှလဲမရဘူး....၊ ရတာက အခု ရနေတာ အောက်တုန်း ဟစ်တုန်းဆိုလို့ ရှိယင်ဖြင့် ကိုယ့်အနာ ကိုယ်ပေါက်နေတာ မသိတဲ့လူပါဘဲ....(မှန်လှပါ) အတော်ရှုးတယ်....(ရှုးပါတယ်ဘုရား)။

တကာကြွယ် ဆိုထိုက်သလား.... (ဆိုထိုက်ပါတယ်ဘုရား) အင်မတန်စွမ်းတဲ့ တကာတကာမှတွေ .... ခင်ဗျားတို့ ရ,ထားတဲ့ ဆုတောင်းကို ဖျက်ပစ်ရမယ် .... (မှန်လှပါဘုရား) ဆုတောင်း ဖျက်ပစ်ရမယ်... တဲ့၊ ဘယ့်နှယ်ကြောင့် ဆုတောင်းဖျက်ပစ်ရမယ်လို့ ဆိုရသတုံးဆိုတော့ ခင်ဗျားတို့က အလုပ်သမားတွေကိုး....(မှန်လှပါ)။

အလုပ်သမားတွေဆိုတော့ အခု ရနေတာက မထင်ရှားဘူးလား....(ထင်ရှားပါဘယ်ဘုရား)ဒီရတာကြီး ဖြစ်ဘို့ဘဲ အရေးကြီးတော့တယ်....(မှန်ပါ့) ရတာကတော့ကေန်ဘဲ၊ မဂ္ဂင်ရှစ်ပါးရှိဘဲ့အနက်က ၎င်းပါးကိုရတာယ်....(ရပါတယ်ဘုရား)။

အဲဒီ ၎င်းပါးကိုရနေတဲ့ဥစ္စာ နောက်မှ ရ-ရပါလို့၏ ဆိုတော့ တကာကြွယ် သူ့ဟာက အတော်ရှုးတယ်....(ရှုးပါတယ်ဘုရား) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)

အဲဒီတော့ ခင်ဗျားတို့ အခု ဆရာကောင်းတပည့်တွေလဲ ဖြစ်တော့ တော်တော်ကြာကျော့ သိ-ကြားလိမ္မာတဲ့ ဆရာတွေနဲ့တွေ့ဘဲ့အခါ မင်းတို့ဟာ ဝိပဿနာအလုပ်–လုပ်နေတယ်ဆိုတယ် ဝဋ်ဘဝ တိုတိုနဲ့ မဂ် ဖိုလ် ရ,ရပါလို့၏တဲ့၊ ဝဋ်တိုတိုဆိုတာ နောက် အများကြီး ကျန်သေးတယ်နော်၊ တိုတယ်ဆိုတာလဲ နှည်းတာမဟုတ်ဘူး....(မှန်ပါ့ဘုရား)။

တိုတယ်ဆိုပေမဲ့လဲ အရှည်ကြီး....(မှန်ပါ့ဘုရား)မင်းလုပ်နေတာ အခုရနေတယ်၊မင်းကလဲတိုဘို့ ရ,ရပါလို့၏ဆိုတော့ နောက်မှ ရ,ရပါလို့၏ဆိုတဲ့ အဓိပ္ပါယ်ရောက်ဘယ်....(မှန်ပါ့) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲ ဒီတော့ ဆရာကောင်း သမားကောင်းနဲ့ တွေ့ယင်ချော်....အလုပ်တခြား ဆုတောင်းတခြား ဖြစ်နေတယ်.... (မှန်ပါဘုရား)ဘယ် နှယ်ဆိုကြမယ်.... (အလုပ်အခြား ဆုတောင်းတခြားဖြစ်နေပါကယ်ဘုရား)။

အဲဒါတွေ့ ခင်ဗျားတို့ ဘုရားရှေ့ မသိအောင်လဲ သွားတောင်းမနေပါနဲ့....(မှန်ပါ့) သိ-ကြား လိမ္မာတဲ့ ပုဂ္ဂိုလ်ရှေ့ မှာလဲ ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ် ရ,ရပါလို့၏လို့ လုပ်မနေနဲ့

အလုပ်သမား မှန်က မင် ရနေတာ....(မှန်ပါဘုရား) ရင့်–မရင့် ကလေးသာ အကဲခတ်ဘို့ လိုပါတယ်....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ ဘုရား) အလုပ်သမားမှန်က....(မင် ရနေပါတယ်) ဖြစ်ပျက် မြင်လိုက်ယင် ဘာတုံး....(မင်ပါဘုရား) မင်ဟာ ဘယ် နှစ်ပါး ရသာတုံး....(ငါးပါးရပါတယ်ဘုရား)။

အဲဒါ သိလျက်သားနဲ့ တကာကြွယ်....ဝဋ်ဘဝ တိုတိုတွေ့ ဘာတွေ့ စာဓတွေ့ ရှည်မနေစမ်းပါနဲ့....(မှန်လုပါဘုရား)စာရှည်လေ လဲခလဲဘဲ....(မှန်ပါ)မလဲပေဘူးလား(လဲပါတယ်ဘုရား)။

ကဲ....ဒါဘွေ့ အကုန်ဖျောက်ပါ....(မှန်ပါဘုရား) အလုပ် မလုပ်တဲ့ ပုဂ္ဂိုလ် ဖောင်းတာကဖတွေ့ သူ ဖောင်းချင်လို့ တောင်းတာ၊ မပေးနိုင်တဲ့ ဆီ သွားဖောင်းတာ၊ သူ့ဟာသူ အရွဲးကျတာ ဘုန်းကြီးတို့က မဆုံလိုပါဘူး...(မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ခုနကပြောတဲ့ စကားနဲ့ ပြန်ပြီးသကာလအဓိပ္ပါယ်က ဟပ်ကြည့် တကားကြွယ်(မှန်ပါ)မင်ကို ဘုရားပေးသလား-တရား ပေးသလား(တရားပေးပါတယ်ဘုရား)တောင်းတာက ဘယ်သူ့ ဆီ သွားတောင်းသလဲ(ဘုရားဆီသွားတောင်းပါတယ်)ဟော.... မပေးနိုင်ဘူးဆိုတာ သေချာပြီ....(မှန်ပါ ဘုရား) မပေးနိုင်ဘူး ခင်ဗျားဝို့ကို ဘယ်နည်းနှင့်မှမပေးနိုင်ဘူး....(မှန်ပါဘုရား)ပေး နိုင်ပါ့မလား....(မပေးနိုင်ပါဘုရား) တရားကို ရှုကြည့်လိုက် တော့ ဘယ်နှယ်တုံး....(ရပါတယ်ဘုရား)။

ကဲ ဒါ သက်သေသာဓက လုံလောက်အောင် ဘုန်းကြီး နည်းနည်းပြောပါ့မယ်နော်...(မှန်လုပါဘုရား) ဘုရားသခင်

ကိုယ်တော်မြတ်ကြီးဟာ အင်္ဂတိုရ်ပါဠိတော်မှာ လာတယ်နော်-(မှန်ပါ့) ဘုရားဖြစ်သာပြီးသကာလ လာတော့ ဩော်....ကိုယ့် အထက်က ကိုးကွယ်စရာ မရှိလို့ ရှိယင်တော့ ကိုယ့်သဘောနဲ့ ကိုယ် လုပ်နေတာ မကောင်းပါဘူးဆိုပြီးတော့ ဘုရားက မိမိ စိတ်ထဲ ထင်းတော်မူမိဘယ်တဲ့....(မှန်ပါ့)။

ဒီတော့ မိမိအထက်က ကိုးကွယ်စရာတော့ ရှာဦးမှဘဲ.... (မှန်ပါ့ဘုရား)ဘုရား-ဖြစ်ပလား၊ မဖြစ်သေးဘူးလား....(ဖြစ်ပါပြီဘုရား)ဘုရားဖြစ်ပြီးမှ ရှာဟာ(မှန်ပါ့ဘုရား)ဒါနဲ့ သဗ္ဗညုတဉာဏ်နဲ့. ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တွေနဲ့ အာသယာနုသယဉာဏ်တွေနဲ့. ကမ္မာကြီးကို အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် ဘုံတွေ၊ အောက်လဲ အကုန် အထက်လဲ အကုန် ဥာဏ်နဲ့. ရှာက် ရှာတော်မူတယ်....(မှန်ပါ့ဘုရား)။

ငါ့ထက် သီလသာတဲ့ ပုဂ္ဂိုလ်ရှိယင်လဲ ငါ ကိုးကွယ်မယ်.... (မှန်ပါ့) ငါ့ထက် သမာဓိ သာတဲ့ ပုဂ္ဂိုလ် ရှိယင်လဲ....(ကိုးကွယ်မှာပါဘဲဘုရား) ငါ့ထက် ပညာသာတဲ့ပုဂ္ဂိုလ် ရှိယင်လဲ....(ကိုးကွယ်မှာပါဘဲ ဘုရား) ကိုးကွယ်မယ်ဆိုပြီး လိုက်ပြီး ရှာဘော်မူတယ်....(မှန်ပါ) တယောက်မှ မတွေ့ဘူး....(မှန်ပါ့) မတွေ့ပါဘူး၊ တကာကြွယ် တွေ့ရဲ့လား....(မတွေ့ပါဘုရား) မတွေ့ဘူး-နော်....(မှန်လှပါဘုရား)။

ဒါနဲ့ ဘုရားက ပြန်ပြီးတော့ စဉ်းစားတော်မူတယ်၊ဩော်.... ငါ့ထက် သီလ,သာဓိ,ပညာသာတဲ့သူ တခယောက်မှ မရှိပါကလား၊ပုဂ္ဂိုလ်ထဲကဆိုယင် ကိုးကွယ်ရာ မရှိပါကလားလို့ ဆိုဘာကို တွေးမိခတော်မူတယ်....(မှန်လှပါ)သဘောပါလား....(ပါပါ

တယ်ဘုရား) နောက်တော့မှ တတိယ ပြန်စဉ်းစားတော်မူတယ်၊ သြော်-ငါ ဘယ်နှယ်ကြောင့် ဘုရား-ဖြစ်လာပါလိမ့်မလဲလို့.... (မှန်ပါ့)။

ဟာ....တရားတွေ့ရှုလို့ ဘုရားဖြစ်လာတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) ဘယ်လိုကြောင့်ပါလိမ့်.... (တရားတွေ့ရှုလို့ ဘုရားဖြစ်တာပါဘုရား)တရားတွေ့ရှုလို့ ဘုရားဖြစ်တော့ တရားဘဲ ကိုးကွယ်မှာဘဲ....(မှန်ပါ့)ဒီလို ဆုံးဖြတ်ချက် ချတော်မူတယ်....(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါကို ဘုန်းကြီးက ခင်ဗျားတို့ တရားပေးမှ ရတယ်ဆိုတာ မယုံမှာစိုးလို့ ဝတ္ထုထုတ်ပြတာပါ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဝတ္ထုက မဆုံးသေးပါဘူး ဟိုကာကွယ်ရ ဒီတွင်မှ သဟမ္မတိ ဗြဟ္မာကြီးက ဆင်းလာတယ်....(မှန်ပါ့)။

အရှင်ဘုရား....အရှင်ဘုရား တွေးလုံးဟာ သိပ်ဘည့်ပါကလား တဲ့....(မှန်ပါ့) အရှင်ဘုရား၏ နောင်တော် ဖြစ်တော်မူကြတဲ့ ကက္ကုသန်, ကောဏာဂုံ, ကဿပ မြတ်စွာဘုရားတွေလဲ တရားဘဲ ကိုးကွယ်သွားကြတယ်....(မှန်ပါ့) ဘပည်တော်က ဘုရား-နှစ်ဆူ မှီတဲ့ ဗြဟ္မာကြီးဖြစ်တဲ့အတွက် အရှင်ဘုရားစိတ်ကူး သိပ်ပြီးတည့်ပါပေတယ်၊ အရှင်ဘုရားထက် သီလ, သမာဓိ, ပညာ သာတဲ့ ပုဂ္ဂိုလ်မရှိဘူး၊ ဒါ့ကြောင့် ကိုးကွယ်စရာ မရှိဘူး၊ အရှင်ဘုရား - ဘုရားဖြစ်လာတဲ့ တရားကို အရှင်ဘုရား ကိုးကွယ်မယ် ဆိုတာဖြင့် ရှေး ဘုရားတို့လဲ ဒီလိုဘဲ ကိုးကွယ်သွားကြပါတယ်ဆိုတာ သူက ထောက်ခံချက်ပေးတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် မင်္ဂလာဘယ်သူပေးမှ ရမလဲ....(တရားပေးမှ ရပါ့မယ် ဘုရား) ဒါဖြင့် ဘုရားရှေ့သွားမဘောင်းနဲ့နော်....(မှန်လှပါ)

ရိပ်မိပလား....(ရိပ်မိပါပြီ)ခင်ဗျားတို့က တော်ဘော်လျှာရှည်တဲ့ လူတွေ၊ မပေးနိုင်တဲ့ဆီကို သွားပြီး တောင်းလို့ရှိယင် မခက်ဘူး လား....(ခက်ပါတယ် ဘုရား) မပေးနိုင်တဲ့ သူကို တောင်းတယ် ဆိုတာ နတ်ကို ထမင်းပေးပါလို့ တောင်းလို့ရှိယင်ဖြင့် နတ်က နတ်သြဇာ စားနေတဲ့လူ၊ ထမင်းမှ မရှိဘဲ....(မှန်ပါ့)ဘယ်နှယ် လုပ်ပေးနိုင်မလဲ....(မပေးနိုင်ပါဘုရား)ဗြဟ္မာ သွားပြီး ထမင်း ပေးပါတောင်းလို့ရှိယင် ဗြဟ္မာက တကာ တကာမတို့ သိတဲ့ အတိုင်း ပိတိစားနေတာ....(မှန်ပါ့)ပီတိ ဆိုတဲ့ ဝမ်းမြောက်လုံး ကလေးနဲ့ ဗြဟ္မာအသက်ရှင်နေတာ....(မှန်ပါ့)။

အဲဒီ့ ဗြဟ္မာကို ထမင်းပေးပါ သွားတောင်းယင် မောင်ဘသော် ရှ-မရ....(မရှပါဘုရား)ဒါဖြင့် နတ်ဆိ ထမင်းသွား တောင်းယင်....(မရှပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ) ဗြဟ္မာ ဆိ ထမင်းသွားတောင်းယင်....(မရှပါဘုရား)ဘာဖြစ်လို့တုံး.... မပေးနိုင်လို့....(မှန်ပါ့) ပေးစရာလဲ့ မရှိဘူး၊ ပေးလဲ့ မပေးနိုင် ဘူး....(မှန်ပါ့) သူတို့ဆိမှာ စပါးပင်စိုက်ပြီး လယ်ထွန်နေတာမှ မရှိဘဲ....(မှန်ပါ့)သဘောပါလား....(ပါပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဘုရားဆိသွားပြီး မင့်,ဖိုလ်ပေးပါဆိုလို့ ရှိယင် မပေးနိုင်ဘူး....(မှန်ပါ့ မပေးနိုင်ပါဘုရား) မပေးနိုင်ဘူး နည်းတော့ ပေးလိုက်လိမ့်မယ်....(မှန်ပါ့) သဘောပါလား.... (ပါပါပြီဘုရား)။

ဒါဖြင့် ဘယ်သူပေးမှ ရမလဲ....(တရားပေးမှရပါ့မယ်ဘုရား) ရှင်းပလား... (ရှင်းပါပြီ) ဒါဖြင့် ခင်ဗျားတို့ ဘုရားဆိ သွား တောင်းတဲ့ ပုဂ္ဂိုလ်တွေ တွေ့လို့ရှိယင်ဖြင့်....တဲ့ တပည့်တော် သာဝကဆို,ဘာဆိုတွေဆိုတော့ သာဝက ဖြစ်ချင်ဖြစ်ပေါ့ဗျာ....

(မှန်ပါ့) မင်္ဂြာဏ်, ဗိုလ်ဂြာဏ်တော့ မပေးနိုင်တာ အမှန်ဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) အခု ဒါဖြင့် ဗြဟ္မာကြီးက ထောက်ခံလိုက်တော့လဲ မသေချာသေးဘူးလား....(သေချာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် အခု ခင်ဗျားတို့ မင်္ဂြာဏ်,ဗိုလ်ဥာဏ် လိုချင်လို့ ရှိယင်ဖြင့် ခန္ဓာထဲက တရားရှုပါ....(မှန်ပါ့) မင်္ဂြာဏ်,ဗိုလ်ဥာဏ် လိုချင်ယင်....(ခန္ဓာထဲက တရားရှုပါဘုရား) သတိပဋ္ဌာန်လေးပါးထဲက တပါးပါး ရှုပါ....(မှန်ပါ့) သတိပဋ္ဌာန်လေးပါးဆိုတာ ခန္ဓာထဲက တရားကို ဆိုတာ....(မှန်လှပါ)ရှင်းပလား (ရှင်းပါပြီ) ဒီလိုဆိုယင် တကာကြွယ်....မရဘဲ နေမလား....ရမလား....(ရပါမယ်ဘုရား)။

ဒါ့ကြောင့် ခုနက နှစ်မျိုးခွဲပြောလိုက်တယ်....(မှန်ပါ့)ဘာမှ မလုပ်တတ်တဲ့လူ သူဌားတောင်းတာကတော့ သူဟာသူ တောင်းချင်တောင်း မတောင်းချင်နေ၊ လုပ်ဘဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် ဒါအထမြောက်ရပါလို့၏ ဆိုပြီး ဒါ အထမြောက်ခြင်းကိုသာ ကြိုးစားနေရမှာ၊ မတောင်းရဘူး....(မှန်လှပါ)ရိပ်မိပလား....(ရိပ်မိပါပြီ) ဓိဋ္ဌာယ ပိုပေးလိုက်၊ ပညာပိုပေးလိုက်။ အချိန်ပိုပေးလိုက် (မှန်လှပါ)မရဘဲ ရှိပါ့မလား....(ရပါတယ်ဘုရား) သဘောပါလား....(ပါ.ပါပြီဘုရား)။

ကဲ....တကာကြွယ်....နေဆောကျပလား....(ကျပါပြီဘုရား) ခင်ဗျားတို့က ဒီ ဆုတောင်းကြီးကို ကျက်ထားသေးသလား.... (အရင်ကတော့ ကျက်ထားပါတယ်ဘုရား)အရင်ကတော့ ကျက်ထားတယ် ဟုတ်လား....(မှန်ပါ့)အခုတော့ ဘယ်နှယ်ရှိခိုးသလဲ

ပြောဘဲ ပြောစမ်းပါဦး....ဘော်တော်များ တိုသွားကြပလား.... တိုမှ ဖြစ်မှာဗျ(မှန်ပါ့ဘုရား)ချက်ခြင်း တပည့်တော် အားထုတ်တဲ့တရား ချက်ခြင်း အထမြောက်ရပါလို့၏ ဆိုယင် ကောင်းတယ်....(မှန်ပါ့ဘုရား)မဟုတ်ဘူးလား....(မှန်ပါ့)ဝင့်တွေ ဘဝတိုတိုနဲ့ ဆိုတော့ ဟိုဝင့်တွေက ရှေ့သွားဦးမှာကိုး....(မှန်ပါ့) နည်းတာတွေမှ မဟုတ်ဘဲ....(မှန်ပါ့)။

အဲဒါတွေကို တိုရဦးမယ်ဆိုပေမယ်လို့ ဝင့်ပေါင်းက ဘယ်လောက်မှန်းလဲ မသိဘူး(မှန်ပါ့) ကိုလွဲသဝင့်, ကမ္မဝင့်, ဝိပါကဝင့်ဆိုယင် နဂိုရကမှ ဝိုင်းနေတာ....(မှန်ပါ့) ဝိုင်းတာ အတို့ဖြစ်အောင်လဲ မတတ်နိုင်ဘူး....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ) ဝိုင်းတဲ့ အတို့ဖြစ်အောင် .... (မတတ်နိုင်ပါဘုရား) ကိုလေသဝင့်ပြီး ဘာလာသတုံး.... တကာကြွယ်.... (ကမ္မဝင့်ပါဘုရား) ကမ္မဝင့်ပြီးဘော့ ဘာလာတုံး....(ဝိပါကဝင့်ပါ ဘုရား) ဝိပါကဝင့်ထဲက ဘာတွေ့ ပေါက်ပွားလာသတုံး....(ကိုလေသဝင့်ပါဘုရား)။

ဟော....ဒါဖြင့် ဝိုင်းသွားပြီ ခင်ဗျားတို့....(မှန်ပါ့) ဘယ်မှာဝင့်ကိုရမှာတုံး ခင်ဗျားတို့....(မှန်ပါ့) လုံးတောင်ပစ်သေးတယ်—(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီ အထဲက ဝတ်တိုတိုနဲ့ ဆိုတော့ တကာကြွယ်-ခင်ဗျားကျက်ထားကဲ့ စာဟာ အတော်ခက်နေပါကလား....၊ ရှင်းပလား-(ရှင်းပါပြီ)အဲဒီလိုဘဲ ဆရာကောင်း - သမားကောင်း နည်းနာကောင်းနဲ့ မတွေ့လို့ ရှိယင်ဖြင့် စာတို့-စာရှည်ကဟာတွေ အင်း-ဒါကလေးဖြင့် ငါကြိုက်တယ်ဆိုပြီး ကျက်ထားလိုက်တာဘဲ—

(မှန်ပါ့) ငါကြိုက်တာကလဲ အလွဲချည်းဘဲ.... (အလွဲချည်းပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဘယ်သူ့မှလဲမမေး၊ ကိုယ်ကလဲ ဘာမှ မပါ....၊ ဟုတ်လား.... (မှန်ပါ့) အဲဒီလိုဖြစ်နေတာ့ တကာကြွယ် အားကြိုးမခက်ဘူးလား.... (ခက်ပါတယ်ဘုရား)။

အေး.... ဒီကရှေ့ စာကလေးကြည့်မယ်ကွဲလို့ ရှိယင် ကိုယ့် ဥာဏ်နဲ့ ကိုယ့်ခန္ဓာထည့်ပြီး စဉ်းစားပါဦး....(မှန်ပါ့ဘုရား) မင်း ဥာဏ်ဆိုတာ ဘယ်သူကပေးတာပါလိမ့်မတုံး....လို့.... (မှန်ပါ့) အခုတော့ ဘုယ်သူက ပေးသတုံး.... (တရားက ပေးပါတယ် ဘုရား) ဟောဒီတရုံးသာရှုခင်ဗျားတို့ ၂-နှံပါတ်အကွက်ထဲက တရားသာရှု.... (မှန်ပါ့) ခင်ဗျားတို့ ခန္ဓာကိုယ်က ၂-နှံပါတ်ထဲမှာ.... (မှန်ပါ့) ခင်ဗျားတို့ ခန္ဓာကိုယ်ကလဲ တရားချည်းဘဲ.... (မှန်ပါ့) ဒီ့ပြင် တခြားရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒီ့ တရားတွေကိုသာ ဥာဏ်ကလေးနဲ့ ရှု-ရှုပေးနေလို့ ရှိယင် သူက မင်းပေးလိမ့်မယ်....(မှန်လှပါဘုရား)။

ဒါကြောင့် "အတ္တာဟိ အတ္တနော နာထော" .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) "အတ္တာဟိ အတ္တာဧဝ" = မိမိ အားထုတ်သော တရားသည် ပင်လျင်....၊ အတ္တနော = မိမိ၏၊ နာထော=ကိုးကွယ်ရာတည်းဆိုတော့ မိမိခန္ဓာကိုယ်ကို မိမိကြည့်ပြီး အားထုတ်တဲ့ တရားသည်သာလျင် ခင်ဗျားတို့၏ကိုးကွယ်ရာ (မှန်လှပါဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ ကိုးကွယ်ရာဆိုတာ ခင်ဗျားတို့ အားထုတ်ဘဲ့ တရား၊ ခင်ဗျားတို့အားကိုးရမယ်....(မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီ)။

ဒါဖြင့် ဒီလိုလုပ်ကြပေတော့ အလုပ်စဉ်ကလေးပါ ပေးလိုက်မယ်-နော်....(မှုန်ပါ့) အလုပ်စဉ်ကလေးပါ ပေးလိုက်မယ်....တဲ့၊ ဥပမာ စိတ်ကလေးတခု၊ ဘယ်စိတ်ပေါ်ပေါ်ခင်ဗျားတို့သန္တာန် ပုထုဇန်တွေကိုးဗျ.... (မှုန်ပါ့) ပုထုဇန်စိတ်ဘဲ ပေါ်မှာဘဲ.... (မှုန်ပါ့) ပေါ်တဲ့စိတ်ကို မောင်ဘသော်က ဘာလုပ်မလဲ.... (ဖြစ်ပျက် ရှုပါမယ်ဘုရား)။

အဲ.... "ဝိညာဏ အနိစ္စန္တိ ပဿတိ" ဝိညာဏ = အခုပေါ်လာတဲ့ ပုထုဇန်စိတ်ကလေးကို၊ အနိစ္စန္တိ = အနိစ္စဟူ၍၊ ပဿတိ = ရှု၏၊ သာ = ထိုသို့ရှုသော ပညာသည် သမ္မာဒိဋ္ဌိ = သမ္မာဒိဋ္ဌိ ဖြစ်၏.... (မှုန်လှုပါဘုရား) မဂ္ဂင်ဖြစ်သွားရော.... (မှုန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်ဖြစ်တဲ့ စိတ်ကလေးကို ဖြစ်ပျက်ရှုလိုက်တော့သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သွားတယ်....(ဖြစ်ပါတယ်ဘုရား) သမ္မာဒိဋ္ဌိဖြစ်ကတည်းက သူနဲ့ အဖေါ်ကလေးတခုကလဲ ပါလာတယ်....(မှုန်ပါ့) သဟဇာတအဖြစ်နဲ့ပါလာတယ်....၊ တကွ ဖြစ်ဖေါ် ဖြစ်ဘက်ကိုး.... (မှုန်လှုပါ) မဂ္ဂင်လေးပါး ပါမလာဘူးလား....(ပါလာပါတယ်ဘုရား)။

အင်း....ဒါဖြင့် မဂ္ဂင်ငါးပါး မရပေဘူးလား.... (ရပါတယ်) အဲဒီတော့ ရရုံကလေးနဲ့ မင်းမကျေနပ်နဲ့တဲ့ဘုရားက.... (မှုန်ပါ့) ဒါက ယထာဘူတ သမ္မာဒိဋ္ဌိက....တဲ့....(မှုန်ပါ့ဘုရား)တက်လိုက်က၊ ဒီတွင် မနေနဲ့ ဆိုပြီး သကာလ တခါတည်း မောင်ဘသော်တို့ တကာကြွယ်တို့က ရှုပေး.... (မှုန်ပါ့ဘုရား) "သမ္မာပဿနိဗ္ဗုန်တိ" အဲဒီ ဖြစ်ပျက် များများမြင်လာလို့ရှိယင် နိဗ္ဗုန်

ဥာဏ်ဆိုတာ ပေါ်လိမ့်မယ်... တဲ့....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဖြစ်ပျက်ကို သမ္မာဒိဋ္ဌိနဲ့ များများမြင်လာတော့ ဘယ်ဥာဏ် တိုးတက်လာသလဲ.... (နိဗ္ဗန္ဒဥာဏ် တိုးတက်လာပါတယ်ဘုရား)။ သဘောကျပလား.... (ကျပါပြီ) နိဗ္ဗိန္ဒဥာဏ် တိုးတက်လာလိမ့်မယ်-ကွ... တဲ့ (မှန်ပါ) ဒါ သံယုတ်ပါဠိတော်မှာ လာတယ်.... သမ္မာ=ကောင်းစွာ၊ ပဿ=ရှုသည်ရှိသော်၊ နိဗ္ဗိန္ဒတိ=ငြီးငွေ့လာလိမ့်မယ်-တဲ့.... (မှန်လှပါ) ရှင်းပြီနော်.... (ရှင်းပါပြီ) နှစ်ဥာဏ်ရသွားပြီ.... (မှန်ပါ့) ခုနက သမ္မာဒိဋ္ဌိဥာဏ်၊ ယထာဘူတ ပေါ်လာကတည်းက သမ္မာဒိဋ္ဌိဥာဏ် ရတာယ်.... (မှန်ပါ့) အာခုတော့ နိဗ္ဗိန္ဒဥာဏ်တက်တယ်....(မှန်ပါ့)။

ဂဲ့ နိဗ္ဗိန္ဒဥာဏ်တွင် ရပ်မနေနဲ့-လို့ ဘုရားက တခါဟော ပြန်တယ်.... (မှန်ပါ့) နိဗ္ဗိန္ဒဥာဏ်တွင် ရပ်မနေနဲ့ သမ္မာပဿ နိဗ္ဗိန္ဒတို့တွင် ရပ်မနေနဲ့ဦးတဲ့၊ နိဗ္ဗိန္ဒ ဝိရဇ္ဇတိ-တဲ့....၊ မလိုချင် အောင် ရှုပစ်လိုက်တဲ့....(မှန်လှပါဘုရား) ဖြစ်ပျက်ကို ဘာတဲ့.... (မလိုချင်အောင် ရှုပစ်ရပါမယ်ဘုရား) နိဗ္ဗိန္ဒ · နိဗ္ဗိန္ဒဉာဏ်=ငြီးငွေ့ပြီးသည်ရှိသော်၊ ဝိရဇ္ဇတိ=တကျွာနဲ့ မငြိအောင် ရှုပစ်၊ (ဝါ) မလိုချင်အောင် ရှုပစ်လိုက်.... (မှန်လှပါဘုရား) မလိုချင်အောင် ရှုပစ်လိုက်တယ်ဆိုတော့.... ဖြစ်ပျက် ခန္ဓာကြီး ဟာဒီ တကာဘကာမတွေ အခုပြောခဲ့တဲ့ ၂-နံပါတ်မှာ ရှိတဲ့ ဒီ ငါးခုစလုံး အကုန်ပျောက်တယ်....(မှန်လှပါဘုရား)။

ငါးခုစလုံး အကုန်ပျောက်တော့ ဘာသစ္စာ ပျောက်သွား သတုံး....(ဒုက္ခသစ္စာ ပျောက်သွားပါတယ်ဘုရား) တကာကြွယ်

ရိပ်မိပလား.... (ရိပ်မိပါပြီ) ဒါတွေ့ တခု ရှုလိုက်ရသဖြင့် ငါးခု စလုံး ပျောက်သွားတော့ ဘာသစ္စာတွေ့ ပျောက်သွားသလဲ.... (ဒုက္ခသစ္စာတွေ့ ပျောက်သွားပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခနိုရောဓော နိဗ္ဗာနံ....(မှန်ပါ့) ဒုက္ခတွေ့ချုပ်သွားတာ....(နိဗ္ဗာန်လို့ ခေါ်ပါတယ်ဘုရား)ကဲ... ဒါဖြင့် သူပျောက်သွားယင် နိဗ္ဗာန်ပေါ်တာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာ တကာမတို့.... "နိဗ္ဗံ ဒိဋ္ဌံ ဝိရဇ္ဇတိ၊ နိဗ္ဗံ ဒိဋ္ဌံ နိဗ္ဗံ ဒိဋ္ဌန္တေ" = ငြိုးငွေ့တဲ့ဉာဏ်တက်ပြီးသည်ရှိသော်၊ ဝိရဇ္ဇတိ = မဂ်ဉာဏ်ပေါ်လာ၏.... (မှန်ပါ့) မဂ်ဉာဏ်ပေါ်လာလို့ရှိယင် ဟောဒိ ၂-နံပါတ်ထဲက ခန္ဓာငါးပါးကို ဝိညာဏ် နာမ်ရုပ် သင်္ခါယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး ပဋိစ္စသမုပ္ပါဒ် ခန္ဓာလိုတော့ ငါးပါး....(မှန်ပါ့) တကာကြွယ်- ဒါ ပေါ်လာသေးရဲ့လား....(မပေါ်လာပါဘုရား)။

ဒါ-ချုပ်သွားတော့ကို ဒီမှာ စာကလေး ဆဲလိုက် ဒုက္ခနိရောဓော... (နိဗ္ဗာနံပါဘုရား)ဟော-ဒုက္ခချုပ်ယင် နိဗ္ဗာန်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒုက္ခချုပ်တယ်ဆိုတော့ ချုပ်မှာဘဲတဲ့၊ ဒီဘက်ကူးတဲ့ တဏှာကော ကူးသေးသလား....(မကူးပါဘုရား) ၃-နံပါတ်က အာဆက်လဲ ပြတ်သွားတယ်....(ပြတ်သွားပါတယ်ဘုရား)မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား)၃-နံပါတ် အာဆက်ပြတ်တာက မဂ်က ဖြတ်တာ....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) မဂ်က ဖြတ်လဲ ဖြတ်တယ်၊ ဒုက္ခကိုလဲ ချုပ်စေတယ်... (မှန်ပါ့)မဂ်သည်....(ဖြတ်လဲဖြတ်တယ်၊ ဒုက္ခကို

လည်း ချုပ်စေပါ့တယ်) ကိလေသာကိုလဲဖြတ်တယ်၊ နိဗ္ဗာန်ကိုလဲ အာရုံပြုတယ်.... (မှန်ပါ့)။

ဒါကြောင့် ဒုက္ခချုပ်သွားတာ သူပိုင်းခြားလို့ ချုပ်သွားတာ....(မှန်လှပါဘုရား)သဘောပါပလား....(ပါပါပြီ) ဒါဖြင့် တကာတကာမတို့ ဉာဏ်သုံးဉာဏ်နဲ့ တက်ပစ်လိုက် (မှန်လှပါ) သဘောကျပလား....(ကျပါပြီ)။

ရှေးဦးစွာ အနိစ္စ၌ ပဿတိ၊ သာယ လုစ္စတိ သမ္မာဒိဋ္ဌိ' သမ္မာဒိဋ္ဌိဉာဏ် ရခဲအောင် အရင်လုပ်ပစ်လိုက်....(မှန်လှပါဘုရား) ဝိပဿနာမဂ် ဖြစ်အောင် အရင်လုပ်ပစ်လိုက်....(မှန်ပါ့) အဲဒါ ယထာဘူဉာဏ် ခေါ်လိုက်....(မှန်လှပါဘုရား) ဖြစ်ပျက်မြင်ယင် ဘာဉာဏ် ...(ယထာဘူတဉာဏ်ပါဘုရား)။

ကဲ ...တခါတက်လို့ကဲဦး "သမ္မာပဿ နိဗ္ဗိန္ဒတိ...." ခုနက ကောင်းကောင်းမြင်ပြီးယင် ညီးငွေ့အောင် လုပ်စမ်း....တဲ့....(မှန်ပါ့)ဘာပြန်တက်လာသလဲ(နိဗ္ဗိန္ဒဉာဏ် တက်လာပါတယ်ဘုရား) နိဗ္ဗိန္ဒဉာဏ်တက်လာတယ်.... (မှန်ပါ့) ဒီဖြစ်ပျက်ဘဲသုံးတာဘဲ(မှန်ပါ့) နိဗ္ဗိန္ဒ ဝိရဇ္ဇတိ....ဆိုယင် ဒုက္ခသစ္စာ ပျောက်ပြီ ...(မှန်ပါ့)နိရောဓသစ္စာ ပေါ်လာပြီ (ပေါ်လာပါပြီဘုရား) ရှင်းပလား....တကာသစ်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ၂-ကွက်ထဲမှာ အားထုတ်လို့ ၂-ကွက်ထဲမှာဘဲ သူသောတာပန်တည်ဘယ်.... (မှန်ပါ့ဘုရား) ဆက်လုပ်ယင် သကဒါဂါမ် အနာဂါမ် ရဟန္တာ ၂ ထဲမှာဖြစ်တယ် (မှန်ပါ့ဘုရား) ဒီဘက် ၃-ကွေးလေးရဲ့လား....(မကွေးပါဘုရား)၄-ဖြစ်စရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဟဲ့ဒီဘုက်က သမုဒယသစ္စာလဲ ပျောက်တယ် ၃-နံပါတ် သမုဒယသစ္စာလေ.... (ပျောက်ပါတယ် ဘုရား) ၄-နံပါတ် ဒုက္ခသစ္စာ....(ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် သမုဒယဒုက္ခသစ္စာ ချုပ်တယ်ဆိုတာ သေချာပြီ.... (သေချာပါပြီဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကဲ....ယ်နေ့ ဒီတွင်တော်ကြပါဦးစို့....။

သာဓု....သာဓု....သာဓု....။

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းတွင် သီတင်းသုံး

နေထိုင်တော်မူသော

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား - အမရပူရမြို့ ဓမ္မာရုံ၌

ဟောကြားတော်မူသော

ကိုယ်သာနာ၍ စိတ်မနာစေနဲ့

ပဋိစ္စသမုပ္ပါဒ်တရားတော် (၁၃)

(၄-၁၂-၆၁)

တကာတကာမခတ္တယုဒနဲ့ဘိုင်းဘဲတရားနာခန်းကြဟာဘယ်အကျိုးငှာတုန်းလို့ မေးလို့ ရှိယင်ဖြင့်ကိုယ့်ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ဖြတ်တာလို့ မှတ်ရမယ်.... (မှန်လှပါဘုရား) တရားနာတာသည် ဘယ်အကျိုးငှာပါလိမ့်.... (ကိုယ့်ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ဖြတ်တာပါဘုရား) ကိုယ့်ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ဖြတ်တယ်လို့ မှတ်ထားကြပါ....(မှန်လှပါ)။

ဩော်... ကိုယ့်ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို ဒီမှာ ဆရာဘုန်းကြီးကပြတယ်၊ ကိုယ့်ခန္ဓာပဋိစ္စသမုပ္ပါဒ်က စ,တော့ သမုဒယသစ္စာက စ,တယ်- ရတော့ ဒုက္ခသစ္စာရတယ်....(မှန်လှပါ)။

သမုဒယ စ,ယင် ဒုက္ခရတယ်....(မှန်လှပါ) တခါ ဒုက္ခထဲက သမုဒယ ပေါက်ပွားပြန်ယင်လဲ ဘာရမလဲ.... (ဒုက္ခဘဲ ရပါမယ် ဘုရား)။

ဩဩ....ခန္ဓာပဋိစ္စသမုပ္ပါဒ်ဟာ ဘာပါလိမ့်မလဲလို့ တကာ တကာမးတွေက စဉ်းစားလိုက်တော့ ၁-ပြုလုပ်လို့ ယင် ၂-ရတယ် (မှန်ပါ့) ၂-ထဲက တခါ ပေါက်ပွားလာပြန်လို့ ရှိယင် ၃-ဖြစ်တယ်... (မှန်ပါ့ ၃-ဖြစ်ပါတယ်ဘုရား) ၃-ဖြစ်တော့လဲ တခါ ၄-ဒုက္ခသစ္စာရတယ်... (ရပါတယ်ဘုရား)။

ဒါ ပဋိစ္စသမုပ္ပါဒ် လက်ကိုင်ရှိဘဲ့ပုဂ္ဂိုလ်တွေ.... ကိုယ့် ခန္ဓာ အစည်းကြင့် ဆရာကောင်း သမားကောင်းနဲ့လဲမတွေ့၊ ဖြတ်နည်း ပေါက်နည်း နိဿယညွှန်းကိုလဲ မရတော့ပါဘူး ဆိုလို့ ရှိယင် တကာကြွယ် ဒုက္ခသမုဒယ+သမုဒယဒုက္ခ ဒါဘဲလှည့်နေတယ်.... (မှန်ပါ့) ရှင်းကြပါလား....(ရှင်းပါပြီဘုရား) တကာကြွယ်ဘာတွေ့ လှည့်နေပါလိမ့်....(ဒုက္ခသမုဒယ+သမုဒယဒုက္ခလှည့်နေပါတယ်ဘုရား)။

ဒါဘဲ ဦးလှဘူး....လှည့်နေတယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါတယ်ဘုရား) အဲဒီတော့ သမုဒယဆိုတာလဲ တကာ တကာမတို့ကိုလေသာမီးလို့ ပြောတယ်။ ဒုက္ခဆိုတာလဲ ထင်းလို့ ပြောတယ်....(မှန်လှပါ) ခန္ဓာငါးပါးက ထင်းပေါ့ဗျာ၊ မီးနဲ့ထင်းသာ လှည့်နေတာဘဲ... (မှန်လှပါ)။

ထင်းသိမ်းတယ်၊ မီးငြိမ်းတယ်....လို့ လာရဲ့လား....(မလာပါဘုရား) ထင်းသိမ်းတယ် မီးငြိမ်းတယ်လို့ မလာပြန်တော့လဲ ဘုန်းကြီးတို့ တကာတကာမတွေ့မှာ....တဲ့ ဒို့... ရှေးတုန်းကဘယ် လိုနေခဲ့ရသတုံး၊ စကြဝဠတေးမန္တတ် ငြဟ္မာမင်းကြီးတွေ့မျှားဖြစ်ခဲ့သလားလို့ မေးတော့ သမုတိ သစ္စာကတော့ ဖြစ်ခဲ့ပါတယ် (မှန်လှပါဘုရား) ပရမတ္ထသစ္စာ သေသေချာချာကြည့်တဲ့အခါကျတော့ဖြင့် မီးနဲ့ထင်းဘဲ လှည့်ဖြစ်နေတာဘဲ.... (မှန်လှပါ)

ဘာမျှား ဖြစ်နေကြသလဲ....(မိုးနဲ့ ထင်းဘဲ လှည့်ဖြစ်နေပါတယ် ဘုရား) တကာ ဟကာမတွေ့ သိတဲ့အတိုင်း ၁-နံပါတ် ဆိုတာသည်, အဝိဇ္ဇာ သင်္ခါရဆိုတာသည် တကာ တကာမတို့ သမုဒယသစ္စာဘဲ....(မှန်ပါဘုရား)။

ဒါတွေ့ ဘာတွေ့တုံးလို့ ဆိုလို့ ရှိယင်ဖြင့် ကိလေသာ မီးတွေ့ဘဲ....(မှန်ပါ) ဒီဘက်က ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတာ ခန္ဓာငါးပါး ထင်းတွေ့ ခေါ်တယ်.... (မှန်ပါ ဘုရား)။

ဒါဖြင့် သမုဒယသစ္စာတည်းဟူသော မီး၊ထင်းတဲ့်ည်းဟူသော ဒုက္ခသစ္စာ....(မှန်ပါဘုရား)သမုဒယသစ္စာတည်းဟူသော-(မီးပါဘုရား) ထင်းဟာည်းဟူသော....(ဒုက္ခသစ္စာပါ ဘုရား) ဒါ လှည့်နေတယ်(လှည့်နေပါတယ် ဘုရား) တချက်က နှစ်ချက်ဖြစ်တယ် (မှန်ပါ) တခါ ဒီခန္ဓာကြီး ရပြန်တော့လဲ ၂-နံပါတ်ခန္ဓာကြီး ဝိညာဏ် နာမ်ရုပ် သဠာယဘန ဖဿ ဝေဒနာ ခန္ဓာကြီး ရထားပြန်တော့ တကာတကာမတို့ ဆရာကောင်း, သမားခကောင်းတွေ့ ဟာလဲ မတွေ့ပြန်....(မှန်ပါ) ကိုယ်ထင်ရာ ကိုယ်လုပ်နေပြန်တော့လဲ ထင်းထဲက မီးပေါ်လာတယ်... (ပေါ်လာပါတယ် ဘုရား) ထင်းခန္ဓာထဲက....(မီးပေါ်လာပါတယ် ဘုရား) ထင်းခန္ဓာထဲက မီးပေါ်လာတယ်ဆိုတာ တဏှာ ဥပါဒါန် ကမ္မဘဝတွေ့ ပေါ်လာတယ်....(မှန်ပါဘုရား) မပေါ်ဘူးလား....(ပေါ်ပါတယ် ဘုရား)။

အင်း-မီးပေါ်လာတယ်ဆိုတာ ဘာပါလိမ့်(တဏှာ ဥပါဒါန် ကမ္မဘဝတွေ့ ပေါ်လာတာပါဘုရား) မီးကြောင့် လောင်နေတဲ့ ထင်း- ထင်းထဲက နေပြီးသကာလ မီးထွက်လာပြန်တယ်ဆိုတော့

တဏှာ ဥပါဒါန် ကမ္မဘဝတွေ့ လာပြန်တယ်....(မှန်ပါ့ ဘုရား) ဒီ ကိလေသာမီးတွေကြောင့် တခါ ထင်းဖြစ်ပြန်တော့ အနာဂတ်ဘဝမှာ ဇာတိ ဇရာ မရဏဆိုတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ၄-နံပါတ်တွေ့ ပေါ်ပြန်တယ်....(ပေါ်ပါတယ်ဘုရား) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

သြော်....ဒါဖြင့် တကာ တကာမတို့ သမုဒယကြောင့် ဒုက္ခဖြစ်၊ ဒုက္ခထဲက တခါ သမုဒယ ပြန်ပြီးပေါက်ပွားး...(မှန်ပါ့) ပေါက်ပွားပြန်တော့ ဘာတွေ့ ဖြစ်ပြန်သတုံး....(ဒုက္ခတွေ့ဖြစ်ပါတယ်ဘုရား)ဒီ ဒုက္ခသစ္စာ အနာဂတ်ဘဝပေါ့....(မှန်ပါ့ ဘုရား) ဒီ အနာဂတ်ထဲက မောင်ဘသော်တို့, တကာကြွယ်တို့ ဆရာကောင်း, သမားကောင်း မတွေ့ယင် ဘာတွေ့ ပေါက်ပွါးမယ် ထင်ကြသတုံး....(သမုဒယသစ္စာတွေ့ ပေါက်ပွားပါမယ် ဘုရား) သမုဒယပါယင် ဒီမှာ အဆက်ကလေး ထည့်ရဦးမယ်....(မှန်ပါ့) မတည့်ရဘူးလား....(ထည့်ရပါမယ် ဘုရား) ထည့်လို့ ရှိယင်ဖြင့် သမုဒယပေါက်ပွားယင် ဒီအခက်းမှာ ဒုက္ခတွေ့ လာဦးမှာဘဲ.... (မှန်ပါ့)မလားပေဘူးလား....(လာပါမယ်ဘုရား)။

ဟင်....ဒါဖြင့် တကာ တကာမတွေ့ တသံသရာလုံးဟာဖြင့် တပည့်တော်တို့ ဘာတွေ့မျှား လှည့်နေရပါလိမ့်မလဲ....လို့ ကိုယ် ကိုယ်တိုင် အကဲခတ်ကြည့်ပါ....(မှန်ပါ့ဘုရား) မပေါ်ကြသေးဘူးလား...(ပေါ်ပါတယ်) ဘာတွေ့မျှား လှည့်နေသလဲ.... (သမုဒယနဲ့ ဒုက္ခ လှည့်နေပါတယ်ဘုရား)သမုဒယနဲ့ ဒုက္ခ-သမုဒယနဲ့ ဒုက္ခ၊ဒါဘဲ ထပဲလှည့်တာဘဲ....(မှန်ပါ့ဘုရား)သမုဒယက

မီး၊ ဒုက္ခက ထင်။ ဒါ့တွဘဲ လောင်လက်စသတ်သေးရဲ့လား-(မသတ်ပါဘုရား)။

ဒါ့ကြောင့်မနေ့ကတရားမှာပြောခဲ့ပါတယ်၊သုံးဆယ့်တဘုံထဲ မီးဟုန်းဟုန်းတောက်တဲ့ အထဲမှာ ထင်းရှာ ထွက်တာလောက် အာရုပ်ဆိုးတာ မရှိဘူး....လို့ မောင်ဘသော်တို့လဲ ပြောခဲ့တယ်....(ပြောခဲ့ပါတယ်ဘုရား)တကာကြွယ်လဲ နားလည်တယ်-(မှန်ပါ့ဘုရား)သဘောကျပလား....(ကျေပါတယ်ဘုရား)။

အဲဒီတော့ကို တကာတကာမတို့ နိဗ္ဗာန်ဆိုတာလဲ လောင်စာသိမ်းရှိ မီးငြိမ်းတာ၊ ဘာခေါ်ကြမလဲ....(နိဗ္ဗာန်မခေါ်ပါတယ်ဘုရား) လောင်စာသိမ်းရှိ မီးငြိမ့်းတာဆိုတာ ဒါ လောင်စာတွဘဲ...(မှန်ပါ့) သဘောကျပလား...(ကျေပါပြီ) ဒီဟာက မီးတွေ့....(မှန်ပါ့ ဘုရား) ဒီ လောင်စာသိမ်းရှိ ဒီ မီးငြိမ်းတာ နိဗ္ဗာန်....(မှန်လှပါဘုရား)။

ဒါဖြင့် တကာ တကျမတွေ့ စဉ်းစားကြည့်ပါ၊ ၂-နဲ့ ၃-သိမ်းယင် ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား) ဩော်....နိဗ္ဗာန်ဆိုတာ ၂-နဲ့ ၃—သိမ်းတာ နိဗ္ဗာန်ခေါ်တယ်....(မှန်ပါ့ဘုရား) မြင်ကြပလား...(မြင်ကြပါဘယ်ဘုရား) နိဗ္ဗာန်ဆိုကာ ဘာပါလိမ့်....(၂-နဲ့ ၃- သိမ်းတာပါ ဘုရား) ၂-က ဖလောင်စာ၊ ခန္ဓာတွေကိုး....(မှန်ပါ့) ၃-က မီးတွေ့....(မှန်ပါ့) ကိလေသာ မီးတွေ့ (မှန်လှပါဘုရား)။

ဒါဖြင့် လောင်စာသိမ်းရှိ မီးငြိမ်းတာဆိုတဲ့ ဥစ္စာသည် ၂-နဲ့ ၃-သိမ်းတာလို့ ဂဏန်းနဲ့ဘဲ မှတ်လိုက်ပါတော့....(မှန်ပါ့) မမှတ်မိသေးဘူးလား....(မှတ်မိပါတယ် ဘုရား) ၂-က ဘာပါ

လိမ့်....(လောင်စာပါဘုရား)လောင်စာဆိုတာ ထင်းပါဘဲနော်.
(မှန်ပါ့)ဉ-က ဘာပါလိမ့်မတုံး .. (မီးပါဘုရား)။
ဒါဖြင့် ဝိပဿနာ အလုပ် မလုပ်တဲ့ ပုဂ္ဂိုလ်မှာ... တဲ့ လောင်စာသိမ်း၍ မီးငြိမ်းဘို့ အရေးဟာဖြင့် မရှိပါဘူးလို့ ဆုံးဖြတ်ချက်ချပါ....(မှန်လှပါဘုရား)လောင်စာသိမ်း၍ မီးငြိမ်းဘို့ အရေးဟာ....(မရှိပါဘုရား)။
ဒါ ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ်သိမ်းတယ် ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ)အင်း....ဒီဘဝ လောင်စာကြီးဖြင့် ဒီထဲက မီးမပေါက်ပွားစေတော့ပါဘူး...(မှန်ပါဘုရား)။
ဒီ လောင်စာကြီးထဲက မီးသစ်ဖြင့် မပေါက်ပွားစေတော့ပါဘူးဆိုယင် ဦးဘအုန်းကြီး ဒီ ခန္ဓာ သိမ်းပြီးသကာလ နောက် မီးတွေလဲ ငြိမ်းသွားလို့ ရှိ(ယင်ဖြင့် နောက်ထင်းဖြစ်စရာအကြောင်း ရှိသေးရဲ့လား....(မရှိပါဘုရား)။
သြော်....ဒါဖြင့် နိဗ္ဗာန်အနီးကဲလေးလား၊ အဝေးကြီးလား ဆိုတော့ မသိမ်းဘတ်လို့ ရှိယင်လဲ ဝေးကယ်....(မှန်ပါ့) မသိမ်းတတ်ယင်....(ဝေးပါတယ်ဘုရား)သိမ်းတတ်ပြန်တော့လဲ တကာတကာမတို့ ၂-ထဲကနေ ၃ မပေါက်ပွားယင် သိမ်းတာဘဲ(မှန်ပါ့ဘုရား) ၂-ထဲကနေပြီး....(၃-မပေါက်ပွားယင် သိမ်းတာပါဘဲ ဘုရား) ၃-မပေါက်ပွားယင် သိမ်းပြီးသား ဖြစ်ပါဘယ်....(မှန်ပါ့ဘုရား) နောက် ထင်းတွေ လာသေးရဲ့လား.... (မလာပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။
သြော်... ဒါဖြင့် တရားနာကြတာ ဘယ်အကျိုးဋ္ဌ နာကြပါလိမ့်မလဲ... လို့ ဆရာဘုန်းကြီးက မေးတော့ ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ဖြတ်တာဘုရာ့(မှန်လှပါ) ရှင်းပလား....(ရှင်း

ပါပြီ) တရားနာကြတာ ဘာပါလိမ့်.... (ကိုယ်.,ပဋ္ဌိစ္စသမုပ္ပါဒ် ကိုယ် ဖြတ်တာပါဘုရား)။

သြော်... ခင်ဗျားတို့က မသိတော့ ကျုပ်တို့ တရားနာသွားရ ဦးမယ်၊ ကုသိုလ်ဖြစ်အောင် .... (မှန်ပါ) ဟာ–ကုသိုလ်ဖြစ် အောင်တော့ မလာခဲ့ကြနဲ့.....(မှန်ပါ)ကိုယ်. ဒုက္ခကိုယ်ဖြတ်ချင် ယင် လာခဲ့ကြ.... (မှန်ပါဘုရား) ဦးဘအုန်းတို့-ရှေးက ကြား ဘူးတာက တရားနာယင် ကုသိုလ်ရတယ်ကွ၊ မင်းနာမှပေါ့.... (မှန်ပါ) အင်း....ဒါဘဲ နှုတ်တက်နေတယ်.... (မှန်ပါဘုရား) ဟကာကြွယ်က တိုက်တွန်းယင် ဘာတဲ့တုံး .... (တရားနာယင် ကုသိုလ်ရတယ်လို့ တိုက်တွန်းပါတယ်ဘုရား)။

အံမာလေး... ကုသိုလ်လို့ချင်ယင် ရေအိုးစင်တည်လဲကုသိုလ်ရ တယ်လို့ ပြောနေတယ်၊ ဘယ်ဘာကျပလဲ .... (ကျပါတယ်) ဒီ ရေအိုးစင်တည်တယ်၊ နောက်, တံမြက်စိုးရွာက်လဲနေယင်ကော– (ကုသိုလ်ရပါတယ်ဘုရား) ကုသိုလ်တော့ ရပါတယ်၊ ပဋ္ဌိစ္စ သမုပ္ပါဒ်က မပြတ်ဘူး .... (မပြတ်ပါဘုရား) ရှင်းပလား .... (ရှင်းပါပြီ)။

ဒါ့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်က ကုသိုလ်ရရုံနဲ့. ခင်ဗျားတို့မပြီး သေးပါဘူးတဲ့၊ ဥဿံနဲ့ဖြတ်မှပြတ်မယ် .... (မှန်ပါ) ရှင်းပ လား....(ရှင်းပါပြီ) ဘာနဲ့ဖြတ်မှလဲ.... (ဥဿံနဲ့. ဖြတ်မှပြတ်ပါ တယ်) ၂-နဲ့ ၃-မကူးအောင် ကြားထဲဥဿံဝင်ရမယ်....(မှန်ပါ) ၂-နဲ့.၃-မကူးအောင် .... (ကြားထဲ ဥဿံဝင်ရပါမယ် ဘုရား) ကြားထဲဥဿံဝင်ရမယ် ဦးဘအုန်းသတိထားစမ်းပါ.... (မှန်ပါ) ၂-နဲ့ ၃-သာ ကူးနေယင် ၄-တော့ဖြင့် ကိုယ်ပိုင် ရတော့မယ်....

(ရပါတော့မယ်ဘုရား) ၄-ဒုက္ခသစ္စာကို.... (ကိုယ်ပိုင်ရပါတော့မယ်ဘုရား)။

ကိုယ်ပိုင်ရမယ်ဆိုတာ မငြင်းမဆန်နဲ့ ဒီဒုက္ခကြီး ခံရမယ်.... (မှန်ပါ့) တကာ့ကြွယ် တယ်ကြောက်စရာကောင်းပါကလား.... (ကြောက်စရာကောင်းပါတယ်ဘုရား)။

ဒါဖြင့် နောက် တရားနာ လာကြလို့ ရှိယင် ကိုယ့်ဒုက္ခ ကိုယ်အဖြတ်သွားဦးမယ်လို့ ဆိုပြီးလာခဲ့ကြ....(မှန်ပါ့) ကုသိုလ်ရချင်လို့တော့မလာခဲ့ကြနဲ့....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) ကုသိုလ်ရချင်လို့ ရှိယင် ခင်ဗျားတို့ အိမ်မှာ ဝေယျာဝစ္စဘုရားနဲ့ တရားနဲ့ ဘုရားဝေယျာဝစ္စတွေလုပ်နေ၊ အမျှား ဆက်သွယ်တဲ့ နေရာတွေ သန့်သန့်ရှင်းရှင်းလုပ်နေလဲ ဦးဘအုန်းတို့ မောင်ဘသော်တို့ ကုသိုလ်ရတယ်... (ရပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဘော့ ပြတ်ပါရဲ့လား-လို့ မေးတော့ အို-ဒါကမ္မဿကတာဉာဏ်ဘဲ....(မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီ) ဘာပါလိမ့်.... (ကမ္မဿကတာ ဉာဏ်ပါဘုရား)ကမ္မဿကတာဉာဏ်ဘဲ ရှိနေသေးတော့ ဝိပဿနာဉာဏ်, မဂ်ဉာဏ်က မဟုတ်ဘူး....(မဟုတ်ပါဘုရား) ဝိပဿနာဉာဏ်, မဂ်ဉာဏ်က မဟုတ်သေးတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာ ကုသိုလ်တော့ ရတယ်၊ကိုယ့်ဒုက္ခတော့ မပြတ်သေးဘူး .... (မပြတ်သေးပါဘုရား)ဦးဘအုန်း ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို ကြည့်ပေးကြပါ- တကာတကာမတို့ ကိုယ့်ပါတဲ့စက်ဝိုင်း ကြည့်ချင်ကြည့်၊ ဘုန်းကြီး ထောက်ပြတဲ့ စက်ဝိုင်းကြီး ကြည့်ချင်ကြည့်တာပေါ့ဗျာ....(မှန်ပါ့)။

ဒီ ဘက်ကို မကူးလို့ ရှိယင် ဒီဘက်မီးတွေ့ လာပါဦးမလား.... (မလာပါဘုရား) ဒီမီးက ဒီ ထင်းဖြစ်အောင်ကော လုပ်နိုင်သေးရဲ့လား....(မလုပ်နိုင်ပါဘုရား) မလုပ်နိုင်တော့ ကရားနာတာသည်ကားလို့ ဆိုယင် ဟောဒီနဲ့ ဒီမကူးရအောင်လို့ ဆိုပြီး သကာလ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ချင်လို့ နည်းယူလာတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ဘယ်အကျိုးငှာ လာကြသလဲ....(ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ချင်လို့ နည်းယူလာပါတယ်ဘုရား)။

ဘပည့်တော်တို့ ဒုက္ခသစ္စားထဲက ဘပည့်တော်တို့ သမုဒယသစ္စာ မပေါက်ပဲ့းတဲ့ နည်းလိုချင်လို့ တရားနာလာပါတယ်....(မှန်လှပါဘုရား) ဒါအမှန်ဆုံးဘဲ့...(မှန်ပါ့) နိဗ္ဗာန်ရောက်တရားဆိုယင် ဒါလိုရင်းလို့ မှတ်လိုက်ကြစမ်းပါ....(မှန်ပါ့)။

နှိ့်မို့လို့ ရှိယင် ဒီကိုယ့်ခန္ဓာကြီးက ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတာ ကိုယ့်ခန္ဓာ.... (မှန်ပါ့) အခု တရားနာနေတဲ့ တကာတကာမတွေ့ ရထားတဲ့ ခန္ဓာဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာကြီးနော်....(မှန်ပါ့) ဒီဒုက္ခနဲ့ဘဲ တော်လောက်ပြီနောက်ဒုက္ခ မလာချင်လို့ တရားနာကြတယ်...(မှန်ပါ့)။

နောက်ဒုက္ခမလာချင်တော့ကို ဒီဒုက္ခသစ္စာထဲက ဦးဘအုန်း သမုဒယသစ္စာ မပေါ်ဘို့ အရေးကြီးတယ် .... (အရေးကြီးပါတယ်ဘုရား)ဒုက္ခသစ္စာထဲက....(သမုဒယသစ္စာ မပေါ်ဘို့ အရေးကြီးပါတယ်ဘုရား)အခု ဒီ စက်ဝိုင်းမှာ မြားပြပြီး သကားလ ခု-နံပါတ်နဲ့ ဆက်လိုက်တာက ဒီဘက်က သမုဒယသစ္စာ ပေါ်ပေါ်လာတယ်....(မှန်ပါ့ဘုရား) ဒုက္ခသစ္စာထဲမှ သမုဒယသစ္စာ

ပေါက်ပွားလာတယ်... (မှန်လှုပါဘုရား)ပေါက်ပွားတော့ ပြတ်သေးရဲ့လား....(မပြတ်ပါဘုရား) မပြတ်ကြောင်းကိုလဲ ဒီမြှားအာနိဇင်ပြတယ်....(ပြပါတယ်ဘုရား) မပြဘူးလား....(ပြပါတယ်ဘုရား)။

မင်းတို့ ခန္ဓာထဲက ဘာတွေမှ မပေါက်ပွားဘူး၊ ဒုက္ခဖြစ်ကြောင်းတွေသာ ပေါက်ပွားနေတယ်....(မှန်လှုပါဘုရား) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်) ခန္ဓာထဲက တရားကို ဝိပဿနာအလုပ် မလုပ်တော့ပါဘူး၊ မဂ်ဆိုက် ဖိုလ်ဆိုက်အလုပ် မှလုပ်တော့ပါဘူးဆိုလို့ ရှိယင်တဲ့ ရိုးရာနဲ့ဘဲ နေကြတော့မယ် ဆိုယင် ဖြင့် တကာကြွယ် ၂-ထဲက ၃-ပေါက်ပွားမယ်....(ပေါက်ပွားပါမယ်ဘုရား)ဘာထဲက ဘာပါလိမ့် .... (၂-ထဲက ၃-ပေါက်ပွားမယ်ဘုရား) ၂-ထဲက ဘာတွေ ပေါက်ပွားလာသတုံး မေးတဲ့အခါ ကိုယ် ခန္ဓာခင်တဲ့တဏှာ....(မှန်ပါ့) ကိုယ် ခန္ဓာစဲ့လမ်းတဲ့ (ဥပါဒါန်ပါဘူရား)သဘောကျပလား....(ကျပါကယ်)။

အင်း....ဟုတ်....ကိုယ် ခန္ဓာအတွက် ကာယကံ ဝစီကံတွေနဲ့ အားထုတ်ကြတာ ဘာခေါ်ကြမယ်.... (ကမ္မဘဝပါ ဘုရား) ဩော်... ဒါတွေ့ လက်ရှိခန္ဓာထဲက ပေါ်လာတဲ့ သုံးခုပါလား.... လို့ တကာကြွယ် မှတ်စမ်းပါ.... (မှန်လှုပါဘုရား) လက်ရှိခန္ဓာထဲက ဘာတွေမျှား ပေါက်ပွားလာပါလိမ့်....(တဏှာ ဥပါဒါန် ကမ္မဘဝပါဘုရား)။

တဏှာ ဥပါဒါန် ကံတွေ ပေါက်ပွားလာတယ်.... (မှန်ပါ့ဘုရား)ကိုယ် ခန္ဓာခင်တာက .... (တဏှာပါဘုရား) ကိုယ့်ခန္ဓာစဲ့လမ်းတာက....(ဥပါဒါန်ပါဘုရား)ကိုယ့်ခန္ဓာစားဘို့ သောက်ဘို့ နေဘို့ ထိုင်ဘို့ဆိုတဲ့ မကောင်းတာ လုပ်ကျေးချင်လဲ ကျေး

မယ်ပေါ့ဗျာ....(မူန်ပါ့) မကောင်းသဖြင့် လိမ်လည်ကောက်ကျစ်ပြီး ကျွေးချင် ကျွေးမယ်၊ ပရိယာယ် မာယာတွေနဲ့ ခန္ဓာကိုယ်ကြီး ကျွေးဘို့ ကာယကံ ဝစီကံတွေက မ့လုပ်ကြဘူးလား.... (လုပ်ကြပါတယ်ဘုရား)။

အဲဒါဘယ်ထဲက ပေါက်ပွားလာတာပါလိမ့်.... (ကိုယ့် ခန္ဓာထဲကပါဘုရား) ကိုယ့် ခန္ဓာထဲက ပေါက်ပွားတယ်၊ကိုယ့် ခန္ဓာဆိုတာ နံပါတ် ဘယ်လောက်ပါလိမ့်.... (၂-နံပါတ်ပါဘုရား)။

ဩော်.... ၂-နံပါတ်.... (မှန်ပါ့ဘုရား) တကာတကာမတွေ့ ဒီလောက်ဆိုလို့ ရှိယင်ဖြင့်....တဲ့ ဩော်... မိမိခန္ဓာက ၂-နံပါတ်ထဲက နေပြီး ၄-ဖြစ်ကြောင်းဖြစ်တဲ့ ၃-ကို ပေါက်ပွားတယ်.... (မှန်လှပါဘုရား) ၄-ဖြစ်ကြောင်းဖြစ်တဲ့....(၃-ကို ပေါက်ပွားပါတယ်ဘုရား)။

အောင်း....ဟင်....ဘယ်ကနေ ပေါက်ပွားပါလိမ့်မတုံးဆိုတော့မှ တကာတကာမတွေ ၂-ထဲက ပေါက်ပွားလာတယ်.... (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ) ဘယ်က ပေါက်ပွား သတုံး.... (၂-က ပေါက်ပွားပါတယ်ဘုရား) ဦးဘအုန်း ပဋိစ္စသမုပ္ပါဒ် ကြည့်ပြီးနာရတော့မှ ဩော်- ကုသိုလ်ဖြစ်ချင်လို့ နာတာ မဟုတ်ဘူး.... (မှန်ပါ့ဘုရား) ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ချင်လို့ နာတာ.... (မှန်ပါ့ဘုရား) ဝေဒနာက တဏှာ မကူးရဘူး.... ဥပါဒါန် မကူးရဘူး....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

အင်း... ဟင်....ဝိညာဏ်နဲ့ ၎င် တဏှာ မကူးရဘူး.... (မကူးရပါဘုရား)သဘောကျပလား....(ကျပါပြီ)နာမ်ရုပ်ကလဲ တဏှာ မကူးရဘူး....(မှန်ပါ့)။

ဒီလို မကူးခင်အောင်လုပ်နိုင်တော့ တကာတကာမတို့ ၂-အစဉ် ဇာတ်သိမ်းပြီးသကာလ ၃-နံပါတ် မပေါ်လာတဲ့အတွက် ဒုတိယ ဘဝဆိုတဲ့အနာဂတ်ဘဝရှိသေးရဲ့လား(မရှိပါဘုရား) ဒုတိယဘဝ မလာတာ ဘယ်နှယ်ကြောင့် ပါလိမ့်မတုံးလို့ မေးတဲ့ အခါကျ တော့မှ ၃-မရှိလို့ ၄-မရှိဘူး.... (မှန်လှပါ) ဘယ်လို ဆိုကြမယ် (၃-မရှိလို့ ၄-မရှိပါဘုရား)၃-မရှိလို့၄-မရှိဘူးဆိုတော့ ၃-မရှိ တာကလဲ တဏှာ ဥပါဒါန် ကံ မရှိဘူး....(မှန်ပါဘုရား) ၄-မရှိ ဘာကလဲ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏ မရှိတာဘဲ.... (မှန်ပါဘုရား) သဘောပါကြလား.... (ပါပါတယ်ဘုရား)။

ဩဿော်... ဒါဖြင့် မီးသိမ်း၍ ထင်းကုန်တာဘဲ....(မှန်ပါ) မီး သိမ်း၍.... (ထင်းကုန်တာပါဘဲဘုရား) စက်ဝိုင်းကြီးသာ ကြည့် တကာတကာမတွေ့ ဒီဘက်က-မီး.... (မှန်ပါ) ဒီဘက်က ထင်း တွေ့ဘဲ....(မှန်ပါဘုရား)။

ဒါဖြင့် အဂိုဝဏ္ဍ ပေးတဲ့အခါကျတော့ လောင်စာသိမ်း၍ မီးငြိမ်းတာ နိဗ္ဗာန်က....(မှန်လှပါဘုရား)ဘယ်နှယ်ဆိုကြမယ်- (လောင်စာသိမ်း၍ မီးငြိမ်းတာ နိဗ္ဗာန်ပါဘုရား)။

ကြည့်လေ ဒီက မီး ဒီကလောင်စာ(မှန်ပါဘုရား) ဒီ ဇာတိ ဆိုတာ ခန္ဓာချည်းဘဲ.... (မှန်ပါ) ဇရာ မရဏဆိုတာကော.... (ခန္ဓာတွေပါဘုရား) ခန္ဓာတွေဘဲဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီဘုရား)။

အင်း....ဟင်... ဒီက မီးငြိမ်းတယ်၊ မီးငြိမ်းတော့ ဒီမှာကော လောင်စာလဲ ရှိသေးရဲ့လား...(မရှိပါဘုရား) ဩဿော်.... ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လောင်စာသိမ်း၍ မီးငြိမ်း

တာ ဦးဘအုန်းတို့.... မောင်ဘသော်တို့က ဘာခေါ်ကြမယ်.... (နိုဗ္ဗာန်ခေါ်ပါတယ်ဘုရား)။

ဩော်.... နိုဗ္ဗာန်ဆိုတာ တခြားလား မှတ်နေတယ် တကျော်ကြွယ်ရေ လောင်စာသိမ်း၍ မီးငြိမ်းတာ.... (မှန်လှုပါဘုရား) ဒါတွေက လောင်စာတွေချည်း မှတ်ပါ.... (မှန်ပါ့) ဒါနဲ့တွေက မီးတွေချည်း မှတ်ပါ.... (မှန်ပါ့ဘုရား) သဘောကျလား... (ကျပါပြီ)။

ဒီအဆက် ဖြတ်လိုက်တော့.... မီးကော လောင်စာကော ရှိသေးရဲ့လား.... (မရှိပါဘုရား)အဲဒီ မီး၊ လောင်စာ မရှိချင်လို့ တပည့်တော်တို့.... နောက် လာမည့် သမုဒယနဲ့ နောက်လာမည့် ဒုက္ခ၊ ကိုယ့် ဒုက္ခ ကိုယ်ဖြတ်တာပါဘုရား၊ ဒါကြောင့် တရား အားထုတ်ရပါတယ်...၊ ဟရားနာရပါတယ်ဆိုဘော့.... ကုသိုလ် ရချင်လို့ မဟုတ်ပါဘူး....(မဟုတ်ပါ)ရှင်းကြပါလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရှေးကတော့ ကုသိုလ်ရဘို့ တရားနာသွားရအောင်လို့ ပြောလေ,,ဆိုလေ ရှိတယ်·(မှန်ပါ့ဘုရား)ကုသိုလ် ရရုံတော့လဲ ဘယ်နေရာနနေကုသိုလ်ရပါတယ်....(မှန်ပါ့ဘုရား) ဦးဘအုန်း မရဘူးလား....(ရပါတယ်ဘုရား)။

သို့သော်.... ကိုယ့်ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ဖြတ်မှ ကျလာတဲ့အခါကျတော့ တကာတကာမတို့ ဝိပဿနာ အလုပ်—လုပ်၊ ဒါမှဘဲ ဖြတ်တယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ကုသိုလ်ရချင်လို့လား၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကိုယ် ဖြတ်ချင်လို့လား.... (ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ချင်လို့ပါ

ဘုရား) ဦးဘအုန်း ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ချင်လို့.... (မှန်လှပါ) သဘောကျပလား....(ကျပါပြီ)။

ဘယ့်နှယ်ကြောင့် ဒီ တကာတကာမတွေ.... ကိုယ့် ပဋိစ္စ သမုပ္ပါဒ် ကိုယ်ဖြတ်ချင်ပါလိမ့်မတုံး မေးတဲ့ အခါ ကျွတော့ တပည့်တော်တို့မှာဘုရား လောင်စာနဲ့ မီးက တဲ့ပြီး လောင်းနေလို့....(မှန်လှပါဘုရား) ဘယ့်နှယ်ဆိုကြမယ်.... (လောင်စာနဲ့ မီး တဲ့ပြီးလောင်နေလို့ပါဘုရား)။

ဒီအထဲကြည့်ပါ၊ ၂-ပါတ်ထဲကြည့်ပါ....၊ ဝိညာဏ် နာမ်ရုပ် သင်္ဠာယတန ဖဿ ဝေဒနာဟာ စုဇပါင်းလိုက်တော့....ခန္ဓာငါး ပါး....(မှန်ပါ့) ခန္ဓာထဲမှာ ဇာတိ ဇရာ မရဏ ပါ မပါ.... (ပါ ပါတယ်ဘုရား)။

ဒါဖြင့် ဇာတိ ဇရာ မရဏ,က မီး-ခန္ဓာက လောင်ဟာ....(မှန် လှပါဘုရား)ဒီခန္ဓာနဲ့ ဒီလောင်စာ လွှောင်နေလို့ နောက်တခါ လောင်ရမှာ ကြောက်လွန်းလို့....(မှန်လှပါဘုရား)နောက်တခါ လောင်ရမှာ ဖြတ်ချင်လွန်းလို့ တပည့်တော်တို့ တရားနာပြီး တရား အားထုတ်ပါသည်....(မှန်လှပါ)။

နောက်ခန္ဓာနဲ့ နောက်လောင်စာတွေ တကာတကာမတွေ လောင်မီးတွေ ကြောက်လွန်းလို့ တပည့်တော်တို့ဘုရား ယခု လောင်စာသိမ်း၍ ယခုငြိမ်းလို့ ရှိယင် တော်ပါပြီ.... (မှန်လှပါ ဘုရား)။

နောက်လောင်စာနဲ့ နောက်မီးနဲ့ တွေ့ရမှာဖြင့် စက်ဆုပ် လွန်းလို့... (မှန်လှပါဘုရား) ဒါကြောင့် တပည့်တော်တို့ တရား နာပါတယ်ဆိုတဲ့အဓိပ္ပါယ် ရှင်းပလား....(ရှင်းပါပြီ)ပေါ်ကြပ လား....(ပေါ်ပါပြီဘုရား)။

နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့ ကုသိုလ်ရချင်လို့ တရားနာ ချင်တယ်ဆိုတော့ ကိုယ့်ဒုက္ခ ကိုယ်မြင်လာတဲ့သဘော ရောက် သေးရဲ့လား....(မဇ္ဈောက်ပါဘုရား)။

ကုသိုလ်ရယင် ဒို့နောက်ဘဝ ကောင်းစားမှာဘဲ ဆိုပြီးတော့ အံမာ....ထင်းခတောင်ရှာလိုက်သေးတယ်.... (မွန်ပါဘုရား) ဘာ ရှာခသေးသတုံး....(ထင်းရှာပါသေးတယ်ဘုရား) တရား နာမယ် ဆို ကုသိုလ်ရတယ်၊ နောက်ဘဝ ဒုဒါမှု ဟန်ကျမှာ၊ အဲဒါက တော့ ထင်းရှာထွက်ဘာ .... (မွန်လှပါ) ရိပ်မိကြပလား.... (ရိပ်မိပါတယ်ဘုရား) နားကြီးကြီးနဲ့ ထောင်မှနော်...(မွန်ပါ ဘုရား)။

တကဲကြွယ် တချို့ ထင်းရှုးထွက်ခနတာရိုးသားတယ်....(ရှိ ပါတယ်ဘုရား) လဲပြီးလဲ· လဲရင်းနဲ့ ကိုယ်လဲစိတ်တူ သူလဲစိတ် တူ နောက်ဘဝ ကိုယ်လက် သန့်သန့်ရှင်းရှင်းဖြစ် (မွန်ပါဘုရား) အင်း....ကိုယ်လက် သန့်သန့်ရှင်းရှင်းဖြစ်ဆိုကဘဉ်းကိုက ဦးဘ အုန်းက စဉ်းစားတာပေါ့ ထင်းရှာပြန်ပဟေ့... (မွန်လှပါ) ဘယ့်နှယ်ဆိုကြမယ်....(ထင်းရှာကြတာပါဘုရား) ထင်းရှာပြန် ဆိုယင်လဲပါ့မလား .... (မလဲပါဘုရား) ထင်းရှာလို့ရှိယင်ဖြင့် မီးက ပါဦးမှာ .... (မွန်ပါ·ပါဦးမှာပါဘုရား) ထင်းထဲ ဇာတိ ဇရာ မရဏက.... (ပါဦးမှာပါ) အဲဒါကမီးဗျာ... (မွန်ပါ) ဒီထင်းထဲမှာဘဲ ကိုယ့်ခန္ဓာ ကိုယ်လောင်တဲ့ ကိလေသာ မီးဘွေ့ ကကော... (ပါ-ပါတယ်ဘုရား) မရှိဘူးလား .... (ရှိပါတယ် ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာဘကာမတွေမှာ မသိပြီ ဆိုမှဖြင့် ထင်းရှာချည်းထွက်ဘယ်.... (မွန်လှပါဘုရား) သဘော

ကျပလား .... (ကျပါပြီ) မသိယင်....(ထင်းရှာချည်း ထွက်ပါတယ်ဘုရား)။

သြော်....အခု ထင်းမှ မီးမငြိမ်းသေးဘူး၊ ထည့်နေတုံးရှာပြန်ပြီ.... (မှန်လှပါဘုရား) ဦးဘအုန်း ဆိုထိုက်- မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား)။

ဒါ ဘုန်းကြီးကဟောတယ်လို့ မယူလိုက်ပါနဲ့ တကာကြွယ်ရ (မှန်လှပါဘုရား) အဂိုက္ခန္ဓောပမသုတ်မှာ မြတ်စွာဘုရား ဟောထားပါတယ်.... (မှန်ပါဘုရား) သဘောကျပလား .... (ကျပါပြီဘုရား)အဲဒါကဟိုကအင်္ဂတိုရိကဟာသ္ဒးမယူနဲ့၊သံယုတ်ထဲမှာပါနေတယ်... (မှန်ပါဘုရား)ရှင်းပြီနော်... (ရှင်ပါပြီ)။

ကိုင်း... တကာတကာမတို့ ကုသိုလ်ရချင်လို့ တရားနာကြတာလား၊ ကိုယ့် ဒုက္ခသိမ်းချင်လို့ နာကြတာလား .... (ကိုယ့် ဒုက္ခ သိမ်းချင်လို့ နာကြတာပါဘုရား) နောက်တော့ တရားနာ ထွက်မယ်ကြံယင် ဒုက္ခသိမ်းသွားဦးမယ်လို့ ပြောကြ.... (မှန်ပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ) ဘယ်လိုပြောရမယ်.... (ဒုက္ခသိမ်းသွားဦးမယ်လို့ ပြောရပါမယ်)။

အဲဒါ တည့်တယ်....(မှန်ပါ)ကုသိုလ်ရက မတည့်ဘူး.... (မှန်လှပါဘုရား) ကုသိုလ်ရတာက အချို့ကုသိုလ်တွေက ဒုက္ခထင်းရှာလွှတ်တဲ့ ကုသိုလ်တွေက ရှိနေပြန်သေးတော့ ဦးဘအုန်း.... ပြောထိုက်-မပြောထိုက်....(မပြောထိုက်ပါဘုရား)။

အဲ... ဒါဖြင့် တကာတကာမတို့ အခု တရားနာကြတာ ဘာလုပ်ကြတာတုံး .... (ဒုက္ခသိမ်းချင်လို့ပါဘုရား) ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တာ .... (မှန်ပါ)ဒါမှ ကိုယ့် ဒုက္ခကိုယ်သိမ်းမယ်....(မှန်ပါဘုရား) ရှင်းပလား... (ရှင်းပါပြီ) ဦးဘအုန်း

ဒီလိုတယ်ပြောခဲ့ထင်ပါရဲ့.(မှန်ပါ့) ပြောကိုပြောမထင်ပါဘူး.... (မပြောခဲ့ပါဘုရား) ပြောကို မပြောခဲ့ပါဘူး၊ ကုသိုလ်ရတာ ဘဲ့ ပြောနေတာဘဲ့....(မှန်ပါ့)တာကာကြွယ်ကော ရှေးက ဘယ် လိုပြောဘူးသလဲ.... (ကုသိုလ်ရတာဘဲ့ပြောဘူးပါတယ်ဘုရား)။

အင်း... ကုသိုလ်ရချင်လို့ ရှိယင်ဖြင့် ခင်ဗျားတို့ ကုသိုလ်သည် ကားလို့ ဆိုလို့ ရှိယင်ဖြင့် ထင်းရှာတဲ့ကုသိုလ်လဲ ဖြစ်ဦးတဲ့တယ်.... (မှန်ပါ့) ထင်းသိမ်းတဲ့ကုသိုလ်လဲ ဖြစ်ဦးပါတယ် .... (မှန်ပါ့ ဘုရား)။

သို့သော်....ခင်ဗျားတို့ ရည်ရွယ်ချက်ကို မှန်းခြေကို အမှန် ပြောရလို့ ဝမ်းထဲမှာ ဇောတ်ပြီး သိတာပြောရလို့ ရှိယင် ထင်းရှာ ထွက်ဘာကများတယ် .... (များပါတယ်ဘုရား) မများဘူးလား (များပါတယ်ဘုရား)။

ဘယ်နှယ် ဒီဘဝ ဆင်းရဲနေတဲ့ဥစ္စာ ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်း၊ တရားကလေး ဘာကလေး နာမမပေါ့ကွ....၊ ဒါမှ ကုသိုလ်ရတယ်....၊ ကုသိုလ်ရမှ မင်း နောက် ကောင်း စားမှာပေါ့ဆိုတော့ ဘာရှာထွက်တာတုံး.... (ထင်းရှာထွက်တာ ပါဘုရား) ထင်းရှာထွက်တာ ဖြစ်နေတယ် ဟာကာကြွယ်ရ.... (မှန်လှပါ)သဘောကျပလား....(ကျပါပြီ)။

ကိုင်း....ဒါဖြင့် အဲဒီမှုကို ပြောင်းပြီးသကာလ ဟာကာတကာမ တွေကာ၊ ကဲ-တရားနာသွားဦးမယ်၊ ကိုယ့်ဒုက္ခ ကိုယ်သိမ်းနိုင်တဲ့ တရားသွေးပြီးသကာလ နည်းယူဦးမယ်....(မှန်လှပါဘုရား)ကိုယ့် ဒုက္ခ ကိုယ်သိမ်းနိုင်တဲ့နည်း သွေးပြီးသကာလ ယူချေဦးမယ်.... (မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီ) ဘယ်လိုလာခဲ့ကြရသလဲ (ကိုယ့်ဒုက္ခ ကိုယ်သိမ်းနိုင်တဲ့နည်းသွေးယူချေဦးမယ်)။

ကိုယ်.ဒုက္ခ ကိုယ်သိမ်းနှိုင်တဲ့နည်း သွားယူချဦးမယ်၊ ကိုယ်.ကိုယ်တိုင်က မသိမ်းတတ်တာကိုး.... (မှန်ပါ့) မသိမ်းတတ်တော့ တကာတကာမတို့ ကိုယ်.ဒုက္ခ ကိုယ်သိမ်းတဲ့နည်း သွားယူရဦးမယ်ဆိုတဲ့ စကားဟာဖြင့် တရားထဲမှာဖြင့်.အဘိုးအတန်းဆုံးရည် ရှယ်ချက်ဘဲလို့ မှတ်ရမယ် .... (မှန်လှပါ့) နို့.မဟုတ်လို့.ရှိယင် ကိုယ်.ဒုက္ခရှိတာ ကိုယ်မသိဘူး....(မသိပါဘုရား)။

ကုသိုလ်ချမျှင်တဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်.ဒုက္ခရှိတာ ကိုယ်သိရဲ့လား....(မသိပါဘုရား) မသိသေးလို့.ရှိယင် သူသစ္စာမသိဘူး.... (မှန်လှပါ့) သစ္စာမသိယင် နောက်ခန္ဓာလိုချင်မှာဘဲ.... (လိုချင်ပါဘယ်ဘုရား) လိုမျှင်လို့.ရှိယင်ဖြင့် ထင်းရှာထွက်ဦးမှာဘဲ.... (ထွက်ဦးမှာပါဘဲ) မထွက်ပေဘူးလား (ထွက်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ကုသိုလ်ရချင်လို့.တရားနာကြတာလား၊ ကိုယ်.ဒုက္ခသိမ်းလိုလို့ တရားနာကြတာလား .... (ကိုယ်.ဒုက္ခသိမ်းလိုလို့ တရားနာကြတာပါဘုရား)။

အဲ....ဒါကတော့ သစ္စာကျော်နဲ့နာတာ....(မှန်ပါ့)သစ္စာကျော်နဲ့ပြောတာ....(မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီ) ဘုန်းကြီးကဆန်းပြီး ပြောနေတယ်လို့ မောင်ဘသော်တို့၊ ဦးဘအုန်းကြီးတို့က ဆိုချင်သေးသလား(မဆိုချင်ပါဘုရား)။

မဆိုနဲ့.နော်....မင်းတို့ဟာတွေတာ အလဲချည်း ဖြစ်နေလို့.... (မှန်ပါ့)ပြင်ပေးနေရတာ တကာကြွယ်ရ.... (မှန်ပါ့) မပြင်ထိုက်ဘူးလား....(ပြင်ထိုက်ပါတယ်ဘုရား) တကာကြွယ်တို့ ရှေးမူတွေဖျောက်နော်....(ဖျောက်ပါမယ်ဘုရား)။

ကိုယ်.ဒုက္ခ ကိုယ်သိမ်းချင်လို့ ကျုပ်တို့ဖြင့် တရားနည်း ယူသွားရဦ မယ်၊ ဖြင့်နည်း, [illegible] (မှန်လှပါ) ဦးဘအုန်း မှန်-မမှန်....(မှန်ပါတယ် ဘုရား) ဒါမှ စင်္ကျတ်တဲ့ တရား၊ ဝင်္ကျတ်တဲ့ အလုပ်ကိုးဗျ....(မှန်ပါ့)။

ဒီဘက် ကြည့်လေ၊ ဒါ ကိုလေသဝင်္ဆ... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒါ ကိုလေသဝင်္ဆနဲ့ ကမ္မဝင်္ဆ....(မှန်ပါ့) တဏှာ ဥပါဒါန်က ကိုလေသဝင်္ဆ၊ ကမ္မဘဝက....(ကမ္မဝင်္ဆပါ) ကမ္မဝင်္ဆတွေ့ ကိုလေသဝင်္ဆတွေ့ ဖြတ်တာ... (မှန်ပါ့) ကမ္မဝင်္ဆနဲ့ ကိုလေသဝင်္ဆကို မဂ်နဲ့ ဒီက-ဓနေ အားထုတ်လိုက်ဟဲ့အခါ ဒီဘက် ပြတ်မသွားဘူးလား... (ပြတ်သွားပါတယ်ဘုရား)။

ဒီဘက်က ဝိပါကဝင်္ဆဆိုက၁ လာသေးရဲ့လား... (မလာပါဘုရား) ဝိပါကဝင်္ဆ ရှစ်ပါးကဲ့ ရေးထားတယ်၊ လာသေးရဲ့လား (မလာပါဘုရား) မလားတော့ဘူးတဲ့၊ ဒါဖြင့် ကိုယ်.ဝင်္ဆကို ကိုယ် ဖြတ်သွားဦးမယ်....(မှန်ပါ့) မတည့်သေးဘူးလား....(တည့်ပါပြီဘုရား) ကိုယ်.ဝင်္ဆကို....(ကိုယ်ဖြတ်သွားဦးမယ်)။

ဒါဖြင့် ဒါဟာ ကပည့်ဆတာ်တို့ ဒီတရား ရှည်လှတယ်ဆိုလဲ ကိုယ်.ပဋိစ္စသမုပ္ပါဒ် ကိုယ်အဖြတ်သွားဦးမယ်....(မှန်ပါ့) ကိုယ်.ဒုက္ခ ကိုယ်အသိမ်းသွားဦးမယ်၊ ဒီလိုဆိုယင် မောင်ဘသော်တို့ တည့်ပြီ...(တည့်ပါပြီဘုရား)တကာ့ကြယ် ဒီ စကားတွေဟာလဲ ကွယ်နေတယ်..(ကွယ်နေပါတယ် ဘုရား) ဦးဘအုန်း ကွယ်နေတယ်....(ကွယ်နေပါတယ်ဘုရား) ဘာ နှုတ်တက်နေကြသလဲ.... (ကုသိုလ်ရအောင် တရားနာဦးမယ်) ကုသိုလ်ရအောင် တရားနာဦးမှယ်၊ ဒီလိုက မျှားနေတယ်....(မှန်ပါ့)။

ဒါဟာ အခုမှ မိဘတွေကလဲ ဒီ အတိုင်း သင်ထားတာ.... (မှန်ပါ့) သင်ထားတော့ ခလေးတွေကလဲ ကျုပ်တို့လဲ ကုသိုလ်တော့ ရချင်တာဘဲ၊ ကျုပ်တို့လဲ လိုက်ပါရစေဦးဆိုပြီး၊ နို့ ကုသိုလ်ရတာ ဘာ ကျေးဇူးရှိသတုံးလို့ ဆိုပြီး ခလေးက မေးလို့ ရှိယင် အမှေ မိဘကလဲ ဖြေမယ်၊ နင် နောင်ဘဝ ကောင်းစားမှာပေါ့ (မှန်ပါ့ဘုရား)။

ဟာ....ထင်းရှာထွက်ပြီ အမေ မိဘကဘော့....(မှန်ပါ့)အခုမေ မိဘကတော့ ထင်းရှာဘဲ သင်တယ်... (သင်ပါ့ဘယ်ဘုရား) သူကလဲ ထင်းရှာဘဲ တတ်ထားတာ....(မှန်ပါ့)။

ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ဘို့ ဆိုတဲ့ စကား ကိုယ့်ဒုက္ခ ကိုယ်သိမ်းဘို့ဆိုတဲ့စကား ကိုယ့်ငဋ္ဌကို ကိုယ်ခွဲတ်ဘို့ဆိုတဲ့စကား ဟာဖြင့် ဦးဘအုန်းတို့ မောင်ဘသော်တို့ ကွယ်နေပြီ....(ကွယ်နေပါပြီဘုရား)မကွယ်ဘူးလား....(ကွယ်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒီကရှေ့ အိမ်က ထွက်လာကြတော့မယ် ဆိုယင် ကဲ....ဟေ့ ကိုယ့်ဒုက္ခ ကိုယ်သိမ်းရအောင် သွားကြဦးစို့....(မှန်ပါ့) ဦးဘအုန်း နှုတ်ဆက်ပုံကို တမျိုးလုပ်ရဦးမယ်.... (တမျိုးလုပ်ရပါမှယ် ဘုရား) မလုပ်ရဘူးလား....(လုပ်ရပါ့မယ်) ဘယ်သွားမတုံးမေးယင် ဘယ့်နှယ် ဖြေမလဲ....(ကိုယ့်ဒုက္ခ ကိုယ်အသိမ်းသွားမလို့ပါဘုရား)။

ကိုယ့်ဒုက္ခ ကိုယ်အသိမ်းသွားဦးမဟေ့....(မှန်ပါ့) ဒီ့ပြင် တကာ တကာမတွေကတော့ နားလည်မှာ မဟုတ်ဘူး· တကာကြွယ်ကတော့ နားလည်ပြီးသား....(မှန်ပါ့) ဦးဘအုန်းကို နှုတ်ဆက်ယင် ဦးဘအုန်း ဘယ်သွားမလို့တုံး မေးယင် ဖြေတတ်

ပလား....(ဖြေတတ်ပါပြီ) ဘယ့်နယ် ဖြေပါ့မယ်....(ကိုယ့်.ဒုက္ခ ကိုယ်အသိမ်းသွားမလို့ပါ) ကိုယ့်.ဒုက္ခ ကိုယ် အသိမ်းသွားဦး မယ်ဆိုတော့ တည့်နေတာဘဲ. ..(တည့်နေပါတယ် ဘုရား)။

ကိုယ့်.ဒုက္ခဆိုတာက ခန္ဓာကိုယ်ကြီးက ဒုက္ခသစ္စာ....(မှန်လှပါဘုရား) အဲဒါကြီး အသိမ်းသွားမလို့.ဆိုတော့ နောက် ခန္ဓာမလာအောင်လို့....(မှန်ပါ့)ဒီလိုဆိုတော့ ကိုယ့်.ဒုက္ခ ကိုယ် အသိမ်းသွားမလို့.ဆိုတော့ ကိုယ်က သစ္စာသိတယ်.... (မှန်ပါ့) သစ္စာသိတဲ့ ဉာဏ်နဲ့ ပြောလိုက်တယ်....(မှန်ပါ့ဘုရား)ကိုယ့်.ဒုက္ခ ဆိုတော့ ကိုယ့်.ခန္ဓာကြီးက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ ဘုရား)။

အဲ....ယခု ဒုက္ခသစ္စာကြီး ရှိနေတော့ ကိုယ့်.ဒုက္ခကို နောင် မပေါ်အောင် အသိမ်းသွားမလို့....(မှန်ပါ့ဘုရား) တည့်ကော မတည့်ဘူးလား....(တည့်ပါတယ်)တကယ်ကွယ်....ဒါအိမ်က တကယ်တကယ်မတွေ့ နှုတ်ဆက်တော်မလား...(ဆက်ဖတ်ပါပြီ ဘုရား)။

ငါ ဒုက္ခအသိမ်းသွားဦးမယ်ဟေ့... ၊ မင်းတို့ ငါ့ရှာမနေနဲ့၊ မပြောရဲဘူးလား....(ပြောရဲပါတယ်ဘုရား) ပြောသာ ပြောပါဗျ၊ ဒီဟာ ရှက်တယ်လုပ်မနေပါနဲ့....(မှန်ပါ့) ပြောသာ ပြောပါ ဒီဟာ အင်မဘန်တည့်တဲ့ တဆူး၊ ကုသိုလ်ရအောင် သွားဦး မယ်ဆိုလို့.ရှိယင်တော့ ကုသိုလ်က အမျိုးမျိုး ဖြစ်နေတယ်.... (မှန်ပါ့)မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒါက သစ္စာသိတဲ့ ဉာဏ်နဲ့ ပြောတာလား၊မသိတဲ့ ဉာဏ်နဲ့ ပြောတာလား....(မသိတဲ့ ဉာဏ်နဲ့ ပြောတာပါဘုရား) မသိတဲ့

ဥာဏ်နဲ့ ပြောလို့ရှိယင် မျှားသောအားဖြင့် ထင်းရှာ ထွက်ဦးမယ်....(မှန်လှုပါ) သဘောပါလား....(ပါပါတယ်ဘုရား)။

ကဲ....တကာကြွယ်ရေ· ဒီ ဘုန်းကြီးနဲ့ တွေ့မှ နှုတ်ဆက်နည်းကို ပြင်ရဦးမလိုလို ကျနေပြီ....(မှန်လှုပါဘုရား) ပြင်ရမှာဘဲ....(မှန်ပါ့)ဘယ်နှယ် ပြင်ကြမလဲ(ကိုယ့်ဒုက္ခ အသိမ်းသွားမလို့) ဥပမာမယ် ဦးလှဘူး ဘယ်သွားမလို့ တုံးဆိုပြီး လမ်းက ဆီးမေးပြီဗျာ၊ ခင်ဗျားး ဘယ်နှယ်ဖြေမလဲ....(ကိုယ့်ဒုက္ခ ကိုယ်အသိမ်းသွားမလို့) ကိုယ့်ဒုက္ခ ကိုယ်အသိမ်းသွားမလို့....(မှန်ပါ့) ဘယ်လောက်တည့်သလဲ....(တည့်ပါတယ် ဘုရား) ကိုယ့်ဒုက္ခ ဆိုတာ ယခု လက်ရှိခန္ဓာကြီးဟ့ာဘာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါကြီး နောင်မပေါ်လာအောင်လို့ အသိမ်းသွားမှာ....(မှန်ပါ့)ဒီလိုဆိုတော့ ကိုယ့်ဒုက္ခ ကိုယ်အသိမ်းသွားတဲ့ အလုပ်သည် သစ္စာမြင်ပြီး နှုတ်ဆက်တဲ့ အလုပ်ပါ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) နက်ဖြန်က စပြီး တပဲ့လုံး သူမျှားကမေးယင် ဒီအတိုင်းသာဖြေ....(မှန်ပါ့)။

သူတို့ကတော့သိမှာမဟုတ်ဘူး၊တရားပဲရှိတယ်လို့ သိမှာတော့ မဟုတ်ဘူး....(မှန်ပါ့)သိ·သိပါဦးမလား....(မသိပါဘုရား)သစ္စာမသိတဲ့ နားထဲမှာ ကြားရတော့ ဒီဥစ္စာ ဘယ်သွားမှာပါလိမ့်မတုံး၊ သူ့ဒုက္ခ သူအသိမ်းသွားမယ်လို့ ပြောတယ်၊ ဘယ်သွားသိမ်းပါလိမ့်မတုံး....(မှန်ပါ့) တရားပဲဆိုတော့ သူတို့ မရောက်ဘော့ဘူး....(မရောက်ပါ ဘုရား) သူတို့ နားလည်ထားတာက ထင်းရှာ နားလည်တာ....(မှန်ပါ့ဘုရား)။

သြော်....လူကြီးတွေ အသက်အရွယ်ကြီးတော့ ကုသိုလ် ရှာကြတယ်၊ ဒါလောက် နားလည်ထားတာ.... (မှန်လှုပါဘုရား) အတော် ခက်နေပါကလား... တကာကြွယ်ရ.... (ခက်ပါတယ် ဘုရား) အဲဒါ သစ္စာသိတဲ့ ပုဂ္ဂိုလ်လား....မသိတဲ့ ပုဂ္ဂိုလ်လား.... (မသိတဲ့ ပုဂ္ဂိုလ်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဒီက ဟကာတကာမတွေ့ကတော့ဖြင့် သစ္စာသိနေတော့ ဗီအဖြေနဲ့ ဒီအမေးသည် သူတို့ မေးချင်တာမေး....၊ ကိုယ့်ဒုက္ခ ကိုယ်အသိမ်း သွားဦးမယ်ဆိုတဲ့ စကားသည် အင်း.... ကိုယ့်ဒုက္ခ သိမ်းတော့မယ် ဆိုတော့ ခန္ဓနိရောဓော နိဗ္ဗာနံ.... (မှန်လှုပါဘူးရှား) ရှင်းပလား.... (ရှင်းပါပြီ) ခန္ဓနိရောဓော.... (နိဗ္ဗာနံပါ ဘုရား) ခန္ဓနိရောဓော = ခန္ဓာ ချုပ်ခြင်းသည်၊ နိဗ္ဗာနံ = နိဗ္ဗာန်မည်၏.... (မှန်လှုပါ) ခန္ဓာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

အဲဒါကြောင့် ကိုယ့်ဒုက္ခ ကိုယ်အသိမ်း သွားဦးမယ်ဆိုတဲ့ စကားဟာ အင်မတန် အဘိုးတန်တယ်....(တန်ပါတယ်) တကာကြွယ် သုံးရဲပါ့မလား....(သုံးရဲပါတယ်ဘုရား)။

သုံးသာသုံး.... သုံးသာသုံး၊ ကိုယ် ဒုက္ခသစ္စာသိတဲ့ ဉာဏ်နဲ့ ပြောရခြင်းကြောင့် အင်မတန် အဘိုးတန်တယ်.... (မှန်လှုပါဘုရား)။

ကဲ....ဒါဖြင့် ၂-နံပါတ်မှာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ၃-နံပါတ် မပွားအောင်လို့ တရားနာကြတာ.... (မှန်လှုပါဘုရား) ၃-နံပါတ် မပွားအောင်လို့.... (တရားနာကြတာပါဘုရား)တဏှာ ဥပါဒါန် ကံတွေ့ မလာအောင်လို့.... (တရားနာ

ကြတာပါဘုရား)အဝိဇ္ဇာ တဏှာတွေ....(မလာအောင်လို့တရား နာကြတာပါဘုရား)။

ဒါဖြင့် ဒုက္ခဖြစ်ကြောင်းတွေ သိမ်းလိုက်ခဲတာ့ နောက်ဒုက္ခ လာသေးရဲ့လား....(မလာပါဘုရား) ဒါဖြင့် တကာဘကာမတို့ ဘယ်သွားမလို့တုံး မေးယင် ဘယ်နှယ်ပြောမလဲ- (ဒုက္ခအသိမ်း သွားမလို့ပါဘုရား) ကိုယ့်ဒုက္ခ ကိုယ်အသိမ်း သွားဦးမယ်.... (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဂကောင်းပြီ ဒီလိုဆိုတော့ ဘယ်ဉာဏ်နဲ့ ပြောလိုက်ပါလိမ့်.... (သစ္စဉာဏ်နဲ့ ပြောလိုက်ပါတယ်ဘုရား) ကဲ...ကုသိုလ် ရဟာနဲ့ တခြားစီ ဖြစ်သွားတာဘဲ... (မှန်ပါ့) သစ္စာသိတဲ့ဉာဏ်နဲ့ ဂပြော တာ....(မှန်လှပါ) ဟိုဟာက ကမ္မဿကတာဉာဏ်နဲ့ ပြောတဲ့ စကား....ဒါက သစ္စာသိတဲ့ဉာဏ်နဲ့ ပြောတဲ့စကား....(မှန်လှပါ) ဟိုဟာက သာသနာပစကား၊ ဒီဟာကသာသနာတွင်းစကား.... (မှန်လှပါဘုရား)။

ဒါတော်တော်အခေးရေးကြီးဘယ်ဆိုတဲ့ဥစ္စာ ဒီ မှာတမ်းဟာလဲ တကာကြွယ် သေးသေးသိမ်သိမ်လို့ မမှတ်ပါနဲ့.... (မှန်လှပါဘုရား) နို့မို့ ရိုးရာကတော့ဖြင့် တကာကြွယ် ဒီအတိုင်းဘဲ....၊ ကိုယ်လဲ လူကြီး ဖြစ်လာတော့ တရားနာကခေလး ဘာလေး သွားတာမဟုတ်ဘူး၊ဒီအကောင် ကုသိုလ် လိုချင်ပုံ မရုပါဘူး၊ ဒီလိုဘဲ ပြောလေ့ ဆိုလေ့ရှိတယ်....(မှန်ပါ့ဘုရား)။

ဦးဘအုန်းတို့ လူကြီးဖြစ်ပြီး ဆုံးမတော့ တယောက်-တယောက် တိုက်တွန်းတယ်မဟုတ်လား.... (တိုက်တွန်းပါတယ်ဘုရား)တိုက်တွန်းလို့မရတော့ ဒီကောင် ကုသိုလ် လိုချင်ပုံ မရ

ပါဘူး...(မှန်လှုပါဘုရား) ဒီကသိုလ် ရဘိုဘဲ အောက်မေ့နေတာဘဲ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲ.... သူ့ဒုက္ခ သူသိမ်းဘိုဆိုတဲ့ဥစ္စာတော့ မပြောမိဘူး.... (မပြောမိပါဘူးရား) မပြောမိတော့ ခန္ဓာ ဒုက္ခသစ္စာလို့ လက်ရှိခန္ဓာဒုက္ခသစ္စာလို့ သိကြသေးရဲ့လား....(မသိပါဘုရား)။

ဒါဖြင့် သစ္စာ မသိဘဲနဲ့ တရားနာတာ .... (မှန်ပါ့ဘုရား) သစ္စာ မသိဘဲနဲ့ တရားနာလို့ရှိယင် ဒုက္ခသစ္စာ ပြန်ရမှာဘဲ.... (ရမှာပါဘဲဘုရား) မရပေးဘူးလား.... (ရပါတယ်) သဘောပါလား....(ပါပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တရာ တကာမတို့ ဒီဒုက္ခသစ္စာကြီးကို ဒုက္ခသစ္စာထဲကနေပြီး သမုဒယသစ္စာ မပွားဘူး.... (မပွားပါဘုရား) ၂-ထဲက ၃-မပွားဘူး....(မပွားပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) ၂-ထဲက .... (၃-မပွားပါဘုရား) ဩဩ....တရားနာကြတာ ၂-ထဲက ၃-မပွားဘူး....(မှန်လှုပါ) သဘောပါလား....(ပါ-ပါတယ်ဘုရား) ၂-ထဲက.... (၃မပွားပါဘုရား)

အေး—၂နုံပါတ် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ နာဆိုတဲ့ ခန္ဓာထဲက တဏှာ ဥပါဒါန် ကံတွေ့ မပွားကြလို့ရှိယင်ဖြင့် တကာတကာမတို့ မီးသိမ်းတယ်၊ လောင်စာကုန်တယ် (မှန်လှုပါဘုရား) မီးသိမ်းတယ်ဆိုတော့ ၃-နုံပါတ် လာသေးရဲ့လား....(မလာပါဘုရား)လောင်စာကုန်တယ်ဆိုတော့ တကာတကာမတွေ့ ၄-နုံပါတ်နောက်ထပ် ထင်း ထည့်သေးရဲ့လား.... (မထည့်ပါဘုရား)။

မတည့်လို့ရှိယင် ပင်ကိုယ်မီးနဲ့ ပင်ကိုယ်ထင်း ကုန်သွားယင် ဦးဘအုန်း နောက်ထပ် အေးဆော.... (အေးပါတယ် ဘုရား)

ပင်ကိုယ်ထင်းနဲ့ ပင်ကိုယ်မိုးကုန်သွားယင်.... (နောက်ထပ်အေး ပါတယ်ဘုရား)။

နောက်ထပ် ဇအားချမ်းသွားတာဘဲ၊ အရင်လို ထင်းရှာတဲ့ ဇာတ်ထုပ် ခင်းသေးသလား....(မခင်းပါဘုရား) ခြေသွဲ....ကယ် အဘိုးတန်ပါကလား၊ဆိုတာ သဘောကျပလား-(ကျပါတယ်)။

အဲဒါ ကိုယ့်ဒုက္ခ ကိုယ်သိမ်းတာဆိုတာ တကာ့တကာမတို့ ယခုဒုက္ခကဲတော့ဖြင့် ရှိနေတာဘဲ....(မှန်ပါ့)အနာဂတ်ဒုက္ခတွေ အကုန် သိမ်းပစ်လိုက်တယ်....(မှန်ပါ့ဘုရား)ယမှ ဒုက္ခ သိမ်းပြီး နောက် အနာဂတ်ဒုက္ခ မလာယင်ဘဲ ကျုပ်တို့ကံကောင်းတယ် (မှန်လှပါဘုရား)အင်မတန် ကျေးဇူးများပြီဆိုတာ သဘောပါကြလား... (ပါ-ပါတယ်ဘုရား)။

အား....ဒါကြောင့် ဒီအသံမျိုးကို ကြားဘို့ရာလဲ တကာ့ကြယ်-မလှယ်ပါဘူး....(မလှယ်ပါဘုရား) ဦးဘအုန်း လှယ်သလား....(မလှယ်ပါဘုရား)တသက်နဲ့တကိုယ် ကြားဘူးကြလိမ့်မယ်မဟုတ်ဘူး....(မကြားဘူးပါဘုရား)။

ကိုယ့်ဒုက္ခ ကိုယ်အသိမ်းသွားဦးမယ်ဆိုတဲ့ နှုတ်ဆက်မျိုးဖြင့် သစ္စာမသိတဲ့ပုဂ္ဂိုလ်တွေ ဖြစ်နေလော့ ဒီ အသံကို မထွက်ဘူး.... (မထွက်ပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ မဟာဝါ-ပါဋ္ဌိတော် ကြီးများဌ်"စတုန္နံ အရိယသစ္စာနံ ယထာဘူတံ အဒဿနာ" တွေ့နဲ့ ဟောလိုက်တာ သစ္စာမှသိလို့ ငါရှည်ခဲ့တယ်ကွာ.... (မှန်ပါ့) သစ္စာသိတဲ့နေ့မှာ ငါဘုရားဖြစ်လာတော့တယ်၊ အဲဒီ ကျမှ ပြတ်ပေတော့တယ်....(မှန်လှပါဘုရား) မဟာဘူးလား.... (ဟောပါတယ်ဘုရား)။

အဲဒီကျမှ သူလဲ ကိုယ့်ဒုက္ခ ကိုယ်သိမ်းတာကို ကြိုးစားတာကိုး....(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲ.... တကာကြွယ် ဘယ်သွားမလို့တုံးမေးယင် ဖြေစမ်း.... (ကိုယ့်ဒုက္ခ ကိုယ်အသိမ်းသွားမလို့ပါဘုရား)။

ကိုယ့်ဒုက္ခ ကိုယ်အသိမ်းသွားမလို့ဆိုတော့ ကြော်.... အသိညာဏ်ပါတဲ့ လူပါကလား...လို့ ပညာရှိ နားမှာတော့ဖြင့်.... အခုတော် အဘိုးဘန်သွားတယ်.... (အဘိုးတန်ပါတယ်ဘုရား) ဟဘေးကျပလား....(ကျပါပြီ)။

ဟိုဘေးက ကုသိုလ်ရချင်တဲ့ ပဂိုလ်တွေကတော့ ဒီဟာကာကြီး....ဘာပြောသွားပါလိမ့်မတုံးလို့ မသိပါဘူး၊ သူ့သစ္စာမှ မသိဘဲ....(မှန်လှပါဘုရား)။

သူတို့က သစ္စာသိသေးရဲ့လား....(မသိပါဘုရား) သစ္စာမသိတော့ ဘုရားက သံသရာရှည်ရမယ်ဟောသလား၊တိုရမယ် ဟောသလား....(ရှည်ရမယ် ဟောပါတယ်ဘုရား)။

အဲ.... သူတို့ မသိချင်နေ တကာကြွယ် ကိုယ်သိတဲ့ ညာဏ်နဲ့ ကိုယ်ပြောလိုက်....(မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီ)။ မနက်ဖြန် တကာ တကာမတွေ.... လမ်းက ဆီးမေးယင် ဘယ်နှယ်ဖြေကြမလဲ .. (ကိုယ့်ဒုက္ခ ကိုယ်အသိမ်းသွားမလို့ပါဘုရား) ကိုယ့်ဒုက္ခ ကိုယ်အသိမ်းသွားဦးမယ်.... (မှန်ပါ) ဒီအဖြေဟာ အတည့်ဆုံးဘဲ....(မှန်လှပါ)။

ဒီ အဖြေသည် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကြိုက်တဲ့ အဖြေဘဲဆိုတာ မှတ်ပါ....(မှန်လှပါဘုရား)။

နို့မို့လို့ရှိယင် မသိတဲ့ တကာတကာမတွေ့ကျတော့ တရား နာယင် ကုသိုလ်ရတယ်၊နောက်ဘဝကျတော့လဲ ဒီ တရား တန်ခိုး ဟာ ဖါးကလေးတောင် နတ်သားသွားဖြစ်သေးဟယ်....(မှန်လှပါဘုရား)။

ဖါးကလေးက၊ ဖါးကလေးလဲ ဒုက္ခသစ္စာဘဲ၊နတ်သားကော-(ဒုက္ခသစ္စာပါဘဲဘုရား) အင်း.... ဒါဖြင့် ခင်ဗျားတို့ ဖါးနဲ့ နတ်သားသည် သစ္စာမှာ ဘယ်နှယ်နေသလဲ.... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဖါးသစ္စာဖြစ်ချင်သလား၊ နတ်သားသစ္စာ ဖြစ်ချင်သလား.... (ဘာမှ မဖြစ်ချင်ပါဘုရား)ဒုက္ခသစ္စာ အတူတူချည်းဘဲ....(မှန်လှပါ)။

အဲဒါ ဖါးကတောင် နတ်သားဖြစ်သေးတယ်ဆိုပြီး ဒါကြိုက်နေလို့ရှိယင် ဒုက္ခပြန်ကြိုက်တယ်....(မှန်လှပါဘုရား) ထင်းရှာထုတ်တာဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကျုပ်တို့တော့ တရားနာသွားရမယ်၊ တရားနားလည်တာ မလည်တာ အပထား-တရားရယ်လို့ သိယင် ဖါးကလေးတောင် နတ်သားဖြစ်သေးတယ်.... (မှန်လှပါ) သွားပြီ ဦးဘအုန်း ရေ.... သွားပြီ....(မှန်လှပါ) မသွားသေးဘူးလား....(သွားပါပြီဘုရား) ဖါးက ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား) နတ်သားက....(ဒုက္ခသစ္စာပါဘုရား) သူ့မှာ ဘာတုံး....လို့ မေးတဲ့အခါကျတော့ အရင် မီးကလဲ ခန္ဓာလောင်တာ.... (မှန်ပါ့) နောက်မီးကကော (ခန္ဓာလောင်တာပါဘုရား) သမုဒယနဲ့ တဲ့လျက်လောင်တယ် ... (မှန်ပါ့) တဲ့လောင်ပြန်တာဘဲဆိုတော့ ဩော်.... မီးပုံ ပြောင်း

တာဘဲ ရှိဘယ်.... (မှန်ပါ့) ဖါး, မီးပုံကနေပြီး နတ်မီးပုံပြောင်းတယ်....(မှန်ပါ့) ဖါး,မီးပုံက့တော့ တကာတကာမ်တို့ တဆုပ်စာကလေး....(မှန်ပါ့) နတ်မီးပုံကတော့ တကာတကာမတို့ သုံးဂါဝုတ် လောင်ရမယ်....(မှန်လှပါဘုရား)၊

ဒါဖြင့် မီးပုံကြီး ကိုက်သလားး....(မကြိုက်ပါဘုရား)တကာကြွယ်-မီးပုံကလေး ကြိုက်သလား၊ မီးပုံကြီး ကြိုက်သလား....(မကြိုက်ပါဘုရား)သစ္စာသိတဲ့ ပုဂ္ဂိုလ်က ဘယ်ဟာမှ မကြိုက်ဘူး.... (မှန်ပါ့) သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်ကတော့ ဖါးတောင် နတ်သားဖြစ်သေးတာ၊ ကျုပ်တို့ မရှုံးပါဘူး.... (မှန်ပါ့) မီးပုံကြီးကိုက်သလား ....(မကြိုက်ပါ)ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အံမာလေး ....အတော်ပြောတဲ့ ဘုန်းကြီးလို့ ခင်ဗျားတို့က အောက်မေ့မနေနဲ့၊ သစ္စာနဲ့ကြည့်မှ ခင်ဗျားတို့ အရုပ်ဆိုးတာသိပ်ပေါ်တာ....(မှန်ပါ့ဘုရား) မဇပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အံမာ တကြိမ်မဟုတ်ဘူးတဲ့၊ ဖါးကလေးကလဲ အကြိမ်ကြိမ်ဖြစ်နိုင်သတဲ့၊ နတ်သား အကြိမ်ကြိမ်ဖြစ်နိုင်သတဲ့ ဆိုယင် သွားပြန်ပြီ....(သွားပါပြီဘုရား)မသွားသေးဘူးလား.... (သွားပါပြီဘုရား) ဒုက္ခလက်စမသတ်တော့ဘူး ပြောတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် တကာကြွယ်-နှုတ်ဆက်တတ်ပလား....(ဆက်တတ်ပါပြီဘုရား)သူများက မေးမှ ဆက်နော်.... ကိုယ့်ဟာကိုယ်လဲ ပြောမနေနဲ့ဦး....(မှန်ပါ့) ဘယ်သွားမလို့ တုံးမေးမှ ပြော-(မှန်ပါ့) ဒီတရားပွဲက ဒီနေ့ ခပ်ဆန်းဆန်းချည်း ဖြစ်ကုန်ပြီ ၊

သို့သော်လဲ တရားက မှန်လွန်းတယ်.... (မှန်ပါ့) ဦးဘအုန်း.... ဘယ်နှယ်နေသလဲ....(မှန်လွန်းပါတယ်ဘုရား)။

အဲဒီတော့ အမှန်သမားကဖြင့် ဒီဥစ္စာ အမှန်ကြိုက်တာဘဲ.... (မှန်လှပါ) အမှားသမားကတော့ ဒီဥစ္စာ ကြိုက်မယ်မဟုတ်ဘူး-(မကြိုက်ပါဘုရား)ဘာမျှား ပြောသွားပါလိမ့်မတုံးလို့ကြိုက်မှာ မဟုတ်ဘူး... (မှန်ပါ့) သူက ကိုယ့်ခန္ဓာ ဒုက္ခသစ္စာမသိလို့-(မှန်ပါဘုရား)မသိဇာတ့် သိတဲ့ပုဂ္ဂိုလ်က ဒို့ဒုက္ခအသိမ်း သွားမလို့... (မှန်လှပါဘုရား) ဒီလိုဆိုတော့ ဦးဘအုန်း နားလည်ပါ့မလား....(မလည်ပါဘုရား) ဘုယ်နှယ်ဇကြာင့်၊မလည်တာတုံး သူမလည်ပုံ အကဲခတ်ကြစမ်း.... (သစ္စာမသိလို့ပါဘုရား) သူ့ခန္ဓာကို ဒုက္ခသစ္စာလို့မသိဘူး....(မှန်ပါ့) သူ့ခန္ဓာ ဒုက္ခသစ္စာမသိတော့ ဇနာ်က်ခန္ဓာဇကော... (မသိပါဘုရား)။

ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ်မို့ သူဒီဥစ္စာ ဘာပြောသွားမှန်း မသိဘူးဆိုတဲ့ အဓိပ္ပါယ်ဟာ သူသည် ဇကာတကာမတို့ သာသနာကွင်းဘားလား၊ သာသနာပ,သားလားဆိုတာ အကဲခတ်စမ်း-(သာသနာ ပ,သားပါဘုရား)။

အဲဒီလို ပြောလိုက်တော့မှတကာကြွယ်တို့ ရှင်းလင်းပြီးသွားလိမ့်မယ်... (မှန်ပါဘုရား) ကဲ.... ဒါဖြင့် နှုတ်ဆက်တတ်ပါပြီ.... (တတ်ပါပြီဘုရား)အံမာ—မနည်းသင်ရပါကလား.... (သင်ရပါတယ်ဘုရား)။

ဒီလိုသာ ထိုးထိုးထွင်းထွင်း ဆရာဇကောင်း သမားဇကောင်းနဲ့ မတွေ့လို့ ရှိယင်ဖြင့် ခင်ဗျားတို့လဲ ရိုးရာထဲ ပါသွားမှာဘဲ (ပါသွားမှာပါဘဲဘုရား) မပါဇဟုဘူးလား.... (ပါ-ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဒုက္ခသစ္စာ ၂-နံပါတ်ထဲက ၃-နံပါတ် သမုဒယသစ္စာ မသွားဘို့ အရေးဟာ ဘုန်းကြီးရှင်းပြပါမယ်(မှန်ပါ့ဘုရား)တိုင်းကြီး သောင်္ခသဆိုဟာ ရှိဘယ် တကာကြွယ်ရဲ့ နော်-(မှန်ပါ့) သောင်္ခသဆိုတာဟာဆယ် ခြောက် အဲဒီထဲက ဘဂဂတိုင်းမှာ သံသုမာရဂိရိဆိုတဲ့ မိကျောင်းနဲ့တူတဲ့ တောင်ရှိတယ်၊ အဲဒီမှာ ဘုရားက သီတင်းသုံးနေတော်မူဘယ်.... (မှန်လှုပါ)ဘုရားက အဲဒီတိုင်းကို ကြွတော်မူတယ်ဆိုပါစတော့.... (မှန်လှုပါ)။

အဲဒီ တိုင်းမှာ ဘာရှိသတုံးလို့ မေးတော့ သူ့မယ်ဘော်နဲ့ ခမည်းတော်ရှိဘယ်....(မှန်ပါ့) သုဒ္ဓေါဒနနဲ့ မယ်တော်မာယာ လားလို့ မေးတော့ မဟုတ်ဘူး ...(မှန်လှုပါဘုရား) ဒီ အဘိုးကြီးနဲ့ ဒီအဖွားကြီး၏ ဝမ်းထဲမှာ အကြိမ်ငါးရာ ဘုရားအလောင်း ပဋိသန္ဓေနေဘူးတယ်.... (မှန်လှုပါ) ဦးဘအုန်း နည်းသလား.... (မနည်းပါဘုရား)တကာတကာမတို့ အကြိမ်ငါးရာ ဝမ်းထဲမှာ အောင်းလိုက် ထွက်လိုက် ပြန်သေလိုက်.... (မှန်လှုပါဘုရား) ဒီ အဘိုးကြီး အဖွားကြီး အိမ်သောင်ကျပြီး ဒီအထဲမှာဘဲပြန်ပြီး ပဋိသန္ဓေ နေလိုက်ဆိုတော့ အကြိမ် ဘယဲလောက်ဘဲ့....(ငါးရာ ပါဘုရား)နကုလမာဘာနဲ့ နကုလပိုတာပေါ့ဗျာ(မှန်ပါ့)သံသရာ ငါးရာတောင် နေရတယ်ဆိုတဲ့ဥစ္စာ စင်စစ်ဘော့ နေလိုက်, သေလိုက်နေမှာပါဘဲ့....(မှန်ပါ့)ဘယ်.နှယ်ဆိုကြမယ် .... (နေလိုက် သေလိုက်ပါဘုရား) မွေးလိုက် အသက်ငါးဆယ်-ခြောက်ဆယ်ရှိ သေလိုက်....(မှန်ပါ့) တခါ ဒီအဘိုးကြီး အဖွားကြီး ဝမ်းထဲ ပဋိသန္ဓေ နေလိုက်၊အသက် ငါးဆယ်- ခြောက်ဘယ် ပြည့်ဘော့ (သေလိုက်ပါဘုရား)။

ဩော်....ပဋိသန္ဓေနေလိုက် သေလိုက် ဘယ်လောက်တဲ့တုံး.... (ငါးရာပါဘုရား) ပဋိသန္ဓေနေလိုက် သေလိုက် အကြိမ်ပေါင်း ငါးရာ(မှန်ပါ့) ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါဘုရား) ပဋိသန္ဓေနတာလဲ ဇာတိပိ ဒုက္ခသစ္စံ၊ သေတာလဲ မရဏမွိ ဒုက္ခသစ္စံ ဘဲ၊ အကြိမ် ဘယ်နှစ်ကြိမ်ကဲ့လဲ....(ငါးရာပါဘုရား)။

အဲ....အဲဒါ ဘုရား မဖြစ်ခင်တုန်းက ငါမသိခင်တုန်းက ဖြစ်ခဲ့တဲ့ ဒုက္ခတွေတဲ့.....(မှန်ပါဘုရား)ရိပ်မိပလား.... (ရိပ်မိပါပြီ) ငါ သစ္စာမသိခင်တုန်းကဖြစ်ခဲ့တဲ့ဒုက္ခတွေ....(မှန်လှပါ)ပေါ်ကြပလား....(ပေါ်ပါပြီ)ဒီအဘိုးကြီးနဲ့ ဒီအဖွားကြီး ဝမ်းထဲတွင် ပဋိသန္ဓေ နေလိုက် သေလိုက်နဲ့ အကြိမ်ပေါင်း ဘယ်လောက်တဲ့လဲ....(ငါးဆုပါဘုရား)။

ဆောင်း....ဘာသစ္စာတွေ ဖြစ်နေသလဲ... (ဒုက္ခသစ္စာတွေ ဖြစ်နေပါတယ်ဘုရား)ဇာတိ ဒုက္ခသစ္စာနဲ့ မရဏ ဒုက္ခသစ္စာ၊ ကြားထဲကဟာ ဦးဘအုန်း ပါပြီးသား.... (မှန်ပါ့-ပါပြီးသားပါ) တကာ တတာမတို့ ဘုရားအလောင်း ဘယ်နှယ်ကြောင့် ဒီလောက်ကြာကြာ ဒုက္ခရောက်နေပါလိမ့်မတုံး.... (သစ္စာမသိလို့ ပါဘုရား)။

အဲ....ခင်ဗျားတို့ နှုတ်ဆက်တဲ့နည်းကို မသိဘူး....(မှန်ပါ့) ကိုယ့်ဒုက္ခ ကိုယ်အဖြတ်သွားမလို့၊ ဒီဟာကို သူ မသိဘူး.... (မှန်လှပါ)မသိလို့ ဒီ အဘိုးကြီးနဲ့ အဖွားကြီးဝမ်းထဲမှာ ပဋိသန္ဓေ နေလိုက် သေလိုက် အကြိမ်ပေါင်းငါးဆု ဖြစ်ရတာ.... (မှန်လှပါ)ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

အဲဒါ အဘိုးကြီးနဲ့ အဖွားကြီးနဲ့ဟာ အိမ်ထောင်ကျတဲ့ ဘဝ၊ ဒီအဘိုးကြီးနဲ့ ဒီ ပြင်နကုလမာတာ မဟုတ်ဘဲနဲ့ စာခြားသော တကာမနဲ့ အိမ်ထောင်ကျတဲ့ ဘဝနဲ့ ရှိသေးတယ်....(မှန်လှပါဘုရား)အဲဒီထဲမှာလဲ ငါးရာပဋိသန္ဓေနေပြီး ငါးရာ သေဘူးသေးတယ်....(မှန်လှပါဘုရား)။

ဟင်း....ဇကာကြွယ် တစထောင်ပြည့်တော့မှယ် ... (ပြည့်ပါတယ်ဘုရား) တစထောင်ပြည့်သွားပြီ....(မှန်ပါ့) ဒီအဖွားကြီးနဲ့ တခြားသော တကာနဲ့ အိမ်ထောင်ကျပြီး အဲဒီဆထဲမှာ သူပဋိသန္ဓေနရတာ ငါးရာ၊တထောင့်ငါးရာ ဖြစ်သွားပြီ....(မှန်လှပါ)စုံ·အတူတူ နေတုန်းက ငါးရာကိုးဗျ....(မှန်ပါ့) နောက် သူတို့ချင်း ဘဝခွဲ ကဲ့ကဲ့-ကဲ့ကဲ့သွားပြီး ဘုရားအလောင်းက ဒီအထဲမှာချည်း ပဋိသန္ဓေနေရတာ အဘိုးကြီးဘက်က တခြားသော တကာမနဲ့ အိမ်ထောင်ကျလို့ ငါးရာ....(မှန်ပါ့) အဖွားကြီးကလဲ တခြားသော တကာနဲ့ အိမ်ထောင်ကျပြီး အဲဒီဆထဲမှာ သူပဋိသန္ဓေနရတာ ငါးရာ၊တထောင့်ငါးရာ ဖြစ်သွားပြီ....(မှန်လှပါ)စုံ·အတူတူ နေတုန်းက ငါးရာကိုးဗျ....(မှန်ပါ့) နောက် သူတို့ချင်း ဘဝခွဲ ကဲ့ကဲ့-ကဲ့ကဲ့သွားပြီး ဘုရားအလောင်းက ဒီအထဲမှာချည်း ပဋိသန္ဓေနေရတာ အဘိုးကြီးဘက်က တခြားသော တကာမနဲ့ အိမ်ထောင်ကျလို့ ငါးရာ....(မှန်ပါ့) အဖွားကြီးကလဲ တခြားသော တကာနဲ့ အိမ်ထောင်ကျလို့.... (ငါးရာပါဘုရား)ဘယ်လောက်ရှိသွားပလဲ....(ထောင့်ငါးရာပါဘုရား)။

အင်း....ဘာမသိလို့ ဒီလောက်တောင် ဒီ ဒုက္ခကြီး ခံရပါလိမ့်....(သစ္စာမသိလို့ပါဘုရား) ပေါ်ပလား.... (ပေါ်ပါပြီ)

အဲဒါနဲ့ဘဲ ဘဝပေါင်းက ထောင့်ငါးရာဖြစ်နေတော့တကာ့ကြွယ်ရေ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကပိလဝတ်ပြည်ကကြွလာတော့ အံမာလေး သားကြီး ကြွလာတယ်၊ သားကြီးကြွလာတယ်- ဆိုပြီးတော့ အဘိုးကြီးနဲ့ အဖွားကြီးက....(မှန်လှပါ)သားကြီး ကြွလာတယ်၊ အမေ·အဖေတို့အိုမှ ကျေးဇူးဆပ်ဘို့လာသလား၊ စားချိန်လဲမရှိ၊ သောက်ချိန်လဲမရှိ၊ ဝတ်ချိန်လဲမရှိမှာဘဲ ကြွလာတယ်....(မှန်လှပါဘုရား) နောက်ကပါတဲ့

ရဟန်းတွေက တွေးကြတယ်, ဘယ်နှယ်တုံး ကပိလဝတ်ပြည်မှာ ခမည်းတော်သုဒ္ဓါဒနနဲ့ မယ်တော်မာယာတို့၊ အခု ဒီမှာ အဓမ္မသစ် အဖေသစ် တွေ့နေပြန်ပြီ၊ ခက်ကောင်း ခက်ရချည်းရဲ့....လို့ တွေးကုန်ကြတာပေါ့... (မှန်လှုပါဘုရား)။

အဲဒီတုန်း ဘုရားက ပြန်ပြောရတယ်၊ ငါ သစ္စာ မသိတုန်းက ဒီအဘိုးကြီးနဲ့ ဒီအဖွားကြီး အိမ်ထောင်ကျတဲ့အထဲမှာ ပဋိသန္ဓေနေမိတာ အကြိမ်ငါးရာ....(မှန်ပါဘုရား) အဘိုးကြီးကတခြားသော မိန်းမနဲ့ အိမ်ထောင်ကျတုန်း ငါပဋိသန္ဓေ နေရတာ.... (ငါးရာပါဘုရား) အဖွားကြီးက ဒီတကာကြီးနဲ့ အိမ်ထောင်မကျဘဲနဲ့ တပါးသောတကာနဲ့ အိမ်ထောင်ကျလို့....(ငါးရာပါဘုရား)။

အဲဒီက အရှိန်အစော် အာနုဘော်တွေ ခင်မှူ ကိုလေသာတွေကြောင့် သားကြီးကွလာတယ်၊ သားကြီး ကွလာတယ်လို့ ပြောကြတာ....(မှန်ပါဘုရား)ဟိုက အရှိန်ပါတယ်(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတုန်းက အဘိုးကြီးက ဗီဝတ္ထုထုတ်ပြီး ဒီ ပဋိသန္ဓေခဏ်း ပြောနေတာက အားလုံး တကာတကာမတို့ ခင်ဗျားတို့ နှုတ်ဆက် မှုကလေးဘယ်လောက် အဘိုးတန်တယ် ဆိုတာ သိအောင်လို့....(မှန်လှုပါဘုရား)။

သူသစ္စာမသိလို့ထောင့်ငါးရာ.... (မှန်ပါဘုရား) ခမည်းတော်သုဒ္ဓါဒနနဲ့ မယ်တော်မာယာမပါသေးဘူး....(မှန်ပါ) မောင်ဘသော် ပါပလား.... (မပါသေးပါဘုရား)မပါသေးဘူး ဒီ.ပြင် အမေအဖေတွေကော....(မပါသေးပါဘုရား) မပါသေး

ဘူးဆိုတော့ တကာတကာမတို့ထောင်ကျလိုက်-သေလိုက်၊ထောင်ကျလိုက်-သေလိုက်၊ထောင်ကျလိုက်-သေလိုက်၊ ဘယ်ဟာ ကြိုက်သတုံး....(ဘယ်ဟာမှ မကြိုက်ပါဘုရား)။

အမိ ဝမ်းခေါင်းထဲ ထောင်ကျလိုက်....(မှန်ပါ့) ထွက်တော့ သေလိုက်....(မှန်ပါ့) ဘယ်ဟာ ကြိုက်သတုံး.... (ဘယ်ဟာမှ မကြိုက်ပါဘုရား) အဲဒါ သစ္စာမသိသေးယင် ဒီလိုချည်း ပဋိသန္ဓေ နေရမယ်....(မှန်လှပါ) သစ္စာမသိသေးယင်... (ဒီလိုချည်း နေရပါမယ်ဘုရား) ဒုက္ခသစ္စာ....လို့ မသိသေးသ၍ ကာလပတ်လုံး ဒုက္ခဖြတ်ရေးကိုဖြင့် ဘယ်တော့မှ တွေ့ကြမယ်မဟုတ်ဘူး.... (မတွေ့ပါဘုရား)ဒုက္ခဖြတ်ရေး ဘယ်တော့ တွေ့ကြမလဲ....(ဘယ်တော့မှ မတွေ့ပါဘုရား)ဘယ်တော့မှ မတွေ့ဘူးဆိုတာ သေချာပလား... (သေချာပါပြီဘုရား)။

ကိုင်း....ဘုရားအလောင်းကို ဒီ အဘိုးကြီးနဲ့ ဒီအဖွါးကြီး အဆက်ကလေး မပြတ်ဘဲနဲ့ ထောင့်ငါးရာ ဆိုတော့ တကာတကာမတို့ ကိုယ် ကိုယ်ဘိုင် ဝင်အောင်းကြည့်စမ်းပါ....၊ နေရဲကြပါ့မလား(မနေရဲပါ)သေရဲကြပါ့မလား(မသေရဲပါဘုရား)။

အဲ....အခုတော့ နည်းနည်းကဲလေး ကိုယ့်ဒုက္ခ ကိုယ်သိပြီ....(မှန်လှပါ) သစ္စာသိဘယ်... ကိုယ့်ခန္ဓာ ဒုက္ခသစ္စာကြီး ကိုယ်သိတယ်...၊ ကြောက်လှချည်ရဲ့.....နောက်ဒုက္ခ ထင်းဖြစ်ရမှာမျှား ကြောက်လှချည်ရဲ့.....(မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါကြောင့် ကိုယ့်ဒုက္ခ ကိုယ်သိမ်းတဲ့ တရားနဲ့အဖြစ် ရောက်အောင် လုပ်ကြစမ်းပါ....(မှန်လှပါဘုရား)ကုသိုလ်ရအောင်လို့ မယူကြစမ်းပါနဲ့....(မှန်လှပါဘုရား) ကိုယ့်ဒုက္ခ ကိုယ်သိမ်းတဲ့

တရားနာဖြစ် ရောက်အောင် ကြိုးစားပါ....(မှန်လှပါဘုရား) ဦးဘအုန်း ပြောထိုက်ပလား....(ပြောထိုက်ပါတယ်ဘုရား)ရှင်းပြီးနော်....(ရှင်းပါပြီဘုရား)။

ဒါနဲ့ အိမ်ရောက်တော့ နကုလပိတာ တကာကြီးက တပည့်တော်တို့ အသက်အရွယ်ကြီးပါပြီဘုရား....၊ မှတ်သားနိုင်အောင် တိုတိုကလေးနဲ့ မိတဲ့ တရားကို ဟောစမ်းပါလို့ လျှောက်တယ်—(မှန်ပါ့) ဒါဘဲ သူ လျှောက်ဘယ်၊ တိုတိုကလေးနဲ့ မိတဲ့တရားဘဲ ဟောစမ်းပါလို့ ဆိုဘာ မလျှောက်ထိုက်ဘူးလား-(လျှောက်ထိုက်ပါတယ်ဘုရား)။

ဒီအချိန်မှာ အသက် ခုနှစ်ဆယ်လောက် ရှိပြီ...(မှန်လှပါ) ဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို တပည့်တော်တို့ မမှာဘူး၊ အားလုံး မမှာဘူး၊ အဘိုးကြီးလဲ မမှာဘူး၊ အဖွါးကြီးလဲ မမှာဘူး၊ ပြောကြတာပေါ့လေ....(မှန်ပါဘုရား)။

"ယောဟိကောစိ ဂဟပတိ ဣမံ ကာယံ ပရိဟရန္တော မုဟုတ္တံ အာရောဂျံ ဇာနေယျကိ အညတြ ဗာလျာ...."ဒါကဘုရားက ဟောလိုက်တာ....(မှန်လှပါဘုရား) အဓိပ္ပါယ်ကတော့ ဒါပါဘဲ၊ တကာကြီး....တဲ့ ဝိဿနာမျက်လုံး သုတဝါ အရိယသာဝကောဆိုတဲ့ အရိယာတို့၏ မျက်လုံးနဲ့ ကြည့်မယ်ဆိုယင်ဖြင့် ဘယ်အချိန်မှ ကျန်းမာတဲ့အချိန် မရှိပါဘူး၊ခန္ဓာကိုယ်မှာ....(မှန်လှပါဘုရား)ဘယ်အချိန်မှ....(ကျန်းမာတဲ့ အချိန် မရှိပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘုရားက လူမိုက်ဖြစ်ယင် ကျန်းမာပါတယ်လို့ ဖြေလိမ့်မယ်တဲ့....(မှန်ပါ့) တကာကြယ် လူမိုက်ဖြင့်....(လူမိုက်ဖြင့် ကျန်းမာတယ်လို့ ဖြေပါလိမ့်မယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နှုတ်ဆက်နေတာ လူမိုက်ချည်းဘဲ....(လူမိုက်ချည်းပါ ဘုရား) ဘယ် နှယ်တုံး....ဦးဘအုန်း နေကောင်း ကျန်းမာရဲ့လား....(ကျန်းမာပါတယ်ဘုရား)ဟာ....သွားပြီ လူမိုက်ထဲ....(မှုန်လှုပါဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

"ယောဟိကောစိ ဣဟပတိ ဣမဿ ကာယဿ ပရိဟရန္တော"-တဲ့ ဤခန္ဓာကိုယ်ကြီး ဆောင်နေရတဲ့ ပုဂ္ဂိုလ်ဟူသၡဖြင့်....တဲ့ လူမိုက်ကို ချန်လှပ်တဲ့ ကျန်းမာတယ်ဆိုတာ ဘယ်သူမှ မဖြဘူး....(မှုန်ပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဝဲလျင် ဝဲ,နာနဲ့၊ ဆာလျင် ဆာနာနဲ့၊ အောက်ထောက်နေရလို့ရှိယင် တောင့်တင်းတဲ့ အနာနဲ့၊ကုန်းနေရလို့ရှိယင်လဲ ခါးဘက်က အနာနဲ့....(မှုန်လှုပါ ဘုရား) ဒီလိုမှ မနာရလို့ရှိယင် ချေးတွေ သံတွေ ထွက်နေလို့ အိုက်ပူတဲ့ အနာနဲ့....(မှုန်လှုပါဘုရား) ဒီအထဲကမှ မလာလို့ရှိယင် အေးတဲ့ အနာတွေနဲ့ နေခဲ့ရတယ်....(မှုန်ပါ့) ဘယ်အချိန် ကျန်းမာတာ ရှိသလဲ....(ဘယ်အချိန်မှ မကျန်းမာပါဘုရား) သဘောပါလား....(ပါ–ပါပြီဘုရား)။

ဒါဖြင့် ယောဟိကောစိ(ပ) ဗာလျာ....တဲ့ လူမိုက် ချန်လှပ်ကွာ..တဲ့၊ အရိယာတို့၏ တပည့်သား မျက်လုံးနဲ့သာ တပ်ကြည့်မယ်ဆိုယင် ဘယ်အချိန်မှ မကျန်းမာတာ အမှန်ဘဲ-တဲ့....(မှုန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာကြွယ် ကျန်းမာရဲ့လားမေးယင် ဘယ် နှယ်ဖြေမလဲ့... (မကျန်းမာပါ ဘုရား) ဟင်...ခုတော့ ပါးသွားပြီကိုး....(မှုန်ပါ့-ပါးသွားပါပြီဘုရား)။

ရှေးတုန်းကတော့ ခင်ဗျား ပြုံးပြီးတော့ အင်း....ကျန်းမာပါရဲ့လို့ လောက္ခတ်မျှား ခချင်လိုက်သေး....(မူန်လှပါဘုရား) လူကြည့်တော့ဖြင့် တခုန့မှ ကျန်းမာတာမရှိဘူး—(မရှိပါဘုရား) တနာရီမှကော....(မရှိပါဘုရား) မရှိပါဘူး၊ ဟိုဘက် စောင်းရဒီဘက် ရွှေ့.ရ....(မှန်လှပါ) ဦးဘအုန်း တရားကလေး တနာရီဟောတာခဲတောင် အစောင်း-အရွှေ့ လွှတ်ကဲ့လား....(မလွှတ်ပါဘုရား)။

ဟ....ဘာဖြစ်တာတုံး မေးခဲတော့....(မကျန်းမာလို့ပါဘုရား) မကျန်းမာလို့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) အင်း.... လက်ကိုင်ပုဝါလေးတွေ့, မျက်နှာသုတ်ပုဝါကလေးတွေ့ ယူလာခဲ့ကြရတယ်....(မှန်ပါ့) ဟ....ဘာဖြစ်လို့တုံး၊ အို... အနာရှိနေခဲတော့ အနာသုတ်ဘို့....(မှန်လှပါ ဘုရား) ဟို... ပူအိုက်တဲ့အနာခဲတွကျတော့ ချေးတွေ့ ဘာတွေထွက်တယ်(မှန်ပါ့ဘုရား) အနာ့အတွက် ယူခဲ့ရဘယ်ဆိုယင်ကော လဲပါ့မလား...(မလဲပါဘုရား) ခင်ဗျားတို့ကတော့ အနာမသိခဲအောင် ဖုံးပြီး ခချေးကလေးထွက်တဲ့အခါ သုတ်ပစ်တယ်၊ချေးကခဲလုံးစိုယင်....(မှန်ပါ့) စင်စစ် ဘယ်ဟုတ်မလဲ အနာကြီး ပေါက်ခဲနဘာ.... (မှန်ပါ့) တကိုယ်လုံးမပေါက်တဲ့ အနာလား တကာတကာမတို့၊ တခြမ်း တစိပ် တခဲသာ ပေါက်တာလား...(တကိုယ်လုံး ပေါက်တာပါဘုရား)။

အဲဒါ ချေးကခဲလေးထွက်တဲ့အခါ သုတ်ဘို့တဲ့....(မှန်ပါ့) မြို့သုံးတော့ သိပ်ချိုပါကလား....(မှန်လှပါ)တကာကြွယ်—ဒီအတိုင်း သုံးနေကြတယ်ဗျ..(သုံးနေပါတယ်ဘုရား)အနာဖုံး ပစ်တယ်....(မှန်လှပါဘုရား)။

ကဲ·ဒါဖြင့် တကာတကာမတို့ ဘယ်အချိန် အနာကင်းပါ လိမ့်....((ဘယ်အချိန်မှမကင်းပါဘုရား) ဘယ်အချိန်မှ အနာ မကင်းဘူး.. တဲ့ လူမိုက်ချန်ကွာ....တဲ့ လူမိုက်ကတော့ဖြင့် ကျွန်း မာပါတယ်ဆိုဘာသူအမြဲပြောလိမ့်မယ် ... တဲ့ ....(မှန်လှပါ)အရိ ယာမျက်လုံးနဲ့ သုတဝါ အရိယာသာဝကော ဖြစ်ခဲ့လို့ရှိယင် ဖြင့် ကျန်းမာတယ်ဆိုတဲ့အချိန် ရှိကိုမရှိပါဘူးကွ.... (မှန်လှပါ ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာကြွယ် ဒီနွတ်ဆက်လဲသင်ရလိမ့်ဦးမယ်ခင်ဗျား တို့ သတိပေးရဦးမှာဘဲ၊ မပေးယင် ဘော်ပါ့မလား... (မတော် ပါဘုရား) တကာကြွယ် ကျန်းမာရဲ့လားလို့ မေးလို့ရှိယင်ဖြင့် တဲ့ ခန္ဓာရတဲ့နေ့ကစပြီး ကျန်းမာတယ်ဆိုတာ မရှိပါဘူး(မှန်လှ ပါဘုရား)။

ဒါနဲ့ဖြေမှ အတည့်ဘဲ.... (မှန်လှပါဘုရား) ခန္ဓာရကဲ့နေ့က စပြီး....(ကျန်းမာတယ်ဆိုတာ မရှိပါဘုရား)ရှိရဲ့လား....(မရှိပါ ဘုရား) ဆာတဲ့ အနာတွေ၊ ဝတဲ့အနာတွေဆိုကာတွေကလဲ ရှုပ် နေတာဘဲ ...(ရှုပ်နေတာပါဘဲ ဘုရား) ဆာတယ်ဆိုယင် ညနေ ခင်း ဆာနာပေါက်ပြီး စားပြီးပြန်တာ့ ဝတဲ့ အနာပေါက်ပြီ (မှန်လှပါ) မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီတော့ ဆာနာ ဝနာတွေကလဲ တနေ့ ၄·ကြိမ်လောက် ပေါက်တယ်....(မှန်ပါ့) ခွေးထွက်တဲ့ အနာတွေ ရေချိုးချင်တဲ့ အနာတွေကကော....(ပေါက်ပါတယ်ဘုရား)။

ဟာ....ဒါဖြင့် အနာမျိုးစုံ ပြောရမယ်ဆိုယင် ခန္ဓာမှာအပ် သွားချစရာမရှိပါဘူး....(မရှိပါဘုရား) အကုန်ပေါက်နေတာဘဲ ဆိုတာ ရိပ်မိပလား....(ရိပ်မိပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် တကဒ်ကြွယ် နှုတ်ဆက်တတ်ပလား.... (နှုတ်ဆက်တတ်ပါပြီဘုရား) ကဲ....သူများက ကျန်းမာပါရဲ့လား လို့မေးလို့ ရှိယင်ဖြင့် ခန္ဓာ ရတဲ့နေ့ကစပြီး မကျန်းမာပါဘူး.... (မှန်လှပါ) ဒါအတည့်ပါဘဲ.... (မှန်ပါ့) မကျန်းမာတာ သူသစ္စာနဲ့ ဖြေလိုက်တယ်....(မှန်ပါ့) ဘာနဲ့ဖြေလိုက်သလဲ.... (သစ္စာနဲ့ ဖြေလိုက်ပါတယ်ဘုရား) ဒီလူတွေ ဂွ....ချည်းဘဲလို့ တော့ဖြစ်တော့မှာဘဲနော်- ဖြစ်သာဖြစ်၊အားလုံးနဲ့ ဂွ-ဖြစ်ရမှ နေရာကျမှာ(မှန်လှပါဘုရား)ပြောသွားလို့ ရှိယင်ဖြင့်ခင်ဗျားတို့ သည်ကားလို့ ဆိုယာင် သိတဲ့လူနဲ့ မသိတဲ့လူ ဦးဘအုန်း ဘယ်ကများသလဲ....(မသိတဲ့လူက များပါတယ်ဘုရား)။

ဒါဖြင့် ပြောသွားယင် မသိဘဲသွားတဲ့လမ်း သွားသာသွား (မှန်ပါ့ဘုရား) အပါယ်လေးပါး ရောက်မှာဘဲ.... (ရောက်မှာပါဘုရား) သဘောကျပလား....(ကျေပါပြီ) ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရှင်းသွားအောင် ဖြရှာပါတယ်တဲ့၊ လောကကြီးထဲမှာတဲ့ မြေညီနဲ့ မညီညွတ်တဲ့ နေရာနဲ့ ဘယ်ဟာက များသလဲတဲ့ (မညီညွတ်တဲ့မြေက များပါတယ်ဘုရား) ပေါ်ပလား.... (ပေါ်ပါပြီ) ရေမှာကော ကောင်းတဲ့ ရေနဲ့ မကောင်းတဲ့ရေ ဘယ်ဟာကများသတုံး.... (မကောင်းတဲ့ရေက များပါတယ်ဘုရား)။

ဒါဖြင့် အားလုံးပါဘဲတဲ့၊ သစ်ပင်မှာ အသုံးချဖြစ်တဲ့သစ်ပင်နဲ့ အသုံးချမဖြစ်တဲ့အပင် ဘယ်ဟာ များသတုံး....(အသုံးချမဖြစ်တဲ့အပင်က များပါတယ်ဘုရား)။

အေး... လောကကြီးထဲ၌ အသုံးချဖြစ်တဲ့လူကအနည်းကလေးရှိကယ်...(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါကြောင့် တကာကြွယ်တို့ လူစုကိုလဲသူများထဲဈာခဲ့ထုတ် တယ်ဆိုတဲ့အဓိပ္ပါယ်ဟာ ရှင်းပလား....(ရှင်းပါပြီ) အသုံးချဖြစ် တဲ့အထဲ ပါပါစေ....(မှန်လှပါ)။

ကဲ....ဦးဘအုန်း ကျန်းမာရဲ့လားဆို ဘယ်နှယ်ဖြေမတုံး.... (ခန္ဓာရတဲ့နေ့ကစ၍ မကျန်းမာပါဘုရား) ခန္ဓာရတဲ့နေ့ကစပြီး မကျန်းမာပါဘူးဗျာ.... (မှန်လှပါ) တည့်နေတာဘဲ....(မှန်ပါ့) ကျန်းမာတယ်ဆိုယင် ခင်ဗျား ကျင်ကြီးမစွန့်ရဘူးလား.... ကျင် ငယ် မစွန့်ရဘူးလား မေးယင် ဒါ... အနာ ပြည်ပေါက်တာ.... (မှန်လှပါ) မခံပါက်ဘူးလား.... (ပေါက်ပါတယ် ဘုရား) သဘောပါကြလား....(ပါပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေ ရှင်းပါပြီတဲ့ ဒါဘုရားက ဖြေတာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) လူမိုက် ချန်လှပ်ကွာ....တဲ့ ခန္ဓာရတဲ့ပုဂ္ဂိုလ် ဘယ်ခေတ်မှ မကျန်းမာ ဘူးတဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ကိုယ့်ကိုယ်ကို ကျန်းမာလို့ တော်သေးရဲ့ဆိုတာ များသည်ကားဆိုယင် အဘော်ဝေးတယ်....(ဝေးပါတယ်ဘုရား) ဒီအထဲမှာ တကာတကာမတွေ ကျန်းမာကြရဲ့လား မေးယင် ဘယ်နှယ်ဖြေမလဲ....(မကျန်းမာပါဘုရား)။

အေး....တော်လာပြီ တော်လာပြီ....(မှန်ပါ့တော်လာပါပြီ) ခင်ဗျားတို့က ဆေးသမားဝိုင်းမှရတာ ထင်နေတာကိုး....(မှန်ပါ့) စင်စစ် ဆေးသမားဝိုင်းမှရတာ မဟုတ်ပါဘူး၊ကိုယ့်ဆေးနဲ့ကိုယ် ကုနေရတာကိုက မနည်းပါဘူး... (မနည်းပါဘုရား)ဆေးသမား ဆိုတာက အင်မတန် ပြင်းထန်တဲ့ဝေဒနာမှခေါ်တာပါ(မှန်ပါ့)

ကိုယ့်ဆေးနဲ့ကိုယ် သက်သာနေကြလို့....(မှန်ပါ့) ညနေထမင်းကလေး ကျွေးလိုက်တော့ ဆာတာကလေးက ပျောက်သွားတယ် (မှန်ပါ့)။

အင်း-ကျင်ကြီးစွန့်ချင်တဲ့အခါကုဋ္ဌံလိုက်ပို့လိုက်တဲ့အခါကျွတော့ ခုနက စွန့်ချင်တဲ့အနာကလေးဟာ ပျောက်သွားတယ်....(မှန်ပါ့ ပျောက်သွားပါတယ်)ဒါဖြင့် ကိုယ့်ဆေးနဲ့ကိုယ်ကုနေရတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အံမာလေး ကိုယ့်ဆေးနဲ့ကိုယ် ကုနေတာကောင် တကာတကာမတတ်ကမသိဘူး၊ ပုလင်းနဲ့ထည့်မှ ဆေးမှန်းသိနေတာကိုး....(မှန်လှပါ) ခက်လိုက်တဲ့ ဖြစ်ခြင်းမှာ ပြော-မပြောပါဘူးတော့ ဦးဘုအုန်းတို့ ပုလင်းနဲ့ထည့်မှ ဆေးထင်နေယင်အတော်ခက်တယ်နော်....(မှန်လှပါ) ကိုယ့်အိမ်မှာရှိတဲ့ဥစ္စာတွေ ဆေးကုနေတာတွေ တပုံကြီးဆိုတာ ပေါပေါလား.... (ပေါပါပြီ)။

အင်း—အိမ်ဆောက်ထား-ထားတာလဲ ဆေးအိမ်ဗျာ၊ လေနာတွေ ဖြစ်မှာစိုးလို့....(မှန်ပါ့)လေနာဆိုတာ လေကတိုက်လို့ကောတော့ အနေးပတ်တဲ့အနာ.... (မှန်ပါ့ ဘုရား) သိပ်လုံလွန်းပြန်တော့လဲ အပူလောင်တဲ့အနာ....(မှန်လှပါ)။

ဒီလိုဆိုတော့ ခင်ဗျားတို့အိမ်မှာရှိတာတွေဟာ အကုန်ဆေးရုံရယ် ဆေးခွက်ချည်းပါဘဲ(မှန်လှပါဘုရား) ဆေးပစ္စည်းချည်းပါဘဲ....(မှန်လှပါဘုရား)အဲဒါနဲ့ ကုပြီး သက်သာနေကြတာ....(မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ) အနာကင်းလို့လား ... တဲ့ ကိုယ့်ဆေးနဲ့ ကိုယ်ဖါးထေးနေတာလား.... (ကိုယ့်ဆေးနဲ့ ကိုယ်ဖါးထေးနေတာပါဘုရား) ဘာသစ္စာမို့ပါလိမ့်....(ဒုက္ခသစ္စာမို့ပါဘုရား)။

ငါ့မှာကွာ.... ထမင်း စားကောင်းလိုက်တာ တော်- တော် သေးရဲ့....(မှန်လှုပါ) အင်း.... ဝေဒနာ ကုတာမှန်း သူမသိဘူး (မှန်လှုပါ) အတော် ဆိုးဝါးနေတာယ်ဆိုတာ ပေါ်ပလား..., (ပေါ်ပါပြီ)။

ကိုင်း .... ဒါဖြင့် တရော တကာမတွေ၊ ဘုရားသခင် ကိုယ် တော်မြတ်ကြီးက တကာကြီးတဲ့ သူ့ ခမည်းတော်ကို၊ ဘဝ ပေါင်း ထောင်ငါးရာ ဖြစ်ခဲ့ဘူးတဲ့ ခမည်းတော်ကြီးပေါ့ဗျာ၊ နကုလပိတာကြီးကို....(မှန်ပါ့)လူမိုက်ချန်လှုပ် တကာကြီးရတဲ့၊ ခန္ဓာကိုယ် ဆောင်နေရတဲ့ပုဂ္ဂိုလ် ဘယ်တော့မှ မကျန်းမာဘူးဆို တာ မှတ်ထားပါတဲ့....(မှန်လှုပါ) ရှင်းပလား....(ရှင်းပါပြီ ဘုရား)လူမိုက်ကို ချန်လှုပ်ပါတဲ့၊ ခန္ဓာကိုယ် ရှက်ဆောင်နေရတဲ့ ပုဂ္ဂိုလ်များ ဘယ်အခါကာလမှ မကျန်းမာပါဘူး ဆိုတဲ့ဥစ္စာ ဘုရားဖြစ်တာ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေလဲ သြော်....ဘယ် အချိန်မှ မကျန်းမာပါကလားဆိုတာ ပေါ်ကြပလား....(ပေါ် ပါပြီဘုရား) ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသ ပိဋ္ဌနတ္ထောဆိုတာ ပေါ်လာကယ်....(ပေါ်လာပါတယ်ဘုရား) ဒီခန္ဓာက နှိပ်စက်နေတာ....(မှန်ပါ့)ဘယ်သူက နှိပ်စက်နေသလဲ (ဒီခန္ဓာက နှိပ်စက်တာပါဘုရား)။

အဲ....နှိပ်စက်မည့် ခန္ဓာကြီးဆုတောင်းယူတဲ့ ပုဂ္ဂိုလ်များဟာ တကာကြွယ် သစ္စာသီ-မသီ အကဲခတ်စမ်း.... (မသီပါဘုရား) အဲ....ဘဝဆုတောင်းတဲ့ ပုဂ္ဂိုလ်များ သစ္စာမသိလို့ မှတ်ပါ.... (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်-အင်မတန်အရေးကြီးပါ့တယ် (အရေးကြီးပါတယ်ဘုရား) ဒီတွင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တဏှာကြီးကလဲ ခုနစ အလျောက်ထားတယ်၊ အရှင်ဘုရား....တဲ့ အဘိုးအို- အဖွားအိုတွေလဲဖြစ်ကုန်ပြီ၊ မယ်တော် ခမည်းတော်တွေကို တရားရှည်ရှည်ကြီး ကျင့်ရမယ်ဆိုလို့ ရှိယင်လဲ ခဲယဉ်းတယ်၊ ဒီအသက်နဲ့ဆိုတော့ သေမှာက စောသွားလိမ့်မယ်.... (မှန်လှပါဘုရား) တိုတိုနဲ့ မိမိ-တရားကို ပြေးစမ်းပါ....(မှန်ပါ့ဘုရား)။

သူဟာ ခမည်းတော်ကြီးဖြစ်တော့ ရဲရဲတင်းတင်းလျောက်ရဲတာပေါ့....(မှန်လှပါ) သဘောကျပလား.... (ကျေပါပြီဘုရား) ဒီတွင် ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ဘယ်နှယ် ဟာလိုက်သတုံးလို့ မေးတဲ့ အခါကျတော့ တကာကြီးတဲ့ ကိုယ်သာနာ၍ စိတ်မနာစေနဲ့- တဲ့....(မှန်လှပါဘုရား) ဒါကလေးဘဲ ဟောလိုက်တယ်....(မှန်ပါ့) တကာကြွယ် ဘယ်နှယ် ဟောသလဲ....(ကိုယ်သာနာ၍ စိတ်မနာစေနဲ့ပါ ဘုရား) တကာတကာမှ တွေ နားလည်သလား....(မလည်ပါဘုရား)ဒီ တလုံးတည်း ပါ-ပါသေးတယ်၊ ဒီနေ့ တရားကျင့်ရမှာ.... (မှန်ပါ့ဘုရား) ဘာတဲ့တုံး....(ကိုယ်သာနာ၍ စိတ်မနာစေပါနဲ့တဲ့ဘုရား)ကိုယ်သာနာ၍ စိတ်မနာစေနဲ့.....(မှန်လှပါဘုရား)။

တကာ တကာမတွေ ခန္ဓာကိုယ်ဖြင့် နာချင်နာပါစေ၊ ဒုက္ခသစ္စာ အနာကတော့ ရှိနေတာဘဲ....(မှန်လှပါ) စိတ်ကတော့ မနာစေနဲ့တဲ့....(မှန်လှပါ) ဘယ်လိုပါလိမ့်....(ကိုယ်သာ နာချင်နာပါစေ- စိတ်ကတော့ မနာပါပေနဲ့) ကိုယ်သာနာတဲ့ စိတ်

မနာစေနဲ့ ဆိုတဲ့ ဥစ္စာ ဘုရားက တိုတိုဆုံးမတော်မူတာ....(မှန်လှုပါဘုရား)။

ဒီတွင် တကာကြီးက ရိပ်မိတယ်....(မူန်ပါ့) ရိပ်မိတာကလဲ ဒီ တကာ တကာ့မတွေ ရိပ်မိတာလောက်ဘဲ ရိပ်မိပါတယ်.... (မှန်လှုပါဘုရား) ကိုယ်သာနား၍ စိတ် မနာစေနဲ့လို့ ဟော လိုက်တယ်ဆိုတော့ သူ့မှာ ဘဝမျှားစွာ ထောင့်ငါးရာက သား အဘတော်လာတဲ့ သားကြီးက ဟာတဲ့ တရားဆိုတော့အင်မ တန်မှ နှစ်သက်တယ်.... (မှန်လှုပါဘုရား) မျက်နှာတွေ့ ဘာ တွေ ရွှင်ပြသွားတယ်၊ ရွှင်ပြသွားပြီး ဘုရားသခင် ကိုယ်တော် မြတ်ကြီးကလဲ ဒီတရား ဟောပြီးသကာလ တရားကလဲလမ်းဆုံး နေတော့ ဦးဘအုန်း နောက်ထပ် မဆက်ဘူး....(မူန်ပါ့)တကာ တကာမတွေ ဒါလောက်ဘဲ ဟောသွားတယ်....(မှန်ပါ့)။

ဒါလောက်ဘဲ ဟောပြီးသွားတော့ ဘုရားသခင် ကိုယ်တော် မြတ်ကြီး ကြွသွားတဲ့ အခါကျတော့ အရှင် သာရိပုတ္တရာကလဲ ဤဘုဂဂတိုင်းမှာဘဲ ရှိနေကယ်....(မှန်ပါ့) အရှင်သာရိပုတ္တရာဆီ ပြေးတာပေါ့လေ....(မှန်ပါ့)အရှင်သာရိပုတ္တရာက-ဆီးပြီးဟာ-နကုလပိတာ တကာကြီး သားတော်ကြီးက တရားထူး ဟော လိုက်တယ်၊ ထင်တယ်၊ ခင်ဗျား မျက်နှာတွေ့ တယ်ရှင်ပါလား ပဲ့ကနေပြီး နှုတ်ဆက်တာပေါ့လေ....(မှန်ပါ့)။

ဟာ....မရှင်ဘဲ နေ့ပါ့မလှူးဘုရား .... တရားအမြိုက်ဆေး တိုက်ကျေးလိုက်တယ်ဆိုတော့ အင်မတန်မှ ဝမ်းမြောက်တယ်၊ တပည့်တော်တို့ စိတ်ထဲမှာ သားကြီးက-ပေးတဲ့ တရားဆိုတော့ ပိုမိုဝမ်းမြောက်တာပေါ့....(မှန်လှုပါဘုရား)။

ဒါဖြင့်ဗျာ....ကျုပ်ကို ဟောစမ်းပါ၊အဲဒီတရားကို ကျုပ်လဲ မနာရသေးပါဘူး.... (မှန်လှပါ) အရှင်သာရိပုတ္တရာက တရား တောင်းပန်နေတယ်....(မှန်လှပါ) ကိုယ်သာနာ၍ စိတ်မနာစေ နဲ့-လို့ ဟောပါတယ်ဘုရား....(မှန်ပါ့)။

ဒါဖြင့် တကာကြီး ဒီအဓိပ္ပါယ်ကို တစာကြီး သိပါရဲ့ လား-တဲ့....၊မသိပါဘုရား....တဲ့၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဒီ တကာတကာမတွေကော သိပလား.... (မသိသေးပါဘုရား) ကိုယ်သာနာ၍-စိတ် မနာစေနဲ့-ဆိုတဲ့ တရားကို အကျယ် သိပ လား....(မသိသေးပါဘုရား)။

မသိသေးပေမဲ့ နာရိစေ့ပြီးနက်ဖြန်မှ ဟောကြစို့....။

သာဓု....သာဓု....သာဓု

အာမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင် သီတင်းသုံး

နေထိုင်တော်မူသော

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား - အာမရပူရမြို့ ဓမ္မာရုံ၌

ဟောကြားတော်မူသော

ကိုယ်သာနာ၍ စိတ်မနာစေနဲ့မှ အဆက်

ပဋိစ္စသမုပ္ပါဒိတရားတော် (၁၄)

(၅-၁၂-၆၁)

တကာတကလာမတို့ .... ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ဥစ္စာ သံသရာ ဆိုတာလဲသိပြီနော်-(မှန်လှပါ) သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိကိုလဲ ဖြတ်ဘို့ရာ သူမပါဘဲနဲ့ ပြောလို့မရဘူး....(မရပါဘုရား) သံသရာရှည်လျားတာကိုလဲ သူမပါဘဲနဲ့ ပြောလို့မရပါဘူး .... (မှန်လှပါ) သံသရာဖြတ်ချင်လို့ရှိယင်လဲ သူ့ကြည့်ပြီး ဘယ်နေရာက ဖြတ်ရမယ်ဆိုတဲ့ ကိုယ့်ခန္ဓာအစဉ် ပဋိစ္စသမုပ္ပါဒ် မသိဘဲနဲ့လဲ ဖြတ်လို့မရဘူး... (မရပါဘုရား)။

အဲဒီတော့ ဒီပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးဟာ တကဲ့ကြွယ် အလှန်ကျေးဇူးများတယ်ဆိုတဲ့ဥစ္စာ ပေါ်လာတယ်နော် (ပေါ်လာ ပါတယ်ဘုရား) သံသရာ ရှမ်းဖြတ်လို့မှမရဘဲကိုး.... (မှန်လှပါ)။

တနည်းအားဖြင့်ဆိုယင် ဝိပဿနာရှုကြ- ဝိပဿနာ ရှုကြဆို

ပြီး ရှုကြတာဘဲ၊ ဘယ်အကျိုးငှာတုံးလို့ မေးတဲ့အခါကျတော့ နီဗ္ဗာန်ရောက်ဘို့ကိုတော့ ပြောတတ်မှာဘဲ....(မှန်လှုပါဘုရား) ကိုယ့် ခန္ဓာ အစဉ်ဖြတ်တယ်ဆိုတာတော့ သိကြမယ်မဟုတ်ဘူး.... (မသိပါဘုရား) သေသေချာချာ ဥာဏ်နဲ့ စဉ်းစားတော့ ကိုယ့် ခန္ဓာအစဉ် ကိုယ်ဖြတ်လို့ ကိုယ့် ဒုက္ခ ကိုယ်သိမ်းသောကြောင့် ဒုက္ခသိမ်းတာ နိဗ္ဗာန်သို့ရောက်တယ်လို့ ခေါ်ကြတယ်.... (မှန်ပါ့ဘုရား)ရှင်းပလား... (ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် မနေ့က ပြောခဲ့တဲ့ ဘုရားနဲ့ ဘဝပေါင်းငါးရာ မိဘဟော်ခဲ့တဲ့ နကုလပိတာနဲ့ နကုလမာတာဆိုတဲ့ အဘိုးကြီး အဖွားကြီးနှစ်ယောက်ရှိတယ်နော်....(မှန်ပါ့)။

ဘဂုတိုင်း သံသုမာရဂိရိဆိုတော့ မိကျောင်းပုံသဏ္ဌာန်ရှိတဲ့တောင် ဘဂုတိုင်းမှာ ရှိပါတယ်....တဲ့၊ အဲဒီကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကပိလဝတ်ပြည်မှ ကြွသွားဘော်မူတဲ့အခါမှာ သားကြီးကကြီးမှာဲလားတယ်၊ဟို....အမေ အဖေတွေ အင်မတန် အိုမင်း ရင့်ရော်ကုန်ပြီ....လို့ သားဟူသော အမှတ်နဲ့ ခေါ်ကြတယ်....(မှန်လှုပါဘုရား)။

ခေါ်တာကလဲ သူတို့ အကြင်လင်မယားဝမ်းထဲမှာဘဲ ဘဝပေါင်းငါးရာ ပဋိသန္ဓေနေပြီး သေခဲ့ဘူးဟယ်ဆိုတာကိုတော့ဖြင့် ပဋိစ္စသမုပ္ပါဒ် မြင်သဖြင့်လဲ သိမှာပါဘဲ....(မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ကြည့်လိုက်တော့ ဘုရားအလောင်းလဲ အဝိဇ္ဇာတဏှာ မကင်းတော့ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာတွေပေါ်မှာဘဲ .... (ပေါ်ပါတယ်ဘုရား) ပေါ်လို့ရှိယင် ဒီနေရာတွင်ဘဲ သူသေဦးမှာဘဲ....(မှန်လှုပါ) နောက်တခါ သေကြောင်းဖြစ်တဲ့ တဏှာ ဥပါဒါန် ကံတွေ သူအားထုတ်ဦးမှာဘဲ

(ထုတ်မှာပါဘဲဘုရား)အားထုတ်တော့ အနာဂတ် ဘုဝဆိုတဲ့ ၄-နံပါတ်သွားပြီး ဇာတိ ဇရာ မရဏတွေနဲ့ သူကြုံဦးမှာဘဲ....(ကြုံဦးမှာဘဲဘုရား) မကြုံပေဘူးလား....(ကြုံပါတယ်ဘုရား)။

ကြုံတော့ ဒီကြားထဲ နှစ်ခါသေခဲ့ပြီ၊ တခါ အနာဂတ်ဘဝမှာလဲ တဏှာဥပါဒန် ကံတွေက ဝမ်းထဲက ပေါက်ပွားပြန်လို့ ရှိယင်ဖြင့် နောက်တခါ ပြန်ပြီးသကာလ မူလနေရာ ပြန်မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား) ပြန်ရောက်တော့ ဇာတိ ဇရာ မရဏ ပေါ်ပြန်တော့ သေဦးမှာဘဲ.... (သေဦးမှာပါဘုရား)။

ဒါဖြင့် တကာ့ကာမတို့ အသေထပ်တာဟာ အနေထပ်လို့ အသေထပ်တယ်ဆိုတဲ့ဥစ္စာ ဘဝပေါင်းငါးရာ.... (မှန်လှပါဘုရား)။

ဩော်.... ဘုရားအာဇာလာင်းကြီး ဒီနကုလမာတာနဲ့ နကုလပိတာ အမိ ဝမ်းခေါင်းထဲမှာဘဲ မွေးပြီး သေရတာ ဘဝပေါင်းငါးရာလို့ ဆိုတဲ့ဥစ္စာ သူ့သေကြောင်း.. သူ အားထုတ်လို့ သေရတာ.... (မှန်လှပါဘုရား) တကာကြွယဲ ဘယ်လိုမှတ်မယ်.... (သူ့သေကြောင်းအားထုတ်လို့ သေရတာပါဘုရား) သူ့သေကြောင်း အားထုတ်လို့ သေရကာဆိုတော့ ခန္ဓာရလိုက် တဏှာဥပါဒါန် ပြန်ပေါက်ပွားလိုက် သေကြောင်း ပေါ်လိုက်.... (မှန်လှပါဘုရား) ၎င်းသေကြောင်း ပေါ်လိုက်ပြန်ပြီဆိုမှဖြင့် ထို့အတူဘဲ တခါ ခန္ဓာရပြန်-ဖဲ့လိုက်ပြန်.... (မှန်လှပါဘုရား)။

အဲဒီ ခန္ဓာထဲကဘဲ တခါ သေကြောင်းတွေက အားထုတ်ပြန်တော့ သေစရာ ခန္ဓာ ပေါ်လာပြန်တယ်.... (မှန်ပါ့) ပေါ်လာလို့ ရှိယင် သေရဦးမှာဘဲ....(သေရဦးမှာပါဘုရား)ဒီလို သေ

လိုက်-သေလိုက်နဲ့ သံသရာကြီး လှည့်နေလိုက်တာ ဘဝပေါင်း ဘယ်လောက်ပါလိမ့်....(ငါးရာပါဘုရား)။

အဲဒါ ဘယ်နှယ်ကြောင့်... ဘုရားအလောင်းသည်ပင်လျှင် ဒီအမေ- အဖေ ဝမ်းထဲမှာ ဘဝပေါင်း ငါးရာဖြစ်ပြီး.... ဘဝပေါင်းငါးရာ သေရပါလိမ့်မတုံး....လို့ မေးတော့ ခုနက သေကြောင်းတွေ မဖြတ်တတ်လို့.....(မှန်လှပါဘုရား) ဘယ်လိုဆိုကြမယ်....(သေကြောင်းတွေ မဖြတ်တတ်လို့ပါဘုရား)။

သေကြောင်းတွေ မဖြတ်တတ်လို့ဆိုတော့ တကာတရားတွေ ပဋိစ္စသမုပ္ပါဒ် မြင်တဲ့အတိုင်း သိပါပြီ....တဲ့၊ ၂-ကနေ၃-ကူးတဲ့ တရားတွေ ပေါ်ပေါ်နေလို့-လို့ဆိုယင် မလွဲပါဘူး.... (မလွဲပါဘုရား) ၂-ကနေ ၃-ကူးတော့ တဏှာ ဥပါဒါန် ဘဝ.... အဝိဇ္ဇာသင်္ခါရ မလာဘူးလား (လာပါတယ်ဘုရား) ဒါတွေဟာ သေကြောင်းတရားတွေဆိုတာလဲ ရိပ်မိပါပြီ ....(ရိပ်မိပါပြီဘုရား)။

ဒီသေကြောင်းတရား အားထုတ်လို့ရှိယင် သေတယ်ဆိုတာ ပေါ်ဦးမှာဘဲ.... (ပေါ်ပါတယ်ဘုရား) ပေါ်ပြန်လို့ရှိယင်.... ဒီသေတဲ့ထဲမှာဘဲ သေကြောင်းတရား ပြန်ပြီး အားထုတ်ပြန်တယ်။ အားထုတ်ယင် ဒီမှာ တခါ လာဦးမှာဘဲ....(လာပါတယ်ဘုရား) သေတယ်ပေါ်ပြီး သေရဦးမှာဘဲ....(မှန်ပါဘုရား)။

အဲဒါနဲ့ နကုလမာတာနဲ့ နကုတပိတာဝမ်းထဲမှာ-တဲ့- မောင်ဘသော်တို့ ဦးဘအုန်းတို့ ဘဝပေါင်း ဘယ်လောက်.... (ငါးရာပါဘုရား) ငါရားထပ်ဖြစ်တာနော်-(မှန်ပါ) လည်တယ်ဆိုတာ သေချာပလား....(သေချာပါပြီ)။

ဒါတွင် မကသေးဘူး·တဲ့ နကုလပိတာတို့က အဘိုး ဖြစ်ပြီး သကာလ သူက မြေးဖြစ်ပြီးသကာလ.... သေတာတွေက ငါးရာ လောက် ရှိသေးတယ်....(မှန်ပါ့ဘုရား)။

နကုလမာတာက အဖွားကြီး ဖြစ်ပြီးသကာလ သူ့သမီးက မွေးလို့ မြေးထဲမှာ ပဋိသန္ဓေနေပြီး ငါးရာလောက်ကလဲ ရှိသေးတယ်ဆိုတော့ ဦးဘအုန်း ထောင့်ငါးရာလို့ မနေ့က ပြောခဲ့တယ်.... (မှန်လှပါ)မပြောခဲ့ဘူးလား.... (ပြောခဲ့ပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့် ထောင့်ငါးရာ သေပဲကြီးကိုဘဲ ခဲနေရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ သေတဲ့အထဲက သေကြောင်းပေါ်လို့....(မှန်လှပါဘုရား)ဘယ်နှယ်ဆိုကြမယ်....(သေတဲ့အထဲက သေကြောင်းပေါ်လို့ပါဘုရား) သေတယ်ဆိုတာ ဒီခန္ဓာကြီး.... (မှန်လှပါ) ဒီအထဲကနေပြီး ဒါတွေ့ သေကြောင်းတွေ့ပေါ်လာတယ်.... (မှန်ပါ့ဘုရား) ပေါ်တော့ တခါ သေစရာအထည်ဖြစ်တယ်....(ဖြစ်ပါတယ်ဘုရား)။

ဒီသေစရာအထည်ထဲကသေကြောင်းတွေက ပေါက်ပြန်တယ် (ပေါက်ပါတယ်ဘုရား) ပေါက်ပြန်လို့ ရှိယင် ဒီဘက်မှာ လှည့်ပြီး သေထည်ပေါ်ဦးမှာဘဲ....(ပေါ်ဦးမှာပါဘဲဘုရား) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါဘယ်နှယ်ကြောင့်ပါလိမ့်မလဲလို့ မေးတော့ ကိုယ်ခန္ဓာဒုက္ခသစ္စာ သိတဲ့ ဝိပဿနာဉာဏ်- မဂ်ဉာဏ်မလာလို့ဘဲလို့ မှတ်လိုက်စမ်းပါကိုယ်ခန္ဓာ ဒုက္ခသစ္စာလို့ သိတဲ့ မဂ်ဉာဏ် ဝိပဿနာဉာဏ် မလာလို့ဘဲလို့ တကာကြွယ်မှတ်လိုက်စမ်း....(မှန်လှပါ)။

ဒါဖြင့် ဒါမလာသ၍ဟာလဲ ဦးဘအုန်းတို့ မောင်ဘသော်တို့က စဉ်းစားရမယ်၊ သြော်....ဒီ-မဂ်ဉာဏ် မလာသ၍ ဖြစ်ပျက်ရှုတတ်တဲ့ ဒုက္ခသစ္စာ ရှုတတ်တဲ့ ဝိပဿနာဉာဏ် မလာသ၍ ကာလပတ်လုံးဖြင့်.... သေကြောင်းချည်း ပြန်လုပ်နေ မှာဘဲ.... (မှန်လှပါဘုရား)ဘယ်လိုဆိုကြမယ်.... (သေကြောင်းချည်း ပြန်လုပ်နေပါမယ်ဘုရား)။

သေကြောင်းချည်း ပြန်လုပ်နေမယ်ဆိုတာ တကာတကာမတွေ့ ငြင်းစရာ မရှိအောင် မှန်တယ်လို့ ဆိုတာ သဘောကျကြပြီလား....(ကျပါပြီဘုရား)။

သြော်....ဒါဖြင့် ဒီလို ဘယ်နှယ်ကြောင့် သေရပါလိမ့် မတုံးလို့ ခဏခဏတွေးတဲ့အခါကျတော့ သေကြောင်း လုပ်ခဲ့လို့.... (မှန်လှပါဘုရား)ဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(သေကြောင်း လုပ်ခဲ့လို့ပါဘုရား)။

သေကြောင်း လုပ်ခဲ့တော့ သေစရာ အထည်ပေါ်ပါတယ်.... (မှန်ပါဘုရား) ၎င်းသေစရာအထည်နဲ့ နေရတုန်းကို တခါ ဘာကြိုးစားပြန်သတုံး.... (သေကြောင်းကိုကြိုးစားပါတယ်ဘုရား)

ဒါဖြင့် ဒီလို လုပ်ကြစို့၊ သေကြောင်းကြိုးစားလို့ သေထည်ပေါ်တယ်....(မှန်ပါ)သေထည်ထဲကနေပြီး သေကြောင်း ကြိုးစားပြန်လို့ ဟောဒီမှာ သေထည်ပေါ်ပြန်တယ်.... (မှန်ပါ) လှည့်မိပလား....(လှည့်မိပါပြီဘုရား)။

ဒီသေထည်ထဲကနေပြီး သေကြောင်း ကြိုးစားပြန်တယ်....၊ ကြိုးစားတော့ ဒီမှာ ဘာပေါ်သတုံး.....(သေထည်ပေါ်ပါတယ်ဘုရား) သေထည်ထဲကဘဲ မနေနိုင်လို့ သေကြောင်း ဖြစ်တဲ့

တရားတွေ့ မကြိုးစားဘူးလား.... (ကြိုးစားပါတယ်ဘုရား) ကြိုးစားတော့ ဒီဘက်မှာ.... (သေထည်ပေါ်ပါ့တယ် ဘုရား)။

ကိုင်း—ဒါဘဲ လှည့်တယ်....(မှန်ပါ့ဘုရား)သေကြောင်း,သေထည်၊ သေကြောင်း, သေထည်၊ သေကြောင်း, သေထည် ပေါ်တာ ဒါဘဲ လှည့်တယ်....(မှန်လှပါ့ဘုရား)။

ဒါ-ဘယ်နှယ် သေကြောင့် ဒီလှည့်ပတ်ကြိုးနဲ့ စဉ်တိုက်ကြုံရပါလိမ့်မလဲလို့ တကာကြပ်တို့ ဦးလှဘူးတို့ မေးယင် ဘယ် နှယ်ဖြေပါ့မယ်....(သစ္စာမသိလို့ပါဘုရား) သစ္စာမသိလို့ ရှင်းပလား-(ရှင်းပါပြီ) သေထည်ကို သစ္စာမသိဆ၍ ကာလပတ်လုံး သေထည်က သေခြောင်းတွေချည်း အားထုတ်ကြမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ရမ်းပြီးသကာလ တကာတကာမတွေ့ မရှင်းပါနဲ့၊ ဒီ ပဋိစ္စသမုပ္ပါဒ်ကြည့်ပါနော်.... (မှန်ပါ့)။

အတိတ်ဘဝက သေကြောင်း တရားတွေ့ ကြိုးစားခဲ့တယ်....(မှန်ပါ့) ဒါ့ကြောင့်.... ဒီမှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတာ ခန္ဓာတွေ့ ပေါ်တယ်.... (ပေါ်ပါတယ် ဘုရား) ဒါဟာ သေတဲ့ အထည်တွေဘဲ....(မှန်ပါ့)။

ဒီ-အထည်ထဲက တခါဘာတွေ့ ကြိုးစားပြန်သတဲ့ ဆိုတော့ ဘယ် နှယ်ပြောကြမယ်.... (သေကြောင်းတွေ့ ကြိုးစားပါတယ် ဘုရား)။

အဲဒီမှာ အကြောင်းတလှဲဆိုထားတာ ကြည့်ပါ....(မှန်ပါ့) ဒီသေကြောင်း ကြိုးစားတော့.... ဒီဘက်မှာ ဘာပေါ်သတုံး.... (သေထည်တွေ့ ပေါ်ပါတယ်ဘုရား)။

ဒီ သေထည်ထဲကနေပြီး ဘာတွေ့မျှား ကြိုးစားပြန်သတုံးဆိုတော့ ဟာဒီ သေကြောင်းတွေ့ ကြိုးစားတယ်.... (မှန်ပါ့)

ဒါနဲ့ ဒီဘက်မှာ ဘာတွေပေါ်သလဲ.... (သေထည်တွေပေါ်ပါတယ်ဘုရား) သေထည်ထဲက ဘာတွေ ပေါက်ပွားလာသတုံး.... (သေကြောင်းတွေ ပေါက်ပွားလာပါတယ်) ရှင်းပါပြီ....(ရှင်းပါပြီဘုရား) ရှင်းပြီ-ဦးဘအုန်းကြီး....(မှန်လှပါဘုရား)။

ကဲ....ကိုယ့်အဒေါ်ကြောင်း ကိုယ်သိကြပလား....(သိပါပြီဘုရား) ဒါဖြင့် ခုအခါ-သာသနာတွင်း၊ဆရာသမားကလဲ လမ်းကောင်း လမ်းမှန်ကြီး ပြနေတော့ ခင်ဗျားတို့ အရေးဟာ သစ္စာမသိတဲ့ အရေးကို သစ္စာသိအောင် လုပ်ပေးလိုက်လို့ ရှိယင်ဖြင့် သေထည်ထဲက သေကြောင်း မပွားတော့ပါဘူး....(မှန်လှပါ) သေထည်ထဲက.... (သေကြောင်း မပွားတော့ပါဘုရား) ဘာသိမှတုံး.... (သစ္စာသိမှုပါဘုရား) သစ္စာသိမှဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကဲ....တကာကြွယ်တို့...ဦးဘအုန်းတို့က စဉ်းစားတာပေါ့....၊ ဘုရားအလောင်းသည်ပင်လျှင်.... ဒီအမေ- ဒီအဖ- ဒီအဘိုး- ဒီအဖွားလက်ထဲမှာဘဲ သူတို့ဝမ်းခေါင်းထဲမှာဘဲ သူတို့ အမျိုးထဲမှာဘဲ ထောင့်ငါးရာမွေး-ထောင့်ငါးရာသေတယ်.... (မှန်လှပါ) ဒုက္ခသစ္စာဖြစ်ခဲ့တယ်....(ဖြစ်ခဲ့ပါတယ်ဘုရား)၊

ထောင့်ငါးရာမွေးပြီးတော့....(ထောင့်ငါးရာ သေခဲ့ပါတယ် ဘုရား) ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) မွေးတုန်းကလဲ ဇာတိ-ဒုက္ခ၊ သေတော့လဲ မရဏ-ဒုက္ခ၊ ဒုက္ခသစ္စာချည်း ဖြစ်ခဲ့တယ်....(မှန်လှပါဘုရား)။

ဩော်....ဒီဘုရားအလောင်းကြီးဟာ ဘယ်နှယ်မကြောင့် ဒါတွေ သေထည်တွေချည်း ပေါ်ပေါ်နေပါလိမ့်မလဲလို့ မေးလို့

ရှိယင် တကာတကာမတွေ ခုနက ဝိုင်းပြလို့ သိပါပြီ....(သိပါပြီဘုရား)။

သူ သေထည်ထဲက ဘာတွေမျှား ကြိုးစားလို့ပါလိမ့်.... (သေကြောင်းတွေ ကြိုးစားလို့ပါ ဘုရား)ဒီ သေထည်ထဲက ဒါတွေ ကြိုးစားတယ်....(မှန်ပါ့)ဒါတွေ ကြိုးစားတော့ ဆက်သွားတယ်.... (မှန်ပါ့ ဆက်သွားပါတယ်) သေထည်နဲ့ သေကြောင်း ဆက်သွားတယ်....(မှန်ပါ့) တခါ သေကြောင်းနဲ့ သေထည်နဲ့ ဆက်တယ်....(မှန်ပါ့ ဆက်ပါတယ်ဘုရား) မဆက်ဘူးလဲ....(ဆက်ပါတယ် ဘုရား) တခါ သေထည်ထဲက နေပြီး သေကြောင်းတွေ အားထုတ်ပြန်တော့ သေကြောင်း ပေါ်လာတယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီ ပဋိစ္စသမုပ္ပါဒ်တခုလုံးမှာ သေကြောင်း, သေထည် သေကြောင်း, သေထည်၊ ဒါမှတပါး ဘာပါသေးသလဲ....(ဘာမှမပါပါဘုရား)ဥာဏ်ရောက်ကြပြီ....(ရောက်ပါပြီဘုရား)။

အဲဒါ-ဒီလိုချည်း နေတော့ ဘဝပေါင်း ထောင့်ငါးရာဆိုတာ ဦးဘအုန်း-နည်းသေးစာယ်....(နည်းပါသေးတယ်ဘုရား) ဒီ့ပြင် သုဒ္ဓေါဒန မယ်တော်မာယာတို့အထဲ မထည့်သေးဘူး....(မှန်ပါ့) ဒီ့ပြင် နကုလပိတာ, နကုလမာတာတို့ ဝမ်းမှွတပါး တခြားသော ဝမ်းခေါင်းတွေ အများကြီးရှိသေးတယ်(မှန်လှပါ)ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဒါဖြင့် အရိုးတောင်လို ပုံတယ်ဆိုတာဖြင့် ကျွဲနပ်ဘို့ကောင်း ပါပြီ....(ကျွဲနပ်ပါတယ် ဘုရား) စုထားမယ်ဆိုလို့ ရှိယင် မဆုံး ပါဘူး....(မှန်ပါ့ မဆုံးပါဘုရား) လေးရက် အတက်အဆင်း ဦ

ပါလိမ့်မယ်.... (မှန်လှုပါဘုရား)ဒါဟာ ဘုရားတဆူနှင့် တဆူ ကြားတွင်နော်၊ ဟိုဘက်က အဆူတွေကို မထည့်နဲ့ဦး....(မှန်လှုပါဘုရား)။

ကဲ....ဦးဘအုန်း ဖြစ်ချင်သေးသလား....(မဖြစ်ချင်ပါဘုရား) ကဲ....ဒါဖြင့် မဖြစ်ချင် ဘာလုပ်ရမှာတုံးလို့ မေးဘို့ လိုလာဘယ်....(လိုလာပါတယ်ဘုရား) သစ္စာသိအောင် လုပ်ရမယ်....(မှန်ပါဘုရား) မဖြစ်ချင် ဘာလုပ်ကြမယ်....(သစ္စာသိအောင် လုပ်ကြရပါမယ်) သစ္စာသိအောင် လုပ်ရမယ်ဆိုတာ ဓာသျှာကြပလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီတရားတွေဟာ ဘာသစ္စာလဲ(ဒုက္ခသစ္စာပါဘုရား) အဲဒီ အသိကလေး ဒီကနေမှတ်၊အသိကလေးက ဒီ အစပ်ပေါ်ကနေ သွင်းလိုက်....(မှန်ပါ)ဒီ အသိကလေးသည် ဒီ အစပ်ဖြတ်တဲ့ အသိ....(မှန်လှုပါဘုရား)။

ဒီလိုဆိုလို့ ရှိယင် သေကြောင်းပေါ်သေးရဲ့လား...(မပေါ်ပါဘုရား) သေထည်ကော....(မပေါ်ပါဘုရား) နောက် သေထည်တွေက ဒီ သေကြောင်းကော....(မပေါ်ပါဘုရား)။

ဩော်....ဒါဖြင့်လဲ တကာကြွယ်တို့,ဦးဘအုန်းတို့ သိပြန်တော့လဲ အလွယ်ကလေးပါ....(မှန်လှုပါဘုရား) သိပြန်တော့လဲ.... (အလွယ်ကလေးပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားအလောင်းသည်ပင်လျှင် .... ထောင့်ငါးရာ ဒီအမေနဲ့ ဒီအဖ, ဒီအဘိုးနဲ့ ဒီအဖွါး ဒီမှာဘဲ သေကြောင်း သေထည်တွေ ဖြစ်ပြီးသကာလ လာခဲ့ရတာ ဘုဝပေါင်းတနှထောင့်ငါးရာဆိုတော့ တကာတရာမတို့ အင်မတန်မျှားလှန်းတယ်.... (မျှားလှန်းပါတယ်ဘုရား)။

အဲဒါ အသေကောင်းလား-အသေဆိုးလားလို့ မေးမနေနဲ့ အသေဟူသ၍ အဆိုးချည်းဘဲလို့ မှတ် (မှန်လှပါ ဘုရား) အသေဟူသ၍ဟာ....(အဆိုးချည်းပါဘုရား) အဆိုးချည်းလို့ ဆုံးဖြတ်ချက် ချစမ်းပါ....(မှန်လှပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီတခါမှ တကာကြွယ်တို့ မောင်ဘသော်တို့ ဇာတ်မသိမ်းတော့ဘူးဆိုယင်ဖြင့် ဒီအဝိုင်းထဲမှာ ထ,ပြေးလိုက်-သေလိုက်....(မှန်လှပါ) ထ,ပြေးလိုက်-သေလိုက် ဒီလိုချည်း နေမှာဘဲ....(မှန်လှပါဘုရား)။

အဲဒီဘော့ကို....တဲ့ ကိုယ့်ခန္ဓာ ယခုရောက်ဆဲ ခန္ဓာဆိုတာ ၁-ထဲမှာလား....၂-ထဲမှာလား....(၂-ထဲမှာပါဘုရား) အဲ....၂-ထဲမှာ ရှိဘာတွေဟာ ဒုက္ခသစ္စာ....(မှန်ပါဘုရား)အဲ....ဒုက္ခသစ္စာသိတတ်တဲ့ ဝိပဿနာဉာဏ်နဲ့ ကြည့်ပေး....(မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား) တကာကြွယ်....အင်မတန် အရေးကြီးနေပါတယ်....(မှန်လှပါဘုရား)။

အားလုံး တကာ့ကာမတွေ....နောက် ဘဝပေါင်းများစွာ သူများပါးစပ်ထဲ သေရ,ငရဲလဲ သေရ,သစ်ပင်ပိုလို့ သေရ,ငလျင်လှုပ်လို့ သေရ အာမျိုးမျိုး သေရဆိုတာသည် သေချင်လို့ သေရတာလား။ သေကြောင်းလုပ်မိလို့လား....(သေကြောင်း လုပ်မိလို့ပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီတကာတကာမတွေ ဘယ်လို ဇာတ်သိမ်းကြမယ်ဆိုတာကော ယခု နည်းရပလား....(ရပါပြီဘုရား) ယခု သေထည်ကို ဘာရှုရမလဲ....(ဖြစ်ပျက် ရှုရပါမယ်) ဒုက္ခသစ္စာလို့

ဝိပဿနာ ရှုရမယ်....(မှန်ပါ့) ယခု သေထည်ကို....(ဒုက္ခသစ္စာလို့ ဝိပဿနာ ရှုရပါမယ်ဘုရား)။

ယခု သေထည်ဟာ နံပါတ် ဘယ်လောက်မှာပါလို့(နံပါတ် ၂-မှာပါဘုရား) နံပါတ် ၂-ထဲက ပါတဲ့ စိတ်ရှုရှု၊ ဝေဒနာရှုရှု၊ ဖဿ ရှုရှု၊ကြိုက်တာရှုပါ တဲ့၊သေကြောင်းပြတ်ပါတယ်....(မှန်ပါဘုရား) ၂-နံပါတ်ကို တကာတကာမတို့....မင်္ဂလာ ရှုလိုက်လို့ ရှိယင်ဖြင့် သေကြောင်းမပေါ်ပါဘူး(မှန်ပါဘုရား)ရှင်းပလား-(ရှင်းပါပြီ) ဘာ မပေါ်ဘူးတဲ့....(သေကြောင်း မပေါ်ပါဘုရား)။

အဲ့....ဒီ ၃-နံပါတ် မပေါ်ဘူးပြောတာ(မှန်ပါ့)ဘာ မပေါ်ပါလို့....(၃-နံပါတ်မပေါ်တာပါဘုရား) နို့မဟုတ်လို့ ရှိယင် ကိုယ်ကိုယ်တိုင် သေရဘာက ဘဝပေါင်းငါးဆု....(မှန်လှပါဘုရား)ကိုယ့်သားသမီးသေလို့ မျက်ရေကြီးငယ်ကျပြီးသကာလ နေရတာတလဲ ဦးဘအုန်း ရေတွက်နိုင်ပါ့မလား-(မရေတွက်နိုင်ပါဘုရား)အမေ အဖေသေလို့ မျက်ရေကျရတာကကော....(မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်ဘူး၊ ဒါဖြင့် တယောက်တယောက်၌ သေတဲ့ မျက်ရေ သမုဒ္ဒရာရေ လေးစင်းလောက် ရှိတယ်ဆိုတာလဲ ယုံဘို့ပါဘဲ....(မှန်ပါဘုရား) လမ်းက ပြောင်းမှ မပြောင်းဘဲ....(မှန်ပါ့)။

ကြည့်ပါ တကာ တတာမတို့ လမ်းပြောင်းသေးသလား....(မပြောင်းပါဘုရား) သေထည်ထဲက ဘာ ပေါက်ပွားသတုံး....(သေကြောင်း ပေါက်ပွားပါတယ်) သေကြောင်း ပေါက်ပွားတော့ သေထည်အကျိုးတွေ မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီ အကျိုးထဲက ဘာတွေပေါက်ပွားသတုံး-(ယေကြောင်းတွေ ပေါက်ပွားပါတယ်) နောက် ဘာထည်ပေါ်သတုံး....(သေထည်ပေါ်ပါတယ်ဘုရား) ဒါဘဲ ဦးလှဘူး လှည့်နေတယ်.... (မှန်လှုပါဘုရား)။

သေလိုက်, ယေကြောင်း အားထုတ်လိုက် ဟုတ်လား....(မှန်ပါ့ဘုရား) အင်း... သေလိုက်ပြီးသကာလ သေကြောင်း အားထုတ်ထားပြန်တော့ နောက်-သေထည် တခါပေါ်တယ်-(ပေါ်ပါတယ်ဘုရား) သေထည်ထဲကနေ ဘာတွေကြိုးစားပြန်သတုံး-(သေကြောင်းတွေ ကြိုးစားပါတယ်ဘုရား) သေကြောင်း ကြိုးစားပြန်တော့ နောက်,ဘာထည်ပေါ်သတုံး....(သေထည် ပေါ်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် သမုဒယနဲ့ ဒုက္ခသာ လှည့်နေတယ်- (မှန်ပါ့) ဦးဘအုန်းရေ....ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား) အားလုံး တကာတကာမတွေကော သံဝေဂရဘို့ ဟောတာလား... တဲ့ မိမိတို့ သွားလမ်းသည် ဒီအတိုင်းသွားနေလို့ ဒီအတိုင်းဖြစ်တာကို ပြတာလားဆိုတာလဲ အကဲခတ်ကြစမ်းပါ.... (ဒီအတိုင်းသွားနေလို့ ဒီအတိုင်းဖြစ်တာပါဘုရား) ဖြစ်စဉ်ပြတာ.... (မှန်ပါ့) ခင်ဗျားတို့ သံဝေဂရဘို့ ကြောက်ဘို့, လန့်ဘို့ ပြတ်ဝမဟုတ်ပါဘူး (မှန်ပါ့) ကိုယ်အရုပ်ဆိုးတာတို့ ကိုယ်မြင်အောင် ပြတာဇာခုပါဘဲ....(မှန်လှုပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဘာဝဲ့တုံး.... (ကိုယ်အရုပ်ဆိုးတာကို ကိုယ်မြင်အောင်ပြတာပါဘုရား)။

အဲ....ကိုယ် ဒုက္ခစက်လည်နေတာကြီးကို ကိုယ်မသိလို့ ဒီစက်ဝိုင်းနဲ့ လှုပ်ပြတာ ရှိတာပါဘဲ ဦးဘအုန်းရာ....(မှန်လှုပါဘုရား)

သံဝေဂရဘို့ ချောက်လှန့်ဟောနေတာဘဲလို့ ဒီလိုမယူနဲ့....(မယူပါဘုရား)။

ဒီလို မယူပါနဲ့....တဲ့....၊ ကိုယ့်ဖြစ်စဉ်ဟာ ဒီအတိုင်းဘဲလို့ ထားပြီးတော့ ကိုယ့်ဟာကိုယ်ဖြတ်ပါ.... (မှန်လှပါ) ဖြတ်ချင်တော့ ၂-နံပါတ် လက်ရှိခန္ဓာကြီးကို ပစ္စုပ္ပန်ခန္ဓာကြီးကို မင်္ဂဝင်ပြီး ဆရာကောင်း,သမားကောင်းပေးတဲ့ မင်နဲ့ ရှုလိုက်လို့ ရှိယင် ပြတ်တာ ကောန်ပါဘဲ....(မှန်လှပါဘုရား) မပြတ်ပါနဲ့ဆိုလို့.... (မရပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

နို့မို့လို့ ရှိယင် ဒီအမေသေလို့ငိုး၊ ဒီအဖေလေလို့ငိုး.... (မှန်ပါ့) အင်း....ဟင်.... ကိုယ့်အတွက် ငိုးဘဲ....၊ တငိုတည်း ငိုနေရမှာဘဲ- (မှန်ပါ့) ငိုသာ ငိုရတယ် ငိုပဲ့ဆင်ပြီး ကိုယ့်ဟာ ကိုယ် သေပဲ့ဆင်ရမှာဘဲ.... (မှန်ပါ့ဘုရား) သားတွေ သမီးတွေ သေတယ် ငိုပဲ့ဆင်၊ တော်တော်ကြာ ကိုယ်ကိုယ်တိုင် သေပဲ့ဝင်.... (မှန်ပါ့ဘုရား) တကားကြွယ် ဒါဘဲလှည့်မှာဘဲ.... (ဒါဘဲ လှည့်ပါတယ်ဘုရား) ဒီကြား ဘာရှိသေးသလဲ..... (ဘာမှ မရှိပါဘုရား)။

ကိုင်း....သား-လွင်-ခင်ပွန်းနဲ့ အိမ်ထောင်ကျပြန်လို့ ရှိယင်.... သူသေ,ငါသေဆိုတာကတော့ သေမည့်သူချင်း အိမ်ထောင်ကျတာကိုး....(မှန်လှပါဘုရား) သူသေလို့ ရှိယင် ကိုယ်ငိုဘဲ၊ ကိုယ် သေလို့ ရှိယင် သူငိုဘဲ.... (မှန်လှပါဘုရား) ဆုံးနိုင်ကြပါမလား (မဆုံးနိုင်ပါဘုရား)။

အဲဒီ မဆုံးနိုင်တာ ဘာဖြစ်လို့ မဆုံးနိုင်သတုံး....လို့ ဦးဘအုန်းတို့ မောင်ဘသော်တို့ မေးယင် သြော်.... သေထည်ထဲက သေကြောင်း အားထုတ်လို့....(မှန်လှပါဘုရား) ဘယ်လိုဆိုကြ

မယ်.... (သေထည်ထဲက ဓသေကြောင်းအားထုတ်လို့ပါဘုရား) သေထည် ခန္ဓာထဲက နေပြီး.... သေကြောင်း အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကံ ဘဝတွေကို ကြိုးစားလို့.... (မှန်လှပါဘုရား)တော်တော်အရုပ်ဆိုးနေပြီ....(ဆိုးပါတယ်ဘုရား) ဦးလှဘူး ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် အဲဒီ သေကြောင်း သေထည်တွေကို မဖြည့်ရအောင်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကြွလာတော့ တကာကြီးကလဲ အမိ,အဘပေါင်း ထောင့်ငါးရာဆိုသလို တော်ဘူးတော့ လျှောက်ရဲ ထားရဲက ရှိနေတယ်....(မှန်ပါ့)။

တကာကြီး ရောက်ရောက်ခြင်း ခန္ဓာကိုယ် ကျန်းမာ၍ ချမ်းသာရဲ့လား....လို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် တပည့်တော်တို့ အိုပါပြီဘုရား ပြောတယ်နော်....(မှန်ပါ့)ဟုတ်တယ် တကာကြီးတဲ့....၊ ဒီ ခန္ဓာကိုယ်ကြီး ဆောင်နေရဟဲ့ ပုဂ္ဂိုလ်များဟာ.... ၉၆-ပါး ရောဂါတွေဟာ ခဏခဏမပြတ်ပေါ်တဲ့ ခန္ဓာကိုယ်ကြီး ဆောင်နေရတော့ လူမိုက်သာ မသိတာ၊ လူလိမ္မာ ဘယ်တော့မှ ခန္ဓာထမ်းနေရတာ ကျန်းမာတယ်လို့ မရှိဘူး- (မှန်ပါ့ဘုရား)။

ဒါ့ မှတ်ထားစမ်းပါလို့ ဘုရားက ရှေးဦးစွာ စပြီး တရားဟောတာ-(မှန်ပါ့ဘုရား)ခန္ဓာဝန် ထမ်းလမားဟူသ၍ မကျန်းမာတဲ့ ခန္ဓာ ထမ်းနေရတာဘဲဆိုတာ မှတ်ပါ- (မှန်လှပါဘုရား) ခန္ဓာဝန် ထမ်းသမားကဖြင့်.... (မကျန်းမာတဲ့ ခန္ဓာ ထမ်းနေရတာပါဘဲဘုရား)မကျန်းမာဘဲ့ ခန္ဓာဆိုတဲ့ဥစ္စာ ဦးဘအုန်း ရိပ်မိပလား....(ရိပ်မိပါပြီ)ဘယ်အချိန်ကျန်းမာသလဲ....(ဘယ်အချိန်မှ မကျန်းမာပါ ဘုရား) ပူနာ,အေးနာ,ဆာနာ,ဝ-နာ,ရှိ-မရှိ

(ရှိပါတယ်ဘုရား) ပူနာ, အေးနာ, ဆာနာ, ဝ-နာ ဆိုတာတွေ့ကတော့ မလွဲသာလို့ကို တွေ့ရမယ်.... (တွေ့ရပါမယ်ဘုရား) ကျင်ကြိမ် စွန့်ချင်တဲ့ အနာကော....(တွေ့ရပါမယ်) ကျင်ငယ် စွန့်ချင်တဲ့အနာ....(တွေ့ရပါမယ်)လေအောက်-လေစုန်ရတဲ့ အနာ-(တွေ့ရပါမယ်ဘုရား)။

တွေ့မှာဘဲဆိုတာ ရိုပ်မိကြပလား.... (ရိုပ်မိပါတယ်ဘုရား) ဘယ်အချိန် အန္တရာယ်ကင်းလို့ ဘေးရှင်းသလဲ.... (ဘယ်အချိန်မှ မကင်းပါ)လူမိုက်ကို ချုန်လှုပ်ပါတဲ့၊လူမိုက်ကတော့ ဒုန်းဆမား ဘာမှ မသိဘူး ကျန်တဲ့ ပုဂ္ဂိုလ်ဟာဖြင့်.... (မှန်ပါ) ကျန်တဲ့ ပုဂ္ဂိုလ်များဟာဖြင့် ခန္ဓာကိုယ် ဆောင်နေရတာဟာ ဘယ်အချိန်မှ မကျန်းမာဘူးလို့ တကာကြီး မှတ်ထားပါ....လို့ သူဖ,ခမည်းတော်ကို ဟောလိုက်တယ်.... (မှန်လှပါဘုရား)။

ဒါဖြင့်ဘုရား....တဲ့၊ တပည့်တော် ဒီခန္ဓာကြီးဟာ.... ဘယ်အချိန်မှ မကျန်းမာကြောင်းလဲ သိပါပြီ၊ တပည့်တော် အဘိုးကြီးလဲ ဖြစ်နေ-အိုလဲအိုပါပြီ၊သူများလိုလဲ တရားရှည်ရှည် ကျင့်နိုင်ဘို့ရာလဲ အချိန်က မရတော့ဘူး၊ အဲဒါကြောင့် တပည့်တော် လည်ကားဆိုယောင် တရားတိုတိုကလေး ပေးပါ၊ တံရား တိုတိုကလေး ကျင့်ချင်ပါတယ်လို့ ဦးဘအုန်း တရားတောင်းတယ်-(မှန်လှပါဘုရား)နကုလပိတာ တဲကာကြီးက တရားခံတောင်းပါတယ်....(မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ)။

အဲဒီမှာလဲ ဘယ်လို ဟောလိုက်သတုံးဆိုတော့ "အာတုရကာယဿ မေ သတော စိတ္တံ အနာတုရံ ဘဝိဿတိ၊ ဧဝံ ဟိ တေ ဂဟဝတိ သိက္ခံ တဗ္ဗ" လို့ တိုတိုဘဲ ဟောလိုက်တယ်-(မှန်ပါ)။

မေ=ငါ့အစ်း၊ အာတုရကာယဿ=အမြဲ ကြင်နာတဲ့ ကိုယ်ရှိသည်၊ သတော=ဖြစ်လျက်၊ စိတ္တ=စိတ်သည်၊အနာတုရံ=ကြင်နာခြင်း မရှိသည်၊ ဘဝိဿတိ =ဖြစ်လတ္တံ့၊ ဧဝ = ဤသို့လျှင်၊ ဂဟ္ဘပတိ=သူကြွယ်ကြီး၊ တေ=သင်သည်၊ သိက္ခံတဗ္ဗံ=ကျင့်လိုက်စမ်းပါ။

ဒါက ပါဠို၊ ဘယ်သူမှ နားလည်မှာ မဟုတ်ဘူး....(မှန်ပါ့) စင်စစ်တော့ဖြင့် ကိုယ်သာနာ၍ စိတ်မနာစေနဲ့ တကာကြီး ဒီလို ကျင့်....(မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)ဘာတဲ့တုံး.... (ကိုယ်သာနာ၍ စိတ်မနာစေနဲ့၊ ဒီလို ကျင့်ရမယ်တဲ့) ကိုယ်သာနာ၍ စိတ်မနာစေနဲ့ တကာကြီး ဒီလိုကျင့်ပါ....(မှန်ပါ့) ဦးဘအုန်း ဘာတဲ့တုံး.... (ကိုယ်သာနာ၍ စိတ်မနာစေနဲ့- ဒီလို ကျင့်ပါ....တဲ့ဘုရား)။

အဲ့ဒီလို ကျင့်ပါလို့ ဆိုတာ ဒီ ကျင့်လုံးကလေး မွှတ်ထားပါ-(မှန်လှပါဘုရား) နောက်မှ ဘုန်းကြီးအလုပ်နဲ့ တကွ အဓိပ္ပါယ် ရှင်းပြပါမယ်....(မှန်လှပါ) ဘုရား တိုတိုကလေး ဟောလိုက်တဲ့ တရား ဘာပါလိမ့် တကာတကာမတို့.... (ကိုယ်သာနာ၍ စိတ်မနာစေနဲ့)ကိုယ်သာနာ၍ စိတ်မနာဘဲနဲ့ ကျင့်ရမယ်....(မှန်လှပါဘုရား)ကျင့်ကလေး ထည့်ပေးပါ....(မှန်ပါ့) ဘာတဲ့တုံး တကာတကာမတို့.... (ကိုယ်သာနာ၍ စိတ် မနာဘဲနဲ့ ကျင့်ရပါမယ် ဘုရား) ကိုယ်သာနာ၍ စိတ်မနာအောင် ကျင့်ပါလို့ ဘုရားက ဆုံးမလိုက်တယ်.... (မှန်ပါ့) ဒါဘဲ ဟောတာဘဲ ဘုရားက....(မှန်ပါ့)။

ဒါ ဟောပြီးသကာလ ဘုရားကလဲ ကွဲသွားတယ်၊ တကာကြီးကလဲ တရားနာလိုက်ရတာ ရှိတာဘဲ၊ အဓိပ္ပါယ် မသိဘူး....

(မှန်လှုပါ)အဓိပ္ပါယ် မသိတော့ မောင်ဘသော်ရေ.... ဒီ ဘဂ္ဂ တိုင်းမှာဘဲ အရှင်သာရိပုတ္တရာကြီးကလဲ ရောက်နေတာယ်.... (မှန်ပါ့ဘုရား)။

အရှင်သာရိပုတ္တရာ ရောက်နေတယ် ဆိုတာကို နကုလပိတာ တကာကြီးက ကြားတော့ ဘုရားလဲ ကြွသွားရော အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးလဲ ကြွရောက်လာတယ် ဆိုပြီးသကာလ တောင်တွေ ကျော်ကျော်- ကျော်ကျော်ပြီး အရှင်သာရိပုတ္တရာ ရှိရာသို့ သွားလိုက်တယ်....(မှန်ပါ့)။

အရှင်သာရိပုတ္တရာကြီးက ဆီးနှုတ်ဆက်တယ်၊ တကာကြီးက ဖြင့် မျက်နှာတော့ သိပ်ရှင်ပါကလား၊သားတော်ကြီးကတကယ် ဆုကြီး, လာဘ်ကြီးတွေ ပေးတယ်ထင်ပါရဲ့၊ ဒါကြောင့် မျက် နှာတွေ ဒီလောက်ရှင်ပြီး ကျုပ်ဆီ ရောက်လာဘာဘဲ....လို့ အရှင်သာရိပုတ္တရာက စကားသန်းပြီး ပြောလိုက်တယ်.... (မှန်လှုပါဘုရား)။

ဟာ.... ဘယ်နှယ် မရှင်ဘဲ နေမလဲဘုရား၊ တရားတည်းဟူသော အဘိသိက်ရေတွေ ဖျန်းလိုက်တော့.... တပည့်တော်မှာ သားကြီးက ပေးတဲ့တရားလဲ ဖြစ်ပြန်တော့ ဘယ်မှာ မရှင်ပြန်ဝင် ဘဲ နေပါ့မလဲလို့ လျှောက်လိုက်တယ်.... (မှန်ပါ့ဘုရား) နို့.... ဘာ ဟောသတုံး၊ ပြောစမ်းပါဦး....တဲ့၊ "အာတုရကာယသာ မေ သတော စိတ္တံ အနာတုရံ ဘဝိဿတိ၊ဧဝံ ဟိတေ ဂဟပတိသိက္ခံ တမ္ဗ"-လို့ ဟောလိုက်ပါတယ်၊ကိုယ်သာနာ၍ စိတ်မနာအောင် ကျင့်ပါလို့ ဟောပါတယ်ဘုရား....(မှန်ပါ့)။

နို့.... တကာကြီး မမေးဘူးလား-ကိုယ့် သားကို....၊ ဘယ်ဟာ ကိုယ်တုံး, ဘယ်ဟာ စိတ်ဘုံး ဘယ်လို မနာအောင် လုပ်ရမှာတုံးလို့ တကာကြီးက မမေးဘူးလားတဲ့.... (မှန်ပါ့) အရှင်သာရိပုတ္တရာကပေါ့လေ.... (မှန်လှပါဘုရား) တပည့်တော် မမေးပါဘူး ဘုရား... တဲ့။

နို့....တကာကြီး ဒီဥစ္စာ မမေးတော့ ကိုယ်ကိုယ်တိုင် သိနေသလား....လို့ ဆိုတာဘေ့လဲ တကာကြွယ် မေးတယ်.... (မှန်လှပါဘုရား) ဒီလိုလဲ မသိပါဘူး....တဲ့—(မှန်ပါ့ဘုရား)။

ဒါဖြင့် မေးလဲ-မမေးဘူးဘဲ့၊ သူ သိလဲ-မသိဘူးတဲ့၊ တရားနာရလို့ ဝမ်းသာတာဘဲသိဘယ်....(မှန်ပါ့ဘုရား) ရှင်းလလား.... (ရှင်းပါပြီဘုရား)။

သိရဲ့လား....(မသိပါဘုရား)ဘာဖြစ်လို့ ဝမ်းသာပါလိမ့်.... (တရားနာရလို့ ဝမ်းသာပါတယ်ဘုရား) ဘဝပေါင်းများစွာ ထောင့်ငါးရာက သားအဘ၊ မြေးအဘိုးတော်လာလို့ ပေးတဲ့ တရား နာရလို့ ဝမ်းသာတာဘဲရှိတာဘဲ.... (မှန်ပါ့) အဓိပ္ပါယ်တော့ မသိဘူး....(မသိပါဘုရား)။

အရှင်သာရိပုတ္တရာက ဆီးမေးတာကြည့်ပါလား တကဲာကြီး ကိုယ်သာနာ၍ စိတ်မနာတဲ့အကျင့်-ကျင့်ပါလို့ သားတော်ကြီး ဘုရားက ဟောတော့ တကာကြီးဟာ ကိုယ်ဆိုတာဘယ်ဟာတုံး စိတ်ဆိုတာ ဘယ်ဟာတုံးလို့ မမေးလိုက်ဘူးလားလို့ ဆိုတော့ တပည့်တော် မမေးလိုက်ပါဘူး-ပြောတယ်,... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာကြီး ကိုယ်-ကိုယ်တိုင် သိရဲ့လားလို့ မေးပြန်တော့ ကိုယ်-ကိုယ်တိုင်လဲ မသိပါဘူးဘုရားတဲ့.... (မှန်လှပါ)။

ဒါ့ကြောင့် မသိလို့ တပည့်တော်သည် အရှင်ဘုရားထံ ပြေးလာတယ်....(မှန်ပါ့) အရှင်သာရိပုတ္တရာထံ ပြေးလာတာ။ ဟိုက တရားတော့ နာခဲ့ရတယ်.... (မှန်ပါ့) တရားတော့ ပါးစပ်ထဲရောရဲ့....(မှန်လှပါဘုရား) အဓိပ္ပါယ်တော့ မသိဘူး....(မသိပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တချို့တစ်ချို့တကာမတော့မှာ စာအုပ်တွေ ကြည့်, ကြည့်ပြီး သကာလ တကာကြွယ် အဓိပ္ပါယ် မသိတော့ အလကားဘဲ.... (မှန်လှပါ) သံဝေဂရရုံဘဲ....(မှန်ပါ့)။

တချို့ စာအုပ်ကလေးနဲ့ ဦးဘအုန်း တင်းတိမ်နေတဲ့ လူရှိသေးတယ်....(ရှိပါတယ်ဘုရား) ဒီ စာအုပ်ထဲမှာခန္ဓာပါသလား လို့ မေးယင် ဘယ်နှယ်ပြောမလဲ....(မပါ-ပါဘုရား)အသိဉာဏ် ပါသလားလို့ မေးယင်ကော....(မပါ,ပါဘုရား)။

ဒါဖြင့် ခန္ဓာထဲမှာ သိမှု အသိကိုးဗျ.... (မှန်ပါ့) စာထဲမှာ သိယင် အမှတ်.... (မှန်လှပါဘုရား) ခန္ဓာမှာ ကြည့်၍ သိယင် အသိ....(အသိပါဘုရား)။

ဒါဖြင့် အမှတ်နဲ့ အသိသည် တဲကာကြွယ် ဘယ်သူက နိဗ္ဗာန်ရောက်မလဲ.... (အသိဏမှု နိဗ္ဗာန်ရောက်ပါမယ် ဘုရား) အသိဏမှု နိဗ္ဗာန်ရောက်ပြီး သံဝေဂတွေရပြီး တကယ်မြင်,တကယ် ထင်ပြီးသဏာလ တကယ်ကိလေ့သာကိုဖြတ်မှာပေါ့.... (မှန်လှပါဘုရား) ဦးဘအုန်း ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နို့-စာကလေးနဲ့ တင်းတိမ်နေတဲ့ လူတွေလဲ မောင်ဘသော်တို့၊ ဦးဘအုန်းတို့ တွေဘူးမှာပေါ့.... (တွေဘူးပါတယ်ဘုရား)

ခန္ဓာဧရာက်ပလား.... (မရောက်သေးပါဘုရား) ဟင်....မရောက်သေးလို့ ရှိယင်ဖြင့် ဒီလူဟာ အလကားဘဲ စာသိက္ခလေးနဲ့ အချိန်ကုန်နေတာဘဲ၊ ခန္ဓာအရှိန်.ဉာဏ်အသိနဲ့ တော့သူဝေးပါသေးတယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ...(မှန်လှပါဘုရား)။

တကာကြွယ် ခန္ဓာအရှိန်.ဉာဏ်အသိ မကိုက်ယင်အလကားဘဲနော်....(မှန်လှပါ) ဘာနဲ့ဘာ ကိုက်ရမလဲ.... (ခန္ဓာအရှိန်.ဉာဏ်အသိ ကိုက်ရပါ့မယ်) ခန္ဓာအရှိန်နဲ့ ဉာဏ်အသိ ကိုက်မှသာလျှင် အာဘိုးတန်တော့တယ် ဆိုတာ သေသေချာချာ မှတ်ပါ.... (မှန်လှပါဘုရား)။

နို့.မို့.ယင် စာနဲ့လောက်တော့ အလကားပါဘဲဆိုတာ ပိဋ္ဌကတ်သုံးပုံဆောင်တွေ့ ရဟန္တာဖြစ်ကုန်ရောပေါ့.... (မှန်လှပါ) ဖြစ်နိုင်ကြရဲ့.လား .... (မဖြစ်နိုင်ပါဘုရား) ဘာ့ကြောင့်တုံးလို့ မေးတော့ အဓိပ္ပါယ်ပေါ်ပါပြီ.... (ပေါ်ပါပြီ) ခန္ဓာအရှိန်.ဉာဏ်အသိနဲ့.က သူတို့မတွေ့ကြဘူး .... (မှန်ပါ့) မတွေ့ကြတော့ ဦးဘအုန်း ရပါ့မလား....(မရပါဘုရား)။

အေး....ဒါ့ကြောင့် ပေါင်္ဒိလကြီး ဘဝပေါင်း ငါးရာ ပိဋ္ဌကတ် သုံးပုံဆောင်တာဘဲ၊ တဘဝထဲဆောင်တာ မဟုတ်ဘူး.... တကာကြွယ်ရ....(မှန်လှပါ) ဘဝပေါင်း ငါးရာ ပိဋ္ဌကတ်သုံးပုံဆောင်တယ်၊ခန္ဓာအရှိန်နဲ့ ဉာဏ်အသိ မကိုက်တော့ ဘဝပေါင်း ငါးရာ ကျတ်တမ်းမဝင်ခဲ့ဘူး....(မှန်လှပါ) ဝင်ခဲ့သလား.... (မဝင်ခဲ့ပါဘုရား)။

ကဲ....ဦးဘအုန်း ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)ဒါ့ကြောင့် ဒီ ပေါင်္ဒိလဆိုတာ လူတိုင်း-ပြောနေတာပေါ့နော် .... (မှန်ပါ့)

ဒါဖြင့်....တကာတကာမတို့ ခန္ဓာအရှိ ဆိုတာ ဒီ ခန္ဓ- ပဋ္ဌိစ္စ သမုပ္ပါဒ်....(မှန်ပါ့)ဉာဏ်အသိဆိုတာသည် ခန္ဓ- ပဋ္ဌိစ္စသမုပ္ပါဒ် ထဲမှာ ဘာသစ္စာတွေ့ရှိတယ်ဆိုတာ သိရမယ်....(မှန်ပါ့)။

အဲဒီလိုခန္ဓာအရှိနဲ့ ဝိပဿနာဉာဏ်အသိနဲ့ကိုက်လို့ ရှိယင်တော့ မင်ဉာဏ်ပေါ်မှာဘဲ-တကာကြွယ်ရ .... (မှန်လှပါ) နို့မို့ယင် ပေါ်စရာ ရှိရဲ့လား.... (မရှိပါဘုရား)သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ အရှင်သာရိပုတ္တရာက၊တကာကြီး....တဲ့ ခင်ဗျားကလဲ တရားနာရလို့ ဝမ်းသာတာဘဲရှိတာကိုး၊ ကိုယ်သာနဲ့၍-စိတ်မနာတဲ့ အကျင့်-ကျင့်ပါဆိုတော့ ဘယ်ဟာ ကိုယ်-တုံး၊ ဘယ်ဟာစိတ်-တုံး ဆိုတာ ခင်ဗျားကလဲ သားတော်ကြီးမမေးလိုက်ဘူး....(မှန်ပါ့) မမေး မိဘူးဘုရာ့ တပည့်တော်အရှင်ဘုရားရှိနေတာနဲ့ အမှုတပည့်တော် အရှင်ဘုရားဆီ ဇတောင်,အမျိုးမျိုးကျော်ပြီး လာခဲ့တာဘဲ၊ အဲဒါ အရှင်ဘုရားကဟဲ ပြောရမှာဘဲ၊ဟောရမှာဘဲ တပည့်တော် သိအောင်....(မှန်လှပါဘုရား)။

ကဲ....တကာကြီး သေသေချာချာ နားထောင်ဆိုပြီး သကာလ အရှင်သာရိပုတ္တရာက၊ ဦးဘအုန်း ဟောတော့မယ်....နော်.... (မှန်လှပါ)ကိုယ်သာနဲ့၍ စိတ်မနာတဲ့ အကျင့် – ကျင့်ပါတဲ့ (မှန်ပါ့)ကိုယ်,ဆိုတာ မှတ်လိုက်,ဝိပဿနာ ရှုစရာ....(မှန်ပါ့) စိတ်,ဆိုတာ ဝိပဿနာရှုတဲ့,ဉာဏ်.... (မှန်လှပါဘုရား) ကိုယ်,ဆိုတာက....(ဝိပဿနာ,ရှုစရာပါ) ဝိပဿနာ,ရှုစရာကြီး....(မှန်လှပါဘုရား) သဘောကျပြီ....(ကျပါပြီ)ကိုယ်,ဆိုတာက ဘာပါ

လိမ့်....(ဝိပဿနာ, ရူစရာကြီးပါဘုရား) ဝိပဿနာ ရူစရာဆိုတာ ၂-နံပါတ်ကိုခေါ်တယ်.... (မှန်ပါ့) ကိုယ်, ဆိုတာက....(ဝိပဿနာ, ရူစရာက၂-နံပါတ်ပါဘုရား)ဝိပဿနာ ရူစရာနံပါတ်ဘယ်လောက်တုံး.... (၂-နံပါတ်ပါဘုရား) စိတ်, ဆိုတာက ဆရာကောင်း-သမားကောင်းဆီက နည်းယူပြီးသကာလ ဝိပဿနာမင်္ကစိတ်ကို ဆိုတယ် .... (မူနဲ့လှုပါဘုရား) သဘောကျပလား.... (ကျေပါပြီ)။

အဲဒီတော့ ကိုယ်သာနာ၍- စိတ်မနာစေနဲ့လို့ ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ နာတာကလေး သိမှု မနာတာသိမှာ.... (မှန်လှုပါ) ကိုယ်သာနာ၍ စိတ်မနာစေနဲ့လို့ ဘုရားက ဟောတယ် .... (မှန်ပါ့)သဘောကျပလား....(ကျေပါပြီ)။

ခင်ဗျားတို့ အရေးကြီးတာက ကိုယ်သာနာ၍-စိတ်နာနေတာ ခင်ဗျားတို့မှာ ရှိလို့ ဟောတာဘဲ....(မှန်လှုပါ)ခင်ဗျားတို့ ဟာတော့ ဘာတုံး-(ကိုယ်သာနာ၍, စိတ်နာနေတာပါ)ကိုယ်သာနာ၍ စိတ်နာတာ....(မှန်လှုပါ) ဘုရားကတော့ ဘာတဲ့တုံး.... (ကိုယ်သာနာ၍ စိတ်မနာစေနဲ့တဲ့)အဲ....စိတ်မနာဘို့ဆို ကျင့်တဲ့-(မှန်လှုပါ)ခင်ဗျားတို့က ကိုယ်နာတာနဲ့ စိတ်နာတဲ့အကျင့်တွေများတယ်....(မှန်လှုပါဘုရား)။

ကိုင်း....ဒါဖြင့် ဒီအထဲ ခန္ဓာဘယ်နှစ်ပါးရှိသလဲ.... (ငါးပါးပါဘုရား) ငါးပါးထဲကနေပြီး သကာလ တကာတကာမတွေ့ ငါးပါးဟာ ကိုယ်ပါဘဲ....(မှန်လှုပါ) ခန္ဓာငါးပါးပေါ့ဗျာ.... (မှန်ပါ့)ခန္ဓာငါးပါးဟာ ကိုယ်ကြီးပေါ့နော်—(မှန်ပါဘုရား) အပေါင်းအစုကို ကိုယ်ခေါ်ပါတယ်....(မှန်ပါဘုရား)။

အဲဒီ ဆထဲက ဒီခန္ဓာငါးပါးက တကာတကာမတွေ့မှာ....တဲ့ ဒုက္ခဝေဒနာတလေးပေါ်ပြန်လို့ ရှိယင်လဲ တကာတကာမတွေက စိတ်ထဲမှာ မခံချင်တဲ့ ဒေါသတွေက....(မှန်လှပါ)။

အဲဒီတော့ ကိုယ်နာတော့ ဘာဖြစ်သလဲ.... (စိတ်နာပါတယ် ဘုရား) ဒီခန္ဓာကြီးက တခါ ဖြတ်ကနဲဆိုပြီးသကာလ အိုဘေး နာဘေး သေဘေးသင့်လိုက်တယ်.... (မှန်ပါ့ဘုရား) စိတ်ထဲက ကျေနပ်ကဲလား....(မကျေနပ်ပါဘုရား)။

အင်း....ဒါဖြင့် ကိုယ်နာယင် စိတ်နာချည်း များနေတယ်.... (များပါတယ်ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား) ကိုယ်နာယင် .... (စိတ်နာတာချည်းများပါတယ်) ကိုယ်နာယင် စိတ်နာတာချည်း ဖြစ်နေတော့ ဘုရားကလဲ ကိုယ်သာနာ၍စိတ် မနာအောင်ကျင့်ပါတဲ့....(မှန်ပါ့) ဦးဘအုန်း ဘာတဲ့.... (ကိုယ် သာနာ၍ စိတ်မနာအောင်ကျင့်ပါတဲ့ ဘုရား) ခင်ဗျားတို့က တော့ ကိုယ်နာယင်ဖြင့်....(စိတ်နာပါတယ်ဘုရား)။

စိတ်က နာတာဘဲ ရှိနေတာ၊ နာလို့ရှိယင်ဖြင့် ဒီက ကိုယ် နာတယ်-ဒီက စိတ်နာတယ်.... (မှန်လှပါ) နာတယ် ဆိုတော့ ဒီ သေထည် ခန္ဓာထဲက သေကြောင်းပေါ်တာဘဲ....(မှန်ပါ့) သေထည်ခန္ဓာထဲက....(သေကြောင်းပေါ်တာပါဘုရား)ဘာဖြစ် လို့တုံး....(ကိုယ်နာယင် စိတ်နာလို့ပါဘုရား) ကိုယ်နာတာတာ ဒီဘက်မှာ .... (မှန်လှပါ)စိတ်တွေက မချုတတ်တော့ နာတဲ့စိတ် တွေက ပေါ်လာတယ်....(ပေါ်လှာပါတယ်ဘုရား) ခင်တဲ့ခန္ဓာ ကိုးဗျ....(မှန်ပါ့) တဏှာ ဥပါဒါန် ကံတွေ့ မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား) ဘာဖြစ်လို့တုံးဆို ခင်နေလို့ - (မှန်လှပါ

ဘုရား) ခင်နေယင် နာတာပါဘဲ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ၂-နံပါတ်က ၃-နံပါတ် ပေါက်ပုံးတာကို ကိုယ်နာလို့ရှိယင် စိတ်နာတယ်ခေါ်တယ်....(မှန်ပါ့) ၂-နံပါတ်က ၃-နံပါတ်မကူးလို့ ရှိယင်ဖြင့် ကိုယ်သာနာ၍-(စိတ်မနာပါဘုရား) စိတ်မနာဘူးဆိုတဲ့ အဓိပ္ပါယ် ရှင်းသွားပြီ .... (ရှင်းသွားပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဘယ်လိုကြောင့် တပည့်တော်တို့ ကိုယ်နာစိတ်နာ ဖြစ်နေပါလိမ့်မလဲဘုရား ဧမေးရတော့မယ်....(မှန်လှပါဘုရား)တပည့်တော်တို့ ထုံးစံကဖြင့် ကိုယ်နာယင် စိတ်နာတာဘဲ....(မှန်ပါ့)ဦးဘအုန်းတို့ ထုံးစံက ပြောမယ်....(ကိုယ်နာယင် စိတ်နာတာဘဲဘုရား) ကိုယ်နာယင် စိတ်နာတာဘဲဆိုတာဟာကာတကာမတွေ ထုံးစံနော်....(မှန်ပါ့-ထုံးစံပါဘုရား)။

ဒီအနာကလဲ တခုမဟုတ်ပါဘူး....၊ တခြားမဟုတ်ပါဘူး.... တကဲ့ာတကာမကို၊ ကိုယ်က ယူထားတာက် ဒီခန္ဓာကိုယ်ကြီးကို အကဲ့ုန် ငါချည်းယူထားတာ....(မှန်လှပါ)ဒီခန္ဓာကိုယ်ကြီးကို.... (ငါချည်းယူထားပါတယ်ဘုရား) ဝေဒနာလဲ-ငါ၊ စိတ်လဲ.... (ငါပါဘဲဘုရား) နာမ်တွေကော.... (ငါပါဘဲဘုရား) ရုပ်တွေကော....(ငါပါဘဲဘုရား) ငါတွေ အကုန်ယူထားတယ် .... (မှန်ပါ့ဘုရား)။

ဩော်....ဒါတွေဟာ ငါယူတယ်ဆိုကဲဘည်းက ခိုင်တယ် မြဲတယ် ယူထားတယ်၊ ခိုင်တယ် မြဲတယ်ယူထားတော့ ဒီဟာကြီးက ဒုက္ခသစ္စာဖြစ်သွားတာ့ ဖေါက်ပြန်ပျက်စီးတယ်....(မှန်ပါ့

ဘုရား) ဖေါက်ပြန်ပျက်စီးတယ်ဆိုတာ သေချာပလား... (သေချာပါပြီဘုရား)။

ဒါဖြင့် ဖေါက်ပြန်ပျက်စီးတဲ့အခါကျတော့ နဂိုရိုက ဒါတွေငါယူထားတဲ့ ပဂိုလ်တွေဖြစ်နေတော့ တခါတည်း တကာကြွယ်ရေ ငါကိုယ်ကျိုးနည်းပြီ.... (မှန်လှပါဘုရား) ကိုယ်ကျိုးနည်းပြီဆိုတော့ စိတ်နာမှုတွေ လာ-မလာ....(လာပါတယ်ဘုရား) ဦးဘအုန်း ဘယ်နှယ်ကြောင့် ဒီစိတ်နာမှုလာပါလိမ့်၊ နဂိုရိုက်ခဲ့ခန္ဓာကြီးကို ငါယူမထားဘူးလား....(ယူထားပါတယ်ဘုရား)။

ဒါကြီးက နာကံ သေကံဖြစ်ပြီဆိုမှဖြင့် ဒီခန္ဓာကြီးထဲက တခုခုဖြစ်ပြီဆိုမှဖြင့် ငါခက်ရတယ် ငါခက်လေခြင်း(မှန်လှပါဘုရား) အင်း... ငါခက်လေခြင်း....တဲ့ ကကာတကာမတို့ မလာဘူးလား (လာပါတယ်ဘုရား) ဒါဖြင့် ကိုယ်နာတော့ ဘာဖြစ်သလဲ.... (စိတ်နာပါတယ်ဘုရား)။

ဩော်....ကိုယ်နာလို့ စိတ်နာတယ်....(မှန်လှပါဘုရား)ဘယ်နှယ်ကြောင့် ကိုယ်နာလို့ စိတ်နာပါလိမ့်မလဲလို့ လက်သည်အရင်းကျကျ ရှာလိုက်တဲ့အခါကျတော့မှ တကာကြွယ် ဘာပါလိမ့်....ကိုယ်ကို ငါယူထားလို့.... (မှန်လှပါဘုရား) ခန္ဓာငါးပါးကို....(ငါယူထားလို့ပါဘုရား) ငါယူထားတော့ ခန္ဓာငါးပါးဆိုတာ တကာသကာမတို့....ဖေါက်ပြန်လိုက်- ပျက်စီးလိုက်-ဖေါက်ပြန်လိုက်-ပျက်စီးလိုက်....(မှန်လှပါ) သဘောကျပလား (ကျပါပြီ)။

အဲဒါ ဖေါက်ပြန် ပျက်စီးတတ်တာကြီးကို တကာကြွယ်တို့က ဘာလုပ်ထားသလဲ.... (ငါထုပ်ထားပါတယ်ဘုရား) ငါ-ယူထားတယ်၊ ငါဆိုကတည်းက ငါ့အစိုးရတယ်- ငါပိုင်တယ်- ငါ

ဆိုင်တယ်ပေါ့ဗျာ.... (မှုန်လှုပါဘုရား) တခါတည်း အနတ္တကို အတ္တလုပ်ထားတယ်....(မှုန်လှုပါ) ဘာလုပ်ထားသလဲ....(အနတ္တကို အတ္တလုပ်ထားပါတယ်ဘုရား)အနတ္တကို အတ္တလုပ်ထားတယ်ဆိုတာ သေချာပလား....(သေချာပါပြီ)။

အင်း....အနတ္တ- အတ္တလုပ်ထားတော့ ဟိုကလဲ အနတ္တပြပါ့ရော၊ အစိုးမရ မပိုင်လို့ ဖေါက်ပြန်ပျက်စီးမှုလဲ ပြလိုက်ပါရော၊ ဒီက ကိုယ်ကိုယ်လုပ်ထားတဲ့အတွက် ငါခက်ပြီဆိုတဲ့ ဒုက္ခဒေါမနဿ လာ-မလာ....(လာပါတယ်ဘုရား)။

အင်း....ဘယ်နှယ်ကြောင့်လာပါလိမ့် တကာတကာမတို့....(ငါ-လုပ်ထားလို့ပါဘုရား) ငါ-လုပ်ထားလို့....(မှုန်ပါ့) သေသေချာချာနာကြပါနော် .... (မှုန်လှုပါဘုရား) ဦးဘအုန်း ဘာလုပ်ထားသလဲ....(ငါ-လပ်ထားပါဘယ်ဘုရား) ငါ-ငါ့ဥစ္စာလုပ်ထားတယ်....(မှုန်ပါ့) ငါ- ငါ့ဥစ္စာ လုပ်ထားတော့ ဒီ ၂-နံပါတ်ကြီးကို ငါ-ငါ့ဥစ္စာလုပ်တယ်....(မှုန်ပါ့)။

အဲဒီတော့ တကာ တကာမတွေက စဉ်းစားလိုက်၊ ၂-နံပါတ် ဒီဝင်ရိုးအဆုံး ကြည့်လိုက်တော့ ငါ-ငါ့ဥစ္စာဟာ ဒုက္ခသစ္စာ....(မှုန်ပါ့) ဒုက္ခသစ္စာလို့ ခင်ဗျားတို့ကလဲ မသိဘူး....(မသိပါ) သိသေးရဲ့လား....(မှုသိပါဘုရား) အဲဒီမှာ ဘာလုပ်ထားသလဲ (ငါ-ငါ့ဥစ္စာ လုပ်ထားပါတယ်ဘုရား)။

ဒါသူက ဒုက္ခရောက်သွားတဲ့ အချိန်ကျတော့ ခင်ဗျားတို့က ငါ ကိုယ်ကျိုးနည်းပြီ....(မှုန်လှုပါဘုရား) ငါ ကိုယ်ကျိုးနည်းပြီဆိုပြီး ဒီဘက် ကူးလာတယ်....(ကူးလာပါတယ်ဘုရား) ဒါခင်ထားတာကိုးဗျ....(မှုန်ပါ့ဘုရား) တဏှာ ဒိဋ္ဌိနဲ့ခင်ထားတယ်....

(မှန်ပါ့)ခင်ထား‌တော့ တက္ကာ ဥပါဒါန် ကမ္မဘဝတွေ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အင်း....ဖြစ်လာတဲ့ အခါကျလို့ ရှိယင်ဖြင့် သောက ပရိဒေဝတွေကော လိုက်မလာဘူးလား(လိုက်လာပါတယ်ဘုရား)နဂိုရှိက ဘာလုပ်ထားမိလို့လဲ....(ငါ-ငါဥစ္စာ လုပ်ထားမိလို့ပါဘုရား) ခန္ဓာကို ငါ-ငါဥစ္စာလုပ်တယ်....(မှန်ပါ့) ဦးဘအုန်း ၂-နံပါတီ ဘာလုပ်ထားသလဲ.... (ငါ-ငါဥစ္စာ လုပ်ထားပါတယ်ဘုရား)။

အံမာလေး....ခင်ဗျားတို့မို့ လုပ်ရက်ပါပေဗျာ၊ ဘာသစ္စာကြီးလဲ....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာမို့ ဒုက္ခပြောနေတဲ့ဥစ္စာ၊ တကာတကာမတို့ ဒုက္ခသစ္စာဟာ ဒုက္ခသစ္စာဘဲ ဖြစ်ရမယ်၊ ငါ-ငါဥစ္စာတော့....(မဖြစ်ရပါဘုရား) အဲဒါ ခင်ဗျားတို့က ဘယ်နှယ်လုပ်ထားပါလိမ့်....(ငါ-ငါဥစ္စာ လုပ်ထားပါတယ်ဘုရား)။

ရော....ခက်ပြီကော ခင်ဗျားတို့ဥစ္စာက ကိုယ်နာယင် စိတ်နာတယ် အလုပ်ကြီးလုပ်ထားတယ်....(လုပ်ထားပါဘယ်ဘုရား) ငါ-ငါဥစ္စာလုပ်ထားတော့ ငါ ကိုယ်ကျိုးနည်းပြီ ဖြစ်သွားတာပေါ့....(မှန်ပါ့ဘုရား) ငါကိုယ်ကျိုးနည်းပြီ၊ ငါ့တောင်ကြီးပြိုသွားပြီ၊ ငါလက်မောင်းကြီး ပြုတ်သွားပြီ၊ ကျုပ်ဖြင့် အခက်ကြုံပါပေါ့ဆိုတဲ့ဥစ္စာ မလာဘူးလား.... (လာပါတယ်ဘုရား) ဒါ ဘာလုပ်ထားလို့လဲ....(ငါ-ငါဥစ္စာလုပ်ထားလို့ပါဘုရား)။ ကဲ.... ကြည့်ပါ....တဲ့ ဘာသစ္စာလဲ .... (ဒုက္ခသစ္စာပါဘုရား) အဲ....ဒုက္ခသစ္စာတဲ့၊ ရှင်းကြပလား....(မှန်ပါဘုရား) ဒုက္ခသစ္စာကို ခင်ဗျားတို့က ဘာလုပ်ထားသလဲ....(ငါ- ငါဥစ္စာဟုလုပ်ထားပါတယ်)ဟာ-တက္ကာတဏှာမတွေ့ အလဲကြီးအချော်ကြီး လုပ်ထား

တယ်.... (မှန်ပါ့) ဒုက္ခသစ္စာဟာ ဒုက္ခသစ္စာပေါ့ ဦးဘအုန်းရ.... ဘယ်မှာ ငါ–ငါ့စ္စာလုပ်လို့ ဖြစ်နိုင်ကြပါ့မလဲ.... (မဖြစ်နိုင်ပါဘုရား) မဖြစ်နိုင်စာကို ဘုန်းကြီးတို့ တကာတကာမတွေက ဘာလုပ်ထားကြသလဲ.... (ငါ-ငါ့စ္စာ လုပ်ထားကြပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာက ဒုက္ခလဲ ရောက်ပါရော....တဲ့ ခင်ဗျားတို့ စိတ်ထဲမှာ ကျေနပ်သလား.... (မနာကျေနပ်ပါဘုရား) မကျေနပ်တော့ ကိုယ်နာတော့ ဘာဖြစ်သလဲ.... (စိတ် နာပါတယ်ဘုရား) စိတ်နာတဲ့ဘက် ကူးသွားတယ်၊ မကူးဘူးလား....(ကူးပါတယ်ဘုရား)။

ဒီက ကိုယ်လဲ ဖေါက်ပြန်ပျက်စီးရော သူက စိတ်နာတဲ့ဘက် ကူးမလာဘူးလား.... (ကူးလာပါကွယ်ဘုရား) အင်း....ကူးလာတော့ ဘုရားကလဲ ကိုယ်သာနာ၍ စိတ်မနာအောင် ကျင့်...တဲ့၊ (မှန်ပါ့) ခင်ဗျားတို့ အလေ့အကျင့်ကလဲ.... ကိုယ်နာယင် စိတ်နာရော....(ပြန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားဟိုက ၂-နဲ့ ၃နဲ့ မကူးရယင် မနာကျေနပ်ဘူး--(မကျေနပ်ပါဘုရား) ဘုရားကလဲ ၂-နဲ့ ၃-မကူးစေနဲ့တဲ့....(မှန်ပါဘုရား) ပုံစံပါတဲ့လူမျိုး ကြပ်ကြပ် ဂရုစိုက်ကြည့်ပါ....(မှန်လှပါဘုရား) ဘုရားက ဘာတဲ့....(၂-နဲ့ ၃-နဲ့ မကူးပါစေနဲ့တဲ့ ဘုရား) မကူးစေနဲ့တဲ့ ကိုယ်နာလို့ရှိယင် စိတ်နာတဲ့ဘက် မကူးစေနဲ့တဲ့.... (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ) ခင်ဗျားတို့က မကူးရယင်ဘဲ.... (မကျေနပ်ပါဘုရား)။

ဟို-မျက်ရေ မထွက်တဲ့ လူမျိုး လင်သေ,သားသေ,မြေးသေ

လို့ မျက်ရည်မထွက်တဲ့လူမျိုးကို ဘေးက ပုဂ္ဂိုလ်က ဩော်.... သူတို့ စိတ်မနာတတ်ဘူး-နော်-တဲ့....(မှန်လှုပါဘုရား) အံမာ.... ပြောသေးတယ်.... (ပြောပါတယ်ဘုရား) မပြောကြဘူးလား.... (ပြောကြပါတယ်ဘုရား)။

ဩော်.... တစိမ်းပီပီလိုဘဲ လူ့တိရစ္ဆာန်ဘဲ့.... (မှန်ပါ့) ဒုံမာလေး.... သူကတောင် ကဲ့ရဲ့လိုက်သေး.... (ကဲ့ရဲ့ပါတယ်ဘုရား)ကြောက်စရာကြီးပါကလား....(မှန်ပါ)အင်း....သားမှန်းသမီးမှန်းတောင်မှ သိတော့တယ် မထင်ပါဘူး.... (မှန်လှုပါဘုရား)။

တကာကြွယ် သူတော်ကောင်းကို ကဲ့ရဲ့တယ်.... (ကဲ့ရဲ့ပါတယ်ဘုရား) ဘာဖြစ်လို့တုံး.... ကိုယ်နာယင် စိတ်နာတတ်တဲ့ ဝါသနာက ထု့ထားလို့....(ထု့ထားလို့ပါဘုရား)သဘောကျပလား... (ကျပါပြီ) ကိုယ်နာယင်....(စိတ်နာတတ်တဲ့ ဝါသနာက ထု့ထားလို့ပါဘုရား) ထု့ထားတော့ ဘေးက ပုဂ္ဂိုလ်က မျက်ရေ ကြီးယိုမကျ၊ သောက ဗျာပါဒတွေ့ မဖြစ်တော့ သူ့အိမ်မှာ နာခမ်းကိစ္စ ရှိငြားသော်လဲ အိမ်ရှင်တွေက မလှုပ်မရှားတည်တည်တန့်တန့်နဲ့ နေကြတော့ ဘေးက ပုဂ္ဂိုလ်တွေက အို.... မသာနှယ် ခြောက်သွေ့လိုက်တာ.... (မှန်လှုပါဘုရား) ပြောတောင် ပြောသေးတယ်....(ပြောပါတယ်ဘုရား)။

အံမာလေး.... ကြောက်စရာကြီးပါကလား တကာတကာမတို့ မသာဘဲ စိုရွှဲးမလိုလို.... (မှန်လှုပါဘုရား) တကာကြွယ်.... ခင်ဗျားတို့ မြို့ထဲရွာထဲ သွားရတာ မလွယ်ဘူး.... (မလွယ်ပါဘုရား)။

အဲဒီတော့ သူတို့ ပြောပုံဆိုပုံယင် ခင်ဗျားတို့ကဘဲ မျက်ရေဆောင်သွားရဦးမဲ့ အဝိပ္ပါယ် ရနေတယ်-(ရနေပါတယ်ဘုရား) ဒါကလေးမှ ဆောင်မသွားလို့ ရှိယင် မသာမေး မပီဘူး....(မှန်လှပါဘုရား)ဘယ်လောက်အရှုးထသလဲ.... (ထပါတယ်ဘုရား)။

ဒါဖြင့် ဘုရားဟောတော်မူတာက ကိုယ်သာနာ၍ စိတ်မနာအောင် ကျင့်ရမယ်ဆိုတော့.... တကာတကာမတွေ့ အလေ့ကကိုယ်နာလို့ ရှိယင်....(စိတ်နာပါတယ်ဘုရား) စိတ်မနာအောင် ကျင့်ပါလို့ ခင်ဗျားတို့ အထုံဝါသနာကြီးက အဘော်ဆိုးတယ် (ဆိုးပါတယ်ဘုရား) တကာကြွယ် မြို့ထဲရွာထဲ နေရတာ လွယ်ပါ့မလား....(မလွယ်ပါဘုရား)အရှုးဖြင့် ပျော်နိုင်လိမ့်မယ်နော်-(မှန်လှပါဘုရား) အကောင်း ဖြစ်ယင်လဲ.... (မပျော်နိုင်ပါဘုရား)။

ဒါဖြင့် ကိုယ်ပျော်ယင် ဘယ်အထဲ သွားမှာတုံး.... (အရှုးထဲသွားပါမယ်ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဟုတ်ဘယ် အရှုးထဲ သွားရမှာဘဲ....(မှန်ပါဘုရား)။

ကျုပ်က ဒီအရပ်မှ နေလို့ ဖြစ်ဘာဗျ၊ သပွါယ ဖြစ်ဘူယ်.... ဒီအရပ်မှာ ကျုပ်· ပျော်ပျော်ရွှင်ရွှင်ရှိတယ်၊ ဒီ့ပြင် အရပ်မှာဆိုယင် ကျုပ်က ချောက်တောက်ကြီး မနေတတ် မထိုင်တတ်ဘူး ဆိုလို့ ရှိယင်ဖြင့် တကာကြွယ်ရေ.... ဒါဟာ ကိုယ်နာယင် စိတ်နာတဲ့အထဲ ရောသွားမယ်....(မှန်ပါ့) မရောသေးဘူးလား.... (ရောပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ၂·နဲ့ ၃-အကူးမှာဖြင့် ဘုရားသိပ်ကြောက်တယ်.... (မှန်လှပါဘုရား) ၂·နဲ့ ၃·ဟာ ဖြတ်နိုင်ယင် ဘုရား ကြိုက်တယ်.... (မှန်လှပါဘုရား) ၂·နဲ့ ၃·ကူးယင်

(ဘုရားမကြို်က်ပါဘုရား) ဘာ့ကြောင့်တုံး ဆိုတော့ ဒီဘက်က ကိုယ့်ကိုးဗျ....(မှန်လှပါ)အင်း....ဒီဘက်က စိတ်,တွေက တဏှာတွေ့ ဥပါဒါန်တွေက လာတော့ တကာ တကာမှတို့ ဒီ အထဲသောက ပရိဒေဝမြုပ်နေတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒီခန္ဓာကြီးကသာ ဖေါက်ပြန်ပျက်စီးယင် ဒီဘက်မှာ တဏှာဥပါဒါန်စွဲတဲ့ ပုဂ္ဂိုလ်မှာ သောက ပရိဒေဝတွေ့ မလိုက်ပေဘူးလား....(လိုက်ပါတယ်ဘုရား) လိုက်မယ်ဆိုတော့ ကိုယ်နာယင် ဘာတုံး....(စိတ်နာပါတယ်ဘုရား)။

အင်း....ကိုယ်နာယင် စိတ်နာမယ်ဆိုတော့ နံပါတ် ကူးပြီ....(ကူးပါပြီဘုရား)ကိုယ် ဒုက္ခသစ္စာကြောင့် ဟုတ်လား၊စိတ်နာတဲ့သမုဒယသစ္စာပြန်ဖြစ်တယ်....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် သေထည်ထဲက သေကြောင်း ပဋ္ဌားတယ်.... (ပဋ္ဌားပါတယ်ဘုရား)ဦးဘအုန်း ဘယ့်နှယ်ဆုံမယ်....(သေထည်ထဲက သေကြောင်း ပဋ္ဌားပါတယ်ဘုရား) ဒီ ပဋိစ္စသမုပ္ပါဒ်နဲ့ ပြောတော့မှ တကာကြွယဲ့ ရှင်းတယဲ.... (ရှင်းပါတယ်ဘုရား) သေထည်ထဲက ဘာပဋ္ဌားသလဲ....(သေကြောင်းပဋ္ဌားပါတယ်ဘုရား)။

အဲဒီတော့ ဘုရားကတော့ကိုတဲ့၊ ကိုယ်သာနာ၍ စိတ်မနာစေနဲ့ဆိုတာ သေထည်ထဲက သေကြောင်း မပဋ္ဌားစေနဲ့ ကွ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) သေထည်ထဲက သေကြောင်း မပဋ္ဌားစေနဲ့ ကွ... လို့မှတ်—(မှန်ပါ့)ခင်ဗျားတို့လဲသေထည်ထဲက မှ သေကြောင်း မပဋ္ဌားရလို့ရှိယင် ဖြင့်....တဲ့၊ သူများ မပဋ္ဌားတာတောင် ကိုယ်က ကဲ့ရဲ့သေးတယ်ဆိုတော့ ကိုယ်ဏာ ပဋ္ဌားနေကျ ဆိုတာ သေချာပြီ....(သေချာနေပါပြီဘုရား)။

တကာကြွယ် သဘောပါလား....(ပါ-ပါတယ်ဘုရား) ဥပမာ တကာကြွယ်က ခပ်အေးအေး နေလိုက်မယ်ဆိုယင်ဖြင့် အိမ်သူ အိမ်ဃားတွေက နေပေစိ၊ သူတော့ ဘာမှ သိတာမဟုတ်ဘူး.... (မှန်လှုပါ) အဲ့မာ သူ့ကို အရူးထဲတောင် သွင်းပစ်လိုက်သေးတယ်-(မှန်ပါ့) အသွင်းခံရသေးတယ်-(မှန်လှုပါ့) မခံရဘူးလား (ခံရပါတယ်ဘုရား) သားမှန်း သမီးမှန်း, ခင်ပွန်းမမှန်း ဆွေမျိုးမှန်း သူတို့ကတော့ နဂိုရိုးကတည်းက တော်ခဲအောင် နေလာတာ....(မှန်ပါ့)အံမာလေး....တော်ခဲအောင် နေလာတာတဲ့— (မှန်ပါ့ဘုရား)။

တကာ တကာမတို့.... အရူးက လက်ခုတ် တီးတာနဲ့.... တဲ့၊ အကောင်းတောင် က, ရဉီးတော့မလိုလို.... (မှန်လှုပါဘုရား) ဘယ်.နှယ် ဖြစ်တာပါလိမ့်.... (အရူးက လက်ခုတ် တီးတာပါဘုရား) အရူးတွေက များနေသကိုးက္ခ.... (မှန်ပါ့) များနေတော့ အကောင်းကဘဲ မျက်ရေ သုတ်ရတော့မလို....၊ ဘာလိုလို လုပ်ရဉီးတော့မလို ဖြစ်နေတယ်.... (မှန်ပါ့) ဘာဖြစ်တဲ့တုံး.... တကာကြွယ်ရ.... (အရူးများနေလို့ပါဘုရား) အရူးများလို့ အကောင်း အနေခက်ဘယ်....(မှန်လှုပါ)ဦးဘအုန်း ဘယ်.နှယ် ဆိုမလဲ.... (အရူးများလို့ အကောင်းအနေခက်ပါတယ်ဘုရား) အနေခက်ပေမဲ့လဲ သေပါလားဆိုတော့လဲ ဟာ.... ဟုတ်သေး မထင်ပါဘူး၊ သူတို့ပြောသလိုတော့ ပြောပေးလိုက်ဦးမှ ထင်ပါရဲ့.ဆိုပြီးရောမိပြန်လဲ၊ အင်း....သေထည်ထဲက သေကြောင်းပေါ်ပြန် ပဟ....(မှန်လှုပါ)ဘယ်.နှယ်ဆိုကြမလဲ.... (သေထည်ထဲက သေကြောင်းပေါ်ပြန်ပါပြီဘုရား)။

အင်း.... နောက်ထပ်သေမှ သေပါ့မကင်း.... (သေပါတယ်ဘုရား) တကာကြွယ် မရောနဲ့နော်.... (မှန်ပါ့) တကာတကာမတွေ့ဘယ်နှယ်တဲ့ (မရောနဲ့ပါတဲ့ဘုရား) မရောနဲ့တဲ့၊ မရောနဲ့ ဆိုတာက မသိတဲ့ ပုဂ္ဂိုလ်နဲ့ မရောနဲ့....(မှန်လှပါဘုရား)ဘဲ့ကြောင့်တုံးဆိုယင်ဖြင့် ကလျာဏမိတ္တကို မြဲဇဲဆည်းကပ်မှ ဦးဘုအုန်းတို့ မောင်ဘသော်တို့ ဒုက္ခသိမ်းမှာ....(မှန်ပါ့ဘုရား) ပါပ-မိတ္တ- လူမိုက်တွေနဲ့ချည်း.... သေထည်ထဲက သေကြောင်း ပေါ်အောင် လုပ်နေတဲ့ လူနဲ့ ပေါင်းသင်းဆက်ဆံနေရလို့ ရှိယင်ဖြင့် ကိုယ်လဲ သေလို့ ဆုံးမှာမဟုတ်ဘူး.... (မဆုံးပါဘုရား) ငိုလို့ ဆွဲးလို့ကော.... (မဆုံးပါဘုရား) ဆုံးမှာမဟုတ်ဘူး ဆိုတာတကာကြွယ်တို့ သေချာပလား....(သေချာပါပြီဘုရား)။

ဒါ့ကြောင့် ဦးဘအုန်း အခု ခင်ဗျားတို့ ဆရာကောင်းသမားကောင်း ကိုးကွယ်ပြီး တကယ်နာကြည့်တော့ တကယ့် ကိုယ့်အကြောင်းတော့.... ကိုယ်ကောင်းကောင်းသိမှ အားလုံးသော ပုဂ္ဂိုလ်တွေကိုပြန်ကြည့်လိုက်တဲ့အခါ၊ သြော်-ကိုယ်သိသလောက် စာလေးနဲ့တောင် သနားတယ်.... (မှန်ပါ့ဘုရား) ကိုယ်သိသလောက်ကလေးနဲ့.... (သနားပါတယ်ဘုရား)။

ဟ.... ဘာဖြစ်လို့ သနားတာတုံးလို့ မေးတဲ့အခါ သူတို့ကြည့်ရတာက သေထည်ထဲက သေကြောင်းချည်း ကြုံနေတယ်-(မှန်ပါ့ဘုရား) သွားရော....(မှန်ပါ့-သွားပါရော) သေတည်ထဲက....(သေကြောင်းချည်း ကြုံနေပါတယ်ဘုရား) သေကြောင်းတွေချည်း ၂-နဲ့ ၃-နဲ့ ဆက်နေတယ်.... (မှန်ပါ့ဘုရား) ဆက်တော့ ၄-တွေဟာ သူ့ပစ္စည်း.... (မှန်ပါ့- သူ့ပစ္စည်းပါဘုရား) သူရမည့်ကိစ္စ မဆိုနိုင်ကြဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ သိတန်လောက် သိတဲ့ ပုဂ္ဂိုလ်ကဘဲ တကာကြွယ် မသနားဘူးလား....(သနားပါတယ်ဘုရား) သနားပေမဲ့လဲ ဖွင့်ပြောရဲ-ရဲ့လား.... (မပြောရဲပါဘုရား) တော်လဲ မသိတဲ့လူလို့ အောက်ထုတ်ဦးမှာ ခင်ဗျားတို့ကို....(မှန်ပါ့)မထုတ်ပေဘူးလား....(ထုတ်မှာပါဘုရား) မင်းကွာ- ဒီလောက် ပူဆွေးနေလို့ ဘယ်မဟုတ်တဲ့ဥစ္စာကြီး၊ ဒါ-ဖြစ်တတ်တဲ့အမျိုးဖြစ်တာပေါ့၊ အို....တော်လဲ မသိပါဘူး....(မှန်လှပါ)ရှင်လဲမသိပါဘူး (မှန်လှပါ) ဒီအသံတွေ မကြားချင်ဘူး....(မှန်လှပါ)။

အင်း....ဦးဘအုန်း ရှန်တောင်တွေနေပါပေါ့လား.... (တွေ့ပါတယ်ဘုရား) ဘာဖြစ်လို့ တွေ့တာတုံးဗျ.... (သစ္စာမသိလို့ တွေ့တာပါဘုရား) သစ္စာမသိလို့.... (မှန်ပါ့) သေထည်ထဲကသေကြောင်း ပေါ်နေတယ်....လို့ သူဟာသူကော....(မသိပါဘုရား) ကျုပ်-အားရအောင် ငိုလိုက်မယ်.... အစချိသည်ဖြင့်.... (မှန်ပါ့) ဘယ်အားရခဲအောင်လဲဆိုတော့ အပါယ်အားရအောင် ကျုပ်ခံလိုက်ဦးမယ်လို့ ပြောတာ....(မှန်လှပါဘုရား)အဓိပ္ပါယ်က ဒီမရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲဒီတော့ သူ အားထုတ်နေတာ ကြည့်ပါ့လား....၂-နဲ့ ၃-မကူးရယင် ကျေနပ်ကဲ့လား.... (မကျေနပ်ပါဘုရား)။

ဒါဖြင့် မြန်မာလို ရှင်းရှင်းပြောကြပါစို့ ဆိုတော့ကိုဖြင့်....တဲ့ သေထည်ထဲက သေကြောင်းမပေါ်ရလို့ ရှိယင်ဖြင့်မကျေနပ်ဘူး (မှန်လှပါဘုရား) ဘယ်လိုဖြစ်ပါလိမ့်.... (သေထည်ထဲက သေကြောင်း မပေါ်ရယင် မကျေနပ်ပါဘုရား) ၂-နဲ့ ၃-နဲ့ မကူးရယင်....(မကျေနပ်ပါဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်ဟာ ၄-ဖြစ်မှုဖြစ်ပါ့မလား.... (ဖြစ်ပါတယ်ဘုရား) ဦးဘအုန်း.... တယ်ကြောက်စရာ ကောင်းပါလား.... (ကောင်းပါတယ်ဘုရား) ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သတ္တဝါတွေကို သနားတယ်လို့ ဆိုတာ မောင်ဘသော်တို့ ရိပ်မိပါပြီ ...(ရိပ်မိပါပြီဘုရား) ဘာတွေ အခု လုပ်နေသလဲ....(သေကည်တဲ့က သေကြောင်းတွေ ထပ်လုပ်နေပါ့တယ်ဘုရား)။

သေကြောင်းတွေချည်း ကြိုးစားတယ်၊ နောင်တဖန်သေဘို့ တွေ....(မှန်ပါ့)မကြိုးစားဘူးလား....(ကြိုးစားပါတယ်)။

ဩသြော်.... မှသိလိုက်လေခြင်း၊ ဩသြော်....မသိလိုက်လေခြင်းဆိုပြီး ဇကာကွယ် သနားဘို့ကောင်းတယ်.... (မှန်ပါ့) မသနားပေဘူးလား....(သနားပါတယ်ဘုရား) ခင်ဗျားတို့ သီသလေးက်နဲ့ တောင်မှ အချို့အချို့ ပုဂ္ဂိုလ်တွေ တရားထူး, တရားမြတ် မနာရလို့ ဖြစ်ချင်သလိုဖြစ်ပြီး ၂-ကနေ ၃-ကူး.... (မှန်လှပါ) ဒါတွေမြင်ရတော့ သြော်....ကြောက်စရာကြီးပါလား....(မှန်လှပါဘုရား) သူ့အတွက်ဖြင့် ကျုပ် ရင်တုန်ပါတယ်.... (မှန်လှပါ) သိပ်သနားစရာတောင်းတယ်....(မှန်လှပါ) ဘာမှ မသိရှာဘူး.... (မှန်လှပါ)။

ဦးဘအုန်း နည်းနည်း ကိုယ်ကသိလာတော့လေ-(မှန်လှပါ့) သူတို့ လုပ်ကိုင်နေတာတွေ၊ သူတို့ မှေးကျေးနေတာတွေ၊ သူတို့ ပြုံးရွှင်နေတာတွေ....(မှန်လှပါ) အင်း....ပြုံးရွှင်နေတယ်ဆိုလဲ ဒီဘက်ကူးတာဘဲ.... (ကူးပါတယ်ဘုရား) တဏှာလုပ်မိပြီ.... (မှန်ပါ့) မဲ့နေတယ်ဆိုလို့ ရှိယင်က် ဒါသတွေနဲ့ မောဟတွေနဲ့ မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီတော့ သူတို့က ၂-နဲ့ ၃-ကူးနေရတာဟာသူတို့၏ အလုပ် (မှုန်လှုပါဘုရား) ၂-နဲ့ ၃-ကူးနေရတာ ... (သူတို့အလုပ်ပါဘုရား)။

အဲဒါကြောင့် တကာတကာမတွေ့ ၂-နဲ့ ၃-သာ ကူးယင်တော့ ၄-ဒုက္ခရမယ်....(မှုန်လှုပါ) မရချင်ဘူးဆိုလို့ .... (မရပါဘုရား) ရှောင်လို့ တိမ်းလို့ကို....(မရပါဘုရား)။

အင်း....ဒါဖြင့်ခုလိုလက်တွေ့တရားမျိုးခန္ဓာနဲ့စပ်ပြီး ပြောတဲ့တရားမျိုးကို မသိရတဲ့ပုဂ္ဂိုလ်တွေအတွက် တကာကြယ် ဘယ်လို စဉ်းစားမလဲ....(သနားစရာပါဘုရား) အင်မတန်သနားစရာ....(မှုန်လှုပါ) နောက်က တကာတကာမတွေ့ ဘယ်လိုတွေးမိကြသလဲ....(သနားစရာပါဘုရား) အင်မတန် သနားစရာကောင်းထယ်....(မှုန်လှုပါဘုရား)။

ဩော်....ကျုပ်တို့ ကောင်းတာ လုပ်နေတာလို့ သူတို့က မပြောဘူးလား....(ပြောပါတယ်ဘုရား) တကာကြယ် ဘယ်နှယ်ပြောတုံး သူတို့က....(ကောင်းတာလုပ်နေပါတယ်လို့ ပြောပါတယ်ဘုရား)။

အင်း....ဟင် ကောင်းတာ တခုမှလဲ မပါဘူး....(မပါ-ပါဘုရား) ကျုပ်တို့ ကောင်းတာ လုပ်နေဘာဘဲလို့မျှား တစာကြယ် ပြောခဲ့သေးသလား.... (ပြောခဲ့ပါတယ်ဘုရား) ပြီးတော့ ဒီ တကာကြယ်တို့ သစ္စာသိတဲ့ မျက်လုံးနဲ့ ကြည့်လိုက်တော့ဘာတွေ့ တွေ့ရသလဲ....(သေကြောင်းတွေ့ တွေ့ရပါတယ်) သေတဲ့အထဲက....(သေကြောင်းတွေ့လုပ်ပါတယ်) သေကြောင်းအလုပ်တွေ့ချည်း လုပ်တယ်....(မှုန်ပါ့) မဟုတ်ဘူးလား.... (မှုန်ပါ့)

သေတဲ့ အထဲက....(သေရကြောင်းအလုပ်တွေချည်း လုပ်ပါတယ် ဘုရား) သေကြောင်း အလုပ်,လုပ်တယ်ဆိုတော့ ၂-ထဲက ၃-ပွားတယ်....(မှန်ပါ့) ၂-ထဲက.... (၃-ပွားပါတယ်ဘုရား) ၂-ထဲက ၃-ပွားတယ်ဆိုတော့ အင်မတန် ကြောက်စရာ ကောင်းတဲ့ အလုပ်....(မှန်ပါ့)။

တကာတကာမတွေ သူများချည်းလဲမစဉ်းစားနဲ့၊ ငါယနေ့ ၂-ထဲက ၃-ဘယ်နှစ်ကြိမ် ပွားပါလိမ့်မတုံး....(မှန်ပါ့) ကိုယ်နာလို့ စိတ်နာတာ ဘယ်နှစ်ခါမျှားရှိပါလိမ့်မတုံး....(မှန်ပါ့) မဆို ထိုက်ဘူးလား...(ဆိုထိုက်ပါဘယ်ဘုရား) ကိုယ်နာလို့ စိတ်နာတာ ဘယ်နှစ်ခါပါလိမ့်မလဲလို့ ဆိုတဲ့အခါကျလို့ ရှိယင်ဖြင့် တကာတကာမတို့ အများကြီးဖြစ်တယ်....(မှန်လှပါ)။

ဝိပဿနာ မလုပ်သ၍ ကိုယ်နာ,စိတ်နာချည်းမှတ် .... (မှန်လှပါဘုရား) ဝိပဿနာ မလုပ်သ၍ ဘယ်နှယ်တဲ့.... (ကိုယ်နာ, စိတ်နာချည်းပါဘုရား)။

အဲ....ဒါဖြင့် တဲရားလဲ ၅- မိနစ် ၆-မိနစ်ကျန်တော့ တကာ တကာမတွေ ကိုယ့်နာလို့ စိတ်နာတာကဲတော့ဖြင့် ၂-နဲ့ ၃-ကူးတာ ကိုယ်နာ,စိတ်နာချည်းမှတ်.... (မှန်လှပါ) ၂-နဲ့၃- ကူးတာ ဘယ်လိုမှတ်ကြမယ်....(ကိုယ်နာ,စိတ်နာပါဘုရား) စိတ်နာတယ်ဆိုတော့ စိတ်က ဒေါသစိတ်လာလဲနာတာဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါတယ်) လောဘဖြစ်တာလဲ နာတာဘဲ....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဒီခန္ဓာကြီးက ဘာသစ္စာလဲ.... (ဒုက္ခသစ္စာပါဘုရား)ဒါဖြင့် ဒုက္ခသစ္စာမို့ ဒုက္ခရောက်သွားတဲ့အခါကျတော့

ဒီကကျေနပ်ကဲ့လား....(မကျေနပ်ပါဘုရား) မကျေနပ်တော့ ကိုယ်လဲနာတယ်၊ ဒီမှာ မကျေနပ်မှုလဲ ထွက်လာတယ်....(မှန်ပါဘုရား)။

ကျုပ်ဖြင့်နှမြောတယ်.... (မှန်ပါ) ဟာ....တက္ကသိုလ်ဘွဲ့ (မှန်ပါ) ဒီလိုဖြစ်သွားတော့နှမြောတယ်၊ ဘာဖြစ်လို့နှမြောသတုံးဆိုတော့ ကျုပ်နှင့် အင်မတန်ရင်းနှီးတယ်....(မှန်လှပါ)ဥပါဒါန်က မလှဘူးလား....(လှပါတယ်ဘုရား)။

ဒါကြောင့် ကျုပ်သည်ကားလို့ ဆိုယင် ကာယကံ, ဝစီကံနဲ့ သူ့အတွက်ဖြင့် ကာယကံနဲ့ လဲသွားပြီးသကာလဝေယျာဝစ္စလုပ်ပေးပါတယ်၊ ဝစီကံနဲ့ လဲမြဘာမို့ ဆိုမိပါတယ်... (မှန်လှပါ)။

ဒီတော့ ဒီတက္ကာ ဥပါဒါန်တွေဟာ ကိုယ်နာလို့ စိတ်နာတာ....(မှန်လှပါ)ရှင်းပလား....(ရှင်းပါပြီ) တက္ကာ ဥပါဒါန်တွေဟာ ဘာနဲ့တူပါလိမ့်....(ကိုယ်နာလို့ စိတ်နာတာပါဘုရား) ဒါဖြင့် ကူးသွားပလား၊ မကူးသေးဘူးလား....(ကူးသွားပါပြီဘုရား)ဘုရားက ဘယ်လိုဟောသလဲ.... (ကိုယ်နာ၍ စိတ်မနာစေနဲ့) ကိုယ်နာသော်လဲ စိတ်မနာအောင်ကျင့် .... (မှန်လှပါ) သဘောကျပလား....(ကျပါပြီ)။

ကိုယ်နာဆိုတာက တကယ်နာတာကို ဆိုတာမဟုတ်ဘူး...၊ ဒီခန္ဓာကြီးက ဖြစ်လိုက် ပျက်လိုက်-ဖြစ်လိုက်ပျက်လိုက်နဲ့ - (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ)။

အဲဒီ ဖြစ်ပျက်ကို မြင်အောင် ကြည့်လိုက်တဲ့ အခါကျတော့ ကို....တဲ့ ကိုယ်ကတော့ ခဏခဏသေနေတာ.... (မှန်ပါ) စိတ်ကသေတာကိုဘဲသေတယ်လို့ သိပြီးသကာလအနိစ္စလို့သိ ဒုက္ခသစ္စာလို့သိတော့ သိရုံသာသိတာ၊ နာသေးသလား(မနာပါဘုရား)။

ဒါဖြင့် ဝိပဿနာရှုတာကတော့ဖြင့် ကိုယ်နာသော်လဲ စိတ်မနာတဲ့အလုပ်.... (မှန်လှပါဘုရား) ဝိပဿနာ အလုပ်ကတော့ (ကိုယ်နာသော်လဲ စိတ်မနာပါဘုရား) ဦးဘအုန်း ရှင်းပြီနော် (ရှင်းပါပြီဘုရား) ဒါ ဟောလိုက်တာဗျ ဘုရားက ....(မှန်ပါဘုရား) တကာကြွယ် ဒီဥစ္စာ ကိုယ်နာသော်လဲ စိတ်မနာစေနဲ့ ဆိုတဲ့ဥစ္စာက ရုပ်ဖေါက်ပြန် ပျက်စီးလဲ သြော် .... ဖေါက်ပြန်ပျက်စီးတယ်လို့ သိပေး.... (မှန်ပါဘုရား) ဝေဒနာ ဖြစ်ပျက်မြင်ပြန်ရော .... (ဖေါက်ပြန်ပျက်စီးတယ်လို့ သိပေး) ဖေါက်ပြန်ပျက်စီးနေတဲ့ ဖြစ်ပျက်ဘဲ.... လို့ သိပေး....(မှန်လှပါဘုရား) သညာကလေးဘာ ပျက်စီးနေပြန်ကော.... (ဖေါက်ပြန် ပျက်စီးနေတယ်လို့ သိပေး)။

အဲဒီလိုဆိုတော့ စိတ်က နာသေးသလား....(မနာပါဘုရား) ဘယ်နာမတုံး ဒီနေရာ မင်္ဂစိတ်က နာတဲ့စိတ်မှ မဟုတ်ဘဲ၊အမှန်သိတဲ့စိတ်....(မှန်ပါဘုရား) အမှန်သိတော့ နာသေးရဲ့လား.... (မနာပါဘုရား) အမှားသိတဲ့ စိတ်ကတော့ ငါမှ ဖြစ်ရလေခြင်း ဒီဟာ ငါဖြစ်သွားတယ် .... (မှန်ပါ) ဖြစ်ရလေခြင်းက ဒီဘက် (မှန်ပါ)မလာဘူးလား....(မှန်ပါဘုရား)။

အဲဒါကတော့ကို....တဲ့ ဒီဌီအစဲ့-စဲ့နေတဲ့အတွက် ဒုက္ခသစ္စာ အနှိစ္စတရားကို ငါလို့ သိတဲ့အတွက် ကိုယ်နာသော် စိတ်နာသွား တယ်....(မှန်လှပါဘုရား) ရှင်းပလား .... (ရှင်းပါပြီဘုရား) ဒုက္ခသစ္စာ ငါလုပ်မိတဲ့အတွက် ဘာတဲ့....(ကိုယ်နာသော်စိတ်နာ ပါတယ်ဘုရား)။

ကဲ... ဒုက္ခသစ္စာဆိုတာ အနှိစ္စဘဲက ဒုက္ခသစ္စာဘဲက .... လို့ ဦးဘအုန်း ရှုပေးစမ်း.... (မှန်လှပါ) ဟိုက ဘယ်လိုပျက်စီး

ပျက်ဓိုးဖြတ်ဖြတ်-ဖြတ်ဖြတ်နဲ့ ပျက်စိုးနေကြတယ်(မှန်ပါ့ဘုရား) ဝေဒနာကလေးတွေပေါ်လိုက် ပျောက်လိုက်-စိတ်ကလေးတွေက ကော....(ပေါ်လိုက် ပျောက်လိုက်ပါဘုရား)။

ပေါ်လိုက် ပျောက်လိုက် နေတာကလေးတွေ ဉာဏ်နဲ့ကြည့်ပြီးသကာလ ကြည့်လို့တောင် ကောင်းတယ် .... (မှန်ပါ့) သူ့သတောနဲ့သူ ဖြစ်ပျက်နေလိုက်တာ သြော်....ခန္ဓာသဘောဟာ ဒီအတိုင်းဘဲကိုး....(မှန်ပါ့ဘုရား) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ခန္ဓာသဘော ဒီအတိုင်းဘဲလို့ သိတော့ ဒုက္ခသစ္စာလို့သူသိပစ်လိုက်တာယ်.... (မှန်ပါ့ဘုရား) မသိသေးဘူးတား .... (သိပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဒုက္ခသစ္စာ....(မှန်ပါ့) ကိုယ်မနာတာက (မဂ္ဂသစ္စာပါဘုရား) အဲ... ဖြစ်ပျက် ကိုယ်နာတာက .... (ဒုက္ခသစ္စာပါဘုရား) ကိုယ်မနာတာတ....(မဂ္ဂသစ္စာပါဘုရား)။

အဲ....ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာပေါ်တယ်... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) တကာကြွယ် ဘာဟောပါလိမ့် .... (ဒုက္ခသစ္စာနဲ့မဂ္ဂသစ္စာဟောပါတယ်ဘုရား)။

ကိုယ်နာသော်လဲ စိတ်မနာအောင်ကျင့်လို့ ဘုရားကဟောတယ်....(မှန်ပါ့) ကျွင့်ဆိုတာ ဝိပဿနာရှုပြောတာ....(မှန်လုပါဘုရား) ကိုယ်ကတော့ဖြင့် ဖြစ်ပျက်-ဖြစ်ပျက်နဲ့ ဘယ်တော့မှ ရပ်မှာမဟုတ်ဘူး....(မှန်ပါ့) နောက်ဆုံးပိတ်တာနေ့ကျတော့ ခေါင်းထဲဝင်သွားတာဘဲ....(မှန်လုပါဘုရား)။

ဒီ ခေါင်းထဲ ဝင်သွားတာလဲ သူ့သဘောနဲ့သူ ဖြစ်တာဘဲဆိုပြီးသကာလ သြော်....ဒီအတိုင်း ခန္ဓာသဘောဘဲ ဒုက္ခသစ္စာမို့

ဒုတ္ထသစ္စာပြောတာဘဲဆိုတော့ ကိုယ်နာသော်လဲ စိတ်နာသေးရဲ့လား....(မနာပါဘုရား)။

အဲဒါ ဝိပဿနာအလုပ်.... (မှန်ပါဘုရား) ကိုယ်နာလို့ စိတ်နာတာက သံသရာခရီးသည်အလုပ်....(မှန်လှပါဘုရား)သဘောကျပလား....(ကျပါပြီ) ကိုယ်နာတော့ စိတ်နာတာက....(သံသရာ့ခရီးသည် အလုပ်ပါဘုရား) ကိုယ်နာသော်လဲ စိတ်မနာတာက ခရီးဆုံးတဲ့ပုဂ္ဂိုလ်၏အလုပ်....(မှန်လှပါဘုရား)။

ဒီနှစ်လုံးကို သေသေချာချာမှတ်ပါ....(မှန်လှပါ) ကိုယ်နာလို့ စိတ်နာတာက ဘယ်သူ့အလုပ်တုံး .... (သံသရာခရီးသည် အလုပ်ပါဘုရား) သံသရာ့ခရီးသည် အလုပ် .... (မှန်လှပါ) ကိုယ်နာ၍ စိတ်နာတဲ့ပုဂ္ဂိုလ်မှာ- (သံသရာ့ခရီးသည်အလုပ်ပါ) ဘာဖြစ်လို့တုံး....၂ ၂-နဲ့ ၃-ကူးသွားလို့....(မှန်လှပါ)။

ကိုယ်နာသော်လဲ စိတ်မနာတဲ့ပုဂ္ဂိုလ်အလုပ်ကတော့ ဘာပါလိမ့်.... (ခရီးဆုံးတဲ့ပုဂ္ဂိုလ်အလုပ်ပါဘုရား) အင်း... သံသရာ့ခရီးဆုံးတဲ့ပုဂ္ဂိုလ်၏အလုပ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ကိုယ်နာလို့ စိတ်နာတာက ဘယ်သူ့အလုပ်လဲ.... (သံသရာ့ခရီးသည်အလုပ်ပါဘုရား)။

ကိုယ်နာသော်လဲ ဖြစ်ပျက်ရှုပြီးသကာလ ကိုယ်က ဖြစ်ပျက်ဖြစ်နေတယ်....၊နာမကာယ ရူပကာယတွေပေါ့ဗျာ.... (မှန်ပါ့) အကုန် ဖြစ်ပျက်ဖြစ်ပြီးသကာလနေတာ စိတ်ကမနာတော့ သံသရာ ခရီးဆုံးတဲ့ပုဂ္ဂိုလ်၏အလုပ်....(မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ကိုယ်နာလို့ စိတ်နာယင်.... (သံသရာ့ခရီးသည် အလုပ်ပါဘုရား) ကိုယ်နာသော်လဲ စိတ်မနာတဲ့အလုပ်ကဖြင့်....(သံသရာ့ခရီးဆုံးတဲ့ ပုဂ္ဂိုလ်၏အလုပ်ပါဘုရား)။

အဲ....တကာကြွယ် ဒီအတိုင်းကိုပေါ်သွားပြီ၊မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)ဦးဘအုန်း အဲဒါ အရှင်သာရိပုတ္တရာက နကုလပိတာ တကာကြီးကို ဟောပြန်တယ်(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

တရားမဆုံးသေးဘူး နာရီကဖစ့်သွားပြီ တော်ကြဦးစို့....

သာဓု....သာဓု....သာဓု

အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော် မူသော

ကျေးဇူးတော်ရှင် ၊ အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား - အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော

ကိုယ်သာနာ၍ စိတ်မနာစေနဲ့ မှ အဆက်

ပဉ္စင်္ဖသမုပ္ပါဒ်တရားတော် (၁၅)

(၆-၁၂-၆၁)

တကာတကာမတို့....ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဘုဝပေါင်း ထောင်ငါးရာ- အမိအဘ ဖြစ်ခဲ့တာက ဘဝငါးရာ, ဘိုးဘွားဖြစ်ခဲ့တာက တထောင်ဖြစ်ပြီးသကာလနေတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ အလောင်းတော်သည်လည်း အဘိုးကြီး အဖွားကြီးနဲ့ သံယောဇဉ်ဆက်ခဲ့ရတာ ဘဝပေါင်းထောင့်ငါးရာလို့ဆိုတာ တကာတကာမတွေ့ ဟောပြီးပြီ .... (မှန်လှပါဘုရား)။

ဘယ်နှယ်ကြောင့် ကိုယ်တော်မြတ်ကြီး ဒီအမိ အဘတွေထဲမှာဘဲ အဘိုးအဖွားအဖြစ်နဲ့တထောင်....၊ အမေ အဖေအဖြစ်နဲ့ ငါးရာစီ နေရပါလိမ့်မတုံး....လို့ မေးလို့ရှိယင် ခင်းဗျားတို့ မှတ်ထားပါ၊ သစ္စာမသိခင်က ဖြစ်ရတဲ့အဖြစ်ကလေးလို့ မှတ်ထားပါ....(မှန်လှပါဘုရား)။

ဘယ်လို မှတ်ကြမယ် .... (သစ္စာ မသိခင်က အဖြစ်ဏလေးပါ ဘုရား)။

သစ္စာ မသိခင်ကနော်....၊ သစ္စာမသိတော့ ဒီအမေနဲ့ ဒီအဖေနဲ့ မခွဲပါရဲစေနဲ့ ဆိုတော့ ဒီအမေ ဒီအဖေနဲ့ ရှိတုန်းကိုဘဲ တောင်းတဲ့ ဆုဘဲ .... (မှန်ပါ့) ဒီအမေ ဒီအဖေနဲ့ ရှိတုန်းကို တောင်းတဲ့ဆုဆိုတော့ ဒါနလုပ်လိုက်- သီလလုပ်လိုက် ဘောင်း တိုင်းပြည့်တဲ့ဥစ္စာတွေ ပြည့်လိုက်ပြန်တော့ ဒီဝမ်းခေါင်းထဲ ပြန် ဆောက်တယ်....(မှန်လှပါဘုရား)။

ဒီဝမ်းခေါင်းထဲပြန်ဆောက်တော့ ဒီဝမ်းခေါင်းထဲက ထွက် လိုက်၊ ဒီဝမ်းခေါင်းထဲက ထွက်ပြီးသေလိုက်၊ ဆက်ပြီး ဒီဝမ်း ခေါင်းထဲ ပြန်ဆောက်လိုက်ဆိုတော့ ဒုက္ခ စက်လည်နေလေသလဲ.... (လည်နေပါတယ်ဘုရား) ဘာဖြစ်လို့ ပါလိမ့်မလဲလို့ တကာ့ တကာမတွေမေးယင် ဘယ်နှယ်အဖြေတွက်ကြမယ် .... (သစ္စာ မသိလို့ ပါဘုရား)။

ဩော်... ဘဝပြန်ရတာ ဘဝဆိုတာသည်ကာလို့ ဆိုယင်.... ခန္ဓာငါးပါး....(မှန်ပါ့)ခန္ဓာငါးပါး ဒုက္ခသစ္စာလို့ မသိတော့ ကို ဒီအဘိုး ဒီအဖွားနဲ့ဘဲ နေပါရစေ၊ ဒီအမေ အဖေနဲ့ဘဲ မခွဲ ပါရစေနဲ့ ဆိုတော့ ခန္ဓာရှိတုန်း မသေခင် တောင်းထားတဲ့ဆုပေါ် တော့ သေတဲ့အခါကျပြန်တော့လဲ ဒီဆီထဲ ပြန်ရောက်ပြန်ပလေ (ရောက်ပါတယ်ဘုရား)ရောက်ချင်လို့ ရောက်ရတာလား.... လို့ တကာတကာမတွေ မေးကြည့်တော့ ဘယ်နှယ်ဖြေကြမလဲ.... (သစ္စာမသိလို့ပါဘုရား)။

ဩော်....သစ္စာမသိတဲ့ အဖြစ်ဆိုးကြီးသည် တကာတကာမတို့ ဝမ်းခေါင်းထဲ အောင်းလိုက် သေလိုက်၊ပြန်အောင်းလိုက် သေ

လိုက်၊ ပြန်ပေးအောင်းလိုက် သေလိုက်ဆိုတော့ မောင်ဘသော်တို့ ဦးဘအုန်းတို့ ဘယ်နေရာကျမလဲ....(မကျပါဘုရား)။

သစ္စာမသိတဲ့အဖြစ်ဟာ တကာတကာမတို့ အနေဆိုး ပဋိသန္ဓေနဲ့ အသေးဆိုး စုတိကို ကိုယ်ပိုင်ရနေတဲ့ယ်ဆိုတာဟော့ရှင်း ကြပါပြီ....(ရှင်းပါပြီဘုရား) အနေဆိုး ပဋိသန္ဓေ- အသေဆိုး စုတိဆိုတော့ ဘယ်ဟာ ကောင်းသတုံးတကာကြယ်....(ဘယ်ဟာမှ မကောင်းပါဘုရား)။

မကောင်းပေမဲ့လဲ ဒါတွေဟာ....ဒုက္ခသစ္စာတွေ ပါကလား "ဇာတိပိ ဒုက္ခာသစ္စံ မရဏမ္ပိ ဒုက္ခသစ္စံ" ဆိုတာကို မသိတော့ ဒီဘုရားအလောင်းသည်ပင်လျှင် ဦးဘအုန်း ရေ... ထောင့်ငါး ရာဆိုတော့ လွန်မသွားဘူးလား....(လွန်ပါတယ်ဘုရား)။

မသိယင်တော့ဖြင့် ဘုရား အလောင်းတော် ပစ္စေကဗုဒ္ဓါ အလောင်းတော်.... တကာတကာမတို့ ဘာ အလောင်းရယ်လို့ ရှေးမနေဘူး ....၊ မသိတာက နှိပ်စက်လိုက်တာဘဲ....(မှန်လှပါဘုရား) ဘယ်လို မှတ်ကြမယ် .... (မသိတာက နှိပ်စက်ပါတယ်ဘုရား)ဘာကို မသိပါလိမ့်....(သစ္စာမသိတာပါဘုရား)။

သစ္စာမသိတော့ ဒုက္ခလစ္စာ မသိဘော့ ဒုက္ခသစ္စာဘဲ ပြန်လို ချုပ်တယ်ဆိုဘာ ရှင်းပလား....(ရှင်းပါပြီဘုရား)။

သမုဒယသစ္စာမသိတော့ ဆုတောင်းပြန်တယ်ဆိုတာ ပေါ်လာတယ်... (ပေါ်လာပါတယ်ဘုရား)။

နိရောဓသစ္စာကို မသိတော့လဲ တကာတကာမတို့ မလိုချင်တဲ့ သဘောက ပေါ်နေဘယ်....(ပေါ်နေပါတယ်ဘုရား) မဂ္ဂသစ္စာကို နိဗ္ဗာန်ရောက်ကြောင်းရယ်လို့ မသိပြန်တော့လဲ အာဃာတမထုတ် ချင်ဘူး....(အာဃာတမထုတ်ချင်ပါဘုရား)။

အဲဒီတော့ သစ္စာလေးပါး သူသိတာ ပါသေးရဲ့လား(မပါပါဘုရား)အဲဒီလိုမပါတာနဲ့ဘဲ ဘုန်းကြီးတို့ ဘုရားအလောင်းကြီးသည်ပင်လျှင် ဘဝငါးရာ စုတိ ပဋိသန္ဓေနဲ့ ပြောင်းနေရတယ် ဒီဝဲမ်းခေါင်းထဲမှာ....(မှန်လှပါဘုရား) ဦးကအုန်း ဘာဖြစ်တာလဲ....(သစ္စာမလို့ပါဘုရား)။

သြော်....တကာဘကာမတို့ သစ္စာသိဘို့ဒေရေးဟာ တယ်ပြီးကြီးတယ်ဆိုတဲ့ဥစ္စာသည်....အသေဆိုး အနေဆိုးတွေ ထပ်ဖြန့်တလဲလဲ လုပ်ပေးနေဘာ မသိတဲ့အဝိဇ္ဇာဘဲဆိုတာ ပေါ်လာတယ် .. (ပေါ်လာပါဘယ်ဘုရား)။

မသိတော့ ပြုချင်သလိုပြုတဲ့ သင်္ခါရဆိုပြီးသကာလ ဒီမှာတကာတကာမတို့ မသိဘာဟာ အဝိဇ္ဇာ .... (မှန်ပါ့) ဒါ-ဒုက္ခသစ္စာလို့ သူသိရဲ့လား .. (မသိပါဘူးရား) သမုဒယသစ္စာလို့ကော....(မသိပါဘုရား) မဂ္ဂသစ္စာလို့ကော.... (မသိပါဘုရား)။

မသိကော့ သူသည် ဣဿဝရချင်တယ် .... (မှန်ပါ့) ဣဿဝရချင်တာနဲ့ နကုလမာဘာနဲ့ နကုလပိဘာ ဝမ်းထဲမှာဘဲအကြိမ်ပေါင်း ထောင်ငါးရာလောက် နေရပါတယ်ဆိုတဲ့ဥစ္စာ မသိလို့နေရတာဆိုဘာ မှတ်လိုက်စမ်းပါ.... (မှန်လှပါဘုရား) ဘယ်လို့မှတ်ကြမယ်....(မသိလို့နေရတာပါဘုရား)။

ဒါ့ကြောင့် မသိတာဟာ ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား) မသိလို့ ပြုလုပ်ဘာလဲ ဘာသစ္စာလဲ .... (သင်္ခါရ-သမုဒယသစ္စာပါ) သမုဒယသစ္စာ၊ သင်္ခါရဆိုတာ ပြုလုပ်တာ....(မှန်လှပါဘုရား) ဒါနပြုပြီး ဆုတောင်းလိုက် သီလစောင့်ပြီးဆုတောင်းလိုက်ဆိုတာ သင်္ခါရဘဲ.... (မှန်လှပါ) ဘာသစ္စာတုံး.... (သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် မသိဘဲနဲ့ ပြုလုပ်တာဟူသ၍ဖြင့် သမုဒယသစ္စာချည်းဘဲ ..(မှန်လှပါဘုရား) တကာကြွယ် ဘယ်နှယ်ဆိုကြမယ်.... (မသိဘဲနဲ့ ပြုလုပ်တာဟူသ၍ သမုဒယသစ္စာချည်းပါဘုရား) မှသိဘဲနဲ့ ကုသိုလ်ပြုလဲ သမုဒယသစ္စာဘဲ .... (မှန်ပါ) မသိဘဲနဲ့ အကုသိုလ်လုပ်လဲ....(သမုဒယသစ္စာပါဘုရား)။

ဩဩ .. ဒါဖြင့် သစ္စာမသိဘဲနဲ့ ပြုလုပ်တာဟူသ၍ဖြင့်ဦးဘအုန်း အလဲနဲ့အချေခ်ချည်းဘဲ(မှန်ပါ-အလဲနဲ့ အချေခ်ချည်းပါဘုရား) ပုံစံကြည့်ပါ၊ ၁-နံပါတ်ပုံစံကြည့်၊ မသိတာ အဓိဋ္ဌာ၊ ပြုလုပ်တာ သန်ဓါရ....(မှန်လှပါ) အကုသိုလ် ပြုလုပ်လဲ သန်ဓါရ၊ ကုသိုလ်ဖေတာနဲ့ပြုလုပ်လဲ... (သန်ဓါရပါဘုရား)သစ္စာ မသိဘဲနဲ့ ပြုလုပ်လို့ရှိယင် .... ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)။

ဩဩ.... သမုဒယသစ္စာဆိုတာ ပယ်ရမည့်တရားလို့ သူက မသိတော့ တကာတကာမတွေ့ ပြုလုပ်တယ် .... (ပြုလုပ်ပါတယ်ဘုရား) ပယ်ရမှည့်တာကားလို့ မသိလိုက်ဘဲ့အတွက်.... (ပြုလုပ်ပါတယ်ဘုရား) ဘယ်နှယ်ကြောင့် ပြုလုပ်ပါလိမ့်မလဲ မေးတော့မှ မသိလို့ပါဘုရား....(မှန်လှပါဘုရား) မသိလို့ပြုလုပ်ပါတယ်ဆိုတာဖြင့် ရှင်းသွားပလားး... (ရှင်းသွားပါပြီဘုရား)။

ဘုရားအလောင်းသည်ပင်လျှင် .... မသိလို့ ပြုလုပ်တော့ကို နကုလမာတာတို့ အမိဝမ်းခေါင်းထဲမှာ ဒါကခန္ဓာငါးပါးပေါ့ဗျာ....(မှန်လှပါ) အကြိမ်ပေါင်း ဘယ်လောက် ဖြစ်ရသလဲ.... (ဇထောင့်ငါးရာပါဘုရား)။

အင်း.... ဘယ်နှယ်ကြောင့်ဖြစ်ရပါလိမ့်မတုံးလို့ မေးကြပါဦး တကာတကာမတို့....(သစ္စာမသိလို့ပါဘုရား) သစ္စာမသိလို့

နော်....(မှန်ပါ့)မသိရုံတွင် ရိုးရိုးလား၊ပြုလုပ်မှုပါသေးသလား (ပါပါသေးတယ်ဘုရား)မသိတာ မသိသလို နေလိုက်လို့ရှိယင်လဲ တကာကြွယ်တော်သေးတယ်....(မှန်လှပါ)။

မသိဘဲနဲ့ သိလတ္တံလုပ်- ဒါနတွေပြုပြီး လူခန္ဓာရ-ရပါလို့ (မှန်ပါ့) လူခန္ဓာဆိုတာ ဒီအပိုင်းမှာ ၂-နံပါတ်မှာ.... (မှန်ပါ့) ကြည့်-ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒါ-ဒီဒုက္ခသစ္စာ အလိုလိုရတာလား၊ မသိဘဲနဲ့ပြုလုပ်ဖဲ့ပုဂ္ဂိုလ်ရတာလား....(မသိဘဲနဲ့ ပြုလုပ်တဲ့ပုဂ္ဂိုလ်ရတာပါဘုရား) ဦးဘအုန်းရှင်းပြီ.... (ရှင်းပါပြီ)မသိဘဲနဲ့ပြုလုပ်ဟဲ့ ပုဂ္ဂိုလ်ဘာသစ္စာရသတုံး.... (ဒုက္ခသစ္စာရပါတယ်ဘုရား) ရချင်လို့ရ,ရတာလား ... တဲ့၊မသိဘဲနဲ့ပြုလုပ်တာက ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)။

အိုး....ဒါဖြင့် တကာကြွယ် သမုဒယသစ္စာလုပ်ယင် ဒုက္ခသစ္စာပြေးမလွတ်ဘူး ရမှာဘဲ....(ရပါတယ်ဘုရား) သမုဒယသစ္စာသာလုပ်လို့ရှိယင် ဒုက္ခသစ္စာပြေး လွတ် [illegible]ပါ့မလား....(မလွတ်ပါဘုရား)ဘာသာစ္စာရသတုံး.... (ဒုက္ခသစ္စာရပါတယ်ဘုရား) ပြုတုန်းက ဘာတွေပြုလုပ်ခဲ့ပါလိမ့်(သမုဒယသစ္စာတွေ ပြုလုပ်ခဲ့ပါတယ်ဘုရား)။

မသိလို့ ပြုလုပ်တာ သမုဒယသစ္စာ၊ ရတာက ဒုက္ခသစ္စာ.... (မှန်လှပါဘုရား) မသိလို့ ပြုလုပ်ကာ .... (သမုဒယသစ္စာပါဘုရား)ရကာက....(ဒုက္ခသစ္စာပါဘုရား) သိပြီးသကာလပြုလုပ်လို့ရှိယင်... တဲ့၊ဒါ-သုခသစ္စာ သွားဖြစ်တယ် .... (မှန်လှပါ) သိပြီးပြုလုပ်ယင်.... (သုခသစ္စာ သွားဖြစ်ပါတယ်ဘုရား) ဒါ-ပြောင်းရမှာဘဲ၊ ဒါပြောင်းမှ သုခသစ္စာဆိုတဲ့ နိဗ္ဗာန်ရမှာဘဲ.... (မှန်လှပါ)ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်ကြီးတို့ဖြင့် အမှား အတော်ကျဲ့လာခဲ့ပြီ... (ကျဲ့ခဲ့ပါတယ်ဘုရား) ဦးဘအုန်း ဘယ်နှယ်ဆိုမလဲ.... (အမှားကျဲ့ခဲ့ပါတယ်ဘုဘုး) မသိလို့ ပြုလုပ်တာတွေက သိပ်များတယ်....(များပါတယ်ဘုရား)။

မသိလို့ ရောင်းဝယ် ဖေါက်ကားပြီး သကာလ လိမ်လည်ကောက်ကျစ်ကဲ့ အလုပ်တွေ လုပ်ပြန်တော့လဲ ငါ့ခန္ဓာဟာ ဒုက္ခသစ္စာလို့ မသိဘဲနဲ့ ရောင်းကြ, ဝယ်ကြ,လိမ်ကြ, ကောက်ကြပြန်လဲ မသိတာရယ် ရောင်းကြ, ဝယ်ကြတာဟာ သင်္ခါရ.... (မှန်ပါ့ဘုရား)။

ဒါကြိုးစားပြန်တော့လဲ ထွက်သွားတယ်လို့ မြွားကပြတယ် (ပြပါတယ်ဘုရား)ဘာသစ္စာရသတုံး .... (ဒုက္ခသစ္စာရပါတယ်ဘုရား)တခါ ဒုက္ခသစ္စာကို ဒီဟာဒုက္ခသစ္စာ ကိုယ့်ခန္ဓာကြီးပေါ့ဗျာ....(မှန်ပါ့)မသိပြန်ဘူးဆိုလို့ ရှိယင် ဒါတွေပေါ်ဦးမှာဘဲ....(ပေါ်ဦးမှာပါဘဲဘုရား) တကာကြွယ် ခု-နံပါတ် ဘယ်နှယ်လဲ....(ပေါ်မှာပါဘုရား)ရ, ထားတာကြီးကို မသိတာနဲ့ ဘာတွေပေါ်ပြန်ပါလိမ့်.... (သမုဒယသစ္စာပေါ်ပါတယ်ဘုရား) ခု-နံပါတ်ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် သမုဒယသစ္စာပေါ်လာပြန်တော့ သေပြန်တော့ဘာသစ္စာရသလဲ... (ဒုက္ခသစ္စာရပါတယ်ဘုရား) အဲဒီ ဒုက္ခသစ္စာကို တကာတကာမတွေက မသိပြန်တော့ကို....တဲ့ ဒါပေါ်ဦးမှာဘဲ. (ပေါ်ပါတယ်ဘုရား) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား) ပေါ်ယင် ဘာသစ္စာရသလဲ....(သမုဒယသစ္စာပါဘုရား)။

ဩော်.... ဘုန်းကြီးတို့ တကာ တကာမတွေ ကာရွတ်ကင်းလျောက်၊ ပုရွက်ဆိတ်လင်ပန်းလျောက်ပါကလား... (မှန်လှပါ)

ဦးဘအုန်းဘယ် နှယ်ဆိုမလဲ....(ကရုတ်တင်းလျှောက် ပုရွက်ဆိတ် လင်ပန်းလျှောက်ပါဘုရား)။

နခမ်းလျှောက်နေတာ တနေ့လုံး လျှောက်သော်လဲ တကာ ကြွယ် ဆင်းပေါက်-တက်ပေါက်ခတ္တရဲ့ လား....(မတွေ့ပါဘုရား) ဘာပြုလို့ တုံး မသိသောကြောင့်....(မှန်လှပါ) တကာတကာမ တော့ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(မသိသောကြောင့်ပါဘုရား) မသိသွား-သွားနေတယ်....(မှန်ပါ့)။

ဒါဖြင့် တကာကြွယ် သစ္စာ-ဟောတတ်တဲ့ ဆရာနဲ့ တွေ့ဘို့ သစ္စာနာတတ်တဲ့ နားနဲ့တွေ့ဘို့ရာလဲ မလွယ်ပါလား.... (မလွယ် ပါဘုရား)ဘုရားအလောင်းကြီးပင် မတွေ့ခဲ့တာနဲ့ ဘယ်လောက် တဲ့တုံး ဘဝပေါင်း....(ငထောင့်ငါးရာပါဘုရား)ဘာနေဆိုး အသေ ဆိုးလေ....(မှန်ပါ့)။

အနေဆိုး အသေဆိုး ငထောင့်ငါးရာဆိုတော့.... ဦးဘအုန်း အံ့သြစရာမလိုဟော့ပါဘူး-(မလိုပါဘုရား) ဒါ အနည်းကလေး ရှိသေးတယ်လို့ ဇာတ်မေ့လိုက်စမ်းပါဦး... (မှန်လှပါ)။

မသိသက် ဒီ့ထက်ရှည်မယ်ဆိုယင် ဒီ့ထက်အဆပေါင်းများ စ့ဝ လာဦးမယ်ဆိုတာလဲ ခင်ဗျားတို့ ဆုံးဖြတ်ချက် ချရဦးမယ်- (မှန်လှပါ) မသိသက် ရှည်လေလေ ဒုက္ခသက်က.... (များလေ လေပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

တကာကြွယ် ဒီတဝ ဇာတ်မသိမ်းလို့ ရှိယင်ဖြင့် သိဇာင် လုပ်ယင်လုပ် မလုပ်လို့ ရှိယင်ဖြင့် ဒုက္ခသက်က ဘယ်တော့ ကျွတ် တမ်းဝင်ပါ့မတုံး၊ ဘယ်တော့မှ မဝင်ဘူး....(မှန်လှပါ)သစ္စာမသိ ဘဲယ်တော့မှ မဝင်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် မောင်ဘသော် ဘာကို အဓိကထားလုပ်ဘို့ ကောင်းပါလိမ့်.... (သစ္စာသိဘို့ အဓိကထားလုပ်ဘို့ ကောင်းပါတယ်ဘုရား) သစ္စာသိဘို့ အဓိက ထားလုပ်ပါဆိုဘာကိုဖြင့် တကာကြွယ် ပုံစံကလဲပြ၊ ပါးစပ်ကလဲပြော အရေးတကြီး ဟောနေတယ်ဆိုတာလဲ မှတ်လိုက်စမ်းပါ....(မှန်လှပါ) ဒီ ပဋိစ္စသမုပ္ပါဒ်ဟာ တကာကြွယ် ဟောလို့ မကုန်နိုင်ဘူးနော်.... (မှန်လှပါ)။

ဟာ .. ပဋိစ္စသမုပ္ပါဒ်က ဘယ်နှယ်ကြောင့် ဟောလို့ မကုန်ပါလိမ့်မလဲလို့ ဦးဘအုန်းတို့၊ မောင်ဘသော်တို့ကိုမေးယင် မှားချက်ခဲတတ်က ကချက်တည်းမကဘူး.... (မှန်လှပါ) ကယ်နှယ်ဆိုကြမယ်....(မှားချက်တွေက တချက်တည်းမကပါဘုရား)။

မှားချက်တွေက နည်းတာမှတ်တောဘူး၊ တနေ့ခဟာလဲ ဒီပေါ်ရောက်တာကဲ့....(ရောက်ပါတယ်ဘုရား) နောက်တနေ့ဟောပြန်....(ရောက်ပါဖူးယ်ဘုရား)။

ဒါ ရောက်တာမြင်ကတည်းကနောက်တော့ကွာ၊ ဒို့အပေါ် အရောက်မခံဟော့ဘူး--သိအောင် လုပ်ဟော့မဟ....ဆိုတဲ့ စိတ်မွေးကြံရမယ်....(မှန်လှပါဘုရား)။

နို့မို့လို့ ရှိယင်ဖြင့် ဟုန်းကြီးတို့ ဟာကာတကာမတွေမှာဖြင့် ခုနက ပြောခဲ့တဲ့စုတိပဋိဃန္ဓေဘဲ လှည့်နေမှာဘဲ.... (လှည့်နေပါမယ်ဘုရား) စုတိပြီး ဘာလှည့်မယ်.... (ပဋိသန္ဓေလှည့်ပါမယ်) ပဋိသန္ဓေပြီး ဘာလှည့်မယ်.... (စုတိလှည့်ပါမယ်ဘုရား) ဟင်.... ဒါဖြင့် မွေး-ဇာ လှည့်နေတာဘဲ.... (မှန်ပါဘုရား)။

မွေးဘာလဲ ဒုက္ခသစ္စာ၊ ဇာတာလဲ.... (ဒုက္ခသစ္စာပါဘုရား) မသိလို့နေတာကော.... (ဒုက္ခသစ္စာပါဘုရား) ကဲ ...ဦးဘအုန်းဘယ်ဟာကြိုက်သတုံး....(ဘယ်ဟာမှ မကြိုက်ပါဘုရား)။

အဲ.... ဒါဖြင့် သစ္စာသိအောင်လုပ်ရမယ်.... (မှန်ပါ့) သစ္စာသိအောင် လုပ်ရမယ်ဆိုတာ တကာကြွယ် ဒေသသေချာချာမှတ်ပါ....(မှန်လှပါ) သစ္စာသိကလဲ တကာတကာမတို့ ယနေ့တော့ ထူးထူးခြားခြားဘဲ ပြောရမယ်.... နော်.... (မှန်ပါ့) အလုပ်မလုပ်ဘဲနဲ့ သိနေတာ သညာသိလို့မှတ်ပါ....(မှန်လှပါ့)အလုပ်မလုပ်ဘဲနဲ့ သိတာ....(သညာသိပါဘုရား) အလုပ်-လုပ်ပြီး သိတာက ပညာသိ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

သညာသိက နိဗ္ဗာန် မရောက်နိုင်ဘူး..... (မရောက်ပါဘုရား) အလုပ်– လုပ်ပြီး ပညာသိ-သိမှု နိဗ္ဗာန်ရောက်တယ်.... (မှန်လှပါဘုရား) သစ္စာသိပေမဲ့ သညာသိ·ပညာသို ခွဲပါဦး.... (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား) ဘယ်ရောက်မှ ကိစ္စပြီးမှာပါလိမ့်.... (ပညာသိရောက်မှ ကိစ္စပြီးမှာပါဘုရား)။

ပညာသိဆိုယင် သူးပြီ၊ ခန္ဓာထဲမှာ ဖြစ်ပျက်တွေ့ကြည့်.... (မှန်ပါ့) ပညာသိဆိုတာ ခန္ဓာထဲမှာ ကြည့်လိုက်တဲ့အခါ ကျတော့ ဖြစ်မှုပျက်မှုကပဲလေးတွေ့ တွေ့လိုက်တော့ သြော်....အနေဆိုးကဲလေး.... သြော်.... အသေဆိုးကလေးဆိုတာ ကိုယ့်ခန္ဓာထဲက ပြတယ်....(မှန်လှပါဘုရား)။

ဦးဘအုန်း ဘယ်ကပြသလဲ.... (ကိုယ့်ခန္ဓာထဲက ပြပါတယ် ဘုရား) အနေဆိုးကဲလေးဆိုတာ ဖြစ်တာ.... (မှန်ပါ့) အသေဆိုးကလေးဆိုတာ ငသာ.... (မှန်ပါ့) အဲဒီ အနေဆိုးအသေဆိုးကလေးတွေနဲ့ ချည်းဘဲ ဉာဏ်ထဲမှာ မြင်နေရတော့ သြော်.... နှစ်မှုစလုံး ဒုက္ခသစ္စာပါကလား....(မှန်လှပါဘုရား) ဘာပါလိမ့် (နှစ်ခုစလုံး ဒုက္ခသစ္စာချည်းပါဘုရား) နှစ်ခုစလုံး ဒုက္ခသစ္စာပါ

ကလား-လို့ သိလာတဲ့အခါကျတော့မှ သိတဲ့ဉာဏ်က မလိုချင်ဘူး....(မှန်လှပါ)။

ဒီ ဖြစ်ပျက် ခန္ဓာကြီးကို.... (မလိုချင်ပါဘုရား) မလိုချင်တဲ့ဆီကျမှ တကာကြွယ် ဖျတ်ခနဲ ချုပ်တယ်.... (မှန်လှပါ) ချုပ်သွားတော့မှ ဒုက္ခချုပ်ဘဲ့ နိဗ္ဗာန်က ပေါ်လာတယ်.... (မှန်လှပါဘုရား) ဒုက္ခသစ္စာချုပ်သွားပြီကိုး.... (မှန်ပါ့) ဘာပေါ်လာသလဲ...(နိဗ္ဗာန် ပေါ်လာပါကယ်ဘုရား)။

ဒါ့ကြောင့် ဒုက္ခတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်လို့ ဆိုလိုက်တယ် (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ခန္ဓာတို့၏ ချုပ်ငြိမ်းရာ.... (နိဗ္ဗာန်ပါဘုရား)။

ဩော်.... နဂိုရိုက ဘယ်သူကယ်နေပါလိမ့်မတုံးလို့ မေးယင် တရားတပဲ့လုံး ဘယ်နှယ် ဖြေကြပါ့မယ်....(အဝိဇ္ဇာကွယ်နေပါတယ်)ခင်ဗျားတို့ သိနေတာကစဉ်းစားလေ၊ ဖြစ်ပျက်- ဖြစ်တာဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား) ပျက်တာ.... (ဒုက္ခသစ္စာပါဘုရား) ဖျတ်ဆို ချုပ်သွားတယ်၊ ချုပ်သွားတော့မှ နိဗ္ဗာန်သစ္စာက ပေါ်လာတယ်....(မှန်ပါဘုရား)ဘာကွယ်နေသတုံး.... (ဒုက္ခသစ္စာ ကွယ်နေပါတယ်ဘုရား)။

ဉာဏ်နဲ့ဖြေပါ....တဲ့၊ အလုပ်သဒ္ဓာ ပြောနေတယ်နော်.... (မှန်ပါ့) အလုပ်သဒ္ဓော ပြောနေတော့ အလုပ်နဲ့ မြင်တာမှသာ အမှန်ပေါ့၊ ခင်ဗျားတို့ ပါးစပ်က ပြောတာကတော့အလွဲချည်းဘဲ့....(မှန်လှပါဘုရား)။

အလုပ်သဒ္ဓောနဲ့ ဉာဏ်ထဲမှာကြည့်ပါ တကာကြွယ်နော်.... (မှန်ပါ့) တကာကြွယ်တို့ အလုပ် လုပ်ပြီးသကာလ နေတော့ ဖြစ်ပျက်ဆိုတာက ဒုက္ခသစ္စာ....(မှန်လှပါ)သူဆုံးသွားတဲ့အခါ

ကျလို့ ရှိယင်ဖြင့် နိဗ္ဗာန်ပေါ်တယ်.... (မှန်လှပါ) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန် ဘယ်သူကပဲ့နှသတုံး မေးတဲ့အခါ အဝိဇ္ဇာကဲ့တယ်လို့ ဖြေစရာမလိုတော့ဘူး.... (မလိုပါဘုရား)ဖြစ်ပျက်ကဲ့နေတယ်.... (မှန်ပါဘုရား) ဒုက္ခသစ္စာ ကဲ့နေတယ်.... (ကဲ့နေပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဘာကဲ့နေသလဲ.... (ဒုက္ခသစ္စာ ကဲ့နေပါတယ်ဘုရား) သူဆုံးသွားစမ်းပါလား တကာကြွယ်၊ ဘာတွေသလဲ.... (နိဗ္ဗာန်တွေပါတယ်ဘုရား) သြော်.... သူကဲ့နေတာဘဲဆိုတာ ရှင်းပလား.... (ရှင်းပါပြီ)။

ဒါကြောင့် ခန္ဓနိရောဓော နိဗ္ဗာနံ .... (မှန်လှပါဘုရား) ခန္ဓာကဲ့နေတယ်.... (မှန်ပါဘုရား) ခန္ဓာဆိုတာ ဒုက္ခသစ္စာ ခန္ဓာ .. (မှန်ပါဘုရား) ခန္ဓာဆိုတာ ဘာပါလိမ့်.... (ဒုက္ခသစ္စာပါဘုရား)သူ မဆုံးသရွေ့ ဦးဘအုန်း နိဗ္ဗာန်မမြင်ပါဘူး.... (မမြင်ပါဘုရား)။

တကာကြွယ် လုပ်ချင်တိုင်းလုပ်၊ သူမဆုံးယင်.... (မမြင်ပါဘုရား) အဲဒါ ဘယ်သူ ကဲ့နေတယ် ထင်သလဲ.... (ဒုက္ခသစ္စာကဲ့နေပါတယ်ဘုရား)ခန္ဓာ ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား) ဘယ်သူကဲ့နေသလဲ.... (ဒုက္ခသစ္စာ ကဲ့နေပါတယ်ဘုရား) အဲ....ခန္ဓာ ဒုက္ခသစ္စာ ကဲ့နေတယ် ... (မှန်ပါဘုရား)။

ဘယ်သူ့ ကိုကဲ့ဖုံးအုပ်နေပါလိမ့်မလဲ မေးတော့ ဘယ့်နှယ်ဖြကြမလဲ..... (နိဗ္ဗာန်ကိုကဲ့ဖုံးအုပ် နေပါတယ် ဘုရား) နိဗ္ဗာန်ကို ကဲ့ဖုံးပြီး အုပ်နေတဲ့အတွက် တကာဘကာမတို့....

ဒါ့ကြောင့် ခင်ဗျားတို့မှာ အင်း.... သားကလေးကြည့်လိုက်ပြန်လဲ သားဘဲမြင်နေတယ်၊ နိဗ္ဗာန်ဖုံးနေတယ်.... (မှန်လှပါ) သမီးကလေး ကြည့်လိုက်ပြန်လဲ- (နိဗ္ဗာန်ဖုံးနေပါတယ်ဘုရား) သမီးဘဲ မြင်နေတာကိုး.... (မှန်လှပါဘုရား)။

အဲဒီ နိဗ္ဗာန်ဟာ.... (ဖုံးနေပါတယ်ဘုရား) မတွေ့နိုင်ပါဘူး ခန္ဓာကွယ်နေတယ်... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား) တကာကြွယ် ဘယ်သူကွယ်နေသတုံး..... (ခန္ဓာ ဒုက္ခသစ္စာ ကွယ်နေပါတယ်ဘုရား)။

အဲဒီတော့ ဒီခန္ဓာတွေကို ခင်ဗျားတို့က သူမျှားခန္ဓာ ဆိုးအောင် မရှုနိုင်ယင် ကိုယ့် ခန္ဓာဆိုးအောင် ရှုသိုက်... (မှန်လှပါဘုရား) သူမျှားခန္ဓာ ဆိုးအောင်၊မရှုနိုင်ယင်.... (ကိုယ့် ခန္ဓာဆိုးအောင်ရှုရပါမယ်) ရှုလိုက်လို့ ရှိယင် ခန္ဓာသည်ကားလို့ ဆိုယင် မလိုချင်တဲ့ မဂ်ဉာဏ်ကလေး ပေါ်လာပါရော.... (မှန်ပါ့) ဆိုးသွားတယ်.... (မှန်ပါ့) ဆိုးသွားတော့ တကာကြွယ်.... ဘယ်သူ ပေါ်လာသတုံး.... (နိဗ္ဗာန်ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ဘယ်သူ ကွယ်နေသတုံးဆိုတာ ပေါ်လာတယ်... (ပေါ်လာပါတယ်) ဘယ်သူ ကွယ်နေသတုံး.... (ဒုက္ခသစ္စာ ကွယ်နေပါတယ်ဘုရား)အေး....ဒါ့ကြောင့်ဖြစ်ပျက် ဒုက္ခသစ္စာ ကွယ်နေတယ်... (မှန်လှပါဘုရား)။

ဒါဖြင့်.... နိဗ္ဗာန် မမြင်ကြဘာပေါ့.... ခန္ဓာကွယ်နေလို့.... (မှန်ပါ့) ခန္ဓာကို ဘယ်သူဖုံးနေသတုံး၊ ခန္ဓာ၏ဖြစ်ပျက် ဘယ်သူဖုံးနေသတုံးဆိုမှ အဝိဇ္ဇာကွယ်နေတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခန္ဓာကြီးဟာ ဒုက္ခသစ္စာပါဘဲ၊ ဒီ ခန္ဓာကြီးကို ရှုကြည့်တယ် ဘုရား-မမြင်ဘူးဘုရားဆိုတော့ ဘယ်သူ ကွယ်နေသတုံး-(အဝိဇ္ဇာ ကွယ်နေပါတယ်) ဒီကျတော့ ရှင်းသွားပြီ.... (မှန်ပါ!) ဉာဏ် ပေါ်မှာ အဝိဇ္ဇာ ကွယ်နေတယ်.... (မှန်ပါ!)သဘောကျပလား.... (ကျေပါပြီ)။

ဒါဖြင့် ဉာဏ်ပေါ်မှာ အဝိဇ္ဇာ ကွယ်နေတယ်.... (မှန်ပါ!) နိဗ္ဗာန်ပေါ်မှာ ဒုက္ခသစ္စာ ကွယ်နေတယ်....(မှန်ပါ!ဘုရား) ရှင်းပလား....(ရှင်းပါပြီ)ဉာဏ်ပေါ်မှာ....(အဝိဇ္ဇာ ကွယ်နေပါတယ် ဘုရား)နိဗ္ဗာန်အပေါ်မှာ-(ဒုက္ခသစ္စာ ကွယ်နေပါတယ်ဘုရား)။

အဲဒီ နှစ်ခုကို ဉာဏ်က ထက်လာတော့ အဝိဇ္ဇာက ချုပ်တာ ဘဲ....(မှန်ပါ!) ဒုက္ခသစ္စာနဲ့ သွားတွေ့တယ်.... (မှန်ပါ!ဘုရား) ဉာဏ်က ထက်လာတော့.... (ဒုက္ခသစ္စာနဲ့ သွားတွေ့ပါတယ်) ခန္ဓာနဲ့ သွားတွေ့တယ်....(မှန်ပါ!) ခန္ဓာ ဘာသစ္စာ.... (ဒုက္ခ သစ္စာပါဘုရား)။

ဒါဖြင့် ဒီလိုလုံပ၊ဉာဏ်နဲ့သွားတွေ့ဘာ ဒုက္ခသစ္စာနဲ့ ဉာဏ်နဲ့ အရင် သွားတွေ့တယ်.... (မှန်ပါ!)မတွေ့ခင်တုန်းက ဖြစ်ပျက် မတွေ့ပါဘူး ခန္ဓာဖြစ်ပျက် မတွေ့ပါဘူးဆိုတုန်းက အဝိဇ္ဇာ ကွယ် နေတယ်.... (မှန်ပါ!ဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား) အဝိဇ္ဇာတို့ တဏှာတို့ အပေါင်း အသင်းနဲ့ တက္က ကွယ်နေတယ် လို့ ဆိုလိုက်ပါတော့....(မှန်ပါ!ဘုရား)ရှင်းပြီ....(ရှင်းပါပြီ)။

ဒါဖြင့် ဉာဏ်ပေါ် ဘယ်သူ ကွယ်နေသတုံး.... (ဒုက္ခသစ္စာ ကွယ်နေပါတယ်) ဉာဏ်ပေါ်မှာ ရေးထားကြစမ်းပါ ဒီဥစ္စာ ရှုပ်နေမှာစိုးတယ်....နော်.(မှန်ပါ!) ရေးထားပါတဲ့-အလုပ်-လုပ် တဲ့ပုဂ္ဂိုလ် ဖြစ်ပျက် မတွေ့သေးယင် အဝိဇ္ဇာကွယ်တယ်.... (မှန်

လှုပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)ဖြစ်ပျက် မတွေ့သေးယောင် (အဝိဇ္ဇာကွယ်ပါတယ်ဘုရား)ရှင်းပြီနော်....(မှန်ပါ့)။

ဖြစ်ပျက်သာ တွေ့နေတယ်ဗျ၊ နိဗ္ဗာန် မတွေ့သေးဘူးဆိုယောင် ဒုက္ခသစ္စာ ကွယ်တယ်.... (မှန်ပါ့ဘုရား) ဦးဘအုန်း သေသေချာချာမှတ်ပါ... (မှန်ပါ့ဘုရား)။

ဒါ အလုပ်-လုပ်သမားတွေမှာနိဗ္ဗာန် ရှာတဲ့အခါကျလို့ရှိယင် ဒီ နှစ်ချက်ဟာဖြင့် အတော် အနှောင့်အယှက်ကြီးဘယ်လို့ တကာကြွယ် မှတ်ရမယ်....(မှန်ပါ့ဘုရား) ပြန်မေးတယ်-ပြန်မေးတယ်-ဥာဏ်ခပါ ဘယ်သူ ကွယ်နေသလဲ.... (အဝိဇ္ဇာကွယ်နေပါတယ်ဘုရား)။

ကဲ....ဒါဖြင့် အဝိဇ္ဇာ ကွယ်တော့ကို အဝိဇ္ဇာကို တခါတည်း ရှင်းပေးလိုက်....(မှန်ပါ့)အဝိဇ္ဇာ ရှင်းပေးလိုက်သည်နဲ့ တပြိုင်နက်တည်း-တဲ့ တကာ တကာမတို့ အဝိဇ္ဇာမရှိတော့ကို အဝိဇ္ဇာပါးသွားတယ်ဆိုယင် ဖြစ်ပျက် သွားတော့ဘယ်.... (တွေ့ပါတယ်ဘုရား)။

တချို့ ဖြစ်ပျက်ကိုမတွေ့ဘူး....(မှန်ပါ့) ဟာ....ဘယ့်နယ်ကြောင့် မတွေ့ပါလိမ့်မတုံး၊ခန္ဓာကိုယ်ကလဲ ဥဒယဗ္ဗယ ဖြစ်ပျက်နေတဲ့ ခန္ဓာကိုယ်ကြီး....(မှန်လှုပါ) ဖြစ်ပျက် ခန္ဓာကိုယ်ကြီး....(မှန်လှုပါ့)ဒါကို တပည့်တော်တို့ဖြင့် တွေ့ကို မတွေ့သေးဘူး၊ ရှုနေတာလဲ ကြာပါပြီဆိုတော့ သူဟာ အဝိဇ္ဇာ မတ္ထန်းလှုန်နိုင်လို့....(မှန်လှုပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဘာ မတ္ထန်းလှုန်နိုင်သတုံး....(အဝိဇ္ဇာမတ္ထန်းလှုန်နိုင်လို့ပါဘုရား)မတ္ထန်းလှုန်နိုင်လို့ရှိယင် နိဗ္ဗာန်ဟာ အဝေးကြီး ကျန်သေးတယ်.... (မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဟာ အခေးကြီး ကျန်ပါခဲသးတယ် တကာတကာမတို့ (မှန်ပါ့)သူ့ကိုဘဲ တွန်းလှန်ရဦးမယ်.... (မှန်ပါ့) သူ့ကို တွန်းလှန်ပြီး ကြပ်ကြပ် ရှုပေးရမယ်၊ ဒုက္ခသစ္စာ မတွေ့-တွေ့အောင် ရှာရမယ်....(မှန်လှုပါ)။

ဖြစ်ပျက်ဒုက္ခသစ္စာ မတွေ့-တွေ့အောင် ရှာရမယ်....(မှန်ပါ့) ရှာလို့ရှိယင်ဖြင့် သြော်....ဖြစ်ပျက်ကလေးတွေတော့ တွေ့ပြီဆိုတဲ့အခါကျမှ တချက်လှန်ပြီ.... (မှန်ပါ့)အဝိဇ္ဇာ တချက်လှန်ပြီ-(မှန်လှုပါ) လှန်ပေမဲ့ နိဗ္ဗာန် တွေ့ပလားလို့ဆိုတော့ မတွေ့သေးဘူး....(မတွေ့သေးပါ)ဖြစ်ပျက်ဘဲ တွေ့တယ်....(မှန်လှုပ့ါ) ဖြစ်ပျက် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် မှတ်လိုက် ဒုက္ခသစ္စာ တွေ့တယ်....(မှန်လှုပါ)ဉာဏ်နဲ့ တော်လှန်ပြီးတာတောင်မှ ဦးဘအုန်း ဒုက္ခသစ္စာဘဲတွေ့တယ်.... (မှန်ပါ့)အဲဒီ ဒုက္ခသစ္စာကိုလဲ ဖြစ်ပျက်သာ တွေ့သေးတယ်.... ဒုက္ခသစ္စာ အစစ်ကယ်လို့ ဉာဏ်ထဲမဆောက်သေးသ၍ ပွားများနေ... (မှန်လှုပါ့)။

ပွားများပြီးသကာလ နေလိုက်ပြီဆိုတော့ ဖြစ်ပျက်မြင်လို့ ရင့်ကျက်လာတဲ့အခါကျတော့ မုန်းလာတဲ့ အခါမှာ ဖြစ်ဖြစ်-နောက် သြော်... ဒီဥစ္စာ ဒုက္ခသစ္စာ အစစ်ဘဲလို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပါ....(မှန်လှုပါဘုရား)။

အဲဒီ ဆုံးဖြတ်ချက်ချတော့မှ ဒုက္ခသစ္စာက ကွယ်သွားတယ်-(မှန်လှုပါ)သူက ပျောက်သွားတယ်၊ သူက ပျောက်သွားတော့မှ နိဗ္ဗာန်က ဒီနေရာ အစားထိုးလာတယ်....(မှန်လှုပါဘုရား) သဘောကျပလား ...(ကျပါပြီ)။

ဒါဖြင့် နိဗ္ဗာန် ဘယ်သူ ကွယ်သတုံး....(ဒုက္ခသစ္စာ ကွယ်ပါ့ တယ်ဘုရား) ဒုက္ခသစ္စာ ဘယ်သူ ကွယ်နေသလဲ....(အဝိဇ္ဇာ ကွယ် နေပါတယ်ဘုရား) ဒီ နှစ်သွယ်ကိုဖြင့် တတ်နိုင်သ၍ ပယ်မှ ဦး ဘအုန်း နေရာကျမယ်.... (မှန်လှပါဘုရား) ဒါဟာ ဦးလှဘူး အင်မတန် အလုပ်သမားမှာ အရေးကြီးပါတယ်(မှန်ပါ့ဘုရား)။

ဒုက္ခခပ်သိမ်းငြိမ်းချင်တဲ့ ပုဂ္ဂိုလ်မှာဖြင့် ဒီနှစ်လုံးဟာ အရေး တကြီးမှတ်ရမယ်....(မှန်လှပါဘုရား)ဖြစ်ပျက် မတွေ့သေးယင် ဘာ ကွယ်သတုံး.... (အဝိဇ္ဇာကွယ်ပါတာယ်ဘုရား)အဝိဇ္ဇာ ကွယ် လို့ရှိယင်ဖြင့် ရုပ်တွေ နာမ်တွေကွယ်၊ ရုပ်တွေ နာမ်တွေ ကွယ် ပြီးသကာလ သြဝါ....နာမ်မမှဟာလဲ သူ့အသက် ဘယ်လောက် ပါလိမ့်မလဲ မေးယင် ဖြစ်ပျက်ဘဲ....(မှန်ပါ့)ရုပ်မမှတ္တ မေးလဲ သူ့အသက် ဘယ်လောက်ပါလိမ့်မလဲ ဖြစ်ပျက်ဘဲ.... (ဖြစ်ပျက် ပါဘဲဘုရား) သဘောကျပလား....(ကျေပါပြီ)။

အဲဒီလို ဟကာ တကာမတွေက ကွယ်နေတဲ့ တရားကိုဘဲ ဥာဏ်နဲ့ စိစစ်ကြည့်လိုက်ပြီးသကာလ ပြန်ရှု... (မှန်ပါ့) ပြန်ရှု လာတဲ့အခါကျတော့ ခန္ဓာကြီးက တဖျတ်ဖျတ်နဲ့ ဖြစ်ပျက်တွေ သူ့ဟာလာလိမ့်မယ်....(မှန်ပါ့) ဒီလိုသူဟာလာလို့ရှိယင်ဖြင့် အဝိဇ္ဇာ ပါးသွားပါပြီ....(မှန်လှပါဘုရား)။

ဒါဖြင့် ဥာဏ်ပေါ်ကွယ်နေတဲ့ အဝိဇ္ဇာ ပါးသွားတာဘဲ.... (ပါးသွားပါတယ်ဘုရား)ပါးသွားတော့ ဘာဇတ္တ ဇတ္တသလဲ.... (ဖြစ်ပျက်တွေ ငြိတယ်)ဖြစ်ပျက် ဘာသစ္စာ.... (ဒုက္ခသစ္စာ ပါဘုရား) အဲ....ဒုက္ခသစ္စာ အရင် ငြိတ်ရတယ်....(မှန်ပါ့)နိဗ္ဗာန် ဟာ ပြုန်းကနဲ ဘယ်တော့မှ မတွေ့နိုင်ဘူး....(မှန်လှပါ)။

နိဗ္ဗာန်ဟာ ပြုန်းကနဲ့ မတွေ့နိုင်ပါဘူး တကာတကာမတို့.... ဖြစ်ပျက် တွေ့ဘို့ရာတောင်မှ မနည်း ကြိုးစားရတယ်.... (မှန်လှုပါဘုရား) နိဗ္ဗာန် ဖုံးနေတဲ့ ဖြစ်ပျက်ကြီး ပျောက်သွားဘို့ ဆိုတာလဲ အတော်ခဲပါသေးတယ်....(မှန်လှုပါ)။

အဲဒီတွင် တကာကြွယ်တို့-မောင်ဘသော်တို့ လူစုကာ ကြိုးစားလိုက်တဲ့အခါကျတော့ ဖြစ်ပျက်ဟာ ဖြစ်ပျက်ဘဲ မြင်နေတာဘဲ-နောက်ကျတော့ ဖြစ်ပျက်ဟာ ဇယ်.... မုန်းစရာ စရာတရား ဘဲဆိုတာကို ညာဏ်ကဘဲ လုပ်လာတာဘဲ.... (မှန်လှုပါဘုရား)။

ညာဏ်က လုပ်လာတော့ ဒီညာဏ် ထက်လာဘို့ဘဲဆိုတာ နဂိုရှိက ကိုယ် ခန္ဓာ ဖြစ်ပျက်ဘယ်တော့မှ မမြင်ပါဘူး၊မုန်းရမှာဝေးစွဲ (မှန်လှုပါဘုရား) အခုတော့ဖြင့်- တခါတည်း အဝိဇ္ဇာက ပါး သွားလို့ ဖြစ်ပျက်ကလေးများ မုန်းလာတယ်.... (မှန်လှုပါ)။

အဲဒီ ဖြစ်ပျက်ကလေးတွေ့ မုန်းလာတဲ့အခါကျတော့မှ ဝိဂ္ဂ ပိုရှုလို့ တကာကြွယ်တို့ သတိပေးရတယ်.... (မှန်လှုပါဘုရား) ပိုပြီးသကာလ အားစိုက် ရှုစမ်းပါဆိုပြီး ရှုလိုက်တဲ့အခါ ဇယ်. ဖြစ်ပျက်ဟာ တခြားမှ မဟုတ်ဘဲဘဲ.... ဒါ ကိုယ့် ဒုက္ခကြီးပါကလား....(မှန်လှုပါ) ညာဏ်က ပိုထက်လာတယ်.... (မှန်ပါ့) ညာဏ်က ပိုထက်လာတာယ်.... (မှန်ပါဘုရား) ပိုထက်လာတဲ့အခါ ဒုက္ခအစစ်ကယ်လို့ လဲ ညာဏ်ထဲမှာထင်ပါရော တကာကြွယ် ဖြစ်ပျက် ဒုက္ခသစ္စာကြီး ပျောက်ကွယ်သွားတယ်....(မှန်လှုပါ)။

ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက်တည်း- နိဗ္ဗာန်ဟာ အစားထိုးလာတယ်....(မှန်လှုပါဘုရား) ဖြစ်ပျက်နေရာမှာ ဝန် အစားထိုးတာဘဲ....(မှန်လှုပါဘုရား)ရှင်းပလေး.... (ရှင်းပါ့ဘု

ဘုရား) ဒါဖြင့် နိဗ္ဗာန် ဘယ်သူ့ကွယ်သလဲ....(ဖြစ်ပျက်ကွယ်ပါတယ်) ရှင်းပြီ-နော်.... (ရှင်းပါပြီဘုရား)။

ဖြစ်ပျက် ဒုက္ခသစ္စာ ဘယ်သူ့ကွယ်သလဲ....(အဝိဇ္ဇာ ကွယ်ပါတယ်ဘုရား) အဲ.... အဝိဇ္ဇာတို့ တဏှာတို့ပေါ့ဗျာ-နော်.... (မှန်လှပါဘုရား) ဦးဘအုန်း သဘောပါလား.... (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဒီနှစ်ခု မလှန်နိုင်ယင် နိဗ္ဗာန်တော့ဖြင့် မတွေ့ပါဘူး (မတွေ့ပါဘုရား) အဝိဇ္ဇာ မတော်လှန်နိုင်ယင်....(နိဗ္ဗာန်မတွေ့ပါဘုရား) ဒုက္ခသစ္စာ မှတော်လှန်နိုင်ယင်.... (နိဗ္ဗာန်မတွေ့ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) တော်လှန်နိုင်တဲ့ ပုဂ္ဂိုလ်ကျတော့လဲ ဖျပ်ဆိုတဲ့ အဝိဇ္ဇာသာ မကွယ်ပါဘူး၊ ဉာဏ်,ခန္ဓာလှည့်လိုက်ယင် ဖြစ်ပျက်လာတွေ့တယ်.... (မှန်လှပါဘုရား) ဖြစ်ပျက်လာတွေ့ပြီး ဖျပ်ဆို ဖြစ်ပျက်ကွေ့လေးတွေ့က ကိုယ့်ဉာဏ်ထဲ ဖြစ်တော့ ဒုက္ခသစ္စာဘဲဆိုတော့ဖြစ်ပျက်ကွယ်သွားတယ်-(မှန်လှပါ) ကွယ်သွားယင် နိဗ္ဗာန်တွေ့တာဘဲ....(မှန်ပါ့ဘုရား) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်တွေ့ချင် ဘယ်နှစ်ချက် လှန်လှောပစ်ရမှာပါလိမ့်.... (နှစ်ချက်ပါဘုရား) ရှေးဦးစွာ ဖြစ်ပျက် ဖုံးကွယ်တဲ့ အဝိဇ္ဇာ တော်လှန်ပစ်ရမယ်....(မှန်ပါ့ဘုရား)။

ဒုတိယ ဒုက္ခသစ္စာကြီးကို ကွယ်နေတဲ့ ဒုက္ခသစ္စာက ကွယ်နေတဲ့ အတွက် ဒုက္ခသစ္စာကို ဒုက္ခသစ္စာအစစ်ဖြစ်အောင် ဉာဏ်ထဲမှာ ဆုံးဖြတ်ချက်ချမှ ဒီအကွယ်ကြီးဟာ ရပ်စဲသွားမယ်-(မှန်လှပါဘုရား) သူ ရပ်စဲသွားမှသာလျှင် နိဗ္ဗာန်ဟာ လှလှကြီး ပေါ်

လာလိမ့်မယ်....(မှန်လှုပါ) တကာကြွယ် နို့မို့ပေါ်ပါ့မလား.... (မပေါ်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) ကောင်းပြီ.... ဒါဖြင့် နကုလမာတာ-နကုလပိတာတို့ကို ပြောကြစို့၊ ဒါအလုပ် သင်ပြလိုတ်တာဘဲ ဦးဘအုန်း....(မှန်လှုပါ)။

ကိုင်း.... ဒါနဲ့ဘဲ နကုလမာတာ-နကုလပိတာတွေထဲ ဘုရား လောင်းကြီးသည် ဘဝပေါင်း ထောင့်ငါးရာ အိုလိုက်,နာကိုက်-သေလိုက်, ပဋိသန္ဓေနေလိုက်နဲ့ နေလိုက်ရတာ တကာကြွယ်တို့ မောင်ဘခင်သာတို့ ထောင့်ငါးရာတိုင်တိုင် ဘယ်ဒုက္ခပြစ်ပါလိမ့် မတုံး....၊ ဘယ်အကြောင်းပါလိမ့်မတုံး အသေတွေက မျှားလှု ချည့်ကလားဆိုးတာ့ လုက်သည်ရှာကြ၊ ဘာ့ကြောင့် အသေ တွေမျှား၊ အနေးတွေမျှားနေပါလိမ့်မတုံး....လို့ လက်သည်ရှာ တော့ မသိတာနဲ့ ပြုပြင်တာ.... (မှန်လှုပါဘုရား) နံပါတ် ၁-သူ့ဘဝတွေဘယ်....(မှန်လှုပါ) မသိတာနဲ့.... (ပြုလုပ်ချင်တာ သူ့ဘဝတွေပါတယ်ဘုရား) မသိတော့ ပြုလုပ်ချင်တာက ရမ်းပြီး ပြုလုပ်တယ်....(မှန်ပါ့ဘုရား)။

ရမ်းပြီးပြုလုပ်တော့ ဒီအဘိုးကြီးနဲ့ ဒီအဖွါးကြီး ဝမ်းခေါင်း ထဲမှာ ဘုရားအလောင်းခန္ဓာ ထောင့်ငါးရာဖြစ်ခဲ့တယ်-(မှန်ပါ့) ထောင့်ငါးရာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာဘုရား) အဲ....ထောင့်ငါးရာ ဒုက္ခသစ္စာကြီးနဲ့ နေရတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ)။

ကောင်းပြီ.... ဒါဖြင့် ထောင့်ငါးရာ ဒုက္ခသစ္စာနဲ့ နေရတာ သည်ကားလို့ဆိုယင် မသိတာနဲ့ ပြုလုပ်ချင်တာ ပြုလုပ်လို့ ဆို တဲ့ လက်သည်ပေါ်လာတယ်....(ပေါ်ပါတယ်ဘုရား)။

နောက် ဒီ အဘိုးကြီး အဖွားကြီး ဝမ်းထဲမှာ ထောင့်ငါးရာ နေပြီးသတာလ တခြားသော ဝမ်းခေါင်းထဲမှာနေတာတွေ့လာ ရတယ်.... (လာရပါတယ်ဘုရား)ခမည်းတော် သုဒ္ဓေါဒနနဲ့ မယ်တော်မာယာတို့ ဝမ်းခေါင်းထဲမှာလဲ နည်းတာမှ မဟုတ်ဘဲ ကိုး....(မှန်လှပါဘုရား)။

အဲဒီလိုနေတာ ကြည့်လိုက်ပြန်တော့လဲ ဒီ ဘုရားအလောင်း ကြီး ခန္ဓာငါးပါး ဘုရားအလောင်းကြီး....(မှန်လှပါ) ဘာတွေ့ ပေါက်ပွားလို့ ဝမ်းခေါင်းပြောင်းရပါလိမ့်မလဲ မေးပြန်ယင်... (တဏှာ ဥပါဒါန် ကမ္မဘဝတွေ့ ပေါက်ပွားပါတယ်) အဲ.... ဒီ ခု-နှံပါတ်တွေ့ ပေါ်လာတယ်.... (မှန်ပါဘုရား) သဘောကျပ လား....(ကျေပါကွယ်) တဏှာ ဥပါဒါန် ကမ္မဘဝတွေ့.... (ပေါ် လာပါတယ်ဘုရား)။

တဏှာ ဥပါဒါန် ကမ္မဘဝတွေ့က ပေါ်ပြီးသကာလ.... လှ မတာ့ တခါတည်း ဒီဝမ်းခေါင်းပြောင်းပြန်တာဘဲ....(မှန်ပါ) မှပြောင်းပေဘူးလား....(ပြောင်းပါတယ်ဘုရား) အနာဂတ်ဘဝ ပြောင်းချတယ်....(ပြောင်းပါတယ်ဘုရား)။

ပြောင်းရမှာဘဲ တကာတကာမတို့.... (မှန်ပါ) ပြောင်းရ မှာဘဲ ဇာတိ,ဇရာ,မရဏတွေနဲ့ ဝမ်းခေါင်းပြောင်းပြီး အနာ ဂတ် ဘဝ ရောက်တယ်....(ရောက်ပါတယ်ဘုရား)။

ပြောင်းတဲ့ အရုပ်မျိုးစုံဘဲ သူသည် ဘုရားအဖြစ်သို့ မင် ပိုလ်ရတဲ့အကျင့်ကိုမကျင့်သေးတော့ တခါဘာဖြစ်ပြန်ပါလိမ့်မလဲ ဆိုပြီး အမေးထုတ်ရပါလိမ့်မယ်....(မှန်လှပါဘုရား)။

တခါ ဘာဖြစ်ပြန်သတုံး အမေးထုတ်တော့ ဒီမှာ မသေခင် သူသည် ဒီတရားတွေ့ လုပ်ပြန်တာဘဲ....(မှန်ပါ) မလုပ်ဘူးလား

(လုပ်ပါတယ်ဘုရား) မသေခင် ဒုက္ခသစ္စာထဲက သမုဒယသစ္စာ ပေါက်ပွါးတယ်.... (ပေါက်ပွါးပါတယ်ဘုရား) ဖပေါက်ပွားပြန်တော့ သေသည်၏အခြားမဲ့၌ ဒုက္ခသစ္စာ ပြန်ရတယ်- (ပြန်ရပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာကြွယ် ဒီ ပဋိစ္စသမုပ္ပါဒ်ထဲမှာ သမုဒယနဲ့ ဒုက္ခသာ လှည့်နေတာ....။ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ လုံးဝ,မပါ.... (မပါ-ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ....(လုံးဝ,မပါ,ပါဘုရား)။

ဒါဖြင့် တကာကြွယ်တို့ မောင်ဘသော်တို့ နောက်တုန်းကဲ့ တပည့်တော်တို့ ဘယ်သစ္စာနှစ်ပါးနဲ့ နေခဲ့ရပါသတုံး-လို့ ကိုယ် ကိုယ်,ကိုယ်စဉ်းစား....(မှန်လှပါဘုရား) ဖြေကြစမ်းပါ....(သမုဒယသစ္စာ,ဒုက္ခသစ္စာနဲ့ နေခဲ့ရပါတ့ယ်ဘုရား) သမုဒယ ဒုက္ခနဲ့ ချည်း နေခဲ့ရတယ်....(မှန်ပါ့)သမုဒယပြီး ဒုက္ခ၊ ဒုက္ခထဲက သမုဒယပေါက်ပွါး.... (မှန်ပါ့) ပေါက်ပွါးပြီး ဘာလာပြန်သလဲ.... (ဒုက္ခ လာပြန်ပါတယ်ဘုရား) အဲဒီ ဒုက္ခထဲက ဘာပေါက်ပွားသလဲ.... (သမုဒယပေါက်ပွားပါဘယ်) ဒနောက် ဘာလာပြန်သလဲ.... (ဒုက္ခလာပြန်ပါတယ်ဘုရား) ဒီလိုချည်း လှည့်နေတယ်.... (မှန်ပါ့)။

ဒီလိုချည်း လှည့်နေတယ် ဆိုတာတော့ဖြင့် ကျေကျေနပ်နပ် သဘောကျပလား....(ကျပါပြီ) အတော်ဆိုးပါတယ်.... (ဆိုးပါတယ်ဘုရား) တကာတကာမတို့ မသိတဲ့ပုဂ္ဂိုလ်အတွက်မှာဖြင့် တကာကြွယ် တယ်သနားစရာကောင်းပါတယ်.... (ကောင်းပါတယ်ဘုရား) မောင်ဘသော်တို့ သနားစရာမကောင်းဘူးလား (ထောင်းပါတယ်ဘုရား)။

ကိုယ်ကိုယ်တိုင်သာဖြင့် တကာစကားတို့ သူမျှား သနား တာကို နောက်မှ သနားပါတော့ ဦးဘအုန်း၊ ကိုယ့်အနာ ကိုယ် ကုပစ်လိုက်ပါဦး.... (မှန်လှုပါဘုရား) ကိုယ့်သမုဒယနဲ့ ကိုယ့်ဒုက္ခ ဇာတ်သိမ်းပါဦး.... (မှန်လှုပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာလုပ်ကြရမယ်....(ကိုယ့်သမုဒယနဲ့ကိုယ့် ဒုက္ခဇာတ်သိမ်း ပစ်ရုပါ့မယ်) သူမျှားကို အသနား မစေ့ပါနဲ့ဦး.... (မှန်လှုပါဘုရား)တကာကြယ် ကိုယ့်ကိုယ်ကို အရင်သမားလိုက်ပါဦး(မှန်လှုပါဘုရား)ဘယ်လိုပြောပါလိမ့်....(ကိုယ့်ကိုယ်ကိုအရင်သနားပါဦး) သူတပါးကို...(နောက်မှ သနားပါ)နောက်မှ သနားပါဆိုတဲ့ဥစ္စာလဲ မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)

ဘာ့ကြောင့်တုံးဆိုတော့ ကိုယ့်အိမ်ကမိုး မငြိမ်းသေးဘဲနဲ့ ဟိုအိမ်ကမိုးဘတွက်ပူနေလို့ ရှိယင်ဖြင့် စဉ်းစားကြည့်ပါ။ လူတိုင်းလဲ ယုံမယ်မဟုတ်ပါဘူး....(မှန်ပါ့) ယုံပါ့မလား....(မယုံပါဘုရား)။

ကိုယ့်အိမ်ကမိုးက လောင်တုန်းရှိသေးတယ်၊ ဟိုဘက်အိမ်အတွက် ငါပြေးသွားချင်တယ်ဆိုငြားသော်လဲ အဟုတ်ပြေးမှာ မဟုတ်ပါဘူး....(မပြေးပါဘုရား) ကိုယ့်အိမ်ကိုသာဖိပြီး ငြိမ်းရမှာ....(မှန်လှုပါ)။

ဒီမှာလဲ အဲဒီစိတ်လိုဘဲ တကာကြွယ်ရ....၊ကိုယ့်မီးကိုယ်သာသိမ်းပါဦး....(မှန်လှုပါ) သဘောကျပလား.... (ကျပါတယ်) ပြီးမှ သူမျှားမီးငြိမ်းပါ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဘာလုပ်ရမလဲ-(ကိုယ့်မီးကိုယ် အရင်ငြိမ်းရပါမယ်ဘုရား)ကိုယ့်

မိုးဆိုတာက ဒီဟာတွေမလာဘို့ အရေးကြီးတယ်၊ ဒီဘက်က ငါးခုတို့ ဒီဘက်က သုံးခုတို့ မလာဘို့အရေးကြီးတယ်....(မှန်လှုပါဘုရား)။

ကိုင်း....ဒါဖြင့် နကုလမာတာ-နကုလပိတာတို့ဝမ်းထဲမှာ နေခဲ့တာတွေဟာ.... ဘုရားအလောင်းသည် နာမည်သာ ဘုရားအလောင်း၊ ကျုပ်တို့နဲ့ တန်းတူဖြစ်နေတယ်....(မှန်ပါ့) သူလဲ အဝိဇ္ဇာသခ်ၤါရသမားဘဲ.... (မှန်လှုပါဘုရား) တဏှာ ဥပါဒါန် ကမ္မဘဝတွေ အားထုတ်သမားဘဲ.... (မှန်လှုပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူ့ဘုရားအဖြစ်သို့ ရောက်တယ်လို့ ဆိုကြပါစို့.... (မှန်လှုပါ)။

အဲဒီတော့ အဝိဇ္ဇာသခ်ၤါရသမားလဲ မဟုတ်ဘူး ....၊ တဏှာ ဥပါဒါန် ကမ္မဘဝတွေလဲ အားမထုတ်ဘူး၊ ခန္ဓာဒုက္ခကြီးငြိမ်းတဲ့ နိဗ္ဗာန်ရသွားတယ်၊ အဲဒါ ၂-ထဲက ၃-မပေါက်ပဲ့ားတာဘဲ.... (မှန်ပါ့ဘုရား) ၃-မပေါက်ပဲ့ားယင် နိဗ္ဗာန်ရပါတယ်၊ သဘောကျလား.... (ကျပါပြီ) ၃-မပေါက်ပဲ့ားယင်.... (နိဗ္ဗာန်ရပါတယ် ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဘာပါရမီတွေ ဘာတွေ မလိုပါဘူး၊ ဒါမပေါက်ပဲ့ားဘို့ အရေးကြီးပါတယ်.... (မှန်ပါ့ဘုရား) ဒါပေါက်ပဲ့ားယင် နောက်ခန္ဓာလာမှာဘဲ (မှန်လှုပါ) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် အလုပ်စဉ်ဖြင့် သိပါပြီဘုရား .... (မှန်ပါ့) မပေါက်ပဲ့ားတဲ့နည်းအရေးကြီးတယ်ဆိုတော့ မနေ့က ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်....တဲ့၊ ကိုယ်သာနာ၍ စိတ်

မနာစေနဲ့ တကာကြီး·တဲ့ .... (မူန်လှုပါ) သူ့ ခမည်းတော်ကြီး သူဌေးဟောတာ၊ ကိုယ်သာနာ၍....(စိတ်မနာပါဘူးစေနဲ့တဲ့)။

အဲဒီတော့ တကာတကာမတွေက မှတ်ရမယ်၊ ကိုယ်ဆိုတာ ခန္ဓာငါးပါးကိုဆိုပါတယ်....(မူန်ပါ့) ကိုယ်ဆိုတာ .... (ခန္ဓာငါးပါးကို ဆိုပါတယ်ဘုရား)။

စိတ်မနာစေနဲ့ဆိုတာ တကာ တကာမတို့က မှတ်ပါ့....တဲ့၊ ဒီကိုယ်ကိုဒိဋ္ဌိဘက္ခာနဲ့ မစဲနဲ့လို့ဆိုတာ ....(မူန်ပါ့) ကိုယ်ဆိုတာဘာပါလိမ့်.... (ခန္ဓာငါးပါးပါဘုရား) ခန္ဓာငါးပါးနော်.... (မူန်ပါ့) သေသေချာချာလုပ်ပါ။

ကိုယ်ဆိုတာဘာတုံး.... (ခန္ဓာငါးပါးပါဘုရား) ကိုယ့်မှာရှိတဲ့ ခန္ဓာငါးပါးမှတ်ပါ....(မူန်လှုပါ)ဒီ ပကတိ မြင်းကောင်းတဲ့ ကိုယ်ကြီးလို့ မယူဇိုက်ပါနဲ့....(မူန်ပါ့) ရူပက္ခန္ဓာ ဝေနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာငါးပါးကို ဆိုပါတယ်....(မူန်ပါ့ဘုရား)။

ဘုရားက ကိုယ်နာသော်လဲ စိတ်မနာစေနဲ့တဲ့....(မူန်ပါ့) သဓာကျပလား....(ကျပါပြီ) ကိုယ်နာသော်လဲ.... (စိတ်မနာစေပါနဲ့ .. တဲ့)စိတ်မနာစေပါနဲ့ဆိုတာ တကာ့ကာမတို့ ဒုက္ခနိဗ္ဗာန်ရောက်တဲ့တရားဘဲ....(မူန်ပါ့)။

စိတ်မနာစေနဲ့ဆိုတာ တကာတကာမတို့က....တဲ့ ငါ့ကိုယ်ဘဲလို့ ယူတော့ ဒီ ခန္ဓာငါးပါးကြီးကိုဟုတ်လား....(မူန်ပါ့ဘုရား) ငါ့ကိုယ်ဘဲလို့ ယူလို့ရှိယင် ဒီဟာလာတယ် .... (လာပါတယ်ဘုရား) တဏှာဒိဋ္ဌိလာပြီ .... (လာပါပြီဘုရား) တဏှာဒိဋ္ဌိ လာပြီဆိုတာ သဓာကျပလား....(ကျပါပြီ) ဒါ တဏှာ ဒိဋ္ဌိလဲဆို

နိုင်တယ်....(မှန်ပါ့) ဒီခန္ဓာငါးပါးကို ငါ့ကိုယ်ဘဲဆိုယင်.... (တံဏှာ ဒိဋ္ဌိလာပါတယ်ဘုရား) တဏှာ ဒိဋ္ဌိလာပြီ၊ကူးသွားပြီ.... (မှန်ပါ့ကူးသွားပါပြီဘုရား) ဃဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ဒီခန္ဓာငါးပါးကြီးက သူကဖြစ်တတ် ပျက်တတ့် အိုတတ် နာတတ်တယ်.... (မှန်လှပါ) အိုတတ် နာတတ် သေတတ်တော့ ကိုယ်ကလဲ နဂိုရ်က ငါ့ခန္ဓာကြီးလုပ်တယ်၊ ငါပိုင် ငါဆိုင် လုပ်တယ်....(မှန်ပါ့ဘုရား) သူကလဲ အိုတတ် နာတတ် သေတတ်တယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီပဋိုလ်ကလဲ တကာတကာမတို့ကလဲငါ့ခန္ဓာ ငါ့ကိုယ်ငါပိုင်တယ်....(မှန်လှပါ) တကာတကာမတွေက လုပ်ထားတာကဘယ် နှယ်လုပ်ထားသလဲ....(ငါ့ခန္ဓာ ငါ့ကိုယ် ငါပိုင်တယ်) ငါ့ကိုယ် ငါပိုင်တဲယ်ဆိုတဲ့ ဒိဋ္ဌိနဲ့ လုပ်ထားတယ်။ ဒိဋ္ဌိနဲ့လုပ်ထားတဲ့မှာ ခန္ဓာငါးပါးကြီးက ဖြက်ဆို ဖေါက်ပြန် ပျက်စီးသွားတယ်....(မှန်လှပါဘုရား) ဖြစ်မှဖြစ်ရလေခြင်းဆိုတဲ့ စိတ်နာတာတွေပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား) ဖြစ်မှ ဖြစ်ရလေခြင်းဆိုတာ ဘာတွေ့ ပေါ်လာသလဲ.... (စိတ်နာတာတွေ့ပေါ်လာပါတဲယ်)။

ပေါ်ချင်လို့ပေါ်တာလား၊ ငါ့ကိုယ် ငါ့ဟာလုပ်ထားလို့ ပေါ်တာလား....(ငါ့ကိုယ် ငါ့ဟာလုပ်ထားလို့ ပေါ်တာပါဘုရား)ဒါ ဦးဘအုန်းအရေးကြီးပါတယ်....(အရေးကြီးပါတယ်ဘုရား) ဒါ အရေးကြီးပါတယ်....တဲ့၊ကိုယ်နာသော်လဲ စိတ်မနာစေနဲ့ဆိုတဲ့ဥစ္စာ စိတ်နာတာကို ဘကာကြယ် ရှေ့ပိုင်းက ပြောရ

တယ်....(မှန်ပါ့ဘုရား) စိတ်နာတာကို ရှေ့ပိုင်းက ပြောနေ၊ တယ်....(မှန်ပါ့)ဘုရားက ဟောထားတာက ကိုယ်နာသော်လဲ (စိတ်မနာပါစေနဲ့)။

အဲဒါ စိတ်နာတဲ့ပုဂ္ဂိုလ်များမှ ဘယ်နှယ်ကြောင့် ပါလိမ့် မလဲဆိုတဲ့ပုစ္ဆာဟာ ထုတ်လာတယ်....(ထုတ်လာပါ့တယ်ဘုရား) ရှင်းပြီ နော်....(ရှင်းပါ့ပြီဘုရား) ဒီခန္ဓာငါးပါးကြီးကို ဘာလုပ် ထားကြပါလိမ့် .... (ငါ-ငါကိုယ် ငါဟာ လုပ်ထားကြပါတယ် ဘုရား) ငါ-ငါ့ကိုယ် ငါ့ဟာ လုပ်ထားတယ်....(မှန်ပါ့) ဒီခန္ဓာ ငါးပါးကြီးက ဖေါက်ပြန်ပျက်စီးသွားတော့ကကာဘကာမတွေ ဘယ်နှယ်ဖြစ်သလဲ....(စိတ်နာပါတယ်ဘုရား)။

ဖြစ်မှ ဖြစ်ရလေခြင်း၊ ဒီလိုဖြစ်လိမ့်မယ်မထင်ဘူး....(မှန်ပါ့) ကျုပ်ဖြင့် ဆီးမရ ပိတ်မရ ဖြစ်လာတယ်....(မှန်ပါ့) မျက်ရေ ကြီးငယ်တွေ တားမရ ဆီးမရ ဖြစ်လာတယ်....(မှန်ပါ့ဘုရား) ဘာဖြစ်လို့တုံး....(ငါ-ငါ့ကိုယ် ငါ့ဟာ လုပ်လို့ပါဘုရား)။

စဉ်းစားလိုက်၊ငါ-ငါ့ကိုယ် ငါ့ဟာ နဂိုရိုက မဟုတ်တာကြီး ကို ခင်ဗျားတို့က အဋ္ဌား-ဝါ အဋ္ဌားကြွားလုပ်တယ်....(မှန်ပါ့) အဋ္ဌား-ဝါ အဋ္ဌားကြွားတောင်မှ မကဘူး၊ တကယ်ပိုင် တကယ် ဆိုင် လုပ်ထားတယ်....(လုပ်ထားပါတယ်ဘုရား) မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား)။

အဲဒီတော့ လုပ်တုန်းက လွဲခဲ့လို့ ငိုပဲ့ဆင်ရတယ်....(မှန်ပါ့) လုပ်တုန်းက.... (လွဲခဲ့လို့ ငိုပဲ့ဆင်ရ ပါ့တယ်ဘုရား) ငိုတော့ တကဲ့ဒီဌိနဲ့ စဲနေလို့ ငိုပဲ့ဆင်ရတယ်....(မှန်လှပါဘုရား) ရှင်းပ လား....(ရှင်းပါပြီဘုရား) တကဲ့ဒီဌိနဲ့ စဲနေလို့ .... (ငိုပဲ့ဆင်ရ

ပါတယ်ဘုရား) ငိုပွဲဆင်ရတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ကိုယ်နာပြီး စိတ်နဲ့တွဲ့ ပုဂ္ဂိုလ်များမှာ ဘယ်လို ကြောင့်ပါလိမ့်မတုံး.... (ငါ ငါ့ကိုယ် ငါ့ဟာလုပ်လို့ ပါဘုရား) ငါ-ငါ့ကိုယ် ငါ့ဟာလို့ နဂိုရှိကစဲ့တယ်....(မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ငါ-ငါ့ကိုယ် ငါ့ဟာလို့ ဘယ်နှယ်တုံး....(စဲ့ပါတယ်ဘုရား) ငါသားမယားဟာ .... ငါ့မောင်နှမ ဟုတ်လား:.....(မှန်လှပါဘုရား) ဒီခန္ဓာကြီးလဲ ငါပိုင် ငါဆိုင်၊ ဒီလိုမနေဘူးလား....(နေပါထယ်ဘုရား)။

အဲဒီတော့ နဂိုရှိကမှ ဒီခန္ဓာငါးပါးကြီးက တကာ တကာမ တွေ့သိတဲ့အတိုင်း အဝိဇ္ဇာသင်္ခါရကလုပ်တာ ..(မှန်ပါ့) ခင်ဗျား တို့ လုပ်ထားတာ ဒီအထဲ တတို့ ဟစ တပိုင်း တတစ်မပါဘူး.... (မပါ-ပါဘုရား) ပါသေးရဲ့လား....(မပါ-ပါဘုရား) မပါ တာကိုရောက်ရာဘဝကျမှ ခင်ဗျားတို့တကွာက ဝမ်းထဲကနေပြီး သကာလ ငါ့ကိုယ် ငါ့ဟာလုပ်တယ်....(မှန်လှပါဘုရား) ဒီဟာ ကြီး ဘာလုပ်ထားသလဲ.... (ငါ့ကိုယ် ငါ့ဟာ လုပ်ထားပါတယ် ဘုရား)။

ခင်ဗျားတို့ လုပ်ထားတာလား၊ သေသေ ချာချာကြည့်၊ ပဋိစ္စသမုပ္ပါဒ်အဝိုင်းကြည့်စမ်းပါ .... (အဝိဇ္ဇာ သင်္ခါရက လုပ် ထားတာပါဘုရား) အဝိဇ္ဇာ သင်္ခါရကလုပ်ထားယင် ကိုယ်က ကြားကဝင်ရှုပ်ဘို့မလိုဘူး....(မလိုပါဘုရား) သူများလုပ်ထား တာဘဲ၊ ဒါ-ငါ့ကိုယ် ငါ့ဟာလုပ်ဘို့ မသင့်ဘူးဆိုယင် ရှင်းနေ တာဘဲ....(ရှင်းပါတယ်ဘုရား)။

ခင်ဗျားတို့ လုပ်ထားတာလား၊ သေသေ ချာချာကြည့်၊ ပဋိစ္စသမုပ္ပါဒ်အဝိုင်းကြည့်စမ်းပါ .... (အဝိဇ္ဇာ သင်္ခါရက လုပ် ထားတာပါဘုရား) အဝိဇ္ဇာ သင်္ခါရကလုပ်ထားယင် ကိုယ်က ကြားကဝင်ရှုပ်ဘို့မလိုဘူး....(မလိုပါဘုရား) သူများလုပ်ထား တာဘဲ၊ ဒါ-ငါ့ကိုယ် ငါ့ဟာလုပ်ဘို့ မသင့်ဘူးဆိုယင် ရှင်းနေ တာဘဲ....(ရှင်းပါတယ်ဘုရား)။

အခုတော့ ဒီလိုမဟုတ်ပါဘူး၊ ဘုန်းကြီးတို့ တကာတကာမ တွေက သူများ လုပ်ထားတဲ့ပစ္စည်း ငါ့ပစ္စည်းတဲ့.... (မှန်လှပါ ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား) သူများလုပ်ထားတဲ့ ပစ္စည်းကို....(ငါ့ပစ္စည်းလို့ စွဲပါတယ်ဘုရား)။

ငါ့ပစ္စည်း ငါပိုင်တယ်ကွ .... (မှန်လှပါ) တကာကြွယ်တို့က ရဲရဲတင်းတင်းကြီး ဒီဌိရဲ၊မာနရဲ၊တဏှာရဲတွေနဲ့ .... ဟင်....(မှန်လှ ပါဘုရား) ရဲရဲတင်းတင်းကြီး ငါ့ကိုယ် ငါ့ဟာကွလို့ မဆိုပေ ဘူးလား....(ဆိုပါတယ်ဘုရား)။

ဒါ- ခန္ဓာထဲက ပေါက်ပွားလာတာ .... (မှန်မှ!ဘုရား) ဒီခန္ဓာထဲက ပေါက်ပွားလာတာ....(မှန်ပါ!) မပေါက်ပွားဘဲသေး ဘူးလား....(ပေါက်ပွားပါတယ်)။

ပေါက်ပွားလာယင် ရှိပါစေတော့ .... တဲ့၊ ပေါက်ပွားတာ ဟာ ခင်ဗျားတို့ဟာ ခင်ဗျားတို့ မသိလို့ ပေါက်ပွားတာကို ပေါက်ပွားရုံနဲ့ ပြီးယင်လဲ အတော်သားဘဲ....(မှန်ပါ!)ရှင်းပ လား....(ရှင်းပါပြီ)။

ဖျတ်....ဆို ဒီခန္ဓာငါးပါးကြီးက အိုဘေး,နာဘေး,သေဘေး သင့်တယ်....(သင့်ပါတယ် ဘုရား) သင့်လို့က်တော့ ငါ့ကိုယ် ငါ့ဟာ လုပ်ထားတဲ့ တဏှာက ဘယ် နှယ်ဖြစ်သွားသတုံး (ဖြစ်မှု ဖြစ်ရလေခြင်းလို့ ဖြစ်ပါတယ်) ဖြစ်မှု ဖြစ်ရလေခြင်းဆိုတော့ စိတ်နာတာတွေ မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကိုယ်နာယင် စိတ်မနာစေနဲ့ ဆိုတာနဲ့ လဲကုန်ပြီပေါ့....(လဲကုန်ပါပြီဘုရား) မလဲသေးဘူးလား(လဲပါ တယ်ဘုရား) ကိုယ်နာယင် .... (စိတ်မနာစေနဲ့ ဆိုတာနဲ့ လဲပါ

တယ်ဘုရား) ဘုရားက- ကိုယ်နာယင် စိတ်မနာစေနဲ့ကွ .... လို့ သူ့တကာကြီးဟောတယ်.... (မှန်လှပါ ဘုရား) ခင်ဗျားတို့က ကိုယ်နာတော့.... (စိတ်နာပါတယ်ဘုရား)။

ဩော်.... ခင်ဗျားတို့က ဘယ်နှယ်ကြောင့် ဒီ-စိတ်နာကြီး လာရပါလိမ့်မလဲလို့ တကာကြွယ်- စဉ်းစားစမ်း....(ငါ-ငါကိုယ် ငါ့ဟာလို့ စဲ့လမ်းလို့ပါဘုရား) သူများလုပ်ထားတဲ့ ပစ္စည်းကို ခင်ဗျားတို့ ကြားကနေပြီးသကာလ ငါကိုယ် ငါ့ဟာ ငါပိုင် ငါဆိုင်လုပ်ထားလို့.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မျက်ရည်ကျချင်လို့ ခင်ဗျားတို့ ငါ့ကိုယ် ငါ့ဟာလို့ သိမ်းဆည်းတယ်-(မှန်လှပါ)မျက်ရည်သည် သူများ ပေးတဲ့ မျက်ရည်လား....ဝဲ့ ကိုယ့်အမှားကြောင့်ရတဲ့ မျက်ရည် လား....(ကိုယ့်အမှားကြောင့် ရတဲ့ မျက်ရည်ပါဘုရား)။

ဒါဖြင့် မျက်ရည်ကျနေတဲ့လူတွေ ဟာကာကြွယ်.... သနားသ လား ခင်ဗျား-(သနားစရာ မလိုပါဘုရား) ရဲရဲပြောပါ ဟို.... နောက်ကလူတွေ ငါ့မနေပါနဲ့ ခင်ဗျား၊ ငါ့နေစရာ မလိုတော့ ပါဘူး....(သနားဘို့ မလိုကောင်းပါဘုရား)။

သနားဘို့ မလိုဘူး.... (မလိုပါဘုရား) ဘာ့ကြောင့်တုံး.... သူများပစ္စည်းကို ငါ့ပစ္စည်းလုပ်ပြီး ငိုမျင်းချတယ်.... (မှန်လှပါ ဘုရား) ဘယ်နှယ်ဆိုကြမှယ်....(သူများ ပစ္စည်းကို ငါ့ပစ္စည်း လုပ်ပြီး ငိုချင်းချပါတယ်ဘုရား)။

သူများဆိုတာက အဝိဇ္ဇာ သန်ဓါရက လုပ်ထားတာ....(မှန်ပါ့ ဘုရား)ပိုင်တာက အဝိဇ္ဇာ သန်ဓါရက ပိုင်တာ(ပိုင်ပါတယ်ဘုရား)

သူလုပ်ထားလို့ သူပိုင်တယ်....(မှန်ပါ့) အဲဒါ ခင်ဗျားတို့ ယခု ဘဝကျမှ ဝမ်းထဲက တဏှာက ဒါကြီးဟာငါ့ကိုယ် ငါ့ဟာဘဲ.... (မှန်လှပါဘုရား)။

ဒီတော့ သူမျှားလုပ်ထားတာ ခင်ဗျားတို့က ဘယ် နှယ်ထင် ကြသလဲ....(ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ တင်ပါတယ်) ကဲ....ခင် ဗျားတို့ ထင်လို့ ရှိယင်တော့ဖြင့် ကောင်းကောင်းလဲပြီ၊ သူမျှား လုပ်ထားတာ ငါ့ကိုယ် ငါ့ဟာလုပ်ပြီး.... (မှန်ပါ့) ဒီ ခန္ဓာ ကြီးကတော့ ပင်ကိုယ်က သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာ....(မှန်ပါ့ဘုရား)။

သူတို့ သူတို့ ဖေါက်ပြန်ပျက်စီးရော.... (မှန်ပါ့) ဖေါက်ပြန် ပျက်စီးတော့ ငါ့ကိုယ် ငါ့ဟာ လုပ်ထားတဲ့ပုဂ္ဂိုလ်က ငိုချင်းချ တယ်.... (ချပါတယ်ဘုရား) ဦးဘအုန်း ဘာဖြစ်သလဲ-(ငိုချင်း ချပါတယ်ဘုရား) ငိုချင်းချတော့ ဦးဘအုန်းက မသြော်....ဖြစ်မှ ဖြစ်ရပလေလို့ ကူညီခဲပေးသလား၊ မင်းရွှေးတာဘဲလို့ ပြောမိ သလား....(အရင်တုန်းကတော့ ဖြစ်မှ ဖြစ်ရပလေလို့ ပြောမိ ပါတယ်ဘုရား) အံမာလေး- ခင်ဗျားတို့ကလဲ အတော်ဆိုးတဲ့ လူတွေပါ၊ တကာကြွယ်တို့-ဒီအထဲသောက်ချော်မိသေးသလား၊ (ချော်မိပါတယ်ဘုရား) အင်း....ခင်ဗျားတို့ကလဲ ဒီလောကွတ် နဲ့ဘဲ မသာဘလက် သွားစားနေတာ ကျုပ်က ရိပ်မိပါတယ် ဒီလိုဖြစ်နေတာဗျ....(မှန်လှပါဘုရား)။

ဒီလိုဖြစ်နေတော့ ခင်ဗျားတို့လောကွတ်ကလဲ မသာလဘက် စားချင်လို့ မဟုတ်ဘူး၊ ကိုယ့်ကိုယ်က ဒီလို သိမ်းဆည်းထား လို့ ဒီအဖြေ သွားထွက်တာ....(မှန်လှပါဘုရား) ကိုယ့်ကိုယ်က ဒီလိုသိမ်းဆည်းထားလို့.... (ဒီအဖြေ သွားထွက်တာပါဘုရား)။

ငါဖြင့် ဒီလိုဖြစ်လိမ့်မယ် မထင်ဘူး....တဲ့ သူကလဲ ငါနဲ့လာတယ်....(မှန်လှပါ ဘုရား) အခု ဒီလို ဖြစ်သွားတယ် ဆိုတော့ ငါ ဘယ်စိတ်ကောင်းမှတုံး... တဲ့ (မှန်လှပါ) ငါဟာ တကာကြွယ် တတန်းထည်းသွားပြီ.... (သွားပါပြီဘုရား) ဟို....အရှေးနဲ့ကူညီတဲ့အရှေးနဲ့....(အတူတူပါဘဲဘုရား)။

ဟိုက တိုက်ရိုက်ရှေး။ ဒီက သွယ်ဝိုက်ပြီးတော့.... (ရှေးပါတယ် ဘုရား) ရိပ်မိပါလား....(ရိပ်မိပါပြီ) ဒါဖြင့် ဘယ်အရှေးက လုသတုံးမေးယင်.... (ဘယ်အရှေးမှ မလှုပါဘုရား) ရိပ်မိသွားပြီ.... (ရိပ်မိပါပြီ) တကာတကာ့မတွေ့....(မှန်လှပါဘုရား)။

ကိုင်း....တကာ တကာမတွေ့ မသာမျှား မေးတဲ့အခါကျတော့ ခင်ဗျားတို့ ဟိုမှာ ဒုက္ခရောက်နေတဲ့အခါသွားမေး၊ ကျိုးတယ် ကန်းတယ် အ့တယ် ဆွံ့တယ် တက်တယ် အမျိုးမျိုးကြားနေတဲ့အခါကျတော့ တကာကြွယ်ရေ... မကင်းတရားတွေကြောင့် သွားမမေးရဘူးလား....(မေးရပါတယ်ဘုရား) ဘယ့်နှယ်နေသတုံး.... (မှန်ပါ့) ဘယ့်နှယ်နေသတုံး။ ငါလဲ စိတ်မကောင်းဘူး သွားလုပ်မနေနဲ့....(မှန်ပါ့)။

ငါစိတ်မကောင်းယင် ရှေးချင်သလားမေးဘို့ဘဲရှိတယ် (မှန်ပါ့ဘုရား) ငါ စိတ်မကောင်းဘူးဆိုယင် ဘယ့်နှယ်မေးမယ်.... (ရှေးချင်သလား မေးရပါမယ်)။

အဲဒါ စိတ်မကောင်းဘူးလို့မျှား သွားပြောမနေနဲ့ဦး....(မှန်လှပါ) အခု တရားပွဲထဲက လူတွေကတော့ တကာကြွယ်တော့ ရှေးပဟေ့....(မှန်လှပါ) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) ငါ စိတ်မကောင်းဘူး ဆိုကတည်းက သူ စိတ်မကောင်းသလို မကောင်းတာ....(မှန်ပါ့ဘုရား) အမှုသည် စိတ်မကောင်း

သလို ဘေးက ပုဂ္ဂိုလ်လဲ့ စိတ်မကောင်းဘူးလို့ ဆိုသာဖြင့် ဘေးက ပုဂ္ဂိုလ်လဲ့ ခန္ဓာ သိမ်းပိုက်တာဘဲ့....(မှန်လှပါဘုရား) ဟို-ပုဂ္ဂိုလ်ကလဲ့ သိမ်းပိုက်ထားလို့ ငိုပဲ့ ဆင်တယ်....(မှန်ပါ့) ဒီ ပုဂ္ဂိုလ်ကလဲ့ သိမ်းပိုက်ထားလို့ ငါ စိတ်မကောင်းဘူး ပြောတာ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာကြွယ် မသာ သွားပြီးသကာလ မေးကြကိစ္စကြုံလို့ သွားပြီး မေးကြတဲ့ အခါကျလို့ ရှိယင်ဖြင့်....တဲ့ မင်းတို့ အတွက် ငါလဲကွာ....စိတ်မကောင်းဘူး ဆိုတဲ့ဥစ္စာ အားကြိုးသုံးတယ်.... (သုံးပါတယ်ဘုရား) မသုံးကြဘူးလား.... (သုံးပါတယ်ဘုရား)ဒီလို သုံးတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်အထဲ သွင်းကြမလဲ.... (ရှုးတဲ့အထဲ သွင်းရပါမယ်)။

ရှုးတာလဲ တကြောင်းပါတယ်၊ နဂိုရိုက ဟို-ပုဂ္ဂိုလ် စိတ်မကောင်းတာဟာလဲ ငါ့ကိုယ် ငါ့ဟာ မဟုတ်တာကို သိမ်းပိုက်လို့ စိတ်မကောင်းရတာ....(မှန်လှပါဘုရား) ဘေးက ပုဂ္ဂိုလ်ကကြားက လောက္ခတ်ခချာပြီး စိတ်မကောင်းရတာလဲ တကာကြွယ်ရေ-ကိုယ်လဲ သိမ်းပိုက်ထားလို့.... (သိမ်းပိုက်ထားလို့ပါဘုရား)။

ဒါ ငါနဲ့ မကင်းသေးဘူး၊ ဟော-ပေါ်လာတယ်....(မှန်ပါ့ ပေါ်လာပါတယ်)ငါ့ သားချင်းလဲကဘဲ(မှန်ပါ့) ငါ့-အမေနဲ့ စပ်လိုက်လို့ ရှိယင် အနီးကလေး ရှိသေးတယ်....(မှန်ပါ့ဘုရား)။

အံမာ....အတော် သိမ်းပိုက်ပစ်လိုက်တယ်.... (မှန်ပါ့)ဇာတိထုပ်မျှား အရင်းက လှန်ပြီးသကာလ လာလိုက်သေးတယ်.... (မှန်ပါ့ဘုရား) သိမ်းပိုက်တာ ရိုးရိုးလေး--တဲ့၊ အခြေအမြစ်နဲ့

တာက္ခ သိမ်းပိုက်တာလား.... (အခြေအမြစ်နဲ့တက္ခ သိမ်းပိုက်တာပါဘုရား)။

တကာကြွယ်တို့လို လျှာရှရှဆိုယင် သာဓက်တယ်နော်.... (ခက်ပါတယ်ဘုရား) မခက်ဘူးလားကဲ့....(ခက်ပါတယ်) သိမ်းပိုက်မှု ရှိနေမယ်.... (မှန်ပါ့) မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

အဲဒီတော့ တကာကြွယ်က နောက်ဆုံးပိတ် တနေ့ကျတော့ ငါလဲကွာ·စိတ်မကောင်းပါဘူး.... (မှန်ပါ့) အင်း....သူ ညှဉ်ခံလိုက်တယ်၊ ဘာနဲ့ ညှဉ်ခံလိုက်သလဲ.... (ငါလဲစိတ်မကောင်းဘူး) ငါလဲ စိတ်မကောင်းဘူး....(မှန်ပါ့)မင်းကော....(စိတ်မကောင်းပါဘူး) မင်းစိတ်မကောင်းတာ မြင်တော့ ငါလဲ စိတ်မကောင်းပါဘူး....(မှန်လှပါ)။

နောက်ဆုံးပိတ် အဖြေကလေးကတော့ လာပါရဲ့. ဖြစ်တတ်တဲ့အမျိုးကိုး.... (မှန်လှပါ)မလာဘူးလား-(လာပါတယ်ဘုရား) ဖြစ်တတ်တဲ့ အမျိုးဘဲလို့တော့ တကာကြွယ် ဒါကလေးကို နောက်ဆုံးပိတ် အဘိဓမ္မာတော့ မသတ်လိုက်ဘူးလား.... (သတ်လိုက်ရပါတယ် ဘုရား)။

သို့သော် ကျေနပ်လို့လား....၊ ဟိုလူ သက်သာအောင် လုပ်တာလား....(ဟိုလူ သက်သာအောင် လုပ်တာပါဘုရား) ဒါဖြင့် ကိုယ်က ဒီဌိ ကျန်နေရစ်ပေါ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) ကျေနပ်တာလား တကာကြွယ်ရ၊ ဟိုလူ သက်သာအောင် လုပ်တာလား.... (ဟိုလူ သက်သာအောင် လုပ်တာပါဘုရား) ဒါဖြင့် ကိုယ့်မှာ ဒီဌိ စင်သွားသလား....(မှစင်ပါဘုရား)။

မစင်ပါဘူး ဟိုလူ သက်သာအောင် လုပ်လိုက်တာ၊ ငါတော့ ဖြင့် ဖိုပြီး ပြန်တာဘဲ....(မှန်ပါ့) ဒီ အဓိပ္ပါယ် မလာဘူးကား.... (လာပါတယ်ဘုရား)။

အဲဒီတော့ တကာကြွယ် ဒိဋ္ဌိ ဘယ်လောက်မျှားတယ်ဆိုတာ ရိပ်မိကြပလား- (ရိပ်မိပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ကိုယ်သာနာ၍-ဘာတဲ့တုံး....(စိတ်မနာပါစေနဲ့) အောင်း....တကာကြွယ်တို့လူစု ဦးဘအုန်းတို့ လူစုတွေက ကိုယ်နာယင် ဘာဖြစ်ကုန်သလဲ.... (စိတ်နာပါတယ်ဘုရား) ဘယ်နှယ်ကြောင့်ပါလိမ့်မတုံး.... (ငါ-ငါ့ဥစ္စာလို့ သိမ်းပိုက်လို့ပါ) ငါ-ငါ့ဥစ္စာ မဟုတ်တာကို ငါ-ငါ့ဥစ္စာလို့ သိမ်းပိုက်ထားလို့.... (မှန်ပါ့)ရှင်းပလား-(ရှင်းပါပြီဘုရား)ဦးဘအုန်း သိပ်ကြောက် စရာကောင်းပါကလား....(ကောင်းပါတယ်ဘုရား)။

ဒါ ဘာသတ်နေတာတုံး၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘာသတ်တဲ့ဘရား ဟောနေတာတုံးဆိုဘဲ့ ဒိဋ္ဌိ တဏှာသတ်တဲ့တရား ဟောနေတာ.... (မှန်လှပါဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီ) ဘာသတ်တဲ့တရား ဟောနေတာတုံး... (ဒိဋ္ဌိ ဇာဏှာသတ်တဲ့တရားဟောနေတာပါ)ငါဆိုတာ ဒိဋ္ဌိ၊ငါ့ဥစ္စာဆိုတာ တဏှာ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) မဟုတ်တာကြီး သိမ်းပိုက်ထားဘယ်၊သူမျှား လုပ်ထားတာ၊အဝိဇ္ဇာသန်းရက လုပ်ထားတဲ့ ခန္ဓာကြီး....(မှန်လှပါဘုရား)။

ဒါကို ခင်ဗျားတို့က ဒီခန္ဓာကြီး ရှိခဲ့ပြီးသကာလ ယခုဘဝကျမှ ငါ-ငါ့ဥစ္စာ လုပ်ထားတယ်.... (မှန်ပါ့) ဒီခန္ဓာကြီးကို.... (မှန်ပါ့) လုပ်ထားတော့ ဒီ ခန္ဓာကြီးက ဖေါက်ပြန် ပျက်စီး

ပါပြီ တကာကြွယ်၊ငါ-ငါ့ဥစ္စာ လုပ်ထားတဲ့ ပုဂ္ဂိုလ် ဘယ်အဖြစ် ရောက်သွားသလဲ....(ဖြစ်ရလေခြင်း....လို့ ရောက်ပါတယ်)ဖြစ်ရ လေခြင်းဆိုတော့ စိတ်နာတဲ့အထဲ ရောက်သွားတယ်.... (မှန်ပါ့ ဘုရား)။

ဒါဖြင့် ကိုယ်နာလို့ စိတ်နာတာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ကိုယ်နာလို့.... (စိတ်နာတာပါဘုရား) သြော်.... တကာကြွယ် ဒါဖြင့် လောကကြီးထဲမှာ မောင်ဘသင်္ဘောလဲ လူကြီးထဲ ရောက်ပါပြီ၊ တကာကြွယ်တို့လဲ ပိုကြီးပါပြီ-(မှန်ပါ့) ဘယ်သွားကြည့်ကြည့် ကိုယ်နာ စိတ်နာချည်း တွေ့မှာဘဲ.... (တွေ့မှာပါဘဲဘုရား)။

ဦးဘအုန်း ဘယ်သွားကြည့်ကြည့်.... (ကိုယ်နာစိတ်နာချည်း တွေ့မှာပါဘဲဘုရား) သာခမ်းသွားကြည့်ပြန်လဲ ကိုယ်နာ စိတ် နာ တွေ့မှာဘဲ၊ နာခမ်း သွားကြည့်လဲ.... (ကိုယ်နာ စိတ်နာ တွေ့မှာပါဘဲဘုရား(။

သာခမ်း သွားကြည့်ပြန်တော့လဲ အင်း....ဘယ်သူက ကိုယ့် မှာ သာခမ်းရှိတာတောင်မှ ခြေဦးမလှည့်လာဘဲး.... (မှန်လှပါ) လာသေးတာဘဲ၊ ကိုယ်နာလာသေးတာဘဲ.... (မှန်ပါ့) သာခမ်း မှာ ကိုယ်နာ စိတ်နာ ပါတာဘဲ....(မှန်ပါ့ဘုရား) နာခမ်းမှာ ကော....(ကိုယ်နာစိတ်နာ ပါတာပါဘဲဘုရား)။

အဲဒါ ဘယ်က လာတာတုံး.... (ငါ-ငါ့ဥစ္စာဟု သိမ်းပိုက် ထားမှုက လာပါတယ်) ငါ-ငါ့ဥစ္စာကလာတာ....(မှန်ပါ့)ငါဆို တာ ဘာပါလိမ့်-(ဒိဋ္ဌိပါဘုရား)ငါ့ဥစ္စာ ဆိုတာကော-(တဏှာ ပါဘုရား)။

ဒါဖြင့် ဒီဌီ တဏှာသာ ရှိလို့ ရှိယင်ဖြင့် တကာတကာမတို့ ငိုပဲ့ဆင်ရတယ်....(ဆင်ရပါတယ်ဘုရား) ဒီဌီ တဏှာ ရှိယင်.... (ငိုပဲ့ဆင်ရပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ငိုပဲ့ ဘယ်သူဆင်မတုံး .... (ငါ- ငါဥစ္စာက ဆင်ပါတယ်)ကဲ....စာလိုဘဲ ပြောပါဗျာ၊ ဒီဌီ တဏှာကဆင် ခိုင်းတာ....(မှန်လှပါဘုရား) ငိုပဲ့ ဘယ်သူ ဆင်သတုံး.... (ဒီဌီ တဏှာက ဆင်ဘာပါဘုရား) သွားလိုက်ဦး၊ ပြုံးပဲ့ ဘယ်သူ ဆင်သလဲ မေးယင်လဲ ဒီဌီ တဏှာကဘဲ ဆင်တာဘဲ .... (မှန်ပါ့ ဘုရား)။

ငါ့မှာ ဒီနေ့ သောင်းကိုးထောင်ရတယ်.... (မှန်ပါ့) ဟုတ်လား၊ ပြုံးပဲ့က....(မှန်လှပါ) ပြုံးပဲ့ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား) တကာကြွယ် ပြုံးပဲ့ ရှင်းပလား.... (ရှင်းပါပြီဘုရား) ဒီနေ့ သောင်းကိုးထောင်စလေး ရလားတော့ တကာကြွယ်တို့ ဘယ်နှယ်နေသလဲ....(ပြုံးပါတယ်ဘုရား)။

အင်း....ငါ့ဟာဖြစ်ပြီ၊ ငါကြိုးစားလို့ .... (မှန်ပါ့ဘုရား) ငါကြိုးစားလို့ ငါ့ဟာဖြစ်တယ်ဆိုတော့ ဦးဘအုန်း ပြုံးပဲ့ကောလာရဲ့လား....(လာပါတယ်ဘုရား) ပြုံးပဲ့ ဘယ်သူဆင်ပါလိမ့်.... (တဏှာ ဒီဌီ ဆင်ပါတယ်ဘုရား) ငိုပဲ့ကော.... (တဏှာ ဒီဌီဆင်ပါတယ်ဘုရား)သွားပြီ တကာကြွယ်ရေ.... ပြုံးပဲ့ကလဲ တဏှာ ဥပါဒါန်ဘဲ....(မှန်လှပါ) ငိုပဲ့ကလဲ ဒီဌီ။ ဒီဌီဥပါဒါန်ဘဲ.... (မှန်လှပါဘုရား)။

ပြုံးပဲ့က တဏှာ ဥပါဒါန်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ငိုပဲ့က ဒီဌီ ဒီဌီဥပါဒါန်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)ပြုံးပဲ့က.... (တဏှာဥပါဒါန်ပါ) တဏှာ

ဥပါဒါန်၊ တကာကြွယ်.... တဏှာဆိုထော့ ခင်တာပေါ့ဗျာ.... (မှန်ပါ့) ဥပါဒါန်ဆိုတော့ သာပြီးစဲလမ်းကာ.... (မှန်လှပါ) သူကူးပြုံးပဲ့.... (မှန်ပါ့)။

ငိုပဲ့ကတော့ ဒိဋ္ဌိ- ဒိဋ္ဌုပါဒါန် .... (မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီ) ပြုံးပဲ့ကတော့.... (တဏှာ ဥပါဒါန်ပါဘုရား) အင်း.... ၃- ကူးရသေးတယ်.... (မှန်ပါ့) ၃-နံပါတ် ကူးမကူး.... (ကူးပါတယ်ဘုရား) ငိုပဲ့မှာဘာတုံး.... (ဒိဋ္ဌိ- ဒိဋ္ဌုပါဒါန်ပါဘုရား) ဒိဋ္ဌိ- ဒိဋ္ဌုပါဒါန်.... (မှန်ပါ့) ပြုံးပဲ့ကျပြန်တော့....(တဏှာ ဥပါဒါန်ပါဘုရား)။

အင်း.... တကာကြွယ်- သွားပြီ၊ မြေးကလေးတယောက် ထွန်းကားလာတယ်ဆိုယင် ပြုံးပဲ့ကိုးဗျ.... (မှန်လှပါဘုရား) မြေးကလေးတယောက် ထွန်းကားလာတယ်ဆိုတော့ ဘာပဲ့ပါလိမ့်.... (ပြုံးပဲ့ပါဘုရား) ပြုံးဗဲ့ဆိုတော့ ဘာပါလိမ့်....(တဏှာ ဥပါဒါန်ပါဘုရား)။

အင်း.... ဟင်.... မြေးကလေး နေမကောင်းဘူးတဲ့၊ဘာဖြစ်ပြန်သလဲ.... (မြေးကလေး နေမကောင်းဘူး) ဖြစ်မှ ဖြစ်ရခက်ဘ၊ မင်းတို့ အစောင့် အရှောက်ကတယ်နည်းသကိုးကွ(မှန်ပါ့) လူကြီး သူကြီးကော ငါပြောရဦးမယ်.... (မှန်ပါ့ အစရှိသည် ဖြင့် မလာဘူးလား....(လာပါတယ်ဘုရား)။

အေးလေ ဒါ့ကြောင့် ပြုံးပဲ့နဲ့ မဲ့ပဲ့ဟာ တဏှာ တဏှာမတို့ ၂-က ၃-ကူးတာချည်းမှတ်.... (မှန်လှပါ ဘုရား) ခင်ဗျားတို့ ဒီပဲ့နှစ်ပဲ့မှတပါး ဒီ့ပြင်ပဲ့ကလဲ ရှားပါလိမ့်မယ်....(ရှားပါတယ်ဘုရား) တကာကြွယ်- အိမ်မှာ ဘယ်နှစ်ပဲ့ရှိသတုံး.... (နှစ်ပဲ့ရှိ

ပါတယ်ဘုရား) ပြုံးပဲ့ရယ်,မဲ့ပဲ့ရယ်.... (မှုန်ပါဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီ ဘုရား) အိမ်မှာ ဘယ်နှစ်ပဲ့ ရှိသလဲ.... (နှစ်ပဲ့ရှိပါတယ်) ပြုံးပဲ့ရယ်....(မဲ့ပဲ့ရယ်ပါဘုရား)။

ဩဩ... ဒီလိုဘဲ နေကြတာဘဲ.... (မှုန်ပါဘုရား) ဒီလိုနေကြတာဘဲ၊ တနေ့ဖြင့်လဲ လင်နဲ့မယား ကြည်ကြည် ဖြူဖြူ နေတော့ပြုံးပဲ့....(မှုန်ပါ) တနေ့ကျပြန်တော့ သူက ဖြုန်းတီးတယ်၊ ငါက ဖြုန်းတီးတယ်၊ သူက ပိုကောက်တယ်၊ ငါက ပိုကောတ်တယ်နဲ့ မဲ့ပဲ့....(မှုန်ပါဘုရား)မလာဘူးလား.... (လာပါတယ်ဘုရား) ဒါ....ဘယ်နှယ်ကြောင့်ပါလိမ့်မတုံး....(တဏှာဒိဋ္ဌိကြောင့်ပါဘုရား)။

ပြုံးပဲ့က တဏှာ,ဥပါဒါန်လေ....(မှုန်ပါ) သေသေချာချာမှတ်ပါ၊ပြုံးပဲ့က.... (တဏှာဥပါဒါန်ပါဘုရား) မဲ့ပဲ့က... (ဒိဋ္ဌိဒိဋ္ဌုပါဒါန်ပါဘုရား) ဒိဋ္ဌိ- ဒိဋ္ဌုပါဒါန်... (မှုန်ပါ) ရိပ်မိပလား-ဦးဘအုန်းရေ.... (ရိပ်မိပါပြီ) မြို့ထဲ ရွာထဲ နေကြတာ တကာကြွယ်-ဒိန္နစ်ပဲ့မှတပါး ဘာရှိသေးသလဲ.... (ဘာမှမရှိပါဘုရား)။

ကိုယ်နာယင် စိတ်နာတာချည်းဘဲ.... (မှုန်ပါ) သဘောကျပလား.... (ကျပါပြီ) ကိုယ်နာယင်.... (စိတ်နာတာချည်းပါဘုရား) စိတ်နာတာချည်းဘဲဆိုတော့ ဒီပြုံးပဲ့မှာလဲ တဏှာဥပါဒါန်တွေက တကာ တကာမတွေ့ စဉ်းစားကြည့်.... တဲ့မကောင်းတဲ့စိတ်.... (မှုန်လှုပါဘုရား) အပါယ် သွားတဲ့စိတ်.... (မှုန်ပါဘုရား) မဲ့ပဲ့မှာ ကြည့်လိုက်ပြန်လို့ ရှိယင်လဲ ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန်က အပါယ်သွားတဲ့စိတ်....(မှုန်ပါ့)။

ဒါတွေ့ ကိုယ်နာ စိတ်နာတာချည်းဘဲ.... (မှုန်ပါ့)ရှင်းကြပလား.... (ရှင်းပါပြီဘုရား) ဘာတွေ့တဲ့ဗျာ.... (ကိုယ်နာ စိတ်

နာစေတ္တပါဘုရား) အဲဒါဘုရားက ဘယ်နှယ်မှာသတုံး သူ့ခ
မည်းတော်ကြီးကို.... (ကိုယ်နာသော်လဲ စိတ်မနာပါစေနဲ့တဲ့)
ဒေး....ကိုယ်နာသော်လဲ စိတ်မနာစေနဲ့တဲ့....(မှန်ပါဘုရား)။
ခင်ဗျားတို့ကဖြင့် ကိုယ်နာလဲ စိတ်နာလိုက်တာဘဲ....(မှန်ပါ)
ဘယ်နှယ်ဖြစ်နေသလဲ....မပြောဘတ်ပါဘူးဘုရား တပည့်တော်
တို့က ရိုးရာဘုရဲ့....၊(မှန်ပါဘုရား) တကာကြွယ်....နောက်ကျ
တော့ ဘာမှမပြောတတ်တော့ ရိုးရာနဲ့ကိုင်စေပါက်တာဘဲ(ကိုင်
စေပါက်ပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီလောက် ခင်ဗျားတို့၏ အချုပ်ဆိုးမှုကြီးသည်၃-နံပါတ်က
နေပြီးသကာလ ခင်ဗျားတို့ ၄-ကို ကူးမယ်ဆိုတဲ့ ရည်ရွယ်ချက်
ဟာ ဧကန် အထမြောက်သွားပြီ....(မြောက်သွားပါပြီဘုရား)
မမြောက်သေးဘူးလား....(မြောက်ပါတယ်ဘုရား)။

ဒါဖြင့် ပြုံးလာပြန်လဲ ၃- နံပါတ် ကူးဘာဘဲ....(ကူးပါ
တယ်ဘုရား) မဲ့လာပြန်လဲ.... (၃ နံပါတ် ကူးတာပါဘဲဘုရား)
၄-ရောက်မှ ရောက်ပါ့မလား....(ရောက်ပါတယ်ဘုရား)၃-ကဘာ
သစ္စာ....(သမုဒယသစ္စာပါဘုရား) ၄-ကကော....(ဒုက္ခသစ္စာပါ
ဘုရား)။

အဲဒါ ခင်ဗျားတို့ကို သူမျှားက အကူးခိုင်းလို့လား၊ ကိုယ်
မဟုတ်တဲ့ စိတ်တွေနဲ့ သိမ်းပိုက်ထားလို့ ကူးတာလား ....
(ကိုယ်မဟုတ်တဲ့ စိတ်တွေနဲ့ သိမ်းပိုက်ထားလို့ ကူးတာပါ
ဘုရား)။

ဒါဖြင့် ဒီ ဒိဋ္ဌိတရားဘဲ.... (မှန်လှပါ) ရှင်းပလား....(ရှင်း
ပါပြီ)ဘုရားက ဘယ်နှယ်ဟောပါလိမ့်....(ကိုယ်သာနာ၍ စိတ်
မနာပါစေနဲ့တဲ့ဘုရား)ကိုယ်နာသော်လဲ စိတ်မနာစေနဲ့ တကာ

ကြီး၊ဧဝံ ဟိ တေ ဂဟပတိ သိက္ခံ တဗ္ဗံ ကိုယ်နာသော် လစိတ် မနာတဲ့အကျင့်-ကျင့်ပါ....(မှန်လှပါဘုရား) မဟောဘူးလား.... (ဟောပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ကိုယ်နာ၍ စိတ်နာလို့ရှိခဲ့လျှင် ၃-ကူးပေါ့.... (ကူးပါတယ်ဘုရား)သဘောကျပလား .... (ကျပါတယ်) ပြုံးပဲ့ မှန်ယင်လဲ ၃-ကူးတာဘဲ....(ကူးတာပါဘဲဘုရား) မဲ့ပဲ့မှန်ယင်လဲ (၃-ကူးတာပါဘဲဘုရား) ကဲ....ပြုံးပဲ့မဲ့ပဲ့၏ အလယ်လမ်းကို သွားပါ....(မှန်ပါဘုရား) တကာတကာမတို့ ဘယ်လမ်း လိုက်ကြရမယ်....(ပြုံးပဲ့မဲ့ပဲ့၏ အလယ်လမ်း လိုက်ရပါမယ်ဘုရား)။

ပြုံးပဲ့လဲ ခင်ဗျားတို့မပါနဲ့၊ ပြုံးပဲ့လဲ တဏှာ ဥပါဒါန်ဘဲ (မှန်ပါ)မဲ့ပဲ့က ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန်ဘဲ.... (မှန်ပါ) အလယ်လမ်း လိုက်ပါ....(မှန်ပါဘုရား) အလယ်လမ်းဆိုတော့ မဂ္ဂင်လမ်းလိုက် ရလိမ့်မယ်....(မှန်လှပါဘုရား) အလယ်လမ်းဆိုတော့ (မဂ္ဂင် လမ်းပါဘုံရား) အံမာလေး .... ဒီအလယ်လမ်း ရောက်အောင် တကာကြွယ်မနည်းဟော့ရတယ်....(မှန်လှပါဘုရား)။

ခင်ဗျားတို့က ဒီနှစ်ပဲ့ကတော့ ကိုယ်တိုင် ဆင်းသက်လာတာ (မှန်ပါ) ပြုံးပဲ့ မဲ့ပဲ့၏ အလယ်လမ်း လိုက်စမ်းပါဆိုတော့ ဆော ခက်နေပြီ တပည့်တော်တို့....(မှန်လှပါ) မလိုက်တတ်ဘဲ ဖြစ်နေတယ်....(မလိုက်တတ်ပါဘုရား)။

ဘုရားကလဲ ငါအလယ်လမ်းက ဘုရားဖြစ်ခဲ့တယ်....(မှန်ပါ) ဘုရားကလဲ....(အလယ်လမ်းက ဘုရားဖြစ်ခဲ့ပါတယ် ဘုရား) သောတာပန်တည်တဲ့ ပုဂ္ဂိုလ်များလဲ.... (အလယ်လမ်းက သောတာပန်တည် တာပန်တည်တာပါဘုရား) အလယ်လမ်းက သောတာပန်တည် ကြတာဘဲ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

ခင်ဗျားတို့ဖြင့် အလယ်လမ်းကို မတွေ့ဘူး .... (မတွေ့ပါဘုရား) တနေ့လဲ မဲ့ပဲနဲ့ တနေ့ကြည့်ပြန်တော့လဲ .... (ပြုံးပဲနဲ့ပါဘုရား)အံမာလေး.... ကေးထူဘဲ့ လမ်းချည်းသွားနေကြတယ် (မှန်ပါဘုရား) ဦးဘအုန်း ဘယ်လမ်းချည်းသွားသလဲ.... (ဘေးထူတဲ့လမ်းချည်း သွားပါတယ်ဘုရား)အင်း....ချောင်ကျကုန်ပါပြီ (မှန်ပါ) သိပ်ကြောက်စရာ ကောင်းပြီ တကာကြွယ်ရေ.... (မှန်ပါဘုရား)။

ဘုရားကလဲ ဘယ်လမ်း ကြိုက်သတုံးဗျ .... (အလယ်လမ်းကြိုက်ပါတယ်ဘုရား) ခင်ဗျားတို့ကလဲ အလယ်လမ်းဆိုယင်ဖြင့် သိလဲမသိဘူး၊ လျှောက်လဲ မလျှောက်ဘူးဘူး .... (မှန်လှပါဘုရား) ဘေးထူတဲ့လမ်း နှစ်လမ်းဆိုယင်ဖြင့်လိုက်ပြီ....(မှန်ပါ) အပျော်လမ်းဆိုယင် လိုက်ပြီ.... (လိုက်ပါတယ်ဘုရား) မဲ့လမ်းဆိုယင်လဲ မတတ်သာလို့....(ယွားပါတယ်ဘုရား) ကျုပ်အားမရသေးဘူး လိုက်ဦချည်းဦးမယ်ဆိုတာ ပါးသေးတယ်.... (ပါ-ပါတယ်ဘုရား)မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

အင်း....တကာသာကားမတို့ ခက်လိုက်တာ ဒီနှစ်လမ်းဘဲ နင်းလိုက်နေတာစဲ .... (မှန်လှပါဘုရား) တကာကြွယ် ဘယ်လမ်းလိုက်တာမျှားသလဲ....(ပြုံးလမ်း, မဲ့လမ်းလိုက်တာမျှားပါတယ်ဘုရား)ပြုံးလမ်း မဲ့လမ်း၊ ပြုံးလမ်းဆိုတာလည်း... တဲ့ စာလိုသုံးတော့ ဦးဘအုန်းတို့ မှတ်လိုက်၊ စာလို သုံးတဲ့အခါကျလို့ ရှိယင်ဖြင့် ကာမသုခလွဲကာ နုယောဂလမ်း... (မှန်လှပါဘုရား) ကာမဂုဏ် ခံစားတဲ့လမ်း....(မှန်ပါ) မဲ့လမ်းဆိုတာ ကိုယ့် ကိုယ် နှိပ်စက်တဲ့ အတ္တကိလမထာနုယောဂလမ်း၊ ရင်ထု ကြမ်းခုန်တဲ့

လမ်းပေါ့.... (မှန်ပါ့) သဘောကျပလား.... (ကျေပါပြီဘုရာ)။

ရင်ထု ကြမ်းခုန်တာကော တွေ့ဘူးကြရဲ့လား.... (တွေ့ဘူးပါစေယ်ဘုရား) အဲဒါက မဲ့လမ်း....(မှန်လှပါ) မျက်နှာသွားကြည့်တော့လဲ ခပတ်ပုံရိုက်ကြည့်စမ်း ဘယ်နှယ် နေသတုံး.... (မဲ့နေပါတယ်ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ။

အဲဒီတော့ ပြုံးလမ်းက တကာ့တကာမတို့ ကာမဂုဏ်နဲ့ပတ်သက်ပြီး ရရာပစ္စည်းခကြောင့် ပြုံးကြဘယ်(မှန်ပါ့) မဲ့လမ်းက ကာမကုဏ် အစရှိသည်တို့မှု ပျက်ပြယ်ပြီး သွားလို့သေလို့ကျေလို့ ပျက်စီးတဲ့အခါ မဲ့လမ်း....(မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) ဘုရားက ဘယ်လမ်းလိုက်ရမှာတုံး....(အလယ်လမ်း လိုက်ရမှာပါဘုရား)။

ကဲ....ဒါဖြင့် အလယ်လမ်းကို ပေးပါဦးတော့မယ် ခင်ဗျားတို့ကိုနော်....(မှန်လှပါဘုရား) အလယ်လမ်းဟာ ဦးဘအုန်း သေသေချာချာမှတ်ပါ၊ ခင်ဗျားတို့ ၂-နံပါတ်ထဲက ခန္ဓာငါးပါးရှိပါတယ်၊ အဲဒါဖြစ်ပျက် ရှုလိုက်တဲ့အခါကျတော့ အလယ်လမ်းထဲက စိတ် ဝေဒနာ ကြိုက်တာကို ဖြစ်ပျက်ရှုပါ.... (မှန်ပါ့ဘုရား) ဖြစ်ပျက်ရှုလိုက်တော့ ဟောဂုံက ဖြစ်ပျက်၊ ရှုတာကမင်း (မှန်လှပါဘုရား) မင်္ဂဇင်ဆိုတော့ ဘယ်လမ်း ရောက်နေသလဲ.... (အလယ်လမ်း ရောက်နေပါတယ်ဘုရား)။

အလယ်လမ်းရောက်တော့ ဒီဘက်ပြုံးလမ်းကော ကူးသေးလား....(မကူးပါဘုရား) မဲ့လမ်းကော .... (မကူးပါဘုရား) ဒါဖြင့် ဒီဘက် ရောက်နိုင်ရဲ့လား.... (မရောက်နိုင်ပါ ဘုရား)။

အဲဒါကြောင့် ဝိပဿနာမှ တပါး ပြုံးလမ်း မဲ့လမ်းကို မလိုက်တာ၊ အလယ်လမ်းဟာ သူဘဲရှိတယ်.... (မှန်လှပါဘုရား) ဒီ ဝိပဿနာမှာ ရင့်သွားယင် လောကုတ္တရာမှာ ဆိုက်မယ်ဆို တာလဲ တကာကြွယ် ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား) ကဲ...လိုက်တော်ပလား....(လိုက်တော်ပါပြီဘုရား)။

ကဲ....ခင်ဗျားတို့ ဒီအလုပ်- မလုပ်လို့ ရှိယင်ဖြင့် ပြုံးလမ်း မဲ့လမ်းနဲ့ သေကြလို့ ရှိယင် သံသရာလည်မယ်.... (မှန်လှပါဘုရား) အလယ်လမ်း လိုက်မိလို့ ရှိယင် ကိစ္စတုံးမယ်.... (မှန်လှပါဘုရား) ရှင်းကြပလား... (ရှင်းပါပြီ)။

ဒါဖြင့် ဘယ်လမ်း ကြိုက်သတုံး....(အလယ်လမ်း ကြိုက်ပါတယ် ဘုရား) ကျေပ်ဖြင့်.... စိတ် မချမ်းသာ လက် မချမ်းသာ အကြောက်ဆုံးဘဲလို့ ပြောတတ်တဲ့သူများလဲရှိတယ်၊သူက အပြုံး ကြိုက်တယ်....(မှန်ပါဘုရား)တချို့ အိမ်ကလဲ သူတို့အိမ်က ပြုံးဘဲ ပြုံးနိုင်လွန်းတယ်.... (မှန်ပါ) သူက အမဲ့ ကြိုက်တယ်.... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ)။

သူတို့အိမ်ကို ပြုံးတာများ သူတို့ ပြုံးဘဲ ပြုံးနိုင်လွန်းတယ် သူတို့ ဘာမှ မသိတတ်ဘူး.... (မှန်ပါ) ဒီမှာ ဘာဖြစ်နေတယ်ဆို တာ သူတို့ ဘာမှ မသိဘူး... (မှန်လှပါဘုရား) သူက ဘာကြိုက်ပါလိမ့်....(မဲ့လမ်း ကြိုက်ပါတယ်ဘုရား) အမဲ့ကြိုက်တယ်.... (မှန်ပါ)။

ရွာထဲမြို့ထဲ အိမ်ဘယ်လောက် များများ ဒီနှစ်အိမ်ဘဲ ရှိတယ်... (မှန်ပါဘုရား) တရွာလုံး,တမြို့လုံး အိမ်ခြေ တသောင်း ရှိလဲ ဒီနှစ်အိမ်ဘဲ ရှိတယ်.... မှန်လှပါဘုရား)အလယ်လမ်း လိုက်တဲ့ ရွာ-မြို့ ရှိရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့က လူထူး လုပ်ကြပေတော့....(မှန်ပါ့) ပြုံးလမ်းလဲရှောင်၊ မဲ့လမ်းကော-(ရှောင်ရပါမယ်ဘုရား) အဲ-ပြုံးလမ်း-မဲ့လမ်းဆိုတဲ့ လမ်းကို ရှောင်ပြီးသကာလ ဦးဘအုန်း ဖြစ်ပျက်လမ်းဆိုတဲ့ အလယ်လမ်း လိုက်ပါ.... (မှန်ပါ့) အလယ်လမ်းမှ သောတာပန် တည်နိုင်တယ်.... (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီ)။

ကဲ....ယနေ့ ဒီတွင် တော်ကြပြီးစို့....။

သာဓု... သာဓု....သာဓု

အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော် မူသော
ကျေးဇူးတော်ရှင် ၊ အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရား - အမရပူရမြို့နှိမ့်မှာရုံဌ်
ဟောကြားတော်မူသော
ကိုယ်သာနာ၍ စိတ်မနာစေနဲ့မှ အဆက်
ပဉ္စသမုဋ္ဌာန်တရားတော် (၁၆)
(၇-၁၂-၆၁)

တကာတကာမတို့ ခန္ဓာကိုယ်ကြီးကို ကျွေးရတာဟာ ဒုက္ခသစ္စာဘဲဖို့ မှတ်ကြစမ်းပါ.... (မှန်ပါ့) ကျွေးချင်လို့ ကျွေးရတာလား လို့ မေးလို့ရှိယင် ဆာလောင် မွတ်သိပ်တဲ့ အနာပေါက်လို့ ကျွေးရတာ....(မှန်ပါ့ဘုရား)။

ဒီအနာကြီးကလဲ ခဏခဏနှိပ်စက်ပါတယ်၊ အဲဒီ နှိပ်စက်မှုခံနေရသောကြောင့်လဲ ခန္ဓာကြီးဟာ ဒုက္ခသစ္စာ.... (မှန်လှပါ့ဘုရား)။

ကျွေးပြီးပြန်လို့ ရှိယင်ဖြင့် ကျွေးတဲ့အစာတွေကို မကျေကျေအောင် လုပ်ကိုင်နေရတဲ့ အလုပ်ကြီး တခုဟာလဲ ဆေးတို့လျက်ဆားတို့ အစရှိသည်နဲ့ ပြုပြင်ပေးနေရတာလဲ ဒုက္ခသစ္စာ.... (မှန်လှပါဘုရား)။

မကောင်းလို့ ပြုပြင်ရဘာ မကောင်းတာ ဒုက္ခသစ္စာဆို တော့ မပြုပြင်ယင် မရဘူးပေါ့....(မှန်ပါ့) ရှင်းပလား....(ရှင်း ပါပြီ)။

တခါသွားပါဦး....တဲ့၊ ဒါကလေးဟာ ကျင်ကြီးသွားတဲ့ လမ်းလဲ ကျင်ကြီး သွားရအောင်၊ ကျင်ငယ်သွားတဲ့ လမ်းလဲ ကျင်ငယ် သွားရအောင်ဆိုပြီးသကာလ ပြုပြင်ပြီး ပေးရပြန်တာ ဘဲ.... (မှန်ပါ့) ပေးရပြန်တာ ကျင်ကြီး·ကျင်ငယ် အစရှိသည် တို့ လှုပ်ရှားမှုတွေ ဖြစ်လာပြန်လဲ တကာတကာမတို့ အငြိမ်နေ လို့ မရဘူး....(မရပါဘုရား)။

နှိပ်စက်လွန်းလို့ နော်.... (မှန်ပါ့) ကျင်ကြီး စွန့်လိုတဲ့ ဝေဒ နာက နှိပ်စက်....၊ ကျင်ငယ်စွန့်လိုတဲ့ ဝေဒနာက နှိပ်စက်တော့ သြော်-ခန္ဓာကိုယ်ကြီးဟာဖြင့် အမြဲ နှိပ်စက်ခံနေရဘာပါကလား ဆိုတဲ့ဥစ္စာကို ကျင်ကြီး စွန့်လဲ အနှိပ်စက် ခံရပြန်ပြီလို့ တွေးပါ (မှန်လှပါဘုရား) ကျင်ငယ်စွန့်ချင်လဲ သြော်- ဝေဒနာကနှိပ်စက် ပြန်ပြီလို့ တွေးလိုက်တဲ့ အခါကျတော့....အနှိပ်စက်ခံဘို့ ဆု တောင်း ယူထားတာကြီးပါကလား ဆိုတာ ပေါ်လာတယ်.... (မှန်ပါဘုရား) ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာဘဲဆိုတာ ဘုန်းကြီးတို့... တကာ တကာမတွေက သေသေချာချာ မှတ်နော်....(မှန်ပါ့)တခါ ကျင်ကြီး ကျင်ငယ် စွန့်ပြီးသကာလ ပြီးပြန်ဘော့ တခါ ရေသောက်ချင်တယ်ဆိုတဲ့ ကိစ္စ လာပြန်တယ်၊ ရေမသောက်ရလို့ ရှိယင် အာတွေ ဘာတွေ ခြောက်ပြီး ဝမ်းတွေ ဘာတွေ ပူပြီးလာတော့ သူက ဝေဒနာ တခု ပေါ်လို့ ဆေးကုရပြန်တာဘဲ....(မှန်ပါ့ဘုရား) ဝေဒနာ တခု ပေါ်လို့.... (ဆေးကုပြန်ပါတယ်ဘုရား) ဆေးကုရတာ

ထေ ၁က်လို့ ရှိယင် ဦးဘအုန်း ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ ဘုရား) ဒီဝေဒနာကြီး ခဏခဏ ပေါ်ပြီး ဘုန်းကြီးတို့ တကာ တက ၁မတွေကို နှိပ်စက်နေတယ်....(မှန်လှပါ)။

ကောင်းပြီ....တခါ ရေသောက်ပြီးပြန်ပါပြီ ဆိုလို့ ရှိယင်ဖြင့် ဆေးလိပ် ကြိုက်တဲ့သူက ဆေးလိပ်၊ လဘက်ရည် ကြိုက်ဘဲ့သူက လဘက်ရည်၊ အချို ကြိုက်တဲ့သူက အချို၊ ဒါတွေကလဲ စားလို့ တဲ့ အာသာတွေက ပေါ်ပေါက်ပြီးသကာလ လာပြန်တာကလဲ ဆာလောင်မွတ်သိပ်လို့-မဆာယင် ဘယ်သူမှ မစားဘူး.... (မ စားပါဘုရား)။

ဆာလောင်မွတ်သိပ်လို့ စားပြန်တော့လဲ သြော်.... ဒို့မှာ ဆာတဲ့အနာက နှိပ်စက်ပြန်လို့ ဇောင်းပန်ရပြန်ပြီဆိုတာ မှုတ် ထားစမ်းပါ....(မှန်ပါဘုရား)။

ဒါဖြင့်.... ဒီခန္ဓာကြီးဟာ ဘကာတကာမတို့ သူ့ကျွန် ခံနေ ရတယ်.... (မှန်လှပါဘုရား) အိမ်သာ လိုက်ပို့ပါဦးဆိုတာလဲ သူ့ကျွန်ခံရတာဘဲ၊ ကျင်ဘယ်အိမ် လိုက်ပို့ပါဦးဆိုတာ.... (သူ့ ကျွန် ခံရတာပါဘုရား)။

သူ့ကျွန်ခံးတာ့ ခင်ဗျားတို့ လူ့ဘဝရ-ရပါလို့၏၊ နတ်ဘဝ ရ-ရပါလို့၏ဆိုတော့ ကျွန်မျိုးစုံခံရပါလို့၏လို့ ဆုတောင်းလိုက် တယ်....(မှန်လှပါဘုရား)။

အားလုံး တကာတကာမတွေ ဒုက္ခသစ္စာ မသိတော့ ဦးဘ အုန်းတို့ တကာကြွယ်တို့ ကျွန်မျိုးစုံ ခံရပါလို့၏လို့ ဆုတောင်း လိုက်တယ် ...(တောင်းပါဘယ်ဘုရား) ဘာဆုတောင်းပြန်သလဲ (ကျွန်မျိုးစုံခံရပါလို့၏လို့ ဆုတောင်းပါတယ်ဘုရား)။

အဲဒါ ဖေါ်ပြောမှုသိတယ်၊ ဖေါ်မပြောဘဲနဲ့ဆို ဘုန်းကြီးတို့ တကာတကာမတွေ့က ထုံးစံထဲ သွင်းထားတယ်.... (မှုန်လှုပါ့) ဘယ်ထုံးစံဟုတ်ရမှာလဲ တကာတကာမကျေ့ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရှိသားဘဲ ဦးဘအုန်းရ....(မှုန်လှုပါ) ထုံးစံထဲ သွင်းရမှာလား....(မသွင်းရပါဘုရား)။

ထုံးစံဆိုတာကခင်ဗျားတို့ချင်း-အနာပေါက်တဲ့လူချင်းပြောတဲ့ စကား။ အနာကင်းတဲ့လူက ဒို့ကိုမထည့်ပါနဲ့.လို့ပြောတယ် (မှုန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော ကိုယ့်.ဟာကိုယ် ဒုက္ခသစ္စာဖြစ်နေတာ မသိတော့ ထုံးစံချင်းပြိုင်ပြီးသကာလ သူတို့ပဲ့ဒီလိုဘဲ ဒို့လဲ ဒီလိုနေရတာဘဲ၊ လူ့ဘဝဆိုတာ ဒါ-ထုံးစံဘဲလို့ တကာကြွယ်တို့က ယူလိုက်တာဟာ ထုံးစံမရှိတဲ့ သဘောတွေ့ မသိလို့.... (မသိပါဘုရား)။

ထုံးစံမရှိတဲ့ သဘောတွေ့က တကာတတာမတွေ့က ယခုသေသေချာချာပြောတော့ အင်း... နိဗ္ဗာန်ဆိုတာ-ကျင်ကြီးစွန့်ခြင်း,ကျင်ငယ်စွန့်ခြင်း,စားရခြင်း, သောက်ရခြင်း, ဆာဆောင်မှတ်သိပ်တဲ့ အနာပေါက်ခြင်း, ချွေးထွက်လို့ သုတ်ရတဲ့ အနာမှရှိခြင်း, မသာမြုပ်ရတဲ့ကိစ္စမရှိခြင်း, ဆေးသမားခေါ်ရတဲ့ ကိစ္စမှရှိခြင်း....((မှုန်လှုပါဘုရား) ချမ်းသာ သက်သက်နဲ့.နေတော့ ဦးဘအုန်း ဘာလိုသေးသတုံး....(မလိုပါဘုရား)။

အဲဒီတော့ ထုံးစံထဲမသွင်းလိုက်ပါနဲ့—လို့ မှသိတဲ့ လူချင်းတော့ ခင်ဗျားတို့ ထုံးစံထဲသွင်းတာ အပြစ်မဆိုပါဘူး၊ ငြင်း-မသိရှာလို့.ကိုး....(မှုန်လှုပါ) သိတဲ့ ပုဂ္ဂိုလ်ချင်း စဉ်းစားလိုက်တဲ့

အခါကျတော့ ဒို့-ဒုက္ခဆရာက်နေတာ ကျင်ကြီး စွန့်ရ ကျင်ငယ်စွန့်ရ အစာကျေးရ-တနေ့နေ့တည်းတွင် ကျေးရ မွေးရတာ တကာ တကာမတို့ အကြိမ်ကာ ရေတွက်နိုင်တယ်လို့ မရှိပါဘူး--(မရှိပါဘုရား)။ ဆေးကုရ ဝါးကုရ ရောကုရနဲ့ဟင်....(မှန်လှပါဘုရား)။

မိုးလောင်တာတောင်မှ ဒီလောက် ပြုစုရတာ မဟုတ်ဘူး.... မိုးလောင်တယ်ဆိုယင် ရေတမျိုးတည်းနဲ့ ဦးဘအုန်း ပြီးသွားတယ်....(ပြီးသွားပါတယ်ဘုရား)ရေတမျိုးတည်း လောင်းလုံက်လို့ ရှိယင် မိုးအေးသွားတယ်... (အေးသွားပါတယ်ဘုရား)။

ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးက ရေတမျိုးတည်းနဲ့ အေးချမ်းသွားသလားလို့ မေးယင် ဘယ်နှယ်ဖြေမလဲ-(မဖြေးပါဘုရား) ထမင်းထည့်ပါဦး၊ ဟုတ်လား....(မှန်ပါ့) ဆေးလိပ်ထည့်ပါဦး၊ ရေအေးထည့်ပါဦး-(မှန်ပါ့)ဒါဖြင့် မိုးလောင်တာထက် အလုပ်ရှုပ်သေးတယ်....(ရှုပ်ပါတယ်ဘုရား) ဦးဘအုန်း ဘယ်နှယ်ထင်သလဲ....(မိုးလောင်တာထက်အလုပ်ရှုပ်ပါသေးတယ်ဘုရား)။

ဒါတွေ တွေးပြီး ဘုန်းကြီးတို့ တကာတကာမတွေက ဖြေရှင်းဘာလုပ်လုပ်ဒီခန္ဓာကြီးအတွက် လုပ်ရလို့ရှိယင် သူ-နှိပ်စက်တာခံရမယ် (မှန်လှပါ) သူ-နှိပ်စက်တာခံဆိုတော့ နှိပ်စက်မှု သိလာတော့မှ ခန္ဓာကြီးဟာ အနှိပ်စက်ခံဘို့ဆု ဖြစ်ပေါ်လာတဲ့ ဒုက္ခသစ္စာကြီးဆိုတာ ရှင်းသွားတယ်....(ရှင်းပါတယ်ဘုရား) ဘာသစ္စာကြီးလဲ (ဒုက္ခသစ္စာကြီးပါဘုရား)ခင်ဗျားကိုက ဒုက္ခသစ္စာကြီးကို သာယ်သူ တည်ထောင်လိုက်ပါလိမ့်မတဲ့လို့ မေးတဲ့ အခါကျတော့မှ တကာတကာမတို့ သမုဒယသစ္စာ တည်ထောင်လိုက်တာ....(မှန်ပါဘုရား)။

ဒီမှာ အဝိဇ္ဇာတို့ တဏှာတို့ သင်္ခါရတို့ ၁-နံပါတ်ထဲကတရား တွေက တည်ထောင်တဲ့ တရားတွေ....(မှန်လှပါဘုရား)။

တည်ထောင်လိုက်တော့ ခင်ဗျားတို့၏ ကျင်ကြီးစွန့် ကျင်ငယ် စွန့် ဆေးလိပ်ကျွေး၊ ဒါမျိုးမျိုး နှိပ်စက်နေတာတွေဟာ ဒီဒုတိယ ပိုင်း ရောက်လာတယ်....(ရောက်လာပါတယ်ဘုရား) ၂-နံပါတ် ရောက်လာတယ်....(ရောက်လာပါတယ်ဘုရား)ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘာသစ္စာ အားထုတ်ခဲ့လို့ ဒီ-ဒုက္ခမျိုးစုံ ဆုံကြုံ ရပါလိမ့်မလဲလို့ တကားကြယ်တို့မေးမယ်၊ မောင်ဘသော်တို့ မေးမယ်၊ ဘာယ်နှယ်ဖြေကြပါ့မယ်....(သမုဒယသစ္စာ အားထုတ် ခဲ့ပါတယ်ဘုရား)။

သြော်....ကိုယ်အားထုတ်လို့ ကိုယ်အပြစ်သင့်တယ်....(မှန်လှ ပါဘုရား) ဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(ကိုယ်အားထုတ်လို့ ကိုယ်အပြစ်သင့်ပါတဲ့ယ်ဘုရား)။

သြော်....ခင်ဗျားတို့ဟာ-နော်....ကိုယ့်ဒုက္ခ ကိုယ်ရှာကြတယ် (မှန်လှပါဘုရား) တကာအုန်း ဘာယ်နှယ်ဆိုပါ့မယ်.... (ကိုယ့် ဒုက္ခ ကိုယ်ရှာကြပါတယ်ဘုရား) တကားကြယ် မရိပ်မိဘူးဗျ.... (မရိပ်မိပါဘုရား) မရိပ်မိဘူး၊ ကိုယ့်ဒုက္ခ ကိုယ်ရှာတယ်... လို့ ဘုန်းကြီးတို့ တကာတကာမှတွေက မရိပ်မိဘူး.... (မှန်လှပါ) စင်စစ်တော့ဖြင့် ကိုယ့်ဒုက္ခကိုယ်ရှာလို့ ကိုယ်ရတာ.... (မှန်လှ ပါဘုရား) ဘယ်နှယ်ပါလိမ့်.... (ကိုယ့်ဒုက္ခကိုယ်ရှာလို့ ကိုယ် ရတာပါ) အတိတ်ဘဝက ကိုယ်ရှာခဲ့တဲ့တရား၊ ဒီတရားတွေ ကြောင့် ဒီခန္ဓာကြီးဟာ ယခုပေါ်လာတယ်.... (ပေါ်လာပါ

တယ်ဘုရား) ကြည့်ပါလား....၊ ဒီမှာ ဒုက္ခသစ္စာ....(မှန်ပါ့) ကိုယ်ရှာတာကသမုဒယ.... (မှန်ပါ့) ရှာတာက သမုဒယသစ္စာ၊ ရတာက....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ ခန္ဓာကြီးရတယ်.... (မှန်လှပါဘုရား)။

သြော်....ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့... ကံမကောင်း အကြောင်း မသင့်လို့ ဝေဒနာအမျိုးမျိုး အစာအမျိုးမျိုး ဆေးကုနေရတာလား....လို့ ဦးဘအုန်း မေးလို့ ရှိယင် ဘယ်နှယ်ဖြေပါ့မလဲ....(ဒုက္ခမသိလို့ သမုဒယ လုပ်လာခဲ့လို့ပါဘုရား) ဒုက္ခမသိတော့ မသိသလိုလုပ်လာခဲ့ဘယ်.... (မှန်ပါ့ဘုရား) မသိတော့.... (မသိသလိုလုပ်လာခဲ့ပါတယ်ဘုရား)။

ဒါဖြင့် မသိတာက အဝိဇ္ဇာ၊ မသိသလိုလုပ်တာက....(သင်္ခါရပါဘုရား) မသိတာနဲ့ မသိသလိုလုပ်လာတဲ့အတွက်....တဲ့၊ ဘုန်းကြီးတို့ တကာတကားမဘေ့မှာ.... လူများကတော့ ကံကောင်းတယ် ပြောကြတယ်....(မှန်ပါ့ဘုရား) အဲဒီလို ကံကောင်းတယ် ပြောကြပါလိမ့်မယ် တကာ တကာမတို့....၊ ကိုယ့်ဖြစ်စဉ်ကိုဘဲ ကြည့်ပါ၊ ကျွင်ကြီးစွန့်ချင်လဲ ဒုက္ခသစ္စာဘဲ၊ နှိပ်စက်လို့ သွားရပြန်ပြီ....(မှန်ပါ့ဘုရား)ကျင်ငယ်စွန့်ချင်လဲ နှိပ်စက်လို့ သွားရပြန်ပြီ....(မှန်ပါ့) ဆေးလိုပြန်လဲ နှိပ်စက်လို့.... (သွားရပြန်ပြီဘုရား)။

ခန္ဓာကချည်း နှိစ်စက်နေတယ်.... (မှန်ပါ့) လာဘက်ရည်ကလေး တိုက်ရပြန်ယင်ကော....(နှိပ်စက်လို့ပါဘုရား) ခန္ဓာက နှိပ်စက်ဘယ်၊ သဘောကျပလား....(ကျပါပြီ)။

ဟိုနားစောင်းပေးရပြန်ယင်ကော.... (ခန္ဓာကနှိပ်စက်လို့ပါဘုရား) တည့်ပေးရပြန်ယင်ကော.... (ခန္ဓာက နှိပ်စက်လို့ပါ

ဘူးရှား) ကွေးပေးရပြန်ကော... (ခန္ဓာက နှိပ်စက်လို့ပါသူးရှား) ဆန့်ပေးရပြန်ကော.... (ခန္ဓာက နှိပ်စက်လို့ပါဘူးရှား) တကာ တကာမတို့ ခွဲးနေရာမရဘူးလို့ ခင်ဗျားတို့က ပြောတယ်.... (ပြောပါတယ်ဘူးရှား)။

ခွဲးနေရာမရဘူးဘူးရှား....၊ ခွဲးများဖြစ်ရတာ ဣန္ဒြေမရလိုက်တာလို့ ဆိုတာ ကိုယ့်အကြောင်း ကိုယ်ပြန် မကြည့်လို့ ဦးဘအုန်း ဖြစ်ရတာ....(ဖြစ်ပါတယ်ဘူးရှား)။

ကိုယ်လဲ အမြဲနေလို့ ဘယ်နေရာရသတုံးလို့ မေးယင် ဘယ်နှယ်ဖြေကြမလဲ....(ဘယ်နေရာမှ မရပါဘူးရှား)ပြုလိုက် ပြင်လိုက် စောင်းလိုက် ၄ လိုက် တည့်လိုက် ကွေးလိုက် ဆန့်လိုက်(မှန်ပါ့) ဘာလုပ်ကြဘာတုံးလို့ မေးယင် ဒုက္ခရောက်လို့ဘူးရှား....(မန်လှပါဘူးရှား)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... (ဒုက္ခဆုံးရှုက်လို့ပါဘူးရှား) ဒုက္ခဆုံးရှုက်လို့ တပည့်တော်တို့မှာ ပြောင်းရ ရွှေ့ရတယ်....(မှန်ပါ့ဘူးရှား) ဒါဖြင့် ဒီဒုက္ခရောက်လို့ ပြောင်းရွှေ့ပြီး နေရတာဟာ တနေ့ အကြိမ်ဆယ်ခါင်း ဘယ်လောက်တုံး...လို့ မောင်ဘသော်ဘို့ တကာကြွယ်တို့မေးယင် ဘယ်နှယ်ဖြေကြမလဲ... (မရေတွက်နိုင်ပါဘူးရှား)။

ဘာဖြစ်တာတုံး.... (ဒုက္ခရောက်လို့ပါဘူးရှား) ဒုက္ခရောက်လို့.... (မှန်လှပါ) ဘုယ်သူက ဒုက္ခပေးပါလိမ့်မလဲလို့ မေးတော့ ခန္ဓာက ပေးတာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘူးရှား) ဘယ်သူက ဒုက္ခပေးတာလဲ.... (ခန္ဓာက ဒုက္ခပေးတာပါဘူးရှား)။

ပေးတာတော့ ရှိပါစေတော့၊ ယခု လက်ရှိခန္ဓာကြီးကဲ့ စောင်းပေးဦး ၈ ပေးဦး ကွေးပေးဦး ဆန့်ပေးဦး ရွှေ့ပေးဦး ခွါပေးဦး အမျိုးမျိုးနှိပ်စက်နေတာ ခင်ဗျားတို့ ဘာမှ သစ္စာမသိတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ် နှယ်ဖြစ်နေသတုံး....လို့ မေးတဲ့အခါ ကျလို့ ရှိယင်ဖြင့်....တဲ့ ဒီဥစ္စာ ဒုက္ခသစ္စာလို့ မသိဘဲနဲ့ ကျုပ်တို့မှာ ချမ်းသာတယ်လို့ ဘဲ ထင်နေတယ်....(မှန်လှပါ)။

ဒုက္ခသစ္စာကို .... (မသိဘဲနဲ့ ချမ်းသာတယ်လို့ ဘဲ ဆင်နေတယ်) သုခသစ္စာလို့ တောင် ထင်လိမ့်ဦးမယ်....(မှန်ပါ့သူရား) ကိုယ်ခြုံချင် ခြုံနိုင်ဟယ်၊ ကိုယ်ရုံချင် ရုံနိုင်တာဘဲ....(မှန်လှပါ) ဆိုပြီးသာကာလ ခန္ဓာက နှိပ်စက်ဟယ်လို့ တခါမှ ပေါ်မလာဘူး.... (မပေါ်လာပါဘုရား) ခန္ဓာက နှိပ်စက်တယ်လို့.... (တခါမှမပေါ်လာပါဘုရား)။

တခါမှ မပေါ်လာတာတွေ့ ထောက်လိုက်တဲ့ အခါကျတော့ ခင်ဗျားတို့ ဒုက္ခသစ္စာမသိပါဘူး.... (မသိပါဘုရား) ဒုက္ခသစ္စာ မသိတော့ ဘယ် နှယ်ဖြစ်လာပြန်သတုံးဆိုတော့ယခုဒီ ၂-နံပါတ်မှာက ခင်ဗျားတို့ ယခု ဆုံရ ကြုံရ-ကျွေးရ မွေးရတဲ့ ဒုက္ခသစ္စာ (မှန်လှပါဘုရား)။

မသိပြန်ဘူးဆိုတော့ ဒီမှာ တကာတကာမတို့ သိတဲ့အတိုင်း အဝိဇ္ဇာပြန်ပေါ်တယ်.... (ပေါ်ပါတယ်ဘုရား) အဝိဇ္ဇာတွေ့ သခ်ၤါရတွေ့ တဏှာဥပါဒါန်ဘဝတွေ့ ပြန်မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

ဟာ-ဒါဖြင့် လက်ရှိဒုက္ခသစ္စာကို မသိတာနဲ့ ဘဲ ဒုက္ခထဲကနေပြီး တဏှာဥပါဒါန် ကံ အဝိဇ္ဇာသခ်ၤါရတွေ့ ဦးဘအုန်းပွားလာ

တယ်... (ပွားလာပါတယ်ဘုရား) ဘယ် နှယ်ကြောင့် ဒီလိုပွား ပါလိမ့်မှတုံး... လို့ မေးယင် ဘယ် နှယ်ဖြေကြမလဲ....(ဒုက္ခသစ္စာ လို့ မသိလို့ ပါဘုရား) ဒုက္ခသစ္စာမသိလို့....(မှန်ပါ)။

အဲဒီတော့ ယနေ့ကစပြီး တကာ တကာမတို့ ကျင်ကြီးစုန့် သွားလဲ နှိပ်စက်ပြန်ပြီလို့ စိတ်ထဲက အောက်မေ့လိုက်(မှန်ပါ့) ကျင်ငယ်စုန့်သွားလဲ.... (နှိပ်စက်ပြန်ပြီလို့ စိတ်ထဲကအောက်မေ့ ရပါ့မယ်)၊ တံတွေး ထွေးရပြန်ယင်ကော .... (နှိပ်စက်ပြန်ပြီလို့ အောက်မေ့) ရေကလေးတိုက်ရပြန်ယင်ကော .... (နှိပ်စက်ပြန်ပြီ လို့ အောက်မေ့) တကာ့ကာမတို့ လူမမာမို့ အမျိုးမျိုးပြုရတာပေါ့.... (မှန်လှပါ) ဘယ်လိုထင်ကြသလဲ.... (လူမမာမို့ အမျိုးမျိုးပြုရတာပါဘုရား)။

လူမမာမို့ အမျိုးမျိုးပြုရတာသိတော့ သြော်... ဒုက္ခ သက် သက်ပါကလား၊ ချမ်းသာဆိုတာ မရောလို့ ပြုလို့ စုလို့ ကြည့် လို့ ကိုမပြီးနိုင်ပါကလားဆိုတာ.... တကယ်ကို ခန္ဓာကြီး သေ သေချာချာကြည့်....(မှန်လှပါဘုရား) ပြုလို့ စုလို့ ပြီးကြရဲ့ လား... (မပြီးပါဘုရား) မပြီးပါဘူး၊ မပြီးဘူးဆိုတာ သေချာ ပလား....(သေချာပါပြီဘုရား)။

ကောင်းပြီ... ဒါဖြင့် ပြုလို့ စုလို့ မပြီးတာဟာ ဦးဘအုန်း အကဲခတ်စမ်း ဘာ့ကြောင့်လဲ....(ဒုက္ခရောက်လို့ပါဘုရား) ဒုက္ခ ရောက်လို့....(မှန်ပါ့) တကယ်တကာမတွေ့ ဘာဖြစ်နေသလဲ.... (ဒုက္ခရောက်နေပါတယ်ဘုရား)။

ဒုက္ခရောက်နေတာ ပြုလို့ စုလို့ကို ပြီးသေးသလား....(မပြီး ပါဘုရား) မပြီးပါဘူး... ၊ ရေအိုးဘဲ အမျိုးမျိုး၊ ခြေဆေးဘို

အမျိုးမျိုး၊ ခြေနာပေါက်ယင် ခြေဆး ဘို.... (မှုန်ပါ့) လက်နာပေါက်ယင်....(လက်ဆေးဘိုပါဘုရား)မျက်စိက မျက်စိအနာပေါက်လာယင်....(မျက်စိဆေးဘိုပါဘုရား) ပါးစပ်က ပါးစပ်အနာပေါက်ယင်....(ပါးစပ်ဆေးဘိုပါဘုရား)။

ဩော် .... လူမာမှာ ဒီလောက်ဆေးရတယ်လို့ ဦးဘအုန်းမရှိဘူးဗျ....(မှုန်လှုပါဘုရား)ခင်ဗျားတို့က လူမာဘဲ့၊ လုပ်လိုက်ရတာလဲ မအေားဘူး....(မှုန်လှုပါ) လုပ်ရတာလဲ .... (မအေားဖါဘုရား) ပြီးတော့ နေကောင်းရဲ့လား မေးပြန်တော့လဲ တကာကြွယ်တို့က အရမ်းဖြေကြဘယ်.... (မှုန်လှုပါဘုရား) ဘယ်နှယ်ဖြေပါလိမ့် .. (နေကောင်းတယ်လို့ ဖြေပါတယ်ဘုရား)။

အို....ဒီလောက်ရူးတာမျှား ရှာမှရှား....(မှုန်လှုပါဘုရား) ဒီလောက်ရူးတာမျှားတော့ .... (ရှာမှရှားပါဘုရား) သေသေချာချာစဉ်းစားကြည့်ပါ တတာကြွယ်ရ၊ပုထုဇဉ်နာ ဥမ္မတ္တကောဆိုတာ ဖေါလာတယ်.... (ဖေါလာပါတယ်ဘုရား)။

ပုထုဇဉ်နော=ပုထုဇန်ကား၊ ဥမ္မတ္တကော= အရူးနှင့်တူ၏ ဆိုတော့ တကာဘကာမတွေ့ ရူးနေတော့ လူမမာကို သူ့ဟာသူနေရစ်ပေစေ၊ ကျုပ်တို့သွားဦးမယ်ဆိုယင် ရတယ် .... (မှုန်လှုပါဘုရား)။

ဒီမှာတော့ သွားရာမှာဘဲ ပြုရတယ်....(မှုန်လှုပါဘုရား) သွားရာမှာဘဲ တကာကြွယ်....(ပြုရပါတယ်ဘုရား) အစုံမျှားယူသွားလိုက်ရသေးတယ် .... (မှုန်ပါ့) အစုံမျှား ယူသွားလိုက်ရသေးတယ် တကာတကာမတို့....(မှုန်လှုပါဘုရား)။

အိတ်ထဲမှာလဲ နှာကလေး ဆေးကလေး လက်ကိုင် ပုဝါကလေး လက်သုတ် ပုဝါကလေး .... (မှုန်ပါ့) ဟိုဘက်က

တောင်းထဲကြည့်လိုက်ပြန်တော့ စားစရာ....(မှန်လှပါ) ဟိုဘက် ဘူးထဲကြည့်လိုက်ပြန်တော့ သောက်စရာ....(မှန်လှပါ)။

ဟဲ....မောင်ဘသော် မျှားလှချည့် ကလားဆိုတော့ လူမမာ သူ့းတာဘုရှ့၊ လူခကောင်းသူ့းတာမဟုတ်ဘူး .... (မှန်လှပါဘုရား)ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဘယ်သူသူ့းသတုံး... (လူမမာသူ့းတာပါဘုရား) အဲဒါ တကာ့ကကာမဂုတ္တက ငါ့ကာ ဒီပစ္စည်းအဘိုးတန် ကိုင်နိုင်တယ် ဆိုပြီး လူပုံထဲမျှား ခင်ဗျားတို့က ပဌမတန်း စီးပြီး ကြွားလိုက်သေးတယ်....(မှန်လှပါဘုရား)။

အံ့မာလေး ဂွကျလိုက်တာ-(မှန်ပါ့)ဦးဘအုန်းရေ (ဘုရား) တော်ဘော်ဂွကျနေပါ့ကလား.... (ကျပါတယ်ဘုရား) ဒီပစ္စည်း ဒီပစ္စည်း အဘိုးတန်ပစ္စည်းတွေ့ကို သူမျှားမဝယ်နိုင်တဲ့ ပစ္စည်း၊ သူမျှား မသုံးဆေးဘူးတဲ့ ပစ္စည်းတွေ့ကို ကိုင်ပြီးသကာလ၊ ဆေးတွေ့ ဝါးတွေ့ထည့်ပြီးသကာလ ပဌမတန်း ရထားတွေ့စီး၊ မော်တော်ကား အကောင်းဆုံးစီးပြီး သကာလ ဟ....ဒါတွေ့ဘာတွေ့ တုံးလို့ မေးတဲ့အခါကျတော့ သေသေချာချာ စဉ်းစားတော့ ဆေးကုပြတာ....(မှန်လှပါဘုရား)။

ဘယ်သူ ပါလို့တုံး ဆေးတွေ့ ဒီလောက်မျှားတာ.... (လူမမာ ပါလို့ပါဘုရား) ရှင်းနေပြီကော....ရှင်းနေပြီကော....(မှန်လှပါ) အကာတက့ာမတို့ ဘယ်သူ ပါလို့တုံး.... (လူမမာ ပါလို့ပါဘုရား)။

အေး....လူမမာပါတာ အခုမှ ရိပ်မိတယ်.... (အခုမှ ရိပ်မိပါတယ်ဘုရား) ခင်ဗျားတို့ကတော့ ဂုဏ်ရှိ ဇီဝိန္ဒြိယသွားလို့ အဘိုး

အာန်တော့ ယူသွားတယ်လို့ ဒီလိုမျိုး ထင်လိုက်သေးတယ်.... (မှန်လှုပါဘုရား) အံမာလေး....ကြက်သရေ မရှိတဲ့လူ သွားလို့ အာကုန်ဆောင်သွားရတာ....(မှန်လှုပါဘုရား)။

တကာကြွယ်တို့ သွားတော့ကော တော်တော် ပြည့်ပြည့်စုံစုံ ပါရဲ့လား....(ပါ-ပါတယ်ဘုရား) ဘယ်သူ သွားတာတုံးဗျ.... (လူမမာသွားတာပါဘုရား) ပြောမှ ရိပ်မိတာကိုး၊ ခက်လိုက်တဲ့ ဖြစ်ခြင်းကလဲ တကာတကာမတို့....(မှန်လှုပါ)။

ဒါပေကြောင့် ဘုန်းကြီးက ပြောတယ်၊ ၄-၅ ယောင်းတန် ကားကြီးတွေ စီးကြပ်ကြပြီး နေတာဟာ ဒီအတိုင်းသွားပါ လားဆိုတော့ လူမမာမို့ဘုရား- ထမ်းစင် ဝယ်ထားရတယ်.... (မှန်လှုပါ)။

ဒါတွေမျိုး လူတို့က မာစီဒီတို့ ချက်ပလက် ဘဲလ်အဲယားတို့ စီးရမယ်ဆိုလို့ရှိယင် ဒုံဟာ ကံကောင်းတယ်လို့ အောက်မေ့ ကြတယ်....(မှန်ပါ့ဘုရား) အတော် ဆိုးဝါးတယ် .... (မှန်ပါ့) မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

ပြီးတော့ ထမ်းစင်ဘဲ....(မှန်ပါ့) သဘောကျသလား....(ကျ ပါတယ်ဘုရား) ဘာပါလိမ့်... (ထမ်းစင်ပါဘုရား) ထမ်းစင်ဆို တာ ဘယ်လိုလူ သုံးတာတုံးလို့ မေးလို့ရှိယင်ဖြင့် မမာတဲ့လူ သုံးတာ....(မှန်ပါ့) သဘောကျပလား.... (ကျပါတယ်ဘုရား)။

သို့သော် ခင်ဗျားတို့က မျက်စိလည်နေတော့ မမာတဲ့လူက အဝတ်အစား မပြောင်ဘူးဘူရာ့....(မှန်ပါ့) မာတဲ့လူက (အဝတ် အစားပြောင်တယ်) အဝတ်အစား ပြောင်တယ်၊ သူက ပြောင် တာ၊ ဟိုက မပြောင်တာ....(မှန်လှုပါဘုရား) ရိပ်ပလား.... (ရိပ်

မိပါတယ် ဘုရား) ဘာဘဲ့တုံး....(အဝတ်အစား ပြောင်တာနဲ့ မပြောင်တာပါဘုရား) ဒါဘဲ ထူးတယ်....(မှန်လှပါဘုရား)။

သူက ပြောင်ပြောင်ရောင်ရောင်နဲ့ အနာ ပေါက်ကယ် .... (မှန်လှပါ) ဟိုက မပြောင်မရောင်နဲ့.... (အနာ ပေါက်ပါတယ် ဘုရား)ဦးဘအုန်း ဘယ်သူကကြည်ညိုဘူယ် ကောင်းသေးတုံး.... (ဘယ်သူမှ မကောင်းပါဘုရား)။

ရော....ဒုက္ခသစ္စာချည်းဘဲ၊ ဘယ်သူက ကြည်ညိုစရာ ရှိဦးမလဲ....(မရှိပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား) ဒါဖြင့် ဒီ ဒုက္ခသစ္စာကြီးကလဲ ဝဏ္ဏကြယ်ရေ ပေသေချာချာပြောမှ ကိုယ် ့ဒုက္ခ ကိုယ်သိတယ်နော်... (မှန်လှပါဘုရား)။

ပစ္စည်းအမျိုးမျိုး ယူဆောင်လိုက်၊ အိမ်ထောင်ပရိဘောဂ အမျိုးမျိုးကို ရပြီး ကိုယ် ့အိမ်မှာ ပြဒါးချိန်ကလေးလဲ ထား လိုက်ရတယ်....(ထားပါတယ်ဘုရား) ဘာဖြစ်လို ့ထားသလဲ ခဏခဏ ဒီအိမ်က လူမမာ များတယ်ဘုရာ့....(မှန်လှပါဘုရား)။

ဒါကြောင့် ကျုပ်ဆရာဝန် မခေါ်နိုင်ဘူး၊ ဆေးတိုက်သွား ပြီး သူနဲ့ တည့်တဲ့ ဆေးကလေးကို ဝယ်ထားရတာယ် .... (မှန်လှ ပါဘုရား)။

ဟ .... ဒီဆေးတွေ များလှချည့်လား ဆိုလို ့ရှိယင်ဖြင့် အကုန်များ မာကြရဲ့လား မေးယင် ဘယ် ့နှယ်ဖြေကြမလဲ.... (မမာပါဘုရား) အကုန်လုံး မမာလို ့ ဒီလောက် ဆောင်ထားရ တာပေါ့....(မှန်လှပါဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးဟာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) ဘေးကင်းပြီး ကြည့်တော့မှ အရိယာမျက်လုံးတပ်ပြီး ကြည့်

တော့ ဩဩ.... ဒီအိမ်မှာ လူမမာ ဘယ်နှစ်ယောက် ရှိသတုံး ဆို-ခင်ဗျားတို့က ပြုံးမျှားပြောလိုက်သေးတယ်.... (မှန်လှုပါ)။ သားသမီး ဘယ်နှစ်ယောက် ရှိသတုံး....၊ ထွန်းကားပါတယ် သားသမီးကတော့....(မှန်ပါ့) အံမာလေး....လူမမာ ထွန်းကားတာ သားသမီး ထွန်းကားတယ် ပြောနေတာ.... (မှန်လှုပါဘုရား) အတော် အချုပ်ဆိုးနေတာ.... (ဆိုးပါတယ်ဘုရား) တကာကြွယ်တို့က နည်းမျှား နည်းလို့ ညည်းမိသေးသလား.... (ညည်းမိပါတယ်ဘုရား)။

ညည်းမိသေးဟယ်၊ ဘာဖြစ်လို့ လူမမာ နည်းနေလို့.... (မှန်ပါ,နည်းနေလို့ပါဘုရား) ကြည့်ရ,ရှုရဘာ အားမရလို့လား.... (မှန်ပါဘုရား) အံမာလေး....ရှုးလိုက်တဲ့ ဖြစ်ခြင်း၊ အတော် ဆိုးနေတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့်.... ခင်ဗျားတို့ကို ပြောတယ်၊ သစ္စာ မသိယင် သံသရာ ရှည်သက္ခ....(မှန်လှုပါဘုရား)သစ္စာမသိယင်-(သံသရာ ရှည်ပါဘယ်ဘုရား)။

ဘုရားကလဲ ငါလဲ သစ္စာ မသိတုန်းက ရှည်ခဲ့တာဘဲက္ခ....တဲ့ (မှန်လှုပါဘုရား) ဒီ ခန္ဓာကြီး အရုပ်ဆိုး,အကျည်းတန် မသိသာ့ကာလပတ်လုံး သစ္စာ မသိဘူး....(မှန်ပါ့) ထိုကဲ့သို့ သစ္စာ မသိသေးသ၍ ကာကပတ်လုံး ဒီခန္ဓာကြီးကို ခင်တဲ့ တဏှာ.... (မှန်ပါဘုရား) အင်း....၃-နံပါတ် ကူးပြီ....(ကူးပါပြီဘုရား)။

ဒီခန္ဓာကြီးနဲ့ ပတ်သက်ပြီးသကာလ ဩဩ.... ငါလို့ စား နိုင်, ဝတ်နိုင်တာ ဘယ်မှာ ရှိမတုံးဆိုတဲ့ မာန....(မှန်လှုပါဘုရား) ဘယ်ကူးသွားသတုံး....(၃-နံပါတ် ကူးသွားပါဘယ်ဘုရား) ကူး

သွားပြီ....တဲ့၊ ကိုယ့်အချိုးနဲ့ ကိုယ်ဆိုတော့.... ကိုယ့်ကိုယ်ကို တော်သေးတယ်လို့တောင် ကျုပ်ဖြင့် အောက်မေ့သေးတယ်- (မှန်ပါ့ဘုရား)။

အင်း....ကိုယ့်ကိုယ်ကို တော်သေးသဘဲ့၊ ဒီဥစ္စာက ကူးပြန်ပြီ၊မကူးဘူးလား....(ကူးပါတယ်ဘုရား)ဘယ်ထဲက ဘယ်ထဲ ကူးသွားပါလိမ့်... (၂-ထဲက ၃-ကူးပါတယ်ဘုရား) အင်း....၂-ထဲက ၃-ကူးပြန်ပြီ တကာကြွယ်ရေ.... (မှန်လှပါဘုရား) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား) ၂-ထဲက....(၃—နံပါတ် ကူးပါတယ်ဘုရား)။

၂-နံပါတ်ခန္ဓာကြီးထဲက တဏှာတို့၊မာနတို့၊ဒိဋ္ဌိတို့ ကူးသွားတယ်.... (ကူးသွားပါတယ်ဘုရား) မကူးသေးဘူးလား....(ကူးပါတယ်ဘုရား)။

အင်း....ခင်ဗျားတို့ နေ့တိုင်း ဘာလုပ်ပြီးသကာလ နေကြသတုံးဆိုဗေတာ့ နာမ္မန်းမသိလို့ဘုရာ့၊ နောက် အနာရှာတယ်ဘုရာ့ (မှန်လှပါ) ဘယ်နှယ်ဆိုကြမယ်.... (နာမ္မန်းမသိလို့ နောက် အနာရှာပါတယ်ဘုရား) နာမ္မန်းမသိလို့.... (နောက် အနာရှာပါတယ်ဘုရား)။

ဒီ ခန္ဓာကြီးကို ဒုက္ခသစ္စာ အနာမ္မန်းမသိလို့ သူ့ကြည့်ပြီး တဏှာ မာနတွေ့ တက်လာတယ်.... (တက်လာပါတယ် ဘုရား) အဲဒီ့တဏှာ မာန တက်တာက ဘာပါလိမ့်.... (သမုဒယသစ္စာဖြစ်တာပါဘုရား) နောက် အနာရှာတာ.... (မှန်လှပါဘုရား) နောက် အနာရှာတာဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘာရှာကြသလဲ....(နောက် အနာရှာပါတယ်ဘုရား)။

ဩော်....အနာပေါက်နေတဲ့ပုဂ္ဂိုလ် အနာမသိတော့ နောက် အနာပေါက်ဘို့ကို ဦးဘအုန်း ရှာပြန်တယ် (ရှာပါတယ်ဘုရား) ဒါ....ဘာမသိတာဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အနာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာကြီးကို ဘုန်းကြီးတို့ တကာတကာမတွေက မသိတော့....ကိုတဲ့ ဒီ ပြင်လူထဲတော့ မပြောဝံ့ပါဘူး။ ကိုယ့်ဟာကလေးနဲ့ ကိုယ် ဒီ အခြေအနေမှု ရောက်ပါ့မလားလို့ အောက်မေ့မိတယ်.... (မှန်လှပါဘုရား)အခုတော့ဟော်,တော်သေးရဲ့ ....(မှန်လှပါ)။

ဖြစ်မှု ဖြစ်ရလေကွာ ဒုက္ခသစ္စာကြီးကို တော်,တော်သေးရဲ့ ဆိုးတာ့ ဘယ်နှယ်လုပ်ကြမှာတုံး။ တကာကြွယ်.... ဝမ်းထဲက တခါတလေကျတော့ ကိုယ့်ကိုယ်ကလေး၊ ကိုယ့်သားကလေး ကိုယ့်သမီးကလေးနဲ့ ပြည့်ပြည့်စုံစုံ ရှိတဲ့အခါကျဘော့ တော် တော်သေးရဲ့လို့ လာသေးသလား....(လာပါတယ်ဘုရား)။

ဖြစ်မှု ဖြစ်ရလေ ခင်ဗျားအနာကို မမြင်ဘူး.... (မမြင်ပါဘုရား) ဒုက္ခသစ္စာမြင်ရဲ့လား.... (မမြင်ပါဘုရား) မမြင်တော့ တော်, တော်သေးရဲ့ဆိုတဲ့ ဒီ ၃-နံပါတ် ကူးသွားတယ်.... (ကူးသွားပါတယ်ဘုရား) တော်, တော်သေးရဲ့ဆိုတာ ကိုယ့်ဟာကို....ခင်တဲ့ တဏှာ ဥပါဒါန်တွေ....(မှန်လှပါဘုရား) သစ္စာကျပလား.... (ကျပါပြီ) ဘယ်ကူးသွားသတုံး.... (၃-နံပါတ် ကူးသွားပါတယ်ဘုရား)။

ဩော်.... အိပ်ရာထဲကနေပြီး အနာရှာပြန်ပါပြီ.... (မှန်လှပါဘုရား)အိပ်ရာထဲကနေ တွေးတာကိုးဗျ....(မှန်လှပါ) တကာတကာမတွေ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တခါတလေ တိုးတိုး ပြောတဲ့ အခါမျိုး ပါသေးတယ်.... သူမျိုးသိလဲ ဒို့မှာ မကောင်းဘူးကွ၊ ဒီအခြေအနေဆို မဆိုးလှ ပါဘူးကွာ.... (မှန်လှပါ) လူ့အောက်တော့ မကျတော့ပါဘူး ကွာ.... (မှန်လှပါ) အပါယ်သာကျမှာ ရိပ်မိပလား.... (ရိပ်မိ ပါပြီ)။

အံမာလေး ကြောက်စရာကြီး လူ့အောက်တော့ မကျဘူးတဲ့ တကာတကာမတို့၊ ဒီ တဏှာ မာန ဒိဋ္ဌိလာတော့ ဘယ်ကျမလဲ (အပါယ်ကျမှာပါဘုရား) အင်း.... ဒါကြောင့် ဘုန်းကြီးက ပြောတယ် တကာတကာမတွေကို သေသေချာချာလဲ့မှတ်ကြပါ နော်....(မှန်လှပါဘုရား)။

တကာတကာမတွေ ရောင်းဝယ်ဖေါက်ကားပြီး အမျိုးမျိုး အဖုံဖုံ စားသောက်နေကြတာ လူ့အောက်ကျမှာကို ကြောက် တာကများတယ်....(များပါတယ်ဘုရား) အပါယ်ကျမှာတော့ (မကြောက်ပါဘုရား) တကာကြယ်တို့....ပေါ်ပလား.... (ပေါ် ပါပြီဘုရား)။

လူ့အောက်ကျလို့ ခင်ဗျားတို့ ဘာမှမဖြစ်ဘူး.... (မှန်လှပါ ဘုရား) အပါယ်ကျလို့ရှိယင်ဖြင့် ခင်ဗျားတို့ထွက်ပေါက်မရှိဘူး ဒရဲသား ဒရဲထိန်းတို့၏ စီမံသလိုခံရမယ်ဦးဘအုန်း....(မှန်လှပါ ဘုရား)။

ဒါဖြင့် တကာကြယ်....လူ့အောက်ကျမှာနဲ့ အပါယ်ကျမှာ ဘယ်ဟာက ကြောက်စရာကောင်းသတုံး.... (အပါယ်ကျမှာက ကြောက်စရာ ကောင်းပါတယ်ဘုရား)။

ဒါဖြင့် လက်ရှိ ဒုက္ခသစ္စာထဲကို သမုဒယ သစ္စာဆိုတဲ့ ၃-နံ ပါတ် ဦးဘအုန်း မပေါ်ပေါက်ပါစေနဲ့လို့ သတိပေးခဲ့တယ် (မှန်လှပါဘုရား) လက်ရှိ ဒုက္ခသစ္စာထဲက.... (သမုဒယ သစ္စာ မပေါ်ပေါက်ပါစေနဲ့) သမုဒယသစ္စာမို့ ၂-ထဲက ၃-နံပါတ် တွေ့ တဲ့ကွာဥပါဒါန် မလာပါစေနဲ့၊ ၂-ထဲကပေါ်တာ ဒီဥစ္စာ (မှန်လှပါဘုရား) ၂-ကို သာယာဘာ တက္ကာ ဒိဋ္ဌိ မာန ဒိဏဲမူစ သုံးခုပါနေတယ်.... (မှန်လှပါ) ပြီးတော့မှ ဥပါဒါန် ကံ.... (မှန်လှပါ)။

ဒါသာလုပ်ယင် ဒီမြားအတွင်း ခင်ဗျားကို ဇာတိ,ဇရာ,မရဏ ဝိညာဏ် နာပ်ရုပ် သင်္ဠာယတန ဖဿ ဝေဒနာ မလာရပေဘူးလား....(လာရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ အနာမသိလို့ အနာရှာကြတယ်.... (မှန်လှပါဘုရား) ပေါ်ပါပြီ ဦးဘအုန်း.... (ပေါ်ပါပြီဘုရား) ၂-နံပါတ် အနာကိုမသိလို့.....(အနာရှာရပါတယ်ဘုရား) အနာရှာတော့ ၃-နံပါတ်ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား) သေသေချာချာမှတ်ပါ၊ ဒီကနေ့အနာနဲ့ပဋ္ဌိစ္စသမုပ္ပါဒ်ကို ပြောနေတယ်....(မှန်လှပါဘုရား)။

၂-နံပါတ် အနာကိုမသိလို့ ၂-နံပါတ်ထဲက ဘာတွေထွက် လာသလဲ.... (ဇာတိ ဇရာ မရဏတွေ ထွက်လာပါတယ်ဘုရား) ၃-နံပါတ်ထဲက အနာရှာတဲ့တရားတွေ ပေါ်ပေါက်လာတယ်.... (မှန်ပါဘုရား)။

သြော်.... တကာ တကာတွေ မိုက်ပြီးရင်း.... ဘာတုံး.... (မိုက်ပါတယ်ဘုရား) တကာကြွယ်....လွန်ကုန်ပြီ.... (လွန်ပါပြီ

ဘုရား) မိုက်ပြီးရင်း ဆိုတာက လက်ရှိ ဒုက္ခသစ္စာကြီး နှိပ်စက်တာကို မသိတာကဲ့ မိုက်တာ....(မှန်လှပါ)။

မိုက်ပြီးရင်း မိုက်ပြန်တာ ဆိုတာက ဒီခန္ဓာကြီး ကြည့်ပြီး တဏှာ မာန ဒိဋ္ဌိတွေနဲ့ တကာကြွယ်တို့က တော်သေးရဲ့.ဟ.-တော်ခသေးရဲ့၊ တော်သေးရဲ့၊ ဒီသား ဒီသမီးနဲ့ ဆွေနဲ့. မျိုးနဲ့ တိုက်နဲ့ တာနဲ့ စိန်နဲ့. ရွှေနဲ့. ကားနဲ့ တော်ပါသေးကယ်ဆိုတော့ ဘာတွေမျှား ပေါက်ပွားလာတယ်ဆိုလာ တကာကြွယ်.... ထင်စမ်းပါ။

တိုးတိုးပြောမနေပါနဲ့၊ ခင်ဗျားတို့ ဖြစ်စဉ်ဘဲ ရဲရဲပြောပါ (အနာပေါက်ကြောင်း ရှာပါတယ်ဘုရား) အနာပေါက်ကြောင်း ပြန်ရှာတယ်.... (မှန်လှပါဘုရား) ဘာတွေ ပြန်ရှာသလဲ.... (အနာပေါက်ကြောင်းပြန်ရှာပါတယ်ဘုရား)။

အဲဒီကတည်းက တကာကြွယ်ကို မေးရတယ်၊ မောင်ဘသော် ကိုမေးရတယ်၊ အနာရှိတာမသိလို့ အနာရှာတာ....(မှန်လှပါဘုရား) ဘယ့်နှယ်ဆိုကြမယ်.... (အနာရှိတာမသိလို့ အနာရှာတာပါဘုရား) အနာရှိတာမသိလို့ အနာရှာတာဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ခန္ဓာကိုယ်ကြီးဟာ ရောဂတောလို့ ဘုရားက အနာမျိုးစုံကွ....တဲ့(မှန်လှပါ)ဦးဘအုန်း မဟောဘူးလား....(ဟောပါတယ်ဘုရား)။

အဲဒီ အနာကို ခင်ဗျားတို့က အနာရှိတယ်လို့ မသိပြန်တော့ ဒီလောက်ဆိုယင်ဖြင့် လူဖြစ်ကျိုးနပ်ပါပြီကွာ၊ လူ့အောက်မကျူးပါဘူး၊ မင်းပဲ့စိုးပဲ့ လာဘ်ရည်ပဲ့တွေမှာ ဒို့မပါတာ ခပ်နည်းနည်းဘဲ....(မှန်လှပါဘုရား)။

အံမာလေး....ကြောက်စရာကြီးပါကလား တကာကြွယ်ရဲ့.... (မှန်လှုပ်၊) ဘာတွေတုံးဗျ၊ အနာမသိလို့ အနာရှာတာ....(မှန်လှုပ်ခါဘူးရှုး)ရှင်းကြပလား....(ရှင်းပါပြီဘုရား) ဘာရှာကြတာလဲ....(အနာမသိလို့ အနာရှာတာပါဘုရား)။

တကယ်လို့မျှား ကိုယ့်မိတ်ဆွေသင်္ဘောတွေက သတိုးမှ နေလို့ရှိယင်ဖြင့် ဒီမျှား ဘာ အမျက်ဒေါသရှိလို့ မေ့ပါလိမ့်မတုံးဆိုပြီး သူတို့မှာ ဒေါသကလေးနဲ့ တောင်မှ ကိုယ့် ဒုက္ခသစ္စာမသိတာ ဒေါသကလေးနဲ့ တောင်မှ ၃-နှံပါတ် ပြေးနေတယ်.... (ပြေးပါတယ်ဘုရား) ဦးဘအုန်း မပြေးဘူးလား.... (ပြေးပါတယ်ဘုရား)။

ဒါလဲ ဘာပါလိမ့် အနာမသိလို့.... (မှန်ပါ့) အနာမသိလို့ ပါဘုရား)အနာမသိလို့ အနာရှာတာ.... (မှန်ပါ့ဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ အနာမသိတဲ့ပုဂ္ဂိုလ်ဆိုယင် အနာချည်းရှာနေမှာဘဲ....(မှန်ပါ့ဘုရား) ဒါဖြင့် သစ္စာမသိယင် သမုဒယဖြစ်ကြောင်း ရှာကြမှာဘဲ.... (မှန်ပါ့) လွန်ကုန်ပြီ.... (မှန်ပါ့ဘုရား)။

တစ်ခါတစ်ခါမတို့ တော်တော် အဘိုးတန်ပြီ....လို့ ဆိုကြမလား၊ မိုက်တုန်းဘဲရှိသေးတယ်လို့ ဆိုကြမလား(မိုက်တုန်းဘဲရှိပါသေးတယ်ဘုရား)တကာကြွယ် ငယ်သေချာချာကိုယ်မိုက်တာဟာ ပေါ်ပြီနော်....(ပေါ်ပါပြီဘုရား)။

ဒီခန္ဓာကြီး နေ့တိုင်း ပြုရ-စုရ ဒုက္ခဆောက်နေတာကြီးကို နှိပ်စက်နေတဲ့ ဒုက္ခသစ္စာလို့ မသိလိုက်တဲ့အတွက်....တဲ့ ဘုန်းကြီးဘို့

တကာတကာမတွေ့ ကိုယ့်ဟာကိုယ် တင်းတိမ်ပြီးတော့ ကိုယ့်အချိန်နဲ့ကိုယ်တော့ ကျုပ်တို့တော့ဖြင့် ကိုယ့်တန်းတူချင်းကျတော့ဖြင့် နည်းနည်း မာန်ကလေးတော့ ထားလိုက်ရသေးတယ်-(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့်တုံး၊ အို....သူတို့က မျက်ခုံးပေါ်လျှောက်ပြီး ဘိနပ်စီးသွားချင်တာ၊ အဲဒီတော့.... အကြောင်းကလေးဘာကလေးတော့ နည်းနည်း-ပြပြပေးမှ-(မှန်လှပါဘုရား) ရိပ်မိပလား... (ရိပ်မိပါပြီ) ဟာဖြစ်တာတုံး... ဒီဥစ္စာ ပြောစပ်းပါဦး ခင်ဗျားတို့.... (အနာမသိလို့ အနာရှာတာပါ) အနာမသိလို့ဘာရှာကာတုံး....(အနာရှာတာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ပြောသရွေ့ ဆိုသရွေ့ တွေးယဖြင့် ဘုရားရှေ့မှာလဲ ခင်ဗျားတို့ ပြောမိချင် ပြောမှာဘဲ.... (ပြောမိမှာပါဘဲဘုရား) ညောင်ရေအိုးစင်ပေါ်က ဘုရားတော့ ခင်ဗျားတို့ကဂရုကို မစိုက်ဘူး....(မှန်ပါ့ဘုရား)။

စိုက်ပါ့မလား.... ဦးဘအုန်း၊ ဒီရှေ့မှာဘဲ အတင်းပြောချင် ပြောနေမှာဘဲ... (ပြောနေပါလေယ်ဘုရား) ဒီရှေ့မှာဘဲ ဟိုလူ့အကြောင်း၊ ဒီလူ့အကြောင်းကော.... (ပြောပါတယ်ဘုရား) ကန်တော့ပါရဲ့မျှား ပါသေးလား....(မပါ,ပါဘုရား) မပါ,ပါဘူး၊ အံမာခလေး... ကြောက်စရာကြီးပါကလား ခင်ဗျားတို့ဘုရားကိုးကွယ်တာက ကျုပ်ဖြင့် ဒီလိုမျှားတော့ အကြောက်ဆုံးပါဘဲ၊ အတော့်ကိုကြောက်စရာကောင်းတယ်.... (မှန်လှပါ)။

တကာကြွယ် သေးသေးချာချာ မှန်တယ်ဆိုတာ သဘောကျပလား... (ကျပါပြီ) ဘုရားလဲရှိပါရဲ့၊ ဘုရားရှေ့ ဒါမပြော

ကောင်းဘူးလို့ မျှား လာရဲ့လား....(လာပါတယ်ဘုရား) မလာပါဘူး၊ လူမသိ သူမသိက ဘုရားခန်းထဲမှု သွားပြောရတာ.... (မှန်လှုပါဘုရား) အတော် ဆိုးဝါးတယ်.... (ဆိုးဝါးပါတယ် ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အနာမသိလို့ အနာရှာတယ်ဆိုတဲ့ သဘောဟာ ခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာ အနာတွေတဲ့.... (မှန်ပါ့)။

အဲဒါ မသိတဲ့ အခါကျတော့ ကိုယ်သား သမီးကလေးနဲ့ ကိုယ်ပစ္စည်းကလေးနဲ့ ကိုယ်တိုက်တာ အိမ်ရာကလေးနဲ့ ကိုယ်ဟာ ကိုယ်ပြုံးနေတဲ့ဥစ္စာ ပြုံးတာသည် တကာ့တကာမှတို့.... ဒီဟာဘဲ....(မှန်ပါ့)၃-နံပါတ် ကူးလိုက်တယ်-(မှန်လှုပါဘုရား) ပြုံးတာသည် ဘာပါလိမ့်.... (၃-နံပါတ် ကူးပါဘယ်ဘုရား)။

တဏှာက ပြုံးတာကိုး(မှန်ပါ့) ကိုယ်ပစ္စည်းကလေး ကိုယ် သာယာပြီး သားကလေးတွေ၊ သမီးကလေးတွေကို လိမ္မာရေး ခြားရှိ၊ စီးပွားရေးကလေးက ရှာတတ်ပြန်တော့.... ကိုယ်ဟာ ကိုယ်ပြုံးတယ်....(မှန်လှုပါဘုရား) ခင်ပြုံးဆိုတာ သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ပြုံးတာသည်ကားလို့ ဆိုယင်ဖြင့် မဲ့တာတက် ဆိုးတယ်....(မှန်လှုပါ)ပြုံးတာသည်.... (မဲ့တာထက် ဆိုးပါတယ်ဘုရား)ဘာ့ကြောင့်တုံး ဖေးတဲ့အခါကျတော့ ၂-က ၃-ကူးတယ်....(မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီ) ခင်ဗျားတို့ကလဲ မပြုံးဘဲ နေရယင်ကို မဓကျနပ်ပါဘူး.... (မဓကျနပ်ပါဘုရား) ဦးဘအုန်း မပြုံးရယင်.... (မဓကျနပ်ပါဘုရား)။

မပြုံးရလို့ ရှိယင်.... မဲ့မဟဲ့ဆိုတဲ့ မနေ့က ပြောခဲ့တဲ့ လမ်း ရောက်လာပြန်တာဘဲ....(မှန်ပါ့) မပြုံးရယင် ခင်ဗျားတို့က.... (မဲ့မှာပါဘုရား) မဲ့မှားဘဲဆိုတော့ ခင်ဗျားတို့မှာဖြင့် မဲ့လမ်း ပြုံးလမ်းမှာပါး ဘာမှ မရှိဘူး....(မှန်လှုပါဘုရား) မမဲ့မပြုံးတဲ့ အလယ်လမ်းကိုဘဲ မရောက်ဘူး....(မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲ....ဒါဖြင့်.... ခင်ဗျားတို့ ပြုံးတာသည် ဘုန်းကြီးများက သြော်....သူကလဲ အေကြာင်းညီညွတ်၊ အိမ်သားဧတ္တကလဲ ကျန်းမာကြလို့ သူဝို့ဟာ သူတို့ ခင်ပြီး ပြုံးဟာကိုးလို့ ဆိုရမှာဘဲ-(မှန်လှုပါဘုရား)။

အဲဒါ ဘုန်းကြီးတို့က မဇ္ဈရဟော့ မရှိပါဘူး.... (မှန်လှုပါဘုရား) သို့ဆသဲ့ ပြုံးခြင်းဧကြောင့် သနားတယ်.... (မှန်လှုပါ) မှန်ဇ္ဈရဟော့ မရှိပါဘူး၊ ပြုံးခြင်းဧကြောင့် ဘာတုံး.... (သနားထယ်) ဘယဲ့နယ်ကြောင့် သနားသတုံးဆိုဧတာ့ ဒီကြည့်လေ.... ၂-က....(၃-ကူးပါတယ်ဘုရား)။

ဒါဖြင့် ၂-က ၃-ကူးသွားတဲ့ အခါကျတော့ တကာတဏှာ မတို့... ဇဲ့၊ အနှာမယိလို့ အနာ ရှာပြန်ပြီ.... (မှန်လှုပါဘုရား) ဒီ ပြုံးတဲ့အတွက်ဟာ နောက် အနာလွတ်ပါ့မလား.... (မလွတ်ပါဘုရား) ကြည့်လေ.... တဏှာဥပါဒါန် ဘဝဇာတိ....(မှန်လှုပါဘုရား)တကားကြယ် သိပ်မပြုံးနဲ့နော်.... (မှန်လှုပါဘုရား) ပြုံးတာ ခင်ဗျားတို့က နှဂိုရိုက်ကတော့ ရိုးရိုးဘဲထင်လိုက်ဘယ်.... (ထင်ပါတယ်ဘုရား) အခုတော့.... ပြုံးတာသည် ဦးဘအုန်း.... ဘယ်ဘက်ကူးသွားဘာတုံး....(၃-နံပါတ်ကူးသွားပါတယ်ဘုရား)

ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ကို ကြည့်ပါ၊ တဏှာပြုံးပါ.... (မှန်လှပါ) ကိုယ့်ဟာကိုယ် သာယာပြီး ပြုံးကြဟာ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ပြုံးမှာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ တချက် ပြုံးလိုက် ငရဲအိုး ဟာပုက်ဆူလုံက်.... (မှန်လှပါဘုရား)စောင့်နေတာ,စောင့်နေတာ....(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ခင်ဗျားတို့ ပြုံးတာ ငရဲအိုးက ဘာတဲ့.... (တပုက်ဆူပါတယ်ဘုရား) ပုက်တယ်၊ ဘာပြုလို့တုံး လာခဲ့လာခဲ့ ပြုံးတဲ့လူလာခဲ့လို့....(မှန်ပါ့)ရိပ်မိလား- (ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့်.... တကာရင်း ဆရာရင်းတွေ့မို့ ခင်ဗျားတို့ကို တရားကုန် ဟောနေတယ်လို့ တကာကြွယ်က မှတ်ပါ.... (မှန်လှပါ) ပြုံးတာကို မကြည်ဖြူ။ မစ္ဆရရှိလို့ မဟုတ်ပါဘူး၊ ကူးသွားလို့ မကောင်းလို့ပြောတာပါ.... (မှန်လှပါဘုရား) ဦးဘအုန်း ဘယ့်နှယ်တုံး....(ကူးသွားလို့ မကောင်းလို့ပြောတာပါဘုရား) ကောင်းရဲ့လား....(မကောင်းပါဘုရား)ဒုက္ခသစ္စာထဲက သမုဒယသစ္စာ ပြန်ပေါက်ပွားပြန်တယ်....(မှန်လှပါ) သမုဒယသစ္စာ....(မှန်လှပါ) ဒီတဏှာတွေဟာလေ....(မှန်လှပါ)။

ကဲ....ဒါဖြင့်.... တကာတကာမတို့ ခင်ဗျားတို့ ပြုံးမှားမျှားအလွန် ကြောက်စရာကောင်းတယ်.... (ကောင်းပါတယ်ဘုရား) နောက်က တကာတကာမတွေ့ ပြုံးတာကို ခင်ဗျားတို့က စိတ်ချမ်းသာလို့ပြုံးတာ....(မှန်ပါ့) ဘယ်လိုကြောင့် စိတ်ချမ်းသာသတုံးဆိုတော့ ကိုယ်ချမ်းသာလို့ပြုံးတာ....(မှန်ပါ့) ကိုယ်က ဒုက္ခသစ္စာ၊ ယခု ချမ်းသာတယ်ထင်ပြီး ပြုံးကတ္တဲ့ကား သွားရောပေါ့ဗျာ....(သွားပါပြီဘုရား)။

ကိုယ်က ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) အဲ....ဒုက္ခသစ္စာကို သူက ဘယ် နှယ်ထင်လို့ ပြုံးပါလိမ့်.... (ချမ်းသာတယ်ထင်လို့ ပြုံးပါတယ်ဘုရား) အဲ....တကာတကာမတို့မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) ဒုက္ခသစ္စာကြီးကို မသိလို့ ပြုံးတာ....(မှန်လှပါဘုရား)။

ဒါဖြင့် မသိပြုံးသည် တကာကြွယ်.... ၃-နံပါတ် ကူးတယ်.... (ကူးပါတယ်ဘုရား) မသိပြုံးသည်.... (၃-နံပါတ်ကူးပါတယ်ဘုရား) ၃-နံပါတ် ကူးယင်တော့ မပေါ့နဲ့ တော့ မောင်ဘဲသော်ရေ.... ၄-နံပါတ်ဆိုတဲ့ အပါယ်ဇာတိ ဇရာ မရဏဟာ ကိုယ်ပိုင်ပစ္စည်း ဖြစ်ရဘေ့မယ်... (ဖြစ်ရပါမယ်ဘုရား) တကာတကာမတွေ သဘောပါလား....(ပါ-ပါပြီဘုရား)။

တကာတကာမတွေ ပြုံးရဲ့ရဲ့လား.... (မပြုံးရဲပါဘုရား) ခုနေတော့ မပြုံးဘူး၊ အိမ်ကျမှ ပြုံးမယ်၊ ခင်ဗျားရှုပ်မနေနဲ့တော့....။

အဲဒီလို ဖြစ်နေတယ် ဦးဘအုန်းရာ သစ္စာမသိဘဲ ပဋိုလ်ဟာ ဘယ်လောက်ထိအောင်များ ဆိုးတယ်ဆိုတာကဲ့... လူကြီးတွေဆဲဆိုးဖြတ်ချက် မျပါဘော့.... ကိုယ့်ခန္ဓာကလေး ကိုယ်ကြည့်ပြီး ပြုံး၊ သားမယား ခန္ဓာကလေးကြည့်ပြီးပြုံး၊ မြေးမြစ်ကလေးတွေကြည့်ပြီး လူလားမြောက်လာလို့ပြုံး.... (မှန်လှပါဘုရား)။

ဒုက္ခသစ္စာသိလို့ ပြုံးတာလား....၊ မသိလို့ပြုံးတာလား-(မသိလို့ ပြုံးတာပါဘုရား) မသိလို့ပြုံးတော့ ၂-နံပါတ်က ၃-နံပါတ် ကူး-မကူး....(ကူးပါတယ်ဘုရား) ကူးယင် ဘာသစ္စာဖြစ်သလဲ....(သမုဒယသစ္စာ ဖြစ်ပါ့ဘယ်ဘုရား)။

သမုဒယသစ္စာဖြစ်ယင် ရှောင်လို့ လွဲလို့ မရတော့ဘူး၊ ဒီဘက် ၄-နံပါတ် ဇာတိ ဇရာ မရဏ အိုနာသေခန္ဓာကြီးတော့ ရတော့မယ်.....(ရုပါတော့မယ်ဘုရား)။

ပြုံးရက်တယ်ဗျာ.... (မှန်ပါ့) တကာကြွယ်.... ဘယ်နှယ် ဆိုပါ့မယ်... (ပြုံးရက်ပါဘယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား) အေး.... ဒါ သစ္စာမသိလို့ ပြုံးနိုင်ကြတယ်ဆိုတဲ့ဥစ္စာ တကာကြွယ် ပေါ်ပြီ.... (ပေါ်ပါပြီဘုရား) ဦးဘအုန်း ဘယ်နှယ်ကြောင့် ပြုံးသလဲ... (သစ္စာမသိလို့ ပြုံးပါတယ်ဘုရား)။

ဆြော်.... သစ္စာမသိလို့ ပြုံးတာကို အားလုံး တကဲ့တကစ မတွေ့ ဖီ-ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ဟာ ခင်ဗျားတို့ပြုံးတာကိုလဲ တခါဘည်းပါကယ်-(ပါ-ပါတ္ကယ်ဘုရား)လက်ရှိခန္ဓာကြီး ကျန်းမာတယ်ထင်ပြီး သကာလ ဒီဘက်မှာ ပြုံးတဲ့တဏှာပေါ်တယ်... (မှန်ပါဘုရား) မခပေါ်သေးဘူးလား....(ပေါ်ပါတယ်ဘုရား) ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)။

သမုဒယသစ္စာ ပေါ်လာတယ်၊ အင်း.... ဒီ သမုဒယသစ္စာ ဆိုတော့ ယခုပစ္စုပ္ပန် အဓိကြောင်းခြင်းရာဘဲ့ ယခု ပစ္စုပ္ပန်ပေါ်ရှာတာ.... (မှန်ပါဘုရား) ဒါ့ကြောင့် ဒီ-အနာဂတ်ဆိုတဲ့ဥစ္စာတော့ဖြင့် မင်းတို့ ပြေးမလွတ်ဘော့ဘူး.... (မလွတ်ပါဘုရား) လွတ်ပါဦးမလား... (မလွတ်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ နဂိုရှိတုံးက မသိလို့ လုပ်ချင်တာ လုပ်လို့ ဒုက္ခသစ္စာရခဲ့ပြီ....(ရခဲ့ပါပြီဘုရား) ရတဲ့ ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်းမသိလို့ ပြုံးပြန်တယ်-(မှန်လှပါဘုရား) ပြုံးပြန်တော့ ဘယ်နံပါတ် ရောက်သလဲ.... (၃-နံပါတ် ရောက်ပါတယ်

ဘုရား) ၃–နံပါတ်ရောက်တော့ ၄–တွေ့ရမှာဘဲ.... (တွေ့ရမှာပါဘဲ)၄-ရောက်ပြန်တော့လဲ ခင်ဗျားတို့ကပြုံးဦးမှာဘဲ (ပြုံးဦးမှာဘဲကုရား)ဘာဖြစ်လို့ပြုံးသလဲ(မသိလို့ပါဘုရား) သြော်.... မသိလို့ဆိုတဲ့ အဝိဇ္ဇာနဲ့ပြုံးဦးမှာဘဲ....(မှန်ပါ့)၊

ဒါဖြင့် ခင်ဗျားဟာ့ဟို ဒီအပတ်မျိုး ဘယ်နှစ်ပတ်, ပတ်ရပါ့မလဲ (မရေတွက်နိုင်ပါဘုရား) ဘုန်းကြီးက ဒီအဝိုင်းကြီးကို မတ်နေအောင်လှည့်၊ ခင်ဗျားတို့ဖြစ်စဉ် မကုန်ဘူး.... (မကုန်ပါဘုရား) ကုန်ပါ့မလား....(မကုန်ပါဘုရား)။

ဒီစက်ရဟတ်ကြီး တကာကြုံယ်.... ဘယ်တော့ ရပ်ပါ့မတုံးဆိုတဲ့အရေးဟာဖြင့် အတော်ကြီးလာတယ် (ကြီးပါတယ်ဘုရား) ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ သမုဒယသစ္စာ, ဒုက္ခသစ္စာ၊ သမုဒယသစ္စာ,ဒုက္ခသစ္စာ....ဘယ်တော့မှ နိဗ္ဗာန်နဲ့ မဂ်မပါဘူး....(မပါ,ပါဘုရား)ပါသေးရဲ့လား (မပါ,ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ကျုပ်တို့တော့ နိဗ္ဗာန်နဲ့ နီးပြီထင်ပါရဲ့လို့များ အလုပ်,မလုပ်ဘဲနဲ့များတော့ မဂ်တွေးလိုက်ပါနဲ့ (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) အလုပ်မလုပ်ဘဲနဲ့ ဖြင့်.... (မတွေးရဲပါဘုရား) တွေးလိုက်လို့ရှိယင်ဖြင့် ကျုပ်တို့တော့ဖြင့် တော်တော်သေချာပါပြီ၊ ဘဝကူးလဲတယ်မကြောက်တော့ပါဘူး....(မှန်ပါ့)။

သြော်....သစ္စာမသိတော့ ဘဝကူးမကြောက်ဘူး....(မှန်ပါ့) ဘဝကူးလို့ရှိယင် ဒီဘဝကလဲ ဘာသစ္စာလဲ.... (ဒုက္ခသစ္စာပါဘုရား) ကူးတဲ့ဘဝကော....(ဒုက္ခသစ္စာပါဘုရား)။

အင်း....ဘဝအကူးကလေးတော့ ကောင်း-ကောင်းပါရဲ့ လို့ မျှား ဟယ်ဒတော့မှမပြောနဲ့ .... (မှန်လှုပါဘုရား) ဘဝကူးရယင် ဘာသစ္စာ ကူးရမလဲ .... (ဒုက္ခလစ္စာ ကူးရပါမယ်ဘုရား) ဒုက္ခသစ္စာကူးတာဆိုတာ ဓသချာဟလဝး.... (ဓသချာပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာစကာမ အရင်းတွေဖြစ်နေတော့ခင်ဗျားတို့ ဗွေလဲမဖေါက်ကြနဲ့.... (မှန်ပါ့) ဘဝကူးကောင်းအောင် လုပ်ရဦးမယ်ဆိုဘာ ဘယ်တော့မှ စိတ်ထဲဆန္ဒမပါနဲ့....(မှန်လှုပါဘုရား) ဦးဘအုန်း မဟာထိုက်ဘူးလား.... (ဟောထိုက်ပါတယ်ဘုရား) ဒီဘဝ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) ဟိုဘက်ကူးတဲ့ ဘဝကကော .... (ဒုက္ခသစ္စာပါဘုရား) နို့-ဘယ်ဟာ အကောင်းပါသလဲ(ဘယ်ဟာမှမပါ-ပါဘုရား)။

အဲဒါ နှုတ်ကို မတက်ပါနဲ့ ရှေးက အသုံးအနှုန်းတွေ ဦးဘအုန်း ဖြုတ်ပါ .... (မှန်လှုပါဘုရား) ဖြုတ်သင့်-မဖြုတ်မသင့် (ဖြုတ်သင့်ပါတယ်ဘုရား) ဘုန်းကြီးရှေ့မို့ ဖြုတ်လိုက်ရတယ် လို့ တကာကြယ်က ဆိုချင်သေးသလား.... (မဆိုချင်ပါဘုရား)။

ဒီဘဝ ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါဘုရား) တကယ်လို့ အကြောင်းညီညွတ်လို့ ဟိုဘဝ ရောက်သွားပြန်ကော.... (ဒုက္ခသစ္စာပါဘုရား) ဘယ်မတုံး ဘဝကူးကောင်းတာ .. (မကောင်းပါဘုရား)ပါသေးရဲ့လား....(မပါပါဘုရား)။

အဲဒါ အချို့လူကြီးကခင်ဗျားတို့ကို ပြောဆိုထားပြန်တော့ ခင်ဗျားတို့ကလဲ ကြားမီကြားရာကြားပြီး ကျုပ်တော့ ဘဝကူးကောင်းအောင် ကိုယ့်အတွက် ကြိုးစားရမယ် .... (မှန်လှုပါဘူးရာ) ဘဝကူးကောင်းအောင်....(မှန်ပါ့) ဘယ်သူ့ အတွက်

တဲ့လဲ.... (ကိုယ့်အတွက်ပါဘုရား) သားတွေ သမီးတွေလဲ ဆုံးမလို့မရဘူး....(မှန်ပါ့) ကဲ .... ရှိပါစေတော့ ကိုယ်သာအာကူးကောင်းဘို့အရေးကြီးတယ်....(မှန်ပါဘုရား)။

အံမာလေး....သွားပြီ၊ သူလဲ အတော်သွားပြီ.... (မှန်ပါ့) မသွားသေးဘူးလား .... (သွားပါပြီဘုရား) အင်း....သူဘာသစ္စာကို တောင်းတာပါလိမ့် .... (ဒုက္ခသစ္စာကို တောင်းတပါတယ်ဘုရား)။

သြော်.... အခုပြောတဲ့ ပုပ္ပါလ်ဟာ ဘကာကြွယ် စဉ်းစားကြည့်စမ်းပါ၊သစ္စာသိတာ ပါသေးသလား.... (မပါ-ပါဘုရား) မပါတဲ့အတွက်....တဲ့ ဘဝကူးကောင်းကလေး သူအလိုရှိတယ်.... (မှန်ပါဘုရား) ဘဝကူးကောင်း အလိုရှိယင် ဒါဘဝဘဲ....(မှန်ပါဘုရား) ယခုဘဝဘဲ....(မှန်ပါ့) ဒါ- ဘဝကူးကောင်းဘို့ ဒါတွေလာတာဘဲ....(မှန်ပါ့)မလာဘူးလား...., (လာပါတယ်ဘုရား) ဘဝကူးကောင်းဘိုဆိုယင် ဘာနုပါတ်ကူးသလဲ .... (၃-နုပါတ်ကူးပါတယ်ဘုရား)။

၃- နုပါတ်ကူးယင် ၄-နုပါတ်မှာ ဇာတိ ဇရာ မရဏ ကူးပြီဟေ့....တဲ့ ဇာတိ ဇရာ မရဏ ရသွားပြီ....(မှန်ပါ့) မရဘူးလား....(ရပါပြီဘုရား) ကဘယ်စ္စာရသလဲ.... (ဒုက္ခသစ္စာရတယ်) ဦးဘအုန်း ခင်ဗျားလဲ ကြီးပြီနော် .... (မှန်ပါ့)တကာကြွယ်ဇကော....(ကြီးပါပြီဘုရား)သွားပြီးတော့ လည်မျှားဟောမှနေနဲ့ မင်းဟာ နေနိုင်လိုက်တာကွာ၊ ဘဝကူး ကောင်းဘို့ကလေးမျှား အခုအချိန် ကြိုးစားချိန်ဆောက်ပါပြီ... (မှန်ပါ့) မင်း....ဒီ- ဒုက္ခနဲ့ ငါမကြည့်ချင်ဘူးကွာ၊ ဟိုဒုက္ခနဲ့ ကြည့်စမ်း

ချင်တယ်....(မှန်ပါ့) ဒီ-အဓိပ္ပါယ် ကျတာဘဲ....(ကျပါတယ် ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါလူကြီးသံလေ.... (မှန်ပါ့) မသိတဲ့လူကြီးဘဲ ပြောတာပါ (မှန်ပါ့) မင်း· ဒီဒုက္ခနဲ့ ကြည့်ရတာတော့ ငါတော်တော်တင်း တိမ်ပြီ၊ ဟိုဒုက္ခနဲ့ ကြည့်စမ်းချင်တယ်၊ ဒါ့ကြောင့် တိုက်တွန်း တယ်.... (မှန်လှပါဘုရား) အံမာလေး ဒီဆရာများ ကိုးကွယ် မိယင် ငါးပါးကို မမှောက်ကရော.... (မှန်ပါ့) အတော်ကြာက် စရာကောင်းတယ်....(ကောင်းမါတယ်ဘုရား)။

ကဲ-ဒါဖြင့် တကာတကာမတွေ့ အခုပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းနဲ့ တော်တော်ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) အင်း .... ဘဝကူး ကောင်းဘို့များ လုပ်ချင်သေးသလား.... (မလုပ်ချင်ပါဘုရား)။ ဘဝပြတ်မှကောင်းတယ်*(မှန်လှပါ) ဘဝပြတ်ယင်နိဗ္ဗာန်ရောက် မှာဘဲ....(မှန်လှပါ) တကာကြွယ် ဘာတွဲတုံး .... (ဘဝပြတ်ယင် နိဗ္ဗာန်ရောက်မှာဘဲ ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကိုင်း....ဒါဖြင့် ဘဝဆိုတာက လူ့ဘဝ နတ်ဘဝဗြဟ္မာဘဝ (မှန်လှပါဘုရား) ရုပ်နာမ်တွင်မဟုတ်ဘူး....(မှန်ပါ့) ရုပ်နာမ် ဆိုတာသည် ဒါဟာ· ဝိညာဏ် နာမ်ရုပ် သင်္ခါယတန ဖဿ ဝေဒနာ ရုပ်နာမ်....(မှန်လှပါဘုရား) သူ့ကြောင့်ဖြစ်တာဘဲ.... မဟုတ်ဘူးလား....(ဟုတ်ပါ့တယ်ဘုရား)။

---

* ဘဝပတ္တနာမှု ကင်းကွာရန်အမျိုးမျိုး တိုက်တွန်းဟောကြား သော ဤအခဏ်း တခုလုံးပါ စကားများကို အထက်တန်း ပုဒ္ဓ ဘာသာလုပ်ငန်းသို့ သယ်ယူပို့ဆောင်သွားကြောင်းကို မဇ္ဈိမ ပဏ္ဏာသ ဓနဉ္ဇာနီ သုတ် ကြည့်က သဘောပေါက်ပါလိမ့်မည်၊

သူ့ကြောင့်ဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ် သင်္ခါရယာတန ဖဿ ဝေဒနာ တိုတိုရုံးလိုက်ယင် ရုပ်နဲ့နာမ်ရှိတယ်.... (မှန်လှုပါဘုရား) ဒီ့ ပြင် ဘာရှိသေးသလဲ....(ဘာမှ မရှိပါဘုရား)။ ရုပ်နာမ် ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် တကာကြွယ်- ဘုယ် ကူးကူး ဘာသစ္စာရသလဲ.... (ဒုက္ခသစ္စာ ရပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေက သယ်သူကဲ့ ဘာပြောပြော ဘဝကူး ကောင်းအောင်တော့ဖြင့် မလုပ်ပါနဲ့. (မှန်လှုပါဘုရား)ရှင်းပလား(ရှင်းပါပြီ) ဘဝပြတ်ပြီးသက်ာလ ခင်ဗျားတို့၏ ဘဝချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ဘို့သာ လုပ်ပါ.... (မှန်လှုပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘဝတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ဘို့ကတော့ (လုပ်ရပါမယ် ဘုရား) လုပ်ရမှာဘဲဆိုတာ အဲဒီဟာ ကြပ်ကြပ် ဂရုစိုက်ပါ.... (မှန်လှုပါဘူးဘုရား) နို့ မဟုတ်ယင် ဒုက္ခရှိလျက်နဲ့. ဒုက္ခချာပြန်ပြီ.... (မှန်လှုပါဘုရား)ခင်ဗျားတို့က တခန့်ကပြောခဲ့တဲ့ခလေးကလေး လို့မဖြစ်ပေဘူးလား.... (မှန်လှုပါဘုရား) ခလေးကလေးဟာ ပြေးလွှန်းလို့ ဒုံးကွဲတာယ်၊ ဒုံးမှာ အနာရတယ်၊ အနာရတော့ နောက်တဲခါ သူ အနာကလေး ချောက်မယ် ကြံကာ ရှိဖေးတယ် ပြေးပြန်တယ်....(မှန်ပါ့)။

အမေမိဘတွေက နာရုံမှ အကင်းမသေးဘူး မင်းအနား ရချင်ပြန်ပလားလို့. အမေမိဘတွေက ဆုံးမကြတယ်....(မှန်လှုပါဘုရား) မဆုံးမဘူးလား.... (ဆုံးမပါတယ်ဘုရား) တကာကြွယ် ပြေးကလေးက ဒုံးမှာ အနာနဲ့ဆိုပါတော့ (မှန်ပါ့) နည်းနည်း ကလေးချောက်တော့ ထပြေးဘယ်.... (မှန်ပါ့) တကာကြွယ်က

ဘယ်လိုဆိုမှတုံး .... (အနာမှ မပျောက်သေးဘူး အနာရအောင် လုပ်သသား)။

မင်းမှာ အရင်အနာတောင် မပျောက်သေးဘူးကွာ၊ နောက် အနာရအောင်လုပ်ပြန်ပြီ ခလေးများ ဘာမှမသိဘူး.... (မှန်ပါ ဘုရား) အံမာလေး လူကြီးကပြောဘာ....(မှန်ပါ) ခလေးများ ဘာမှမသိဘူးတဲ့... (မှန်ပါဘုရား)။

ခင်ဗျားတို့ ဘာဖြစ်နေတယ်ဆိုတာ ကိုယ်တိုင် စဉ်းစားပါ (ခလေးဖြစ်နေပါတယ်ဘုရား) ဒီအတိုင်းမကျဘူးလား .... (ကျ ပါတယ်)အခု ခန္ဓာ အနာကြီးကလဲရှိတယ်၊ ရှု.ဘဝကောင်း စားရေးလုပ်တော့ ဘာရှာသတုံး....(အနာရှာတာပါဘုရား)။

အင်း....လူကြီးတွေကလဲ ဘာလုပ်နေကြသလဲမေးယင် ဘယ် နှယ်ဖြေမလဲ....(အနာရှိလျက်နဲ့ အနာရှာတာပါဘုရား) အနာ ရှိလျက်နဲ့ အနာရှာတယ် .... (မှန်ပါ) ဒါဖြင့် လူကြီးရှာပုံထက် ခလေးရှာပုံက ဒီဘဝတွင် အနာရတယ်(မှန်ပါ) လူကြီးကတော့ နှစ်ထပ်နာရအောင်၊ နာတာရှည်ရအောင်ရှာတယ်.... (မှန်လှပါ ဘုရား) တယ်ကြောက်စရာ ကောင်းပါလား .... (ကောင်းပါ တယ်ဘုရား)။

ဒါဖြင့် တကာကြွယ် လူကြီးမိုက်နဲ့ ခလေးမိုက် ဘယ်သူက သာကြောက်စရာ ကောင်းနေသတုံး.... (လူကြီးမိုက်က သာ ကြောက်စရာ ကောင်းပါတယ်ဘုရား)။

ဒီ ဘုန်းကြီး ခင်ဗျားတို့ အင်မတန်မှ သစ္စာသိတဲ့မုဂ္ဂိုလ်မို့ ဒီစကား တာဝန်ခံနိုင်ကာ.... (မှန်လှပါဘုရား) ဦးဘအုန်းနို့မို့ တာဝန်ခံနိုင်ပါ့မလား....(မခံနိုင်ပါဘုရား) မခံနိုင်ဘူးတဲ့၊ အခု တော့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်း ဒေသနာတော်ကလဲရှိ၊ သစ္စာလဲ

ထိုက်တန်သလောက်သိနေတဲ့ တကာတကာမတွေဖြစ်တော့ ခန္ဓာကြီးကလဲ အနာတွေ နှိပ်စက်နေတာ အနာစုကြီးဆိုတာသိပြီးသားဖြစ်နေလို့....(မှန်လှပါဘုရား)။

ဩော်....တပည့်တော်တို့ ဒီဆရာသမားနဲ့သာတွေ့လို့ အနာရှိလျက်နဲ့ အနာရှာဆိုတဲ့ လူကြီးတွေပါကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား) မမေပါလာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ကြည့်လေ ခင်ဗျားတို့ မင်းကွာ ဘဝကူးကောင်းအောင် မင်း ကြိုးစားပါ။ ဒီလို မူးရူးနေလို့ တော့ ဘယ်တော်ပါ့မတုံး....(မှန်ပါ့)မင်းဟာ အရွယ်ကြီးလှပြီ၊ ခုထက်ထိ မင်းမှာ ဘဝကူးဆိုတဲ့ လက်ဆောင်များကို ဘာမှလဲမလုပ်ရသေး....(မှန်လှပါဘုရား)။

အံ့မာ... လက်ဆောင်ထိုးပြီး သူ့ဟာက အနာရအောင်လုပ်ရဦးတော့မလို့....(မှန်လှပါဘုရား)ဦးဘအုန်း ဘာဖဲ့တုံး....(လက်ဆောင်ထိုးပြီး အနာရအောင် လုပ်ရဦးမတဲ့)လက်ဆောင်ထိုးပြီး အနာရအောင်လုပ်တဲ့သဘာဘ ဦးတအုန်း ကျွ-မကျ....(ကျပါတယ်ဘုရား)။

ဒါသစ္စာမသိတဲ့ ပုဂ္ဂိုလ်၏ စကားပြောလုံး ဆိုလုံးကိုတကာကြွယ် သိပ် ကြောက်စရာကြောင်းတယ် .... (ကောင်းပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ကြပါ....တကာတကာမတို့၊ ပြင်ဆင်ပေးနေတယ်လို့လဲ သေသေချာချာအောက်မေ့ကြပါ....(မှန်လှပါဘုရား)ဒီနဲ့-ဒီ မကူးမှသားလျှင် နေရာကျမယ်.... (မှန်လှပါ)

ဒါ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ကူးယင် ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် သမုဒယသစ္စာဆိုတာ အကြောင်းလား အကျိုးလား-(အကြောင်းပါဘုရား) အကြောင်းဆိုယင် အကျိုး ဒုက္ခသစ္စာသွားရမယ် .... (သွားရပါမယ်ဘုရား) ဒီက အကြောင်းပါနေတာကိုး....(မှန်ပါ့) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

အဲဒါတွေ သေသေချာချာသိတော့မှ ကြော်-တကာတကာမတို့ ဒီဒုက္ခပြီးယင် တပည့်တော်တို့ ဒုက္ခ ငြိမ်းချင်ပါတယ်ဘုရားလို့ စိတ်ပြောင်းကြပါ....(မှန်လှပါဘုရား) ဒုက္ခပြီးယင်....(ဒုက္ခ ငြိမ်းချင်ပါတယ်ဘုရား) ပေါ်ပြီနော်....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ .... ဒါဖြင့် နာရီကလဲ သိပ်မကျန်တော့ တကာတကာမတို့ ဒုက္ခသိမ်းတဲ့နည်းဘဲ ဟောတော့မယ်.... (မှန်လှပါ) ဒုက္ခစက်လည်တာကတော့ဖြင့် ဦးဘအုန်း သိသွားပြီ....(မှန်ပါ့) မယိမဲသေးဘူးလား....(သိပါပြီဘုရား)။

အဲ....ဘဝကူးကောင်းဆိုတာတော့ ဦးဘအုန်းတို့ လူကြီးတွေလဲ ဖြစ်ပါတယ်၊ ဦးလှဘူးတို့လဲအတူတူပေါ့၊ မောင်ဘသော်တို့လဲ ကြီးလာပြီ....(မှန်လှပါ) ဟ....ဘဝကူးယင် ဘာတုံးလို့ မေးလို့ရှိယင် ဘယ်နှယ်ဖြေမလဲ....(ဒုက္ခသစ္စာဘဲပြန်ရမှာပါဘုရား) ဒုက္ခဘဲပြန်ရမှာဘဲ....(မှန်ပါ့) ဘဝပြတ်ယင် ဒုက္ခရှိပါ့မလား.... (မရှိပါဘုရား)။

အေး....ဒါ့ဖြင့် ဒီလူ ဘဝ, နတ်ဘဝတွေဆိုတဲ့ ခန္ဓာကြီးကို ဦးဘအုန်း ပြတ်ဘို့အရေးကြီးတယ် .... (မှန်လှပါဘုရား) ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာတကာမတို့ ဘုဝကူးကောင်းဘို့ကိုဖြင့် တရားမဟောပါနဲ့၊ ဒီဒုက္ခသစ္စာကြီးပြတ်ဘို့သာ ခင်ဗျားတို့လည်ပြီး ပြောချင်ပြောကြပါ....(မှန်လှပါ)။

တကာကြွယ်....ရှေးမူဖျောက်ရလိမ့်မယ်.... (ဖျောက်ရပါမယ်ဘုရား) မဖျောက်ယင် တော်ပါ့မလား....(မတော်ပါဘုရား) သိသလိုလိုနဲ့ လူကြီးမိုက်ဖြစ်နေတယ်.... (မှန်လှပါ) သိသလိုလိုနဲ့....(လူကြီးမိုက်ဖြစ်နေပါတယ်ဘုရား)။

သို့သော်....ဒီ ဦးဘအုန်းကိုသို့ တကာကြွယ်တို့လိုက သွားပြီး ပြောလိုက်ဘဲအခါကျတော့ ကိုယ့်ဟာ မဟုတ်ဘဲနဲ့ ဟိုကူးသွားပြန်လို့ ရှိယင်လဲ ဦးဘအုန်း ကြောက်စရာကြီး.... (ကြောက်စရာကြီးပါဘုရား) ကိုယ့်ဟာက မဟုတ်တဲ့အထဲမှာ ကိုယ်ကလူကြီးရယ်လို့ ဆိုတော့ ကိုယ်လောက်မှ မသိတဲ့ပုဂ္ဂိုလ်က ရှေ့ဘဲ လူကြီးတွေက ဒီအတိုင်းပြောဘဲ့၊ ဒီလိုနေနလို့တော့ မဖြစ်ပါဘူး....၊ ဘဝကူးကောင်းအောင်တော့ လုပ်ဦးမှပါဘဲဆိုယင် တရားဟောမှားပြီ....(မှားပါပြီဘုရား) တကဲာကြွယ် ဘယ်နှယ်ဆိုမလဲ .... (တရားဟောမှားပါပြီဘုရား)။

ဒီတရားဟောမှားမှုကြောင့် ဟို-အိမ်မှာ အပြစ်နှည်းနည်းဖြစ်သလား၊ မျဉ်းမျဉ်းဖြစ်သလား .... (မျဉ်းမျဉ်းဖြစ်ပါတယ်ဘုရား) အခုဒုက္ခလဲ မကျတ်သေး .... (မှန်ပါ့) နောက်ဒုက္ခလဲ မင်းရအောင်ယူက-ဆိုတော့ ပေါ်ပေါ်လွင်လွင်ပြောလိုက်တော့ ဦးဘအုန်း ကျေနပ်စရာတက်မှ မပါဘူး....(မပါ--ပါဘုရား) ပါသေးရဲ့လား....(မပါ-ပါဘုရား)။

အေး.... ဒါကြောင့် ခင်ဗျားတို့ အားကြိုး အရေးကြိုးတဲ့ အသုံးအနှုန်းကိုဖြင့်....တဲ့ မကောင်းတာ ရှောင်ဘို့ပေါ့ဗျာ.... (မှန်လှုပါ)။

ကဲ....ဒါဖြင့် ဘဝပြတ်လို့ ရှိယင် ဒုက္ခပြတ်တာဘဲ-(မှန်လှုပါ) ဘဝပြတ်ယင်-(ဒုက္ခပြတ်တာပါဘဲဘုရား) အဲဒီတော့ ဒါ-တကာ့ တဲကာမတို့ ပဋိသန္ဓေနေတဲ့ စိတ်....နော်.... (မှန်လှုပါ) ဒါက ပဋိသန္ဓေနေပြီးတာ့မှ တခါတည်း နာမ်ရယ်,ရူပ်ရယ်, ပေါ်လာတယ်... (မှန်ပါ့) ပြီးတော့မှ မျက်စိ,နား,နှာခေါင်း,ကြံစည်တဲ့ စိတ်တွေ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) ဖဿတို့ ဝေဒနာတို့က အဟုတ်ကဲ့ ပေါ်ဘယ်.... (မှန်လှုပါ)။

အဲဒီတော့ တိုတိုပြောတော့ ခန္ဓာငါးပါးပေါ်တယ်.... (မှန်လှုပါဘုရား) အဲဒီ ခန္ဓာငါးပါးကို ဦးဘအုန်း ဘဝပြတ်အောင် ဒီလိုလုပ်ကြပါ....(မှန်ပါ့)။

ဘယ်လို လုပ်ရမတုံး....လို့ မေးတဲ့ အခါကျတော့ ကကာတကာမတို့ ဒါအလုပ်တည်းလို့ လဲ မှတ်ပါ....(မှန်ပါ့) အလုပ်နဲ့ မှလဲ ဖြတ်လို့ ရပါတယ်....(မှန်လှုပါဘုရား)ဘာနဲ့ မှလဲ-(အလုပ်နဲ့ မှ ဖြတ်လို့ ရပါတယ်) အလုပ်နဲ့ မှလဲ ဖြတ်လို့ ရပြီးတော့ နေတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာ.... ဒီခန္ဓာငါးပါးကို သိပြီးသကာလထားတော့ တကာတကာမတို့ ခင်ဗျားတို့သန္တာန်မှာ စိတ်ပေါင်းဟာ နှည်းတဲ့ပုဂ္ဂိုလ်မှာ-(၄၁) ရှိတယ်.... (မှန်လှုပါဘုရား) များတဲ့ ပုဂ္ဂိုလ်မှာ.... (၄၅) ရှိတယ်.... (မှန်လှုပါ) ခင်ဗျားတို့ အခု တရားနာတဲ့ အထဲမှာ ဒီ ၂-မျိုးဘဲ ရှိတယ်.... (မှန်လှုပါဘုရား)။

နည်းတဲ့ပုဂ္ဂိုလ်မှာ ဒုဿီတ်ပုထုဇန် ဖြစ်ခဲ့သော်-(၄၁)ရှိတယ် တကာကြွယ်-နော်.... (မှန်လှုပါ) တိဟိတ် ပုထုဇန်ဖြစ်ခဲ့သော်-(၄၅)ခါဘုယ်.... (မှန်လှုပါ) ၄-ခု တိုးလိုက်ရတာကိုး....(မှန်ပါ့) ဦးဘအုန်း အားလုံး ဘယ်လောက်ပါလိမ့် ၄၁-က လူတမျိုး.... (မှန်ပါ့) ၄၅-က.... (တမျိုးပါဘုရား) လူ ဘယ်နှစ်မျိုးရှိသလဲ (နှစ်မျိုးပါဘုရား)။

ဒီထဲမှာ လူနှစ်မျိုးရှိတယ်.... (မှန်လှုပါ့) အဲ....၄၁-ကလဲ ကိုယ့် သန္တာဖြစ်တဲ့စိတ်ကိုက သူ့ သန္တာန် ဘယ်စိတ်မှ မဖေါ်ဘူး....၊ ၄၁-ထဲကဘဲ ပေါ်မယ်.... (မှန်လှုပါ) ၄၅-သမားကလဲ သူ့ သန္တာန် ဘယ်စိတ်ပေါ်မတုံးဆိုယင်....(၄၅-ထဲကဘဲ ပေါ်ပါ့မယ်ဘုရား)။

အဲ.... ၄၅-ဘဲ ပေါ်မယ်ဆိုတော့.... သူ့ သန္တာန်မှာ ပေါ်တဲ့ စိတ်ဟာလဲ တကာတကာမတို့ မှတ်လိုက်ပါ.... မြင်တဲ့စိတ်-ကြားတဲ့စိတ်- နံတဲ့စိတ်- စားတဲ့စိတ်- ခန္ဓာကိုယ်မှာ ယားယံတဲ့ ဒုက္ခစိတ်- တခါတာလေ ခံကောင်းတဲ့ သုခစိတ်....၊ ဒါပေါ်မှာကိုး.... (မှန်လှုပါဘုရား) ဒါ့ပြင် ဘယ်မှာ ပေါ်လိမ့်မယ်.... (မှန်ပါ့ ဘုရား)၊

ပြီးတော့မှ.... တခါ ဝမ်းထဲကျပြန်တော့ လောဘ ဒေါသ မောဟ သုံးခု ပေါ်လိမ့်မယ်.... (မှန်ပါ့) တခါ အလောဘ အဒေါသဆိုတဲ့ ပေးချင် ကမ်းချင်တဲ့ အလောဘစိတ်တွေ ပေါ်လိမ့်မယ်၊ အဒေါသဆိုတဲ့ သူတပါး မေတ္တာပို့ ချင်တဲ့ စိတ်ကလေးတွေ ပေါ်ချင်ပေါ်လိမ့်မယ်.... (ပေါ်ပါ့မယ်ဘုရား) သတ္တဝါကျပလား....(ကျပါပြီဘုရား)။

ဘာမှ မရှိယင် လေကိုထုတ်တဲ့ စိတ်ကလေးယင်လဲ ရှိရမယ်.... (မှန်လုပါဘုရား) လေကိုပြန်ရှူတဲ့ စိတ်ကလေးကော.... (ရှိရပါ မယ်ဘုရား)။

အဲဒါဘဲ ရှိတယ်-(မှန်ပါ့) အဲဒီတော့ဂျ-ဖြစ်ဖြစ်၊ ဂ၁-ဖြစ်ဖြစ် ဦးဘအုန်းချုံးလိုက် ဘဉ-ဘဲရှိတယ်(မှန်လုပါ)အရင် ပြထားတဲ့ အတိုင်းပေါ့ဗျာ-(မှန်ပါ့)ချုံးလိုက်ယင် ဘယ်လောက်ရှိသလဲ.... (ဘဉ-ဘဲ ရှိပါတယ်ဘုရား) ဘဉဘဲ ရှိတယ်ဆိုတော့ မျက်စိ,နား, နှာခေါင်း,လျှာ,ကိုယ်....(မှန်ပါ့) သဘောကျပလား....(ကျေပါ ပြီ) ကိုယ်က နှစ်စိတ်ပေါ့လေ ချမ်းသာတဲ့စိတ်-ဆင်းရဲတဲ့စိတ်.... (မှန်ပါ့) ဝမ်းထဲမှာတော့ လောဘ-ဒေါသ-မောဟ-အလောဘ-အဒေါသ ဒါဘဲရှိတယ်.... (မှန်လုပါ) ပြီးတော့မှ ရှူစိတ် ထုတ်စိတ်.... (မှန်လုပါ) ပေါင်းလိုက်တော့ စိတ်-ဘဉ-မနေဘူး လား....(နေပါတယ်ဘုရား)။

အဲဒါအားလုံး ဒုဿိတ်ပုဂ္ဂိုလ်ဖြစ်ခဲ့လဲ ဒါဘဲ ပေါ်မယ်.... (မှန်ပါ့) တိဟိတ်ပုဂ္ဂိုလ် ဖြစ်ခဲ့လဲ ချုံးလိုက်တော့ ဦးဘအုန်း ဒါဘဲ ရှိတယ်....(မှန်လုပါ)။

အဲဒါကလေးတော့ဟာ-တဲ့၊ ဒါဉ-နှံပါတ်ထဲမှာ ပါ-ပါတယ် (မှန်ပါ့)သင်္ခဉယတနဆိုတာ စက္ခု သောတ ဃာန ဇိဝှါကာယ မနကို ပေါင်းပြီးသား ဖြစ်တယ်၊ ခြောက်ဖြစ်ဘယ်၊ ဒီအထဲမှာ အကုန် ပါ-ပါတယ်....(မှန်လုပါဘုရား) ခုနက ပြောခဲ့တဲ့ ဘဉ-ခု ဟာ ဒီအထဲမှာ အကုန် ပါ-ပါတယ်.... (ပါ-ပါတယ် ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီအထဲမှာ အကုန်ပါဘော့ ခင်ဗျားတို့ ခန္ဓာကိုယ် ဟာလဲ ၂-နှံပါတ်ထဲမှာ....(မှန်ပါ့)အဲ....၂-နှံပါတ်ထဲမှာ ခင်ဗျား

တို့ သန္တာန်မှာ စိတ်ပေါင်း ဘယ်လောက် ပေါ်နိုင်သတုံး... လို့ မေးလို့ ရှိယင်ဖြင့် ချုံးလိုက်တော့ ဘယ်လောက်ဘဲ ပေါ်သလဲ (၁၃-ဘဲ ပေါ်ပါတယ်ဘုရား)။

အဲဒီ ၁၃-ဘဲ လှည့်ပေါ်တယ်.... (မှန်ပါ့) ဦးဘအုန်း ရိပ်မိပလား....(ရိပ်မိပါပြီ) တကာကြွယ်ကော....(ရိပ်မိပါပြီ) အဲဒီ ၁၃-ပေါ်လို့ ရှိယင်ဖြင့်.... ပေါ်တဲ့စိတ်က ရှေ့က ပေါ်မှာဘဲ.... (မှန်လှပါ) ရှုတဲ့စိတ်က နောက်က လိုက်လိုက်ပေး.... (မှန်လှပါဘုရား) နောက်က လိုက်လိုက်ပေးပါ! လိုက်ပေးတော့ ပေါ်တဲ့စိတ်က ဖြစ်ပျက်၊ ရှုတဲ့စိတ်က မဂ်....(မဂ်ပါဘုရား)။

အဲဒီတော့ ဖြစ်ပျက်က ဒုက္ခသစ္စာ....(မှန်လှပါ) ရှုတာက.... (မဂ္ဂသစ္စာပါဘုရား) ဒါဖြင့် ဒီအဝိုင်းထဲမှာ မဂ္ဂသစ္စာ မပါဘူး.... (မပါ-ပါဘုရား) ခင်ဗျားတို့ကို ဆရာ နည်းပေးလိုက်တဲ့အတွက် ဒီနေရာမှာ မဂ္ဂသစ္စာ ပေါ်တယ်....(မှန်လှပါ) ဒီနေရာ ဟောဒီ အဆက်ကလေး ဖြက်လိုက်....(မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား) ဒီအဆက်ကလေး ဖြတ်လိုက်တာ ဘယ်သူမှ ဖြတ်နိုင်သတုံး....(မဂ်မှ ဖြတ်နိုင်ပါတယ်ဘုရား)။

အဲဒါကြောင့်.... ဒီအထဲက ပေါ်တဲ့ စိတ်က လေး တွေကို ခင်ဗျားတို့ ဒီက နေပြီး ရှုပေးပါ.... (မှန်လှပါဘုရား) ရှုလိုက်တော့ ဒီအဆက်ကလေး ဘာဖြစ်သွားသလဲ.... (ပြတ်သွားပါတယ်ဘုရား) ပြတ်သွားတယ်ဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ပြတ်သွားတော့ ဒီဘက် ရောက်သေးရဲ့လား.... (မရောက်ပါဘုရား)။

ဒါဖြင့် သမုဒယသစ္စာ ချုပ်တယ်.... (မှန်လှပါဘုရား) ဒုက္ခသစ္စာကော....(ချုပ်ပါတယ်ဘုရား) ဒါဖြင့် မဂ်သည် စိတ် ၁၃-ခု

ကို ရှုလိုက်တဲ့ အတွက် တကာကြွယ်တို့ ဦးလှဘူးတို့ ဖြတ်တဲ့ မဂ် ကလေး ပေါ်တယ်.... (ပေါ်ပါတယ်ဘုရား) တသံသရာ လုံး ဒီအဝိုင်းကြီး ပြေးနေတယ်-(ပြေးနေပါတယ်ဘုရား)ရှုလိုက် ကာ ရှိသေးတယ် တကာတကယ်မတို့.... ၂-နဲ့ ၃-မကူးရတော့.... ဘူး....(မကူးရတော့ပါဘုရား) ဘာတုံး... (၂-နဲ့ ၃-မကူးရတော့ ပါဘုရား) ဒုက္ခနဲ့ သမုဒယ မကူးဘော့ဘူး.... (မှန်ပါ့)ဒီ ဒုက္ခ သစ္စာပြီးယင် ပြီးတာဘဲ.... (မှန်ပါ့) ဒီဘက် သမုဒယသစ္စာ ဘက် ကူးသေးလား....(မကူးပါဘုရား)။

ဘာ့ကြောင့် မကူးပါလိမ့်မတုံး ... (မဂ်က ဖြတ်လိုက်လို့ပါ ဘုရား) ကူးတာက ဝေဒနာနဲ့ တဏှာကူးမှ....(မှန်လှပါ) ဖဿ နဲ့ တဏှာကူးမှ.... (မှန်ပါ့) ခုနက ပြောခဲ့တဲ့ ၁၃-ခုနဲ့ တဏှာနဲ့ ကူးမှ ...(မှန်ပါ့)ခုတော့ ကူးလို့ရသေးရဲ့လား-(မရပါဘုရား) မရတော့ တကာ တကာမတွေက သြော်....သံသရာ အဝိုင်းကြီး ပြတ်ပေါ့....(မှန်လှပါဘုရား)တကာကြွယ် ဘယ်လိုဆိုပါ့မယ်.... (သံသရာအဝိုင်းကြီး ပြတ်ပါပြီဘုရား)။

ဒါဖြင့်.... အဝိုင်းကြီး ပြတ်နေဘော့ ကရွတ်ကင်းခဲလျှက် ပုရွက်ဆိတ်လင်ပန်းလျှက် ဖြစ်သေးရဲ့လား—(မဖြစ်ပါဘုရား) သြော်....ဒါဖြင့် ဆင်းပေါက်ကြုံတွေ့ပြီ.... (မှန်လှပါဘုရား)။

တကာတကာမတို့ လည်ပေါက်က သိမ်းတယ်.... (မှန်ပါ့) ဆင်းပေါက်က တွေ့တယ်ဆိုတော့ ဟာဒီ အနောက်ကြောင်းကလေး ကြည့်.... (မှန်လှပါ) ဝေဒနာ နိုးရောခာ တဏှာ နိုးရောဝေ.... (မှန်ပါ့)ဝိညာဏ နိုးရောခာ တဏှာ နိုးရောဝေ....(မှန်ပါ့)တဏှာ နိုးရောဝေ နိုင့်ဘာန်ဘဲ.... (မှန်လှပါဘုရား) ဒီဘက် နိုင့်ဘာန်ဘက်

ကူးသွားတယ်.... (မှန်လှုပါဘုရား) ၂-ဘဝနဲ့ဘဲ နိဗ္ဗာန် ရမယ်.... (မှန်ပါဘုရား) ၂-ထဲမှာဘဲ....(နိဗ္ဗာန်ရပါမယ်ဘုရား)။

သြော်.... ၂-ထဲမှာ မင်္ဂလာ ဖြတ်လိုက်တော့ ၃-မကူးသာတော့ နိဗ္ဗာန်ဘက် ကူးတယ်.....(မှန်လှုပါဘုရား) ၃-မကူးတော့ ဘယ် ကူးပါလိမ့်....(နိဗ္ဗာန်ကူးပါတယ်ဘုရား)။

သြော်....တကယ်လို့ သိပ် အဘိုးတန်ပါကလား.... (အဘိုးတန်ပါတယ်ဘုရား) ဒါဖြင့် တကယ်လို့တို့ အားလုံး တရားနာလာကြတဲ့ တကာတကာမတွေ ဘုန်းကြီးကလဲ အကုန်ဘဲ အားထုတ်ခိုင်းတယ်.... (မှန်လှုပါ) ခင်ဗျားဘို့ဟာ ခင်ဗျားတို့ အားမထုတ်တာတော့ ဘုန်းကြီးကမတတ်နိုင်ဘူးပေါ့ဗျာ(မှန်လှုပါ)။

ခင်ဗျားတို့ဟာ ခင်ဗျားတို့ ကြိုးစားကြမယ် ဆရာဘုန်းကြီးပေးဟဲ့နည်းအတိုင်း၊ ဒါ ဆရာဘုန်းကြီးက အခု ရှိနေလို့ပါ.... (မှန်လှုပါ)စင်စစ်တော့ ဘုရားပေးတဲ့ နည်းပါဘဲနော်.... (မှန်လှုပါဘုရား) ဆရာဘုန်းကြီးက တဆင့်ပြောတာဘဲ ရှိတယ်.... (မှန်လှုပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီ တဆင့်ပြောဟာ ဘုရားနည်း....(မှန်ပါ) အဲဒါကလေးနဲ့ ခင်ဗျားတို့တာ ဒီဟာတော့ ဖြစ်ပျက် ရှုပါ...၊ မင်္ဂက ဒီကနေပေါ်မှယ်.... (မှန်လှုပါဘုရား) ပေါ်ယင် တကာတကာမတို့.... ဒီက အနက်နဲ့ ဒီတာ အနီ ဆက်သေးရဲ့လား..... (မဆက်ပါဘုရား) ဘာဖြစ်လို့ မဆက်သလဲ.... (မင်္ဂက ဖြတ်လိုက်လို့ပါဘုရား) ရှုတဲ့ မင်္ဂသည် ဖြစ်ပျက်၊ မင်္ဂက ဒီနေရာဘဲ ပေါ်တယ်.... (မှန်လှုပါဘုရား) ဒီ့ပြင်နေရာ သူ ပေါ်သလား....(မပေါ်ပါဘုရား)။

ဒါဖြင့် ဦးလှဘူး ၃-မကူးဘူး(မကူးပါဘုရား) ဒါဖြင့် ဟောဒီ ဏာ သမုဒယသစ္စာချုပ်တယ်(မှန်လှပါ)ဒီကနေ့ဒုက္ခသစ္စာချုပ်တယ် (မှန်ပါဘုရား)ဒါဖြင့် တဏှာရော ခန္ဓာရော ချုပ်ကယ်.... (ချုပ် ပါတယ်ဘုရား) ဘယ်နှယ်ဆိုကြမလဲ.... (တဏှာရော ခန္ဓာရော ချုပ်ပါတယ်ဘုရား) တဏှာပိုင်းကလဲ အကုန်ချုပ်၊ ခန္ဓာပိုင်း ကကော....(အကုန်ချုပ်ပါတဲ့ယ်ဘုရား)။

ဒါဖြင့် တဏှာခန္ဓာချုပ်ဘာ ဘာခေါ်မလဲ.... (နိဗ္ဗာန်ခေါ် ပါတယ်ဘုရား) ဪ.... ဒါဖြင့် ဦးဘအုန်း မင်္ဂဲ အားကိုးရ မယ်.... (မှန်ပါဘုရား) မင်္ဂက ဘယ်လိုမျှား စွမ်းရည်သတ္တိ ရှိပါ မှလိမ့်တုံးဆိုတော့ တဏှာကိုလဲဖြတ်....၊ ဒုက္ခသစ္စာကိုလဲ မလာ အောင် တားမြစ်တယ်....(မှန်လှပါဘုရား) ရှင်းပလား.... (ရှင်း ပါပြီဘုရား)။

တဏှာကိုလဲ.... (ဖြတ်ပါတယ်ဘုရား) ဒုက္ခသစ္စာကိုလဲ.... (မလာအောင် တားမြစ်ပါတယ်ဘုရား)ဪ....ဒါဖြင့်ခင်ဗျား တို့ အားကိုးရာအစစ်ကို ဒီတရားပဲမှာ တွေ့ပါပြီ.... (တွေ့ပါပြီ ဘုရား)။

ဪ.... တပည့်တော်တို့ သံသရာကြီး အဝိုင်းပြေးနေတာ ဘယ်လိုမျှား စခန်းသတ်ရမယ်ဆိုတာ ဒီမြှား ဖြတ်ရုံပါဘဲ..... (မှန်လှပါဘုရား)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား) ဘာဖြတ် ကြမယ်....(ဒီမြှားဖြတ်ရုံပါဘဲဘုရား)သံသရာလည်တာက ဒီမြှား မဖြတ်တဲ့ပုဂ္ဂိုလ်လည်တာ....(မှန်ပါ) သဘောကျပလား.... (ကျ ပါပြီဘုရား)။

ဒါဖြင့် တစာဂကကာမတို့ သံသရာဖြတ်နည်း နိဿဉ်းကဖြင့် ၂-နှံ့ ၃-မကူးတဲ့နည်းဟာဖြင့် ဦးဘအုန်း သံသရာဖြတ်တဲ့နည်း.... (မှန်လှပါ) ၂-နဲ့ ၃.... (မကူးတဲ့နည်းဟာ သံသရာဖြတ်နည်းပါ ဘုရား) မကူးဆိုတာလဲ တားပေးတတ်တဲ့ တရားပါဦးမှု.... (မှန်ပါ့ဘုရား) တားပေးတဲ့ တရားတော.... (ပါဦးမှ ပါဘုရား) ဘယ်သူပါလိမ့်....(မင်ပါဘုရား)။

ဒါဖြင့်.... ခုနင်က ခင်ဗျားတို့ သန္တာန်မှာ ခုနက ပြောခဲ့တဲ့ ၁၃-ပါးသော စိတ်တွေကို ပေါ်တိုင်းရှုပေး.... (မှန်လှပါဘုရား) ပေါ်တိုင်းရှုယင် ဖြစ်ပျက် မင်၊ ဖြစ်ပျက် မင် ဆိုတော့.... မောင် ဘသော် ၃-ရောက်သေးရဲ့လား....(မရောက်ပါဘုရား) မရောက်ဖူးတော့ ၂-တွင် ကိစ္စတုံးတယ်....(မှန်လှပါဘုရား)။

ဒီကနေပြီး ဒီဘက် ထွက်သွားတော့ ထွက်သွားပြီးသကာလ တကာတကာမတွေသိတဲ့အတိုင်း ဝေဒနာ နိရောဓာ တဏှာနိရောဓေါ(မှန်ပါ့)တဏှာ နိရောဓေါ နိဗ္ဗာန်ဘဲ(မှန်လှပါ) ကဲ့-တကာတကာမတို့၃-ကိုကူးသေးသလား-(မကူးပါဘုရား) ၂-ထဲတွင်ဘဲ ၂-ချုပ်ပြီးသကာလ နိဗ္ဗာန်ရောက်တယ်....(မှန်လှပါ) ၂-ချုပ်ပြီးသကာလ....(နိဗ္ဗာန်ရောက်ပါတဲ့ယ်ဘုရား)။

ဒါဖြင့် ၂-ချုပ်တယ်ဆိုတာ ခန္ဓာငါးပါးချုပ်တယ်-(မှန်ပါ့) ခန္ဓာငါးပါး ချုပ်တာလဲ မြင်ပါရော- နိဗ္ဗာန်လဲ ရောက်တာဘဲ.... (မှန်ပါ့ဘုရား) ဒါဖြင့်.... တကာတကာမတို့ ရှုစရာ ဘယ်နှစ်ခု ပါလိမ့်.... (၁၃-ခုပါဘုရား) ၁၃-ခုဟာလဲ ရှာပြီး ရှုရမှာလား.... ကိုယ့်အထဲ ခဏခဏ ပေါ်နေတာလား.... (ကိုယ့်အထဲ ခဏခဏ ပေါ်နေတာပါဘုရား)။

အင်း....ပေါ်တိုင်း ပေါ်တိုင်း ခင်ဗျားတို့က ဒါအနိစ္စဘဲ၊ ဒါအနိစ္စဘဲလို့ ဉာဏ်ကလေး လိုက်လိုက်ပေး-(မှန်လှုပါဘုရား) လိုက်တိုင်း လိုက်တိုင်း ဒီမင်္ဂလေးသည် ဘုန်းကြီးတို့ တကာ့တကာမတွေ့ ပေါ်တယ်လို့မှတ်....(မှန်လှုပါဘုရား)။

ဒါဖြင့် မင်္ဂသည် တကာဘကာမတို့ လိုက်နိုင်မှပေါ်သည်....(မှန်လှုပါ) မလိုက်နိုင်ယင်.... (မပေါ်ပါဘုရား) ဟာ....ဒါဖြင့် မသေမခြင်း လိုက်ရမှာလားလို့ တကာကြွယ်က မေးချင်လဲမေး တာပေါ့နော် .... (မှန်ပါ့) မဟုတ်ပါဘူး ဟကာတကာမတို့ ဒီခန္ဓာကြီး ဉာဏ်ထဲမှာ ချုပ်သွားပြီဆိုလို့ရှိယင်ဖြင့် မင်္ဂလေး တွင် ကျန်နေရစ်တယ်၊ ဗိုလ်ကလေးတွင် ကျန်နေရစ်ဘယ်ဆိုယင် ရှုဘို့ မလိုတော့ပါဘူး နိဗ္ဗာန်တွေ့ပါပြီ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဟာ....တမင်္ဂဘဲ ရသေးတယ်၊ နှစ်မင်္ဂ ရချင်တယ်ဆိုယင်လဲ ဒီဟာပြန်ရှုရုံဘဲ.... (မှန်လှုပါဘုရား) ဒီဟာဖြတ်မှာဘဲ....(မှန်လှုပါဘုရား)သဘောကျပလား....(ကျပါပြီ)။

ဒီဟာသည် သောတာပတ္တိမင်္ဂကလဲ တခါဖြတ်တယ်၊ သကဒါဂါမိမင်္ဂကလဲ....(တခါဖြတ်ပါတယ်) အားလုံးလေးခါဖြတ်တယ်....(မှန်ပါ့) သို့သော် ခင်ဗျားတို့ တခါဖြတ်ရလို့ရှိယင် ကျန်သုံးခါပြတ်ဟာ သူ့ဟာသူ ပြတ်တယ်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့က အားမထုတ်ပါနဲ့ဆိုလို့ မရဘူး၊ မင်္ဂတို့က် တွန်းတာနဲ့ အားထုတ်တာဘဲ....(မှန်လှုပါဘုရား) အဲဒီကဲ့သို့ တို့က်တွန်းလိုက်လို့ရှယင် မပြတ်ပေဘူးလား .... (ပြတ်ပါတယ် ဘုရား) အဲ....ပြတ်သွားတော့ကို ခန္ဓာပျောက်ပါတယ် ဆိုတာ

ဒါတွေပျောက်တာ .... (မှန်ပါ့) ခန္ဓနိရောဓော နိဗ္ဗာန်ဘဲ... (မှန်ပါ့) ဒီဘက်ကလဲ တဏှာမလာလို့ တဏှာနိရောဓော.... (နိဗ္ဗာန်ပါဘုရား) ခန္ဓနိရောဓော .... (နိဗ္ဗာန်ပါဘုရား)ကဲ.... သဘောပါလား.... (ပါ-ပါဘယ်ဘုရား)။

ဒါဖြင့် တကာကြွယ် အလုပ်တရားကော ပါပလား(ပါ-ပါပြီဘုရား) သံသရာကောလည်ချင်သေးသလား .... (မလည်ချင်ပါဘုရား)ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကဲ.... နာရီစေ့ပြီ တော်ကြဦးစို့.....။

သာဓု... သာဓု.... သာဓု....။

အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော် မူသော
ကျေးဇူးတော်ရှင် , အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရား - အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော
ရှေ့ႏွင့် နောက် ခဲ့ခြားသော
ပဋိစ္စသမုပ္ပါဒ်တရားတော် (၁၇)
(ဂ - ၁၂ - ၆၁)

တကာတကာ့မတို့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးဟာ တကာ့ကြွယ်ကို တခြားကမစ္စည်းလား၊ မိမိခန္ဓာ ဖြစ်စဉ်လားဆိုတာ အကဲခတ်ပါနော်....(မိမိခန္ဓာ ဖြစ်စဉ်ပါဘုရား)။

မိမိခန္ဓာ အတိတ်က ဖြစ်ခဲ့ပုံ၊ ယခုဖြစ်နေပုံ ယခုမနေတတ် မထိုင်တတ်လို့ တတိယအကွက်ကူးပုံ၊ တတိယကွက်ကူးလို့ သေသည်၏ အခြားမဲ့၌ စိတ်မချရပုံ ဤလေးမျိုးပြတယ် .... (မှန်လှပါဘုရား)။

ဒါဖြင့် ၁-နံပါတ် ကတော့ဖြင့် တကာတကာမတို့ အတိတ်က မသိမှုတွေကြောင့် အတိတ်က တကာတကာမတွေမှာ ဆရာကောင်း သမားကောင်း မတွေ့ခဲ့ဘူး၊ ထိုကဲ့သို့ မတွေ့ခဲ့တော့ကို မသိမှုတွေကမျှားတယ်....(မှန်လှပါဘုရား)။

မသိမှုတွေက မျှားခဲ့တော့ ကုသိုလ် ပြုပြန်လဲ ခန္ဓာရဘို့.... (မှန်လှပါ)သီလ ဆောက်တည်ပြန်လဲ....(ခန္ဓာရဘို့ပါဘုရား)။

ခန္ဓာရဘို့ဆိုတော့ ဟုတ်တယ် မဟုတ်တယ် ဒီ ပဋိစ္စသမုပ္ပါဒ် ကြည့်ပို့ကဲတော့ ကိုယ် ခန္ဓာဟာ ၂-နံပါတ်ထဲမှာဆိုတာ မသိရဘူးလား... (သိရပါ့ဘုရား)။

အခု ဒီတရားနာနေကြတဲ့ တကာ တကာမတွေ ခန္ဓာဟာ နံပါတ် ၁-လား၊ နံပါတ် ၂-လား၊ ဒီစက်ဝိုင်းကြည့်လိုက်တာပေါ့... (နံပါတ် ၂-ပါဘုရား)။

ဒါဖြင့် ဒို့သည် ရှေးဘဝက သိခဲ့သလား၊ မသိခဲ့ဘူးလား ဆိုတဲ့ဥစ္စာ ဒီခန္ဓာက သက်သေခံတယ်....(မှန်လှပါဘုရား) ၂-နံပါတ်က သက်သေဘဲ၊ ၂-နံပါတ်က ခန္ဓာက ဒုက္ခသစ္စာ.... (မှန်လှပါ)။

ဒုက္ခသစ္စာကြီး ရထားတာကို ထောက်သဖြင့် သြော်....ရှေးတုန်းက မသိသလိုလှုံ့ခဲ့၊မသိသလို အကုသိုလ်တွေ ပြုခဲ့တဲ့အတွက် မသိသလို ဆုံးတောင်းမှားတွေကြောင့်အခု ၂-နံပါတ်ထဲမှာ ဖြင့် ဒုက္ခသစ္စာကြီးကို မောင်ဘသော်တို့ တကာကြယ်တို့ ဦးလှဘူးတို့ ရနေကြတယ်....(မှန်လှပါဘုရား)။

အခု ဘာသစ္စာ ရကြသလဲ....(ဒုက္ခသစ္စာရပါတယ်ဘုရား) ရချင်လို့ရတာလား၊ မသိသလို ပြုခဲ့လို့ ရတာလား....(မသိသလို ပြုခဲ့လို့ ရတာပါဘုရား) မသိသလို ပြုတာက နံပါတ်ဘယ် လောက်ပါလိမ့် .... (နံပါတ် ၁-ပါဘုရား) ရထားတာက.... (နံပါတ် ၂-ပါဘုရား) နံပါတ် ၂-ဆိုတော့ တကာတကာမတွေ သြော်....ဒို့- ရှေးဘဝက ဆရာကောင်း သမားကောင်း တွေ့ခဲ့လေရော့လား၊ တော်အောင်ဘဲ နေခဲ့လေရော့လားဆိုတာ သက်သေခံပါပြီ တကာတကာမှတို့....နော်....(မှန်လှပါဘုရား)။

ဒို့ လည်ရှေးဘဝက ဆရာကောင်းသမားကောင်းနဲ့ ဝင့်ကျွတ် အောင်ဟောတတ်တဲ့ဆရာကို ဒို့ တွေ့ခဲ့-မတွေ့ခဲ့ဆိုတာ အတိတ် ဘဝကအကြောင်းသိလိုက်သဖြင့် ပစ္စုပ္ပန် ယခုရထားတဲ့ ဝိညာဏ် နာမ်ရုပ် သင်္ခါရယတနာ ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးရထား တော့ ဒုက္ခသစ္စာကြီး ရထားတော့ သြော်....ဒို့ ရှေးဘဝတုန်း ကဖြင့် အတော် မသိမှုမျှားခဲ့တဲ့လူတွေဘဲ.... (မှန်လှပါဘုရား)။

ဆိုနိုင်ကြသလား....(ဆိုနိုင်ပါတယ်ဘုရား) နံပါတ် ၁-ဘာ ပြတယ် (မှန်ပါ့)မသိတာကအဝိဇ္ဇာ- ပြုတာကသင်္ခါရ(မှန်လှပါ) မသိတာက(အဝိဇ္ဇာပါဘုရား) ပြုတာက.... (သင်္ခါရပါဘုရား)။

အေး....အဲဒီတော့ တကာကြွယ် ဒီဘဝက တကာကြွယ်တို့ ဖြစ်နေတဲ့အဖြစ်ဟာ ဒုက္ခသစ္စာနော်.... (မှန်ပါ့ဘုရား) ဘယ် နှယ်ကြောင့် တကာကြွယ်တို့မှာ အိုဘေး နာဘေး သေတေးတွေ သင့်နေပါလိမ့်မလဲလို့ မေးလိုက်တဲ့အခါကျတော့ တပည့်တော် တို့အကြောင်းက မကောင်းခဲ့ဘူးဘုရား.... (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲ....မကောင်းတာ ကြည့်လိုက်တော့ တကာတကာမတွေ ကိုယ်တိုင် မြင်ရပါတယ် .... (မှန်ပါ့) တကာကြွယ်....ဒီကြည့် မကောင်းတာက....(အဝိဇ္ဇာ မသိခဲ့လို့ပါဘုရား) အေး... ပြုတာ က....(သင်္ခါရပါဘုရား)။

သြော်....တပည့်တော်တို့ ရှေးအကြောင်း မကောင်းခဲ့ဘူး.... (မှန်ပါ့) သူများပြော မဟုတ်တော့ဘူး... (မဟုတ်ပါဘုရား) သူများပြောတာမဟုတ်ပါဘူး၊ ဒါ-တကာကြွယ်တို့အားလုံးတရား နာတဲ့ တကာတကာမတွေ့၏ အတိတ်တုန်းက မှားမှု, ပြုလုပ်မှု မသိတော့ သစ္စာမသိဘဲနဲ့ ပြုလုပ်မှု အမှားကြောင့် ယခုတော့

ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဘယ်နေရာ ဘယ်ဌာန မျှားရောက်နေပါလိမ့်မလဲလို့ မေးလို့ ရှိယင် ၂-နံပါတ်ထဲရောက် နေတယ်....(ရောက်နေပါတယ်ဘုရား)။

နံပါတ် ဘယ်လောက်တဲ့.... (၂-နံပါတ်ထဲ ရောက်ပါတယ် ဘုရား) ၂- နံပါတ်ထဲရောက်နေတော့ သြော်.... ဒါဝိညာဏ်ဆိုတာ ဒို-ဝိညာဏ် နာမ်ရုပ်ဆိုတာလဲ ဒို့-ရုပ်နာမ်ဘဲ၊ သဠာယတနဆိုတာလဲဒို့မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်,စိတ်ဘဲ....(မှန်လှုပါဘုရား) ဖဿ ဝေဒနာ ဆိုတာ ဒို-သဏ္ဌာန်ရှိတာတွေဘဲ၊ အကျဉ်းချုပ် ပြောလိုက်တော့ခန္ဓာငါးပါး.... (မှန်လှုပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား) ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)။

သြော်....မောင်ဘသော်တို့ တကာကြွယ်တို့ဘယ် နှယ်ကြောင့် ဒုက္ခသစ္စာကြီးနဲ့ ယခု နေကြရပါလိမ့်မလဲ ဆိုတော့ အတိတ် အကြောင်း မကောင်းခဲ့ဘူးဘုရား... (မှန်ပါ့) ရှေးကတော့ မှန်း ပြီးရေးတာ....(မှန်ပါ့)။

ရှေးကတော့ မှန်းပြီး အတိတ်အကြောင်းက မကောင်းခဲ့ ဘူးဘုရား....(မှန်လှုပါ)တကာကြွယ် အခုတော့ မှန်းပြီး ရေးရတာလဲ၊ လက်တွေ့ဘဲလား....(လက်တွေ့ပါဘုရား) အတိတ် အကြောင်းက ဘာပါလိမ့်....(မကောင်းခဲ့ပါဘုရား) မကောင်းတာ ကြည့်လိုက်ပါဦး၊ ဟယ်သူပါလိမ့်... (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာသခ်ၤါရ နှစ်ခုစလုံးယူပါ....(မှန်ပါ့ဘုရား)။

ကျယ်ကျယ် ယူချင်လို့ရှိယင် အဝိဇ္ဇာ သခ်ၤါရ တဏှာ ဥပါဒါန် ဘဝ....(မှန်ပါ့) ကျဉ်းကျဉ်း ယူချင်လို့ရှိယင် အဝိဇ္ဇာ

သခ်ၤါရ၊ ဒီထဲ ပါတာေတ့ဟာ ဒီ ဖြစ်ေကြာင်းချည်းဘဲ.... (မှန်လှပါဘုရား) ေပါ်ကြပလား... (ေပါ်ပါပြီဘုရား)။

တကာကြွယ်-ရေ....အခု မျက်စိကလဲ မေကာင်းဘူးေနာ်.... (မှန်ပါ့) သ့ားလို့-လာလို့ကကော.... (မေကာင်းပါဘုရား) မကောင်းပါဘူး၊ မကောင်းတာတ့ အကုန် စုပြီး သကာလ ပူရ ဆ့ေးရနဲ့ မအားရတာတ့ကလဲ မနည်းလှပါဘူး.... (မှန်လှပါ)ဘယ်.နှယ်ကြောင့် ဒီဒုက္ခတ့ လှလှကြီး တ့ေနေပါလိမ့်မလဲ လို့ မေးလို့ရှိယင် အတိတ်အကြောင်း မကောင်းလို့ဘုရား.... (မှန်လှပါဘုရား)။

ဦးဘအုန်း ဒါဘဲ ညည်းခ.... (မှန်ပါ့) ညည်းသာ ညည်းတယ် ရှေးကတော့ မှန်းဆပြီး ညည်းတာကိုး....(မှန်လှပါ) အခုေတာ့ဖြင့် အတိတ်အေကြာင်းက ကိုယ်-ကိုယ်တိုင် မြင်ရပါပြီ.... (မြင်ရပါပြီဘုရား) တကာတကာမတို့ အတိတ်အေကြာင်း ကိုယ် ကိုယ်တိုင် မြင်ရပါပြီ....(မြင်ရပါပြီဘုရား)လွန်ခဲ့တဲ့ ဘဝတ့ကာလေ....(မှန်ပါ့)။

အင်း....ဘာ တ့ေပါလိမ့်.... (အဝိဇ္ဇာ သခ်ၤါရပါ) ေသြာ်... အဝိဇ္ဇာဆိုတာ သစ္စာေလးပါး မသိတာ....(မှန်ပါ့) ဒါဖြင့်.... တကာကြွယ်တို့.... ရှေးဘဝက စုံလုံးကန်း.... (ကန်းပါတယ်ဘုရား)ဘယ်.နှယ်ဆိုကြမလဲ....(စုံလုံးကန်းပါဘုရား) စုံလုံးကန်းလို့ ဆိုတာ မနှာပါနဲ့ သစ္စာေလးပါးစလုံး မသိတာ.... (မှန်လှပါဘုရား)။

အဲဒီေတာ့ ရှေးဘဝက စုံလုံးကန်း၊ စုံလုံးကန်း လမ်းသ့ားခဲ့တယ်....(မှန်လှပါဘုရား)သေဘာကျပလား-(ကျပါပြီ) စုံလုံးကန်းဆိုတာ သစ္စာေလးပါးမသိတာ၊ လမ်းသ့ားတာက သခ်ၤါး

(မှန်လှုပါဘုရား) ပြုလုပ်တာကိုး.... (မှန်ပါ့) စုံလုံးကန်း လမ်းသွားတဲ့ အခါကျတော့ တကားတကာမတို့ ချော်လဲပါတယ်.... (မှန်လှုပါဘုရား) စုံလုံးကန်း လမ်းသွားတော့.... (ချော်လဲပါတယ်ဘုရား) ချော်လဲတယ်ဆိုတာ ဒီဝိညာဏ် နာမ်ရုပ် သဉ္ဇာယတန ဖဿ ဝေဒနာဆိုတဲ့ အနာခန္ဓာကြီး ရတယ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သြော်....ဒါဖြင့် တကာတကာမတွေ.... ယခု ဘယ်သစ္စာနဲ့ အတူနေရပါလိမ့်.... (ဒုက္ခစာစ္စာနဲ့ အတူနေရပါ့တယ်ဘုရား)။

သြော်.... ကံမကောင်း မကြောင်း မသင့်လို့လားဆိုတော့ မှတ်ပါဘူးဘုရား၊ မိုက်မှု သင့်တာပါ(မှန်လှုပါ)ကံမကောင်း အကြောင်း မသင့်လို့ လို့ဦးဘအုန်း မယူလိုက်ပါနဲ့—(မှန်ပါ့) ဒီမှာ ကြည့်ပါလား—သူဟာ ပါနေတာဘဲ.... (မှန်ပါ့) အဝိဇ္ဇာ သင်္ခါရ၊အဝိဇ္ဇာက မိုက်တာ၊သင်္ခါရက ပြုလုပ်လိုက်တာ(မှန်ပါ့) မိုက်ပြီး ပြုလုပ်လိုက်တဲ့ အတွက်-ကဲ့၊ တပည့်တော်တို့ ယခုတော့ ဖြင့်.... မရှောင်သာ မလွဲသာ အိုဘေး နာဘေး သေဘေးနဲ့ အဖော်လုပ်နေရတယ်... (မှန်ပါ့ဘုရား)။

ဦးဘအုန်း ဘာနဲ့ အဖော် လုပ်နေရသလဲ.... (အိုဘေး နာဘေး သေဘေးနဲ့အဖော်လုပ်နေရပါတယ်) အိုဘေး နာဘေး သေဘေးနဲ့ အဖော် လုပ်နေတယ်....၊ ဒါကြောင့် အိုဘေး နာဘေး သေဘေးနဲ့ အဖော်လုပ်နေရတော့ အင်း.... ဘယ် အချိန်မှ ချမ်းသာတယ်ဆိုတဲ့ အချိန်ဟာ ဉာဏ်မျက်လုံး သုတဝါ အရိယ သာဝကာ ဖြစ်ခဲ့လို့ ရှိယင် အကြားအမြင် များတဲ့ ပုဂ္ဂိုလ်အဖြစ်နဲ့ အဲဒီ မျက်လုံးကလေး တပ်ကြည့်မယ်ဆိုယင် ဘယ်အချိန်မှ မချမ်းသာဘူး....(မချမ်းသာပါဘုရား)။

တကာကြွယ် ချမ်းသာရဲ့လား.... (မချမ်းသာပါ) ဘယ်သစ္စာနဲ့ အတူနေရလို့လဲ....(ဒုက္ခသစ္စာကြီးနဲ့ အတူ ဓနရလို့ပါဘုရား)။

အဲဒါ မောင်ဘသော်တို့ ဦးဘအုန်းတို့က တွေးတာပေါ့-တပည့်တော်တို့က ကံမကောင်း အကြောင်းမသင့်ဘဲကိုး.... (မှန်ပါ့)ဘာမှ မဆိုင်ဘူး....(မှန်လှပါ) ဘာမှ မဆိုင်ဘူး အရင်တုန်းက ညည်းတာတွေ ဖြုတ်ပစ်ပါ....ကံမကောင်း အကြောင်းမသင့်လို့ဆိုတာ မဟုတ်ပါဘူး....(မှန်လှပါဘုရား)။

ခင်ဗျားတို့၏ စုံလုံးကန်း လမ်းသွားမှုကြောင့်ပါ.... (မှန်လှပါ့)ရိပ်မိပလား... (ရိပ်မိပါပြီ)ဘယ်လိုကြောင့်ပါလိမ့် ... (စုံလုံးကန်းလမ်းသွားမှုကြောင့်ပါဘုရား)စုံလုံးကန်းဆိုတာက အင်္ဂါ (မှန်ပါ့) လမ်းသွားတာဆိုတာက သန်ရှင်-ကာယကံ ဝစီကံကို ဆိုပါတယ်-(မှန်ပါ့)စုံလုံးကန်း လမ်းသွားမိလို့ တကာတကာမတို့ ကျောက်ကျတယ်... (မှန်ပါ့) ဒုက္ခသစ္စာကျောက်ထဲ ကျတယ် (ကျပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အင်း.... ဘယ်သူမျှား ဘယ်လို လမ်းသွားခဲ့လို့.... (စုံလုံးကန်း လမ်းသွားခဲ့ပါတယ်ဘုရား) စုံလုံးကန်း လမ်းသွားခဲ့ဘာက အတိတ်ဘဝ.... (မှန်ပါ့) ယခု ပစ္စုပ္ပန်ဘဝကျတော့ ကျောက်ကျနေတယ်....(မှန်ပါ့)။

ကျောက်ကျနေပြီ၊ တကာတကာမတို့... ၊ ဘာသစ္စာနဲ့ နေရသလဲ.... (ဒုက္ခသစ္စာနဲ့ နေရပါတယ်ဘုရား) ဝဋ်ကျွတ်ပေးလားလို့ မေးယင်....(မကျွတ်သေးပါဘုရား)။

ဝဋ်လဲ မကျွတ်သေးဘူး....ကဲ့၊ ဦးဘအုန်း တကာကြွယ်ရ...,

(မှန်ပါ့) ဝဋ်ဒုက္ခလဲ မကျတ်သေးဘူးတဲ့၊ ဘယ်ကျတ်ရမတုံး ဒီခန္ဓာကြီး သယ်ရတုန်း ပိုးရတုန်း သူ့ကို ပြုရတုန်း စုရတုန်း.... (မှန်ပါ့)သူ့ကို ပူဇော်ရတုန်း ပသရတုန်းဆိုယင်လဲ ဦးဘအုန်းလဲသလား....(မလဲပါဘုရား)။

ဆောင်းထည်နဲ့ ပူဇော်လိုက်ရတယ်....(မှန်ပါ့) နွေထည်နဲ့ကော....(ပူဇော်ရပါတယ်ဘုရား) ပူဇော်လိုက်ရတယ်...၊ တခါတလေ မီးဖိုနားသွားပြီး သူ့ကို မီးကလေးနဲ့မှုး ပူဇော်လိုက်ရတယ်.... (မှန်ပါဘုရား) နွေကျတော့ ယပ်ကလေးနဲ့ ပူဇော်လိုက်ရတယ်....(မှန်လှပါဘုရား)။

ဘုရားကို ခင်ဗျားတို့ နွေခါသွားပြီး ဘယ်လောက် ယပ်ခတ်သလဲ...(မခတ်ပါဘုရား) မခတ်ဘူးဗျ....(မှန်ပါ့) ဘုရားတော့ မခတ်ဘူး ခင်ဗျားတို့ ဘုရားထက် ကြည်ညိုတယ်.... (မှန်ပါ့) ဒီခန္ဓာကြီးကို ဘယ်သူ့ထက် ကြည်ညိုသလဲ.... (ဘုရားထက် ကြည်ညိုပါတယ်ဘုရား)။

အံမာလေး....ဒီဘဝတောင် အသိက အတော် နည်းနေပါကလား.... (မှန်ပါဘုရား) တကာကြွယ် ဘုရားကို ယပ်ခတ်လှူဘူးတာ အတော် နည်းတယ်နော်....(နည်းပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကိုဖြင့် ယပ်တောင် တခတ်ခတ်နဲ့ တကာကြွယ်ရေ....မလွယ် ကန္ဒားတွေထဲမှာဖြစ်စေ ကိုယ့်တိုက် ကိုယ့်တားတွေထဲမှာဖြစ်စေ နေတဲ့အခါကျတော့.... ယပ်ကလေး တခတ်ခတ်နဲ့၊ ဟာ.... တကာကြွယ်ရေ ဘာလုပ်နေသလဲ၊ အို... ပူဇော်နေတာ ဘုရာ့....(မှန်ပါဘုရား)။

ဘာ ပူဇော်နေတာလဲ.... (ခန္ဓာ ပူဇော်နေတာပါဘုရား) အံမာခလေး.... တကာကြွယ်တို့....ဘုရားထက် ကြည်ညိုနေပါကလား....(မှန်လှပါဘုရား) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) သြော်....ဒုက္ခသစ္စာကြီးကို ဘုရားထက်ကြည်ညိုနေယင် ငါးပါးမျောက်ပါလိမ့်မယ်- (မှန်လှပါဘုရား)ဒုက္ခသစ္စာကြီး ဘုရားထက် ကြည်ညိုနေလို့ ရှိယင်....(ငါးပါးမျောက်ပါလိမ့်မယ်ဘုရား)။

ကြည်ညိုတာလဲ တကာကြွယ်တို့က လွန်လွန်းတယ်- နော်.... (မှန်လှပါ) အင်း... ပန်ကာလဲ ဝယ်ပေး....၊ ယပ်ဆောင်ကလေး ခတ်ပေး၊ ခြင်ကလေး ကာကွယ်ပေး၊ ဦးဘအုန်း လုပ်ရရဲ့လား- (လုပ်ရပါတယ်ဘုရား) ဘာသစ္စာမို့ပါလိမ့်.... (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာကြီးကို ကာကွယ်ပေးနေရပါတယ်ဘုရား....(မှန်လှပါ) အငြိမ်ကို နေလို့ရရဲ့လား.... (မရပါဘုရား) တခါတလေ ထမင်းစားရင်းများတောင် ခတ်ရသေးတယ်.... (ခတ်ရပါသေးတယ်ဘုရား) မအားဘူး....(မှန်ပါ့)။

တကာကြွယ် ထမင်းစားရင်း ဘာလုပ်ရတယ်- (ယပ်တောင် ခတ်ပေးရပါတယ် ဘုရား) ဘာဖြစ်လို့ ဒီလောက် ပူဇော်သံရတာတုံး မေးလို့ရှိယင် ကြည်ညိုလွန်းလို့.... (မှန်လှပါဘုရား)။

ဘာသစ္စာကြီး ကြည်ညိုနေကြသလဲ....(ဒုက္ခသစ္စာကြီး ကြည်ညိုနေကြပါတယ် ဘုရား) ဒုက္ခသစ္စာကြီး ကြည်ညိုနေတယ်ဆိုတော့၊ ကဲ.... ကြည်ညိုတာ မကြည်ညိုတာတော့ အပသားပါတော့ ဒုက္ခသစ္စာတော့ဖြင့် သိပါပြီ.... (သိပါပြီဘုရား) ဒုက္ခ ရောက်လျက်နဲ့ သေသွားတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့်.... ဒီ ခန္ဓာကြီးဟာ ဘဲ့ဘဲသစ္စာကြီး ရသလဲ....(ဒုက္ခသစ္စာကြီး ရပါတယ်ဘုရား) ဟာ.... ကံမကောင်း အကြောင်းမသင့်လို့ ရခဲ့ကြတာလား....ရှေးဘဝက စုံလုံးကန်း လမ်းသွားမိတာလား....(စုံလုံးကန်း လမ်းသွားမိတာပါဘုရား) ပေါ်ပြီ.... နော်....(ပေါ်ပါပြီ)။

ဒီမှာ ကြည့်ပါ၊ အဝိဇ္ဇာက စုံလုံးကန်း.... (မှန်ပါ့) သစ္စာလေးပါးကိုလုံးဝ-မသိဘူး....(မှန်လှပါဘုရား) လမ်းသွားတယ် ဆိုဘော့ သူက ပြုချင်သလို ပြုတော့ လူဘဝ ရအောင် ကုသိုလ်ဖေ့ပြု.... (မှန်ပါ့) အပါယ်လေးပါး ရောက်တဲ့ အကုသိုလ်တွေကော....(ပြုပါတယ်ဘုရား)ပြုလိုက်တဲ့အခါကျတော့ သေသည်၏ အခြားမဲ့၌ ဟောဒီမှာ စပ်သွားတယ်.... (မှန်ပါ့) သူတို့နှစ်ခုနဲ့တဲ့ ဟောဒီ ခန္ဓာကြီးနဲ့ စပ်ပါပြီတဲ့.... (မှန်လှပါဘုရား) စုံလုံးကန်း လမ်းသွားလိုက်တာ ချွဲလဲတဲ့ ခန္ဓာကြီးရတယ်.... (ရပါတယ်ဘုရား) ရိပ်မိပြီနော်....(ရိပ်မိပါပြီဘုရား)။

အင်း... ဟင်.... တကာတကာမတွေက လူဘဝ ရခဲတယ်.... လူဘဝ ရခဲတယ်....လို့ ပြောကြတယ်....(ပြောပါတယ်ဘုရား) တိရစ္ဆာန် ဘဝနှင့်စာလို့ ပြောဘာမှတ်.... (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) တိရစ္ဆာန် ဘဝနဲ့ စာယင်တော့ လူဘဝ ရခဲတယ်.... (မှန်ပါ့) သစ္စာ အမြင်နဲ့ သေသေချာချာ ဟောကြစို့၊ နိဗ္ဗာန် ဝင်တဲ့တရား တကယ် အစစ်အမှန်ကို ပြောကြစို့ဆိုတော့ ရလာတာကြီးက ဒုက္ခသစ္စာ ဖြစ်နေတော့ ရှေးတုန်းက မိုက်ပြစ်သင့်တာ... (မှန်လှပါဘုရား)။

ဘယ်လို ဆိုကြမယ်.... (ရှေးတုန်းက မိုက်ပြစ်သင့်တာပါ

ဘုရား) မိုက်တာ ဘယ်သူပါလိမ့်.... (အဝိဇ္ဇာပါဘုရား) မိုက်လို့ ထင်သလို လုပ်တာက ဘာပါလိမ့်... (သင်္ခါရပါဘုရား) တကာ ကြွယ် ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

ဒီဘဝကျမှ.... တကာကြွယ်တို့က ဘုရားနဲ့ တရားနဲ့ သံဃာနဲ့ လိမ္မာသယောင် လုပ်နေကြတာ....(မှန်လှပါဘုရား) အတိတ်ဘဝ ကတော့ လူမိုက်ကြီးတွေဘဲ....(မှန်လှပါဘုရား)။

ဒီ တကာ တကာမတွေ့ ဘယ်လို ဆုံးဖြတ်ချက် ချမလဲ..... (အတိတ်ဘဝက လူမိုက်ကြီးတွေပါဘုရား) သေသေချာချာ စဉ်းစားကြည့် ဒီဥစ္စာ ဘယ်သူမှ အပြစ်တင်မနေနဲ့....။ ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ်ကြည့်ယင် ကိုယ်သိဘယ်(မှန်လှပါဘုရား) တကာကြွယ် အတိတ်က ဘယ်နှယ် ဆိုကြမလဲ.... (လူမိုက်ကြီးတွေပါဘုရား)။

လူမိုက်ကြီးတွေ ထင်သလို ကျင့်နေတယ်.... (မှန်ပါ့) လူမိုက်ကြီးတွေ ထင်သလို ကျင့်နေတယ်ဆိုတော့.... လူမိုက်ကြီးတွေက အဝိဇ္ဇာ၊ထင်သလို ပြုလုပ်နေတာက သင်္ခါရ....(မှန်လှပါဘုရား) ဦးဘအုန်း ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီဘဝကျမှ လူမိုက်ကြီးတွေ ဘာလုပ်နေကြသတုံး- တရားတွေ့ နာနေကြတယ်ဆိုဓတော့ ဩဩ.... ဒီဘဝဆိုတော့.... အင်း....ဟင်.... ရှေးပြစ်ကံလေးတွေကိုဖြင့် ဒီတခါ မလိမ္မာယင် ခက်ရချည်ရဲ့ ဆိုတာ သိလို့ တရားနာ-ဘရား အားထုတ်ကြတာ....(မှန်လှပါ)။

ဒီလိုမှ တရားနာ-တရား အားမထုတ်တဲ့ ပုဂ္ဂိုလ်ကတော့ကို တကာတကာမတို့ မိုက်ပြစ် သင့်တာဘောင်မှ မိုက်တယ်-လို့

မသိသေးဘူး.... (**မသိသေးပါဘုရား**) **တဲ့ကာကြွယ်-သိပလား.....** ကဲ....(မသိသေးပါဘုရား)။

တခြားပုဂ္ဂိုလ်တွေပေါ့ဗျာ၊ ခင်ဗျားတို့ အခု တရားနာကြတဲ့ တရား အားထုတ်တဲ့ တကာ တကာမတို့က မိုက်ပြစ် သင့်ထားတဲ့ဥစ္စာ နောက်တခါ မမိုက်ဘို့ အလုပ်တော့ လုပ်ဦးမှာဲ့ဟေ့....(မှန်လှပါဘုရား)။

နောက်တခါ ဒီချော်လဲတဲ့ ခန္ဓာကြီး ရမှုအလုပ်ကြီးတော့ ဇာတ်သိမ်းမှာဲ့ဟေ့....(မှန်လှပါဘုရား) ဒီလို စိတ်ကလေးရှိလို့ တရားနာဖြစ်တာ....(မှန်ပါ့) ဒီလို စိတ်ကလေးရှိလို့ တရားအားထုတ်ဖြစ်တာ... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း-ဒါဖြင့် တကာကြွယ်ရေ- ရှေးဘဝက ကိုယ့်အကြောင်းသိပြီဗျာ....(သိပါပြီဘုရား)လူမိုက်လား-လူလိမ္မာလား-(လူမိုက်ပါဘုရား)။

အင်း.... ဘယ်သူက သက်သေ ခံနေပါလိမ့်ဗျာ.... (အဝိဇ္ဇာသန္ဓါရက သက်သေခံပါတယ်ဘုရား) ရှေးဘဝက် မိုက်ခဲ့တာ အဝိဇ္ဇာ သန္ဓါရက သက်သေခံတယ်.... (မှန်ပါ့ဘုရား) တနည်း ဒီ့ထက် လုံလောက်အောင် ပြောစမ်းပါဆိုယင် ယခု ရ-ထားတဲ့ ခန္ဓာဏာ ဒုက္ခသစ္စာကြီး ရ-ထားတော့ မိုက်တဲ့လူမို့ ရတာပေါ့ဗျာ....(မှန်လှပါဘုရား) မမိုက်တဲ့လူဖြင့်.... (မရပါဘုရား) ရ-ကို မရဘူးဆိုတာ တကာတကာမတို့ သေသေချာချာ ကြည့်ပါ၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ်-ကိုယ်(မှန်လှပါဘုရား)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒီထဲက နောက်ထပ် မိုက်ဦးမယ်ဆိုလို့ ရှိယင် ၃-နံပါတ် ကူး

ရှာတော့မယ်....(ကူးပါတော့မယ်ဘုရား) ဦးဘအုန်း ဘာတဲ့တုံး (၃-နံပါတ် ကူးပါတော့မယ်ဘုရား)။

အဲဒါက ဘယ်လိုပုဂ္ဂိုလ် ဆိုကြမတုံး .... (မိုက်တဲ့ပုဂ္ဂိုလ်ပါဘုရား) မိုက်သထက် ထပ်မိုက်ပြန်တာဟေ.....(မှန်လှပါ)ဘယ်နှယ်ဆိုကြမယ်....(မိုက်သထက် ထပ်မိုက်တာပါဘုရား)။

ဒီထဲက တကာ တကာမတွေ့ မိုက်သထက်များ မိုက်ချင်သေးသလား....(မမိုက်ချင်ပါဘုရား) မိုက်သထက် မိုက်ချင်လို့ရှိယင် ၂-နံပါတ်ထဲက ၃-နံပါတ် ပေါက်ပဲ့ဘးရမှာဘဲ.... (မှန်လှပါဘုရား) ၂-နံပါတ်ထဲက....(၃-နံပါတ် ပေါက်ပဲ့ဘးရမှာပါဘုရား) ၃- နံပါတ် ပေါက်ပဲ့ဘးလို့ရှိယင် တဏှာ ဥပါဒါန် ကံ လာဦးမှာဘဲ....(မှန်ပါ့) အဝိဇ္ဇာသင်္ခါရတွေကော .... (လာမှာပါဘဲဘုရား) လာလို့ ရှိယင်ဖြင့် တကာ တကာမတို့ သွားပြန်ပြီ၊ မိုက်လွန်စ မသတ်ပြန်ဘူး....(မှန်လှပါဘုရား) အနာဂတ်ဘဝ ဒုက္ခသစ္စာ ပေါ်ဦးမယ်.... (ပေါ်ဦးမှာပါဘုရား) ဘာဖြစ်လို့တုံး၊ မိုက်တဲ့အထဲ ထပ်မိုက်လို့....(မှန်လှပါ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

တကာတကာမတွေ့ ဘယ်နှယ်တဲ့.... (မိုက်တဲ့အထဲ ထပ်မိုက်လို့ပါဘုရား) မိုက်လို့ ရ,ထားတဲ့ ၂-နံပါတ်.... (မှန်ပါ့ဘုရား) ဒီအထဲကနေ ထပ်မိုက်တော ၃-နံပါတ် လဲဖြစ်တယ်....(မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) ထပ်မိုက်တဲ့အခါကျတော့ (၃- နံပါတ် လာဖြစ်ပါ့တယ်ဘုရား) ဘယ်လို စိတ်ကူးနဲ့ တရားအားထုတ်သလဲ....(မိုက်ပြစ်ပျောက်ဘို့ တရားအားထုတ်ပါတယ်ဘုရား)။

အဲဒီစိတ်ကလေးပေါ်ဘို့ကို တကာကြွယ် မလွယ်ဘူး (မလွယ်ပါဘုရား) တကာကြွယ်တို့ လယ်ပြီးသကာလ သိစေချင်လို့ ရှောက်ပြီး ပြောပြီးမသင်လဲ မအားလို့ မလပ်လို့နဲ့ ဦးဘအုန်း ဆင်ခြေတွေ ပေါလိုတာ.... (ပေါပါတယ်ဘုရား) ဘာပြုလို့ မအားဘာတုံးဆိုမိုက်လက်စမသတ်နိုင်သေးလို့....(မှန်ပါဘုရား) ရှင်းကြပလားး....(ရှင်းပါပြီ) ဘာဖြစ်လို့ မအားလပ်လို့ ဒီတရားထူး တရားမြတ်တွေကို မသိမ်းဆည်းနိုင်သတုံးလို့ မေးလို့ရှိယင် သူ့အဖြေထွက်ပြီ တကာကြွယ်ရေ....(မှန်လှပါဘုရား)။

ဘယ်နှယ်ထွက်လလဲ .... (မိုက်လက်စ မသတ်သေးလို့ပါဘုရား) မိုက်လက်စ မသတ်ချင်လေးဘူးဗျာ ....၊ ဒါကြောင့် မအားဘူးလို့ သုံးလိုက်တာ့....(မှန်ပါဘုရား)။

နောက်က တကာတ်ကာမတွေ ရှင်းကြရဲ့လား .... (ရှင်းပါတယ်ဘုရား) မအားမလပ်လို့ တရားအားမထုတ်မိတဲ့ အခါကျ တော့ကိုယ့်ကိုယ်-ကို ဘယ်လိုဆုံးမ မလဲ .... (မင်း-မိုက်လက်စ မသတ်သေးဘူး)။

မင်း-မိုက်လက်စ မသတ်သေးဘူးလား၊ ယခု တွေ့ရမည့်ဒုက္ခ တောင်မှ နည်းတဲ့ ဒုက္ခမဟုတ်ဘူး....၊ နောက် ဒီထက်ကြီးတဲ့ အပါယ်ဒုက္ခခန္ဓာကြီး ရမှယ်ဆို မင်းခုထက်ထိ မိုက်လက်စမသတ် ချင်သေးဘူးလား....၊ သွား-ထိုင် အားထုတ်၊ ကိုယ့်ကိုယ်- ကို ဆုံးမ....(မှန်လှပါဘုရား) ဦးဘအုန်း ဘာလုပ်ရမယ်....(ကိုယ့် ကိုယ်-ကို ဆုံးမ့ရပါမယ်ဘုရား)။

တကာကြွယ် ဒီဥစ္စာမမေ့နဲ့နော်.... (မှန်လှပါဘုရား) မင်း ဟာ ယခု လက်ရှိဒုက္ခသစ္စာကြီးတ အိုးဘေး နာဘေး သေဘေး

တွေ့နဲ့လဲ ရောထွေးနေတယ်ကွ၊ ကိလေသာ မီးတွေကလဲလောင်နေတယ်ကွ၊ ဒီခန္ဓာကြီးမှာလေ .... (မှန်လှုပါဘုရား) ၉၆-ပါး ရောဂါဝေဒနာတို့၏ ကိန်းရာ,အောင်းရာ, ခန္ဓာကြီးလဲ ဖြစ်နေတယ်....(မှန်လှုပါ) မင်းကလဲ ဒုက္ခ အကြီးအကျယ် ရောက်နေတဲ့အထဲက ဒုက္ခသိမ်းတဲ့ အလုပ်.မလုပ်ဘဲနဲ့ မအားသေးဘူးလေး၊ ဘာလေးနဲ့ မင်းသည်ကားလို့ ဆိုယင် .... အင်မတန် မိုက်လက်စ မသတ်ချင်တဲ့အထဲ မင်း လူကြီး လူကောင်း တယောက်မဟုတ်ဘူး၊ မိုက်သထက် ပိုမိုက်ဘဲ့ သူတဦးဘယောက်ဖြစ်တယ်လို့ ကိုယ့်.ကိုယ်-ကို စဲ့ချက်တင်ပါ....(မှန်လှုပါ)။

တင်ထိုက်သလား.... (တင်ထိုက်ပါတယ်ဘုရား) တင်ရဲပါ့မလား တကာကြွယ်....(တင်ရဲပါတယ်ဘုရား) တင်သာတင်-ဒါက ကိုယ့်.အကျိုးငှာတင်ရတယ်.... (မှန်လှုပါဘုရား) သူမျှားအကျိုးငှာ တင်ရတာလား .... (ကိုယ့်.အကျိုးငှာ တင်ရတာပါဘုရား)။

အဲ.... သားကိစ္စ, သမီးကိစ္စ, ပစ္စည်းကိစ္စတဲ့၊ ဟေ့....ဒါတွေအပိုထားဟေ့....၊ကိုယ့်ဒုက္ခမှ မကျတ်သေးယင် ဘယ်သူမှ ဂရုမစိုက်နိုင်သေးဘူးဟေ့....(မှန်လှုပါ) ဒီကျွန်အောင် ပြင်းထန်ကြပါ....(မှန်လှုပါဘုရား)။

ဒါက ကိုယ်မှဒုက္ခမကျတ်သေးလို့ ရှိယင် သူတပါးအရေးကို ကိုယ့်အရေးထဲ သွင်းနေလို့ ရှိယင်ဖြင့် မိုက်တွန့်တက်လာဦးမှာဘဲ (မှန်ပါ့ဘုရား) မတက်ပေဘူးလား၊ တက်မှလား .... (တက်ပါမယ်ဘုရား)။

အဲဒါတွေ ဥာဏ်နဲ့ သေသေချာချာ စဉ်းစားကြည့်တော့မှ

သြော်... ငါ့နှယ် အတိတ်က မိုက်ခဲ့လို့ ပစ္စုပ္ပန်အကျိုးသင့်နေတယ်၊ မိုက်ပြစ်ဒဏ် သင့်နေတယ် .... (မူန်ပါ့) မိုက်ပြစ်သင့်တဲ့ အထဲက မိုက်တွန့်တက်ဦးမယ်ဆိုယင်ဖြင့် တကာကြွယ် သွားပေါ့....(သွားပါပြီဘုရား)မသွားသေးဘူးလား....(သွားပါတယ် ဘုရား)။

မိုက်တွန့်တက်တယ်ဆိုတာ ၂-နံပါတ်ထဲက ၃-နံပါတ်တရားတွေပေါ်ပေါက်တာ....(မှန်လှပါ) တဏှာ ဥပါဒါန် ကံ တွေပေါ်ပေါက်တယ်ဆိုတာ ကျေနပ်ပလား .... (ကျေနပ်ပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီ ပဋိစ္စသမုပ္ပါဒ်ကြီးဟာ ခင်ဗျားတို့ အတွက်မှာဖြင့် အလွန်အလွန် ကျေးဇူးများတော့တယ် ဆိုတဲ့ ဥစ္စာ ဒီအဝိုင်းကြီးကလဲ ကျေးဇူးများ၊ ခင်ဗျားတို့ ရ-ထားတဲ့ ကပ်ပြားတွေကလဲ ကိုက်ကြည့်လိုက်တဲ့ အခါကျတော့ သြော်.... ဒို့မှာတော့ဖြင့် ဒို့ဖြစ်စဉ် ဒို့အကြောင်း ဒိုကောင်းကောင်းသိပဟ့.... (မှန်လှပါဘုရား) ဖြတ်ချင်လဲ ဒိုသိပဟာ၊ လည်ချင်လဲ ဒို့သိပဟာဆိုတော့ နှစ်ချက်ရတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒါတခေါက်ပြောပါ့မယ်၊ အတိတ်က ခင်ဗျားတို့ လိမ်မာခဲ့သလား၊ မိုက်ခဲ့သလား....(မိုက်ခဲ့ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ယခုဘဝမှာဖြင့် ခန္ဓာကြီးရတာက လိမ်မာလို့ရတာလား၊မိုက်လို့ရတာလား .... (မိုက်လို့ရတာပါဘုရား) မမိုက်ခဲ့ယင် ခန္ဓာဒုက္ခသစ္စာကြီး ဘယ်သူမှမရမှာဟုတ်ဘူး....(မရပါဘုရား)။

ဒါဖြင့် အာတိတ်ဘဝကမိုက်ခဲ့လို့ ယခု ဒုက္ခသစ္စာကြီးနဲ့အတူ တူနေရတယ်....(နေရပါတယ်ဘုရား) တကာကြွယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီ ဒုက္ခသစ္စာကြီးထဲကနေပြီး အယင် မိုက်သလိုပြန်ပြီး မိုက်တဲ့နှစ်တက်ဦးမယ်ဆိုလို့ ရှိယင်ဖြင့် မင်းဟာဖြင့်ကွာ .... မင်းကိုယ် မင်း သနားတဲ့အဓိပ္ပါယ် မင်းမပါလာဘူးလို့ ဆုံးဖြတ်ချက်ချပါ....(မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

သူ့ကိုယ်သူသနားတဲ့အဓိပ္ပါယ်ပါလာသေးရဲ့လား....(မပါပါဘုရား)မိုက်တဲ့အကျိုးထဲကနေပြီးသကာလ မိုက်ကြောင်းတွေပြန်ပြီး ၃-နံပါတ်ပေါ်အောင် ကြိုးစားဦးမယ် ဆိုလို့ ရှိယင်ဖြင့် ကိုယ်ကျိုးနည်းပြီ.... (နည်းပါပြီဘုရား) ဦးဘအုန်း ကိုယ်ကျိုးနည်းပြီ....(နည်းပါပြီဘုရား)။

ကိုယ်ကျိုးနည်းတာက ဘာနည်းသတုံးလို့ မေးတော့ ဒီမှာကြည့်ပါ တကာတကာမတို့ ၃-နံပါတ် ကူးလာတော့ တဏှာဥပါဒါန်ကံတွေနဲ့ ခင်ဗျားတို့က သားခင်, သမီးခင်, ဆွေခင်, မျိုးခင်ဆိုတော့ တဏှာ ဥပါဒါန်တွေကမလာလား....(လာပါတယ်ဘုရား) လာတော့ သေသည်၏အခြားမဲ့၌ ဟောဒီ အစပ်ကလေးက မင်းနှယ်ကွာ....တဲ့၊ ၄-နံပါတ်နဲ့ မင်းနဲ့ခတော့ မခဲ့နဲ့တော့ စပ်တော့မှာဘဲ .... (မှန်လှပါ) ဘာသစ္စာနဲ့သွားစပ်သလဲ (ဒုက္ခသစ္စာနဲ့ သွားစပ်ပါတယ်ဘုရား)။

ဒုက္ခသစ္စာနဲ့သွားစပ်လိုက်ရတယ်ဆိုတော့ တကာကြွယ် ဒုက္ခထဲ နဂိုရှိကလဲ မကောင်းတဲ့လူ မကောင်းလို့ဖြစ်တဲ့အထဲ နောက်ထပ် မကောင်းအောင်လို့ မကောင်းသလိုဖြစ်ပြန်ပြီ .... (မှန်လှ

ပါဘုံရား) မကောင်းတာတွေ့ ထပ်နေတယ် .... (မှန်ပါ့) ရှင်းပလဲး....(ရှင်းပါပြီ)။

ဘာတွေမျှား ထပ်နေသလဲ.... (မကောင်းတာတွေ့ ထပဲပါတယ်ဘုရား) မကောင်းတာတွေ့ ထပ်နေတော့ ခင်ဗျားတို့ကလဲ ကျုပ်တို့အိမ် ဂြိုဟ်ဝင် ထင်ပါရဲ့၊ ခလေးတွေ့ လူကြီးတွေ့က မမာ....(မှန်လှပါဘုရား)။

ဂြိုဟ်မဝင်ပါဘူးတကာတကာမတို့ ခင်ဗျားတို့ဥစ္စာ နဂိုရှိက မကောင်းတဲ့ခန္ဓာက မကောင်းတဲ့ အညွှန့်တွေ့ ပေါက်တာပါဘဲ (မှန်လှပါဘုရား) ရှင်းပလဲး....(ရှင်းပါပြီ) ဘယ်ဂြိုဟ်မှ ဝင်တာမဟုတ်ဘူးဦးဘအုန်းရ၊ ကိုယ်က အတိတ်က မကောင်းလို့ မကောင်းကျိုးပေးနေတာ... (မှန်လှပါ) ဘယ်ဂြိုဟ်မှ မဝင်ဘူး၊ ကောင်းကင်ကဂြိုဟ်က သူ့ဟာသူသွားနေတာ....(မှန်လှပါ) နက္ခတ်တွေကလဲ သူ့ဟာသူသွားနေတာ၊ သူတို့က ခင်ဗျားတို့ဆီ ဘာမှမဝင်လာဘူး၊ ဝင်လာနိုင်ရဲ့လဲး .... (မဝင်လာနိုင်ပါဘုရား)။

ခင်ဗျားတို့က အတိတ်ဘဝက ကောင်းခဲ့သလား၊ မကောင်းခဲ့ဘူးလား....(မကောင်းခဲ့ပါဘုရား) မကောင်းခဲ့ဘူး၊ မကောင်းခဲ့လို့ ယခုဘာအကျိုးပေးနေသလဲ .... (မကောင်းကျိုးတွေ့ပေးနေပါတယ်ဘုရား) ကြည့်ပါလား၊ ပါနေတယ်၊ မကောင်းကျိုးပေးပါတယ်... တဲ့ ဒုက္ခသစ္စာတွေ့ကို....(မှန်လှပါ)။

ဒီလိုဆိုတော့ ဒို့အိမ်ဂြိုဟ်ဝင်ထင်ပါရဲ့လို့တော့ ဘယ်တော့မှ မတွေးနဲ့.... (မှန်လှပါဘုရား) ရှင်းပလဲး... (ရှင်းပါပြီ) ဒို့အိမ်ဂြိုဟ်ဝင်ထင်ပါရဲ့.... (ဒီလိုမတွေးရပါဘုရား) မတွေးနဲ့၊ အခု ပဋိစ္စသမုပ္ပါဒ်နားလည်ပြီ....(မှန်ပါဘုရား)။

နို့မို့ ဂြိုဟ်ဝင်တယ်ဆိုယင် ခင်ဗျားတို့က ဂြိုဟ်ပြေနံပြေ လုပ်ဦးမည့်လူတွေ့....၊ နောက်ထပ်-ထပ်မိုက်ဦးမှာ.... (မှန်လှပါဘုရား) ဘာဂြိုဟ်မှမဝင်ဘူးဆိုတာ ဇသေသေချာချာမှတ်ပါ.... (မှန်လှပါ) အတိတ်က မကောင်းခဲ့လို့ ဘာတုံး....(မကောင်းကျိုးခံစားရတာပါဘုရား)။

မကောင်းကျိုး ခံစားရတာ ယားတယ်, နာတယ်, ပူတယ် ခဲတယ် အမျိုးမျိုး၊ ဟုတ်လား....(မှန်ပါ့) ရ-ထားတာက ဒုက္ခသစ္စာ သုခ မပါဘူးဆိုကတည်းက ဒီမှာ ဂြိုဟ်ဝင် ထင်ပါရဲ့လို့ ပြောမနေနဲ့.... (မှန်လှပါဘုရား) လိုသေးသလား.... (မလိုပါဘုရား)။

တကာတကာမတွေ့ ဒီအထဲ ဗေဒင်ဆရာနဲ့ ရန်တိုက်ရဟာလဲ မလွယ်လှဘူး၊ ရန်တိုက်ရသေးတယ်.... (မှန်ပါ့ဘုရား)နို့မို့ လို့ရှိယင်....ခင်ဗျားတို့က ဒီဌဿနဲ့ တစ်ခါတည်း ဂြိုဟ်ပြေနံပြေ လုပ်ဦးမှာဆဲဆိုပြီး ဘုရားပြောင်းသွားတယ်.... (ပြောင်းပါတယ်ဘုရား) မပြောင်းပေဘူးလား....(ပြောင်းပါတယ်ဘုရား)။

ဘယ်လမ်း ဘယ်သစ်ပင်သွားပြီးသကာလ ဘယ်အသီး စားလိုက်-ဘယ်အညွှန့်ကလေး ကိုင်လိုက်နဲ့ကိုး.... (မှန်လှပါ) ဂွကျကုန်ပြီ ဒီဌဿ ရောဝင်သွားတယ်...(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဒါဖြင့် မိုက်တဲ့အထဲ မိုက်တုန့် တက်သွားတော့ သာမဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ယခုတော့ဖြင့် ပိုင်ပိုင်နိုင်နိုင် တကာကြွယ်သိပြီ....(သိပါပြီဘုရား) အတိတ်ဘဝက ဘာတုံး.... (မကောင်းခဲ့လို့ပါဘုရား)ယခု ခန္ဓာကြီးမှာ ဘာဖြစ်နေသလဲ....(မကောင်းကျိုးတွေ ရနေပါတယ်)။

ခလေးတွေမှာလဲ မကောင်းလို့ ဒီခလေးမှာ မကောင်းကျိုးပေးတာ....(မှန်ပါ့) လူကြီးတွေမှာလဲ....(မကောင်းကျိုးရနေပါတယ်ဘုရား) သူများပြောလား၊ မျက်မြင်လား....(မျက်မြင်ပါဘုရား)။

အဲဒါ ဂိုဟ်ဝင်တယ်လို့ ယခုဒီဘဝ ဘယ်ကမျှား ဂိုဟ်ဝင်လိမ့်မယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ခက်တယ်....၊ ဘာမှ ဂြိုဟ်ဝင်စရာမရှိဘူး တကာကြွယ်.... (မှန်ပါ့) မယောင်နဲ့....နော်....(မှန်လှပါဘုရား)။

အို့....တကာကြွယ်ကဖေမဲ့ တော်တော်ကြာ တကာမတွေကို ပြောမယ်၊ အေး... လုပ်ချင်လဲ လုပ်တာပေါ့၊ သွားမလုပ်နဲ့ဦး၊ ငါ့သဘော လက်မှတ်ထိုးလိုက်တာ ပါသွားတယ်၊ မပါဘူးလား (ပါ၊ပ်တယ်ဘုရား) အဲဒီတော့ ဂိုဟ်ပြေ နံပြေ တွေကလဲ အတော်ဆိုးတယ်-(မှန်လှပါဘုရား) စင်စစ် ဒီပဋိစ္စသမုပ္ပါဒ်နားမလယ်မှုကြောင့် ဦးဘအုန်း ဒါတွေ ပေါ်လာတယ်....(မှန်လှပါဘုရား)။

အခုတော့ဖြင့် တကာတကာမတွေ နားလယ်ကြပြီ.... (နားလယ်ပါပြီဘုရား) အတိတ်က.... (မကောင်းခဲ့လို့ပါ ဘုရား) ယခုဘော့ ကာအကျိုးပေးနေသလဲ....(မကောင်းတဲ့ အကျိုးတွေပေးနေပါတယ်ဘုရား)။

မကောင်းကျိုးပေးနေတဲ့ဥစ္စာကို မကောင်းကျိုးလက်စသတ်ဘို့သာ စိတ်ကူး....(မှန်လှပါ) ဂိုဟ်ပြေ နံပြေနဲ့ မရဘူး....(မရပါဘုရား) ဂိုဟ်ပြေနံပြေနဲ့ မရဘူး တကာကြွယ်ရ-(မှန်လှပါ) ဂိုဟ်ပြေ နံပြေက ဒီခန္ဓာကြီး ဘယ်လို ဂိုဟ်ပြေနံပြေ လုပ်ပေးမဲ့

ခန္ဓာကြီးကတော့ နေကောင်းလဲ ဒုက္ခသစ္စာဘဲ.... (မှန်ပါ့) နေမကောင်းလဲ.... (ဒုက္ခသစ္စာပါဘဲဘုရား)။

ကဲ....ဦးဘအုန်း ဂွိုဟ်ခြေ နံပြေ လုပ်စမ်းဗျာ၊ သုခသစ္စာဖြစ်အောင်....(မဖြစ်နိုင်ပါဘုရား) ဖြစ်ပါ့မလဲ- (မဖြစ်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အေး....ရိပ်မိတဲ့အခါကျတော့မှ အင်း.... ဂွိုဟ်ပြေ နံပြေဆိုတာဒုဟ... သက်သက် စိတ်လှည့်စားတာဘဲ၊ အကြောင်းမသိတဲ့ ပုဂ္ဂိုလ်မို့ အကျိုးမပိုင်လို့....(မှန်လှပါဘုရား)။

အခုတော့ဖြင့် အကျိုးပိုင်ကြပလား... (ပိုင်ကြပါပြီဘုရား) အကြောင်းက ဘာတဲ့....(မကောင်းခဲ့လို့ပါဘုရား) မကောင်းခဲ့လို့၊ ယခု အကျိုးပေးကြတော့.... (မကောင်းတာ အကျိုးပေးပါတယ်ဘုရား) မကောင်းတော့ ဂွိုဟ်ဝင်တာလား....၊ ရှေးက မကောင်းလို့ မကောင်းတာလား.... (ရှေးက မကောင်းလို့ မကောင်းတာပါဘုရား)။

ရှေးကမကောင်းလို့ မကောင်းတာကို တကာကြွယ် ကောင်းကင်ကဂွိုဟ်က ခင်ဗျားတို့ဆီကို မလာရဲပါဘူး-(မလာပါဘုရား) ဦးဘအုန်းမလာရဲဘူး....(မှန်ပါ့) စိတ်သာချပါ- (မှန်ပါ့ဘုရား) ကောင်းကင်ကဂွိုဟ်က ခင်ဗျားတို့ဆီများ လာမယ် ဆိုလို့ရှိယင် ဖြင့် ခင်ဗျားတို့က ဘုန်းကြီးတဲ့ ပုဂ္ဂိုလ်မို့ လာလိမ့်မယ်၊ မဟုတ်ဘူးလား....(မှန်ပါဘုရား)။

ခင်ဗျားတို့ဆီလာခမျာဝေးလို့ သူ့မှာဟို-ကမ္ဘာကြီးလှည့်နေရတာနဲ့ မြင့်မိုရ်ဘောင် ပတ်ခနရတာနဲ့အားကိုမှအားဘူး.... (မှန်လှပါဘုဈား) ဘယ်မှ ခင်ဗျားတို့ဆီ ဂွိုဟ်ဝင်စရာမရှိဘူး....(မှန်ပါ့ဘုရား)။

စနေ ဂြိုဟ်ကလဲ့ ကောင်းကင်မှာ ရှိတာဘဲ....(မှန်ပါ့) ရာဟု ဂြိုဟ်ကကော...(ကောင်းကင်မှာပါဘဲဘုရား) သူတို့က ခင်ဗျား တို့ဆီ ဝင်စရာများ မြင်သေးသလား....(မမြင်ပါဘုရား)။

အဲဒါ ခင်ဗျားတို့က ဂြိုဟ်ဝင်ထင်ပါရဲ့၊ ဘယ်က ပြောသံ ကြားနဲ့ ဘာဖြစ်နေတယ်မသိပါဘူး တကာကြွယ်ရေ၊ ဖြစ်ချင် သလိုဖြစ်နေတာ....(မှန်လှပါဘုရား)။

ကဲ-ဒါဖြင့် တကာတကာမတို့ မကောင်း အကြောင်းကြောင့် ဘာစတုံး.... (မကောင်းကျိုးဖြစ်ပါတယ်ဘုရား) မကောင်းကျိုး ပေးထားတော့ အဲဒီ မကောင်းကျိုးကို ကျုပ်တို့သည် လက်စ သတ်ယင် ကောင်းမယ်....(မှန်လှပါ)။

ဒီ-မကောင်းကျိုးကို-(လက်စသတ်ရပါမယ်ဘုရား)မကောင်း ကျိုးဆိုတော့ ခန္ဓာငါးပါးပါ.... (မှန်လှပါ) ဝိညာဏ် နာမ်ရုပ် သင်္ခါယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးပါ....(မှန်လှပါ) ဒါကို ဘာခေါ်ကြမယ်....(မကောင်းကျိုးပါဘုရား) မကောင်း ကျိုး— ဒီမှာ ကြည့်ကြည့်၊ အကျိုးလို့ပါနေတယ်....(မှန်ပါ့) မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ဘာအကျိုးတဲ့တုံး....(မကောင်းကျိုးပါဘုရား) အဲ...ပစ္စုပ္ပန် အကျိုးလို့ မပါဘူးလား....(ပါ-ပါတယ်ဘုရား) ပစ္စုပ္ပန်ဆိုတာ အတိတ်ကလုပ်ခဲ့လို့ ပေါ်တာ....(မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပစ္စုပ္ပန် မကောင်းကျိုး ပေးနေတာ ဦးဘအုန်း စာရွက်ကလဲ သက်သေခံ၊ ဘုရားဟောကလဲ သက်သေခံပြီ.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မှကောင်းကျိုး ပေးနေတဲ့ အထဲက နေပြီးသကာလ မိစ္ဆာဒိဋ္ဌိ စိတ်တွေ ဝင်လာမယ်ဆိုလို့ ရှိယင်ဖြင့် တကာကြွယ်သွားပြီ....(မှန်ပါ့) မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

အဲဒီတော့ မကောင်းကျိုး လက်စသတ်တဲ့ နည်းကို ဆရာဘုန်းကြီးက နည်းပေးလိုက်ပါတယ်... (မှန်လှပါ) မကောင်းကျိုး လက်စသတ်တော့၊ ဒါက မကောင်းကျိုး.... (မှန်ပါ့) ဒီဘက်ကို ဒီမကောင်းကျိုး မလာဘို့ ဒီနေရာမှာ ခင်ဗျားတို့ သူ့ကိုမလိုချင်ယင် ပြီးတာဘဲ.... (မှန်ပါ့) သူ့ကို အနိစ္စ မြင်အောင်ကြည့်....(မှန်ပါ့) ဒုက္ခ မြင်အောင်.... (ကြည့်ရမှာပါဘဲဘုရား) အင်း... ဟင်....ဖြစ်ပျက်မြင်အောင် ကြည့်လိုက်ယင် ပြီးတာဘဲ....(မှန်ပါ့)။

ကြည့်လိုက်တဲ့အခါကျတော့ သူ့ကိုဒုက္ခသစ္စာလို့ မှန်မှန်သိသွားတယ်.. (မှန်ပါ့) မှန်မှန်သိသွားလို့ ရှိယင်ဖြင့်-တဲ့၊ မင်္ဂလာမှ မှန်မှန်သိမယ်.... (မှန်ပါ့ဘုရား)မင်္ဂလာဒီနေရာပေါ်ယင် မှန်မှန်သိပြီ....(မှန်ပါ့ဘုရား)။

မှန်မှန်သိတော့ ဒီ ဒုက္ခသစ္စာကြီးဟာ ခင်ဗျားတို့က ဒုက္ခသစ္စာလို့ အမှန်သိလိုက်ယင်ဘဲ တကာကြွယ် ဆုတ်သွားတယ်.... (မှန်လှပါ) ဘာ ဆုတ်သွားသတုံး မေးတော့ ဘယ်နှယ် ဖြေကြမလဲ....(ဒုက္ခ ဆုတ်သွားပါတယ်ဘုရား) မကောင်းကျိုး ဆုတ်သွားတယ်လို့ ယူလိုက်ပါ....(မှန်ပါ့ဘုရား)သဘောကျပလား.... (ကျပါပြီ) မကောင်းကြောင်းကြောင့် ဖြစ်တဲ့ မကောင်းကျိုး ဘာဖြစ်သွားသတုံး....(ဆုတ်သွားပါတယ်ဘုရား)။

ဒါဖြင့် ဂိုဟ်ဝင်တာကို ခင်ဗျားတို့က ထင်နေတယ်၊ ကိုယ် လုပ်ထားတဲ့ မကောင်းကျိုးကြီးကို ဆုတ်အောင် လုပ်လိုက်လို့

ရှိယင်ဖြင့် ဦးဘအုန်း ကြိုဟ်ပြေနံပြေ လုပ်ဘို့ လိုသေးသလား.... (မလိုပါဘုရား) တခါတည်း ဒုက္ခတွေ ဇာတ်သိမ်း မသွားဘူးလား...(သိမ်းသွားပါတယ်ဘုရား)။

အဲဒီ သိမ်းတဲ့နည်း ဖြစ်လျက်သားနဲ့ ကြိုဟ်ပြေ နံပြေကို တကာကြွယ် မလိုပါဘူး.... (မလိုပါဘုရား) လိုသေးသလား.... (မလိုပါဘုရား)။

ဒါဖြင့် ဒုက္ခသိမ်းချင်ယောင် ဒီ၂-နံပါတ်မှာရှိတဲ့ တရားတွေကို ဝေဒနာဖြင့် ဝေဒနာ၊ စိတ်ဖြင့် စိတ်ပေါ့ဗျာ၊ အဲဒါတွေကိုဖြစ်ပျက် တကာ တရားတွေက ရှုပေးပါ....(မှန်လှုပါဘုရား)။

ရှုပေးတော့ သြော်....ဖြစ်ပျက်ဟာ ဘာပါလိမ့်မတုံး မေးတဲ့ အခါကျတော့ ဒုက္ခသစ္စာ....(မှန်ပါ့)ဒီ ဒုက္ခသစ္စာကြီး ထင်လွန်းမက ထင်အောင်သာ ရှုပေးပါ.... (မှန်လှုပါ) ထင်လွန်းမက ထင်အောင် ရှုနေတော့ ဒီ-ဒုက္ခသစ္စာကြီး မုန်းလို့ ဒီ-ဒုက္ခသစ္စာကြီး မရှိယင် ကောင်းလေစ့ဆိုတဲ့ ဉာဏ်တွေ မောင်ဘသော်.... ပေါ်-မပေါ်....(ပေါ်ပါတယ်ဘုရား) ပေါ်သာယင် သူ ချုပ်ပါတယ်... (မှန်ပါ့ဘုရား)။

သူ ချုပ်သွားတော့ တကာ တကာမတွေကဘယ်လို စဉ်းစားမလဲဟာ .... မကောင်းကျိုး ချုပ်တယ်....(မှန်ပါ့)ဘာချုပ်သလဲ....(မကောင်းကျိုးချုပ်ပါတယ်ဘုရား)။

မကောင်းကျိုး ချုပ်-ဒုက္ခတွေ့ ချုပ်သွားပဟဲ့ ဆိုကတည်း ကိုက တကာကြွယ် နိဗ္ဗာန်ပေါ်တယ်.... (ပေါ်ပါဘယ်ဘုရား) ဒုက္ခချုပ်ယင်....(နိဗ္ဗာန်ပေါ်ပါတယ်ဘုရား)။

ဒုက္ခချုပ် နိဗ္ဗာန် ပေါ်တယ်ဆိုတာ ပိုင်ပိုင်နိုင်နိုင် တကာ တကာမဆုတ္ကာ သိနေတော့ သြော်....ကိုယ်လုပ်လာတဲ့မကောင်း

ကျိုးကို ဘုရားပေးတဲ့နည်း၊ ဆရာဘုန်းကြီး ပေးဘဲ့နည်း၊ တကာကြွယ်တို့က မကောင်းကျိုး သိမ်းတဲ့နည်းကို မမှန်ယင်သာကူးတယ်....(မှန်ပါ့)မှန်ယင်တော့လဲ သိမ်းသွားတယ်.... (မှန်လုပါဘုရား)။

မဲမှန်လို့ ရှိယင် မကောင်းကျိုးကို ဒါကြီးဟာ မခံကောင်းကျိုး....(မှန်ပါ့) ဒီက မကောင်းခဲ့လို့ မခံကောင်းကျိုး ပေါ်တယ်....(မှန်လုပါ)။

ဒီထဲကနေ ဂိုဟိပြေ နံပြတွေ့ လုပ်မယ်ဆိုယင် ဒါတွေ့ ပေါ်ဦးမှာဘဲ ... (ပေါ်မှာပါဘဲဘုရား) မပေါ်လာဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ကဲ ..ဒါဖြင့် မကောင်းကျိုးထဲက မကောင်းညွှန့်တွေ့ ပြန်ထွက်တယ်....(မှန်လုပါဘုရား)၃-နံပါတ် မထွက်လာဘူးလား.... (ထွက်လာပါတယ်ဘုရား)။

ဒါဖြင့် သေသည်၏ အခြားမဲ့၌ ၄-နံပါတ်၊ မကောင်းကျိုး အကြီးအကျယ် ပြန်ရမယ်.... (မှန်ပါ့) မရဘူးလား....(ရပါတယ်ဘုရား)။

အဲဒါကြောင့် မကောင်းကျိုးကို ဇာတ်သိမ်းနည်း, မကောင်းကျိုးကို ပွားနည်းဆိုတာ တကာကြွယ် နှစ်မျိုး ရှိတယ်....(မှန်လုပါဘုရား)။

မကောင်းကျိုး ဇာတ်သိမ်းတဲ့နည်းက မခံကောင်းတဲ့အကျိုးတွေ့ကို မကောင်းတာ မြင်အောင် ကြည့်ဦးဘဲ .... (မှန်လုပါဘုရား) ဒုက္ခသစ္စာ ဖြစ်အောင် ကြည့်ဦးဘဲ....(မှန်လုပါ)။

ကြည့်လိုက်သည်နှင့် တပြိုင်နက်တည်း မကောင်းကျိုးတွေ ချုပ်ငြိမ်း ရုပ်သိမ်းသွားပါလိမ့်မယ်.... (မှန်ပါ့) မသိမ်းပေဘူးလား....(သိမ်းပါတယ်ဘုရား)။

ထိုကဲ့သို့ သိမ်းတဲ့အခါကျလို့ ရှိယင်ဖြင့် ခင်ဗျားတို့ ဝမ်းသာကြတာပေါ့....(မှန်ပါဘုရား) ဘယ်လို ဝမ်းသာရမလဲ ဆိုတော့ အင်း....ဒုက္ခခပ်သိမ်းဖြင့် ငြိမ်းပေပေါ့ဆိုတော့ ခင်ဗျားတို့ ပြောနေကျ ဂြိုဟ်ခေတ္တဟာကား ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား) ခန္ဓာဟာ ဂြိုဟ်ဗျ....(မှန်ပါ့) ယူချင်လဲ အဲဒါကို ယူလိုက်ပါ....(မှန်ပါဘုရား)။

ဒီ ခန္ဓာကြီးဟာ ခင်ဗျားတို့ မကောင်းတာ လုပ်လာလို့ မကောင်းကျိုးကြီးနဲ့ အတူနေရတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သူ့ကို သိမ်းတဲ့နည်းသည် အကောင်းဆုံးနည်း....(မှန်လှပါဘုရား) တကယ်ကြယ် ဘယ်လို ဆုံးဖြတ်ချက် ချမလဲ....(သူ့သိမ်းတဲ့နည်းဟာ အကောင်းနည်းဆုံးပါဘုရား)။

သူ့ သိမ်းချင်ယင် သူ့ ဖြစ်ပျက် မုန်းအောင် လုပ်ဗျာ....(မှန်ပါ့) သို့မဟုတ် ဖြစ်ပျက် မုန်းအောင် လုပ်ဗျာ.... (မှန်ပါဘုရား) သူ့ဖြစ်ပျက်ကို ဒုက္ခသစ္စာလို့ အမှန်သိပြီး မုန်းအောင် လုပ်ပါ....(မှန်ပါဘုရား) ဦးဘအုန်း မပြီးဘူးလား.... (ပြီးပါတယ်ဘုရား)။

ဒါသည် တကာတကာမတို့ မကောင်းညွှန်ကြားလေး တိုးလာတတည်းက ပြတ်ထွက်သွားတယ်.... (ပြတ်သွားပါတယ်ဘုရား) အဲ....၃-နှံပါတ် မကူးတော့ဘူး.... (မကူးပါဘုရား) ကူးသေရဲ့လား... (မကူးပါဘုရား) ရှင်းကြရဲ့လား....(ရှင်းပါပြီ)။

ဒီတရားကို နာရတဲ့ ပုဂ္ဂိုလ်မျာ.မှာဖြင့် ဒီဌိပါပြုတ်တယ် ဦး ဘာအုန်းရ....(မှန်လှပါဘုရား) ဒို့ အိမ် ကြိုဟ်ဝင် ထင်ပါရဲ့ဆိုတာ တော့ဟာ အကုန် ပျောက်ကုန်တယ်....(ပျောက်ပါတယ်ဘုရား)။

ဒို့ မကောင်းကျိုးကို သိမ်းတဲ့နည်းဟာ ဒါဘဲ၊ ဝိပဿနာနဲ့ သိမ်းလိုက်ယင် ရဘယ်....(မှန်ပါ့)ရှင်းပလား-(ရှင်းပါပြီဘုရား) ဘာနဲ့သိမ်းကြမယ်....(ဝိပဿနာနဲ့ သိမ်းပါ့မယ်ဘုရား)။

ဝိပဿနာနဲ့သိမ်းလိုက်ယင် ပြီးသွားတာဘဲ....(မှန်ပါ့) ဒီနေ့ရာ မင်္ဂလေးဝင်ပြီးသကာလ ဝေဒနာဖြစ်ပျက်ရှု၊ စိတ်တွေကို (ဖြစ်ပျက်ရှုရပါ့မယ်ဘုရား)ကြိုက်ဘာဖြစ်ပျက်ရှု၊ တခုခုကိုမှတ် သာရှုပါ့.... (မှန်ပါ့) စိတ္တာနုပဿနာ ကြိုက်ယင် စိတ္တာနုပဿနာရှု၊ ဝေဒနာနုပဿနာ ကြိုက်ယင် ဝေဒနာနုပဿနာ ရှုပါ့.... (မှန်လှပါဘုရား)။

ရှုလိုက်လို့ ဖြစ်ပျက်မြင်- ဖြစ်ပျက်မုန်း ဒီဖြစ်ပျက်တွေဆုံးသွားလို့ ရှိယင်ဖြင့် ၂-နံပါတ် ရှိခဲသေးရဲ့လား.... (မန္ဒ်ပါဘုရား) ၂-နံပါတ် မရှိတော့ကို ၂-နံပါတ် ဆုံးသွားလို့ရှိယင် တဏှာ နိဗ္ဗာနံဆိုတော့ ၂-နံပါတ်ထဲ ပြန်ပေါ်တယ်... (မှန်လှပါဘုရား) မခပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ကြည့်ခဲလ.... ရေးထားတဲ့စာကြည့်ပါ တကာတတာမတို့.... ဝေဒနာ နိဗ္ဗာနော တဏှာနိဗ္ဗာနောဆိုတာ ဘယ်နံပါတ်မှာလာ ပေါ်သလဲ....(၂-နံပါတ်မှာ လာပေါ်ပါတယ်)။

အင်း.... ဦးဘအုန်း ၂-ကို အဟုတ်လုပ်လိုက်ခဲတော့ ၂-ထဲမှာ နိဗ္ဗာန်ရမယ်....(မှန်လှပါဘုရား) တခြားမှာ သွားရသလားတဲ့ ၂-နံပါတ်ထဲမှာဘဲ ပြန်ရသလား.... (၂-နံပါတ်ထဲမှာဘဲ ပြန်ရပါတယ်ဘုရား)။

ဒါဖြင့် ၂-ဒုက္ခ သိမ်းတော့ကို ၂-ထဲမှာဘဲ နိဗ္ဗာန်ရတယ်.... (မှန်လှုပါဘုရား) ၂-ဒုက္ခသိမ်းလို့.... (၂-ထဲမှာဘဲ နိဗ္ဗာန်ရှုပါ့တယ်ဘုရား)။

ဩဩ... နိဗ္ဗာန်ကလဲ အဓိဝေးကြီးသား အောက်မေ့နေတယ် ၂-ကို မသိမ်းတာလို့ ၂-ထဲမှာ ရှိလျက်နဲ့ မရတာ..... (မှန်လှုပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) တကာကြွယ် ရေ-ဘာမသိမ်းတတဲ့လို့ပါလိမ့်- (၂-မသိမ်းတတ်လို့ပါဘုရား) ၂-မသိမ်းတတ်တာနဲ့ ၂-ထဲက နိဗ္ဗာန် ကွယ်ပျောက်နေတယ်.... (မှန်ပါ့ဘုရား) ၂-နှံပါတ်ဒုက္ခသစ္စာ မသိမ်းတတ်တာနဲ့ ၂-နှံပါတ်ထဲမှာရှိစဲ့ သုခသစ္စာ ကိုယ်ပိုင် မရလိုက်ဘူး.... (မှန်ပါ့ဘုရား) နာလိုက်တာ....(နာပါတယ်ဘုရား)။

ဒီ ၂-ထဲမှာ ရှိလျက်သားနဲ့....(ကိုယ်ပိုင် မရလိုက်ပါဘုရား) ၂-ဒုက္ခမသိမ်းတတ်တာနဲ့ ၂-သုခ မရဘူး.... (မရပါ ဘုရား) ရိပ်မိပလား.... (ရိပ်မိ၂ါပြီဘုရား) ၂-ဒုက္ခ မသိမ်းတတ်တာနဲ့.... (၂-သုခ မရပါဘုရား)။

ကြည့်လေ ဒီမှာ မြွားကလေးပြထားတယ်၊ ဒီဘက်သွားတာက ဒါ-နိဗ္ဗာန် ပြတာ.... (မှန်ပါ့ဘုရား) ဒီဟာသာ ချုပ်လို့ ရှိယင် ဒီဘက်ရမယ်တဲ့.... (မှန်ပါ့) ၂-နှံပါတ်ထဲဘဲ ရတယ်.... (မှန်လှုပါဘုရား)။

ဘာတုံးဆိုတော့ ဝဋ်ပဋ်စသမုပ္ပါဒ် ထွက်လမ်းလို့ ဆိုထားကတည်းက တကာတကာမကို ဒီဥစ္စာ ဝဋ်ထဲကထွက်သွားပြီ(မှန်ပါ့ဘုရား) ရိပ်မိပသား....(ရိပ်မိပါပြီဘုရား) ဘာတဲ့တုံး-(ဝဋ်ထဲက ထွက်သွားပါပြီဘုရား) ဒါဖြင့် ၂-နှံပါ့တ်ထဲက ကိုယ်ကပြောင်းရဲ့လား၊ မပြောင်းဘူးလား.... (ပြောင်းပါတယ်ဘုရား)။

အဲဒီတော့ တကဲဘာကာမတွေ ယနေ့ဒီဥစ္စာ တလုံးနှစ်လုံး ကျန်နေတာကလေးဟာ နေ့တိုင်း ဖြည့်ဖြည့်ပေးရတယ်- (မှန်လှပါဘုရား) တကာကြွယ်- ၂-ဒုက္ခမြင်ယင် နိဗ္ဗာန်သည် ၂-ထဲမှာ ရတယ်....(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ယခုဘဝရတယ်ပြောမယ်....(မှန်ပါ့) ဒါဖြင့် ဘယ်သူက သက်သေခံသလဲ- ဒီ-ပဋိစ္စသမုပ္ပါဒ်က သက်သေခံတယ်....(မှန်လှပါ) ဘယ်သူက သက်သေခံသတုံး....(ဒီ-ပဋိစ္စသမုပ္ပါဒ်က သက်သေခံပါတယ်ဘုရား)။

ဒီ- ဒုက္ခသိမ်းအောင် လုပ်နိုင်တဲ့ လူဟာ ·သောတာပန်ဖြစ်ယင် သောတာပန် နိဗ္ဗာန်ဟာ ဒီ ၂-နံပါတ်ရတာဘဲ....(မှန်လှပါဘုရား) သကဒါဂါမ်ဖြစ်အောင် လုပ်တဲ့ပုဂ္ဂိုလ်ဖြစ်ယင် ဒီ ၂-နံပါတ်ထဲမှာ သကဒါဂါမ်ရတဲ့ နိဗ္ဗာန်ရတာဘဲ-(မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

တကာကြွယ် ဘယ်လောက် ကျေးဇူးများသလဲ.... (များပါတယ်ဘုရား) ၂-ဒုက္ခချုပ်အောင် လုပ်နိုင်လို့ ရှိယင် ၂-သုခ,ရပါတယ်.... (မှန်လှပါဘုရား) ဦးဘအုန်း ဘာတဲ့တုန်းဗျာ....(၂-ဒုက္ခချုပ်အောင်လုပ်နိုင်လို့ ရှိယင် ၂-သုခ,ရပါတယ်ဘုရား)။

ကြည့်လေ ဒီခန္ဓာတွေ ဒုက္ခသစ္စာတွေ ချုပ်သွားမယ်ဆိုလို့ ရှိယင်ဖြင့်... တဲ့ ဒီဘက်က တဏှာဥပါဒါန် မလာတော့ ဝေဒနာ နိရောဓာ တဏှာနိရောဓော ဝဋ်မှတ်ခဏ်း-(မှန်ပါ့) ထုက်လမ်းဖြစ်သွားတယ်....(မှန်ပါ့ဘုရား)။

ဝိပါကဝဋ်မှ ထုက်သွားပြီဆိုတာ တကာတကာမတို့ အလုပ်က သက်သေခံတယ်....(ခံပါတယ်ဘုရား) ဒါ-နိဗ္ဗာန်ဘဲ မဟုတ်လား....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တစာတကာမတွေ့မှာ-တဲ့ မသိတာ သိပ်ခက်ပါလား.... (မှန်လှုပါဘုရား) ထုတ်လမ်းမသိတာ သိပ်ခက်ပါလား... (မှန်ပါဘုရား)။

ကိုင်း... ရှေးက ရှင်းရှင်းကလေးပြတဲ့ တကာတကာမ့တွေက နိဗ္ဗာန်ဟာ အဝေးကြီးကွာ.... (မှန်လှုပါ) ပြောကြတယ်.... (ပြောကြပါတယ်ဘုရား) ဘုရားကလဲ နိဗ္ဗာနသော်သန္တိဟာ သံယုတ်ပါဋ္ဌိတော်မှာလဲ ဟောရက်ဘဲ.... (မှန်ပါ)။

"ယဿာ တောဒိသံ ယာနံ၊
ဣတ္ထိယာ ပုရိသဿဝါ။
သဝေတေန ယာဒနန၊
နိဗ္ဗာနသော်သန္တိကေ"။ နိဗ္ဗာန်ဟာ အနီးကလေး ကွ....တဲ့....(မှန်ပါဘုရား)။

ဘုရားကလဲ နိဗ္ဗာန်အနီးကလေး၊ ခင်ဗျားတို့ ရှေးကျကျ လူတွေကလဲ နိဗ္ဗာန်ဆိုတာ တော်တော် ဝေးတယ်ဟေ့၊ ဒို့နေပုံထိုင်ပုံနဲ့ဆိုယင် ဝေးပါ့သေးတယ်ကွာ....(မှန်လှုပါဘုရား) တစ တစရောက်ရမှာဘဲ....(မှန်လှုပါ)။

တစဘစဟာလဲဘုန်းကြီးတို့ကပြောချင်တယ် မရပါဘူး၊ တုံးသွားတာယ်.... (မှန်လှုပါဘုရား) နဂိုရိုက်မှ အစ,ကလေးကိုး.... (မှန်လှုပါဘုရား) ဒီအစကလေးဟာကခွန်မထုတ်တဲ့ပြင်တုံးသွားပြီ....(မှန်လှုပါ) ဘာဖြစ်လို့တုံး.... အမေမှား အဖေမှားတွေနဲ့တူဦးမှာ...(မှန်လှုပါဘုရား) တွေ့ယင် မိစ္ဆာဒိဋ္ဌိဘက်ကူးသွားမယ်....(ကူးမှာပါဘဲဘုရား) ကူးသွားယင် ဒီကပါလာတဲ့အစ

ကလေးဟာ အညှန့်ထွက်လာလဲ တုံးသွားတယ်.... (တုံးပါတယ်ဘုရား) မဂ်ညှန့်, ဖိုလ်ညှန့် မထွက်ဘဲနဲ့ ဒီဋ္ဌိညှန့် သန်လာတယ်.... (မှန်လှပါဘုရား) သဘောပါလား.... (ပါ-ပါတယ်ဘုရား)။

ဒါကြောင့် တစတစတွေ့ တကာကြွယ်တို့က သူများပြောသံကြားနဲ့ ယုံမနေနဲ့....(မှန်လှပါဘုရား)။

ဒီ ပဋိစ္စသမုပ္ပါဒ်ကြည့်ပါ၊ ၂-ဒုက္ခသစ္စာချုပ်ယင် ဒီ ၂-ထဲမှာဘဲ နိဏ္ဍောဓသစ္စာ ထွက်လမ်းပါတယ်.... (မှန်လှပါဘုရား) မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

အဲဒီတော့ ဒီဥစ္စာကို သေသေချာချာ ခင်ဗျားတို့ သိမ်းထားပါ.... (မှန်လှပါ) ဒီစာရွက်တွေ့ ကိုယ်စီကိုယ်၌ ရထားပါတယ် (မှန်ပါဘုရား)ရထားပြီး ညောင်ရေအိုးစင်မှာ ချိတ်ထားလို့လဲ မဖြစ်သေးဘူး....(မှန်လှပါဘုရား)။

ငါ ဒီနေ့ဘယ်နှစ်ခါ ဖြတ်သလဲ၊ ၂-က ၃-ဘယ်နှစ်ခါ ကူးသလဲ-မကူးဘူးလား.... (မှန်ပါ) မကူးဘူးဆိုလို့ရှိယင်လဲ ဝမ်းသာပြီး အိပ်လိုက်....(မှန်လှပါဘုရား)။

၂-က ၃-မကူးဘူးဆိုယင် ဘာလုပ်ရမလဲ....(ဝမ်းသာပြီး အိပ်ရပါ့မယ်) မကူးရုံတွင်မကဘူး.... ၂-နံပါတ်မှာ ရှိတဲ့ ခန္ဓာတွေ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေ့ အကုန်ပျောက်ပါတယ်-ဆိုယင်ဖြင့် ငံါသည် ၂-အဆုံးဖြစ်တဲ့ ဝေဒနာနိဏ္ဍောဓ တဏှာ နိဏ္ဍောဓ နိဗ္ဗာန် ဆိုတာဖြင့် ဝဋ်မှ ထွက်လမ်းဖြင့် ရောက်ပေပေါ့လို့ ကိုယ် ဟာကိုယ် ဝမ်းသာ....(မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ.... ဦးဘအုန်း မြတ်စွာဘုရား ဟောကြားခဲ့တဲ့ ဒီ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို သေသေချာချာ နာရတော့မှ နိဗ္ဗာန် နီးသလား-ဝေးသလား....(နီးပါဘယ်ဘုရား) နီးရက်နဲ့ မရောက်တာ လမ်းမမှန်လို့-မှတ်..... (မှန်လှပါ) နီးရက်နဲ့ မရောက်တာ....(လမ်းမမှန်လို့ပါဘုရား)မိစ္ဆာဒိဋ္ဌိလမ်း လိုက်နေလို့ သမ္မာဒိဋ္ဌိလမ်း ဖြစ်ပျက် မြင်တဲ့ သမ္မာဒိဋ္ဌိလမ်း မလိုက်လို့ ဖြစ်ရတာလို့ တကာကြွယ် မှတ်စမ်း.... (မှန်လှပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော်.... ဒါဖြင့် ဒို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ၁-က မိုက်ပေမဲ့ ၂-မှာ မမိုက်ယင် နိဗ္ဗာန် ရနိုင်တယ်.... (မှန်လှပါဘုရား) ၁-က မိုက်ငြားသော်လဲ.... (၂-မှာ မမိုက်ယင် နိဗ္ဗာန် ရပါတယ်) ၂-ထဲမှာ ဆရာကောင်း သမားကောင်း တွေ့လို့-ခင်ဗျားတို့ မိုက်ညှန့် မတက်လို့ရှိယင်ဖြင့် ဦးဘအုန်း ရမှာဘဲ.... (ရမှာပါဘဲဘုရား) မိုက်ညှန့် မပေါက်ယင်လေ.... (မှန်လှပါဘုရား)။

ဒါက မိုက်လို့ ရ-ထားတာ၊ ဒီထဲက-နေပြီး ဒီခန္ဓာကြီး ခင်တဲ့တဏှာ ဥပါဒါန်တွေ ဘဝတွေ လာဦးမယ်ဆိုယင် မိုက်ညှန့် တက်တာ.... (မှန်လှပါဘုရား) ဒီမှာတာက မိုက်ပြစ် သင့်တယဲ့.... (မှန်လှပါ)။

မိုက်ပြစ် သင့်တဲ့အထဲက ဒါတွေခင် ခန္ဓာတွေ သားတွေ သမီးတွေ ဆွေတွေ မျိုးတွေကို တဏှာ ဥပါဒါန် ကံတွေနဲ့ တကာကြွယ်တို့က ကြိုးစားနေမယ် ဆိုယင်ဖြင့် မိုက်တဲ့အထဲက အညှန့် ပေါက်ပြန်တာဘဲ....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ်.... (မိုက်တဲ့အထဲက အညွှန်ပေါက်ပြန်တာ ဘဲဘုရား) ဒါဖြင့် အညွှန် မပေါက်ချင်ဘူးဆိုယင် ဒီအညွှန်တွေ ချိုးကြပေရော့....(မှန်လှပါဘုရား) ဒီအညွှန်တွေ ချိုးတော့ တကာ ဟကာမတို့ ဒီထဲမှာ ကြိုက်ရာကို သတိပဋ္ဌာန်လေးပါးထဲက တပါး ပါးကြိုက်ယင် တပါး-ပါးရှု ဝေဒနာကြိုက်ယင် ဝေဒနာရှုပါ.... (မှန်ပါ့) သင်္ခါယတနထဲက စိတ်ကြိုက်ယင်.... (စိတ် ရှုပါ) စိတ် ရှုတော့ ကိုယ့် စိတ် ကိုယ်ရှုလို့ မနေ့က သင်ကားတယ်....(မှန်ပါ့)။

ဒီက-နေပြီး ရှုလိုက်တဲ့အခါကျတော့ ဒီအဆက်ဟာ ပြတ်သွားတယ်....(ပြတ်ပါတယ်ဘုရား) မိုက်ညွှန် တက်သေးရဲ့လား (မတက်ပါဘုရား)။

မတက်တော့ ဘယ်သွားသတုံး မေးတဲ့အခါကျတော့တကာ တကာမတွေ့ သိတဲ့အတိုင်းတဲ့ ဒီကနေ မဆက်ပါဘူးလို့ ဒီဘက်သွားပါတယ်၊ မြွားက ဒီမှာ ပြတယ်....(မှန်လှပါ)။

ဒါတွေသာ ခင်ဗျားတို့ ဝိပဿနာ ရှုလို့ ဝိပဿနာ ဆုံးယင် ဒီဘက်မှာ နိဗ္ဗာန်တွေ့ပါတယ်.... (မှန်လှပါဘုရား) ၂-က ၃-မသွားပါဘူး.... (မသွားပါဘုရား) ၂-ထဲတွင် နိဗ္ဗာန်ရှိတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ၂-နံပါတ်မှာ ဒုက္ခလဲရှိ နိရောဓလဲရှိ .... (မှန်လှပါဘုရား) ဦးဘအုန်း ပေါ်ပလား....(ပေါ်ပါပြီဘုရား) ၂-နံပါတ်မှာ.... (ဒုက္ခလဲရှိ နိရောဓလဲ ရှိပါကယ်ဘုရား) နိရောဓဆိုတာ ဟာဒီဘေးက ပြထားတာတွေ့....(မှန်ပါ့) ဝေဒနာ နိရောဓာ ဇာဏာ နိရောဓော၊ စာမဆန့်လို့ ဝင်္ဂမှ ထွက်လမ်းလို့ ရေးလိုက်

တာ....(မှန်လှုပါဘုရား) စင်စစ်နိဗ္ဗာန်ဘဲ့....(မှန်လှုပါ) ဝေဒနာ နိဗ္ဗာနဝေ တဏှာ နိဗ္ဗာနဝေ နိဗ္ဗာနံဘဲ့....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါဖြို့) သို့သော် အားလုံး သိဖြောင်ဆိုတော့ ဒါ ဝဋ်မှု ထုတ်သွားပြီ....(မှန်လှုပါ)။

အင်း.... ကိလေသဝဋ်မှကော မထုတ်ဒေသးဘူးလား....(ထုတ်ပါပြီဘုရား) ဒီရ-ထားတဲ့ ဝိပါက ဝဋ်မှကော .... (ထုတ်ပါပြီဘုရား)ဒီ ကိလေသာတွေကော လာသေးသလား .... (မလာပါဘုရား) ကိလေသဝဋ်မှလဲထုတ်ပြီ....(မှန်ပါ့) ဝိပါကဝဋ် အကျိုးပေးကြီးမှကော.... (ထုတ်ပါပြီဘုရား) အဲ....အကျိုးပေးမှလဲ ထုတ်သွားပါပြီ....(မှန်လှုပါဘုရား)။

ဒါဖြင့် ကိုလေသာငြိမ်း၊ ခန္ဓာသိမ်း....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)ဘယ်လိုပါလိမ့်....(ကိလေသာငြိမ်းခန္ဓာသိမ်းပါပြီဘုရား)။

အေး... ကိလေသာ ငြိမ်း၍ ခန္ဓာ သိမ်းတာသည် နိဗ္ဗာန်ဆိုတော့ ဦးဘအုန်း ကိုယ်လုပ်ဘို့ရာသာ အရေးကြီးတော့တယ်နော်....(မှန်လှုပါဘုရား) ခု-တော့ မကူးတဲ့ဘကဖြင့် သေချာပြီဆိုတဲ့ အဓိပ္ပါယ်ဖြင့် တကာကြွယ် ဘာမှ သံသယ မရှိနဲ့ .... (မှန်ပါ့ဘုရား) ရှိသေးရဲ့လား....(မရှိပါဘုရား)။

ကဲ....ဒါဖြင့် လုပ်တတ်ကြပလား .... (လုပ်တတ်ပါပြီဘုရား) လုပ်တတ်ပြီ၊ ၂- ကိုဆုံးအောင် လိုက်လို့ရှိယင်ဖြင့် ၂-ထဲမှာ နိဗ္ဗာန်တွေ့တယ်....(မှန်ပါ့) ၂-ခန္ဓာ ဆုံးအောင် လိုက်ယင်.... (၂-ထဲမှာ နိဗ္ဗာန်တွေ့ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ဒို့ ဘဝကူး ကောင်းဘို့ဆိုတာ ဘဝ မကူး တော့ဘူး(မှန်လှပါ)ဒီ ကူးမှ ဘဝကူးတယ် .... (မှန်ပါ့) မဟုတ် ဘူးလား....(ဟုတ်ပါတယ်)။

ဒီမှာ ကြည့်ပါ့လားကဲ့ ဥပပတ္တိဘဝ.... (မှန်ပါ့) ဒါ ဘဝ ကူးသွားတာ၊ ကူးသေးရဲ့လား .... (မကူးတော့ဘူး) ဒီက- နေ တခါတည်း နိဗ္ဗာန် ဝင်သွားတာဘဲ.... (မှန်ပါ့) တကာကြွယ် နေရာကျပလား....(ကျပါပြီဘုရား)။

ဟာ....ဒါဖြင့် ဘုန်းကြီးက ပြောတော့ အလှယ်ကလေးလို့ ခင်ဗျားတို့တ ဆင်ခြေ မလဲပါနဲ့....(မှန်ပါ့)မလဲနဲ့၊ ပြောတော့ အလှယ်ကလေးလို့ ဆိုတော့ မလုပ်ချင်တဲ့လူ အသံ ထွက်လာ တာ....(မှန်ပါ့)ဦးဘုအုန်း ဘာတဲ့တုံး....(မလုပ်ချင်တဲ့လူ အသံ ထွက်လာတာပါဘုရား)။

ဘုန်းကြီးက ပြောတော့ အလှယ်ကလေး၊ လူဆိုတာ လှယ် တာ မဟုတ်ဘူး....(မှန်လှပါ) မလှယ်လို့ ရှိယင် ဒါလဲ မလုပ်နဲ့ လေ....(မှန်ပါ့) ဒါတော့ လုပ်တတ်တယ်.... (မှန်လှပါ) တကာ ကြွယ်....လူဆိုတာ မလှယ်ဘူးဆိုတော့ တဏှာ ဥပါဒါန်ကံတော့ လုပ်တတ်တယ်....(မှန်ပါ့ဘုရား) ပြတ်အောင်တော့.... (မလုပ် တတ်ပါဘုရား)။

နို့ .... လူဆိုတာ အခက်သားလို့ ခင်ဗျားတို့ မဟုတ်တာ တော့ လုပ်တတ်တယ်၊ ဟုတ်တာကျတော့....(မလုပ်တတ်ပါ) မလုပ်တတ်ဘူးဆိုတော့ ညည်းတဲ့ ပုဂ္ဂိုလ်က မလှယ်ဘူးဘုရား၊ ဘာ့ကြောင့် မလှယ်တာတုံး ပြောစမ်းပါဦး၊ ဒီနှစ်ခု ရှိတဲ့ဟာ တခုတော့ လုပ်တတ်တယ်....(မှန်လှပါ) တခုတော့ မလုပ်တတ်

ဘူး....တဲ့....(မှန်လှပါ) ဒါဘယ် နှယ် ပြောတာတုံး .... တကာကြွယ် ဘုယ် နှယ်ဆိုမတုံး....(မပြောတတ်ပါဘူးဘုရား၊ မပြောတတ်ပါဘူးဘုရား၊ ပြောနေကျ နှုတ်တက်လို့ တပည့်တော် သုံးလိုက်တာဘဲ....(မှန်ပါ့) ဒါဲရှိတယ်၊ တကာ့ ဥပါဒါန်ပွားနည်းတော့ လုပ်တတ်တယ်....(မှန်ပါ့) တကာ့ ဥပါဒါန် ချုပ်နည်းတော့.... (မလုပ်တတ်ပါဘူးဘုရား)။

အဲဒီတော့ အခုနည်းတွေပြီ ဟကာကြွယ်ရ.... (မှန်လှပါ) တကာ့ ဥပါဒါန်ချုပ်နည်းကတော့ ဝေဒနာလာယင် ဖြစ်ပျက်ရှု၊ စိတ်လာယင်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ရုပ်ကြိုက်တဲ့ပုဂ္ဂိုလ်က....(ရုပ်ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက် ရှုလိုက်တဲ့ အခါကျတော့ တကာ့ ဥပါဒါန်ကံ လာသလား၊ မင်္ဂလာသလား .... (မင်္ဂလာပါတယ်ဘုရား) မင်္ဂလာယင် ဖိုလ်လာရမယ်.... (မှန်ပါ့ဘုရား) ဝိပဿနာ မင်္ဂြိုး လောကုတ္တရာမင်္ဂလာပြီးတော့ ဖိုလ်လာမှာဘဲ... (မှန်ပါ့ဘုရား)။

ဒါတော့ လူဆိုတာ အခက်ကြီးလို့ လုပ်မနေနဲ့.... (မလုပ်ပါဘုရား) တခုလုပ်တတ်ယင် တခုတော့ လုပ်တတ်ရလိမ့်မယ်-(မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း... တကာကြွယ် ညည်းချင်သေးသလား....(မညည်းချင်ပါဘုရား) မညည်းဘဲနေယင် မလုပ်ဘဲလဲ မနေနဲ့ဗျ ခင်ဗျားတို့ (မှန်ပါ့ဘုရား) ဒါလဲ စိုးရိမ်ရသေးတယ် .... (မှန်ပါ့) တကယ့် ညည်းတော့ မနေဘူး၊ သြော်.... ကိစ္စက များလိုက်တာ ဆိုပြီး ဒီဥစ္စာလာလို့ရှိယင် ကိစ္စက များတယ် ဆိုလို့ရှိယင်.... တကာတကာမ့တို့ သွားပြီ.... (မှန်လှပါဘုရား) ကိစ္စက များတယ်ဆို

ဒါတွေပေါ်ပြီသာ အောက်မေ့... (မှန်ပါ့) ၃-နံပါတ် ပေါ်ပြီ (ပေါ်ပါပြီဘုရား)။

ကိစ္စများတယ်ဆိုတာ ဘာပြောတာပါလိမ့်.... (၃-နံပါတ် ပေါ်တာ ပြောတာပါဘုရား) ၃-နံပါတ်ဟာ ဒီခန္ဓာကိုယ်ထဲက ပေါ်လာတဲ့ တဏှာ ဥပါဒါန် ကိစ္စတွေ ဦးဘအုန်းရ.... (မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ လူဆိုတာဘုရား....၊ အရှင်ဘုရားများလိုလဲ မလွယ်တော့ ကိစ္စက သိပ်များတယ်....၊ ဘုရားကလဲ "သာဓုဝါသော ဗဟုကိစ္စော"... လို့ ဟောထားတယ် .... (မှန်လှပါ) အင်း.... ဘုရားတိုင်ပြန်ပြီး သူ့ဟာက....(မှန်လှပါဘုရား) တပည့်တော် အပါယ်သွားဦးမယ်တဲ့ .... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

"သာဓုဝါသော ဗဟုကိစ္စော" ဆိုတော့ တပည့်တော် ကိစ္စတယ်များဆိုတော့ ၃-နံပါတ်သူသွားမယ်- (သွားပါမယ်ဘုရား) ဘုရားကလဲ အဟောသား ဆိုတော့ဘုရားတိုင်ပြီး သွားမယ်ပြောတာ.... (မှန်လှပါဘုရား) ဘုရားတိုင်ပြီး ဘယ်သွားမှာတုံး.... (အပါယ်သွားမှာပါဘုရား)။

အံမာလေး... တကာကြွယ်တို့ စကားတတ်ပုံများ ဂွကျလိုက်တဲ့ဖြစ်ခြင်းမှ မပြောပါနဲ့ တော့-ဟင်....(မှန်လှပါဘုရား)တကာတကာမတွေ့ ခင်ဗျားတို့ ဒီဥစ္စာ အရေးတကြီး ပြောနေတယ်ဆိုတာ မှတ်လိုက်စမ်းပါ.... (မှန်လှပါဘုရား) ခင်ဗျားတို့က သာဓုဝါသော ဗဟုကိစ္စော ဆိုတဲ့ဥစ္စာနဲ့ဘဲ ဒါကလေး ဆင်ခြေလဲတယ်၊ ဆင်ခြေလဲတာက မောင်ဘသော်က စဉ်းစား။ ဆင်ခြေ

သည် ဘုယ်နှစ်နံပါတ်ထွက်လှာတာတုံး.... (၃–နံပါတ်ထွက်လာ ပါတယ်ဘုရား)။

ဒါဖြင့် ဘုရားကလဲ မဟောဘူးလား၊ ဃဲရာဝါသော ဗဟု ကိုစ္စောလို့ .... (ဟောပါတယ်ဘုရား) ဟောတာက ပယ်ဘို့ ဟောတာ ခင်ဗျားတို့ အသုံးချဘို့ ဟောတာ မဟုတ်ဘူး....(မှန်လှပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခုတော့ ဘုရားဟောတဲ့အထဲ ·တကာကြွယ်တို့က ဘုရားက ဒီလိုဟောတာ ပယ်ဘို့ဟောတာလား၊ အလုပ်-လုပ်ဘို့ ဟောတာ လားဆိုတာလဲ မရှေးဘူး.... (မရှေးပါဘုရား) အရေးရှိ ဘုရား ကို တိုင်တတ်တယ်....(မှန်လှပါဘုရား)။

အပြီးသတ်ကော့ ဒီဥစ္စာက အခြေအနေ သေသေချာချာသိ တော့ ဃဲရာဝါသော ဗဟုကိစ္စောဆိုတာ မင်းတို့ ဗဟုကိစ္စများ လို့ ရှိယင် မဂ်တားတော့မှာဘဲလို့ ပြောတာ .... (မှန်လှပါ) သဘောကျပလား....(ကျပါပြီဘုရား) မဂ်တားမည့် အလုပ်ကို တကာကြွယ်တို့က ဘုရားကိုက ဒီလိုဟောထားတယ် လုပ်ရဦးမယ် ဆိုတဲ့ အဓိပ္ပါယ်ရောက်နေတယ်.... (ရောက်နေပါတယ်ဘုရား)။

ဒါဖြင့် ဒီဆင်ခြေကို လဲချင်လဲထား.... (မလဲချင်ပါဘုရား) နောက် ပါဠိကလေးဖြုတ်ပစ်ကြနော်.... (မှန်လှပါ) ဖြုတ်ပစ်-ဖြုတ်ပစ်၊ ဘာဖြစ်လို့ တုံးဆိုလို့ ရှိယင် ၃-နံပါယ်ကူးတဲ့ ပါဠို.... (မှန်လှပါဘုရား) ဘယ်ကူးတဲ့ ပါဠိတုံး .... (၃-နံပါတ်ကူးတဲ့ ပါဠိပါဘုရား)။

ခင်ဗျားတို့၏ လူ၏ ကိစ္စဆိုတာကတော့ဖြင့် မကောင်းလို့ သူ့းရတာနဲ့ မနေသာတာနဲ့ ဟုတ်လား....(မှန်ပါ) မျက်နှာ

ကလေးများ မပြုလို့ရှိယင် မလှဘာနဲ့ဆိုတော့ ဒီဥစ္စာ မကောင်း တရားက လာစာ.... (မှန်လှပါဘုရား)။

မကောင်းဘာ တဏှာ.... ၊ တဏှာလွှာယင် ဥပါဒါန် လာမယ်.... (လာပါမယ်ဘုရား) ဥပါဒါန် လာယင် အဝတ် ပြင်ဆင်ပြီး ကာယကံ ဝစီကံနဲ့ သွားနိုင်တယ်.... (သွားနိုင်ပါဘယ်ဘုရား) မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

ဒါဖြင့် ဦးဘအုန်း မကောင်းဟာရှုးဆိုတာ သိပလား....(သိပါ ပြီဘုရား) မကောင်းတာရှုးဆိုတာ ၃-နံပါတ် အစ,သာမှတ်.... (မှန် လှပါဘုရား) မကောင်းအရာရှိဆိုတာ- (၃-နံပါတ် အစ,ပါဘုရား) ၃-နံပါတ် အစ,မှာ ဘာတွေသတုံး- (တဏှာတွေပါတယ်ဘုရား) တဏှာက မကောင်းတာ....(မှန်လှပါ)။

ဒါဖြင့် ဒီလို မကောင်းလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ဒေသနာမဟာ် က တဏှာလားယင်တော့ ဥပါဒါန်က မလျှော့နိုင်ဘူး-တဲ့.... (မှန် လှပါဘုရား) ဖြစ်ရမှာဘဲ-(မှန်ပါ-ဖြစ်ရမှာပါဘုရား) ဥပါဒါန် လာတဲ့ တနေ့ကျလို့ရှိယင်ဖြင့် ကာယကံ ဝစီကံနဲ့ ခင်ဗျားတို့ သွားရတော့မယ်- လာရတော့မယ်-ပြောရတော့မယ်- ဆိုရော့ မယ်....(မှန်လှပါဘုရား)။

နောက်ကျနေတာတောင်မှ ဘာလို့ နောက်ကျနေတာတုံး- ဒီမှာ ကိစ္စတောင် အတော် ခရီးပေါက်နေပြီ၊ အို.... သက်သက် လာတာဘဲ အစရှိသည်နဲ့ ဝစီကံကလဲ ပြောတယ်.... (မှန်ပါ) ကာယကံကကော.... (လုပ်ပါတယ်ဘုရား) သွားတာဘဲ ကာယ ကံကလဲ ခပ်သွက်သွက်-ဝစီကံကလဲ ခပ်ဖုံးဖုံး.... (မှန်လှပါ) ဒီလို မလုပ်ကြရဘူး....(မလုပ်ပါဘုရား)။

အဲဒါ ခင်ဗျားတို့က ဒီကံ အတိတ်ကံလို့ ယူမနေနဲ့၊ ခင်ဗျားတို့ အခုပြောတဲ့ ကံ.... (မှန်လှပါဘုရား) သွားတာက တာယကံ၊ ပြောတာက.... (ဝစီကံပါဘုရား)။

အဲဒါမသေခင်ပေါ်တာ....၊ သေမှာက ဒီကြားထဲကမှ သေမှာ.... (မှန်လှပါ) မသေသေးခင် လုပ်နေတဲ့ ကံတွေ.... (မှန်ပါ့) တကခကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ်တို့ လုပ်နေတာ ဃရာဝါသော ဗဟုကိစ္စောဆိုတဲ့ အသွားတွေက ယခု လုပ်တာလား၊ နောက်မှ လုပ်တာလား.... (ယခု လုပ်တာပါဘုရား) သေတော့ အကျိုးပေးမှာဘဲ.... (ပေးမှာပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါတွေ့ ပဋိစ္စသမုပ္ပါဒ်ကြီးကို ရှင်းလင်းအောင်ပြောပြီး သကာလ နေခြင်းဟာ ဦးဘအုန်း·ရေ.... ခင်ဗျားတို့ ဖုံးတာတွေ့ ဖိတာတွေ့ အကုန်ပေါ်အောင် လုပ်နေတာ.... (မှန်လှပါဘုရား) ခင်ဗျားတို့က ဖုံးလိုက်, ဖိလိုက်တာက လွန်နေတာဘဲ-(မှန်လှပါ) အပါယ်သွားတာတောင်မှ လျှိုးသွားချင်သေးတယ်-(မှန်လှပါ) မောင်းတီးပြီး မထွက်ချင်ဘူး... (မှန်လှပါ)။

တကာကြွယ် ဘယ် နှယ်ဖြစ်နေတာတုံး-(မှန်လှပါ) အင်း.... ဟင်.... ဖုံးကာ ဖိကာနဲ့ အကုသိုလ် ဆိုတာတော့.... ကျုပ်တို့ ကြောက်ပါတယ်၊ မနေသာလို့ ဖုံးကာ ဖိကာနဲ့.... (မှန်လှပါ) မလာဘူးလား.... (လာပါတယ်ဘုရား) မတတ်သာလို့ မုသားကလေး ပါသွားဘယ်.... (မှန်ပါ့) ဖုံးတာ ဖိတာဘဲ လာပြန်တာဘဲ.... (မှန်ပါ့ဘုရား) အင်း....အကုသိုလ်ကို မောင်းတီးဇတ်ဘူးပေါ့လေ၊ တယောက်တည်း ငါ့ဟာငါ ဂျန်းထိုးထွက်

လိုက်မယ်ဆိုတဲ့ အဓိပ္ပါယ်မျိုး.... (မူန်လှပါ) တကာကြွယ် ဒီဥစ္စာတွေက မဟုတ်တာတွေက သိပ် ဖုံးလေ့ ဖိလေ့ရှိကယ်.... (မူန်လှပါ) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲ....ဒီဥစ္စာတွေဟာ ခင်ဗျားတို့က ဖုံးလိုက် ဖိလိုက် ရှိပေမဲ့ ပဋိစ္စသမုပ္ပါဒ်ကတော့ ဟာ....၃-နံပါတ်ကူး....(မူန်ပါ့) ကူးယင် မပေါ့နဲ့တဲ့၊ ၄-နံပါတ်အပါယ်လေးပါး ဒုက္ခသစ္စာဘော့....(ရပါတယ်ဘုရား) ရ-ရမှာဘဲဆိုတာ မငြင်း မဆန်ခံရုံဘဲ.... (မှန်လှပါဘုရား)။

ဒါကြောင့် ဖုံးဖုံး ဖိဖိ ပရိယာယ် မာယာမျိုးတဲ့ တကာ တကာမတွေကျ တော့ တကာကြွယ် ကြောက်စရာကြီးပါလား-(မူန်လှပါ) မကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား) ပရိယာယ်နဲ့ ပြောလိုက်-ဆိုလိုက်၊ မာယာနဲ့ ပြောလိုက် ပြော လိုက် ဒီကူးပြီ.... (ကူးပါပြီဘုရား) မကူးသေးဘူးလား....(ကူးပါပြီဘုရား) ဘယ်နံပါတ်ကူးသလဲ.... (၃-နံပါတ် ကူးပါဘယ် ဘုရား) ၃-နံပါတ်ကူးတော့ ဘာသစ္စာဖြစ်သလဲ.... (သမုဒယသစ္စာဖြစ်ပါတယ်ဘုရား)။

ဟာ....သမုဒယသစ္စာဖြစ်ယင် တကာတကာမတို့ အခကြောင်း သစ္စာဘဲ....(မူန်ပါ့) ဒုက္ခသစ္စာတော့ လှလှကြီး ရတော့မှာဘဲ.... (မူန်ပါ့) မရပါနဲ့ဆိုလို့.... (မရပါဘုရား) တခါဘည်း တိုက် ရိုက် အကျိုးပေးမှာဘဲ....(မူန်ပါ့ဘုရား)။

အဲဒါကြောင့်.... ဒီအထဲမှာ တကာတွေ့လဲ များပါတယ်.... တကာမတွေ့လဲ များပါတယ်....(မူန်ပါ့) အဲဒီ များတဲ့ အထဲက နေပြီးသကာလ အင်း....မင်းဟာ ဆင်ခြေတွေ့လဲနေတာလဲ ၃-နံပါတ်က၊ ပရိယာယ် မာယာတွေ သုံးနေတာလဲ.... (၃-နံပါတ်

ပါဘုရား) အင်း.... အလကားနေရင်း နှုတ်ချိုနေတာကော.... (၃-နံပါတ်ပါဘုရား)။

နှုတ်ချိုလိုက်ရသားတယ်....၊ နှုတ်ချိုတာကလဲ သူ့ဆီက ပစ္စည်းနဲ့ အကြောင်းညီညွတ်အောင် ချိုနေတာ.... (မှန်လှပါ) မဟုတ်ဘူးလား.... (မှန်ပါ့)။

အဲဒီတော့ နှုတ်ချိုတယ်ဆိုတာလဲ တကာကြွယ် တဏှာက ထိုင်ပါဦး...၊ ကြည့်သွားပါဦး.... ဘယ်လို- ဘယ်သာ အစရှိသဖြင့် သုံးရ, နှုန်းရတာကွေ့လေ.... (မှန်လှပါ) ဘယ်နံပါတ် ကူးသွားသလဲ....(၃-နံပါတ် ကူးသွားပါတယ်ဘုရား)။

အင်း....ဘယ်နေရာမှာ ကူးတာတုံးဆို ဆိုင်ထဲတွင် ကူးဘာ.... (မှန်လှပါဘုရား) တိုက်ထဲမှာ ရောင်းယင်ကော.... (တိုက်ထဲမှာဘဲ ကူးတာပါဘဲဘုရား) တိုက်ထဲတွင် ၃-နံပါတ် ကူးသွားတယ် (မှန်ပါ့) မကူးဘူးလား.... (ကူးပါတယ်ဘုရား) အဲ....ဒါဖြင့် ၄-နံပါတ် နှုတ်ဆက်လိုက်ဘာဘဲ....(မှန်လှပါဘုရား)။

ဘယ်လို ဆိုကြမယ်.... (၄-နံပါတ် နှုတ်ဆက်ပါတယ်ဘုရား) ဟာ့... အာ....တကာကြွယ် ကြောက်စရာကြီးပါကလား-(မှန်လှပါဘုရား)၊

အဲဒါကြောင့် ဝိပဿနာလှည့်လုပ်လို့ ရှိယင် နေရာမကျဘူးလား.... (ကျပါတယ်ဘုရား) အဲ.... ဒါဖြင့် ဘုန်းကြီးက သတိပေးလိုက်ပါ့မယ်....တဲ့ တကာတကာမတို့ သောတာပတ္တိမဂ် ရအောင်လုပ်လိုက်....(မှန်ပါ့ဘုရား)။

သောတာပတ္တိ မဂ်ဉာဏ်ရအောင် လုပ်လိုက်ပါ.... (မှန်ပါ့) ဖြစ်ပျက်မြင်အောင်လုပ်လို့ ရှိယင်လဲ ယထာဘူတဉာဏ် ရတာဘဲ

(မှန်ပါ့ဘုရား) ကိုယ့်ခန္ဓာကြီး ဖြစ်ပျက် မြင်လာလို့ ရှိယင် နိဗ္ဗိန္ဒဉာဏ်ရတယ်.... (မှန်လှပါဘုရား) ကိုယ့်ခန္ဓာကြီး ဖြစ်ပျက် ဒုက္ခသစ္စာဘဲလို့ အမှန်သိယင် ဆုံးတာဘဲ....၊ ဆုံးယင် သောတာပတ္တိမဂ် ရပြီ....(မန်လှပါဘုရား) ဒီဘက်ရောက်သွား ပါပြီ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အဲဒီရောက်ပြီးမှ နောက်ကျန်တဲ့ ကိလေသာတွေ ကတော့ ဒီဘက် ကူးတော့ ကူးသေးတယ် (မှန်လှပါဘုရား) ကူးပင်း ကူးငြားသော်လဲ အပါယ်လေးပါးတော့ မရောက်ဘူး.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ကူးပင် ကူးငြားသော်လဲ.... (အပါယ်လေးပါးတော့ မရောက်ပါဘုရား)။

အဲဒီတော့ အပါယ်စိတ်ချရပြီးမှ တကာကြွယ်ရေ.... ခင်ဗျား တို့ ကူးချင်ကူးချ.... (မှန်လှပါဘုရား) အပါယ် သွားတတ်တဲ့ တရား, အပါယ်ကို မသွားတတ်တဲ့တရား, အပါယ်ကို မပို့ ဆောင်တတ်တဲ့တရား ကိုယ်ပိုင်ကလေးရအောင် လုပ်ဘို့ကောင်း တယ်....(မှန်ယှပါဘုရာ၊)။

ပြီးတော့မှ ရောင်းခြင်း, ဝယ်ခြင်း ပြုလုပ် နေမယ်ဆိုယင်.... ဝိသာခါတို့ နည်းတာတွေမှ မဟုတ်ဘဲ လုပ်နေကြတာ....(မှန်ပါ့ ဘုရား) အနှာထပိဏ်တို့ ကုဋေပေါင်းချီပြီး အရင်းအနှီး ပြုပြီး လုပ်တယ်....(မှန်ပါ့ဘုရား) လုပ်ပင် လုပ်ငြားသော်လဲ အပါယ် ရောက်သေးရဲ့လား....(မရောက်ပါဘုရား) ဘာပြုလို့တုံး၊ ဒီဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသတွေက ပယ်ပြီးသားဖြစ်ပါတယ်- (မှန်ပါ့ဘုရား)။

အဲဒီတော့ တကာကြွယ်ရေ ဘုန်းကြီးပြောနေကျအတိုင်းဘဲ ရှေ့နောက် ခွဲလိုက်ဆိုတာ မကိုက်ဘူးလား.... (ကိုက်ပါတယ်ဘုရား) အသေနဲ့ အပါယ်စိတ်ချရတာကို အရင်လိုက်-(မှန်ပါ့) စိတ်မချရတဲ့ သားရေး, သမီးရေး, စီးပွားရေးအလုပ်ကို နောက်မှ လုပ်ပါ့....(မှန်ပါ့) ဖြစ်တာပါဘဲ၊ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

နီဗ္ဗာန်အာရုံကြီး တခါလောက် ပြုထားနိုင်အောင်လုပ်, ပြီးတော့မှ သားတွေ, သမီးတွေ, ဆွေတွေ, မျိုးတွေကို ထောက်ပံ့ကူညီမှ, စဘို့, ဘာဘဲ လုပ်နေနေ အပါယ်တော့ မကျတော့ဘူး....(မှန်ပါ့ဘုရား) ကျွေးခဲ့လား... (မကျပါဘုရား)။

အဲဒီတော့ တကာကြွယ် ပြောရတယ်....၊ မောင်ဘသော်တို့ ပြောရတယ်၊ ရှေ့နောက်ခွဲလိုက်တာပေါ့....(မှန်ပါ့ဘုရား)။

အင်း.... ဒါကဲ့လေးတော့ တချို့တော့ ရအောင် လုပ်လိုက်တာပေါ့.... (မှန်ပါ့) ပြီးတော့မှ ရောင်းရေး, ဝယ်ရေးတွေကို တခါတည်း ကိုယ့်ဝတ္တရားရှိဘဲ့အတိုင်း ရွက်ဆောင်ပေးမယ်.... (မှန်ပါ့)မကူးဘူးလား-ကူးတယ်....၊ ကူးပေမဲ့ ကူးတဲ့တရားက အပါယ်မပို့ဘူး....(မှန်လှပါ) သဘောကျပလား.... (ကျပါပြီ) ကူးတဲ့တရားက....(အပါယ်မပို့ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ရှေ့နောက်ကလေးခွဲဘာကို ဝန်လေးဘို့ မရှိဘူး.... (မရှိပါဘုရား) ရှေ့နောက် လွဲသွားယင် အပါယ်ပဲနဲ့ခဲရမယ်....(မှန်လှပါဘုရား)။

သားရေး,သမီးရေး,စီးပွားရေး ရှေ့ထားပြီး မဂ်ရတဲ့အရေး

နောက်ထားယင်လေ အင်မတန် နစ်နာစသွားမှာ မဟုတ်လား....(မှန်ပါ့ဘုရား)။

အဲဒီဇတာ့ ဘုန်းကြီး တကာတကာမတွေ့ ဘယ်လို ဆုံးမသတ်မှုံးလို့ မေးတဲ့ တခါ တကာ တကာမတွေ့.... ခင်ဗျားတို့ ဝိပဿနာရေ့ထား.... (မှန်ပါ့ဘုရား) ခရီးပေါက်သလား....၊ ပေါက်ပြီးပြီ၊ ကဲ....သားရေး,သမီးရေး, ခင်ဗျန်းရေးတွေလဲ့ လုပ်ကြ....(မှန်လှပါဘုရား) ကိစ္စမရှိဘဲကိုး....(မှန်လှပါဘုရား)။

ဘာ့ကြောင့်တုံး ဆိုလို့ရှိယင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ဟောပါတယ်.... (မှန်ပါ့) တလောကြွယ် မှတ်ထား အာနာမရှိတဲ့လက်ဟာ....တဲ့၊ အဆိပ်ကိုင်ငြားသော်လဲ အဆိပ်က သူ့ကိုသေအောင်မလုပ်နိုင်ဘူး.... (မှန်လှပါဘုရား) အနာရှိတဲ့လက်နဲ့ အဆိပ်ကိုင်လိုက်ယင်တော့- (သေပါတယ်ဘုရား)အဆိပ်ဝင်သွားမယ်.... (မှန်ပါ့ဘုရား) အနာရှိသကိုးဗျ.... (မှန်ပါ့)။

အဲ....ဒီမှာလဲ ခင်ဗျားတို့ ဒိဋ္ဌိဝိစိကိစ္ဆာ အနာ ရှိနေတုန်း သားရေး, သမီးရေး, စီးပွားရေးဆိုတဲ့ ကိလေသာ အဆိပ်တွေ့ကိုင်ယင်တော့ဖြင့် သေပဲ့ဝင်ရလိမ့်မယ်....(မှန်ပါ့)။

အဲ....သောတာပန် တည်ပြီးပြီဘုရား....၊ ဒုက္ခအဆုံး နိဗ္ဗာန်မြင်ပြီးပြီဆိုတော့ အနားက ငြိမ်းတယ်.... (မှန်ပါ့) ဒိဋ္ဌိ ဝိစိကိစ္ဆာ အနာရှိသေးရဲ့လား....(မရှိပါဘုရား)။

မရှိတော့မှ သားရေး,သမီးရေး, စီးပွားရေးဆိုတဲ့ လောဘ, ဒေါသ,မောဟ,အဆိပ်တွေကိုင်တာပေါ့.... (မှန်ပါ့) ကိုင်ပေမဲ့သူက လူကို မသတ်တော့ဘူး.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါ့ကြောင့် တစ်ခါကြွယ် ဒီနေ့ တရားမှာ ရှေ့နောက်ခဲ့လို့က်....
(မှန်ပါ့) မင်္ဂလာမှကို့.... (ရှေ့ထားရပါမယ်ဘုရား) သားရေး
သမီးမေးရန်, စီးပွားရေးကို့.... (နောက်ထားရပါမယ်) မကြာပါ
ဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ဒီတွင် တော်ကြစို့.....

သာဓု....သာဓု....သာဓု....

အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော် မူသော
ကျေးဇူးတော်ရှင် ၊ အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရား - အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော
အရှင်သာရိပုတ္တရာနှင့် မြတ်စွာဘုရားအမေးအဖြေ
ပဋိစ္စသမုပ္ပါဒ်တရားတော် (၁၈)
(၉ - ၁၂ - ၆၁)

တံကာဘကာမတို့ မိမိခန္ဓာအကြောင်း မိမိကောင်းထောင်း သိဘို့ဟာ အရေး အကြီးဆုံးဘဲ ဆိုတာ မှတ်ကြပါ နော်.... (မူနှိုလှုပါ) မိမိခန္ဓာ အကြောင်း မိမိကောင်းကျောင်းသိဘို့ရာ အရေးကြီးပါတယ်....(မှန်လှုပါဘုရား) မိမိခန္ဓာအကြောင်း မိမိ ကောင်းကောင်းသိဘို့ ဆိုတဲ့ဥစ္စာ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ဟာ ဦးလှုဘူး သိပ်ပြီးအရေးကြီးတယ်....(ကြီးပါတယ်ဘုရား)။

ဒီ ခန္ဓာပဋိစ္စသမုပ္ပါဒ်မှ မသိပါဘူး ဆိုလို့ ရှိယင်ဖြင့် ဒီအထဲမှာ ငါတွေ ဝင်ရှုပ်နေမှာဘဲ....(မူနှိုလှုပါဘုရား)။

ခန္ဓ ပဋိစ္စသမုပ္ပါဒ်မသိယင် (ငါတွေ ဝင်ရှုပ်နေမှာပါဘုရား) ငါဝင်ရှုပ်နေလိမ့်မယ်ဆိုတာ တကာ တကာမတွေက မှတ်ထားပါ နော်....(မှန်လှုပါဘုရား)။

အဲဒီတော့ အတိတ် ဘဝက ကြည့်လိုက်လို့ ရှိယင်လဲ ပဋိစ္စသမုပ္ပါဒ်ကြီးမှာ တကာ တကာမတွေ မြင်တဲ့အတိုင်း ငါမှပါ-ပါ

ဘူး....(မှန်လှုပါဘုရား) အဝိဇ္ဇာသခ်ၤါရဘဲ ပါတယ်.... (မှန်ပ!) ဒါ- အာတိတ်ဘဝနော်.... (မှန်ပ!) (စက်ဝိုင်းထောက်ပြသည်)။

အာတိတ်ဘဝတုန်းက ရုပ်နာမ်ဆိုတဲ့ ငါရုပ်နာမ်ဘဲရှိတယ် ဆို တော့ ရုပ်ကိုတော့ ဒီအထဲမထည့်လို့ နာမ်ကချယ်လှယ်တာ ဖြစ် နေတော့ အာတိတ်ဘဝက အဝိဇ္ဇာသခ်ၤါရ ပြုလုပ်ခဲ့တာဘဲ....(မှန် လှုပါဘုရား)။

တဘဝလုံး အဝိဇ္ဇာသခ်ၤါရတွေနဲ့ နေခဲ့တယ် ဆိုလို့ရှိယင် မမှားဘူးပေါ့.... (မမှားပါဘုရား) အဲဒါ ဒီကနေပြီး အဝိဇ္ဇာ သခ်ၤါရကလာခဲ့တော့ ဘုန်းကြီးတို့ တကာ တကာမတွေမှာ သူ သည် အကြောင်းသမုဒယသစ္စာဆိုတာ ကျုပ်တို့က လုပ်ပြီးသား ဖြစ်နေတယ်....(မှန်လှုပါဘုရား) ဘာသစ္စာလုပ်ပြီးသား ဖြစ်နေ သလဲ.... (အကြောင်း သမုဒယသစ္စာ လုပ်ပြီးသား ဖြစ်နေပါ တယ်ဘုရား)။

အကြောင်း သမုဒယသစ္စာလုပ်ပြီးသား ဖြစ်နေတော့ စုတိ မနေ သေလွန်တော့ကို....ဘဲ့၊ မင်းတို့ ဟိုဘက်က ရုပ်နာမ်တော့ ဘာမှမပါဘူးကွာ.... (မှန်လှုပါ) ဟိုဘက်က ရုပ်နာမ်တော့.... (ဘာမှမပါ-ပါဘုရား) သို့သော် အကြောင်းအကျိုးတော့ ဆက် စပ်နေလို့ ဒါကခေါ်ပြတယ်... (မှန်ပါ့ဘုရား)။

ဒီအကြောင်းနဲ့ ဒီအကျိုးဆက်စပ်တယ်....(မှန်ပါ့) ဟိုဘက် က ရုပ်နာမ်တော့ ဘာမှမပါဘူး....(မပါ-ပါဘုရား)ပါသေးရဲ့ လား....(မပါ-ပါဘုရား) အကြောင်း အကျိုးတော့ (ဆက်စပ် ပါတယ်ဘုရား)။

အဲဒါ- သိရတော့မှ ဘုန်းကြီးတို့ တကာ တကာမတွေ့မှာ ဩော်....နောက်ဘဝက ရုပ်နာမ်ဆိုတာ တတိုတစမှ ဒီဘဝမှာ မပါ-ပါကလား....(မှန်ပါ့) အကြောင်း အကျိုးကျတော့.... (ဆက်စပ်ပါတယ်ဘုရား)။

အကြောင်းအကျိုး ဆက်စပ်တာတော့ တကာတကာမှတို့ မြင်တဲ့အတိုင်းဒီမြွားကလေးကဝိညာဏ်နဲ့ ဆက်ပါတယ်လို့ ပြောတယ်....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာသင်္ခါရနဲ့ ဝိညာဏ်နာမ်ရုပ်တွေနဲ့ ဘယ်နှယ်တုံး.... (ဆက်ပါတယ်ဘုရား) ဆက်စပ်နေတယ်ဆိုတာ ဘုန်းကြီးတို့ တကာတကာမနဲ့တူကသိထားတယ်.... (သိထားပါတယ်ဘုရား)။

ဩော်....နောက်ဘဝက ငါ- ဘာဖြစ်ခဲ့ ပါလိမ့်မလဲ ဆိုတဲ့ ဝိစိကိစ္ဆာ လားသေးရဲ့လား....(မလာပါဘုရား) နောက်ဘဝက ဩော်.... ရုပ်နာမ်ထဲ အဝိဇ္ဇာသင်္ခါရချယ်လှယ်နေတာဘဲ ဆိုတာ ပေါ်သွားဘယ်....(မှန်ပါ့) မပေါ်သေးဘူးလား .... (ပေါ်ပါတယ်ဘုရား)။

အင်း....ဒီဘဝကျတော့ ငါ ဘာဖြစ်လာပါလိမ့်မတုံး ဆိုတဲ့ ဝိစိကိစ္ဆာလဲ ဦးဘအုန်း သိမ်းလိုက်တယ်....(မှန်ပါ့)။

ဒီဘဝမှာ ဘာမှုမဖြစ်ဘူး၊ ဝိညာဏ် နာမ်ရုပ် သင်္ဃာယတန် ဖဿ ဝေဒနာပေါ်တာဘဲရှိတယ် ....(မှန်လှုပါဘုရား) ခန္ဓာငါး ပါးပေါ်တာဘဲရှိတ့ယ်၊ တခြားပေါ်တာ ရှိရဲ့လား .... (မရှိပါဘုရား)။

အင်း....ရှေးဘဝက ငါဘာဖြစ်ခဲ့ပါလိမ့်မတုံးဆိုတဲ့ ဝိစိကိစ္ဆာလဲ သေပါပြီ....(မှန်လှုပါဘုရား) ဒီဘဝ ငါဘာပါလိမ့်မတုံး.

ဆိုတဲ့ဥစ္စာ ဒီထဲ ငါကိုမပါဘူး... (မပါ-ပါဘုရား) ဒီဘဝမှာလဲ ဝိညာဏ်နှာမ်ရုပ် သဋ္ဌာယတန ဖဿ ဝေဒနာဆိုတဲ့အကျိုးတရား တွေ ပေါ်လာတာဘဲရှိတယ်.... (မူန်ပါဘုရား) သဘောကျ ပလား...(ကျပါပြီ)။

ဒါဖြင့် အကြောင်းကြောင့် အကျိုးဖြစ်နေတယ်.... (မူန်ပါဘုရား) အကြောင်းကြောင့်.... (အကျိုး ဖြစ်နေပါတယ်ဘုရား) အကြောင်းကအတိတ်....(မူန်ပါ)အကျိုးက(ပစ္စုပ္ပန်ပါဘုရား)။

ပစ္စုပ္ပန်ဘဲဆိုတာ ထင်ရှားနေတော့ ယခု မိမိတို့သည်....တဲ့ အကျိုးထဲမှာ ရောက်နေကြတယ်ဆိုတဲ့ဥစ္စာ ထင်ရှားတယ် .... (ထင်ရှားပါတယ်ဘုရား) မိမိတို့ ဘယ်ထဲ ရောက်နေသလဲ.... (အကျိုးထဲမှာ ရောက်နေပါတယ်ဘုရား) အကျိုးထဲ ရောက် နေတော့ကို အကြောင်းက သမုဒယသစ္စာ၊အကျိုးကဘာပါလိမ့် (ဒုက္ခသစ္စာပါဘုရား) အကျိုးတ ဒုက္ခသစ္စာဖြစ်နေတော့ အို-ဒို ခန္ဓာကြီးဟာ ဘယ်သူက ဘာပြောပြော လူချမ်းသာလို့ ပြော ငြားသော်လဲ အကုန်ဒုက္ခသစ္စာ....(မှန်လှပါဘုရား) ခန္ဓာထဲပေါ် လေသချိဟာ ဘာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ခန္ဓာထဲ ပေါ်လေသချိဟာ ဒုက္ခသစ္စာဆိုတော့ မသိမှာစိုး တော့ ဉာဏ်နဲ့ကြည့်လိုက်တော့ ဖြစ်မှုနဲ့ပျက်မှုဘဲရှိတယ်(မှန်လှ ပါ) ဝိညာဏ်ကလေးကြည့်လိုက်ပြန်လဲ ဖြစ်မှု ပျက်မှုဘဲရှိတယ်၊ နာမ်ရုပ် ကြည့်လိုက်ပြန်ကော'... (ဖြစ်မှုပျက်မှုဘဲ ရှိပါတယ်) သဋ္ဌာယတန ကြည့်လိုက်ပြန်ကော.... (ဖြစ်မှု ပျက်မှုပါဘုရား) ဖဿ ဝေဒနာကြည့်လိုက်ပြန်ကော.... (ဖြစ်မှု ပျက်မှုပါဘုရား) ဖြစ်မှုပျက်မှုကို ဘာသစ္စာဆိုမလဲ....(ဒုက္ခသစ္စာပါဘုရား)။

အဲ....ဒုက္ခသစ္စာဆိုတာ ခင်ဗျားတို့က နာမ္မ,ကျင်မ္မ,ကိုက်မ္မ, ခဲမ္မ ဒီလိုမယူပါနဲ့....(မှန်ပါ့ဘုရား)ဖြစ်ပျက်ရှိနေတဲ့အတွက်ဒုက္ခသစ္စာလို့ မှတ်လိုက်ပါ....(မှန်လှပါဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်အကျိုးတလ္ဘာ....(မှန်ပါ့) သဘောကျပလား(ကျေပါပြီ)ဒီအကြောင်း တလ္ဘာကြောင့် ဒီအကျိုး တလ္ဘာဖြစ်တယ်ပြောတာ... (မှန်ပါ့ဘုရား) အကြောင်း တလ္ဘာကြောင့်....(အကျိုးတလ္ဘာဖြစ်တယ် ပြောတာပါ ဘုရား) အကျိုးတလ္ဘာဖြစ်တယ်ဆိုတဲ့ဥစ္စာကို ဒါဟာ တကာတကာမတွေ့မျက်မြင်အားဖြင့်ဘဲ ရှင်းပါပြီ၊ ခန္ဓာစဉ် ဒီအတိုင်းလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ကောင်းကောင်း ရှင်းကြပလား....(ရှင်းပါပြီဘုရား) ဒီအကျိုးတလ္ဘာထဲမှ ယခု ဒို့-စားကြ သောက်ကြ သားနဲ့ မယားနဲ့ ဆွေနဲ့ မျိုးနဲ့ နေကြ ထိုင်ကြတာ ဒို့လုပ်သ၍ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ကြောင်းကိုသာ မလုပ်တော့ပါဘူး.- ဆိုလို့ရှိယင် တကာ တကာမတို့ စားနေတာလဲဒုက္ခသစ္စာ....(မှန်ပါ့) ဝတ်နေတာလဲ.... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာချည်းဘဲဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား)။

ဒီဒုက္ခသစ္စာကြီးကို တကာ တကာမတွေက ဒုက္ခသစ္စာမှန်းမသိတော့ မသိမ်းချင်ကြဘူး၊ မဆည်းချင်ကြဘူးဆိုတာ မော်ငှ်ဘသော်တို့ ဦးလှဘူးတို့ မသိလို့ မသိမ်းချင်တာ .... (မှန်လှပါဘုရား)။

အဲဒီတော့ သိအောင် ဆရာဘုန်းကြီးက ပြောရတယ်.....

(မှန်ပါ့) သိအောင် ဒီ တကာ တကာမတွေ့ မပြောလို့ ရှိယင် သိမ်းချင်တဲ့ဥာဏ်ဟာ လွှာမယ်မဟုတ်ပါဘူး (မလာပါဘုရား)။

သိမ်းချင်တဲ့ဥာဏ် မလွှာတော့ ဘာဖြစ်နေသတုံးလို့ မေးတော့ မသိမ်းချင်တဲ့ ဒီခန္ဓာကြီး ခင်တဲ့ တဏှာ မလာပေဘူးလား....(လာပါတယ်ဘုရား)ဒီခန္ဓာကြီး စဲလွှမ်းဟဲ့.... (ဥပါဒါန် ပါလာပါတယ်ဘုရား) ဒီခန္ဓာကြီးကို နောက်ဘဝအားထုတ်တဲ့ စာယကံ ဝစီကံ....(လာပါတယ်ဘုရား) ကမ္မဘဝ မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒါက မောင်ဘသော်တို့ ဦးဘအုန်းတို့ မေးရမယ်နော်.... (မှန်ပါ့) ဘယ်နှယ်ကြောင့် ဒါတွေ့ ပေါ်တာပါလိမ့်မတုံးလို့ မေးတော့ ခန္ဓာဒုက္ခသစ္စာ မသိလို့....(မှန်လှပါသူဆုံး)။

ဘယ်နှယ်ကြောင့် ဒီဟာတွေ့ ပေါ်ပါလိမ့်.... (ခန္ဓာဒုက္ခသစ္စာ မသိလို့ပါဘုရား) ဘဏှာ ဥပါဒါန် ကံတွေ့ ပေါ်လာတာသည် တကာ တကာမတို့ ခင်ဗျားတို့ ဒါဘဲ အားထုတ်လို့ ပေါ်တာ...(မှန်ပါ့ဘုရား)။

ဒီအားထုတ်လို့ ပေါ်တဲ့နေရာမှာ ဆရာဘုန်းကြီးက ဘုရားဟောတဲ့အတိုင်း ဒါ အားမထုတ်နဲ့၊ သတိပေးလိုက်တယ် .... (မှန်ပါ့)ဒါ အားမထုတ်ပါနဲ့၊ ဒါ အားထုတ်လို့ ရှိယင် မင်းတို့ နောက်ဒုက္ခ ပြန်ရလိမ့်မယ်.... (မှန်လှပါဘုရား) သတိ မပေးရဘူးလား... (ပေးရပါတယ်ဘုရား)။

ဒီဟာ မပေါ်စေနဲ့ .... (မှန်ပါ့) ဒီခန္ဓာကြီးထဲက ယခုပစ္စုပ္ပန်ဘဝ ခန္ဓာကြီးက တားတယ် .... (မှန်လှပါ) ဒီအထဲက ဒါတွေ့ မပေါ်စေနဲ့တဲ့....(မှန်ပါ့) သဒ္ဓါဘာကျပလား....(ကျပါပြီဘုရား)။

ဒီကျတဲ့ယ်.... (မှန်ပါ့) ဒီ ကျတဲ့အခါကျလို့ ရှိယင် ပစ္စုပ္ပန်အကြောင်းခြင်းရာငါးပါး ပေါ်မှာစိုးရိမ်တယ်....(မှန်ပါ့)ဒီဟာဒီငါးပါးပေါ်လာမှာကိုး....(မှန်ပါ့)။

ကောင်းပြီ- ဒီငါးပါး ပေါ်လာတာက ဘာမသိလို့ ပေါ်လာတာတုံး....(သစ္စာမသိလို့ ပေါ်လာတာပါဘုရား) ၂-နံပါတ် ဒုက္ခသစ္စာ မသိကြတာနဲ့ဘဲပေါ်လာတယ် .... (မှန်ပါ့ဘုရား) ၂-နံပါတ် ဒုက္ခသစ္စာ.... (မသိတာနဲ့ ပေါ်လာပါတယ်ဘုရား)။

ဩော်....ဒါကြောင့် ကိုယ်ခန္ဓာ ကိုယ်ခင်တဲ့ တဏှာ၊ကိုယ်ခန္ဓာ ဘာမှတ်လို့ တုံးဆိုတဲ့ မှာနတွေ့ မလာဘူးလား....(လာပါတယ်ဘုရား) ဥပါဒါန်တွေ့ တဏှာတွေ့ ဒိဋ္ဌတွေ့ကော....(လာပါတယ်ဘုရား)။

ဩော်....ဘယ်နှယ်ကြောင့် ဒါတွေ့ချည်းဘဲ လို့လို့လာနေပါလိမ့်မတုံးလို့ ဦးဘအုန်း မေးယင် ဘယ်နှယ်ပြောပါ့မလဲ (၂-နံပါတ်ဒုက္ခသစ္စာ မသိလို့ ပေါ်လာပါတယ် ဘုရား) ၂-နံပါတ် ဒုက္ခသစ္စာကို ဟောပေး ပြောပေးမည့်သူလည်း မရှိကိုယ်တိုင်လည်းမသိ-(မှန်လှပါ)ဟောပေးပြောပေးမည့်သူလည်း(မရှိပါဘုရား)ကိုယ်တိုင်လည်း....(မသိပါဘုရား)။

ဟောပေး ပြောပေးမည့်သူ ရှိလို့ ကိုယ်တိုင်လည်း သိမယ်ဆိုတော့ ဩော်.... ဒါ ဒုက္ခသစ္စာပါကလား- ဆိုလို့ ရှိယင် မင်္ဂလာပေါ်လာတယ်.... (မင်္ဂလာပါဘုရား) မခပေါ်ဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ဒါဒုက္ခသစ္စာဘဲ၊ဒို့ခန္ဓာကြီးလဲ ယခု အာမျိုးမျိုး ဖြစ်ပေါ်ပေါက်နေတဲ့ စိတ်ကလေးဘဲ့ ဖြစ်လဲ ပျက်တာဘဲ၊ ဖဿ ဖြစ်လဲ ပျက်-ဝေဒနာ ဖြစ်လဲ ပျက်တာဘဲ၊ဖြစ်ပျက် ဒုက္ခသစ္စာပါ

ကလား·လို့ ကိုယ့်ခန္ဓာ ကိုယ်သိမယ်ဆိုယင် ဟောဒီ အစပ်ကဲ့လေး မစပ်ပါဘူး....(မှုန့်လှုပ်ဘုရား)စပ်နိုင်ပါ့မလား .... (မစပ်နိုင်ပါဘုရား)မစပ်ပါဘူး... တဲ့၊ ကိုယ့်ခန္ဓာ ကိုယ်ဒုက္ခသစ္စာရယ်လို့ သိယင်....(မှုန့်လှုပါ)။

အခု သိနေတာကတော့ အင်း.... ယောကျ်ားဘဲဆိုပြီး ကိုယ့်ကိုယ်ကို ယောကျ်ားဘဲဆိုပြီး ကိုယ့်ကိုယ်ကို ခင်တယ်၊ ကိုယ့်ကိုယ်ကို စဲ့လမ်းတယ်၊ သူ့ကို ကျေးဇူးမဲ့ဇူးအားထုတ်တယ်ဆိုတဲ့ တဏှာ ဥပါဒါန် ကံတွေနဲ့ အချိန်ကုန်နေကြတယ်.... (မှုန့်လှုပါဘုရား) မကုန်ကြဘူးလား....(ကုန်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ တဏှာ ဥပါဒါန် ကံတွေနဲ့ အချိန်ကုန်နေတော့ စုတေမနေ သေလွန်တော့ ဒီဘက် သွားစပ်တာပေါ့.... (မှုန်ပါ့) စပ်လိုက်တဲ့ အခါကျတော့ ဇာတိ ဇရာ မရဏတို့ ဒီဘက်က ဝိညာဏ် နာမ်ရုပ်တို့ဆိုတာ အကုန်ရတာဘဲ... (မှုန်ပါ့) ရတော့ ဘာတွေ့ရသတုံးဆိုတော့ အို....မင်းတို့ မနေတတ်တာနဲ့ ဝိပါက ဝဋ်ရှစ်ပါး....(မှုန့်လှုပါဘုရား) ဘာတွေ့ ရသလဲ .... (ဝိပါက်ဝဋ်ရှစ်ပါး ရပါတယ်ဘုရား)။

ဝိပါက်ဝဋ်ရှစ်ပါး ရလာတယ် တကာတကာမတို့....(မှုန်ပါ့) ရတာဘဲ....တဲ့၊ ဝိပါကဝဋ်ရှစ်ပါးဆိုတာက တကာ တကာမတွေ့ သိတဲ့အတိုင်း ဒီက်က် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ငါးပါး မခန့်ကွဲးလား .... (ဇနပါတယ်) ဒီဘက်က ဒုစ်ပါး ဇာတိ နောက်ပြီးတော့ ဇရာ မရဏ ခရုပြီးယူလိုက်.... (မှုန်ပါ့)ဥပပတ္တိဘဝနဲ့ ပေါင်းလိုက်တော့ ရှစ်ပါး...(မှုန်ပါ့) ဥပပတ္တိဘဝဆိုတာက ခင်ဗျားတို့ ဇာတိကိုဆိုတာပါ.... (မှုန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ မနေတတ်တာနဲ့. ဘုန်းကြီးတို့ တကာတကာမတွေ ငြိမ် ငြိမ် မနေတာနဲ့ ဆရာကောင်း- သမားကောင်းကလဲ မတွေ့တာနဲ့. ဒီအကြောင်းတွေ အားထုတ်ပြန်တာနဲ့. ဒီအကျိုးတွေ ပြန်ရတယ်....(ရပါတယ်ဘုရား) အားထုတ်တာက သမုဒယသစ္စာ....(မှန်ပါ့) ရတာက.... (ဒုက္ခသစ္စာပါဘုရား) ပစ္စုပ္ပန် ခန္ဓာထဲက ဒါ ပေါက်ပွားလာတယ်လို့ ပြောတယ်....(မှန်ပါ့) ဒါ ပေါက်ပွားလာတဲ့အတွက် ပစ္စုပ္ပန် အကြောင်းခြင်းရာ ငါးပါးကြောင့် အနာဂတ် အကျိုးခြင်းရာငါးပါး ဒီမှာ ပေါ်ပါတယ်....(မှန်လှပါဘုရား) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

နောင် ဖြစ်လတ္တံ့သော အနာဂတ်ကာလဆိုတာ ဒါဘဲ....(မှန်လှပါဘုရား) ဒါ့ကြောင့် အနာဂတ် အကျိုးတရားလို့....(မှန်လှပါဘုရား)။

ဒီအလှာအတိတ်အကြောင်း တလှာပေါ်မှာ ပစ္စုပ္ပန်အကျိုးတလှာက သွားထပ်တယ်-(မှန်လှပါ)တခါ ပစ္စုပ္ပန်အကြောင်းတလှာက ဒီအပေါ် သွားထပ်တော့ သုံးဆပ်...(မှန်ပါ့) ဒီက အကျိုးတလှာက သွားထပ်တော့ လေးထပ် ဖြစ်သွားတယ်....(မှန်ပါ့ဘုရား)အလှာလေးထပ်ဆိုတာ ဒါဘဲ- (မှန်လှပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အလှာလေးထပ်ဆိုတာ တကာတကာမတွေ ဘာတွေဟုံး.... အကြောင်း နှစ်ထပ်၊ အကျိုး နှစ်ထပ်ပေါ့.... (မှန်လှပါဘုရား) ရှင်းပြီ... နော်.... (ရှင်းပါပြီဘုရား) ဦးဘအုန်းတို့ ရှင်းရဲ့လား.... (ရှင်းပါဘယ်ဘုရား) ဦးလှဘူးကော.... (ရှင်းပါတယ်ဘုရား) အကြောင်း နှစ်ထပ်၊ အကျိုး နှစ်ထပ် ဖြစ်နေတယ်....(မှန်ပါ့)။

အကြောင်းနှစ်ထပ်၊ အကျိုးနှစ်ထပ်ကို လက်သည် ရှာလိုက်တော့ သမုဒယသစ္စာပေါ်မှာ ဒုက္ခသစ္စာ ထပ်တယ်.... (မှန်လှပါ)ဒုက္ခသစ္စာပေါ်မှာ....(သမုဒယသစ္စာ ထပ်ပါတယ်)သမုဒယသစ္စာပေါ်မှာ....(ဒုက္ခသစ္စာ ထပ်ပါတယ်ဘုရား) နောက် ဒီလို ချည်း ထပ်စမ်းပါဦးဆိုတော့ မောင်ဘသော် ဆုံးနိုင်ပါ့မလား-(မဆုံးနိုင်ပါဘုရား)။

အဲဒါကြောင့်.... အလောင်းပေါ် အလောင်း ထပ်တယ်.... (မှန်လှပါဘုရား) အလောင်းပေါ် အလောင်းထပ်တယ်ဆိုတာ တကာတကာမတွေ့ ရိပ်မိကြပါပြီ.... (ရိပ်မိပါပြီဘုရား) ဘယ်တော့ စခန်းသတ်လို့ ဘယ်တော့ရပ်ကြမှာတုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတို့ ဘယ်ဘဲ့မှမရပ်ဘူး.... (မရပ်ပါဘုရား)။

အဝိဇ္ဇာဆိုတာ သစ္စာမသိဘူး....(မှန်ပါ့) မသိတော့ ပြုချင်တာပြုတယ်လို့ မနေ့က ပြောခဲ့တယ်.... (မှန်လှပါ) မပြောဘူးလား....(ပြောပါတယ်ဘုရား)။

အဲဒီတော့ ဒီနေရာမှာ ခင်ဗျားတို့က ဒီခန္ဓာကြီးကို ဝိဇ္ဇာနဲ့ ပြန်ကြည့်....(မှန်လှပါ)ဝိဇ္ဇာဆိုတာက ဉာဏ် - (မှန်ပါ့)အဝိဇ္ဇာဆိုတာက မောဟ မသိတာ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဝိဇ္ဇာဉာဏ်နဲ့ ပြန်ကြည့်လိုက်တော့မှ ခန္ဓာကြီးက ဘာသစ္စာတွေ့သလဲ.... (ဒုက္ခသစ္စာ တွေ့ပါတယ် ဘုရား) အဲဒီတွေ့တော့ ဒီမှာ ဝိဇ္ဇာက လာဖြတ်တယ်....(မှန်ပါ့) မဖြတ်ဘူးလား.... (ဖြတ်ပါတယ်ဘုရား) ဝိဇ္ဇာက ဖြတ်လိုက်တဲ့အခါကျတော့ ဒီဘက်လာသေးရဲ့လား.... (မလာပါဘုရား) မလာလို့

ရှိယင် ဖြတ်တဲ့ ပုဂ္ဂိုလ်က ဒီဘက်သွားတယ်.... (သွားပါတယ် ဘုရား) ဝေဒနာနိဗ္ဗာန်ရောမော နိဗ္ဗာနံ၊ ဝိညာဏ နိဗ္ဗာနံ ဆိုပြီး နိဗ္ဗာန်ချည်းသွားတော့....(မှန်လှပါဘုရား) သဘောပါ ကြပလား....(ပါ-ပါတယ်ဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့ ဒီအဝိုင်းကြီးသည်ကား လို့ ဆိုလို့ရှိယင်ဖြင့် အခုဝိုင်းပြသလား၊ ထပ်ပြသလား-(မှန်လှပါ)ဒီနေ့တော့ ထပ်ပြဘယ်၊သဘောကျပလား- (ကျပါဘယ်)။

အတိတ် အကြောင်းသည် မကောင်းတာတွေ့ အားထုတ်သောကြောင့်.... ပစ္စုပ္ပန်အကျိုးက သူ့ပေါ်မှာ ပေါ်တာ.... (မှန်ပါ့) ဒီအကြောင်းက ထပ်ပြီး အားထုတ်နေတော့ ဒီအကျိုးပေါ် ထပ်ပေါ်တယ်.... (မှန်ပါ့) ဒီအကြောင်းပေါ်မှာ တခါ ဒီအကျိုးထပ်ပေါ်တယ်....(မှန်ပါ့)။

တခါ ဒီအကျိုးပေါ်မှာလဲ သူ့ဒီအကြောင်းတခုသာ ထပ်လုပ်ယင် ဒါလဲ ထပ်ပေါ်ဦးမှာဘဲ....(ပေါ်မှာပါဘုရား) ပေါ်တော့ အဝိုင်းလည်ဆိုလဲ့ဟုတ်ပါတယ်၊ ထပ်ဘယ်ဆိုလဲ.... (ဟုတ်ပါတယ်ဘုရား)။

သြော်....ထပ်တာကလဲ ဘာသစ္စာ ဘာသစ္စာထပ်နေသတုံး.... (သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ထပ်နေပါတယ်ဘုရား)သမုဒယနဲ့ ဒုက္ခဘဲ ဆက်ထပ်ဘယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ အောက်ကမိုး အပေါ်ကထင်း- (မှန်ပါ့ ထင်းပေါ်ကမိုး၊ မိုးပေါ်ကတခါ.... (ထင်းပါဘုရား) ထင် မီးချည်း ထပ်နေပါပေါ့ကလား....ဆိုတဲ့ ဥစ္စာဖြင့် ဦးဘအုဒြင်းဘို့ မလိုဘူး....(မလိုပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ.... နောက်တုန်းက တပည့်တော်တို့ဘုရား ဘယ်လိုနေလို့ ဘယ်လိုထိုင်ခဲ့ကြတယ်တုံးလို့....ဘုရားသွား မေးမေး၊ ဆရာဘုန်းကြီး မေးမေး၊ မီးပေါ် ထင်းထပ်တာဘဲဟေ့၊ ထင်းထည့်တာ.... (မှန်ပန်) နောက်မီးပေါ်ကော-(ထင်းထည့်တာပါဘဲ) ဟင်....နောက်မီးပေါ်ကော (ထင်းထည့်တာပါဘဲဘုရား)။

ဘယ်တော့ မီးသေမလဲ....(မသေပါဘုရား) ထင်းထည့်ကကော ဘယ်တော့ရပ်သလဲ....(မရပ်ပါဘုရား)။

ဪ... မီးကလဲမသေ ထင်းကလဲ ထည့်မြဲတိုင်း ထည့်နေကြတော့....သုံးဆယ့်တဘုံ တဟုန်းဟုန်းတောက်နေတာ ဒီခန္ဓာအစဉ်ဘဲ.... (မှန်လှပါဘုရား) သုံးဆယ့်တဘုံ တဟုန်းဟုန်းတောက်နေတာ....(ဒီခန္ဓာအစဉ်ပါဘုရား) ဦးဘအုန်း ဒါတွေသတော်ကလို့ ရှိယင် ဘယ်မှာ သစ္စာသဘောကျမတုံး....(မကျပါဘုရား)။

အခုတော့ဖြင့် တကာတကာမတွေက ဪ... အထပ်လေးလွှာပြလိုက်သဖြင့် ၁-ပေါ် ၂-ထပ်ဘယ်....(မှန်ပါ့) ၂-ပေါ်ကို (၃-ထပ်ပါတယ်ဘုရား) ၃-ပေါ်မှာ.... (၄-ထပ်ပါတယ်ဘုရား) တခါ ၄-ပေါ်မှာ ဘာထပ်...(၅-ထပ်ပါတယ်ဘုရား)အေး....ဒထပ်ချင်လဲထပ်၊ ၅-ပြောင်းပြီး ထပ်ချင်လဲ ထပ်ရမှာဘဲ-(မှန်ပါ့) မရပေဘူးလား....(ရပါတယ်ဘုရား)။

အဲဒီကော့ ဒီအထပ်တွေဟာ အောက်ကမီး အပေါ်ကထင်းထင်းကနေပြီး မီးဖြစ်၊ မီးပေါ်မှာတခါ ထင်းထည့်.... (မှန်ပါ့) ဧထည့်ဘူးလား....(ထည့်ပါတယ်ဘုရား) ထင်းကနေပြီး မီးဖြစ်

(မှန်ပါ့) အင်း....ဟင်....မီးကဲနေပြီး ဘာလုပ်ကြတယ်....(ထင်းထည့်ပါတယ်ဘုရား)။

အဲဒီ ထင်းကတခါ မီးထတောက်ပြန်ပြီ....(မှန်ပါ့) ထင်းထပ်ထည့်တော့ ဦးဘအုန်း ဒီ မီးပုံကြီးဟာ အကုန်ဥဇြဟ္မဒူးပြည်တိုင်အောင် ဆုံးပါဦးမလား....(မဆုံးပါဘုရား)။

သြော်.... ဒို့သည်ကားလို့ဆိုယင်.... ဆရာကောင်း သမားကောင်းလဲ မတွေ့တာဘူးဆိုယင် ဒီမီးငြိမ်းဘို့ ဒီဆင်းသိမ်းဘို့ အရေးဟာ ဝေးပါသေးတယ်.... (ဝေးပါသေးတယ် ဘုရား) မီးငြိမ်း ထင်းသိမ်းဘို့လေ....(ဝေးပါသေးတယ်ဘုရား)။

အင်မတန် ဝေးပါသေးတယ် ဆိုတဲ့ဥစ္စာဖြင့် ဦးလုဘူး-ကျေကျေနပ်နပ် သဘောကျဘို့ ကောင်းတယ်.... (ကျေပါပြီဘုရား) ရှင်းကြပါလား....(ရှင်းပါပြီဘုရား)။

အားလုံး တကာတကဲ့ကမတွေ့ ကိုယ့်အဖြစ်ဆိုးဖြင့် ကိုယ်သိကြပါပြီ.... (မှန်ပါ့) ဘာတွေ့ ထပ်ထပ်နေသတုံး.... (ထင်းနဲ့ မီးထပ်ထပ်နေပါတယ်ဘုရား)။

ထင်းပေါ်က....(မီးပါဘုရား)မီးပေါ်က (ထင်းပါးဘုရား) ထင်းသပ်ဘယ်ဆိုတာ ထည့်ပေးတာ.... (မှန်ပါ့) ခင်ဗျာ.တို့က ထည့်ထည့်ပေးနေတာယ်....(မှန်ပါ့)။

မယုံကြည့်လိုက် ထင်းထည့်ပုံခင်ဗျားတို့ လူ့ပြည်ရ,ရပါလို့ ဆိုတော့.... လူဘဏ္ဍာမီးပေါ်တယ်.... (မီးပေါ်ပါတယ်ဘုရား) နောက် စုတိမနေ သေလွန်တော့ ထင်းပေါ်တယ်.... (ပေါ်ပါတယ်ဘုရား)လူကောင်ထင်းကြီးပေါ်တဲ့ယ်....(မှန်လှပါ)မီးပေါ်မှာ ထင်းထည့်လိုက်တာကိုး....(မှန်ပါ့)။

တဲ့ခါ ထင်းကနေပြီးသကဲ့သလိုအရှိန်ကောင်းတော့ ဦးဘအုန်း မီးပြန်ဖြစ်တယ်.... (မှန်ပါ့ဘုရား) ပြီးတော့ ထင်းထဲကနေပြီး သကာလ လူ့ဘဝ မကျေနပ်လို့.... နတ်ဘဝ တောင်းလိုက်ပြန်တော့ ဒီမီးကလေး အညှန့် ထွက်လာတယ်.... (မှန်ပါ့) မီးညှန့် ထွက်လာပြန်တယ်.... (ထွက်ပါတယ်ဘုရား) မီးညှန့် ထွက်လာပြန်တော့ နောက် နတ်ထင်းထည့်တယ်....(ထည့်ပါတယ်ဘုရား)။

နတ်က နတ်အဖြစ် မကျေနပ်တော့ ဒီ့ထက် အထက်တန်းဖြစ်တဲ့ နတ်ဖြစ်ရပါလို့ဆိုတော့ မီးကလေးချန်ထွက်လာတယ် (မှန်ပါ့) အဲဒီမီးပေါ် ဒီ့ထက်ကြီးတဲ့ နတ်ဖြစ်လာတော့ ထင်းပြန်ဖြစ်တယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ထင်းနဲ့မီးဘဲရှိတာဘဲ.... (မှန်ပါ့) ဒါ့ကြောင့်.... သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာသာ ထပ်နေတယ်.... (မှန်ပါ့ဘုရား) ဘာသစ္စာသိမှ မထပ်ဘူးဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

အဲဒီတော့.... ဘုန်းကြီးတို့ အခုဟောရမည့်တရားက တကာတကဲ့ာမတို့ ထင်း၊ မထည့်ဘို့ ဟောရမည့်တရား..... (မှန်ပါ့) ထင်းမထည့်ယင် နဂိုရိမီးဟာ ပွားစရာမရှိလို့ ဒီဓနရာ သေရတော့မယ်.... (သေရပါမယ်ဘုရား) ဦးဘအုန်း ထင်းမထည့်ယင်.... (နဂိုရိမီးသေရပါမယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က ဘုရားရှေ့သွားပြီး လူ့ဘဝ,လူဘဝပြီး နတ်ဘဝ အကြိမ်ကြိမ်ခံစားရပါလို့လို့ ဆိုမတော့တောင်းတာက မီး....၊ ရတာက....(ထင်းပါဘုရား) တောင်းတာက.... (မီးပါဘုရား) ရတာက....(ထင်းပါဘုရား)တောင်းတာက မီးဆိုတာ

ကိုလေသာနဲ့ တောင်းတာ....(မှန်ပ!) ရတာက ခန္ဓာကြီးရတော့ ထင်းဖြစ်တယ်....(မှန်လှပါဘုရား)။

သြော်....တပည့်တော်သည် မီးနှင့်ထင်း ဖြစ်ရပါလို၏၊မီးနဲ့ တောင်းပြီးသကာလ ဒီမီးပုံထဲမှာ ထင်းအဖြစ် ရပါလို၏၊ထင်း အဖြစ်နဲ့ လောင်စာဖြစ်ရပါလို၏ဆိုတာနဲ့ မထူးပါဘူး....(မထူးပါဘုရား)။

ဘယ်မှာသွားပြီး ခင်ဗျားတို့ ထင်းမီးဖြစ်ဘို့ ဆုတောင်းကြပါလိမ့်မလဲလို့ မေးတော့ ဘုရားမကြိုက်တာ သွားတောင်းတယ် (မှန်ပါဘုရား) ဘုရားကတော့ တကာတကောမတွေ့ မီးသိမ်း၍ ထင်းကုန်တာ ဓကျွန်ပ်တယ်.... (မှန်ပါ!) ခင်ဗျားတို့က မီးသိမ်း၍ ထင်းကုန်တာ မဓကျွန်ပ်ဇတော့ ဆုတောင်းပြည့်ဘုရား ရှာလို ရှာ၊ တန်ခိုးကြီးဘုရားဇကော....(ရှာလိုရှာပါဘုရား)။

အဲဒီသွားရှာပြီး ကပည့်တော်သည်ဘုရား....ဒီဘဝဖြင့် ဆင်းရဲပါတယ်၊ နောက်ဘဝတော့ ဒီထက် ချမ်းသာတဲ့ လူကောင်း၊ နတ်ကောင်းဖြစ်ရပါလို၏ဆိုတော့ ခင်ဗျားတို့ သြော် .... ဘုရား ရှေ့သွားပြီးသကာလ မီးနဲ့ထင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အစဉ်အတိုင်းဆက်ပြီးသကာလ လောင်ကျွမ်းပြီး သေရပါလို၏-(မှန်လှပါ)လောင်ကျွမ်းပြီး.... (သေရပါလို၏ဘုရား) တောင်းကောင်း၊ မတောင်းကောင်း.... (မဇတောင်းကောင်းပါဘုရား) ဉာဏ်နားနဲ့ထောင်ကြည့်မှ ဦးဘအုန်းသိဟာ .... (မှန်ပါ!) ဦးလှုဘူး-ဉာဏ်နားနဲ့ ဇထောင်ကြည့်မှ....(သိရပါတယ်ဘုရား)။

နို့မို့လို့ရှိယင်ဖြင့် ကိုယ်တောင်းတဲ့ဆုဟာ တောင်းတုန်းကလဲ မီးနဲ့တောင်းတယ် .... (မှန်ပါ!) ကိုလေသာမီးနဲ့ တောင်း

တာယ်....(မှန်ပါ့)ရတော့ခန္ဓာထင်းရတယ်....(မှန်ပါ့) ရတော့ ခန္ဓာတင်ရပါတယ်ဘုရား) ဖောင်းတုန်းက ဘာနဲ့ ဖောင်းသလဲ....(မီးနဲ့ ဖောင်းပါတယ်ဘုရား)။

ဗျာဖြင့် မီးပေါ် ထင်းထပ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) တခါ ဒီ ထင်းထဲတနေပြီးသကာလ ရတဲ့ဘဝမကျေနပ်ပြန်ဘူး၊ မကျေနပ်ပြန်တော့ မီးထွက်လာပြန်ရော.... (မှန်ပါ့) ဆုံးတောင်းချင်တဲ့ မီးက....(လာပါတဲ့ယ်ဘုရား) လာပြီ .... (မှန်ပါ့)။

နောက်ပြီး အကုသိုလ်လုပ်တဲ့ မီးတွေကကော .... (လာပါတယ် ဘုရား) လာတော့ ဘာရမယ် ထင်သတုံး....(ထင်းရပါတယ်ဘုရား) ထင်းဘဲရမှာဘဲ....(မှန်ပါ့)။

သြော်....ဘုန်းကြီးတို့ တကာတကာမတွေ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လောင်စာသိမ်း၍ မီးငြိမ်းမှ နိဗ္ဗာန်....(မှန်ပါ့ ဘုရား) ဘုရားက ဘာတဲ့....(လောင်စာသိမ်း၍ မီးငြိမ်းမှ နိဗ္ဗာန်ပါ...ဘုရား) ခင်ဗျားတို့ကလဲ လောင်စာကြီး၍ မီးကြီးမှ ကြိုက်တယ်....(မှန်ပါ့)။

ဟာ....ကန့်လန့်ကြီးပါကလား....(ကန့်လန့်ကြီးပါဘုရား) ခင်ဗျားတို့က ဘာကြိုက်သလဲ .... (လောင်စာကြီးပြီး-မီးကြီးမှ ကြိုက်ပါတယ်ဘုရား) လောင်စာကြီးကြီးနဲ့ မိုးပုံကြီး- ကြီးကြီးတည်မှ ခင်ဗျားတို့က ကြိုက်ပြီ....(မှန်ပါ့) ဘုရားကလဲ လောင်စာသိမ်း၍ မီးငြိမ်းတာကြိုက်ဘယ်....(မှန်ပါ့)။

ခင်ဗျားတို့ အကြိုက်က ပြောပါဦး....(လောင်စာကြီး၍ မီးကြီးမှ ကြိုက်ပါတယ်ဘုရား)လောင်စာကြီး မီးကြီးမှ.... (မှန်လှ

ပါဘုရား)ဦးလှဘူး- မျက်စိလည်နေတယ် .... (လှည့်နေပါတယ် ဘုရား) တကာတကာမတွေ့ ယခုပြောတာကို ကောင်းကောင်း နားလည်ကြရဲ့လား....(လည်ပါတယ်ဘုရား)။

အင်း....ခင်ဗျားတို့ အဖြစ်တွေ့ကဖြင့် မိုက်လက်စ မသတ် သေးပါကလားဆိုတာ ပြောရတော့မှာဘဲ....(မှန်ပါ့) မပြောရ ဘူးလား....(ပြောရပါတယ်ဘုရား)။

လောင်စာကြီး၍ မီးကြီးတာကို တကာ တကာမတွေက ကြိုက်တယ်၊ လောင်စာသိမ်း၍ မီးငြိမ်းတာ ဘုရားကကြိုက် တယ်....(မှန်ပါ့ဘုရား)။

သြော်....ခင်ဗျားတို့ ဘုရားရှေ့ သွားပြီးသကာလ့လောင်စာ ကြီး၍ မီးကြီးရပါလို့၏လို့ သွားတောင်းတော့ တယ်ဆိုးဝါးပါ လား... (ဆိုးဝါးပါတယ်ဘုရား) ဦးဘအုန်း ဘယ်နှယ်ဆိုမယ်- (ဆိုးဝါးပါတယ်ဘုရား)။

ဘုရားအကြိုက်ကို ခင်ဗျားတို့က ပေးပါလို့ တောင်းတာ လား၊ ဘုရားမကြိုက်တာကို ပေးပါလို့ တောင်းတာလား.... (ဘုရားမကြိုက်တာကို ပေးပါလို့ တောင်းတာပါဘုရား)။

ရော....ခက်ပြီကော .... (မှန်ပါ့) ရှုးလွန်းတယ်- မိုက်လွန်း တယ်-အ,လွန်းတယ်- ထူလွန်းတယ်ဆိုတဲ့ ဥစ္စာဖြင့် အထူးပြော စရာ ဦးလှဘူး....(မလိုပါဘုရား)။

ဘုရားကြိုက်တာကို တကဲာတကာမတွေ့ တောင်းတာလား တဲ့၊ ဘုရားမကြိုက်တာ တောင်းတာလား....(ဘုရားမကြိုက်တာ တောင်းတာပါဘုရား)။

သြော်....တော်တော့်ကို ရူးချက်သန်ပါလား....(ရူးချက်သန်ပါတယ်ဘုရား) ဦးဘအုန်း ဒါ ဘုန်းကြီးက အပြောကြီးဘာလား၊ ခင်ဗျားတို့က အကြီးအကျယ်မှားတာလား .... (တပည့်တော်တို့က မှားဘဲပါဘုရား) အလုပ်က အကြီးအကျယ် မှားတယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ ဘုရားဆီကို ခင်ဗျားတို့ ဒီဘဝ စုတေမနေ သေလွန်ရလို့ ရှိယင်ဘုရား... နောက်ဘဝ လူ့ကောင်း နတ်ကောင်းဖြစ်ရပါလို့၏ဆိုးတော့ မိုးနဲ့တောင်းလိုက်တာ .... (တောင်းပါတယ်ဘုရား)ကိုလေးသာမိုးနဲ့ တောင်းလိုက်တာ....(မှန်ပါ့)။

နောက်ဘဝတော့ ဒီမိုးပေါ်မှာ ထင်းတခါတည်း ကျမယ်....(မှန်ပါ့) နတ်ခန္ဓာကြီး ထွက်လာတယ်.... (ထွက်ပါတယ်ဘုရား) ထင်းကြီးတခု ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတဲ့အခါကျတော့ မိုးနဲ့ - ထင်းနဲ့ လောင်ကြပြန်တယ်....(လောင်ကြပါတယ်ဘုရား) သဘောကျပလား .... (ကျပါပြီ)။

အဲဒီဘော့ ခင်ဗျားတို့သည်ကားလို့ ဆိုယင် .... လုပ်ကောင်းမလုပ်ကောင်းလဲ အကဲခတ်ကြပါဦး....(မလုပ်ကောင်းပါဘုရား) မလုပ်ကောင်းတာကို အရဲကွန့်လုပ်လို့ ရှိယင်ဖြင့် အမိုက်ဘက်သန်တာမှုတပါး ဘာမှ ပြောစရာ အခွင့်အရေး မရှိတော့ဘူး....(မရှိပါဘုရား) အတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

အဲဒါ တကာတကာမတွေ သစ္စာနားလည်မှု သြော်....ဟုတ်ပါလားဆိုတဲ့ နားထဲမှာ တရားနာ အစစ်သွားဖြစ်တယဲ .... (ဖြစ်ပါတယ်ဘုရား) သစ္စာ နားမလည်တုန်းကတော့ ဒီဘုန်းကြီး

ဘာပြောနေပါလိမ့်မတုံး၊ ဒို့ကောင်းစားတာ မနာလိုလို့ ထင်ပါရဲ့တောင် ခင်ဗျားတို့က စဲ့ချက်အလဲ့တင်ချင်တင်ဦးမှာ .... (တင်ချင်ပါတယ်ဘုရား) မတင်ပေဘူးလား(တင်မှာပါဘုရား)။

တော်တော်ကြာဘော့ ခင်ဗျားတို့က အင်း....ဒီလို အိုလိမ့်မယ်မထင်ဘူး....(မှန်ပါ့) ဒီလိုနာလိမ့်မယ် မထင်ဘူး....(မှန်ပါ့) ဒီလိုသေခြင်းဆိုး သေလိမ့်မယ်မထင်ဘူးဘုရာ့ ....၊ မှားခဲ့တယ်ဘုရာ့....(မှန်လှပါ)။

အဲဒီကျတော့လဲ ဝိပဿနာ အားထုတ်ချိန်က မရဘူး ဦးလှဘူးရဲ့....(မှန်လှပါ) မောင်ဘသော် ရသေးရဲ့လား.... (မရပါဘုရား) မရတော့ သူရှာချုပ်တယ်....(မှန်ပါ့) ရှာချင်တဲ့ အချိန်ကျတော့လဲ သေမင်းနှိုင်ငံလိုက်ဘို့က အချိန်ကကပ်နေဘယ်.... (ကပ်နေပါတယ်ဘုရား) ကပ်နေတော့ ရှာခွင့်ရသေးရဲ့လား.... (မ့ရပါဘုရား)။

ကဲ....ဦးဘအုန်း ဘယ်လောက် ကြောက်စရာကောင်းသလဲ.... (ကြောက်စရာကောင်းပါတယ်ဘုရား) သိပ်မဆိုးသွားဘူး လား (ဆိုးသွားပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကိုဝဲ့ ဒီလို ပဲ့ပြင် သွန်သင် ဆုံးမတဲ့ ဆရာသမားကို ရှာကြရမယ်ဆိုဘာ သတိပေးတယ်....(မှန်လှပါ) သစ္စာဟောတတ်တဲ့ ဆရာကိုရှာပါ....(မှန်ပါ့) ဘာတုံး....(သစ္စာဟောတတ်တဲ့ ဆရာကိုရှာပါ)။

မရှာသ၍ကာလပတ်လုံး မီးနဲ့ ထင်းကိုဘဲ ဆုတောင်းယူနေမှာဘဲ....(မှန်ပါ့) ဘာဖြစ်လို့တုံး မီးခဲသွားမှာစိုးလို့ (မှန်လှပါ)။

ဘာဖြစ်လို့တုံး....(မိုးသေသွားမှာ စိုးလို့ပါဘုရား) ကိလေသာမိုး ဧသေသွားမှာစိုးလို့....(မှန်ပါ့)လူထင်း နတ်ထင်းကလေး အဆင်သင့် ထည့်ပေးရတယ်....(မှန်ပါ့)။

ဘာပြုလို့တုံး....(မိုးသေမှာ စိုးလို့ပါဘုရား) လူထင်း နတ်ထင်း ထည့်တယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကိုယ်,ကိုယ်-ကို လျောင်စာ အဖြစ် ဆုတောင်းတာဟာဖြင့် ဦးဘအုန်း ဒီထက် အရှပ်ဆိုး အကျိုးတန်တာများ ရှိသေးလား....(မရှိပါဘုရား)။

ဆုဧတောင်းလို့ လုပ်ဘာလဲရှိတယ်၊ ဆုမတောင်းဘဲနဲ့ အကုသိုလ်တွေလုပ်လို့-မိုးတွေလုပ်တဲ့အတွက် နောက်ဘဝ တိရစ္ဆာန်အပါယ်လေးပါး လောင်စာကြီးရတာလဲ ရှိတယ် .... (မှန်ပါ့) မရှိပေဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားသခင်ကိုပဲတော်မြတ်ကြီးကဖြင့် ဒီဟာမကြိုက်ဘူးဆိုတာကိုဖြင့် ခင်ဗျားတို့ တထစ်ချမှတ်ပါ....(မှတ်ပါတယ်ဘုရား)။

လူဝဘဝ နတ်ဘဝ ဆုတောင်းတာသည်...တဲ့ တကာတဲ့ဏာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဥာဏ်တော်နဲ့တော့ဖြင့် မကြိုက်ဘူး၊ ခင်ဗျားတို့က အရှဲ့တိုက်တောင်းယင်ဖြင့် အင်း.... ဥဒ္ဓံသကိုယ်တော်တော့မို့ဦးဘအုန်း မပြောဘူးပေါ့ဗျာ(မှန်ပါ့) ဘုရားစင်စစ်ကဖြင့် ကြိုက်-မကြိုက်အကဲခတ်စမ်း....(မကြိုက်ပါဘုရား)။

ဘယ်ကြိုက်ပါ့မတုံး-မသိလို့ ခလေးကလေးက မိုးသွားကိုင်တာ အမေမိဘက ကြိုက်နိုင်ပါ့မလား....(မကြိုက်နိုင်ပါဘုရား) ခလေးကတော့ မိုးကျိုးခဲကလေး နိနိ လှလှ ကလေး မြင်တော့ ခလေးဆိုတာ မသိရှာဘူး.(မသိပါဘုရား) မသိရှာတော့ သွားကိုင်တော့ သိတဲ့အမေမိဘက ဘယ်နှယ်တုံး- (မကြိုက်ပါဘုရား) ဘယ်နှယ်ကြောင့်တုံး.... ဆတ်ဆတ်လူးအောင် လောင်မှာမို့.... (မှန်ပါ့) ဆတ်ဆတ်လူးအောင် လောင်မှာဆိုးတော့ အမေမိဘက ဦးလှဘူး ကြိုက်ပါ့မလား.... (မကြိုက်ပါဘုရား) ခလေးကတော့ ဘာဖြစ်လို့ ကိုင်ပါလိမ့်.... (မသိလို့ ကိုင်တာပါဘုရား)။

မသိလို့ ကိုင်တာ....(မှန်ပါ့) သိတဲ့ပုဂ္ဂိုလ်ကမတော့.... (မကိုင်ပါဘုရား) မကိုင်နဲ့ဆိုတော့ ဖီကလေးကလဲ ငိုပြန်သေးတယ်.... (မှန်ပါ့) ဦးဘအုန်း ဘာတုံး....(ငိုပါသေးတယ်ဘုရား)။

ဩော်....မသိတဲ့အထဲ ပိုလာသေးတယ်.... (မှန်ပါ့) မိုးကို ကိုင်ယင် ပူမှာစိုးလို့ အမေမိဘက ကယ်ယူလိုက်တဲ့ဥစ္စာဘဲ သူ ကိုင်ချင်တာ မကိုင်ရမလားလို့ သူကများ ငိုလိုက်သေးတယ်.... (ငိုပါတယ်ဘုရား)။

ဒါဖြင့် ကိုင်မယ်ကြံတုန်းက တခါမိုက်....(မှန်လှပါ) မကိုင်ရလို့ ငိုတော့ တခါမိုက်....(မှန်လှပါ) ဘယ်နှစ်ခါ မိုက်ကြသလဲ....(နှစ်ခါမိုက်ကြပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဘုန်းကြီးကဖြင့် ပြောပြီ၊ ခင်ဗျားတို့ကတော့ဖြင့် ဘုရားရှေ့သွားပြီး လူချမ်းသာ နတ်ချမ်းသာဆိုတဲ့ မိုးခဲတော့ ကိုင်တော့မှာဘဲ.... (မှန်လှပါဘုရား) ဟုတ်လား.... (မှန်ပါ့) ဘုန်းကြီးက မတောင်းရဘူးတဲ့ ဆိုပြီး စိတ်ဆိုးယင် နှစ်ခါမိုက်ကြဦးမယ်....(မှန်ပါ့) ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)

ဘုန်းကြီးက မတောင်းရဘူးတဲ့ဆိုယင် ဘယ်နှယ် ဆိုကြမယ်.... (နှစ်ခါမိုက်ပါ ဘုရား) မတောင်းရဘူးလို့ မကျေနပ်တဲ့ ပုဂ္ဂိုလ် ဆိုတာပါ....(မှန်ပါ့)။

ကျေနပ်တဲ့ ပုဂ္ဂိုလ်ကတော့ သြော်... ခလေးစိတ် ပျောက်ပြီး လူကြီးစိတ် ရောက်ပဟေ့....(မှန်လှပါ) မကျေနပ်တဲ့ ပုဂ္ဂိုလ် အတွက်ကတော့....(ခလေးစိတ်ပါ)ခလေးစိတ် နှစ်ခါမိုက်ခလေး (မှန်လှပါ) တခါမိုက် ခလေးလား-နှစ်ခါမိုက် ခလေးလား.... (နှစ်ခါမိုက် ခလေးပါ ဘုရား)ခင်ဗျားတို့ အမေမိဘ လုပ်ကြွေ့ပါ... (မှန်လှပါ) ခင်ဗျားတို့ သားကလေး လေးဘက်သွား တလေး ဇရ ထားပါ....(မှန်လှပါ) မီးခဲကလေး လှလှကလေး နီတယ်ဆိုပြီး သွားကိုင်ချင်လိမ့်မယ်....(မှန်ပါ့) ခင်ဗျားတို့ ကိုယ် တိုင် ကြွေ့နိုင်ရဲ့လား.... (မကြွေ့နိုင်ပါဘုရား) သဘောကျပ လား....(ကျပါပြီ)။

ဒီမှာလဲ ဘုရားက ခင်ဗျားဘို့က ခလေးလို ဖြစ်နေတော့ ခန္ဓာ မီးခဲကို သွား-သွားပြီး ဆုံးတောင်းကိုင်တယ်....(မှန်ပါ့)ဘုရားက မကြိုက်ရှာဘူး.... (မှန်ပါ့) ဘာကြိုက်မတုံး မီး လက်စမသတ် မည့်ဥစ္စာ၊ထင်းကိုပြန်ပြီး သူ ဆုံးတောင်းယူတော့ ထင်းထည့်ပြန် ပြီ....(မှန်လှပါဘုရား)။

ထင်းထည့်ယင် သူ အပူကြီး ပူမှာဘဲ၊မီး လက်စ မသတ်တော့ ဘူးဆိုပြီး မကြိုက်ရှာဘူး....(မှန်လှပါဘုရား) အဲဒီ မကြိုက်တာ ကိုပင် တကာ တကာမုဆိုတ္တက သြော်.... နိဗ္ဗာန်ကလဲပြုံးကနဲ ရမှာမဟုတ်ဘူး....တဲ့-(မှန်လှပါ)။

ထင်းထည့်ယင် သူ အပူကြီး ပူမှာဘဲ၊မီး လက်စ မသတ်တော့ ဘူးဆိုပြီး မကြိုက်ရှာဘူး....(မှန်လှပါဘုရား) အဲဒီ မကြိုက်တာ ကိုပင် တကာ တကာမုဆိုတ္တက သြော်.... နိဗ္ဗာန်ကလဲပြုံးကနဲ ရမှာမဟုတ်ဘူး....တဲ့-(မှန်လှပါ)။

နိဗ္ဗာန် ပြုံးကနဲမရ ဘာဖြစ်သလဲဗျ မီးကိုင်တာနဲ့ စာယင် မီးကိုင်တဲ့ဟာက သာပြီး အာရုပ်ဆိုးတာဖေါ့.... (မှန်လှုပါဘုရား) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

မီးကိုင်တာနဲ့ နိဗ္ဗာန် ပြုံးကနဲ မရတာနဲ့. ဘယ်ဟာ သာ ကြောက်စရာ ကောင်းသတုံး.... (မီးကိုင်တာက ကြောက်စရာ ကောင်းပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ဟာက ဘယ်.နှယ်များ ဆင်ခြေ လဲတယ် လို့....ရိပ်မိပလား....(ရိပ်မိပါပြီ)အတော် ကြောက်စရာကောင်း တဲ့ ဘဏာတွေ့ တကာမဟုတ်ဘဲ၊အတော် ရှဲ.တာဘဲလို့ ဆိုလို.ရှိ ယင် လဲပါ့မလား....(မလဲပါဘုရား)။

မီးကိုင်သာနဲ့. နိဗ္ဗာန် မရတာနဲ့. ဘယ်ဟာက သက်သာခွင့် ရှိသလဲ၊ နိဗ္ဗာန် မရတာက သက်သာခွင့် ရှိသေးတယ်-(မှန်ပါ့) မီးကိုင်တာက ချက်ခြင်း ဒုက္ခရောက်တယ်.... (မှန်ပါ့) မရောက် ဘူးလား....(ရောက်ပါကယ်) သဘောပါကြလား(ပါ-ပါတယ် ဘုရား)။

ဒါဖြင့် ဘယ်.နှယ်လုပ်ကြမယ်၊ မီးဘဲ ကိုင်မလား....၊ နိဗ္ဗာန် မရှေးသေးလို့ ရှိယင် ရဏ-ရကြောင်းဘဲ လုပ်မလား.... (ရဏ-ရကြောင်းဘဲ လုပ်ပါမယ်ဘုရား)မီးတော့ဖြင့်(မကိုင်ပါဘုရား)။

အဲဒါ ယနေ့ ဆုံးဖြတ်ချက် ချမှစချင်တယ် ဦးဘအုန်းရ.... (မှန်လှုပါ)မီးတောဖြင့် မကိုင်တော့ပါဘူး၊ဘယ်ဘဝမှတော့ဖြင့် ဆုံမတောင်းတော့ပါဘူးဘုရား-နိဗ္ဗာန်သာ ရယင် ယူပါတော့ မယ်....(မှန်လှုပါ) ဒီလိုဆိုပြီး ခင်ဗျားတို့ အားထုတ်ကြပါ.... (မှန်လှုပါဘုရား)။

ဒီဘဝ နိဗ္ဗာန် မရဘူး ရအောင် အားထုတ်မယ်၊ မရ ဘာစ ကိစ္စရှိသတုံး၊ မီးကိုင်တာနဲ့ စာလို့ရှိယင်ဖြင့် ဦးလှဘူး အမျှားကြီး သက်သာတယ်.... (သက်သာပါတယ်ဘုရား)။

ကဲ....ရှေးဘဝကျတော့ ရှေးဘဝတခု ပေါ်လာတယ် ထားပါတော့....(မှန်လှပါ) လိုချင်လို့ ရတာလား.... မလိုချင်ဘဲနဲ့ ရတာလား(မလိုချင်ဘဲနဲ့ ရတာပါ)မလိုချင်ဘဲနဲ့ ရတယ်ဆိုယင် နောက်ဘဝကျယင် နိဗ္ဗာန်ရောက်မှာဘဲ....(မှန်လှပါဘုရား)မလို ချင်တဲ့ ခန္ဓာကြီးဟာ ဒုက္ခသစ္စာဆိုတာ သူ သိပြီ.... (သိပါပြီ ဘုရား) သိယင် ဒုတိယဘဝ နိဗ္ဗာန် ရတော့ သြော်.... ဒါဖြင့် မကိုင်ဘဲ နေတာက နိဗ္ဗာန် နီးတယ်.... (နီးပါတယ်) ကိုင်မိတာ တဖြင့် မီးလက်စမသတ်....(မသတ်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်ဟာ ကြောက်စရာ ကောင်းပါလိမ့်.... (မီးကိုင်တာ ကြောက်စရာကောင်းပါတယ် ဘုရား) ဒါဖြင့် ခင်ဗျားတို့ ဆုတောင်းကြီးက သိပ်ကြောက်စရာ ကောင်းပါကလဲ.... (ကောင်းပါတယ်ဘုရား) ဘုရားကြိုက်ဟာ တောင်းတာလား.... မကြိုက်တာ ပေးပါလို့ တောင်းတာလား.... (မကြိုက်တာကို ပေးပါလို့ တောင်းတာပါဘုရား) မကြိုက်တာ ပေးပါလို့ တောင်းပါတယ်....(မှန်လှပါ) ဦးဘအုန်း ဘယ် နှယ်တုံးဗျ၊ဒီလူ တွေ့ အတောင်ဆိုးပြီဗျ....(ဆိုးပါတယ်ဘုရား) မဆိုးကြဘူးလား.... (ဆိုးပါတယ်ဘုရား)။

ဘုရားက လောင်စာသိမ်း၍ မီးငြိမ်းတာကိုမှ-နိဗ္ဗာန်မှ သူ-ပေးချင်တယ်....(မှန်ပါ့) မပေးနိုင်လို့သာ အသာနေရတယ်၊ နည်းသာ ပေးရတယ်...(မှန်ပါ့)ခင်ဗျားတို့က တခါတည်း

ဒီဥစ္စာကြီး ပေးတော်မူပါ၊ ထင်း ပေးတော်မူပါ၊ မပြည့် မှုရှိပါ ရစေနဲ့ ဆုတောင်း ပြည့်ပါရစေ....(မှုန်ပါဘုရား)။

အံမာ.... ထင်း မဖြစ်ရမှာကို အတော်စိုးရိမ်တယ်.... (စိုးရိမ် ပါတယ်)ဘယ့်နှယ် ဖြစ်နေတာတုံး....(မိုက်လို့ပါဘုရား) မိုက် ဆိုတော့ ဒီအထဲက အဝိဇ္ဇာက ဒီအထဲ ပြန်ဝင်တယ်....(မှုန်ပါ့) ၁-အဝိဇ္ဇာက ၂-ထဲပြန်ပြီး စာမြုံ့ပြန်.... ပြန်ဘက်တယ်.... (မှုန်လှပါ) မတက်လာဘူးလား.... (တက်လာပါတယ်ဘုရား)။

ဒါ့ကြောင့် အဝိဇ္ဇာပါ တောင်းပါ့တယ်၊ ကြည့်ပါလား.... ဒီအထဲ အဝိဇ္ဇာ ပါတယ်၊ ၃-နံပါတ်မှာ ပါလာတယ်....(ပါ့,ပါတယ်ဘုရား) ခင်ဗျားတို့ စာရွက်ကြည့်၊ ဒီမှာလဲ အဝိဇ္ဇာ ပါလာတယ်၊ မပါဘူးလား....(ပါ့,ပါတယ်ဘုရား)။

ကိုင်း... ဒါဖြင့် နောက်ထပ် မိုက်ပြန်ဟာဘဲ....(မှုန်ပါ့) ရှင်း ပလား....(ရှင်းပါပြီ) ဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(နောက် ထပ် မိုက်ပြန်တာပါဘဲဘုရား)။

အေး....ဒါဖြင့် ဆုမတောင်းပါနဲ့....တဲ့၊ ခင်ဗျားတို့၊ ကိုင်း- တောင်းချင်လို့ နှုတ်ကို တက်နေလို့ ပါးစပ်က ထွက်လိုက်လို့ ရှိယင်လဲ ခန္ဓာဂဠ္ဟ ကျွတ်ရပါလို့၏.... (မှုန်ပါ့ဘုရား)။

ခန္ဓာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) အဲဒီဝဋ္ဋ ကျွတ်ဘွားရ ပါလို့၏ ဆိုလို့ ရှိယင်ဖြင့် ဦးလှဘူး သိပ်ဆောင်းမှယ်- (ကောင်း ပါတယ်ဘုရား)ထင်းသိမ်းရပါလို့၏ ဆိုတာနဲ့ အကုတ္တုပေါ့ဗျာ- (မှုန်လှပါ)။

ဘယ်လို မှတ်ကြမယ်.... (ထင်း သိမ်းရပါလို့၏ ဆိုတာနဲ့ အတူတူပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီဘုရား)ကောင်းပြီ

ဒါဖြင့်.... ဘုန်းကြီးတို့ တကာတကာမတွေ ဆုတောင်းချင်လို့ ရှိယင်လဲ ထင်း သိမ်းရပါလို့၏၊ ဒုက္ခဝဋ်မှု ချုပ်ရပါလို့၏၊ ဒုက္ခဝဋ်ကြီး ကျတ်ရပါလို့၏....(မှန်ပါ့ဘုရား)ဒုက္ခဝဋ်ဆိုတာ ဒါကြီးနော်... (မှန်ပါ့)ဒုက္ခသစ္စာကိုးဗျ-(မှန်ပါ့)ပေါင်းယှုလိုက်တော့ ဒီ ငါးခုလုံး ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒါ့ကြောင့် ဒုက္ခဝဋ်မှု ကျတ်ရပါလို့၏....(မှန်ပါ့) ရှင်းပလှား (ရှင်းပါပြီ) ဒုက္ခဝဋ်မှ ကျတ်ရပါလို့၏ဆိုတော့ ဉာဏ်ပါတယ်.... (ပါ,ပါတယ်ဘုရား) တောင်းတာက တဏှာနဲ့ တောင်းတာလား၊ ဉာဏ်နဲ့ တောင်းတာလား.... (ဉာဏ်နဲ့ တောင်းတာပါဘုရား) ဉာဏ်နဲ့ တောင်းလိုက်တယ်....(မှန်လှပါ)။

ဉာဏ်နဲ့က ဒုက္ခသိတယ်....၊ သိတော့ ဒီ ဒုက္ခဝဋ်မှ ကျတ်ရပါလို့၏၊ ဘာလှလှ-ဘာတန်းတန်းပေါ့ဗျာ၊ ဘယ်တော့ ဘုရား ရှိခိုး,ရှိခိုး....(မှန်လှပါ)ရှိခိုးပြီးသကာလ ဒီ ဒုက္ခဝဋ်မှ ကျတ်ရပါလို့၏....(မှန်ပါ့) လုပ်ပါ....၊ ၂-နှံပါတ်မှု လွှတ်ရပါ၏၊ ၂-နှံပါတ် ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား) အဲဒါမှ လွှတ်ရပါလို့၏ ဆိုတော့ ပြီးသွားတယ်.... (မှန်လှပါ) မပြီးဘူးလား....(ပြီးပါတယ်ဘုရား)။

ထင်းပြန်ထည့်တဲ့သဘောလား၊ ထင်းသိမ်းတဲ့ သဘောလား-(ထင်းသိမ်းတဲ့ သဘောပါဘုရား)။

ကိုင်း....ဒါဖြင့် ဦးလှဘူး ကျေနပ်ပလား.... (ကျေနပ်ပါပြီ) သံသရာမလွဲညပါနဲ့ ဆိုတာဖြင့် ပေါ့သွားပြီ... မပေါ့သေးဘူးလား....(ပေါ့ပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ဝတ္ထုကလေးတခု ထုတ်ကြစို့ - တကတကာ မတို့-နော်.... (မှုန်လှုပါ) ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ သက္ကတိုင်းမှာ သီတင်းသုံးနေတယ်-နော်....(မှုန်လှုပါ)။

သက္ကတိုင်းမှာ သီတင်းသုံးပြီးသကာလ နေတော့ ရဟန်း တာလေး ဆယ်ပါးက ခုလို-ဝါကျွတ်တဲ့အချိန်မှာ အရှင်ဘုရား....တဲ့၊ ပစ္စွာဘူမကဆိုတဲ့ အရပ်ကို တပည့်တော်ဘို့ သွားချင်ပါတယ်.... အဲဒီအရပ်ကို သွားဘို့ရာ ခွင့်ပြုပါ....လို့ - ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို သူတို့လျှောက်ကြတယ်.... (မှုန်လှုပါ) သွားမှာက ပစ္စွာဘူမက-နော်.... (မှုန်လှုပါ) ဘုရားက သက္ကတိုင်းမှာ နေတယ်....(မှုန်ပါ့)။

သူတို့လဲ သက္ကတိုင်းမှာနေရင်းမတ္တန့ဲ ပစ္စွာဘူမကဆိုတဲ့နေရာကို သွားချင်လို့ ရဟန်းတွေက အရှင်ဘုရား....တဲ့တပည့်တော်တို့ ပစ္စွာဘူမကကို သွားဘို့ ခွင့်ပြုပါလို့-ဘုရား သွားလျှောက်ဘယ် (မှုန်လှုပါဘုရား)။

ဘုရား သွားလျှောက်တဲ့ အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သိတယ်၊ ဩော်....ဒီရဟန်းတွေဟာ ဒုက္ခ သစ္စာလဲ မသိသေး၊ သမုဒယသစ္စာလဲ မသိသေးဘူး-ဆိုပြီး သကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူလဲ ညဲ့နှံပြတော်မူဘယ်၊ မင်းတို့ကဲ့ဟာ ပစ္စွာဘူမကသွားမယ်ဆိုတာ သွားတာပေါ့၊သို့သော်လဲ မင်းတို့ နောင်တော်ကြီးဖြစ်ဘဲ့ အရှင်သာရိပုတ္တရာနှင့်း ပန်ကြားပြီးကြပလား၊ ဒီလို မေးလိုက်ဘယ်....(မှုန်ပါ့)၊

နောင်တော်ကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာ ပန်ကြားပြီးကြပလား၊ (တပည့်တော်တို့ မပန်ကြားရသေးပါဘုရား)။

အေး....မပန်ကြားရသေးလို့ ရှိယင်ကွာ အဲဒီနောင်တော်ကြီး ဖြစ်တဲ့ အရှင်သာရိပုတ္တရာဆီ သွားကြကွာ၊ မင်းတို့ အကျိုးအလို ရှိတဲ့ အထဲမှာဖြင့် သူဟာ ငါ-ဘုရားအောက် တယောက်ထဲရှိတယ်....(မှန်လှပါ) လူငယ်တွေကို ကောင်းစေချင်တယ်၊ လိမ္မာစေချင်တယ်၊ သွန်သင်ချင်တယ်၊ ပြသချင်တယ် ယဉ်ကျေးစေချင်တယ်၊ နိဗ္ဗာန်ကို မြန်မြန်ကြီး ရောက်စေချင်တဲ့ ဆန္ဒနဲ့ဖြင့်.... အရှင်သာရိပုတ္တရာဟာ အလွန်ပြင်းပြတဲ့ စိတ်ရှိတဲ့ ပုဂ္ဂိုလ်ဘဲဟေ့ (မှန်လှပါဘုရား)။

ဒါကြောင့် မင်းတို့ နောင်တော်ကြီးဆီ သွားပြီး ပန်ကြားကြကွာ...၊ သူ-ခွင့်ပြုယင် သွားတာပေါ့—လို့ ဘုရားက ဟိုဘက်လှဲချတယ်....(မှန်လှပါဘုရား)။

ဒါနဲ့ အရှင်သာရိပုတ္တရာကလဲ တခုသောခြုံမှာ မက္လာပ်လုပ်ပြီး တိုင်လေးတိုင်နဲ့ အောက်က သဲတွေခင်း၊ အုဋ္ဌေတွေကာပြီး ခြုံမက္လာပ်ကြီးတခု ဦးဘအုန်း လုပ်ထားတယ် (မှန်လှပါ) လုပ်ထားပြီး အဲဒီထဲ သီတင်းသုံးနေတော့ ခုနက သံဃာ လေးငါး-ဆယ်ပါးကလဲ ကွလာတယ်....(မှန်ပါ)။

အရှင်ဘုရား....၊ ဘုရားတပည့်တော်တို့ လူငယ်တွေ ဖြစ်တဲ့ အတွက် သီတင်းဝါလကျတ်လို့ ပစ္စဝေက္ခဏာမက ဆိုတဲ့ အရပ်ကို သွားချင်ပါတယ်၊ အဲဒါကြောင့် တပည့်တော်များကို သွားခွင့်ပြုပါလို့ ရဟန်းများက တောင်းပန်တယ်....(မှန်ပါ)။

အဲဒီတော့ အစဉ်တစိုက်မေးရတာပေါ့-ဦးလှဘူးရဲ့....(မှန်လှပါဘုရား) အင်း....မင်းတို့-ဘုရားဆီကော တောင်းပန်ပြီးပလား၊ သူ့လက်ထဲကျလို့ ရှိယင် မေးရတယ်....(မှန်ပါ)။

ဘုရားဆီလဲ တောင်းပန်ခဲ့ပါပြီ-ဘုရား၊ သို့သော်လဲ.... မင်းတို့ နောင်တော်ကြီးဟာ မင်းတို့ အကျိုးစီးပွား အင်မတန်အလိုရှိတယ်၊ လိမ္မာယဉ်ကျေးအောင် သွန်သင်ဆုံးမတတ်တဲ့ ပုဂ္ဂိုလ်ကြီး တဦး တယောက်ဖြစ်တယ် မင်းတို့ ကောင်းကျိုး - ဆိုးကျိုးကို သူမှတဲ့ ကောင်းကျိုး ကယ်တင်ပြီးသကာလ ဆိုးကျိုး ပယ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ အဲဒီ သွားကြဆိုတာနဲ့ တပည့်တော်များ အရှင်ဘုရားဆီ လာခဲ့ရပါတယ်.... (မှန်လှုပါ)။

အဲဒီဟော့ အရင်သာရိပုတ္တရာ ရိပ်မိတယ်၊ ဩော်.... ငါ့ကို တရားဟောခိုင်းလိုက်တာဘဲ....(မှန်လှုပါ)။

ငါ့ကို ဒီ ရဟန်းငယ်တွေအား တရားဟောခိုင်းတာဘဲဆိုတာ အရှင်သာရိပုတ္တရာက ရိပ်မိတယ်....(မှန်ပါဘုရား)။

ရိပ်မိတော့ အရှင်သာရိပုတ္တရာက မင်းတို့ ပစ္စာဘူမက သွားကြမလို့....၊ အေး-ပစ္စာဘူမက သွားတဲ့အခါကျလို့ ရှိယင် မင်းတို့ကလဲ ဘုရားထံကသွားကြမှာဖြစ်ပြီးသကာလနေတော့ ဟိုမှာကွာ... တဲ့ ဗိမ္မ်ိသာရမင်းကြီးတို့ကလဲ ပစ္စာဘူမကမှာ ရှိတယ်.... (မှန်ပါ) တာရကွ ပုဏ္ဏားတို့ကလဲ ရှိတယ်၊ စိတ္တ သူကြွယ်တို့ဆိုတဲ့ လူပညာရှိ, ရဟန်းပညာရှိတွေက ပုံနေတာယ်....ကွ၊ အဲဒီ ပစ္စာဘူမကမှာ....(မှန်လှုပါ)။

မင်းတို့က ဒီက သွားတဲ့အခါကျတော့ အရှင်ဘုရားများက ဘယ်က ကြွလာသတုံးဆိုတာ မေးမယ်....(မှန်ပါ) ဟာ....သက္ကတိုင်း ဘုရားဆီက ကြွလာတယ်ဆိုတာ....မင်းတို့ကလဲ ဖြေရလိမ့်မယ်.... (မှန်ပါ) ဖြေတော့ ဒီပုဂ္ဂိုလ်တွေကလဲ ဘုရားနဲ့ ဝေးနေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ အရှင်ဘုရားတို့....၊ ဘုရားသည်

ဘယ်ဝါဒ, ဘယ်အယူ ရှိပါလိမ့်မလဲဆိုတာ ရှေးဦးစွာ ကောက်မေးမှာဘဲ....(မှန်လှပါ)။

ဘယ်ဝါဒရှိပါသတုံးဆိုတာ ကောက်မေးလိမ့်မယ်.... (မှန်လှပါဘုရား) ဘယ်လိုဟောလေ ရှိသတုံးဆိုတာလဲ မေးလိမ့်မယ်-(မှန်လှပါ)။

အဲဒီတော့ မင်းတို့က ဘာမျှမသိဘဲနဲ့ ကောင်းဖြေ, မြောက်ဖြေနဲ့ဆိုယင် ဘုရားလဲ မင်းတို့ကြောင့် ဂုဏ်ပျက်ရဦးမယ်....(မှန်လှပါဘုရား)။

အဲဒါကြောင့် မင်းတို့သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့်....တဲ့၊ ဒါတွေ့ ဘုရားမြင်တော်မူသောကြောင့် ငါဆိုလှတ်လိုက်တာဘဲ-(မှန်လှပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ မင်းတို့ ဟိုမှာ ဗိမ္ဗ ိသာရ မင်းကြီးတို့၊ တာရကွပဏ်းတို့၊ စိတ္တသူကြွယ်တို့ အမျိုးမျိုး ပညာရှိတွေက မင်းတို့ဘုရားဆီကလာတော့ ဘုရားသည် ဘယ်အယူရှိသတုံး၊ ဘယ်ဝါဒရှိသတုံး....(မှန်လှပါ) ဘယ်လိုမျှားဟောလေ ဆိုလေ ရှိသတုံး ဆိုတာကို မင်းတို့ကိုတော့ မေးတော့မှာဘဲ....(မှန်လှပါ)။

ရှေးကတော့ ဦးလှဘူးတို့ မောင်ဘသော်တို့ကဲ့ မှတ်ပုံ....၊ ဘယ်လို မှတ်ရမတုံးဆိုတော့ တရုပ်နဲ့တရုပ် ရောက်ဘို့ရာ အတော်သွားရတယ်.... (သွားရပါတယ်ဘုရား) ယာဉ်တို့ ဘာတို့ဆိုတာ မှရှိဘူး၊ လှည်းဆိုတာ တန်းကုန်ဘဲ....(မှန်လှပါ)။

ဆဲဒီလို ဖြစ်ပြီးသကာလနေတော့....မရောက်တော့ ရောက်တဲ့ ပုဂ္ဂိုလ်ကို ဘုရားဆီက လာတယ်ဆိုယင် အရှင်ဘုရားတို့ ဆရာ

ဘုရားသည် ဘုယ်ဝါဒရှိပါသတုံး၊ ဘယ်လိုဟောလေ့ ပြော လေ့ရှိပါသတုံးဆိုတာ မင်းတို့ကို မေးလိမ့်မယ် .... (မှန်လှုပါ ဘုရား)။

မေးတဲ့အခါကျတော့ မင်းတို့ကလဲ လူငယ်တွေလဲ ဖြစ်ပြန်။ ဒီမှာ ရေရေလယ်လယ် ပေါက်ပေါက်ရောက်ရောက်လဲ မရှိသေးတော့ မင်းတို့ တောင်ဖြေ မြောက်ဖြေနဲ့ ဖြေကြလို့ ရှိယင်ဖြင့် ဘုရား စုပ်စဲ့ရာ ရောက်လိမ့်မယ်....(မှန်လှုပါ)။

အဲဒါကြောင့် မင်းတို့ ဘယ်လို ဖြေကြမတုံး....လို့ အရှင် သာရိပုတ္တရာက မေးလိုက်တယ်....(မှန်လှုပါ) တဲ့ပည့်တော်များ ဘုရား အဝေးကြီးက လာရတာဘဲ-တဲ့၊ အရှင်ဘုရားများ ပြော မှု ဆို,ဆုံးမမှဘုရား ဘယ်ဝါဒရှိတယ် ဘုရားဘယ်လို ပြောလေ့ ဆိုလေ့ ရှိတယ်ဆိုတာ သိရပါမယ်ဘုရား....(မှန်လှုပါ)။

ကြည့်စမ်း....တကာတကာမတို့ ဒုံးသမားတွေ .... (မှန်ပါ့) ဒုံးသမားတွေဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ) ဘုရားနားမှာ နေတိုင်းလဲ တော်လှုပြီ တန်လှုပြီလို့ ဒီလို သွားအောက်မေ့ မနေနဲ့....(မှန်လှုပါ)။

အခု ကြည့်စမ်း....အရှင်သာရိပုတ္တရာက ဒို့ဘုရား ဘယ်အယူ ရှိတယ်ဆိုတာ သူတို့ မသိတာ သေချာနေတယ် .... (သေချာနေပါတယ်) ဘယ်လို ဟောလေ့ ပြောလေ့ ရှိတယ်ဆိုတာလဲမသိဘူး....(မသိပါဘုရား) မသိတာကို သူတို့ ဝန်ခံပြီ မဟုတ်လား.... (ဝန်ခံပါပြီဘုရား)။

ဝန်ခံတော့ အရှင်ဘုရား....တဲ့ တပည့်တော်များ ဘာမှ မသိပါဘူး၊ အရှင်ဘုရားပြောမှ ဆိုဆုံးမမှ သိရမည့်ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်လို့ ရဟန်းတွေက တာဝန်ခံကြတယ်....(မှန်လှုပါ)။

ဒါဖြင့်ကွာ....တဲ့ ဘုရားဟာ ဘယ်လိုဝါဒရှိသတုံး ဆိုတော့ ရာဂကို ပယ်ခြင်းဝါဒရှိတယ်....လို့ မင်းတို့ဖြေပါ့တဲ့.... (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ) ဘုရား ဝါဒက ဘာတဲ့ဘုံး.... (ရာဂကို ပယ်ခြင်းဝါဒရှိပါတယ်ဘုရား) ရာဂကို ကုန်ဖေအောင်လုပ်ဘဲ့အလုပ်ဟာ ဘုရား၏ ဝါဒလမ်းစဉ် .... (မှန်လှပါဘုရား) ရာဂကုန်အောင်လုပ်တဲ့အလုပ်ဟာ ဘယ်သူ၏ လမ်းစဉ်ပါလိမ့် . (ဘုရား၏လမ်းစဉ်ပါဘုရား)။

ဟိုင်း.... ဟကာ ဝကာမတို့ ဘုရားရှေ့ ဆုတောင်းတာက ရာဂနဲ့ တောင်းတာ....(တောင်းပါတယ်ဘုရား)။

ကဲ....ဘုရား၏ဝါဒနဲ့ ညီညွတ်ပါသလား- မညီညွတ်ပါသလား ဆိုတာကိုလဲ အကဲခတ်ကြည့်ပါ.... (မညီညွတ်ပါဘုရား) ဦးဘအုန်းရေ.... လုံး၀ လွဲကုန်ပြီ....(မှန်လှပါ) မလွဲသေးဘူးလား....(လွဲပါတယ်ဘုရား)။

ဘုန်းကြီးတို့ တကာတကာမတွေ .... ဒီလို ထိုးထိုးထွင်းထွင်းပြောဘတ်တဲ့ ဆရာသမားနဲ့ မတွေ့လို့ရှိယင်ဖြင့် ဘုရား၀ါဒ မဟုတ်ဘာကိုပင်လျှင် ကိုယ့်ပါးစပ်ထဲက ဘုရားဆိ တောင်းလိမ့်မယ် ...(တောင်းပါဘယ်ဘုရား)။

ရာဂ ဝိနယကွာယ ခေါ်သတ္ထာ၊ သတ္ထာ=ငါတို့၏ သင်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ရာဂဝိနယကွာယ = ရာဂကုန်အောင်ကို ဟောလေ့ရှိ၏....တဲ့ .... (မှန်ပါဘုရား) ရာဂကုန်တာကို တခါတည်း သူလုပ်လေ့ရှိတယ်....(မှန်ပါ)။

ဒါဖြင့် တကာတကာမတို့ ရာဂကုန်အောင် ကျင့်လေ့ ရှိတဲ့ ဝါဒဟာ ကျင့်ရတဲ့ ဝါဒဟာဖြင့် ဘုရား၏၀ါဒမှုတ်ပါ....(မှန်လှပါဘုရား)။

လောဘ,ကုန်အောင် ကျင့်တဲ့ဝါဒဟာ .... (ဘုရား၏ဝါဒပါ ဘုရား) ဘုရား၏ ဝါဒလို့ ဟော်လိုက်တာမျိုးပါ... (မှန်လှပါ) ရာဂ, ကုန်အောင် ကျင့်တဲ့ ဝါဒဟာ.... (ဘုရား၏ဝါဒပါဘုရား) ရာဂ ကုန်အောင် ဟောလေ့ရှိတဲ့ တရားသည် ဘုရား၏ ဟောလေ့ရှိတဲ့တရား....(မှန်လှပါ)ဦးဘအုန်း မွတ်မိပလား .... (မွတ်မိပါပြီ ဘုရား)ရာဂ,ကုန်အောင် ကျင့်တဲ့ အကျင့်ဟာလဲ ဘုရား၏ ဝါဒ (မှန်ပါ့) ရာဂ,ကုန်အောင် ဟောတဲ့ အလေ့ဟာလဲ ဘုရား၏ ဟောလေ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) တကာ တရားမတွေ နေရာကျပလား....(ကျပါပြီ)။

ဘုရားဟာ ဘယ်လိုဝါဒရှိပါလိမ့်....(ရာဂ,ကုန်အောင်ကျင့်တဲ့ ဝါဒရှိပါဟုယ်ဘုရား) ရာဂ, ကုန်အောင် ကျင့်လေ့ ရှိတယ်.... (မှန်လှပါ) ဟောတဲ့အခါ သူများဟောပြန်တော့လဲ ဘယ်ဟာ ဟောလေ့ရှိပါလိမ့်....(ရာဂ,ကုန်အောင် ဟောလေ့ ရှိပါတယ် ဘုရား)။

ဦးဘအုန်းရေ....ဒါ ဘုရား၏ ဝါဒလမ်းစဉ်ဘဲ.... (မှန်လှပါ) ခင်ဗျားတို့ အခုအခါမှာသာ ဘယ်သူက ဘယ်ဝါဒ၊ ဘယ်သူက ဘယ်ဝါဒလို့ ဦးဘအုန်းဆိုနေကြတယ်နော်.... (မှန်ပါ့) ဘုရားမှာလဲ ဝါဒလမ်းစဉ်ရှိတယ်....(မှန်ပါ့)ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘုရားမှာ ဘယ်လိုဝါဒရှိပါလိမ့် .... (ရာဂ,ကုန်အောင် ကျင့်တဲ့ဝါဒပါဘုရား) ရာဂ, ကုန်တဲ့အကျင့်ကို ကျင့်လေ့ရှိတဲ့ ဝါဒဟာဖြင့် ဘုရား၏ ဝါဒ....(မှန်လှပါ) ဟောလေ့ရှိတာကလဲ သူစကားပြောလာလို့ ရှိယင် ရာဂ,ကုန်အောင် ဟောလေ့ရှိတဲ့ အဟောဟာ ဘုရား၏ ဟောလေ့ဘဲ.... (မှန်ပါ့) ရှင်းပြီ.... (ရှင်းပါပြီ)။

ဒါဖြင့် ဘုရားရှေ့မှာဖြင့် တကာတကာမတို့ ရာဂစကားကိုဖြင့် အသံကောင်းလုပ်ပြီးသကာလ မအော်ကြပါနဲ့.... (မှန်လှပါ)အော်သင့်ပါသလား.... (မအော်သင့်ပါဘုရား) သူဝါဒနဲ့ညီညွတ်ကဲ့လား.... (မညီညွတ်ပါဘုရား) သူဟောလေ့ရှိတာနဲ့ကော ကိုက်ကဲ့လား....(မကိုက်ပါဘုရား) ဘယ်ကိုက်တော့မလဲဆိုတာ တကာတကာမတွေ သေချာပြီ... (သေချာပါပြီ)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ သေသေချာချာဘဲဘုရား သခင်ကိုယ်တော်မြတ်ကြီးဝါဒဟာလဲ သိနေပါပြီ ယာနေ့....(မှန်လှပါ)ဟောလေ့ရှိတဲ့တရားကော....(သိပါပြီဘုရား)။

ရာဂ,ကုန်အောင်ကျင့်တဲ့ အကျင့်သည် ဘုရား၏ ဝါဒအကျင့် (မှန်လှပါ)ရာဂ,ကုန်အောင် ဟော်တဲ့ အလေ့သည် ဘုရား၏ တရားဟောစဉ်....(မှန်လှပါ)ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘယ်နှစ်မျိုးပါလိမ့်....(နှစ်မျိုးပါဘုရား)။

အဲဒါ မင်းတို့မှတ်ထားလို့ရဟန်းတွေကို အရှင်သာရိပုတ္တရာက ဖြေလိုက်ပါတယ် ဦးဘအုန်းရ....(မှန်လှပါ) ကဲ့....ဦးလှဘူး ရိပ်မိပလား....(ရိပ်မိပါပြီ)။

သို့သော်...တဲ့ မင်းတို့က ဒီလောက်ကလေး ဖြေရုံနဲ့ဘဲ မင်းတို့ကို ကျေနပ်မှာမဟုတ်ပါဘူးကွ...တဲ့။ ဗိမ္ဘိသာရမင်းကြီးတို့၊ တာရကမ္ဘပုဏ္ဏားတို့၊ စိတ္တသူကြွယ်တို့က ပညာရှိတွေကွ....(မှန်လှပါ)မင်းတို့က ဒီလောက်ပြောရုံနဲ့ သူတို့က မကျေနပ်ပေဘူးတဲ့ တဆင့်တက်ပြီ မေးလိမ့်မယ်....(မှန်ပါ့)။

အာဘယ်၌ရှိတဲ့ ရာဂကိုကုန်အောင်ကျင့်တဲ့အခါလဲ (မှန်ပါ့) အာဘယ်၌စွဲနေတဲ့ ရာဂကို ဟောလေ့ရှိတဲ့အလေ့လဲ ဆိုတာလဲ

မင်းတို့ကို ဆက်မေးယင် မင်းတို့ ခက်ဦးမယ်....(မှန်လှပါ) ထုဂ ဆိုတာ တခုခု မှီနေရမယ်....(မှန်လှပါဘုရား)။

အဲဒါ မေးလိုက်ပြန်လို့ ရှိယင်လဲ မင်းတို့က တောင်ဖြောင်မြောက်ဖြန့်ဆိုယင် ဘုရားစုပ်စုရာ ဆောက်မယ်.... (မှန်လှပါ) ကဲ....ဒီလို ဖြေကြကွ....ဘဲ့၊ အရှင်သာရိပုတ္တရာက.... (မှန်လှပါ) ရူပက္ခန္ဓာပေါ်၌ ရှိတဲ့ ထုဂကို ကုန်အောင်ကျင့်တဲ့ ဝါဒသည် ဘုရား၏ ဝါဒ.... (မှန်လှပါ)ဝေဒနာက္ခန္ဓာပေါ်မှာ ခင်တဲ့ ထုဂကို ကုန်အောင်ကျင့်တဲ့ အလေ့သည်(ဘုရား၏ဝါဒပါဘုရား) ဘုရား၏ ဝါဒဘဲဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တိုတိုပြောကြစို့နော်....(မှန်ပါ့) ခန္ဓာငါးပါးပေါ်၌ ခင်တွယ်တဲ့ ထုဂကို ကုန်အောင်ကျင့်တဲ့ အလေ့အကျင့် ဝါဒဟာဖြင့် ဘုရား၏ ဝါဒ.... (မှန်ပါ့)ခန္ဓာငါးပါးဘဲ့ လာတယ်.... (မှန်ပါ့)ရိပ်မိကြပလား.... (ရိပ်မိပါပြီ)ပုဗ္ဗဏှ ဘယ်နှစ်ခု ရှိသွားပြီလဲ ဖြေလိုက်တာ....(နှစ်ခုပါဘုရား)။

ဒါလောက်နဲ့ကွ....တဲ့ မင်းတို့ကို ဟိုက ဗိမ္ဗိသာရမင်းကြီးတို့ ပစ္ဆာဘူမကမှာရှိတဲ့ လူပညာရှိ၊ ရဟန်းပညာရှိတွေက ဒါလောက်နဲ့ ကျေနပ်ဦးမှာ မဟုတ်သေးဘူးတဲ့....(မှန်လှပါ)။

ဦးဘအုန်းရေ တယ်မြင်ပါကလား....(မြင်ပါတယ်) ဒါဟာ ခင်ဗျားတို့ ကျုပ်တို့ တွေ့လဲ ဒီကိုယ်တော် ဒီလိုဘဲ မေးမှာဘဲ.... (မေးမှာပါဘဲဘုရား)။

ဒီလိုဘဲ ဆင့်ဆင့်ပြီး မေးလိမ့်မယ်ဆိုတဲ့ ဥစ္စာဖြင့် ဒါ လမ်းစဉ်အတိုင်းလို့ ဆိုလို့ရှိယင် မောင်ဘသော် ငြင်းဘို့ လိုသေးသလား....(မလိုပါဘုရား)။

ဒါနဲ့ မင်းတို့ကို ဆက်မေးလိမ့်မယ်-တဲ့၊ တကယ်လို့ ရှုပကွန်ဒေါ်ဒဲ့ ခင်တဲ့ရုဂကို ပယ်ပါပြီ၊ ခန္ဓာငါးပါးရှိတဲ့ ရုဂကို ပယ်ပါပြီ၊ မပယ်ယင် ဘယ်အပြစ် သင့်လို့လဲဆိုတာ ကောက်မေးမယ်....(မှန်လှုပါဘုရား)။

ဟိုက လူပဲညာရှိ, ရဟန်းပညာရှိတွေက ခန္ဓာငါးပါးမှာရှိတဲ့ ရုဂကို မပယ်ယင် ဘယ်အပြစ် သင့်မတုံး ဆိုလို့ရှိယင်လဲ မင်းတို့ကို မေးလိမ့်ဦးမယ်-တဲ့....(မှန်လှုပါ)။

သုံးချက် ရှိသွားပြီ.... (မှန်ပါ့-သုံးချက်ရှိသွားပါပြီ) ခန္ဓာငါးပါးကို ခင်တွယ်တဲ့ ရုဂကိုမပယ်ယင် ဘယ်အပြစ်သင့်မတုံးဆိုတာလဲ မင်းတို့ကို မေးလိမ့်ဦးမယ်-ကဲ့၊ မင်းတို့ကလဲ မဖြေတတ်ဘူး ဆိုလို့ရှိယင် တောင်ဖြေ-မြောက်ဖြေနဲ့ ဆိုယင်ဖြင့် ဘုရားအာဘော်လဲ မကျဘဲနဲ့ မင်းတို့ ဘုရားကို စွပ်စွဲရာ ရောက်မယ်ဘဲ့....(မှန်လှုပါဘုရား)။

ဒါ့ခြင်္ကြောင့် တရားဟောတယ်ဆိုတာ လွယ်တာမဟုတ်ဘူး--(မလွယ်ပါဘုရား)တရားဟော မှားယင် ဘုရား စွပ်စွဲတာဘဲ့....(မှန်လှုပါ) တရားဟောမှားယင်.... (ဘုရားစွပ်စွဲဘာပါ)။

ဘုရား စွပ်စွဲတာဘဲဆိုတော့ မသိယင် တကာ တကာမတွေ့ကိုယ့်ဟာ ကိုယ်သာ ဝမ်းထဲက ကိုယ်သိတာကလေးကိုယ်ကျင့်သုတပါးကို သွားဟောမနေနဲ့...၊ ဘုရားအာဘော် မကျယင် ဘုရား စွပ်စွဲတာဘဲ့.... (မှန်လှုပါ) ရှင်းပလား.... (ရှင်းပါပြီ)။

ရှုပကွန်ဒေါ် အစရှိသော ခန္ဓာငါးပါးအပေါ်၌ ခင်တဲ့ ရုဂကို မပယ်ယင် ဘယ်အပြစ် သင့်မတုံးဆိုတာ မင်းတို့ကို မေးလိမ့်မယ်-တဲ့... (မှန်လှုပါဘုရား)။

အဲဒီတော့ ဒီလို ဖြေကြကွ....၊အကယ်၍တဲ့- တကာတကာမတို့ ဒါက ရုပ်,ဝေဒနာ, သညာ, သင်္ခါရဆိုပါတော့၊ ဒီအပေါ်မှာ ခင်ဗျဲ့ရောဂ မပယ်လို့ရှိယင် တဏှာ ဥာဒါန်ကံတွေ မလာပေဘူးလား....(လာပါတယ်ဘုရား) လာယင် သောကပရိဒေဝ,ဒုက္ခ,ဒေါမနဿတွေကော....(လာပါတယ်ဘုရား) မပယ်လို့ သောကပရိဒေဝ,ဒုက္ခ ဒေါမနဿတွေလာတာ .... (မှန်ပါဘုရား)။

ဒီအပေါ်မှာ ခင်တယ်တဲ့ တဏှာ ရောဂကို မပယ်လိုက်တဲ့အတွက်....တဲ့၊တဏှာ ဥပါဒါန် ကံတွေပေါ့ဗျာ....(မှန်ပါ)မပယ်လိုက်ကော့ တကာတကာမတို့ ဒီရုပက္ခန္ဓာက ဖေါက်ပြန် ယွက်စီးသွားတဲ့အခါကျတော့ မပယ်တဲ့ပုဂ္ဂိုလ်မှာ သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ လာမယ်....(မှန်လှပါဘုရား) မလာပေဘူးလား (လာပါတယ်ဘုရား)။

ကြည့်ပါ ခင်ဗျားဟို့ သားမယားသေလို့ တချို့ ငိုကြတာတွေဟာ ဘာထင်ကြသတုံး.... (သောက ပရိဒေဝတွေ လာတာပါ)သားမယားကို ရောဂနဲ့ ခင်နေလို့ .... (မှန်လှပါ) နောက်ဆုံးပိတ် ဘာအမွေ ရလိုက်သလဲ.... (သောက ပရိဒေဝပါဘုရား) သောက, ပရိဒေဝ,ဒုက္ခ,ဒေါမနဿ အမွေတွေရတယ် .... (မှန်လှပါဘုရား)။

ဘာပြစ်လို့တုံး မေးတဲ့အခါကျတော့ ခန္ဓာငါးပါး ခင်နေလို့....(မှန်လှပါဘုရား)ရှင်းပလား.... (ရှင်းပါပြီဘုရား) ခန္ဓာငါးပါးခင်နေလို့ ဘာတွေများ ရလိုက်ပါလိမ့် .... (သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေရပါတယ်ဘုရား)။

အဲ....အဲဒီ အပြစ်သင့်တယ်ဆိုတာ မင်းတို့က ပြော-တဲ့.... (မှန်လှုပါဘုရား)ခန္ဓာငါးပါးခင်လို့ ရှိယင်ဖြင့် အပြစ်သင့်တယ် လို့ မင်းတို့ ဟောတဲ့ဥစ္စာ ဘာတုံး မသိဘဲ နေမှာစိုးလို့ ခန္ဓာ ငါးပါးမှာဘဲ အပြစ်ရှိတယ်....(မှန်ပါ့)။

တဏှာ ရာဂနဲ့ ခင်နေတဲ့ ပုဂ္ဂိုလ်မျိုးမှာ နောက်ဆုံးပိတ် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿလာမယ် .... (လာပါမယ်) အခု ကြည့်စမ်းပါလား တကာ တကာမတို့ အိမ်ထောင်ရတာ ကြပ်လို့ နော်....(မှန်ပါ့) လင်သွားယင် မယားက စိတ်မချဘူး.... (စိတ်မချပါ) သောက ပရိဒေဝ ကျန်နေတယ်....(မှန်ပါ့ဘုရား) မယားသွားလို့ ရှိယင် ယောကျ်ားက....(စိတ်မချပါ) အချိန် လွန်ယင် သာဆိုးတယ်....(ဆိုးပါတယ်ဘုရား)။

ဟ....ဘာဖြစ်ကြတာတုံး မေးတော့မှ ဟိုပေါ်မှာ ခင်နေလို့ ခန္ဓာငါးပါးခင်နေလို့ .... (မှန်လှုပါ) သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေ ချက်ကောင်းမှ ပေါ်တယ် .... (မှန်ပါ့) မပေါ် ဘူးလား....(ပေါ်ပါတယ်ဘုရား) အင်း.... သမီးကလေး သွား တယ်၊ အဖေါ်နဲ့ဘဲသွားတာပါဘဲ၊ ဒီအချိန်ကျအောင် မလာ သေးဘူးဆိုယင် ဘယ် နှယ် ဖြစ်သလဲ.... (သောက ပရိဒေဝ ဒုက္ခ ဒေါမနဿဖြစ်ပါတယ်)ဘာဖြစ်လို့ တုံး....(ခန္ဓာငါးပါးမို့ပါ)။

အဲ·ခန္ဓာငါးပါးအပေါ် ရာဂမစ္ဆန့်ယင် ဒီအပြစ် သင့်တယ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ခန္ဓာငါးပါးအပေါ်၌ ခင်တဲ့ ရာဂ မစ္ဆန့်ယင်....(ဒီအပြစ်သင့်ပါတယ်ဘုရား)။

ဒီအပြစ် သင့်တယ်ဆိုတာ ဘာပါလိမ့်....(သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဖြစ်တာပါ)သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ

ဥပါယာသ အဝိဇ္ဇာကျအောင်ဆက်တယ်(မှန်ပါ့) ဘယ်လောက်ဆိုးသွားသလဲ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ခန္ဓာငါးပါးခင်တဲ့ ဆုဂ မစ္စန့်လို့ ရှိယင် ဘယ်အပြစ် သင့်သတုံးလို့ မေးတဲ့အခါကျတော့ လင်သွား မှယားစိတ်ကူးတာ အကဲခတ်....(မှန်ပါ့) မယားသွားလို့ ရှိယင် လင့်စိတ်ကူး ဘယ်လိုဖြစ်နေကယ်ဆိုတာသာ အကဲခတ်- (မှန်ပါ့) သားသွားလို့ ရှိယင် အမေ-အဖေ စိတ်ကူး ဘယ်လိုဖြစ်နေတယ်ဆိုတာ အကဲခတ်....(မှန်ပါ့)သမီးသွားလို့ ရှိယင် အမေ-အဖေ့စိတ်ထဲ ဘယ်လိုဖြစ်နေတယ်ဆိုတာ အကဲခတ်....(မှန်ပါ့ဘုရား)။

အကဲခတ်လိုက်တော့ ဘာတွေချည်း ပေါ်လာသလဲ- (သော က ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အဝိဇ္ဇာပေါ်လာပါ ဘယ်) သွားပြီပေါ့ မောင်ဘသော်ရာ.... (မှန်ပါ့) မလာဘူးလား-လာသလား .... (လာပါဘယ်ဘုရား) ဦးဘအုန်း မဖပေါ် သေးဘူးလား....(ဖပေါ်ပါတယ်ဘုရား) ဦးလှဘူးပေါ်ပလား.... (ပေါ်ပါပြီဘုရား) ပေါ်ပြီ....တဲ့၊ ဒါနဲ့ တခါ စဉ်းစားပါဦး ကိုယ်က သူတို့သွားလို့ သောက ပရိဒေဝ ဒေါမနဿက နောက်ကဖြစ်တာ(မှန်ပါ့) ဟို- ကိုသွားတဲ့ပဋိလ်ကလဲ ဒီအချိန်ကျယင် မျော်ရှာရော့မယ်ဆိုပြီး သောက ပရိဒေဝ ဟိုကလဲ ရှိလျက်ဘဲ.... (ရှိလျက်ပါဘဲဘုရား)။

အံမာလေး....ခင်ဗျားတို့ဟာ မိုးကို တခါတည်း ဟုန်းဟုန်း တောက်နေတယ်.... (တောက်နေပါတယ်ဘုရား) တခါတည်း တောက်ဘဲ၊ ဟိုကခေါ....(ခေါက်ပါဘယ်ဘုရား) မြင်ဘော့မှ ဖေးသွားတော့တယ်....(မှန်ပါ့)မြင်တော့လဲ ဘာတဲ့ .... (အေး သွားပါတယ်ဘုရား)။

ဟ....ဘာ့ အေးသွားတာတုံးဆိုတော့ ခုနက မီးပူမလောင်တာ (မှန်ပါ့) ယခုတော့ မီးအေးလောင်တာ.... (မှန်လှပါဘုရား) ဘယ်ဟာ ကြိုက်သတုံး ခင်ဗျားတို့ .... (ဘယ်ဟာမှ မကြိုက်ပါဘုရား)။

သြော်....ခက်ပြီပေါ့ ခင်ဗျားတို့ဥစ္စာ-အကောင်းက တခုမှမလာဘူးဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီ) အင်း....နင်တို့ကို မျော်လိုက်ရတာကြာလှပြီ၊ ဒီမှာဖြင့် ရင်တမမနဲ့ တောင် ပြောသေးတယ်....(ပြောပါတယ်ဘုရား)။

ဘာဖြစ်နေတာတုံး ဒီရင်မ, ရဟာဏ၊ရင်ကာ နဂိုရိုးအောက် ကျသွားလို့လား.... (မဟုတ်ပါဘုရား) ဘယ့်နှယ်ဖြစ်ကြောင့် မ,ရတာတုံး....(သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဖြစ်နေတာ....(မှန်လှပါဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဘယ့်နှယ်ကြောင့်တုံး.... (ခန္ဓာငါးပါးခင်လို့ပါဘုရား) ခန္ဓာငါးပါးခင်မိလို့ ဘာတုံး အပြစ်သင့်တယ် .... (မှန်ပါ့) ခန္ဓာငါးပါးကို .... (ခင်မိလို့ အပြစ်သင့်ပါတယ်ဘုရား) ခန္ဓာငါးပါးခင်မိလို့ဦးဘအုန်းရေ-အပြစ်သင့်ပြီ....(မှန်ပါ့)ကိုယ်နဲ့မဆိုင်တဲ့အိမ်က ဟိုဘက်အိမ်က သွားတယ်၊ ဒီမှာတော့ ဘာမှမဖြစ်ဘူး.... (မဖြစ်ပါဘုရား) ဖြစ်သေးရဲ့လား .... (မဖြစ်ပါဘုရား)။

ဘာမှမမဟုတ်ဘူး၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဖြစ်နေတာ....(မှန်လှပါဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဘယ့်နှယ်ကြောင့်တုံး.... (ခန္ဓာငါးပါးခင်လို့ပါဘုရား) ခန္ဓာငါးပါးခင်မိလို့ ဘာတုံး အပြစ်သင့်တယ် .... (မှန်ပါ့) ခန္ဓာငါးပါးကို .... (ခင်မိလို့ အပြစ်သင့်ပါတယ်ဘုရား) ခန္ဓာငါးပါးခင်မိလို့ဦးဘအုန်းရေ-အပြစ်သင့်ပြီ....(မှန်ပါ့)ကိုယ်နဲ့မဆိုင်တဲ့အိမ်က ဟိုဘက်အိမ်က သွားတယ်၊ ဒီမှာတော့ ဘာမှမဖြစ်ဘူး.... (မဖြစ်ပါဘုရား) ဖြစ်သေးရဲ့လား .... (မဖြစ်ပါဘုရား)။

အင်း....ခုထက်ထိ ဟိုအိမ်ကလူ မပြန်လာသေးဘူးလို့ မစဉ်းစားပါဘူး....(မှန်ပါ့)ပြန်လာတော့လဲ သူ့ဟာသူ ပြန်လာတာကျူပ်တို့နဲ့ ဘာဆိုင်လို့တုံး....(မှန်လှပါ)။

အဲ....မခင်တော့ ဘာမှမဖြစ်ဘူး....(မဖြစ်ပါဘုရား)ဖြစ်သေးသလား....(မဖြစ်ပါဘုရား)။

အုံမာလေး .... အခုတော့ တကာတကာမတွေကဖြင့် သမီးကလေးသွားလို့ ရှိယင်လဲ ဒီအချိန်ကျအောင် မပြန်လာသေးလို့ ရှိယင်ဖြင့် ဒီက ဘာဖြစ်ကြသလဲ....(သောက ပရိဒေဝ ဒုက္ခ ဒေါမနဿဖြစ်ပါတယ်ဘုရား)။

အဲဒါ ခန္ဓာငါးပါးခင်လို့ အပြစ်သင့်တာနော်.... (မှန်လှပါ) သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာ သခ်ၤါရ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ဘာဖြစ်လို့ ဒါတွေပေါ်ရပါလိမ့်.... (ခန္ဓငါးပါးခင်မိလို့ပါဘုရား)ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗနေသ၍ဖြင့် ဒီအပြစ်သင့်ရှုမယ်....(မှန်ပါ့) ခင်ဗဲ့ ပုဂ္ဂိုလ်မှာ....(ဒီအပြစ်သင့်ရပါမယ်ဘုရား)။

အဲဒါ တကာတကာမတွေက ခင်ဗျားတို့က လောကွတ် သိပ်ချောမနေနဲ့....(မှန်လှပါ) ခင်ဗျားတို့ကလဲ အင်မတန် မျက်နှာချိုသွေးပြီး ဒီလောကွတ်ကို ချော်လဲ့ရှိဟယ်....(မှန်ပါ့) ဘယ်လိုချော်လဲ့ရှိသတုံး-ကျုပ်တို့ခင်ဗတော်တယ်နော် မျက်စိ မျက်နှာမှတ်ထား၊ လမ်းတွေလိုတောင်မခေါ်ယင် စိမ်းတယ်လို့ မထင်နဲ့....(မှန်ပါ့)။

အုံမာလေး....ခင်ဗတော်တယ်-တဲ့ .... (မှန်ပါ့) ဘယ်နှယ်ဖြစ်တာတုံး.... (ခန္ဓာလောဘပါ) ဘာဖြစ်ချင်လို့တုံး.... (သောက ပရိဒေဝ ဒုက္ခဒေါမနဿဖြစ်တာပါ့) ဒီ အိမ်တွင်ဖြစ်ရက္ခဲ့ သောက နည်းသေးတယ်ထင်လို့.... (မှန်ပါ့) အဝေးမိတ်ဆွေတွန့်လဲ ဘာဖြစ်ချင်သေးသတုံး .... (သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဖြစ်ချင်သေးလို့ပါဘုရား)။

ဩော်....မီးမလောင်ရလို့ရှိယင် သူ့စိတ်ထဲ မကျေနပ်ဘူး.... (မူန်ပါ့) မီးမလောင်ရလို့ရှိယင်.... (သူ့စိတ်ထဲ မကျေနပ်ပါဘုရား) ဒီလောက်ရှူးတာမျှား မောင်ဘသော် ငါကိုယ်တိုင်ဘဲလို့ဆိုရဲရဲ့လား.... (ဆိုရဲပါတယ်ဘုရား) တော်သေးတယ်၊ဒါကိုမင်းဆိုရဲလို့....(မူန်လှုပါ) တော်-တော်သေးတယ်ကွာ....(မူန်လှုပါ)။

ကဲ....ငယ်ရာက ကြီးလာတော့ ဒီအဖြစ်တွေကတော့ဖြင့် သူမျှားတွေ့လား-ကိုယ်တွေ့လား....(ကိုယ်တွေ့ပါဘုရား)။

အေး....ဒါဘာဖြစ်လို့ တွေ့ရပါလိမ့်.... (ခန္ဓာငါးပါးခင်မိလို့ပါဘုရား)ခန္ဓာငါးပါးခင်မိလို့၊ ကိုယ့်ခန္ဓာခင်လဲ ဒီအတိုင်းလာမှာဘဲ၊သူမျှားခန္ဓာခင်လဲ....(ဒီအတိုင်းလာမှာပါဘဲဘုရား)။

ဒါဖြင့်....ဘုရားက ဒီခင်တဲ့ ရာဂပယ်ဘို့ရာဝါဒသူ့ဝါဒပါဘဲ (မူန်ပါ့) တယ်ကောင်းတဲ့ ဝါဒပါလား .... (ဧကောင်းပါတယ်ဘုရား) ဘုရားဝါဒ ခင်ဗျားတို့ သိပလား.... (သိပါပြီဘုရား)။

ကဲ....ဒါဖြင့် ဘုရားဝါဒက ဘာထဲ့ဗျာ .... (ခန္ဓာငါးပါးခင်တဲ့ ရာဂပယ်ရတဲ့ဝါဒပါ) ခန္ဓာငါးပါးခင်တဲ့ ရာဂကို ပယ်တဲ့ဝါဒဟာ ဘုရားဝါဒ....(မူန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အံမာလေး....ဒို့ဘုရား ဘယ်ဝါဒရှိပါလိမ့်မလဲလို့ မသိဘူး ခင်ဗျားတို့ ခက်လိုက်တာ....(မူန်ပါ့) ဒို့ဘုရားသည်ကားလို့ဆိုယင် ဘယ်ဝါဒရှိတယ်လို့ ခေတ်နဲ့လိုက်ပြီးသကာလ ဦးလှဘူး မတွေးမိဘူး.... (မတွေးမိပါဘုရား) အခုတော့ တွေးမိပါပြီ.... (တွေးမိပါပြီဘုရား) ဘုရား၏ဝါဒကဘာတဲ့ .... (ခန္ဓာငါးပါးခင်တဲ့ ရာဂကို ပယ်တဲ့ဝါဒပါဘုရား)။

ခန္ဓာငါးပါး ခင်တွယ်တဲ့ရာဂကို ပယ်တဲ့ဝါဒ....(မှန်ပါ့) ဘယ်သူ့ဝါဒလဲ....(ဘုရားဝါဒပါဘုရား) သူမျာ်းဟောပြန်တော့ လဲ ရာဂပယ်ဘို့ဘဲ ဟောလေ့ရှိတယ် .... (ဟောလေ့ရှိပါတယ် ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒီကတည်းက မောင်ဘသော်တို့ ဦးလှဘူး တို့ ဒီဘုရားနဲ့ တည့်ဘို့ မြင်သေးရဲ့လား .... (အရင်ကတော့ မမြင်ခဲ့ပါဘုရား) အရင်ကတော့ မမြင်ဘူး၊ အခုတော့ ခပ်စမ်းစမ်းရှိလောသလား လုပ်ကြပါတော့ ဒီဥစ္စာ တခါတည်း သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ·ဟာ ခင်မျှော် လာတာဆိုတာ သေချာပြီ.... (သေ ချာပါပြီ)မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီတော့ကို....တဲ့ အမေ အဖေမျာ်းက မီးတောက်အောင် မလုပ်ပါနဲ့တဲ့ ၊သမီးတွေ သား့တွေကို ဆုံးမတဲ့ယ်၊ အမေ အဖေ တွေက... (မှန်ပါ့) ကြောက်လွန်းလို့ .... (မှန်ပါ့) ဒို့မျာ်း စိတ် ဆင်းရဲရအောင် တခါတည်း နင်တို့သည်ကားလို့ ဆိုလို့ရှိယင် မတော် မရော်တာတွေနဲ့ မပေါင်းပါနဲ့၊ မသင်းပါနဲ့၊ မပြော မဆိုဘဲနဲ့ ဘာမှ မလုပ်ပါနဲ့၊ ကိုယ် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဖြစ်ရမှာ ကြောက်လွန်းလို့....(မှန်လှပါ)။

ဘယ်ကြောက်ရမှာတုံး၊ ခင်နေကတည်းက မကြောက်ဘူး.... (မကြောက်ပါဘုရား)ခင်နေကတည်းက ဘာတုံး....(မကြောက် ပါဘုရား)။

ဒါဖြင့် သူ့ပြောတာကတမျိုး .... (တမျိုးပါ) တကာတကာ မတို့ ခင်ဗျားတို့ ပြောတာကတမျိုး.... (တမျိုးပါဘုရား)အဲ့ .... သိသိသာသာ ပြောပြောဆိုဆိုနဲ့ လုပ်ကြပါ၊ကိုင်ကြပါ .... (မှန်

လှုပါ) ဒါဏ္ဍ ခင်လို့ပြောတာလား.... မခင်လို့ ပြောတာလား (ခင်လို့ပြောတာပါဘုရား)ဟာ .... ခင်ယင် လာရမယ် စိတ်ချ (မှန်ပါဘုရား) ခင်ယင်ဘာဖြစ်သတုံး.... (လာရမှာပါဘုရား) သော့,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,လာရမယ်....(မှန်ပါဘုရား)။

အဲဒါ နင်တို့များး အကျိုးအကြောင်း သိပြီးသကာလ ငါတို့ လူကြီးမို့ အမေမိဘ ဆိုတဲ့ဥစ္စာ အင်မတန် စိုးရိမ်တတ်တယ် ဆိုတဲ့ဥစ္စာ နင်တို့-မသိဘူးလား .... (မှန်လှုပါဘုရား) မခင်ယင် ဒီစကားမထွက်ဘူး....(မထွက်ပါဘုရား)။

ခလေးက မလိမ္မာလို့ ခင်ယင် ဖြစ်ရမယ်လို့ ပြန်ပြောယင် အေးသွားမယ်....(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့) အခုတော့ လူကြီးက ဖါတာ ထေးတာနဲ့ ဒီလိုလုပ်နေတော့ လူကြီးက ပိုမိုက်နေတာ....(မှန်လှုပါ) သဘောကျပလား....(ကျပါပြီ)။

ပြီးတော့မှ ခင်ဗျားတို့က ခလေးများ မိုက်လိုက်တာ ဒီကာဘယ်လို ဇမ္ဗော်လိမ့်မယ်လို့ မသိဘူး၊ ခုထက်ထိ မပြုန်လာသေးဘူး....(မှန်ပါ့) ခလေးများတယ်မိုက်တာဘဲ....(မှန်ပါ့)။

အင်း... ကိုယ်မိုက်တာက စောနေတယ်.... (စောနေပါတယ်ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘယ်သူက စောပါလိမ့်.... (ကိုယ်မိုက်တာက စောပါတယ်ဘုရား)။

ဟိုကဖြင့် ဘာမှ မသိရှာဘူး၊ကိုယ်က အမိုက်စောနေတယ်.... (မှန်ပါ့)ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား) ဦးလှဘူးရေ.ခလေးနဲ့ လူကြီး ဘယ်သူကပိုမိုက်သလဲ .... (လူကြီးက ပိုမိုက်ပါတယ်ဘုရား)။

ပြောသားဘဲဗျ၊ လူကြီးဆိုတာ အမျှော်အမြင်နဲ့ အလှန် စိုးရိမ်တတ်တယ် .... (မှန်ပါ့) ခလေးက အမျှော်အမြင် ရှိတာ မဟုတ်ဘူးဆိုတော့ သူက ဇရ.လှမ်းပြီး မိုက်ထားတယ်....(မှန်လှပါ)ခလေးက မိုက်ရသေးတဲ့ မဟုတ်ဘူး .... (မမိုက်ရသေးပါဘုရား)ရိုပ်မိပလား....(ရိုပ်မိပါပြီဘုရား)။

ဒါဖြင့် ဦးလှဘူး လူကြီးနဲ့ ခလေး ဘယ်ဟာက စောသလဲ (လူကြီးက စောပါတယ်ဘုရား)အမိုက်စောတယ်.... (မှန်ပါ့) ရိုပ်မိပလား....(ရိုပ်မိပါပြီ)။

အံမာလေး .... ဟကာ တကာမတွေ စောင်းပြောနေတယ် အောက်မေ့မနေနဲ့နော်....၊ ကိုယ်တွေ့နော်....(မှန်ပါ့ဘုရား) စောင်းပြောတာ မဟုတ်ဘူး .... (မှန်ပါ့ဘုရား) ခင်ဗျားတို့ကိုယ်က ဒီအတိုင်းကိုဖြစ်နေတာ .... (မှန်ပါ့) ခင်ဗျားတို့ ညည်းပုံထဲပါပြီးသားမဟုတ်လား....(ပါ-ပါတယ်ဘုရား)။

မောင်ဘသော် မင်းတို့ ညည်းပုံထဲ မပါဘူးလား....(ပါ-ပါတယ်ဘုရား) ခလေးတွေဟာ တယ်ခက်တယ် ဆိုသွားပြီ၊ ဒါကို သူ့ပုပင်လို့ ပြောလာတာ....(မှန်ပါ့) ခုထက်ထိ ဒီအချိန် ဒီနာရီကျအောင် မပြန်လာဘူး၊ သူတို့က သိပ်မိုက်တာယ် ဆိုတော့ ဒီပြောတဲ့အချိန်မှာ ကိုယ်က မိုက်ပြီးပြီ....(မိုက်ပြီးပါပြီ)သောက ပရိဒေဝ ဖြစ်ပြီးပြီ... (ဖြစ်ပြီးပါပြီ) မဖြစ်သေးဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ခလေးမိုက်တယ်ဆိုတာ ဖြစ်ပြီးမှ ထွက်တဲ့အသံလား မဖြစ်ခင်ကာ ထွက်တဲ့ အသံလား.... (ဖြစ်ပြီးမှ ထွက်တဲ့ အသံပါဘုရား) မိုက်ပြီ မှ တွက်တဲ့အသံဆိုတာ ရိုပ်မိပလား.... (ရိုပ်မိပါ

အဲဒါ ဘယ်က လာတာတုံးဆိုတော့ ရာဂ မပယ်နိုင်လို့ မိုက်သံထွက်လာတာ....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)ဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့ ဖုံးသ၍-ဖိသ၍ဖြင့် ဘုရားဟော တော်မူတဲ့ တရားနဲ့ ပေါ်ကုန်ပြီ .... (ပေါ်ကုန်ပါပြီဘုရား) ခလေးတ စ,မိုက်သလား .... လူကြီးက စ,မိုက်သလား ဆိုတာ ဦးဘအုန်း ဆုံးဖြတ်ချက်ချပါ .... (လူကြီးက စ,မိုက်ပါတယ် ဘုရား)။

ဟာ....ဦးလှဘူး ခက်ကုန်ပြီ....(မှန်ပါ့) ဒီတရားပဲအတော် ခက်နေပြီ တကာတကာမတို့.... (မှန်ပါ့) အင်မတန် ခက်နေပြီ ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် တကာ တကာမတို့ အဲဒါ ဘယ်က လာတာတုံးဆို တော့ လူကြီးမှာ သားသမီး ခန္ဓာငါးပါး ခင်မှကြောင့်.... (မှန်ပါ့) သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ ရောက်တဲ့အပြစ် သင့်တယ်ဆိုတာ သေချာပလား....(သေချာပါပြီ)။

ဒါဖြင့် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿာ ဆိုတာ အပြစ် မသင့်ခင်-မခင်နဲ့ -(မှန်လှပါ)မခင်ယင်-(အပြစ်မသင့်ပါဘုရား) မခင်ဘဲကလဲ....(မနေနိုင်ပါ) ဒါဖြင့် အပြစ်တော့ သင့်ဘိုဘဲ.... (မှန်လှပါ)သဘောကျပလား.... (ကျပါပြီ) အင်မတန်ကြောက် စရာမကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

ကိုင်း....နာရီစ.ပြီ-နက်ဖြန်မှဆက်ကြဦးစို့....။

သာဓု....သာဓု....သာဓု

အာမရပူရမြို့ မင်္ဂလာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော် မူသော
ကျေးဇူးတော်ရှင် ၊ အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရား - အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော
လောကီမဂ်၌ ၅-ပါးကို လောကုတ္တရာမဂ်၌ ၈-ပါးဖြစ်အောင်
အားထုတ်သင့်ကြောင်း
ပဋိစ္စသမုပ္ပါဒ်တရားတော် (၁၉)
(၂၅- ၁၀ - ၆၁)

ဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတယ်လို့ မှတ်ရမယ်....(မှန်ပါ့) သာဝတ္ထိပြည် ဇေတဝန်ကျောင်း သီတင်းသုံးပြီးနေတော့ရဟန်းတို့....သတ္တဝါအစတော့ ငါမမြင်ဘူး၊အမိန့်ရှိလိုက်တယ်။

သတ္တဝါအစကို ငါမမြင်ဘူး....တဲ့ အစဆိုတာက အထည်စ, ဓမ္မ-အစ, နှစ်မျိုးရှိတယ်လို့ တကာတကာမတွေက မှတ်ထားလိုက်စမ်းပါ....(မှန်ပါ့) အထည်စ,ဖြစ်တာကို ဘုရားမမြင်ဘူး၊ အထည်ဖြစ်ခြင်းအစဘာ့ သူသိဘယ်....(မှန်လှုပါဘုရား)။

အဲဒါငြင်းကြ,ခုံကြတာ အလွန်များပါတယ် .... (မှန်ပါ့) ဘုရားဟာ အကုန်သိတယ်ဆိုပြီး သတ္တဝါအစ မသိဘူးတဲ့၊ဒီလို ပြောတဲ့လူရှိတယ်(မှန်ပါ့)။

အဲဒါတွေလဲ မှတ်ကြရလိမ့်မယ်၊ အထည်စကိုတော့ ရှောက်

တွေးမယ်ဆို မဆုံးနိုင်ဘူး .... (မှန်လှပါ) အထည်ဖြစ်ကြောင်း အစကိုတော့ တွေးလိုက်ယင် သူသိတယ်....(မှန်လှပါ)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် အထည်စ ကို တော့ မသိဘူး၊ အထည်ဆိုတာ ဝတ္ထုပစ္စည်း .... (မှန်လှပါ) အထည်ဆိုဘဲ့ ဝတ္ထုပစ္စည်းအစတော့ ရှောက်တွေးနေလို့ ရှိယင် မဆုံးပေဘူးတဲ့....(မှန်ပါ့) အဲဒီ ဝတ္ထုပစ္စည်းကို ဘယ်သူ တည် ထောင်တယ်ဆိုတဲ့ အစတော့ ငါသိတယ်.... (မှန်လှပါ) ဒီလိုဆို တော့မှင်းသွားပြီ....(မှန်လှပါ)။

စာကဆိုထားတာက ' 'အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာ ရော ပုဗ္ဗကောဋ္ဌိ နပညာယတိ'' ဘိက္ခဝေ= ငါ၏ ချစ်သား တပည့်များတို့၊ အယံသံသာရော= ဤခန္ဓာ သံသရာကြီးသည်၊ အနမတဂ္ဂေါ=မသိအပ်သော အစရှိ၏....(မှန်လှပါ)။

ဤခန္ဓာ သံသရာကြီးသည် မသိအပ်သော အစရှိတယ်-တဲ့.... (မှန်ပါ့) နေခက်ပေါ့လာတယ်၊ ''အဝိဇ္ဇာနိဝရဏာနံ တဏှာ သံယောဇနာနံ'' ဆိုတော့ အဝိဇ္ဇာ နိဝရဏတို့ တဏှာ သံယောဇဉ်တို့ဟာ အထည် အစ, အရင်းကျတဲ့ သဘောနဲ့ မြတ်စွာဘုရားမိန့်တော်မူလိုက်ဘာကို မသိကြတဲ့ ပုဂ္ဂိုလ်တွေက ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ အထည် စ,ကို မသိဘူး ဟေ....ဆိုပြီးသကာလ ဘုရားကို စွဲချက်တင်ချင်လဲ တင်နေကြ တယ်၊မြတ်စွာဘုရားဟာ အကုန်အစင်သိတယ် ဆိုပြီး သတ္တဝါ အစ,မသိဘူးဟေ....(မှန်ပါ့) စွဲချက် ကြံဖန်စွဲတာ၊ တရားလဲ အဆုံးသိစာ မဟုတ်ဘူး... (မှန်ပါ့)။

စင်စစ်တော့ဖြင့် ဥပမာမယ် ဦးမောင်ကလေး ခန္ဓာကိုယ်မှာ ဒီဘဝ ဦးမောင်ကလေးဖြစ်တယ်၊ နောက်ဘဝက ဘယ်သူမှန်း

မသိဘူး၊ ဖြစ်တော့ ဖြစ်တယ်၊ ဒီလိုရှောက်ရှောက် နောက်ဆုတ်ပြီး တွေးလိုက်ယင် မဆုံးဘူး.... (မှန်ပါ့) တွေးလို့ကော ဘာထူးဦးမှာတုံး....(မထူးပါဘုရား)။

သို့သော် ဒီအထည်တွေဟာ ဘယ်က စ,တယ် ဆိုတာတော့ ငါသိပါဘယ်....တဲ့ အဝိဇ္ဇာ တဏှာလုပ်တာပါတဲ့.... (မှန်လှပါ) ဆိုတော့ အထည်စ,တွေ ပြောလို့ ကျေးဇူးမရှိလို့ မသိဘူး ပြောတာ....(မှန်ပါ့) ဓမ္မအစတော့.... (သိပါတယ်ဘုရား)။

အဲဒီလိုမှတ်ရမယ်တဲ့၊ ဒါ့ကြောင့် မနေ့က ပဋိစ္စသမုပ္ပါဒ်ထဲမှာ အထည်စ,ကို ဖေါ်တယ်....နော်....(မှန်ပါ့)။

ကောင်းပြီဘဲ့....အထည်စကိုတော့ သူမသိ၊ မွေအစကိုတော့ သိသောကြောင့် အဝိဇ္ဇာ နိဝရဏဟာ သတ္တဝါတို့၏ ရေသောက်မြစ်လို့ သူဟောတယ်....(မှန်ပါ့) ဒီလိုဆိုတော့ တကာတကာမစတွေ ရှင်သွားတယ်....(ရှင်းသွားပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့ တဏှာသည် သတ္တဝါအစလို့ မှတ်ကြစမ်းပါ.... (မှန်ပါ့) အဝိဇ္ဇာနဲ့ တဏှာသည်.... (သတ္တဝါအစပါဘုရား) သတ္တဝါအစလို့ မှတ်ထားလိုက်စမ်းပါ....၊ သတ္တဝါအစ အဝိဇ္ဇာ တဏှာကလို့ မှတ်ထားလိုက်လို့ ရှိယင်တော့ဖြင့် ဘုရားပေါ်၌ စဲခွက်တင်စရာ မလိုတော့ပါဘူး....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် သင်္ဘတို့ပြည် ဇေတဝန်ကျောင်းမှာ သတ္တဝါအစ ငါ့မြင်ဘူး ကဲ့....၊ အဝိဇ္ဇာနဲ့တဏှာနိဝရဏ အစကို ငါမြင်တယ်လို့ ဆိုသဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး မြင်ပုံကသာပြီး အရင်းကျတယ်လို့ မှတ်လိုက်တာပေါ့.... (မှန်လှပါ)။

ဖြစ်ကြောင်းကို သိတယ်....(မှန်ပါ့) ဖြစ်ကျိုးကိုတော့ မဆုံးနိုင်လို့ မသိဘူး....(မှန်လှပါ)သိလဲ့ကျေးဇူးမရှိဘူး.... (မှန်လှပါ)

အကြောင်းသတ်မှု အကျိုးပြတ်မယ်.... (မှန်ပါ့) အကြောင်းသတ်မှု အကျိုးပြတ်မှာ ဖြစ်ပြီးနေတော့ ဘုန်းကြီးတို့ ကကာတဏှာမတွေက အကြောင်းသိတဲ့ပဋိလိဿ သူစွမ်းကောင်းမှတ် ရုံပေါ့....(မှန်လှပါဘုရား)။

ကောင်းပြီ- သို့သော် ဒါဖြင့်....တဲ့ မင်းတို့ သတ္တဝါအစုကို ငါမသိဘူးဆိုငြားလော်လဲ ဓမ္မအစကိုတော့ ငါသိတယ်လို့ ငါ့-ရှင်းပြီးပြီတဲ့....(မှန်ပါ့)။

ဤ ဓမ္မအစကို မဖြတ်နိုင်တဲ့ ပဋိလိမျှားဟာ ငါ-ဥပမာပြမယ်ကွာ... တဲ့၊ မဟာသမုဒရာလေးစင်းဖရဆိုတာ ယူဇနာပေါင်း ရှစ်သောင်းလေးထောင်နက်ပါတယ်၊ အဲဒါ ခန်းဘို့ချောက်ဘို့ကို ငါ-မြင်ပါတယ်....(မှန်ပါ့) အဝိဇ္ဇာ တဏှာ ချုပ်အောင် မလုပ်နိုင်တဲ့ ပဋိလိ ခန္ဓာဒုက္ခဝဋ်ဆိုတာ ဘယ်တော့မှ မကျွတ်ပါဘူး-တဲ့.... (မှန်ပါ့)။

သမုဒ္ဒရာရေ ခန်းဘို့,ချောက်ဘို့ဟာ ကမ္ဘာပျက်ယင် သူမြင်တယ်-တဲ့....(မှန်ပါ့) အဝိဇ္ဇာ တဏှာမချုပ်တဲ့ ပဋိလိမှာ ခန္ဓာဇာတ် ရုပ်သိမ်းလိမ့်မယ်လို့ မရှိဘူး.... (မှန်ပါ့) တယ်ကြောက်စရာ ကောင်းပါကလား.... (ကောင်းပါတယ်ဘုရား) ဒါဖြင့် အဝိဇ္ဇာ တဏှာဟာ ယနေ့ ကျုပ်တို့ ဖြတ်မှ ရမှာ.... (မှန်ပါ့)။

ပြီးတော့ကွာ....တဲ့ မြင့်မိုရ်တောင်ကြီးဟာ ရေထဲမှာ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် အထက်မြင့်တာလဲ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် ဒါတွေ ပျောက်မှာ ပျက်မှာ ငါ-မြင်တယ်ကွ....တဲ့၊ အဝိဇ္ဇာ တဏှာ ချုပ်အောင် မလုပ်နိုင်တဲ့ ပဋိလိ ခန္ဓာဝဋ်ဒုက္ခ ကျွတ်လိမ့်မယ်လို့ ငါ-မမြင်ဘူး-တဲ့.... (မှန်လှပါဘုရား)။

ဒီတော့-သိပ်ကြောက်စရာကောင်းပါကလား.... (ကောင်းပါတယ်ဘုရား) သိပ်ကြောက်စရာကောင်းတယ်လို့ မှတ်ကြစမ်းပါ (မှန်ပါ့)။

ပြီးတော့ မဟာပထဝီ မြေကြီးဆိုတာကလဲ ယူဇနာ နှစ်သိန်းလေးသောင်း အထူရှိတယ်....(မှန်ပါ့) ကျယ်တာလဲ ပြောဘို့ရာ အဆုံးမရှိအောင် ကျယ်ပါတယ်-(မှန်ပါ့) အဲဒါကြီးဟာ အကုန် ပျောက်ဘို့ ငါမြင်သေးတယ်-တဲ့.... (မှန်ပါ့) အဝိဇ္ဇာ တဏှာ မချုပ်တဲ့ ပုဂ္ဂိုလ်မှာ ဒီခန္ဓာကြီးထမ်းပြီး အိုဘေး,နာဘေး,သေဘေးနဲ့ လွတ်လိမ့်မယ်လို့ ငါ-ဘယ်တော့မှ မမြင်ဘူး-တဲ့.... (မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ ဘုန်းကြီးတို့ ငယ်ငယ် တကာမတွေ သြော်.... လက်သည် အရင်း ကျကျလဲ ဘုရားကဟောပြီ....၊ အလွန်ဘဲ ကြောက်စရာကောင်းနေပြီ....၊ ဒီအဝိဇ္ဇာ တဏှာတော့ဖြင့် ချုပ်မအောင် လုပ်မှာဘဲဆိုတဲ့စိတ်ကို မွေးကြပါ....(မှန်ပါ့)။

ဒါကလဲ အခု-ဘုန်းကြီးနဲ့တွေ့နေတုန်း ဒီတကာတကာမတွေ ဒီအကြောင်း ကြားကြရတာ-နော်... (မှန်လှပါ) ကိုယ့် အိမ်ကိုယ့်ယာ ရောက်သွားပြီဆိုမှဖြင့် ကြားဘူးတဲ့ ပုဂ္ဂိုလ်ကတော့ အင်း....ဆုံးအောင် လုပ်ဦးမှာဘဲဆိုတဲ့ စိတ်ရှိမယ်၊ ဘာမှ မကြားဘူးတဲ့ ပုဂ္ဂိုလ်ဆိုကလဲ ဦးမောင်ကလေး အနန္တဘဲ....(အနန္တပါဘုရား)။

အဲဒီတော့ ဘုရား တဆူတဆူ ပွင့်တာသည် လက်သည်းပေါ်တင်တဲ့ မြေမှုန့်လောက် ပါတယ်.... (မှန်ပါ့) ကျန်တာတွေကတော့ မဟာပထဝီမြေကြီးနဲ့အမျှ သတ္တဝါတွေကျန်ရစ်တယ်- (မှန်ပါ့) ဒီတော့-ကုန်နိုင်စရာရှိရဲ့လား-(မရှိပါဘုရား) မကုန်နိုင်ဘူး-တဲ့။

ကျုပ်တို့ မုံ့ကကေးတခု ဝယ်ဗျာ....၊ အပ်ဖျားကလေးနဲ့ ကော် စားနေယာင် ခင်ဗျားတို့ ဘယ်တော့ကုန်မှာတုံး.... (ဘယ်တော့မှ မကုန်ပါဘုရား)။

ဒီလို ကော်ကော်တုတ်သွားတယ်-(မှန်ပါ့) ဒီလို ကော်ကော် တုတ်သွားတဲ့အတွက် ကုန်စရာ,ကျတ်စရာ မမြင်ဘူးဆိုလို့ရှိယင် အခုလို ဆရာကောင်း-သမားကောင်းနဲ့တွေ့-ကိုယ်ကလဲ ထောင် နိုင်တဲ့ နားရှိတယ်....(မှန်ပါ)။

ဒီ-ထောင်နိုင်တဲ့ နားဆိုတာက.... မောင်သစ် အင်မတန် အရေးကြီးတယ်နော်....(ကြီးပါတယ်ဘုရား) ဘုန်းကြီး အိန္ဒိယ တခုလုံးသွားဟော- ထောင်နိုင်တဲ့ နားရှိတဲ့ လူတထောင်ပြည့်ဘို့ ခဲယဉ်းပါတယ်....(ခဲယဉ်းပါတယ်ဘုရား) အမေရိကတိုက် သွား ဟောယင် လုံးလုံးတွေ့မှာမဟုတ်ဘူး-(မှန်ပါ့)ဥရောပတိုက် သွား ဟောယင်ကော-(မတွေ့နိုင်ပါဘုရား)မတွေ့ပေဘူး။ ထောင်နိုင် တဲ့ နားကို မတွေ့ဘူး....(မတွေ့ပါဘုရား)။

ကဲ....အခုဟာ ထောင်နိုင်တဲ့ နားတွေ့တယ်....၊ ဟောနိုင်တဲ့ ဆရာနဲ့တွေ့တုန်းကို ခင်ဗျားတို့မှာ အထိသုံးပါးညီတယ်....လို့ လောကီပြောတဲ့အတိုင်း ဦးမောင်ကလေး ဇာတ်သိမ်းတာဘဲ.... (မှန်ပါ့) ပေမနေနဲ့....(မှန်ပါ့)။

ပေမနေနဲ့၊ ခင်ဗျားတို့ ပေနေတာကတော့ ရှဲ့ပြီးပေးတာ ပါ၊ သူမျှားလို မူး,ရူး,တေ,ရမ်း ပေတာ့မဟုတ်ဘူး.... (မှန်ပါ့) မအားတာနဲ့ ပေနေတာ-(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

ခင်ဗျားတို့ ပေပုံက သူမျှဒုးလို့ မူးရွဲးတေပြီး မပေပါဘူး....၊ ဒီ-တကာတကာမတွေအတွက် ဒါတော့ မစိုးရိမ်ပါဘူး....(မှန်ပါ့ဘုရား)။

ဒါတော့ မစိုးရိမ်ပါဘူး....၊ မအားလို့ ဆိုတဲ့ အလုပ်ဘခုနဲ့ ပေနေတာ ကြောက်စရာ အကောင်းဆုံးဘဲ.... (မှန်ပါ့) ဟိုက သေရည် သေရက်ရွဲး-(မှန်ပါ့)ဒီဟာက ကာမဂုဏ်ရွဲး- (မှန်ပါ့) တယ်တော့ ထူးလှမယ် မဟုတ်ပါဘူး....(မထူးပါဘုရား)။

အရွဲးချင်းတော့ အတူတူဘဲ....(မှန်ပါ့) အတူတူပါဘဲတဲ့— ဟိုက သေရည်သေရက်ရွဲး၊ ဒီက ပစ္စည်းရလိုတဲ့ လေဘနဲ့ ရွဲး.... (မှန်ပါ့)အဲဒါ မအားဘူးဆိုတာနဲ့ ဆင်ခြေလဲ- (မှန်ပါ့ဘုရား) ဆင်ခြေလဲလိုက်တော့ သိပြီး မကျင့်နိုင်ပြန်လို့ ရှိယင်လဲ ဆေးရှိ၍ မသောက်မိသောကြောင့် ရောဂါမပျောက် ဖြစ်မှာဘဲ-(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

အဲဒါ ဦးမောင်ကလေးကလဲ ပြန်ဒတော့မှာ တတာကြီးကလဲ ပြန်တော့မှာဖြစ်နေတော့ ငါ-ဘာရွဲးတုံးက္....လို့ ဒီလို စဉ်းစားရမှယ်.... (မှန်ပါ့) ဒါ-မစဉ်းစားလို့ရှိယင် ဖြစ်ကို မဖြစ်ဘူး.... (မှန်ပါ့)။

ဟိုကောင်တွေ မိုက်လိုက်တာ ရသ၍ သောက်ပစ်တာဘဲလို့ သူများတော့ အပြစ်တင်တတ်ကြတယ်.... (မှန်ပါ့) ငါလဲ ခန္ဓာကလေး ရသ၍ ကာမဂုဏ်နဲ့ ဖြုန်းပစ်လိုက်တာဘဲ.... (မှန်ပါ့) ဘာထူးသေးသတုံး....။

အဲဒီလောက် အရှုပ်ဆိုးနေတာ၊ ဒါ့ကြောင့် ခင်ဗျားတို့သည် သူများအပြစ်ကို ကြည့်မယ်ကြံယင် ငါကော လွတ်ကဲ့လား ဆို

တာကို ဝေဒနာကြည့်ပါ.... (မှန်ပါ့) ဟိုဟာက လူမြင်မတော်ရှုးတာ....(မှန်ပါ့) ဒါက လူတိုင်းရှုးထဲ ဝင်လိုက်တာ....(မှန်ပါ့) သဘောပါပလား....(ပါ့-ပါပြီဘုရား)။

အံမာလေး.... ကိုယ့်ဟာကိုယ်တော့ ရှုးမှုန်း တယ်သိခဲတယ်နော်.... (မှန်ပါ့ဘုရား) ကိုယ့်ဟာကိုယ် ရှုးမှန်း တယ်သိခဲတယ်ကဲ....သဘောပါပြီ....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အဲဒီ အရှုးနှိပ်စက်တာနဲ့ အချက်ကောင်းပြုတ်ကုန်မှာ စိုးရတယ်-(မှန်ပါ့) အဝိဇ္ဇာ တက္ကာပြတ်ဝဲ့ အလုပ်တော့လဲ ဘုန်းကြီးက ခန္ဓာရှုယင် ပြတ်ပါတယ်....(မှန်ပါ့) ခန္ဓာမှာ လက္ခဏာရေးသုံးပါး·တပါးပါးသာ မြင်ပေစေ....(မှန်ပါ့) အဝိဇ္ဇာက ဝိဇ္ဇာဖြစ်လို့ သာမြင်တာ၊ တက္ကာတည်းဟူသောမျှောင်ထုကြီး မရှိလို့သာ မြင်တာ....(မှန်ပါ့) သို့မဟုတ်ယင် မြင်နိုင်စရာရှိရဲ့လား....(မရှိပါဘုရား)။

မရှိပါဘူး....တဲ့၊ အဲဒါကြောင့် ခင်ဗျားတို့ သိပြီးတော့ နှစ်နာမှာဝိုးတယ်....(မှန်လှပါ) နဂိုရိတုန်းကတော့ဖြင့် မသိ နှစ်နာ (မှန်ပါ့) အခုတော့ဖြင့်.... (သိပြီး နှစ်နာပါဘုရား) အရုပ်တယ်ဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

အရုပ် တယ်ဆိုးတယ်....နော်....(မှန်ပါ့) လူဘော့ လှပါရဲ့ကွာ.... အကျင့်က သိပ်တန်နေတယ်၊ သိပြီး အပါယ်ရောက်နေတယ်....(မှန်ပါ့)။

သူဗဟုသုတတော့ ရှိသားကွ- လူက မလုပ်ဘူး.... (မှန်ပါ့) ဆိုတော့ ဒါ ကောင်းသေးရဲ့လား.... (မကောင်းပါဘုရား) လူတော့ လှပါရဲ့ အကျင့်က တန်တယ်ဆိုတာလိုပေါ့။

အဲဒါကိုလဲ ဥာဏ်နားနဲ့ ထောင်ကြည့်တော့မှ သြော်.... ဒို့ ဟုတ်ပါလားဆိုတာ ပေါ်လာတယ်.... (မှန်ပါ့) မအားဘူးတဲ့ မောင်သစ် ဘာအတွက်မအားတာတုံး၊ ဟာ....ဘုန်းကြီးတို့ ရှေ့တွင် အမြင်သားဘဲ....(မှန်ပါ့) ဒါပြောတာကိုး.... (မှန်လှုပါ ဘုရား) ရလိုမှု-ယူလိုမှုဘဲ..... (မှန်ပါ့) စိုးပူးတက်မှု မဟုတ်ဘူးလား....(မှန်ပါ့)။

ဒါက္ ဘယ်တော့မဆို မဆုံးနိုင်တဲ့အလုပ်ဘဲ-(မှန်ပါ့) ဒီဘဝ ဘယ်တော့ပြီးမှယ်လို့ ရှိရဲ့လား.... (မရှိပါဘုရား) ခန္ဓာကသာ ပြတ်သွားတယ်....၊ သူကမပြတ်ဘူး....(မှန်ပါ့) တဏှာက မပြတ်ဘူး.... (မှန်ပါ့)ခန္ဓာကတော့ဖြင့် အိုခြင်းဆိုး,နာခြင်းဆိုးနဲ့ ပိုင်းကာနဲ့လဲသေလိုက်ဘယ်.... (မှန်ပါ့) တဏှာကတော့ဖြင့် နောက်ဘဝဆက်ခိုင်းလိုက်တယ်... (မှန်ပါ့)။

ဒီဘဝတော့ဖြင့် မင်းသေပြီ၊ နောက်ဘဝခိုင်းဘို့ရာ-ခိုင်းဘို့ရာ အထည်တခု မင်းဖြစ်ဦးမှာဘဲ....၊ ဖြစ်ယင် ငါးခိုင်းဦးမှာဘဲ.... (မှန်ပါ့) တဏှာက ဘယ်တော့မှ မသေဘူးမောင်နိုင်.... (မှန်ပါ့) ဒါဖြင့် ခန္ဓာသာသေ၍ ဇာဏှာမသေမှဟာလဲ အနုသယသဘောလို့ မှတ်လိုက်....(မှန်ပါ့)။

နို့-"သရဂ စိတ္တံ သရဂစိတ္တန္တိ ပဇာနာတိ" သူချုပ်သွားတယ်မဟုတ်လား၊ ချုပ်သွားတယ်ကွ၊ အဲဒါက ပရိယုဋ္ဌာနသစ္စာချုပ်တာ အနုသယက မချုပ်ဘူး....(မှန်ပါ့) ပရိယုဋ္ဌာန- ထကြွလာတာကိုသာ ခင်ဗျားတို့ ဝိပဿနာရှုလို့ရတာကိုး.... (မှန်ပါ့) ဘုရား) အနုသယကျန်တော့....(မရပါဘုရား)။

ရှုလို့လဲမရဘူး၊ သူကဘာလုပ်ဘို့ စောင့်နေတာတုံး မေးတဲ့ အခါကျတော့ မင်္ဂနဲ့ မဖြတ်လို့ ရှိယင် မင်းကို နောက်ဘဝခိုင်း

ဘို့ရာ ငါစောင့်နေတယ်လို့....(မှန်ပါ့ဘုရား) မဆိုးဝါးဘူးလား (ဆိုးဝါးပါတယ်ဘုရား) ကိုင်း....ဒါနဲ့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ဒီနှစ်ခုမချုပ်လို့ ရှိယင် မြင့်မိုရ်တောင် ပျောက်စရာ မြင်တယ်၊ ဇီပုဂ္ဂိုလ်တွေ့ ဒုက္ခကုန်သွားလိမ့်မယ်လို့ ငါ-မဟောရဲ့ ဘူး....တဲ့....(မှန်ပါ့)အဝိဇ္ဇာ တဏှာ မချုပ်ယင်....(မှန်ပါ့) ဒုက္ခသိမ်းဘို့ ငါ့မြင်ဘူး.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဒီ့ထက်ကြီးတဲ့ တံရားရှိသေးရဲ့လား....(မရှိပါဘုရား) စကဲသေးတာ့ ကြီးပါရဲ့.....၊ တပည့်တော်တို့က ဒါလောက်တော့.... အပြော့ပေါ့ဆိုယင် အတော်ခက်တဲ့ လူတွေပဲ့....။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့ ဒါ....ဘာ့ကြောင့်တုံးလို့ မေးတဲ့ အခါကျတော့ကို....တဲ့ အဝိဇ္ဇာနဲ့ တဏှာ မချုပ်တာလဲ တခြားကြောင့်မဟုတ်ပါဘူးကွာ၊ ခန္ဓာကိုယ်ကို ငါ-ငါ့ဥစ္စာထင်နေလို့ အဝိဇ္ဇာတဲ့ဏှာကလဲ မချုပ်တာ.... (မှန်ပါ့) ဒါဖြင့် ဘုရားက တဖန် လက်သည်ပြန်ဖမ်းပြန်တော့ အဝိဇ္ဇာ တဏှာကတော့ ရေသောက်မြစ် ဖြစ်ပါတယ်ကွာ....တဲ့ အဝိဇ္ဇာ တဏှာ ရေသောက်မြစ်ဖြစ်နေတာက ဘယ်သူ့ကြောင့်ဖြစ်ရတယ်ဆိုတာအကြောင်းရှာပြန်တော့လဲ ခန္ဓာကိုယ်ကို ငါ- ငါ့ဥစ္စာ စွဲနေလို့ အဝိဇ္ဇာတဏှာကလဲ မချုပ်တာ-(မှန်ပါ့)သဘောကျပလား(ကျပါပြီ)။

ဘာစွဲနေတာတုံး..... (ငါ-ငါ့ဥစ္စာ စွဲနေပါတယ်ဘုရား) အေး-ခန္ဓာကိုယ်ကို ငါ-ငါ့ဥစ္စာ စွဲနေတယ်.... (မှန်ပါ့) ခန္ဓာကိုယ်ကို ငါ-ငါ့ဥစ္စာ စွဲနေတော့ အဝိဇ္ဇာ တဏှာကလဲ မချုပ်နိုင်ဘူး....(မှန်ပါ့)ဘာချုပ်မလဲတဲ့၊ ဒီဌိ တည်းဟူသော တရားကလှမ်းမိုး နေဘော့ အဝိဇ္ဇာ တဏှာက ဒီထဲ တဏှာကလဲ ဒိဌိထဲသဟဇာတအဖြစ်နဲ့ပါ၊ အဝိဇ္ဇာထလဲ သဟဇာတအဖြစ်နဲ့ပါ....

ပါနေတော့ သူတို့သုံးခုဟာ ဒီဥက ခေါင်းဆောင်ပြီးသကားလ ငါ-ငါဥစ္စာလုပ်နေတော့ အဝိဇ္ဇာကလဲ သူမသိအောင် ဖုံးထားလို့ ဒီဥကလုပ်တာ....(မှန်ပါ့ဘုရား) တဏှာကလဲသူလုပ်ထားတာကိုအကြိုက်၊ ဒီဥလုပ်ထားတာကို အကြိုက်ဘဲ.... (မှန်ပါ့) ဒါ့ကြောင့် ဒီဥနဲ့ တဏှာကတော့ တဲလျက်၊ အဝိဇ္ဇာကတော့ အထောက်အပံ့ အဖြစ်နဲ့ ကူညီလျက်ဆိုတာ တခါတည်းမှတ်ထားပါ (မှန်လှပါ)။

ကောင်းပြီ....တဲ့ ဒါဖြင့် ဒီ-အဝိဇ္ဇာတဏှာ မချုပ်လို့ရှိယင် ဘာဖြစ်မတုံးဆိုတော့ အဝိဇ္ဇာက တဏှာ ဆိုတာ သစ်ခါရဲလဲ တဏှာဘဲ....(မှန်ပါ့) အဲဒါကြောင့် ခင်ဗျားတို့မှတ်စရာက အဝိဇ္ဇာ တဏှာသာလျှင် ခင်ဗျားတို့ကို ဘာလုပ်သတုံးဆိုတော့ ခန္ဓာငါးပါးကို လုပ်တယ်လို့ မှတ်ထားပါ....(မှန်ပါ့)။

အဝိဇ္ဇာ တဏှာသည်.... (ခန္ဓာငါးပါးလုပ်ပါတယ်ဘုရား) ခန္ဓာငါးပါးလုပ်တယ်၊ ပဋိစ္စသမုပ္ပါဒ်လို သုံးတဲ့အခါကျတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာလို့မှတ်ပါ.... (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်လိုသုံးပြတော့(ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပါ) ပေါင်းပြီးခေါ်လိုက်တော့ ခန္ဓာငါးပါး.... (မှန်ပါ့ဘုရား) ဒါဖြင့် ဒီဥစ္စာကို အဝိဇ္ဇာ တဏှာ သစ်ခါရတို့က လုပ်တာပေါ့.... (မှန်ပါ့) အဝိဇ္ဇာ တဏှာ သစ်ခါရတို့က လုပ်ပြီးသကာလ နေပြန်တော့ ဒီခန္ဓာကြီးဟာ ပေါ်လာပြန်တယ်ဆိုတော့ သြော်....ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဒီခန္ဓာတွေ ဘယ်လောက် များတယ် ဆိုတာသာ သူမသိတာ၊

နောက်က ဘယ်လောက်ဖြစ်ခဲ့တယ် မသိဘူး....(မှန်ပါ့) အမြစ်ရှာလိုက်တော့လဲ သူဘဲ၊ မပေါ်လာဘူးလား .... (ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာဆိုတဲ့ တရားကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတော့ ပဋိစ္စသမုပ္ပါဒ် နည်းနဲ့ ငါးပါး၊ ခန္ဓာလို ပြန်ဖွဲ့လိုက်ပြန်တော့လဲ ထိုနည်းအတူငါးပါးဘဲပြန်ဖြစ်ပါတယ်....(မှန်ပါ့)။

ခန္ဓာလိုဖွဲ့လိုက်လဲ....(ငါးပါးပါဘဲ ဘုရား) ငါးပါးဘဲပြန်ဖြစ်တယ်လို့ မှတ်ထားလိုက်တာပေါ့....(မှန်ပါ့) သူမချုပ်သရွေ့ ဒီခန္ဓာ မချုပ်ဘူး....(မှန်ပါ့) သဇောကျပလား .... (ကျပါပြီဘုရား)ဒီခန္ဓာမချုပ်ခင်ကို ဒီခန္ဓာသည် ရိုးရိုးမနေတော့ဘူး.... (မှန်ပါ့) သူ က ရိုး ရိုး မ နေ ပြန် တော့ ဘာ လုပ် ပြန်သတုံးဆိုတော့ သူ့ထဲကနေပြီး အဝိဇ္ဇာ တဏှာ လာဦးမှာဘဲ....(မှန်ပါ့) မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒါကြောင့်ခင်ဗျားတို့ကို ဝေထားတယ် အဲဒီပဋိစ္စသမုပ္ပါဒ်ကြည့်တော့ အဝိဇ္ဇာနဲ့ တဏှာလာပြန်တော့ကိုတဲ့ တဏှာဥပါဒါန်ကံတွေလဲ လာဦးမှာဘဲ.... (လာမှာပါဘုရား) မလာပေဘူးလား (လာပါတယ်)ဒါဖြင့် ငါးပါးဘဲပြန်ဖြစ်တယ်....(မှန်ပါ့)။

ဒါဖြင့် နောက်တုံးကလဲဘုရားကချုံးထားလို့ စင်စစ်ငါးပါးဘဲမှတ်လိုက်.... (မှန်ပါ့) နောက် တုံး က လဲ .... (ငါးပါးဘဲ) အတိတ်ကလဲ ငါးပါးဘဲ....(မှန်ပါ့) အတိတ်က ဖြစ်ကြောင်း ငါးပါးပေါ့ဗျာ .... (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ) ဖြစ်ကြောင်း ငါးပါး-ဖြစ်ကျိုးငါးပါး .... (မှန်ပါ့) တခါ သူက

ပေါက်ပွားတာကကော....(ငါးပါးဘဲ) ဖြစ်ကြောင်းငါးပါး.... (မူန်ပါ့) တခါ သူက လာပြန်တော့ကောဗျာ .... (ဖြစ်ကျိုး ငါးပါးပါဘုရား)ဖြစ်ကျိုးငါးပါး....(မှန်ပါ့)။

ဒါဖြင့် ဖြစ်ကြောင်းငါးပါးကြောင့် ဖြစ်ကျိုးငါးပါးလာတယ်၊ ဖြစ်ကျိုး ငါးပါးက ပေါက်ပွား လာတာက .... (ဖြစ်ကြောင်းငါးပါးပါ) ဖြစ်ကြောင်း ငါးပါးက ပေါက် ပွား တာကကော....(ဖြစ်ကျိုးငါးပါးပါဘုရား)။

တခါသူကပေါက်ဦးမယ် .... ဖြစ်ကျိုးငါးပါးက .... (မှန်ပါ့ ပေါက်ဦးမှာပါ) ဖြစ်ကျိုးငါးပါးက .... (မှန်ပါ့ ဖြစ်ကြောင်း ငါးပါးပေါက်ဦးမှာပါ) ပေါပလား....(ပေါပါ့ဖို့)။

ဒါဖြင့် ခင်ဗျားတို့ ပြောပြောနေကျ စကား .... မိုးခိုးမဆုံး မိုးမဆုံးဘဲ....(မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား) ဘာဖြစ်နေကြသလဲ... (မိုးခိုးမဆုံး-မိုးမဆုံးဖြစ်နေပါတယ်) မိုးခိုးမဆုံး-မိုးမဆုံးဘဲ....ကြည့်လေဒီမျိုးစေ့ကြောင့် ဒီအပင်ပေါက်တယ်....(မှန်ပါ့) ဒီအပင်က ဒီအသီး ငါးသီးကို သီးတယ်.... (မှန်ပါ့) ဒီအသီးငါးသီးကြောင့် ဒီအပင်ကြီးပေါက်တယ်.... (မှန်ပါ့) ဒီအပင်ကြီးက ဒီအသီး· ငါးသီး ပေါက်မှာဘဲ.... (မှန်ပါ့)သဘောကျပလား....(မှန်ပါ့ဘုရား)။

အဲဒီလောက်ခင်ဗျားတို့မှာတဲ့ဘုရားသခင်ကိုယ်တော်မြတ်ကြီး ငါမြင်ဘူးကွတဲ့ .... (မူန်ပါ့) ငါမြင်ဘူးတဲ့- ဖြစ်ကြောင်း ငါးပါးကြောင့် ဖြစ်ကျိုးငါးပါး- ဒီလိုသာလှည့်နေတာ ငါမြင် တော့ကိုဘဲ့ မင်းတို့ ဒီအထဲမှာ ငါသဗ္ဗညုတဉာဏ်နဲ့ မင်းတို့ကို ချွတ်ဘို့ ကျွတ်ဘို့- ငါကိုယ်တိုင် ကျွတ်လာ တာအားတော့ ဖြစ်

ကြောင်းငါးပါးသေလို့ ငါဘုရား ဖြစ်လာတယ် .... (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတွေ့ ဘာလုပ်ရမလဲ....(ဖြစ်ကြောင်းငါးပါး ပယ်ရပါမယ်ဘုရား) ဖြစ်ကြောင်းငါးပါး ပယ်ရမယ် (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ဒါဝိုင်းလိုက်မယ်ဆိုယင် ဟိုအဝိုင်းကြီးသွားဖြစ်တယ်....(မှန်ပါ့)ပေါ်ပြီနော်....(မှန်ပါ့)။

ဒီကနေ ငါးခု ပဉ္စားလိုက်လို့ ရှိယင် ဒါလှည့်သွားမယ် .... (လှည့်သွားပါတယ်ဘုရား)။

လှည့်သွားတော့တဲ့ .... က ဲ လှည့်နေယင် ကြာနေ ရော့မယ် ဒီလောက်ရှိ ရိပ်မိပြီ....(မှန်ပါ့)။

ဒါဘယ် နှယ်ကြောင့်ဒီဖြစ်ကြောင်းငါးပါးဖြစ်ကျိုးငါးပါး ဖြစ်ကျိုးငါးပါးက ပေါက်ပဉ္စားလာပြန်တယ်-ပေါက်ပဉ္စားမှုငါးခု၊ ပေါက်ပဉ္စားမှုငါးခုကြောင့် အကြောင်းငါးပါး တခါပေါ်ပြန်တယ်၊ ဖြစ်ကျိုးငါးပါးသည် တခါပေါက်ပဉ္စားမှုငါးခုကို တခါအသီးအပွင့်ဖတ္ခနဲ့ ကြွကျဦးမှာဘဲ....(မှန်ပါ့)။

အင်း....ကြွကျယင် ဒီအပင်မျိုးဘဲ .... (ပေါက်ဦးမှာဘဲ) ပေါက်ဦးမှာဘဲဆိုတော့ အမြစ်ဖြတ်ဆေးမရသ၍ ကာလပတ်လုံး တကာ တကာမတွေ့မှာ ဒုက္ခ သမုဒယစက်ဟာ ရပ်မှာ မဟုတ်ပါဘူး(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ) ဘာစက်တုံး (ဒုက္ခသမုဒယစက်မရပ်ပါဘုရား) ဟောဒီငါးခုသမုဒယစက်....(မှန်ပါ့)ဒီအကျိုးငါးခုက....(ဒုက္ခစက်ပါဘုရား)။

အကြောင်းငါးခုက .... (သမုဒယစက်ပါဘုရား) အကျိုးငါးခုက .... (ဒုက္ခစက်ပါဘုရား) အဲ....ဒါဘဲ- အဝိုင်းကြီးထဲလှည့်ထားတာ ဒါဘဲပါတယ်....(မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဝင်္ဂလို ဟောမယ်ဆိုလို့ရှိယင် လွယ်ပါတယ်၊အဝိဇ္ဇာနဲ့တဏှာက ကိလေသဝင်္ဂ၊ မဟုတ်ဘူးလား .... (မှန်ပါ့) ကံက- ကမ္မဝင်္ဂ (မှန်ပါ့)မဟုတ်ဘူးလား... ကဲ.... ဆန်ဒရတွေက ကမ္မဝင်္ဂ၊ ဒါက ဝိပါကဝင်္ဂ....(မှန်ပါ့)။

ဒီအတိုင်းမနေဘူးလား....(နေပါတယ်ဘုရား) ဝိပါကဝင်္ဂထဲက ကိလေသဝင်္ဂ- ကမ္မဝင်္ဂသုံးခုမှာဘဲ၊ မသွားပေဘူးလား (သွားပါတယ်) ကမ္မဝင်္ဂလာလို့ရှိယင် ဝိပါကဝင်္ဂလာမှယ်.... (မှန်ပါ့)။

ဝိပါကဝင်္ဂထဲကဘာဝင်္ဂနှစ်ခုလာဦးမလဲ.... (ကိလေသဝင်္ဂပါ) ကိလေသဝင်္ဂပြီးတော့ ကမ္မဝင်္ဂလာဦးမှာဘဲ....(မှန်ပါ့လာမှာပါ) ကမ္မဝင်္ဂပြီးတော့....(ဝိပါကဝင်္ဂလာပါမယ်)။

ဆော....ခင်ဗျားတို့ဥစ္စာလဲခက်နေပဗျကော.... (မှန်ပါ့) ဂျအောသူ့အမေရိကပါလို့....ဖြစ်နေပြီ.... (မှန်ပါ့) ဟင်....အဲဒီသီချင်းအတိုင်းနေမှာဘဲ။

ကိုင်း .... တကာတကာမတို့ ဘယ်နှယ် လုပ်ကြမှာတုံးလို့ မေးတဲ့အခါ ကျုပ်တို့ဉာဏ်စုံမ်း-ကံစုံမ်းနဲ့ကော့ မောင်သစ်ဘာမှ လုပ်လို့ မတတ်နိုင်ဘူး .... (မှန်ပါ့) ဒါရိုးရာဘဲ.... (မှန်ပါ့) မတတ်နိုင်ဘူး၊သေမျိုးဘဲ....(မှန်ပါ့ဘုရား) ဒီမှာ လမ်းဆုံးနေတယ်၊ သေမျိုးသာရှိတယ်- သူ့မှာသေမျိုးကို စကားထဲထည့်ကို မပြောဘူး....(မှန်ပါ့ဘုရား)ဟင်....(မှန်ပါ့)။

ခင်ဗျားတို့ဟာက ဘုရားအလောင်း ဓမ္မပါလ ဖြစ်တုန်းက လောက်တောင် မလိမ္မာသလိုဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

ဓမ္မပါလကလေး ကျတော့ တက္ကသိုလ်ပြည်သွားပြီး ပညာသင်တယ်၊ သူတို့ဓမ္မပါလရွာကတော့-အိုယင်သေရတယ်၊ငယ်ငယ် မသေရဘူး....(မှန်ပါ့ဘုရား)။

သူတက္ကသိုလ်ပြည် ပညာသွားသင်တော့ တက္ကသိုလ်ဆရာကြီး ရဲ့ သားကသေရှာတယ်... (မှန်ပါ့) သေတော့ သူတို့တပည့် တွေကလိုက်ပို့ကြတယ်၊ မအော-ဖအောတွေကလဲ ငိုကြတယ်၊ သူ တယောက်တည်းဘဲ ဆရာ့သား သေငြားသော်လဲ မငိုဘူး.... (မှန်ပါ့)။

ဘာဖြစ်လို့ မငိုသတုံးမေးတော့ သူတို့ဆီမှာ ထုံးစံမရှိလို့ မငိုဘူးတဲ့...သူတို့ဆီ ငယ်ငယ်သေ တုံးစံမှ မရှိဘဲကိုး....(မှန်ပါ့) ကြီးမှသေတာကိုး။

ဒါနဲ့တပည့်တွေက ပြောကြတယ်၊ မင်းကွာ ဆရာသမားလဲ အမှိုပြုနေသေးတယ်....၊ ဆရာသမား ညာလက်ရုံး ပြုတ်သွားတဲ့ ဥစ္စာကို မင်းမို့ဘဲ အောင့်ပြီးနေနိုင်ပါပေတယ်....ဆိုတော့ သြော် ကျုပ်တို့ဆီမှာ ထုံးစံမရှိဘူးတဲ့၊

ထုံးစံမရှိတဲ့ဥစ္စာ ရှိသေးတယ် .... (မှန်ပါ့) ခင်ဗျားတို့က သေမျိုးထုံးစံဘဲ၊ ထုံးစံမရှိတာ မသိမှမသိဘဲ၊ ထုံးစံမှရှိတာ ရှိသေးတယ်၊သဘောကျပလား....(ကျပါပြီ)။

ထုံးစံမရှိတာစတော့ကို ခန္ဓာ မပေါက်အောင် လုပ်လို့ ရှိယင်ဖြင့် သေပေါက်သေဝ မထောက်ဘူးပေါ့....(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့)။

ခန္ဓာမပေါက်အောင် လုပ်နိုင်တဲ့ပုဂ္ဂိုလ်ဟာ.... (သေပေါက်သေဝမ့ရောက်ပါဘူးရား) ကဲ...ဒါထုံးစံ မလွတ်ဘူးလားဗျာ..., (လွတ်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က သြော်....ဘယ်သူ သေသတဲ့....ဒီအရွယ်ကွာ....မထူးပါဘူး၊ ဒို့လဲ ဒီလမ်းသွားရမှာဘဲ.... (မှန်ပါ့) သူ့ကို သွားတာလဲဒီလမ်း၊ ဒို့ကလဲ ဒီလမ်း၊ ဒို့တာမွေးတာတွေလဲ .... (ဒီလမ်းပါဘဲ) ဒီလမ်းသာ ရှိတော့ ခင်ဗျားတို့ တလမ်းသွား ဖြစ်ပြီ...(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ခင်ဗျားတို့က သူများကိုတော့ သြော်-တယ်မိုက်တဲ့အကောင် တံငါ လုပ်နေတယ်၊ တလမ်းသွားဘဲကွဲ၊ ခင်ဗျားတို့ ကကော ဘယ်နှယ် ဖြစ်နေသလဲ....(တလမ်းသွားပါဘဲ) အတော်ကို ဆိုးနေတာ....(မှန်ပါ့)။

အဲဒီတော့ကိုတလမ်းသွားက သူ့သာ ခင်ဗျားတို့က အပါယ် တလမ်းတည်း ပြောလို့ အပါယ် တလမ်းတည်း သွားတာ၊ ခင်ဗျားတို့က လမ်းစုံ သွားနေကြတယ်၊ မဟုတ်ဘူးလား .... (မှန်ပါ့ဘုရား)။

လမ်းစုံသွားလဲ သေသေချာချာ စဉ်းစားကြည့်တော့ ဘယ် လမ်းမှလဲ အန္တရာယ် မကင်းပါဘူး....(မှန်ပါ့) ကင်းရဲ့လား.... (မကင်းပါဘုရား)။

နှတ်ပြည့်လမ်းသွားလဲ အိုဘေး,နာဘေးနဲ့ ဘဲ.... (မှန်ပါ့) မဟုတ်ဘူးလား....၊ ဗြဟ္မာပြည့်လမ်းသွားလဲ .... (အိုဘေး, နာဘေး,သေဘေးနဲ့ပါဘဲ)။

သူ့တလမ်းသွားကလဲ အိုဘေး, နာဘေး တွေ့တာဘဲ .... (မှန်ပါ့)ခင်ဗျားတို့ လမ်းစုံ သွားကတော.... (အိုဘေး,နာဘေး တွေ့တာပါဘဲ)ဒါဖြင့် လမ်းကိုဖြတ်မှ ကောင်းမယ်....(မှန်ပါ့)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အရိယာ များတော့ ခရီးလမ်း ဆုံးသွားပြီကွာတဲ့....(မှန်ပါ့)။

ဂတဒ္ဓိနော ဝိဓသာကာသ
ဝိပ္ပမုတ္တာသ သဗ္ဗဓိ၊
သဗ္ဗဂန္ထပ္ပဟီနာသ၊
ပရိဠာဟော နုပဓိဇ္ဇတိ။

ဓမ္မပဒပါဠိဆရာမှာ....(မှန်ပါ့) ရဟန္တာများကိုတော့ကွာ ဒီအာဝိဇ္ဇာ ဟာကျာ သတ်လိုက်တာ လမ်းဆုံးသွားပြီတဲ့....(မှန်ပါ့) ခရီးသည်အဖြစ်မှလွတ်ပြီ။

ခန္ဓာဝန် ထမ်းပြီး ဟိုနေရာ ထိုးလဲလိုက်၊ ခန္ဓာဝန်ထမ်းပြီး တိရစ္ဆာန်ဘုံ ထိုးလဲလိုက်....(မှန်ပါ့) ခန္ဓာဝန်ထမ်းပြီး နတ်ရုပ်ကြီးနဲ့ ထိုးလဲလိုက် (မှန်ပါ့) ခန္ဓာဝန်ထမ်းပြီး ဗြဟ္မာရုပ်ကြီးနဲ့ (ထိုးလဲလိုက်ပါဘုရား) ဘယ်လောက်ကြာပြီတုံး .... (မုရေတွက်နိုင်ပါဘုရား)မရေတွက်နိုင်တော့ ဘုန်းကြီးပြောတာကို ဦးမောင်လေးက မှတ်ဆုံးဦး၊မင်းတို့မသာ လည်ပြချင်သေးလလား.... မေးသင့်-မမေးသင့်.... (မေးသင့်ပါတယ်ဘုရား) မေးသင့်တယ်-တဲ့၊ ဒါ့ကြောင့် ဘုန်းကြီးက ပုညာဘိသင်္ခါရကို ကြောက်တာ ဦးမာဒင်ရိပ်မိပလား....(မှန်လှပါဘုရား)။

အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရာ- အပုညာဘိ သင်္ခါရာ- ဒီပုညာဘိသင်္ခါရကို ကြောက်တာ၊ ပုညကကုသိုလ်ဗျ .... (မှန်ပါ့ ကုသိုလ်ပါဘုရား)။

ဒီ-ဝင္ဆကဲသိုလ် မကြောက်ရဘူလား.... (ကြောက်ရပါတယ်) ဘာဖြစ်လို့တုံး ဆိုလို့ရှိယင်.... မသာသည်ပြင့် အသိုလ်ကိုး ဗျ.... (မှန်ပါ့) ဘာတဲ့တုံး.... (မသာလည်ပြပါတယ်) ဟာ.... မသာဟာ ပြပဲ့မဟုတ်ဘူး၊ မှင်းတို့ကသာ ပြပဲ့ထင်ပြီး ဆုတောင်း ယူနေတာ.... (မှန်ပါ့) မသာဆိုတာ တံတွေး ထွေးတဲ့ပဲ့၊ အလှ ပြတဲ့ပဲ့ မဟုတ်ဘူး....(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့) မသာ ဆိုတာ ဘာတုံး.... (ပြပဲ့မဟုတ်ပါဘုရား) တံတွေး ထွေးတဲ့ပဲ့... (မှန်ပါ့) ခင်ဗျားတို့က ဘယ်နှယ်တုံး....(ပြပဲ့ထင်နေပါတယ်)။

အတော် ခက်နေပါပြီ.... မြွေကိုက်တတ်ပါတယ်ဆိုတဲ့ ကိုက်တာ သွားကြည့်ဦးမယ် ဆိုသလို ဖြစ်နေပြီ....(မှန်ပါ့) ခလေးလို ဖြစ်နေတယ်၊ မြွေအလမွယ်ကြည့် ဖြစ်နေတယ်....(မှန်ပါ့)။

ကဲ.... ဒါဖြင့် ကျုပ်တို့ ခင်ဗျားတို့သည် ဘုရားသခင် ကိုယ် တော်မြတ်ကြီး လက်သည် ရှာလိုက်တော့ ပဌမ ဒိဋ္ဌိ သတ်ဘို့၊ ဒုတိယ အဝိဇ္ဇာ တဏှာ သတ်ဘို့....(မှန်ပါ့) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

ပဌမ....(ဒိဋ္ဌိသတ်ဘို့ပါ) နောက်မှ....(အဝိဇ္ဇာ တဏှာ သတ် ရပါမယ်) ဒါက တမျိုး ဟောတယ်... (မှန်ပါ့) တမျိုး ဟော တယ်တဲ့၊ ဒါ-ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်မှာ လာတဲ့ ပဋိစ္စသမုပ္ပါဒ် (မှန်ပါ့)ပဌမ ဘာ သတ်ရမယ်....(ဒိဋ္ဌိသတ်ရပါမယ်) နောက်မှ (အဝိဇ္ဇာ တဏှာ သတ်ရပါမယ်ဘုရား)။

အဝိဇ္ဇာနဲ့ တဏှာ သတ်ရမယ်၊ ရေသောက်မြစ်တော့ မှန်ပါ ရဲ့၊ရေသောက်မြစ် အားပေးတာက ရှိသေးတယ်....တဲ့-(မှန်ပါ့) ရေသောက်မြစ်ကို ဒိဋ္ဌိက အားပေးတယ်....(မှန်ပါ့)။

ကဲ....ဘယ်သူက အရင်း ကျသတုံး.... (ဒိဋ္ဌိက အရင်း ကျပါ တယ်ဘုရား) ဒိဋ္ဌိက အရင်းကျတယ်၊ဒါ့ကြောင့်-ခုနင်ကသမုဒ္ဒရာ ရေ ခန်းစရာ မြင်သေးတယ်၊ မြင့်မိုရ်တောင်ကြီး ပျောက်စရာ မြင်သေးတယ်....၊ မဟာပထဝီ မြေကြီးသည်ကားလို့ ဆိုယင် ပျောက်စရာ မြင်သေးတယ်....၊ မင်းတို့ အဝိဇ္ဇာ တဏှာ မချုပ် လို့ ရှိယင် ခန္ဓာဇာတ် မသိမ်းဘူး....(မှန်ပါ့)။

ဘယ်နှယ်ကြောင့်တုံးလို့ မေးကြည့်တော့ တရားက သူဘဲ အဖြေ ထွက်လာတယ်-(မှန်ပါ့)"ရူပံ အတ္တာတော သမနုပဿတိ" လို့ အဖြေထွက်လာတယ်၊ ရုပ်ကို ငါထင်နေလို့ က္ခ....တဲ့၊ ဒိဋ္ဌိ သတ်ရမယ် ပြောဘာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဒိဋ္ဌိရှ.ထားသတ်.... (မှန်ပါ့) အဝိဇ္ဇာ တဏှာကို.... (နောက်ထားသတ်ရပါမယ်)နောက်ထား သတ်ရမှယ်၊အဲဒီတော့ စ,ချိလိုက်တော့ ဟုတ်ပါဘယ်၊ သတ္တဝါ ရေသောက်မြစ်ဟာ အဝိဇ္ဇာ တဏှာဘဲ၊ ဒါ့ကြောင့် သူ-မချုပ်သ၍ ကာလပတ်လုံး သမုဒ္ဒရာ, မြင့်မိုရ်, မြေကြီးသာ ပျောက်စရာ မြင်သေးတယ်-ဘယ်နှယ်ကြောင့်တုံး....လို့ တခါ အကြောင်း ထုတ်လာပြန်တော့ "ရူပံ အတ္တာတော သမနုပဿတိ" တဲ့....(မှန်ပါ့) ဝေဒနံ အတ္တာတော သမနု ပဿတိ....တဲ့-(မှန်ပါ့)ရုပ်ကို ငါထင် ဝေဒနာကို ငါထင်နေတာက စ,တာဒကဲ့....တဲ့.... (မှန်ပါ့ဘုရား) ရှင်း ပလား....(ရှင်းပါပြီ)။

ဒါဖြင့် ရုပ်ကို ငါထင်တာ ဝေဒနာ ငါထင်တာဆိုလို့ ရှိယင် ဖြင့် အတ္တာဒိဋ္ဌိဘဲ....(မှန်လှပါဘုရား) သဘောကျပလား.... (ကျ ပါပြီဘုရား)။

ဒါဖြင့် အတ္တဒိဋ္ဌိကို အနတ္တဒိဋ္ဌိဖြစ်မှ နေရာကျမယ်.... (မှန်ပါ့ဘုရား) အတ္တဒိဋ္ဌိက မိစ္ဆာဒိဋ္ဌိ.... (မှန်ပါ့) အနတ္တဒိဋ္ဌိက သမ္မာဒိဋ္ဌိ....(သမ္မာဒိဋ္ဌိပါ) အနတ္တမြင်တဲ့ ဒိဋ္ဌိကိုး....(မှန်ပါ့)။

ပဿတိတိ ဒိဋ္ဌိ မြင်တာကို ဆိုတယ်.... (မှန်ပါ့) ဟိုကတော့ မိစ္ဆာပဿတိကိဒိဋ္ဌိ....(မှန်ပါ့) သမ္မာပဿတိတိဒိဋ္ဌိ.... (မှန်ပါ့) ဒိဋ္ဌိနှစ်မျိုး....(မှန်ပါ့) အမှန်မြင်တဲ့ ဒိဋ္ဌိကတမျိုး၊ အမှားမြင်တဲ့ (ဒိဋ္ဌိက တမျိုးပါဘုရား)။

ဒါဖြင့် အတ္တဒိဋ္ဌိကိုအနတ္တဒိဋ္ဌိဖြစ်မှ ခင်ဗျားတို့ အဝိဇ္ဇာတက္ခဏကုန်ငြားသော်လဲ သောတာပန်တည်ပြီးတော့ အပါယ်လေးပါးလွတ်သွားမယ်....(မှန်ပါ့) သူကတည်ပြီးတော့မှ ခုနင်က တက္ခဏကို သတ်ရမယ်....(မှန်ပါ့) အဝိဇ္ဇာကို....(သတ်ရပါမယ်) သတ်ရမယ်ဆို သူက အထက်တန်းကျတဲ့လူဇတ္တကိုးဗျ .. (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာဟာတွေ ယနေ့ ခန္ဓဝဂ္ဂသံယုတ်မှာ မြင့်မိုရ်ဥပမာ မြေကြီးဥပမာ သမုဒ္ဒရာဥပမာ ပျောက်စရာ, ကွယ်စရာ မြင်သေးတယ်....၊ ဒီခန္ဓာပျောက်စရာ ကွယ်စရာ မထင်ဘူးဆိုတဲ့ နေရာဌာနမှာတော့ အတ္တဒိဋ္ဌိ အရင်ဖြုတ်ပြီးတော့မှ အဝိဇ္ဇာနဲ့တက္ခဏနောက်ထားဖြုတ်ပါ ဆိုသောကြောင့် ခင်ဗျားတို့သည် ဝိပဿနာနဲ့ ဖြစ်ပျက် အနတ္တကို မြင်အောင်ရှုဘို့ရာ....ခင်ဗျားတို့ အရေး....(မှန်ပါ့ဘုရား)။

ကောင်းပြီ.... ဒါဖြင့် အကျိုးငါးပါးက ဒါ ပစ္စုပ္ပန်ဘဝ.... (မှန်ပါ့) ပစ္စုပ္ပန်ဘဝထဲမှာက အနာဂတ်အကြောင်းဆိုချင်ဆို.... ပစ္စုပ္ပန်အကျိုး ဆိုချင်ဆိုပေါ့ဗျာ.... အတူတူဘဲ....၊ အနာဂတ်

အခြောင်းဆိုလဲ ဒါခြောင့် ထုတ်လာဘာ....(မှန်ပါ့) ပစ္စုပ္ပန် ဒီခန္ဓာဏကျိုးတရား ထုတ်လာတယ်....လို့ ဆိုယင်လဲ ဟုတ်တာဘဲ (မှန်ပါ့)။

ပစ္စုပ္ပန်ခန္ဓာကြီးက နောက်ခြောင်း အတွက် ထုတ်လာတယ်.... (မှန်ပါ့) ပစ္စုပ္ပန်အခြောင်း ထုတ်လာတယ်၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) ပစ္စုပ္ပန်အခြောင်းခြောင့်.... အနာဂတ် အကျိုးဖြစ်တယ်၊ အတူတူဘဲ....တဲ့....(မှန်ပါ့ဘုရား)။

ကောင်းပြီ.... ဒီလို သိထားတဲ့အခါကျတော့ ဒီအကျိုးခန္ဓာငါးပါး....၊ အဝိဇ္ဇာ သင်္ခါရရယ် တဏှာရယ် ဥပါဒါန်ရယ် ကံရယ်ဆိုတော့ ငါးခု၊ ဒါဟာ ကျုပ်တို့ မင်္ဂနဲ့ လျော်-ဖုံတ်-ကြော် ပစ်လိုက်ရလို့ ရှိယင် သူသွားမယ်....(မှန်ပါ့) မဟုတ်ဘူးလား.... (မှန်ပါ့)မင်္ဂနဲ့ လျော်-ဖုတ်-ကြော်ပစ်လိုက်ရလို့ ရှိယင်ဖြင့် အနာဂတ် အခြောင်း သွားမှယ်.... (မှန်ပါ့) သဘောကျပလား= (ကျပါ့ပြီ)။

အနာဂတ်အခြောင်း မသေသချ် ကာလပတ်လုံး ကျုပ်တို့သည် ဆက်လက်သွားလိမ့်ဦးမယ်ဆိုတာ မှတ်ရလိမ့်မယ်-(မှန်ပါ့) ဆက်လက်မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒီလိုလုပ်ကြစို့....၊ ပစ္စုပ္ပန်ခန္ဓာကြီးကို ကျုပ်တို့ ခင်ဗျားတို့ အမှန်သိဘို့ အရေးကြီးပါတယ်.... (မှန်လှပါဘုရား) ပစ္စုပ္ပန်ခန္ဓာကို.... (အမှန်သိဘို့အရေးကြီးပါတယ်) ပစ္စုပ္ပန်ခန္ဓာကို မဂ္ဂင်ငါးပါးနဲ့ အမှန်သိဘို့အရေးကြီးပါတယ်.... (မှန်ပါ့)။

ဒါဖြင့်ပစ္စုပ္ပန်ခန္ဓာအမှန်သိဘို့အရေးကြီးတော့ကိုမဂ္ဂင်ရှစ်ပါးဟာ ဘာမျှားလုပ်သတုံး၊ မဂ္ဂင်ငါးပါးက ဘာမျှားလုပ်သတုံးလို့

မေးတဲ့အခါကျတော့ သမ္မာဒိဋ္ဌိက မိစ္ဆာဒိဋ္ဌိ အနှုတ်တယ်ကွ.... (မှန်ပါ့) သမ္မာသင်္ကပ္ပက မိစ္ဆာသင်္ကပ္ပကိုအနှုတ်တယ်၊ မဟုတ်ဘူးလား.... (မှန်ပါ့) ဒါဖြင့် အသီးသီးအနှုတ်လိုက်တဲ့အခါကျတော့ မိစ္ဆာမဂ္ဂင်ရှစ်ပါးပြုတ်ပြီးတော့ သမ္မာမဂ္ဂင် ရောက်လာမှာဘဲ....(မှန်ပါ့) ဒါဖြင့် ကျုပ်တို့ သမ္မာမဂ္ဂင်ဖြစ်အောင်လုပ်.... (မှန်ပါ့)ဘယ်နှယ်လုပ်ကြမယ်.... (သမ္မာမဂ္ဂင်ဖြစ်အောင်လုပ်ကြရပါမယ်)သမ္မာမဂ္ဂင်ဖြစ်အောင်လုပ်ကြရမယ်....(မှန်ပါ့) သမ္မာမဂ္ဂင်ဖြစ်အောင် ဘယ်နှယ်လုပ်ကြမှာတုံး....လို့ မေးတဲ့အခါကျတော့ ကလျာဏမိတ္တ ရှာပါ.... (မှန်ပါ့) ဒါကို ရှေးဦးစွာ ဖြစ်အောင်လုပ်ရဖယ်....(မှန်ပါ့) နော်....(မှန်ပါ့) ဘာလုပ်ရမလဲ.... (ကလျာဏကမိတ္တ ရှေးဦးစွာရှာရပါမယ်ဘုရား)။

ကလျာဏမိတ္တရှာပါတဲ့၊ ဒီငါးခုဟာ မိစ္ဆာမဂ္ဂင်ကဲ့တော့ သေချာနေပြီ.... (မှန်ပါ့) သူ့ပဋိစ္စသမုပ္ပါဒ် အတိုင်းဆိုယင်.... မိစ္ဆာမဂ္ဂင်ဘဲ.... (မှန်ပါ့) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်)။

သူ့ပဋိစ္စသမုပ္ပါဒ်အတိုင်းဆိုယင် အနုဂဂတ်အကျိုး ငါးပါးဆိုလဲဟုတ်၏....၊ မိစ္ဆာဘဏ္ဍားတွေဆိုယင်ကော.... (ဟုတ်ပါတယ်ဘုရား)။

ဟုတ်တာဘဲ....တဲ့၊ ဒါဖြင့် ဒါကို သမ္မာဖြစ်အောင် လုပ်ဘို့ဆိုတော့ ဘုရားမပွင့်ယင်တော့ သမ္မာမဖြစ်နိုင်ဘူး-(မှန်ပါ့)ဘုရား၏ တပည့်သားနဲ့ မပေါင်းသင်းယင်တော့.... (သမ္မာ မဖြစ်နိုင်ပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ)ဘုရားမပွင့်ယင်လဲ သမ္မာမဖြစ်နိုင်ပါဘူး၊ ဘုရား၏ တပည့်သားမျှားနဲ့ မပေါင်းသင်းယင်ကော-(မဖြစ်နိုင်ပါဘုရား)သမ္မာမဖြစ်နိုင်တော့ ခင်ဗျားတို့ အခု တပည့်သားတွေနဲ့ ပေါင်းသင်းနေကြတယ်.... (မှန်ပါ့) ပေါင်း

သင်းနေတော့ ခင်ဗျားတို့သည် သမ္မာတော့ ဖြစ်နေပြီ....(မှန်ပါ့ ဘုရား) သမ္မာတော့ ဖြစ်နေပြီ....တဲ့၊ သမ္မာဒိဋ္ဌိတော့ ဖြစ်နေပြီ နဲ့ ဖြစ်ပါ့လျက်သားနဲ့ တပည့်တော် ဘယ် နှယ်ကြောင့် ဘုန်းကြီးက ခွင့်မလွှတ်သေးသတုံး... လို့.....(မူန်ပါ့) လုပ်ပါဦး....လို့ ဒုတိယ တိုက်တွန်းချက်ကို ဘယ် နှယ်ကြောင့် ပေးနေရသတုံး ဆိုတော့ တကာတကာမတို့ ဒီ သမ္မာဒိဋ္ဌိကလဲ နုံနေသေးလို့ပါ (မူန်လှပါ) သဘောကျပလား....(ကျေပါပြီဘုရား)။

နုံနေသေးလို့.... (မှန်ပါ့) နုတော့ ခင်ဗျားတို့ ဘာဖြစ်မလဲ နုံတော့ ပုပ်သွားမယ်....(ပုပ်သွားပါမယ်ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) နောက်က တကာတကာမတွေ ဘာဖြစ်နေသတုံး- (နုတော့ ပုပ်သွားပါမယ် ဘုရား) ဝိပဿနာ သမ္မာဒိဋ္ဌိဆိုတာ နုတယ်ကွ... (မူန်ပါ့)။

ဝိပဿနာ သမ္မာဒိဋ္ဌိဆိုတာ မောင်သစ်....(နုပါတယ်ဘုရား) အာရုံကြမ်းနဲ့ လာလိုက်ယင်.... (ပုပ်သွားပါမယ်) ပုပ်သွားပါမယ်၊ သဘောကျပလား.... (ကျေပါပြီ) မင်္ဂသမ္မာဒိဋ္ဌိကျတော့ သမ္မတ္တနိယာမဝင်မှာ-မဂ္ဂင်္ဂါက် မပြန်ဘဲနဲ့ မြဲသွားတော့.... ဘုန်းကြီးက ကဲ... သွားချင်တဲ့ဆီ သွားတော့-(မှန်ပါ့ဘုရား)အခုဟာတ နုံနေသေးတာကိုး...(မှန်ပါ့ဘုရား)။

နုံနေသေးတော့ ထော....ဟိုမှာ နေထိ လေထိမှ မခံသးပါတလား...(မှန်ပါ့)မစိုးရိမ်ရဘူးလား- (စိုးရိမ်ရပါတယ်ဘုရား) လေထိ နေထိ မခံတဲ့အဖြစ်ကလဲ သိပ်ကြောက်စရာ ကောင်းတယ်....(ကောင်းပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဆင်ခြေ လဲပြီးသကာလ- ဟာ.... လေထို့နေထိ မခံပေမဲ့ တပည့်တော်တို့သည်ကား တပည့်တော်

တို့ အကြောင်း တပည့်တော်တို့မှ သိတာဆိုပြီး ဦးမောင်ကလေး ကသဲ့ ဒီအတိုင်းဘဲ ပြန်ရမှာပေါ့ဗျာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)ဦးမာဒင်ကကော....(ပြန်ရမှာပါ) ဒီအတိုင်းဘဲ ပြန်ရမှာဘဲ၊ လေထိုးနေထိုမှု မခံဘဲကိုးဗျ....(မှန်ပါ့)။

ဒီ-လေထိ နေထိ မခံတဲ့ သတ္တိကလဲ ဘာ့ကြောင့်တုံးလို့ မေးယင် ခုနက ပြောတဲ့ စကားအတိုင်း မောင်သစ် ပြန်ဖြစ်တယ်....၊ နှိုးနေသေးလို့....(မှန်ပါ့)။

အဲဒီတော့ နှုးနေတဲ့ ဥစ္စာကို ခင်ဗျားတို့သည်ကားလို့ ဆိုယင် ဘာလုပ်ရမှာတုံးဆိုယင် မှန်မှန်သွားယင် ရင့်မှာဘဲ.... (မှန်ပါ့) မှန်မှန်သွားယင်....(ရင့်မှာပါဘဲဘုရား)။

အဲဒီတော့ သွားမှု အလုပ်ကိုဖြင့် ဝတ်ထားကြပါ....(မှန်ပါ) သွားမှုအလုပ်ကို.... (ဝတ်ထားကြပါ) ဒါဖြင့် သေလဲ ဒါနဲ့ သေ၊ ဒီအချိန်နဲ့ ဒီအချိန်လဲ ဒါနဲ့ နေမယ်၊ ဒီဝတ်ကိုမပျက်စေနဲ့....(မှန်ပါ့)။

ဒီဝတ် ပျက်သွားလို့ရှိယင် နှုပြီး ပုပ်သွားမှာဘဲ....(မှန်ပါ့) ပုပ်သွားလို့ရှိယင် ဘာဖြစ်မတုံး ဆိုလို့ရှိယင် ဒီ-ငါးပါးက ခုနင်က ဒီ ခန္ဓာက ပေါက်ပွားတယ်၊ ခုနင်က ဒီ ငါးပါး ပြန်လာတယ်.... (ပြန်လာပါတယ်) မလာပေဘူးလား.... (လာပါတယ်) အဝိဇ္ဇာ သင်္ခါရ ဟုတ်လား၊ တဏှာ ဥပါဒါန် ကမ္မဘဝ ဒါပြန်လာတယ်....(လာပါတယ်) မလာပေဘူးလား....(လာပါတယ်ဘုရား) ဘာဖြစ်လို့တုံး- ဟိုဟာ....ပုပ်သွားလို့....(မှန်ပါ့-ပုပ်သွားလို့ပါ) ပုပ်သွားယင်လာမှာဘဲ....။

ရင့်သွားလို့ရှိယင်တော့ "သမ္မတ္တာနိယတာ ဓမ္မာ" လို့ - ဓမ္မ သင်္ကိမ္မာ ဘုရားက မဖေါက်ပြန်တော့ဘူးကွ....၊ မြဲပြီတဲ့.... (မှန်ပါ့)။

ဟိုဘက် တခါ ကူးပြီးလို့ရှိယင်.... (မြဲပြီ) မကူးသေးလို့ရှိယင်....(မမြဲသေးပါ) နုသေးတယ်....(မှန်ပါ့) နုယင် ဘာတုံး.... (ပုပ်မှာပါဘုရား) လေထိမခံ နေထိမခံ....(မှန်ပါ့) ရိပ်မိပလား- (ရိပ်မိပါပြီ) ခင်ဗျားတို့ နေရမှာက လေထဲ နေထဲ နေရမှာ.... (မှန်ပါ့ဘုရား)။

လောကဓံ လေထဲမှာ လောကဓံ နေထဲမှာ နေရမှာဘဲဆို့ တော့-ကွာ-တရား ငါသိပါရဲ့တဲ့ ကိစ္စက မင်းတို့ မြင်တဲ့ အတိုင်း အလွန် ကြီးနေတာကွ.... ဆိုလို့ရှိယင် ပုပ်တော့မလို့.... တကယ် ကြောက်စရာ ကောင်းတယ်....(မှန်ပါ့ဘုရာ) ခင်ဗျားတို့ကတော့ လဲ ဒီ-အပုပ်ဘက်ကတော့ သန်နေကျ ဖြစ်နေကယ်.... (မှန်ပါ့)။

မောင်သစ် ဘယ်နှယ်တုံး.... (အပုပ်ဘက်က သန်ပါတယ်) အပုပ်ဘက်ကတော့ အားများနေကြတယ်.... (အားများနေပါတယ်) မဟုတ်ဘူးလား....(မှန်ပါ့) ရင့်ကျက်ဘို့ဘက်ကတော့.... (အားနည်းပါတယ်ဘုရား)။

အားက အတော် နည်းနေတယ်....၊ အခုမှ စ,ရတာကိုး.... (မှန်ပါ့) ကိုင်း....ဒါဖြင့် ကိုယ် ရ,ထားတဲ့ ပါရမီ ရင့်-မရင့်ဆို တဲ့ ဥစ္စာ ခင်ဗျားတို့ ဘာမှ ဒီ့ပြင်ဟာ တွေးမနေနဲ့.... (မှန်ပါ့) ပါရမီ ရင့်-မရင့်ဆိုတာ မင် ရင့်-မရင့်ကို ဆိုတာ....(မှန်ပါ့ဘုရား) ခင်ဗျားတို့အတွက်က မင်ရင့်ဘို့ လိုတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ကို သူက အနိယတာဓမ္မာ....(မှန်ပါ့) ဝိပဿနာဏာ အနိယတာဓမ္မာ....(မှန်ပါ့)မမြဲသေးဘူးက္ခ....တဲ့....(မှန်ပါ့) မင်္ကျတော့ သမ္မတ္တနိယတာဓမ္မာ၊ မဖေါက်မပြန်ဘဲနဲ့ မြဲပြီက္ခာ.... တဲ့....(မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ လူမမာကို ဆရာဝန် လက်လှတ်သွားတဲ့ အခါကျလို့ ရှိယင်ဖြင့် ကဲ....ဓရလဲ့ ချိုးတော့ဗျာ....၊ စားချင်တာလဲ စားတော့ဗျာ....(မှန်ပါ့) ဒီလိုဆိုတော့ ဆရာဝန်က သူ ကောင်း ကောင်း စိတ်ချလို့ ဘယ်လို ပြဒါးချိန်ထိုးထိုး၊ မဟုတ်ဘူးလား-(မှန်ပါ့) ဒီဂရီကိုးဆယ်ရှစ်နဲ့ ဓခြောက်မှတ်ဆိုယင် သူလုံလောက်လို့....ခင်ဗျားတို့က ဒီ ကိုးဆယ့်ရှစ်ကို မရှိသေးဘူးဗျ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ရိပ်မိတော့ အင်း.... ငါ့လူတွေ့ ပြန်မျှား ဖျားနေဦးမှာလား-မောင်သစ် မစိုးရိမ်ရဘူးလား....(စိုးရိမ်ရပါတယ်ဘုရား) ဒဲ့ဒါ သွားကာနီးမို့ ပြောနေတာယ်လို့ အောက်မေ့ မနေနဲ့....လှတ်ကိုမ လှတ်ရသေးလို့ ပြောတာ.... (မှန်ပါ့) လှတ်ကိုမလှတ်ရသေဘူး (မှန်ပါ့)။

ကဲ....ဒါဖြင့် ဒီတရားပြန်မလာလို့ ရှိယင် ကျွန်ုပ်တို့ ခင်ဗျားတို့မှာ နောက်ထပ်ပြီး ဒီအပင်မပေါက်တာပေါ့ဗျာ.... (မှန်ပါ့) အနာဂတ် ခန္ဓာပင်ကြီး....(မပေါက်ရပါဘုရား)။

ဒီတရား ပြန်လာလို့ ရှိယင်တော့ မပေါက်ပါနဲ့ ဆိုလို့ မရဘူး၊ သူက မမှန်ယတတာ-လို့ ဘုရားက သေသေချာချာ ဟောတယ်၊ ဒါ မမှန်ယာမက္ခ-တဲ့....(မှန်ပါ့) သူတို့သာပြန်လာယင် ဒီခန္ဓာပင်ပေါက်မယ်...(မှန်ပါ့) အနာဂတ်ခန္ဓာပင်....(ပေါက်ပါ

မယ်)ငါမရှိလဲပေါက်မှာဘဲ၊ ငါရှိလဲပေါက်မှာဘဲ- သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့်.... ဒီငါးခုကို ခင်ဗျားတို့က မရင့်အောင် ဒီငါးခုကို ဖြုတ်-နော်... (မှန်ပါ့) ဒီငါးခုကိုဖြုတ်ပြီး ဒီငါးခု ရင့်အောင် လုပ်ရမယ်....(မှန်ပါ့)ဒီငါးခုရင့်ယင် ရှစ်ဖြစ်မယ်....(မှန်ပါ့)။

ဒီငါးခုရင့်ယင်-(ရှစ်ဖြစ်ပါမယ်) ရှစ်ဖြစ်မှာဘဲ ဆိုတော့ ငါးနဲ့ရှစ်ဟာ သိပ်ဝေးသလားလို့မေးယင် ဦးမောင်စာလေး ဘယ့်နှယ်ဖြေမယ်....(မဝေးပါဘုရား)။

ဟာ....ဒါ လူတိုင်း မဟုတ်ဘူး....(မှန်ပါ့)လုပ်တဲ့လူမှာတော့ ဖြင့် မဝေးပါဘူး....နော်....(မှန်ပါ့) မလုပ်တဲ့ လူမှာတော့ ငါးတောင်ပျောက်တယ်- (ပျောက်ပါတယ်) မလုပ်တဲ့လူမှာ ဘယ့်နှယ် ဖြစ်နေသလဲ.... (ငါးတောင်ပျောက်ပါဘယ်) ငါးတောင်ပျောက်လို့ ရှိယင်တော့ဖြင့် ငါးပျောက်ယင် ငါးပေါ်မှာဘဲ.... (မှန်ပါ့)။

ဒါ ခင်ဗျားတို့ ဟို-ပဋိစ္စသမုပ္ပါဒ်အတိုင်းဘဲ....(မှန်ပါ့)ဦးမောင်က ပဋိစ္စသမုပ္ပါဒ်တော့ ကုသိုလ်လုပ်တယ်....(မှန်ပါ့)ဘာဖြစ်လို့ ကုသိုလ်လုပ်တာတုံး-တပည့်တော်တို့ ဒီလိုဘဲ ငါးပျောက်ယင် ငါးဆောက်အောင်လုပ်တာ....။

ဒီငါးပျောက်လို့ ရှိယင်ဖြင့် အင်မတန်ကောင်းပါမယ်....(မှန်ပါ့) အဝိဇ္ဇာသင်္ခါရ တဏှာဥပါဒါန်ကံ ဆိုတော့ ငါး မနေဘူးလား....(မှန်ပါ့)။

အဲဒီငါး,ပျောက်ပြီးသကာလ ဒီငါးရောက်မှသာလျင် သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ,သမ္မာဝါယမ,သမ္မာသတိ,သမ္မာသမာဓိ ဆိုတဲ့ဒီ

ငါးမဆောက်သ၍ ကာလပတ်လုံး ခင်ဗျားတို့မှာဖြင့် သြော်-အနာဂတ် အကြောင်းငါးပါးဆောက်ပြီးသကာလ ဟုတ်လားဒုက္ခပြတ်ကြောင်း ငါးမဆောက်ပါလား....(မှန်ပါ့)။

ဒုက္ခပြတ်ကြောင်း ငါး ဆောက်ဘို့အရေးကြီးတယ်....(ကြီးပါတယ်ဘုရား)အနာဂတ်အကြောင်းငါးဆောက်ဘို့....(အရေးမကြီးပါဘုရား)။

ဒါကခင်ဗျားတို့ဟာ အိပ်နေရင်းဆောက်တာဘဲ၊အိပ်နေရင်းဆောက်တဲ့ကွ ...(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ဆရာမှာလိုက်တာ ရိပ်မိပလား....(မှန်ပါ့) အင်း-ပြတ်ကြောင်း ငါးတော့ဖြင့် ဆောက်စေချင်တယ်.... (မှန်ပါ့) ဆက်ကြောင်း ငါးကို....(မဆောက်စေချင်ပါဘုရား)။

ဒါ ကိုယ့်ဟာကိုယ် နဖူးပေါ် လက်ဘင်စဉ်းစား ...(မှန်ပါ့) ဖြတ်ကြောင်းငါးဘယ်လောက်ဆောက်ပါလိမ့်၊ဆက်ကြောင်းငါးက ဘယ်လောက်ပါလိမ့်....ဟင်....(မှန်ပါ့)ဒီဘက်က တော့ထမှာစိုးရတယ်.... (မှန်ပါ့)။

ဆက်ကြောင်းငါးက....(တော့ထ,မှာစိုးရပါတဲ့ယ်) တော့ထမှာစိုးရတယ်-ဘာဖြစ်လို့ တော့ထမှာစိုးရသတုံးဆိုတော့ ဟိုမှာကိလေသာမိုးက စွတ်ယ်ကွ....(မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မောင်သစ်....ဘာဖြစ်လို့ တော့ထမှာစိုးရသတုံး.... (ကိလေသာမိုးစွတ်မှာစိုးလို့ပါဘုရား)။

ကြော်....ခင်ဗျားတို့ အဲဒီမသွားပါနဲ့ဆိုလို့မရဘူး....(မှန်ပါ့ မရပါဘုရား) ကိုလေသာမိုးစွတ်တဲ့နေရာမှ ခင်ဗျားတို့က တယ်

အပင် သန့်ချင်တာကိုး....(မှန်ပါ့)သဘောပါကြရဲ့လား....(ပါပါတယ်ဘုရား)။

ဒါ ရှိစရာပြောနေတာမဟုတ်ပါဘူး...(မှန်ပါ့) ခင်ဗျားတို့သွားမှာက ကိလေသာမိုးစွေမည့်နေရာ သွားမယ်.... (မှန်ပါ့) ပဿဒ္ဓိကျရဲ့လား....(ကျပါတယ်ဘုရား)။

အဲဒီတော့ ဒီဆက်ကြောင်းငါးကလဲသူသန်လာမှာဘဲ....(မှန်ပါ့)မသန်ပေဘူးလား....(သန်ပါတယ်ဘုရား) သန်ယင် အနာဂတ်အပင်က....(ပေါက်မှာပါဘုရား)ဘာပင်ပေါက်မယ်လို့မဆို နိုင်ဘူးဗျ-ဟင်... (မှန်ပါ့) ခြေလေးချောင်းပေါက်မလား ကင်းခြေများဘဲ ပေါက်လာမလား မပြောတတ်ဘူး ပေါက်ချင်တာ ပေါက်မယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့်ခင်ဗျားတို့ပြတ်ကြောင်းငါး-ရင့်ယင် ရှစ်ဖြစ်မယ် (မှန်ပါ့) ရှစ်ဖြစ်မယ်နော်....(မှန်ပါ့) ဆက်ကြောင်း ငါးသာ ပေါက်လို့ရှိယင်ဖြင့်တဲ့ ခင်ဗျားတို့ ဘယ်သူကယ်လို့မှ မရဘူး.... (မှန်ပါ့ဘုရား) ဘုရားပွင့်မှာနဲ့နောက်မြေကြီး ၁၃-မိုင်တက်ရဦးမယ်....(မှန်ပါ့)ကယ်မည့်သူ တွေ့ပါဦးမလား (မတွေ့ပါဘုရား) အခုဟာတွေ့တာဘဲ....(မှန်ပါ့)။

အဲဒီတော့ ဒို့ဆရာဘုန်းကြီးက၊ အရေးတကြီးပြောပြီဆိုတာ ယခုနဲ့မှတ်ပါ....(မှန်ပါ့) ပြတ်ကြောင်း ငါးကိုဖြင့် သြော်...ရင့်အောင်လုပ်ရလိမ့်မယ်(မှန်ပါ့)ရင့်ယင်ရှစ်ဖြစ်တယ်.... (မှန်ပါ့)။

ဖြစ်ကြောင်း ငါးကတော့ဖြင့် အိပ်နေလဲဖြစ်တယ် (မှန်ပါ့) ဘာ့ကြောင့်တုံးဆိုတော့ ငါတို့ကိလေသာမိုးစွေတဲ့နေရာမှာနေမိပြီ (မှန်ပါ့) ဒါမျိုးရေ့ငါးခုဘဲ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဘာတုံး....(မျိုးစေ့ငါးခုပါဘုရား)မျိုးစေ့ငါးခုဆိုတော့ အဝိဇ္ဇာလဲပါရမယ်....(မှန်ပါ့) ဇာဏ်ကောင်-(ပါ-ပါတယ်)ကံလဲ ပါမယ်၊တဏှာကောင်-(ပါပါမယ်)ဥပါဒါန်ကောင်-(ပါ-ပါမှယ်) ဒီဟာတွေ သန်နေသရွေ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကအဆိပ် မျိုးဘဲ၊ အဆိပ်ပင်ကြီး၊ ငါးဖြစ်သန်လေလေ အဆိပ်ပင်ကြီးထွား လေလေဖြစ်မှာဘဲ့-(မှန်ပါ့) ထွားလေလေ ခင်ဗျားတို့ဒီအဆိပ်ပင် က ဒီအဆိပ်သီး-သီးဦးမှာ-(မှန်ပါ့) ဒီငါးသီး ထပ်မသီးပေဘူး လား-(သီးပါတယ်)သီးလို့ရှိယင် ဖီအပင်ဟာ သူ့အသီးက သူ့ သတ်ဦးမယ်- (မှန်ပါ့) နောက်ပေါက်တဲ့ အပင်ကလဲ သူ့ဘဲသတ် မှာဘဲ့... (မှန်ပါ့) သဘောပါလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဦးမာဒင် ဘာမှာသဘုံး၊ ငါးနှစ်ခုလဲဘို့ အရေးကြီးတယ်-(မှန်လှပါဘုရား) ဆက်ကြောင်းငါးကိုဖြုတ်၊ ပြတ်ကြောင်းငါးကိုသွင်းရမယ်-(ရှုရပါမယ်) ပြတ်ကြောင်းငါး ကို သွင်းရမယ်....(သွင်းရပါမယ်ဘုရား)။

ဒီနေရာဘဲ.... (မှန်ပါ့)နေရာတော့ တာနေရာထဲဘဲ....(မှန်ပါ့) ကြည့်- ပစ္စုပ္ပန်ခန္ဓာနဲ့ အနာဂတ်ခန္ဓာကြားထဲမှာ ဆက်ကြောင်း ငါးကလဲ မောင်ချစ်စိန် ဒါဘဲ....(မှန်ပါ့) ပြတ်ကြောင်းငါးကို သွင်းပြန်လဲ ဒီကြားဘဲ့....(မှန်ပါ့)။

နေရာတော့ ဘုန်းကြီးက ဒီနေရာဘဲ ဆိုတာတော့ သတိပေး လိုက်တယ်-(မှန်ပါ့) ဒီနေရာကမနေပြီး-ဆက်ကြောင်းငါး အသစ် လုပ်လဲရတာဘဲ့- (ရပါတယ်) ပြတ်ကြောင်းငါးလုပ်လဲ....(ရပါ တယ်ဘုရား)။

အဲဒါ-ခင်ဗျားတို့သည် ဆက်ကြောင်း ငါးလုပ်မိလို့ရှိယင် ဖြင့် အိုဘား,နာဘေး,လေဘေး,ဆိုတဲ့ အပင်ကြီး ပေါက်တော့

မယ်....(ပေါက်ပါမယ်ဘုရား) မပေါက်ပေဘူးလား....(ပေါက်ပါတယ်ဘုရား)။

ပြတ်ကြောင်း ငါးကို လုပ်လိုက်လို့ ရှိယင် အိုဘေး,နာဘေး, သေဘေး,ဆိုတဲ့ အပင်ကြီးဟာဖြင့် ပြတ်ထွက်သွားမယ်– (ပြတ်ထွက်သွားပါမယ်ဘုရား) မသွားပေဘူးလဲ.... (သွားပါတယ်ဘုရား)။

အဲဒီတော့ကို ကိုယ့်ကိုယ်ကို နောက်ထပ် မသွေချင်ဘူး....၊ တကယ် သနားပါတယ် ဆိုလို့ ရှိယင်ဖြင့်.... ဒီငါးနေထုမှာ ဒီငါးကိုသွင်း....(မှန်ပါဘုရား) မဂ္ဂင်ငါးသွင်း....(မဂ္ဂင်ငါးသွင်းရပါမယ်) သာဘောကျပလား....(ကျပါပြီ)။

ဒါဖြင့်-မဂ္ဂင်ငါးသည် မှတ်ဇားကြပါ၊မဂ္ဂင်ငါးက သူ့ အလိုလို ဆုတောင်းနဲ့ ပေါ်တာလား-အာရုံကြောင့်ပေါ်တာလား ဆိုဟာ အရေးတကြီးမှတ်....(မှန်လုပါဘုရား)။

အဲဒီတော့ ဘုန်းကြီးက ရှင်းရှင်းပြောပါတယ် ခင်ဗျားတို့လဲ အင်မတန် အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေလို့ မဂ္ဂင်ငါးဆိုတာ ဆုတောင်းလို့ ပေါ်တာမဟုတ်ဘူး....(မဟုတ်ပါဘုရား) အာရုံကြောင့် ပေါ်တာ....(မှန်ပါ-အာရုံကြောင့်ပေါ်တာပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒီဘက်ကို အာရုံပြုယင် ဒီငါးပေါ်တယ်-မဟုတ်ဘူးလား....(မှန်ပါ့)ဒီဘက်ကိုအာရုံပြုယင်....(ဒီငါးပေါ်ပါတယ်)။

အေး....ဒါဖြင့် ဒီငါးခုကို ခင်ဗျားတို့က ဝိပဿနာ လုပ်မှု မဂ်ငါးခုပေါ်မှာကိုးဗျ(မှန်ပါ့)ဒီငါးခုကို ခင်ဗျားတို့ကဲ့ ဘာမှမ

ကြည့်ဘဲနေလို့ရှိယင် ဒီငါးခုလာမယ်- (မှန်ပါ့ဘုရား) ဒီဟာကို ပင်လျှင် ခင်ဗျားတို့ ခန္ဓာငါးပါးကို မသိတာ အဝိဇ္ဇာ- (မှန်ပါ့) ဖြူတာ သခ်ၤါရ-(မှန်ပါ့) ခင်တာကတာဏှာ-(မှန်ပါ့) စဲ့လမ်းတာ က-(ဥပါဒါန်(၎)ယခုစက်တွေ့လုပ် ချိပ်ကုန် တိုက်ကုန် တွေ့လုပ် ဆိုတာ ကမ္မဘဝခတွေ.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့....ခင်ဗျားတို့ လုပ်နေတဲ့ အလုပ်ကတော့ ကမ္မဘဝ ချည့်ဘဲ....(ကမ္မဘဝပါဘုရား)သဘောကျပလား....(ကျပါပြီ)။

ကမ္မဘဝဆိုတာ သည်'ကမ္မ'ဝိပါကသဿ'...(မှန်ပါ့).... (ဝ့ါ) ကမ္မပစ္စယာ သဘောကျပလား.... (ကျပါပြီဘုရား)။

ကဲ....အချိန်ခစ့်သွားပြီ၊ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....။

ကျေးဇူးတော်ရှင် ၊ အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား - အမရပူရမြို့ ဓမ္မာရုံဌ်

ဟောကြားတော်မူသော

ခန္ဓာဖြစ်စဉ် စက်ဝိုင်းထောက်ပြ၍ ဟောတော်မူအပ်သော

ပဋိစ္စသမုပ္ပါဒ်တရားတော် (၂၀)

(၁၂-၁၂-၆၁)

ဒုလ္လဘတရားငါးပါးရှိကယ်ဆိုတာ အားလုံးလဲ ခဏခဏဘဲ ကြားဘူးကြပါတယ်၊ ဒုလ္လဘတရား ငါးပါးဆိုတာ နော်....(မှန်လှပါဘုရား)။

ဒါဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး နေ့တိုင်း ရွေးဆေးတိုင်း ဒါကလေးရွတ်ရွာတယ်....(မှန်လှပါ)။

ဆွမ်ခံပြန်လာပြီဆိုမှဖြင့် ရွေးဆေးတဲ့ ကျောက်ပျဉ်မှာ ရေခွက်ကလေးနဲ့ ရွေးဆေးတိုင်း, ရွေးဆေးတိုင်း တခါတည်း 'ဗုဒ္ဓ၊ပ္ပါဒေါ ဒုလ္လဘော လောကသ္မိ'' ဘုရားပဋ္ဌာန်ရာ ခဲယဉ်းတယ်ကွ....၊ ဒါ ရှေးဦးစွာရွတ်တာဘဲ....(မှန်ပါ)။

မနုဿတ္တဘာဝေါ ဒုလ္လဘော, လူ့ဘဝရဘို့ရာလဲ အင်မတန် ခဲယဉ်းတယ်ကွ (မှန်ပါ) သဒ္ဓါသမ္ပတ္တိနဲ့ပြည့်စုံဘို့လဲခဲယဉ်းတယ်ကွ--(မှန်ပါ)။

သူတော်ကောင်းတရားနာဘို့လဲ ခဲယဉ်းတယ်ကွ-ဒါ နေ့တိုင်း သတိပေးတာဘဲ....(မှန်လှပါ) ဘာဖြစ်လို့ သတိပေးရသလဲလို့ မေးလို့ရှိယင်ဖြင့် ရခဲလို့မှတ်ရမယ်....(မှန်ပါဘုရား)

အဲဒီ ရခဲတာကြီးကို ဘုန်းကြီးတို့ တကာ တကာမတွေ့က သြော်....ရခဲတဲ့အခါမှာ အင်မတန်မှရခဲတဲ့ အလုပ်ကြီးတခု ငါ တို့ရပြီးသဖြင့် ပေါ့ပြေပေါ့ယဲ့မှုပါမှာ ဘုန်းကြီးက ရှင်းပြတော့ မယ်တဲ့ တကာတကာမတွေ့ သေသေချာချာမှတ်ပါ-နော်....(မှန် ပါ့ဘုရား)။

ပုရွက်ဆိတ်ကလေးတကောင် မောင်ဘသော်နော်....(မှန်ပါ့) ဘယ်နှယ်လုပ်ပြီးမင်းတို့လူ့ဘဝရမလဲဆိုတာ စိတ်ကူးကြည့်စမ်း လူ့ဘဝဘယ်လိုဟာမလဲဆိုတာ (ခဲယဉ်းပါတယ်ဘုရား) မရနိုင် တော့ဘူးဘဲ ဆိုးဖြတ်ချက်ချပါဗျာ... (မှန်လှပါ)သန်းကလေး တကောင် တကာကြွယ် အကဲခတ်ကြည့်စမ်း လူ့ဘဝရဘို့ဘယ်နှယ်နေသလဲ....(ခဲယဉ်းပါတယ်ဘုရား)။

သြော်....ခဲယဉ်းတာချည့်ဘဲ ဆိုတဲ့ဥစ္စာ-ဒါကြောင့် လူ့ပြည် ဟာ အပ်ဘစင်း ထောင်ထား၊ ငြဟ်မှုပြည်က အပ်တစင်းအသွား အောက်လှည့်ပြီး ချလိုက်၊အသွားချင်း ထိဘို့မှာ ဆိုတာ ဖဝေးပါ သေးရဲ့၊လေတွကအမျိုးမျိုးတိုက်နေ၊ ဝေးကွာတာကလဲ လွန် လို့နော်....(မှန်ပါ့ဘုရား)။

အဲဒါ ထိဘို့ရာရှိသေးတယ်ကွာ-မင်းတို့ လူ့ဘဝရဘို့ရာအရေး ဒီထက်ကွာဖဝေးပါသေးတယ်ဆိုတဲ့ဥစ္စာ ဘုရားသခင် ကိုယ်တော် မြတ်ကြီးသုံးရှာတယ်....(မှန်ပါ့) ခဲယဉ်းကြောင်းကို ယှဉ်ပြတာ ဘဲ....(မှန်ပါ့)။

ဒါတွင်မကပါဘူးကွာတဲ့ မင်းတို့သည်ကားလို့ ဆိုယင် ပင် လယ်ထဲမှာ စုန်ချီ, မျောချီ အပေါက် တပေါက် ဖေါက်ပြီး သကာလ ထွန်တုံးတတုံးမျောလိုက်တာပေါ့ကွ· ထွန်းတံလဲမျော လိုက်တာပေါ့ကွ။

လိပ်ကန်းကြီးဆိုတာ အနှစ်တဲ့ဆုံမှု တခါပေါ်တဲ့ လိပ်ကန်းကြီးနဲ့ ရေပင်လယ်ထဲ ရောက်သွားတဲ့ အခါ ဒီထွန်တုံးပေါက် လိပ်ကန်ကြီး ခေါင်းကလေးလျှို့အပန်းဖြေ နားဘို့ အရေးဟာလဲ နဂိုရှိကလဲ လိပ်ကန်း၊ ထွန်တုံးကလဲ သွားချင်သလိုသွား ဆိုတော့တော့ဘို့ ကြုံဘို့ အတော်ခဲယဉ်းတယ် .... (ခဲယဉ်းပါတယ်ဘုရား)။

အဲဒါ ခဲယဉ်းတာက တခါတလေကြုံတွေ့- တွေ့လိမ့်ဦးမယ်ကွ မင်းတို့ လူ့ဘဝ ဒီထက်ရခဲတယ်လို့ ပြောလိုက်တယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ တကာ တကာမတွေက သြော် .... ဒို့သည်ကား အဘိုးတန်ဘဝ ကြီးပါကလား....(မှန်ပါ့ဘုရား) သဘောပါပလား....(ပါပါပြီဘုရား)။

အဘိုးတန်တဲ့ဘဝကြီးမှာ အဘိုးတန်တဲ့ အလုပ်ကို လုပ်မယ်လို့ ဆုံးဖြတ်ချက်ချကြစမ်းပါ....(မှန်လှပါဘုရား) အဘိုးတန်တဲ့ဘဝကို(အဘိုးတန်တဲ့အလုပ်- လုပ်ရပါမယ်ဘုရား) အဘိုးတန်တဲ့ အလုပ်ကို လုပ်မယ်လို့ ဆုံးဖြတ်ချက် ချကြစမ်းပါ့- နော်.... (မှန်ပါ့)။

ဒီတခါ မရစဘူး အရထူးတက်လာခဲ့တယ်ဆိုတာလဲ တကာကြွယ်၊ မောင်ဘသော်တို့သိပြီ....(မှန်ပါ့)။

ဒီထဲကနေပြီးသကာလ လူ့ပြည်ရောက်ပြီး ကဲ- လူ့ဒုက္ခတွေ သိမ်းမယ် ရခဲစဲ့ဘဝကနေ သိမ်းပြီးသကာလ မအို မသေ အမြဲနေတဲ့နိဗ္ဗာန် ဒုက္ခခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန် ကိလေသာမီးတို့သိမ်းတဲ့နိဗ္ဗာန်ကိုလဲ အေးအေး ချမ်းချမ်းဘဲ ဘာပူ ညာပူမှု မရှိတဲ့

ဘယ်ပျက်စီးမှုမှမရှိတဲ့ နိဗ္ဗာန်ကိုဘဲ နေရအောင်ကြိုးစားပါတော့မယ်ဆိုတဲ့ စိတ်တခုတည်း မွေးဘို့ ကောင်းတယ် .... (မှလှုပါဘုရား)။

ဟာ-ဒီလောကကြီးလှည့်စားတာနဲ့ သူမျှားပြောသံကြားနဲ့ နတ်ပြည်ကောင်းသလေး၊ ငြဟ်မာပြည် ကောင်းသလေးနဲ့ သေပဲ့နဲ့ဘို့ရာအလုပ်တွေကို ဦးဘအုန်း အားကျနေဘို့မလိုပါဘူး (မလိုပါဘုရား) မလိုပါဘူး ဒါမတွေက သေပဲ့လမ်း ညွှန်တာတော့ပါ (မှန်ပါဘုရား)ဘာလမ်းညွှန်တာတုံး.... (သေပဲ့လမ်းညွှန်တာပါဘုရား)။

အဲဒါ တကာကြွယ် တို့က ဘဲ အခုတော့ သေပဲ့ ဆိုတာ မရဏမွေ ဒုက္ခသစ္စာ ....(မှန်လှုပါဘုရား)အဲဒီ-ဒုက္ခသစ္စာသေပဲ့အနဲ့ ခိုင်းတဲ့ဥစ္စာ တကာကြွယ်တို့က ပြုံးပြုံးရွှင်ရွှင်နဲ့ မျှား ဒီအလုပ် လုပ်ယူဦးမယ်ဆိုလို့ ရှိယင်ဖြင့် ဦးဘအုန်း ဟကာကြွယ်ဟာ လူလိမ္မာထည်းသွင်းလို့ မရဘူး....(မရပါဘုရား)။

ဒါ တကာကြွယ် တယောက်သာ မဟုတ်ပါဘူး၊ အားလုံးလဲ ဒီအတိုင်းဘဲ ဆုံးဖြတ်ချက်ချပါ....(မှန်လှုပါဘုရား) သေပဲ့သွားရတဲ့အလုပ်ဟာ ဝမ်းမြောက်စရာလားလို့ မေးလို့ရှိယင် မောင်ဘသော်တို့ ဘယ်နှယ်ဖြေကြမလဲ .... (ဝမ်းမြောက်စရာ မဟုတ်ပါဘုရား) သေပဲ့သွားတဲ့အလုပ်ဟာ ဘယ်နည်းနဲ့မှ ဝမ်းမြောက်စရာမရှိဘူး....(မှန်ပါဘုရား)။

အဲဒီတော့ တကာကြွယ်တို့ ဦးလှဘူးတို့ကဲ့ မရောင်ကြနဲ့တော့....(မှန်ပါ) မရောင်ပါနဲ့တော့လို့ သတိပေးလိုက်တယ်နော်....(မှန်ပါ) ရခဲ့ဘဲ့ ဘဝမှာ အင်မတန်ကြုံပြီး "သဒ္ဓမ္မသဝဏံ အတိဒုလ္လဘ" ဆိုတဲ့အတိုင်း သစ္စာတရားတွေနဲ့နာခဲ့တဲ့ ဘဝနာ

ရပြီဆိုမှုဖြင့် ဒီအထဲမှာ သစ္စာ မကိုက်တာတွေ့ တကာကြွယ်တို့က သွားပြီး ယူဦးမယ်ဆိုလို့ ရှိယင်ဖြင့် .... တဲ့ နိဆ္ဆေဓသစ္စာဆိုတဲ့ နိဗ္ဗာန်တခုသာလျှင် မဲ့အိုရာ,မနာရာ,မသေဆာရှိပါတယ်၊ကျန်တာတွေ့က အိုတာ, နာတာ, သေတာချည်းဘဲလို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါဘုရား)။

တော်တော်ကြာ ရောက်တဲ့နေဆုကျမှ အို....ကိုယ်ကျိုးနည်းပြန်ပြီ၊ နတ်ဘဝရောက်တယ်ဆိုလို့ ရှိယင်ဖြင့် နတ်ဟာ တကာကြွယဲ့ သေခြင်းဆိုးလို့ မှတ်ပါ.... (မှန်ပါ) ဦးဘအုန်း နတ်ဟာ သေခြင်းဆိုး....(မှန်ပါဘုရား)။

နတ်ဟာ သေခြင်းဆိုးဆိုတော့ တကာ တကာမတွေ့ကို ရှင်းပြပါမယ်နော်....(မှန်ပါ) နတ်ဆိုတာက နဂိုရင်က မိုးခိုးမျိုးလို အခိုးရုပ်လို့ မှတ်တားစမ်းပါ....(မှန်ပါ) အခိုးတွေ့ ရုပ်ဖြစ်နေတာလို့ မှတ်ထားစမ်းပါ....(မှန်ပါ)။

အခိုးတွေ့ ရုပ်ဖြစ်နေတာလို့ ဒီအထဲမှာ လောဘပါတယ် ဒေါသပါတယ်၊မောဟပါတယ်၊ မိုးတွေ့က အခိုးရုပ်ကို လောဘမိုးက လောင်လိုက်၊ ဒေါသမိုးက လောင်လိုက်၊ မောဟမိုးက လောင်လိုက်လို့ ရှိယင် အလောင်းတောင် ရှာမတွေ့ဘူး....(မှန်ပါဘုရား)။

နတ်မျှား လောဘခက်ထန်လာပြီ၊ ဒေါသ ခက်ထန်လာပြီ မောဟ ခက်ထန်လာပြီဆိုယင် ဒီ မိုးသုံးခုက အတွင်းကနေ လောင်လိုက်တာ မောင်ဘသော် နဂိုရင်ကအခိုးရုပ်ဆိုတာအထည် မှုမရှိဘဲ....(မှန်ပါဘုရား)။

အဲဒီ အထည်မရှိတဲ့ ရုပ်ကို တခါတည်း ပြင်းထန်တဲ့ မီးနဲ့ သွားတွေ့ယင် ဦးဘုအုန်း ဘယ်လိုစဉ်းစားမလဲ.... (ပျစ်သွား ပါတယ်)ပျောက်သွားတယ်။

ဒါကြောင့် နတ်မှာ မှတ်ကြစမ်းပါ၊ မှတ်ကြစမ်းပါ- တကာ တကာမတို့ အလောင်းချစရာ နေရာမရှိဘူး....(မှန်ပါဘုရား)။

လူကမှ အလောင်း ကျန်နေသေးတယ်၊ လူသေတယ်ဆိုယင် ဘယ်ပို့၊ ညာပို့၊ ဘယ်သုသာန်၊ ညာသုသာန်နဲ့ ဒီလို ပို့စရာ အထည်ကလေးကျန်တယ်-(မှန်ပါဘုရား) နတ်ကတော့ အထည် ကိုမကျန်ဘူး....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဒါလောက်လောင် နှုတ်ရုပ်ကို ဒါလောက်တောင် ပြင်းထန်တဲ့ မီးနဲ့ တွေ့သွားမယ် ဆိုယင်ဖြင့် ဦးဘအုန်းက စဉ်းစားပါ၊ သြော်....အသေဟာ ဒို့ထက်ပြင်းထန် ပါကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါ့တယ်ဘုရား) မပြင်းထန်ဘူးလား....(ပြင်းထန်ပါတယ်ဘုရား)။

ဒါဖြင့် နတ်ဆုတောင်းတဲ့ပုဂ္ဂိုလ် အသေဆိုး သေချင်လို့.... (မှန်ပါဘုရား)ဗြဟ္မာဆုဆိုတော့ ဒီထက်နုတယ်၊ ရုပ်သွားဖြစ် ပြီး သေတယ်....(မှန်လှပါဘုရား)။

ဗြဟ္မာဟာ.... တိုတိုပြောပါ့မယ် တကာ တကာမတို့ သတိ ထား နားထောင်ပါ၊ ဗြဟ္မာတယောက် လူ့ပြည် ဆင်းလာ တယ် ဆိုလို့ရှိယင်ဖြင့် တခါတည်း တန်ခိုးနဲ့ ခိုင်ခန့်အောင်သူ့ ရုပ်ကို သူ မဖန်ဆင်းတော့ဘူးဆိုယင် ထိုင်ယင်း မြေကြီးထဲ ပျောက်သွားတယ်.... (မှန်ပါ့) မြေကြီးကြားတွေထဲမှာ သူ့ အသား အရိုးတွေ အကုန်ဝင်သွားတယ်....(မှန်ပါ့)ဘယ်လောက်

နဲ့တယ်ဆိုတာတော့ တကာတကာမတွေ ပြောဘို့ လိုသေးသ
လား...(မလိုပါဘုရား)ထိုင်လို့ကို မဖြစ်ဘူး....(မှန်ပါ့)။
ထိုင်လို့ကိုမဖြစ်နိုင်တာက ဘာဖြစ်လို့တုံး ဆိုထော့ ဦးဘ
အုန်း... ရုပ်တွေ နုလွန်းလို့....(မှန်ပါ့)မြေကြီးတွေ ကြားတွေထဲ
မှာ သူ့ရုပ်တွေက အကုန်ဝင်သွားတယ်....(မှန်ပါ့)။
တကာကြွယ် ဘယ်လောက် ကြောက်စရာ ကောင်းသလဲ....
(ကောင်းပါတယ်ဘုရား)အဲဒီထဲ လောဘ, ဒေါသ, မောဟတွေ
က သူတို့မှာ ရှိလျက်ဖြစ်နေတော့ ဒါတွေက ထပြီး လောင်
လိုက်တဲ့အခါကျတော့ကိုတဲ့ သူတို့လဲ ပြောင်တာဘဲ၊ နတ်ထက်
မြန်သွားသေးတယ်....(မှန်ပါ့)။
ဒါဖြင့် သူတို့လဲ သေခြင်းဆိုးဘဲ....ဆိုတဲ့ဥစ္စာ ယခု တကာ
ကြွယ်တို့ကို ရှင်းပြပါပြီ....(မှန်လှပါ) နတ်ဖြစ်ချင်တာ သေခြင်း
ဆိုး သေချင်လို့...(မှန်လှပါ)ငြဟ်မာဖြစ်ချင်လဲ.... (သေခြင်းဆိုး
သေချင်လို့ပါဘုရား)။
ဒီလို မယိုတော့ နတ်ဖြစ်ခကောင်းနိုးနိုး ငြဟ်မာဖြစ်ခကောင်း
နိုးနိုး....(မှန်ပါ့)စင်စစ် အခုလို သူတို့ အခိုးရုပ်တွေကို လောဘ,
ဒေါသ, မောဟကတော့ ပုထုဇန် နတ်တွေကလဲ ရှိတာဘဲ....
(မှန်ပါ့)ရှိလို့ တယောက်နဲ့ တယောက် ဂုဏ်ပြိုင်တယ်၊ အင်း....
အခြံအရံပြိုင်ကြ အဆောင်အဆင်းတွေပြိုင်ကြနဲ့ ဒေါသမျှးဖြစ်
လို့ နှစ်ယောက်မျှး ကြည့်လိုက်ယင် နှစ်ယောက်စလုံး ပြာကျ
တယ်....(မှန်ပါ့)သိပ်ကြောက်စရာ ကောင်းပါလား....(ကောင်း
ပါတယ်ဘုရား)။
အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ အသေဆိုး
သေချင်လို့ရှိယင် နတ်ဆုတောင်း၊ ငြဟ်မာဆုတောင်း.... (မှန်လှ

ပါဘုရား)ဘာကောင်းတာလို့ ဆိုကြမလဲ....(အသေဆိုးသေချင်လို့ ဆုတောင်းတာပါ) အသေဆိုးတောင်းတာ အဓိပ္ပါယ်မရဘူးလား....(မှန်ပါ့) မသိသေးစော့ သူမျှား ပြောသံကြားနဲ့ ဘုန်းကြီးတို့ တကာတကာမတွေက ဆရာသမား မှန်မှန်မြတ်မြတ် ပြောတတ်တဲ့ပုဂ္ဂိုလ် မတွေ့သေးတော့ ဦးဘအုန်းတို့ရေ နတ်ပြည်မှာ ပဒေသာပင်တွေ ဥယျာဉ်တွေနဲ့ ချောလိုက်တာ၊ လှလိုက်တာလဲ လွန်းလို့၊ အစားအသောက်ဆိုတာလဲ အင်မတန် ပေါ....။

မသွားဘူးလို့လဲ မဟုတ်ပါဘူးနော်....(မှန်ပါ့) သွားတယ်တဲ့၊ သွားပေမဲ့လဲ ဒီရုပ်တွေက ခိုင်ခံ့တဲ့ ရုပ်လား- မခိုင်ခံ့တဲ့ ရုပ်လား စဉ်းစားပါ....(မခိုင်ခံ့တဲ့ရုပ်ပါ) မခိုင်ခံ့တဲ့ ရုပ်မှာလဲ လောဘ,ဒေါသ, မောဟဆိုတဲ့ ကိလေသာ မီးကလဲ လွတ်ကဲ့လား... (မလွတ်ပါဘုရား)။

ဒါဖြင့် ကိလေသာမီးက လောင်ချလိုက်တဲ့ အခါကျတော့ ဘုန်းကြီးတို့ တကာ တကာမတွေ လူကတော့ အားသားတွေ့ အရိုးတွေ့က ကြွမ်းလို့ အလွန်ခက်တယ်... (မှန်ပါ့) သူတို့က အလောင်လွယ်တယ်....(မှန်ပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ နတ်ဖြစ်ချင်လဲ အသေဆိုးနဲ့တွေ့ချင်လို့....(မှန်ပါ့)ငြဟ္မာဖြစ်ချင်လဲ .... (အသေဆိုးတွေ့ချင်လို့ပါဘုရား)။

အဲဒါ သူမျှားပြောသံကြားနဲ့ တကာကြွယ်တို့က အို.... လူ့ပြည်ထက် နတ်ပြည် သာတယ်၊ အပြောဘဲ....(မှန်ပါ့) နတ်ပြည်ထက် ငြဟ္မာပြည် သာတယ်ဆိုတာ အပြော .... (မှန်ပါ့-အပြောပါဘုရား)။

အဲဒီတော့ ဒီအသေမျိုးသေချင်တဲ့ သဘောမျိုးလဲ မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား) လိုချင်တဲ့ပုဂ္ဂိုလ် အတွက်မှာလေ....(မှန်ပ!)။

အဲဒါကြောင့် ဘာမှ မဖြစ်ချင်ပါနဲ့လို့၊ မီးလောင်စာဖြစ်ယင် မီးလောင်မှာချည်းဘဲ .... (မှန်ပ!) တကာတကာမတို့ မီးလောင်စာဖြစ်ယင်ဖြင့်....(မီးလောင်မှာပါဘုရား)။

ဒါဖြင့် လောင်စာသိမ်းရှိ မီးငြိမ်းမှ နိဗ္ဗာန်....(မှန်ပ!) လောင်စာသိမ်းရှိ.... (မီးငြိမ်းမှ နိဗ္ဗာန်ပါဘုရား) နတ်ဖြစ်တော့ လောင်စာနဲ့ မီးဘဲ....(မှန်ပ!) ဗြဟ္မာဖြစ်တော့ကော....(လောင်စာနဲ့ မီးပါဘုရား)ဦးဘအုန်း လောင်စာသိမ်းရှိ မီးငြိမ်းတဲ့နေရာ ဟုတ်ကဲ့လား....(ဗဟုတ်ပါဘုရား)။

အဲဒါ ဦးဘအုန်းကြီး တို့ လူစုတွေက ကြီးလဲ ကြီးလှပြီ၊ တကဲ့ကြွယ်တို့ မောင်ဘသော်တို့လဲ ကြီးကုန်ပြီ....(မှန်ပ!) သူများပြေသံကြားနဲ့ ကောင်းနိုးနိုးဆိုတဲ့ဥစ္စာ မင်းတို့သူများ ပါးစပ် လမ်းဆုံးနေတယ်....(မှန်ပ!)။

အခု အသေအချာ ဆရာသမားက အစစ် အမြစ်ကို ပြောလိုက်တဲ့အခါကျတော့ ရချင်စရာ,ယူချင်စရာ တကာကြွယ် ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါ အခုတော့ 'မရဏမွဴ ဒုက္ခသစ္စ' မြင်သွားတယ်....(မြင်ပါတယ်ဘုရား) မရဏမွဴ=ဖျက်ကနဲ သေရခြင်းသည်လည်း၊ဒုက္ခသစ္စ = ဒုက္ခသစ္စာဘဲလို့ ဆိုတာ သိသွားတယ်.... (သိပါတယ်ဘုရား)။

လူကမ္ - အင်း .... ရောကလေးတိုက်လို့ - ဟောလစ်ကလေး တိုက်လို့ ကြာသေးတာကိုး....(မှန်လှပါ) သူတို့ကတော့ မကြာဘူး ဖျတ်ကနဲဆို အထည်ပါ ပျောက်သွားတာဘဲ....(မှန်ပါ့)။

ဖျတ်ကနဲဆို....(အထည်ပါ ပျောက်သွားပါတယ် ဘုရား) ဒါဖြင့် တကာကြွယ် အထည်ပျောက်ကြိုက်သလား....(မကြိုက်ပါဘုရား)မချို-မဆန့်ခံ ! လေရတယ်ဆိုတာဖကော ရိပ်မိပလား.... (ရိပ်မိပါပြီ) ထက်လှစွာသော သင်ဓုန်းနဲ့ လည်ဖျားလှုံးလိုက် တာကမှ ကြာသေးထာကိုးဗျ .... (မှန်ပါ့) သူတို့ မသေရတာက ဒီလောက်ကြာရဲ့လား....(မကြာပါဘုရား)။

အဲဒီတော့ နတ်ဖြစ်ရပါလို့၏-ဆိုကာ မြန်မြန်သေရပါလို့၏ (မှန်ပါ့) ငြဟ္မာဖြစ်ရပါလို့၏....(မြန်မြန်သေရပါလို့၏) ဩဇာ.... ခင်ဗျားတို့ ပါးစပ်ထဲ မထည့်ကောင်းဘာထည့်တယ်.... (မှန်ပါ့) မထည့်ကောင်းတာ....(ထည့်နေပါတယ်ဘုရား) မသိလို့ ယူဉ်နေတာ....(မသိလို့ပါဘုရား) ဘာ မသိပါလိမ့်မတုံး ဖောတာဝ မရဏမပို့ ဒုက္ခသစ္စာကို မသိဘူး.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

မရဏမပို့ ဒုက္ခသစ္စာလို့ ဘုရားက ဟောပါလျက်သားနဲ့ သေတဲ့ဒုက္ခ ကြီးသဖော့- မသေတဲ့ဒုက္ခ ကြီးသဖော့-ဆိုတာ သိလျက်သားနဲ့ တကာ တကာမတွေက နတ်ဖြစ်ချင်စာပါးဆိုပြီး နတ်ဘဝ တောင်းလိုက်လို့ ရှိယင် ဇာတိဒုက္ခစ,ပြီး ဂျယ်လို့ မနေကပြောခဲ့တယ်....(မှန်ပါ့ဘုရား) ဇာတိရယင် ဇရာမရဏာ ဘယ်နှယ်တုံး....(ဟုတ်ပါဘုရား)။

ဒါဖြင့် တကာကြွယ် ဘာ-စဖြစ်ချင်သတုံး.... (ဘာမှ မဖြစ်ချင်ပါဘုရား) ဖြစ်ယင်တော့ဖြင့် အိုမှ,သေမှနဲ့ မီးလောင်မှ(ဟ

တော့ဖြင့် မရှောင်သာ, မလွဲသာ ခံရဦးမယ်ဆိုတာ ပေါ်ပါပြီ (ပေါ်ပါပြီဘုရား)။

ဦးဘအုန်း ဘာများ ဖြစ်ချင်သေးသတုံး....(ဘာမှမဖြစ်ချင်ပါဘုရား)ဖြစ်ချင်သေးလို့ ရှိယင်ဖြင့် လောင်မီး,လောင်စာ ဖြစ်ရပါလို့၏-ဆိုတာနဲ့ အတူတူဘဲ.... (မှန်ပါဘုရား) လောင်မီးရယ်, လောင်စာရယ်ဖြစ်ရပါလို့၏....(ဆိုတာနဲ့အတူတူပါဘဲ)ဖြစ်ချင်တဲ့ပုဂ္ဂိုလ်မှန်က ဒါဘဲရတယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား) နောက်က တကာ့ တရားတွေ ဘာများ ဖြစ်ချင်ကြသတုံး....(ဘာမှမဖြစ်ချင်ပါဘုရား)။

ဘာမှ မဖြစ်ချင်နဲ့၊ လောင်စာသိမ်း၍ မီးငြိမ်းတဲ့ နိဗ္ဗာန်ကို သာလျှင် အရောက်သွားနိုင် ရပါလို့၏....(မှန်ပါဘုရား) ဒါဘဲ ကောင်းတော့တယ်....(မှန်ပါဘုရား)။

နို့မဟုတ်ယင် မျက်စိလည်ပြီး သကာလ သူများပြောသံကြားနဲ့ တကာကြွယ် မယောင်နဲ့.... (မှန်ပါ) အဲဒီပြောသံကြားနဲ့ယောင်ပြီဆိုမှဖြင့် ကိုယ်ယောင်တာက ဘာတုံးလို့ ဆိုလို့ရှိယင် မသိလို့ယောင်တာ....(မှန်ပါ)။

မသိတာက ဘယ်သူတုံး မေးတဲ့ အခါကျမှပဲ့ ခင်ဗျားတို့ပဋိစ္စသမုပ္ပါဒ်က သက်သေခံတယ်....(မှန်ပါ) မသိတာဟာ သူဘဲ (မှန်ပါ) ခင်ဗျားတို့ နှတ်ပြည် ဇတင်းတင်းပဲဟာ ဘယ်သူနဲ့ ပြောင်းတာတုံ....(အဝိဇ္ဇာနဲ့ တောင်းတာပါဘုရား)။

ကဲ-အဝိဇ္ဇာက တကာ့တကာမတို့ ဘာမသိတာတုံး....(ဒုက္ခသစ္စာမသိတာပါဘုရား)လေးပါးစလုံးဆိုလိုက်ပါတော့(မှန်ပါ) ဘာကို မသိတာတုံး.... (သစ္စာလေးပါး မသိတာပါဘုရား)

မသိတဲ့လူက အတောင်းခိုင်းတာကို ခင်ဗျားတို့ကနိဗ္ဗာန်လဲသူမသိလို့ မသွားပါဘူးဗျ....(မှန်ပါ့) ဒုက္ခသစ္စာလဲ သူမသိလို့တိုးပါသတဲ့....(မှန်ပါ့)။

ဒါတွေ့ ခင်ဗျားတို့က တောင်းကြမယ် ဆိုလို့ ရှိယင်ဖြင့် အတောင်းခိုင်းတဲ့ အရှင်သခင်က သူတော်ကောင်းလား၊သူယုတ်မာလားကြည့်ပါဦး(သူယုတ်မာပါဘုရား) ဘာတွေ့လို့ သူယုတ်မာလို့ပြောကြသတုံး....(အဝိဇ္ဇာပါဘုရား)။

ဩော်....အဝိဇ္ဇာ-အဝိဇ္ဇာ....(မှန်ပါ့)တကာကြွယ် ကဲ-ပါးစပ်ထဲထည့်ရတာ သူကအထည့်ခိုင်းတာ.... (မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီ) ဘယ်သူက အထည့်ခိုင်းဟာတုံး.... (အဝိဇ္ဇာကပါဘုရား)။

အဝိဇ္ဇာက ခင်ဗျားတို့ ကျေးဇူးရှင်လား၊ ခင်ဗျားတို့ ဒုက္ခရောက်တာ ကြိုက်တာလဲဗျား.... (ဒုက္ခရောက်တာကြိုက်တာပါ)။

နို့-သူ့စကား နားထောင်ယင် ဒုက္ခရောက်မှ ရောက်ပါ့မလားလို့ သံသယရှိဘို့လိုသေးသလား(မလိုပါဘုရား)။

အဲဒါ နားမထောင်ကြနဲ့ဗျ အခု ဆရာသမား ရှိတုံးသာပြောနိုင်တာ....(မှန်ပါ့ဘုရား)ဒီလိုဆရာသမားတွေကွယ်လွန်ပြီးသကာလ သွားတော့မယ်ဆိုယင်ဖြင့် သူခိုင်းတာဟာ အကုန်ကျန်သပေါက်လုပ်ပြီး သကာလ တောင်းနေကြမှာဘဲ .... (မှန်လှပါဘုရား)မတောင်းပေဘူးလား....(တောင်းပါတယ်ဘုရား)။

တောင်းယင် တော့ဖြင့် ဒါတောင်းယင်သူကစလိုက်တာ ဒီမှာ ဇာတိ ဇရာ မရဏတွင် အဝိုင်းကြီးဆက်ပြီး ဒီလာလမ်းဆုံး

တယ်....(မှန်ပါ့ဘုရား) သူကစ,လုပ်လိုက်တာ ဇာတိဇရာ မရဏာလမ်း မဆုံးဘူးလား....(ဆုံးပါတယ်ဘုရား)။

ဆုံးတော့ ဝိပါကဝဋ်အစစ်ပါတဲ့ မင်းတို့ဝဋ်သင့်တာတဲ့-(မှန်ပါ့ဘုရား)ဆိုတော့ ဝိပါက ကာ၊ ဝဋ်ရှစ်ပါး- ပါနေတယ်....(ပါနေပါတယ်ဘုရား) မပါဘူးလား(ပါပါတယ်ဘုရား) ဒီကငါးခု ဒီကသုံးခုဗျာ....(မှန်ပါ့)။

ဘာရှစ်ပါးတဲ့တုံး....(ဝိပါကဝဋ်ရှစ်ပါးပါဘုရား) ဟ-အနာဂတ်အကျိုးအခြင်းအဆု အနာဂတ်ကို မင်းတို့ ဒါတွေ့ရမယ်ပြောတာ(မှန်ပါ့)၄-နံပါတ်ရမယ်။ သူ့စကားနားထောင်ယင် ၄-နံပါတ်ရမယ် ...(မှန်ပါ့) ၄-နံပါတ် ဇာတိ ဇရာ မရဏ(မှန်ပါဘုရား)၄-နံပါတ်က... (ဇာတိ ဇရာ မရဏပါဘုရား) ကြည့်-ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ကဲ·ပေါ်ကုပလား .... (ပေါ်ပါပြီဘုရား)ဒီ ဒုက္ခသစ္စာရလေသမျှ တကာကြွယ် ဘယ်သူ့စကားနားထောင်လို့တုံး (အဝိဇ္ဇာစကားနားထောင်လို့ပါဘုရား) သူကဘာသစ္စာတုံး-(သမုဒယသစ္စာပါဘုရား)အင်း... သူ့စကား နားထောင်လို့ ဒုက္ခသစ္စာဖြစ်တာ....(မှန်ပါ့ဘုရား)။

သူ့စကားနားထောင်လို့(ဒုက္ခသစ္စာဖြစ်ပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့သည် ယနေ့ကစပြီး မင်းကိုတော့ နားမထောင်တော့ဘူဟော့၊ မျက်လုံးဖွင့်ပေးမဲ့လူလဲ တွေ့ပြီ....(မှန်ပါ့) မင့်နား ထောင် နေခြင်းကြောင့် ငါတို့သည်ကားလို့ ဆိုယင် တသံသရာလုံး သေပဲ့ချည်း မင်းတွန်းနေတာ....(မှန်ပါ့ဘုရား)။

မရှုမလှုသေပွဲချည့် မင်းတွန်းချနေတာ အခုဒို့ကို မျက်မြင်ကို ပြပြီဟေ့၊ ပြောသံကြားမဟုတ်တော့ဘူး....(မှန်ပါ့ဘုရား)။

ဒီလို တကာကြွယ်တို့က တခါတည်း သူ့ကိုတွန်းလှန်ပစ်ပါ (မှန်ပါ့ဘုရား)မင်းကတောင်းဆို-မဒေတောင်းဘူးကွာ... (မှန်ပါ့) မတောင်းဘူးဟေ့၊ဘာဖြစ်လို့မတောင်းသတုံး မင်းလုပ်ထားတဲ့ အထည်ကြီး တော့ပြီကွ၊ ဝိပါကဝဋ်ဆိုတဲ့ကွ.... (မှန်ပါ့)၊ မဟုတ်ဘူး လား....(မှန်ပါ့)။

အင်း....ဘာသစ္စာတုံး- (ဒုက္ခသစ္စာပါဘုရား)ဝဋ်ဒုက္ခသစ္စာဆို တော့ ဦးဘအုန်း ဖောင်း သေး ရဲ့ လား .... (မကောင်းပါ ဘုရား)။

တကာ တကာမတွေ ဘာတဲ့တုံး.... (ဝဋ်ဒုက္ခသစ္စာပါဘုရား) ဝဋ်လဲသင့်တာကွ၊ ဒုက္ခသစ္စာလဲဖြစ်တာ....(မှန်ပါ့)။

ဘာ့ကြောင် ဝဋ်လဲသင့်သတုံးလို့ မေးတဲ့အခါကျတော့ ဝိပါ ကဝဋ်ကိုး....(မှန်ပါ့ဘုရား)သူတို့ကအကျိုးပေးလိုက်တာဒီလာပြီး ဝဋ်သင့်တယ်....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီ)။

ဒီမှာအရှင်၊ရှင်တုန်းကအားထုတ်၊ ဒီမှာလာသေတယ်....(မှန် ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဘတ်သူ့စကား နားထောင်လို့ ယခုတောင်သေပွဲကြီးရှိတဲ့ဆီကို ဖြေးလို့လှေးလို့ မရပ်ရသေးပါ ဘူး.... (မရပ်ရသေးပါဘုရား)။

အခုကို တကာတကာမတို့ မရပ်ရသေးဘူး.... (မရပ်ရသေးပါ ဘုရား)အင်း....ဘယ်နေ့ကျတော့ဖြင့် ငါတော့ဖြင့် ဒုက္ခရောက်

ဦးမှာဘဲ(မှန်ပါ့ဘုရား)မသာတော့ဖြင့် လူဝိုင်းပြီးပို့ကြဦးမှာဘဲ မချိမဆန့်လဲခံချင်ခံရဦးမှာဘဲ....(မှန်ပါ့ဘုရား)။

အခု ဒါကြီးဟာ ဘယ်သူ့စကား နားထောင်ခဲ့လို့ ဒါကြီးဆီကို အရောက်သွားနေရသတုံး.... (အဝိဇ္ဇာစကား နားထောင်လို့ပါဘုရား)။

သြော်....ဒီထဲက နောက်တဖန်နားထောင်ဦးမယ်ဆိုယင် ဦးဘအုန်း ဒီထက်မိုက်ပြီ....(မိုက်ပါပြီဘုရား) ရှိသေးရဲ့လား .... (ရှိပါတယ်ဘုရား)။

အဲဒါ သေသေချာချာ ပြောနေပါတယ်၊ တကာတကာမတို့က ဘယ်မှာသွားသွားပြီး သကာလ ဆုတောင်းတာကတမျိုး ဆုမတောင်းဘဲနဲ့ အလုပ်-လုပ်တာကတမျိုး....(မှန်ပါ့)။

မသိတော့ အကဲသိုလ်တွေ လုပ်လိုက်ပြန်တော့ မသိဘော့ ဒီကသိုလ်ဆင်တွေ လုပ်လိုက်ပြန်တယ်...(မှန်ပါ့) ဒါလဲ သူမသိလို့ လုပ်တာ....(မှန်ပါ့) သူမသိလို့ လုပ်တာလဲဒါရတယ်.... (မှန်ပါ့) သူကတခါ နတ်ပြည်ရောက်ကြောင်းတွေ လုပ် ပြန်တော့ လဲ ဒီမှာ အသေတွေရတယ်.... (မှန်ပါ့) မရဘူးလား.... (ရပါတယ်ဘုရား)။

ဒါဖြင့် တကာတတာမတို့ သူဟာအကြီးဆုံးသော ရန်သူ.... (မှန်ပါ့) တကာကြွယ်တို့ နောက်က တကာတကာမတို့ ဘယ်လိုမှတ်ကြမယ်.... (အကြီးဆုံးသောရန်သူပါဘုရား) အတွင်းရန်လား၊ အပြင်ရန်လားမေးသော်....(အတွင်းရန်ပါဘုရား) အတွင်းရန် ဝမ်းထဲကကိုး....(မှန်ပါ့)တကာကြွယ်-ကဲ- ဘယ်လောက်ကြောက်စရာကောင်းသတုံး....(ကြောက်စရာပါဘုရား)။

အဝိဇ္ဇာဟာ တကာအကာမတို့ ပြင်ဘက်ဏာ နေလို့ရှိယင်လဲ သေနတ်နဲ့ပစ်- ဟုတ်လား....(မှန်ပါ) အဲဒီလိုမှ ကာကွယ်ရလို့ရှိယင် တော်သေးရဲ့....(မှန်ပါ့) သူကအတ္တင်း သူအတ္တင်းသားအဖြစ်နဲ့ နှိပ်စက်တာ.... (မှန်ပါ့) ဘယ်လိုဆိုကြမယ် .... (အတ္တင်းသူ အတ္တင်းသားအဖြစ်နဲ့ နှိပ်စက်ဘာပါဘုရား)။

ဒါဖြင့် အပြင်လူကနှိပ်စက်လို့ရှိယင် ရှောင်လို့ ကွင်းလို့ ပြေးသာတယ်(မှန်ပါ့) အတ္တင်းလူက နှိပ်စက်ယင်တော့ မရဘူး....(မရပါဘုရား)။

အဲဒီဟော့ အတ္တင်းလူ အတ္တင်းလူချင်းသတ်ပါ.... (မှန်ပါ့) အဝိဇ္ဇာကို ဝိဇ္ဇာနဲ့သတ်လိုက် .... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) အတ္တင်းလူကို .... (အတ္တင်းလူချင်း သတ်ရပါမယ် ဘုရား)။

ဒါဖြင့် အဝိဇ္ဇာကိုဘာနဲ့ သတ်မယ်....(ဝိဇ္ဇာနဲ့ သတ်ရပါမယ်) ဝိဇ္ဇာ ဆိုတာက ခန္ဓာကြီး ဖြစ်ပျက်မြင်စာက ဝိဇ္ဇာ....(မှန်ပါ့)ခန္ဓာကြီး ဖြစ်ပျက်မြင်တာက....(ဝိဇ္ဇာပါဘုရား)။

အင်း....သူစာ ကျုပ်တို့ဝမ်းထဲရောက်နေတော့ အဝိဇ္ဇာကနေ ခွင့်ရှိသေးရဲ့လား....(မရှိပါဘုရား) အင်း....သူ့သတ်တာဒါဘဲ တကာကြွယ်ရ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒါ ယခု နေ့တိုင်းဘဲ ဆရာဘုန်းကြီးက ဆုံးမသွန်သင်ပြီး သကာလ- ခင်ဗျားတို့ဖြစ်ပျက်ရှုပါ၊ စိတ်ကလေးတွေဖြစ်ပျက်ရှုပါ-ရှုပါဆိုတာ ဦးဘအုန်းရိပ်မိပလား....(ရိပ်မိပါပြီ) အတ္တင်းရန်သတ်တာ....(မှန်ပါ့ဘုရား)။

အတွင်းရန် အဝိဇ္ဇာသတ်နေတာ၊ မောဟဆိုတာလဲ သူဘဲ၊ အဝိဇ္ဇာဆိုတာလဲ....(သူပါဘဲဘုရား)။

အဲ....သူ့ကို သေစေချင်လို့ ရှိယင် ခင်ဗျားတို့ ဒါနပြုလုပ်ရုံနဲ့လဲ မရသဘူး....(မသေပါဘုရား) သီလဆောက်တည်ရုံနဲ့လဲ (မသေပါဘုရား) သမထကြိုးစားရုံနဲ့လဲ.... (မသေပါဘုရား) မသေဘူး တဲ့....ကဲ ဘယ်လောက်ခဲယဉ်းသဘုံး တကာကြွယ်....(ခဲယဉ်းပါတယ်ဘုရား)ခန္ဓာကြီးကို အဖြစ်အပျက်မြင်မှလဲ ဝိဇ္ဇာကဖြစ်တယ်....(မှန်ပါ့) ခန္ဓာဒုက္ခသစ္စာမြင်မှလဲ ....(ဝိဇ္ဇာဖြစ်ပါတယ်ဘုရား) ဝိဇ္ဇာဖြစ်မှ အဝိဇ္ဇာသေတာ .... (မှန်ပါ့) ဝိဇ္ဇာဖြစ်မှ....(အဝိဇ္ဇာသေပါတယ်ဘုရား) ပေါ်ကြပလားး.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် အတွင်းရန် သတ်တတ်ပလားး.... (သတ်တတ်ပါပြီ) သြော် .... ရှေးတုန်းက ဘယ်တော့မှ မသတ်ခဲ့၊ သတ်နည်းလဲ ဘယ်တော့မှ မရတဲ့အတွက် ဘုန်းကြီးတို့ တကာ တကာမတွေ့မှာ သူသတ်လို့သေရတဲ့ ဘဝဘဲဆိုတာ- ဘဝးပါင်းများစွာ ရန်သူဟာ သူဘဲ....(မှန်ပါ့ဘုရား)ရှင်းကြပလားး....(ရှင်းပါပြီ)။

ဘဝပေါင်းများစွာ တခါတလေကျတော့လဲ သူများကလာသတ်တဲ့ဥစ္စာလဲ အဝိဇ္ဇာနဲ့ဆုတောင်းလို့ သူများ အသတ်ခံရတာ...(မှန်ပါ့) ကိုယ့်ဟာကိုယ် ဆောက်ဝေဒနာနဲ့ သေတာလဲ အဝိဇ္ဇာကဆုတောင်းပြီး အသေခံယူတာ....(မှန်ပါ့ဘုရား) ရှင်းပလားး....(ရှင်းပါပြီ)။

အဲဒီမတာ့ အသေထက်ကြီးတဲ့ ဒုက္ခကလဲ တကာကြွယ်ရှိသေးရဲ့လားး....(မရှိပါဘုရား) အင်း.... ဒါဘယ်သူသတ်ဘာပါလိမ့်....(အဝိဇ္ဇာသတ်တာပါဘုရား)။

ကြည့်လေ သူက စ,လို. ဒါတွေဖြစ်လာတာ....(မှန်ပါ့)သူက မစ,လို.ရှိယင်....(မဖြစ်ပါဘုရား) ရေကြည့်ပါလား....တစ်-နှစ် ဆို.တာ့ ဒီဟာင်း ဟုတ်လား....(မှန်ပါ့)ဒီဘက်က သုံး၊ သုံးနဲ့ ငါး ရှစ်မနေဘူးလား....(နေပါတယ်)ဆယ့်တစ်,ဆယ့်နှစ်,ဒီဆယ့် နှစ်ကျအောင် သူလုပ်လို.က်တာ....(မှန်ပါ့ဘုရား)အင်္ဂါးဆယ့်.နှစ် ပါးဆို.လာ....(မှန်ပါ့)။ (စက်ဝိုင်းကို ပြန်ကြည့်ပါ)

ခင်ဗျားတို့ စာရွက်ထဲမှာ နောက်ကယင် အင်္ဂါဆယ့်.နှစ်ပါး ဆို.တာ ဒီ တစ်-နှစ်၊ ဟောဒီက ငါး၊ ခုနစ် မနေဘူးလား....(ခုနစ်ပါဘုရား)ဒီမှာ သုံးမရှိဘူးလား....(ရှိပါဝယ်) အဲ....ဒီက တခု- နှစ်ခု ဇရာ မရေ့ာဆုယူ....(မှန်ပါ့) သဓောကျပလား....(ကျပါပြီ)အင်္ဂါဆယ့်.နှစ်ပါးဆို.တာ တကာတကာ့မတို့ အဝိဇ္ဇာ က စ,တာ....(မှန်ပါ့)။

ဒါဖြင့် အသေကို မကြောက်ပါနဲ့.၊ အဝိဇ္ဇာ မဖြစ်အောင် ကြောက်ပါ....(မှန်ပါဘုရား) အသေကို....(မကြောက်ပါနဲ့) အဝိဇ္ဇာမဖြစ်ယင် မသေဘူး....(မသေပါဘုရား)အဝိဇ္ဇာ ဖြစ်ယင် (သေမှာပါဘုရား) သေရမယ်ဆို.တာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကဲ-ဒီလိုသဘ်ဖြင့် ခင်ဗျားတို့ ဒီနေ့ အကြီးဆုံးရန်သူ ဖမ်းပေးတယ်....(မှန်ပါဘုရား) သူ. သတ်နည်းကိုလဲ သိပြီ....(မှန်ပါ့) ခန္ဓာကိုယ်ကြီးထဲမှာ ရှိတဲ့ ဒုက္ခသစ္စာ အဖြစ်အပျက်တွေကို မြင်လို.က်လို.ရှိယင်ဖြင့် အဝိဇ္ဇာ အနား မသီတော့ဘူး....(မသီပါဘုရား) သူက ဒါ မသိတာကိုးဗျ....(မှန်ပါ့)။

ကျုပ်တို့က ဒါသိသဉ်းတော့ ကျုပ်တို့ကဝိဇ္ဇာဖြစ်သဉ်းတော့ ဦးဘုအုန်း နှင်ပြီးသား၊ဖြစ်တယ်....(မှန်ပါ့)သူက ဒုက္ခသစ္စာ မသိဘူး....(မသိပါဘုရား) ကျုပ်တို့က သိလိုက်တယ်....(သိပါတယ်ဘုရား)သိလိုက်တော့ သိတဲ့ တရားက မသိတဲ့တရားသတ်ပစ်တယ် (မှန်ပါ့) ဒီလိုဆိုဘာဝ အဝိဇ္ဇာမချုပ်ဘူးလား....(ချုပ်ပါတယ် ဘုရား)။

အဝိဇ္ဇာချုပ်ယင် သူက ဆက်တော့မှာတွေ့ အကုန်မချုပ်ဘူးလား....(ချုပ်ပါဘယ်ဘုရား) ဒါတွေ့တော့ မချုပ်ဘူးလား....(ချုပ်ပါတယ် ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သြော်--ဒါဖြင့် ဦးဘအုန်းရေ အဝိဇ္ဇာချုပ်ဘို့ အရေးကြီးတယ်... (အရေးကြီးပါတယ် ဘုရား) ဘာ အရေးကြီးပါလိမ့်....(အဝိဇ္ဇာချုပ်ဘို့ အရေးကြီးပါတယ်ဘုရား) အဝိဇ္ဇာက သူ့ဟာသူ မချုပ်ဘူး၊သူ မသိတဲ့ နေရာကို ချုပ်တယ်....(မှန်ပါ့)သူမသိတဲ့ နေရာ....(ကိုယ်သိယင်ချုပ်ပါတယ်ဘုရား)သူက ဘာမသိဘာတုံး ..(သစ္စာလေးပါး မသိတာပါဘုရား)။

အဲ....ဒီနေရာကျတော့ ဒီလိုယူလိုက်၊ဒုက္ခသစ္စာ သူမသိဘူး.... (မှန်ပါ့) ကျုပ်တို့က ဖြစ်ပျက်တာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)အဲ...သူ့ကို ညဏ်နဲ့သာ ခန္ဓာထဲ မြင်ပေစေ၊ မြင်ယင်သူချုပ်ပြီ....(မှန်ပါ့)သူ ချုပ်သို့ရှိယင်ဖြင့် သူလုပ်လိုက်တော့ သူနဲ့တကွ ဆယ့်နှစ်ပါးတွေ့ အကုန်သဉ်းပြီ....(မှန်ပါ့)မသဉ်းသေးဘူးလား....(သဉ်းပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဖြစ်ပျက် ရှုတာဟာ ဝိဇ္ဇာ ဖြစ်တာ...(မှန်ပါ့) ဖြစ်ပျက် ရှုဘာဟာ....(ဝိဇ္ဇာ ဖြစ်ပါတယ်

ဘုရား)အဝိဇ္ဇာက မသိဘာကို ဝိဇ္ဇာက သိတယ်....(မှန်ပါ့)ရှင်းပ
လား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဘာအဓိပ္ပာယ်ကြီးသလဲ....(ဝိဇ္ဇာဖြစ်ဘို့အရေး
ကြီးပါတယ်)ဝိဇ္ဇာဖြစ်ဘို့ သိပ်အရေးကြီးပါတယ်ဆိုတာ မပေါ်
လေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဝိဇ္ဇာလဲဖြစ်ကရော သူနဲ့ ပတ်သက်တဲ့ ဆင်ခြင်ရကော လာဦး
မလား....(မလာပါဘုရား) ဒီဘက်က ငါးခုကော....(မလာ
ပါဘုရား)ဒီကဲ့ သုံးခုကော(မလာပါဘုရား) ဒီက နှစ်ခုကော....
(မလာပါဘုရား)ဟင်....ဘယ်နှယ်ကြောင့်ပါလိမ့်မတုံး....(ဝိဇ္ဇာ
ဖြစ်လို့ပါဘုရား)။

အဲ-အဝိဇ္ဇာကြောင့်ဖြစ်တဲ့ဟာရား အဝိဇ္ဇာကိုကျုပ်တို့က မူရင်း
သတ်ပစ်လိုက်တယ်... (မှန်ပါ့) သတ်ပစ်လိုက်ရော့ ကျုပ်တို့မှာ
ဒီဒုက္ခသစ္စာလဲ မရှိ....(မရှိပါ)ဒီ သမုဒယသစ္စာ....(မရှိပါဘုရား)
ဘာဖြစ်လို့တုံး-ဒီ သမုဒယသစ္စာ ချုပ်သွားတယ်....(မှန်ပါ့)။

ဒီ အဝိဇ္ဇာက သမုဒယသစ္စာ....(မှန်ပါ့)ဒီသမုဒယသစ္စာချုပ်
လို့ ဒီ ဒုက္ခလဲ မရှိ၊ ဒီ သမုဒယကော... (မရှိပါဘုရား) ဒီ ဒုက္ခ
ကော....(မရှိပါဘုရား)။

သြော်-ဒါဖြင့် ဖြတ်တတ်ခဲတာလဲ အလွယ်ကလေးပါလား-
ဆိုတာ ပေါ်လာတယ်....(မပေါ်လာပါတယ်ဘုရား) ဒါဖြင့်
ဘုန်းကြီးတို့ တကာတကာမခံတဲ့ သူမသိတာ သိအောင်လုပ်....
(မှန်ပါ့)အဝိဇ္ဇာ မသိတာကို....(သိအောင် လုပ်ရပါမယ်)
အဝိဇ္ဇာက ဘာမှသိသတုံး....ဒုက္ခသစ္စာ မသိဘူး....(မှန်ပါ့ဘုရား)
ခင်ဗျားတို့က ခန္ဓာကြည့်လိုက်ခဲတာ့ ဖြစ်မှု, ပျက်မှုကလေးတွေ

ဓတ္ထတယ်....(မှန်ပါ့) ဇတ္ထတော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ ဘုရား)။

ဟာ--ဒါဖြင့် တကာကြွယ်ကဘဲ ဉာဏ်ပိုင်ပိုင်နဲ့ စဉ်းစားလိုက် တော့ သြော်--သူ မရှိဘူးဘုရာ့....(မှန်ပါ့) ဘာ့ကြောင့်တုံး သူ မသိတာ တပည့်တော်တို့ သိပြီ....(မှန်ပါ့)။

သူ မသိတာ တပည့်တော်တို့က သိတယ်ဆိုတော့ ကျုပ်တို့က ဝိဇ္ဇာဖြစ်တယ်....(မှန်ပါ့ဘုရား) မဖြစ်သေးဘူးလား....(ဖြစ်ပါ တယ်ဘုရား)။

အဲဒီတော့ အဝိဇ္ဇာချုပ်သော် - သင်္ခါရချုပ်တယ်....(ချုပ်ပါ တယ်)ဝိညာဏ် နာမ်ရုပ်တွေ....(ချုပ်ပါတယ်ဘုရား)တဏှာ ဥပါ ဒါန်ကော....(ချုပ်ပါတယ်) ဇာတိ ဇရာ မရဏကော.... (ချုပ် ပါတယ်) သဘောပါပလား....(ပါပါပြီ)သူများ ပြောလား.... မျက်မြင်လား....(မျက်မြင်ပါဘုရား) မျက်မြင် အကဲခတ်လို့မှု ခင်ဗျားတို့က အဝိဇ္ဇာချုပ်အောင် မလုပ်ချင်ဘူးဆိုယင် သေချင် သေးလို့ဘဲ....(မှန်ပါ့)အဝိဇ္ဇာချုပ်အောင် မလုပ်ချင်တဲ့ ပုဂ္ဂိုလ် ဟာ....(သေချင်သေးလို့ပါဘုရား)။

သေချင်တာမှု မောင်ဘသော်ရဲ့....တချီတည်း သေချင်တာ မဟုတ်ဘူး....(မှန်ပါ့)အဖန်ဖန် သေချင်သေးလို့....(မှန်သလိုပါ ဘုရား)ဘယ်နှယ်ပြောကြမယ်....(အဖန်ဖန် သေချင်သေးလို့ ပါဘုရား)။

ဒါဖြင့် အဖန်ဖန်မသေချင်ယင် အဖန်ဖန် သားသျှီးနဲ့မခွဲချင် ယင် အဖန်ဖန် ငရဲမကျချင်ယင် ဆိုယင် တကာကြွယဲ့ ဘာချုပ် အောင် လုပ်ရမလဲ....(အဝိဇ္ဇာချုပ်အောင်လုပ်ရပါမယ်ဘုရား)။

ကဲ....တကာကြွယ် လုပ်တတ်ပလား....(လုပ်တတ်ပါပြီ) ခန္ဓာကိုယ်ဖြစ်ပျက်ရှုလိုက်တော့ကို ဘယ့်နှယ်နေသလဲ- (အဝိဇ္ဇာချုပ်ပါတယ်ဘုရား) အဝိဇ္ဇာချုပ်သွားတယ်၊ ဘာဖြစ်လို့ချုပ်သတုံးဆိုတော့ အို....အဝိဇ္ဇာမသိတဲ့နေရာမှာတပည့်တော်တို့က ဝိဇ္ဇာသိသကိုး....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာမသိတဲ့နေရာမှာ....(ဝိဇ္ဇာကသိပါတယ်ဘုရား) ဝိဇ္ဇာက သိတယ်ဆိုတော့ သက်သေခံကော ဦးဘအုန်း လုံးလောက်ပလား....(လုံလောက်ပါပြီဘုရား) သူမသိတဲ့နေရာ အဝိဇ္ဇာမသိတဲ့နေရာမှာ ကျုပ်တို့ဆရာကောင်းသမားကောင်းဆီကနည်းရလို့ ဝိဇ္ဇာရပြီးသိလိုက်တယ်....(မှန်ပါ့) သိလိုက်တာယ် ဆိုကတည်းက သူမချုပ်ချင်လို့နေနိုင်သေးရဲ့လား....(မနေနိုင်ပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ လက်နက်ကောင်းဖြင့်ရပြီ....(ရပါပြီဘုရား) ဘယ်လောက်ကောင်းတဲ့ လက်နက်လဲလို့မေးတော့မှ အသေလွတ်တဲ့လက်နက်ရတယ်....(မှန်ပါ့)ဘယ်လောက်ကောင်းဟဲ့ လက်နက်လဲဆိုတာ သိပလား.... (သိပါပြီဘုရား)ဘာလက်နက်တုံး.... (အသေလွတ်တဲ့လက်နက်ပါဘုရား) အသေလွတ်ဆိုကတည်းက ဗီအာအိုကော....(လွတ်ပါတယ်ဘုရား) ဒီပဋိသန္ဓေနေမှုကော....(လွတ်ပါတယ်) ဒီကံတွေကော....(လွတ်ပါတယ်ဘုရား) ဒီတဏှာဥပါဒါန်ကလေးတွေကော.... (လွတ်ပါတယ်ဘုရား) ဒီဒုက္ခသစ္စာတွေကော....(လွတ်ပါ့တယ်) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သူက မဂ္ဂသစ္စာ-(မှန်ပါ) ဒီအဝိဇ္ဇာချုပ်သွားတော့ သူကဘာဖြစ်သွားသတုံး- (မဂ္ဂသစ္စာဖြစ်သွားပါတယ်) သူ့ကို

သမုဒယသစ္စာမရေးနဲ့တော့....(မှန်ပါ့)တကာကြွယ် သူချုပ်သွားတာနဲ့ သူ့ကို ဘာရေးမလဲ.... (မဂ္ဂသစ္စာရေးရပါမယ်ဘုရား)။

မဂ္ဂသစ္စာ ရေးလိုက်တော့ကို ဒီဘက်က ဒုက္ခတွေ့ မချုပ်ဘူးလား....(ချုပ်ပါတယ်) အဲ-သူ့ကို နိရောဓသစ္စာရေး....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)။

အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်နိုင်တဲ့ပဋိပက္ခိုက်ကျတော့ ဒီနေရာမှာ ဘာရေးမတုံး..... (မဂ္ဂရေးရပါမယ်) ဒီနေရာမှာ ဘာရေးမတုံး..... (နိရောဓ ရေးရပါမှယ်) အကုန် ပြောင်းသွားတယ်....(မှန်ပါ့) ဦးဘအုန်း ပြောင်းသွားတယ်....(ပြောင်းသွားပါတယ်ဘုရား)။

၁-နံပါတ်က မဂ္ဂသစ္စာ.... (မှန်ပါ့) ၂-နံပါတ်က နိရောဓသစ္စာ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ရှင်းပြီ.... (ရှင်းပါပြီဘုရား) တခါ ဒီဥစ္စာသိပြန်တော့လဲ.... သိတဲ့ပဋိပက္ခိုလ်ကျတော့ သူ့ကို ဘာရေးမတုံး.... (မဂ္ဂသစ္စာရေးပါမယ်ဘုရား) ဒီ အဝိဇ္ဇာချုပ်သကိုးဗျ.... (မှန်ပါ့) ဒီအထဲ အဝိဇ္ဇာက ပါနေတယ်.... (မှန်ပါ့) ဒါဘာသစ္စာရေးမလဲ.... (နိရောဓပါဘုရား) အဲဒီတော့ မဂ္ဂနဲ့နိရောဓချည်းဖြစ်နေတယ်.... (မှန်ပါ့) တကာကြွယ် ဒါက အလုပ်သဘောပါတဲ့ ပဋိပက္ခိုလ် အတွက်မှာဖြင့် အလွန် ကျေးဇူးများပြီကော-(များပါတယ်ဘုရား) အအိုဇာတ်သိမ်း၊အနာဇာတ်သိမ်း၊ အသေဇာတ်သိမ်း၊ သားမွေးမှု၊ မယားမွေးမှု၊ သားကျွန်,မယားကျွန်ခံမှု အလုံးစုံအကုန်ဘာဖြစ်သွားသတုံး... (ဇာတ်သိမ်းပါ့တယ်ဘုရား)။

ဘာဖြစ်လို့တုံး....ဘယ်သူက သိမ်းပေးသတုံး....လို့ မေးလို့ ရှိယင် အို....အဝိဇ္ဇာသိမ်းလို့ သိမ်းတာ- (မှန်ပါ့ဘုရား) ဘယ်.

နှယ်ဆိုကြမလဲ.... (အဝိဇ္ဇာသိမ်းလို့ သိမ်းတာပါဘုရား) ဦးဘ အုန်း-ရေ.... ဒီအာတိုင်း ဘုရားရှေ့ ဆုတောင်းနေလို့ အရှင် ဘုရား၊ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီး မြန်မြန်ကြီးရောက်ရ ပါလို၏....လို့.....တောင်းပင်တောင်းငြားသော်လဲသူကလဲဝမ်းထဲ မချုပ်လို့ရှိယင် ရနေမှာဘဲ....(မှန်ပါ့) ဒုက္ခဘဲ ရမှာဘဲ.... (မှန် ပါ့ဘုရား) သူက ဝမ်းထဲ ချုပ်သွားယင်တော့ဖြင့် မတောင်းနဲ့ တော့....(မှန်ပါ့)။

မတောင်းနဲ့တော့-ခင်ဗျားတို့ မြန်မြန်ကြီး ဇရပြီလို့ ဆုံးဖြတ် ချက်သာ ချလိုက်ပါတော့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ရှုလိုက်လို့ရှိယင် ဉာဏ်ဟာ ဘာဖြစ်သတုံး-(ဝိဇ္ဇာဖြစ်ပါဘယ်ဘုရား)ဝိဇ္ဇာဉာဏ်ဖြစ်ဘယ်-(မှန်လှပါဘုရား) ဖြစ်ပျက် ရှုလိုက်လို့ရှိယင်... (ဝိဇ္ဇာဉာဏ်ဖြစ်ပါတယ်) ဖြစ်ပျက် မှုန်းတဲ့ ဉာဏ်ဟာလဲ ဘာဉာဏ်တုံး.... (နိဗ္ဗိန္ဒဉာဏ်ပါ ဘုရား) ဝိဇ္ဇာဉာဏ်ဘဲ၊ ဖြစ်ပျက်အဆုံးမြင်တဲ့ ဉာဏ်ကော....(ဝိဇ္ဇာဉာဏ် ပါဘုရား) အဲ....ဝိဇ္ဇာချည်းဘဲ တကာကြွယ်ရ....(မှန်ပါ့ဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ.... ဓရုးတုန်းက တော့ဖြင့် ကယ်မည့်လူ ယူမည့်လူရှာတာ လဲနေပြီ....(လဲပါတယ် ဘုရား) သြော်.... လူဘဝမို့ မင်းကနှိပ်စက်၊ သူခိုးက နှိပ်စက်၊ မ၊းပြက နှိပ်စက် လူလိမ်လူဒုက္ခတွေက နှိပ်စက်၊ ဥပဒေ တွေကလဲ ချုပ်ချယ်လိုက်တာ....(မှန်လှပါဘုရား) နတ်ပြည်မျှား သွားနေရယင် လွတ်မလားဆိုပြီး ချမ်းသာရှာလိုက်တော့ နတ် ပြည်ကျတော့လဲ ဒီဥပဒေက ရှိလျက်ဘဲ.... (ရှိလျက်ပါဘုရား)

ရှိလျက်ဘဲ၊ တန်ခိုးကြီးတဲ့နတ်က တန်ခိုးမကြီးတဲ့နတ်ကို နိုင်တာ
ဘဲ....(မှန်ပါ့) မလွတ်ဘူး နော်....(မလွတ်ပါဘုရား)။

ဗြဟ္မာပြည်သွားပြန်တော့လဲ ဗြဟ္မာကြီးတွေ အခြံအရံသွား
ဖြစ်၊ သူစေ့ရာသွား၊ သူခိုင်းရာလုပ်ဆိုတော့ အင်း.... ချမ်းသာ
ရာလိုက်တော့ ချမ်းသာ မတွေ့ဘူး....(မတွေ့ပါဘုရား)။

ဒါဖြင့် ရှေးတုန်းက ဒီလိုဘဲ ချမ်းသာရှာပေမဲ့ ချမ်းသာ
မတွေ့တာချည်းဘဲ....(မတွေ့တာချည်းပါဘုရား) အခုတော့ဖြင့်
ဒီ တကာဘကာမတွေမှာ ချမ်းသာရှာလို့ရှိယင် ချမ်းသာတွေ့
ပါပြီ.... (တွေ့ပါပြီဘုရား) သဘောကျပလား.... (ကျပါပြီ
ဘုရား)။

အခု တချို့မှာ ဥပမာ သူပုန်နယ်ထဲမှာရှိတယ်၊ကောက်ရိတ်
တိုက်လို ဘာတို့လိုကျတော့ ဩော်....တခါတည်း ရန်ကုန်ဆီ သွား
နေရယင် ဘယ်လောက်မျှား အေးမတုံး... တဲ့....(မှန်ပါ့ဘုရား)။

ရန်ကုန်ကျတော့ မြို့နိဗ္ဗိပါယ်ခွန်တွေနဲ့အမျိုးမျိုးအခွန်တွေ
နဲ့ ဆိုတော့ ကိုယ့်မှာ ပေးစရာမရှိယင် အို.... ဒီမှာလဲ ဆင်းရဲ
တာဘဲကိုး.... (မှန်ပါ့ဘုရား) မသာပေဘူးလား....(လာမှာပါ
ဘုရား)။

အင်း.... ဒါနဲ့တောရှာပြေးပါတော့မယ်ဆိုတော့ တောရှာ
ကျပြန်တော့လဲ ထို့အတူဘဲ တကာတကာမတို့ ငွေရှားပါးတဲ့
အရပ်ရောက်သွားပြန်တော့ ရှားပါးတဲ့ဒုက္ခတွေ့ မတွေ့ရဘူးလား
(တွေ့ရပါတယ်ဘုရား)။

ချမ်းသာရှာလိုက်တာ တကာကြွယ်....ဘယ်သွားသွား မတွေ့
ဘူး.... (မှန်ပါ့ဘုရား) ချမ်းသာရှာတာ....တွန်းရှာလို့ မတွေ့ဘူး
(မှန်ပါ့)အလုပ်-လုပ်ရှာလိုက်တော့ တွေ့တယ်....(တွေ့ပါတယ်)

ဖြစ်ပျက်ကို မြင်အောင် အလုပ်-လုပ်လိုက်တော့ တခါတည်းတွေ့တယ်....(မှန်ပါ့)။

ဒါဖြင့် ခြေလျင်သွားရှာလို့ ချမ်းသာတွေ့သလား၊ အလုပ်လုပ်ရှာမှ တွေ့သလား....(အလုပ်-လုပ်ရှာမှတွေ့ပါတယ်ဘုရား)။

ဒါဖြင့် တကာကြွယ်.... ချမ်းသာရှာယင် ဘာလုပ်ရမယ်.... (အလုပ်-လုပ်ရမှာပါ) ချမ်းသာရှာယင် အလုပ်-လုပ်ရမယ်.... (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီ) ချမ်းသာရှာတဲ့ တကာ တကာမများမှာ....(အလုပ်-လုပ်ရမှာပါဘုရား)။

အခု တကာတကာမတွေက ဆင်ခြေလဲနေတယ်၊ ဦးဘအုန်းကြီးတို့၊ မောင်ဘသော်တို့က-နော်.... (မှန်ပါ့) အရှင်ဘုရား.... ဒါချည်း အားထုတ်နေလို့လဲ တပည့်တော်တို့ အစားအသောက် ဆင်းရဲမှာ ကြောက်ရသေးတယ်....(မှန်လှပါဘုရား)။

ရော... ခက်နေပြီကော....၊ ချမ်းသာအစစ်နဲ့ ချမ်းသာတုကို သူတို့က ချမ်းသာတုနဲ့လဲနေပြန်ပြီ.... (မှန်ပါဘုရား) ချမ်းသာတုနဲ့ လဲနေတဲ့ အဓိပ္ပါယ် မုရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဟိုဟာတွေ့ဟာ မပြီးနိုင်တဲ့ဥစ္စာ ခဏကလေး လျှာပေါ်မှာ ချိုသလို့, ချဉ်သလိုနဲ့ ပြီးတော့ ကျင်ကြီးကျင်ငယ်ဖြစ်တာဘဲ.... (မှန်ပါဘုရား) ချမ်းသာလိမ်, ချမ်းသာကောက်ကို ဒါနဲ့ ဆင် ခြေလဲပြီး ချမ်းသာစစ်ကို စွန့်ပစ်ပြီး တပည့်တော်တို့ မပြည့်စုံသေးလို့ ဒီအလုပ်ကလေး ချိတ်ထားပြီးဟာ့ ဝိဇ္ဇာဖြစ်တဲ့အလုပ် ချိတ်ထားပြီး အဝိဇ္ဇာဖြစ်ကဲ့ အလုပ်-လုပ်ပါရစေဦး... (မှန်လှပါဘုရား) အင်း....ဆင်းရဲရှာပြန်ပြီ....(မှန်ပါ့)။

ဟာရှာတာတုံး.... (ဆင်းရဲရှာတာပါ) တဖက်သတ် ဟောနေတယ်လို့ တကာကြွယ်က ဒီလိုမယူနဲ့....(မှန်ပါ့) မှယူနဲ့....တဲ့ ခင်ဗျားတို့ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ချမ်းသာရှာလို့ရှိယင်ဖြင့်....တဲ့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်မှု ချမ်းသာမယ်....(မှန်ပါ့ ဘုရား) ဒီအတိုင်းရှာလို့ တော့ ချမ်းသာဘယ်နည်းနဲ့မှ မရဘူး (မရပါဘုရား)။

ဒီအတိုင်းရှာရင်းမတ်တန့် အိုနာလျက်ဘဲ.... (မှန်ပါ့) ရှာရင်းမတ်တန့် နာတဲ့ အဖြစ်ကုံ.... (မှန်ပါ့ဘုရား) ရှာရင်းမတ်တန့် မော်တောင်ကားတိုက်လို့....၊ မီးရထားကြိတ်လို့....၊ လေယာဉ်ပျံပျက်ကျလို့ ဦးဘအုန်း ရှာရင်းမတ်တန့် သေကြတယ်.... (သေကြပါတယ်ဘုရား)။

အဲဒါ ဘာရှာသွားတဲ့လူတွေတုံး မေးစမ်းပါ.... (ချမ်းသာရှာသွားတဲ့လူတွေပါဘုရား) ဟ....ချမ်းသာရှာသွားတာ တကာတကာမဘို့ ချမ်းသာတွေသလား.... ဆင်းရဲနဲ့ ကြုံရသလား.... (ဆင်းရဲနဲ့ ကြုံရပါတယ်ဘုရား)။

ချမ်းသာ ရှာသွားရင်း မတ်တန့် အိုပဲကြီးက ခဏခဏ အိုနေတယ်.... (မှန်ပါ့ဘုရား) နာပဲကြီးကကော.... (ခဏခဏကြုံပါတယ်ဘုရား) သေပဲကကော ကြုံတဲ့အခါ မကြုံဘူးလား.... (ကြုံပါတယ်ဘုရား)။

နို့.... ဘာရှာ သွားတာတုံး.... (ချမ်းသာရှာ သွားတာပါ) ဟာ....ချမ်းသာရှာသွားတာ ဆင်းရဲပဲချည်း နဲ့ရတယ်....(မှန်ပါ့) ချမ်းသာ အရှာသွားကြတာ.... (ဆင်းရဲပဲချည်း နဲ့ရပါတယ် ဘုရား)။

အဲဒါ ထောက်ကြည့်တော့မှ တကယ်ကြွယ်တို့ ဆင်ခြေလဲတာ လဲတယ်....(လဲပါတယ်ဘုရား) တပည့်တော်တို့ဘုရား.... ဒီအလုပ်ချည်း လုပ်နေလို့ လောကုတ္တရာချည်း လုပ်နေလို့ရှိယင်လဲ.... မဟုတ်သေးဘူးဘုရာ့.... (မှန်ပါ့ဘုရား) ဘာဖြစ်လို့တုံး ချမ်းသာစရိုက် မဟုတ်သေးဘူးဘုရာ့....(မှန်ပါ့)။

ချမ်းသာစရိုက် မဟုတ်သေးဘူးဘုရာ့ ဆိုတော့ ခင်ဗျားတို့ ပါးစပ်က ထွက်ရဲပါ့မလားတယ်....(မှန်ပါ့ဘုရား) မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

ဒီအလုပ်ချည်း လုပ်နေလို့ဘုရား.... ဘပည့်တော်တို့ ဘယ့်နှယ် လုပ်မလဲ၊ စားဘို့၊ သောက်ဘို့၊ နေဘို့၊ ထိုင်ဘို့၊ မင်းရေး၊ စိုးရေး၊ သူခိုးရေးတွေကလဲ ရှိသေးတယ်ဘုရာ့၊ အဲဒီတော့ ဟိုဘက်လဲ လှည့်လိုက်ရဘယ်... (မှန်လှပါဘုရား) ဘယ်ဘက် လှည့်လိုက်တာတုံး....(ဆင်းရဲဘက်ပါဘုရား)။

ဒါဆင်ခြေလဲတာ ဦးဘအုန်းမှန်-မမှန်.... (မမှန်ပါဘုရား) မမှန်ဘဲနဲ့ ခင်ဗျားတို့ အဝိဇ္ဇာကလေးက ဝင်လာတဲ့ အချိန်ကျတော့ သြော်....ဒီဘက်လဲ ကြိုးစားရမှာဘဲ၊ ဟိုဘက်ကလဲ မကင်းဘူး....(မှန်လှပါဘုရား)။

ဒီဘက်လဲ ဘာတဲ့.... (ကြိုးစားရမှာပါဘဲ) ဟိုဘက်လဲ.... (မကင်းပါဘုရား) မကင်းသေးယင်လဲ သေဦးပေါ့.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)မကင်းသေးယင် ဘယ့်နှယ် ဆုံးဖြတ်ချက် ချကြမလဲ.... (သေရမှာပါဘုရား) သေရဦးမှာဘဲ ဆိုတာ ပေါ်ကြပလား....(ပေါ်ပါ့ပြီဘုရား)။

သြော်.... ဘုန်းကြီးတို့ တကာတကာမဒတ္ မျက်စိဖွင့်ပေးတဲ့ အထဲမှာ တဖန် ပြန်လည်တဲ့ လူကလဲ အများကြီးပါသေးတယ်.... (မှန်ပါ့ဘုရား)မျက်စိဖွင့်ပေးတဲ့ အထဲက တကာကြွယ်.... (တဖန် ပြန်လည်တဲ့သူ,များပါတယ်ဘုရား) တယ်လဲ အလှည့်ကောင်းပါ ကလား....(ကောင်းပါတယ်ဘုရား)။

မင့် ဘုန်းကြီးဟောတာနဲ့ -မင့် ဘုရား ဟောတာကတော့ကွာ မှန်တော့ မှန်ပါ့ရဲ့.... (မှန်ပါ့) အဝိဇ္ဇာ လောင်ပြီး တရား ဟောဆရာ လုပ်ပစ်တယ်....(မှန်ပါ့)။

သို့သော်လဲ မင့်သားနဲ့ မင့်သမီးနဲ့ မင့်အခွန်တော့ကလဲ ဆောင် နေရတာ အနေမျိုးဆိုတော့.... ဝိဇ္ဇာချည်း လုပ်နေလို့လဲ မဖြစ် သေဘူး....(မှန်လှပါ) ရှာဦးမှပေါ့၊ ရှာဦးမှဆိုတော့ တဏှာ.... (မှန်ပါ့) တဏှာက အဝိဇ္ဇာ လက်အောက်ခံ.... (မှန်ပါ့)။

သူကိုယ်တိုင် မလှည့်စားချင်တာနဲ့ တဏှာ လွှတ်လိုက်တယ်- (မှန်ပါ့) ရိပ်မိပလားး.... (ရိပ်မိပါပြီ) ဘာ လွှတ်လိုက်သလဲ.... (တဏှာလွှတ်လိုက်ပါတယ်) တဏှာ လွှတ်လိုက်တော့ တဏှာက သားကလေး ခင်တဲ့စိတ်က- သမီးကလေး ခင်တဲ့စိတ်က- အေး.... ရှာဦးမှပေါ့၊ မရှာယင် ဘယ်နှယ် လုပ်မလဲ... (မှန်ပါ့) တကာ ကြွယ် ဒါကလေးဟာ တဏှာက-နေပြီး တရားဟောလွှတ်လိုက် ကယ်... (မှန်ပါ့) ဘယ်သူက လွှတ်လိုက်တာတုံး.... (တဏှာက လွှတ်လိုက်ပါတယ်) အဝိဇ္ဇာက လွှတ်လိုက်တယ်.... (မှန်ပါ့) အဝိဇ္ဇာက တဏှာကို ကိုယ်စားလှယ် လွှတ်လိုက်တယ်- (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ)။

အဝိဇ္ဇာက ဘာတဲ့.... (တဏှာကို ကိုယ်စားလှယ် လွှတ်လိုက်ပါတယ်ဘုရား) အင်း....သူက အခြေခံကောင်းလို့ဗျ....(မှန်ပါဘုရား) အဝိဇ္ဇာကတော့ ဖုံးသာထားတာ၊ ဒါလောက် မခြေတတ်ဘူး.... (မှန်ပါဘုရား) တဏှာကတော့ တကာကြွယ်တို့ကို ခြေတတ်တယ်.... (မှန်ပါ) ဟော.... အခု သွားလိုက်လို့ ရှိယင် သောင်းကိုးထောင်ရမယ်....(မှန်ပါ) နက်ဖြန်သေမှာ သူမထည့်ဘူး....(မထည့်ပါဘုရား)ပါသေးရဲ့လား.... (မပါ-ပါဘုရား)။

မပါဘော့ တဏှာက ဒီလိုလှည့်ပြီး စားတတ်တော့ တကာကြွယ်တို့က မော့ပြီး ထွက်ဘယ်....(ထွက်ပါဘယ်ဘုရား) အင်း.... ဘယ်သူ့ လက်အောက်ခံပါလိမ့်.... (အဝိဇ္ဇာ လက်အောက်ခံပါဘုရား)။

အဝိဇ္ဇာ လက်အောက်ခံ တဏှာကို လွှတ်သိုက်ဘော့....တကာကြွပျံတို့က တဏှာနဲ့တော့ ငယ်ပေါင်းဖြစ်နေတယ်.... (မှန်ပါ) ငယ်ပေါင်း ဖြစ်ပြီးနေတော့ ဦးဘအုန်းကြီးတို့ ပြေးဟာ ရန်ကုန် (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီ) ပြန်လာဟာ....မန္တလေး.... (မှန်ပါ)။

ဘာလုပ်ဘာတုံး ဦးဘအုန်းဆို ဘယ်နှယ်ပြောမလဲ အို.... တဏှာခိုင်းဘာ သွားရတာပါ.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာတုံး....(တဏှာခိုင်းတာလုပ်ရတာပါဘုရား) အဲ....ဘယ်သူ၏ ကိုယ်စားလှယ်ပါလိမ့်,သူ....(အဝိဇ္ဇာ၏ ကိုယ်စားလှယ်ပါဘုရား) အဝိဇ္ဇာ၏ ကိုယ်စားလှယ်ဆိုတော့ ခင်ဗျားတို့ အဝိဇ္ဇာ၏ ကိုယ်စားလှယ် လွှတ်အောက်ခံလွှတ်လိုက်တဲ့အတွက် ခင်ဗျား

တို့ ဒါတော့ သေပဲ့တွန်းပြန်ပြီ....(မှန်ပါ့) ရှင်းပလား....(ရှင်း ပါပြီ) ဘာ တွန်းလိုက်ပြန်သတုံး.... (သေပဲ့ တွန်းပြန်ပါတယ် ဘုရား)။

ဒါတောင် ခင်ဗျားတို့ကတော့ ဟုတ်ထင်ပါရဲ့ ဆိုတဲ့ဥစ္စာ တကာကြွယ်တို့က ယောင်များ ပြေးလိုက်သေးတယ်....(မှန်ပါ့) မယောင်ဘူးလား-တခါ တခါ.... (ယောင်ပါတယ်ဘုရား)။

နောက်က တကာတကဲ့ာမတွေ့ သေသေချာချာ စဉ်းစား ပါ ခင်ဗျားတို့ ဝမ်းထဲကိုက တခါတည်း အဝိဇ္ဇာက ကောင်း ကောင်း မချုပ်သေးတော့.... ယောင်ပြေးလာတယ်.... မောင်ဘ သော်....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာကိုယ်စားလှယ် တဏှာလွှတ်လိုက်တယ်၊ တဏှာ လွှတ် လိုက်တဲ့အခါ တဏှာက ဟိုတိုက်ကြီးတွေ့ကြည့်ပါလား၊ဟိုဏား ကြီးတွေ့ ကြည့်ပါလား....၊ ဟိုမှာ ဝတ်ထားတာတွေ့ ကြည့်ပါ လား....၊ အဲဒါတွေ့ ဘယ်လို ရှာလို့ ရတာ....၊ အဲဒါတော့ ရတဲ့ တနေ့ကျတော့ ကိုယ်က ထိုင်နေတာပေါ့....၊ ထိုင်ပြီး ဒီဝိဇ္ဇာဆီ လုပ်တာပေါ့.... (မှန်ပါ) အခုတော့.... ဝိဇ္ဇာ လုပ်ချင်ပေမဲ့ မဖြစ်သေးဘူး၊ ဝမ်းရေးက လိုသေးတယ်....(မှန်ပါ့ဘုရား)။

ဘုယ်သူက ဝင်ဟောနေသတုံး.... (တဏှာက ဝင်ဟောနေပါ တယ်ဘုရား) တဏှာက ဝင်ဟောတယ်.... (မှန်ပါ့) ဘယ်သူ့ လက်အောက်ခံတုံး....(အဝိဇ္ဇာ လက်အောက်ခံပါဘုရား)။

အဲဒီမှာ တကာကြွယ်တို့က တရားက နာနေကျဖြစ်နေတော့ တဏှာ တရားက နာနေကျ....(မှန်ပါ့) သဘောကျပလား..... (ကျပါပြီ)။

တက္ကသိတရားနာလို့ ပေါ့ဗျ၊ ခင်ဗျားတို့တခါတလေကျတော့ ဟော....နိဗ္ဗာန်မရမီစပ်ကြား မတော်များဆင်းရဲနေယင် ခက်ချေရဲ့ ဆိုပြီး နိဗ္ဗာန်မရမီ စပ်ကြားကလေးများ ထည့်လိုက်သေးတယ်....(မှန်ပါ့ဘုရား)ဘယ်သူက အထည့်ခိုင်းတာတုံး....(တက္ကသိက အထည့်ခိုင်းတာပါဘုရား)။

အဲဒါ-ခင်ဗျားတို့က ကျွန်တော်မျိုးပိပိထည့်ဦးမှ ထည့်ဦးမှု-(မှန်ပါ့) တကာကြွယ် မလာဘူးလား.... (လာပါတယ်) ဒါဘယ်သူ့ လက်အောက်ခံတုံးဗျ.... (အဝိဇ္ဇာ လက်အောက်ခံပါဘုရား)။

တက္ကသိက ဆုတော်ဝင်းတော့ ဘာသစ္စာရသလဲ.... (ဒုက္ခသစ္စာရပါမယ်ဘုရား)။

အို.... ဒုက္ခသစ္စာ မင်း-မပြောနဲ့၊ မင်းက ကောင်းတယ်ချည့်ပြော-ငါကဖုံးထားမယ်....(မှန်ပါ့ဘုရား)အဝိဇ္ဇာက....(မှန်ပါ့)။

အဝိဇ္ဇာက ဖုံးထားတယ်၊ တက္ကသိ မင်းက ကောင်းတယ်သာပြော၊ သူတို့ တကယ်လို့ ထိုးသွင်းလာလို့ ရှိယင် ငါက ဒီဥစ္စာကို ဖုံးထားမယ်၊ ကောင်းတဲ့ဘက်သာ ပြမယ်၊ ဆိုးတဲ့ သကာနိုးကို မပြဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

တရုပ်ပြည် သွားသလိုပေါ့ဗျာ၊ ထရုပ်ပြည် လာပါဟဲ့ ဆိုပြီး သွားတော့ ကောင်းတာတွေချည့်ထိုးပြတယ်၊ နောက်ပိုင်း ငတ်နေတာ ထည့်မှု,မထည့်တော့ဘဲ၊ အဲဒီလိုဖြစ်နေတာ.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒီလိုဖြစ်နေတဲ့ဥစ္စာ ခင်ဗျားတို့က ရှေ့လမ်းကြီးတွေကြည့်ပြီး ဟုတ်တယ်ထင်နေ၊ တော်တော်ကြာ မသာပို့ရတာတော့သိ

တာမဟုတ်ဘူး.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) တော်တော်ကြာကျလို့ ရှိယင် ဘယ်သူဟာ တိုက်ကြီးနဲ့ တာကြီးနဲ့ သိန်းပေါင်း ဘယ်လောက်ချမ်းသာတယ်....၊ တော်တော်ကြာ မသာဘိတ်စာရောက်လာတယ်....(မှန်ပါ့)။

ဦးဘအုန်း ဘာတဲ့တုံး.... (မသာဘိတ်စာ ရောက်လာပါ တယ်)မသာဘိတ်စာရောက်တော့ တကာကြွယ်တို့ကဖြစ်မှ,ဖြစ်ရ ပလေ- သူနဲ့ တပည့်တော်နဲ့ သိပ်ခင်တာ....(မှန်ပါ့ဘုရား)။

အင်း-ခင်တာမခင်တာလို့ရင်းမဟုတ်ဘူး၊ သေတာ-သေတာ ရှုပ်မနေနဲ့ ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒါ ခုနင်က မသာခန်း ကိုယ်က ဖွင့်ထားလို့ မသာဖြစ်ရ တာ....(မှန်ပါ့ဘုရား)။

ဒါဖြင့်.... မသာ အလုပ်ဟာ တကာတရားမတို့ ဘယ်သူ၏ အလုပ်လဲ....(တကျာ၏အလုပ်ပါ) အဝိဇ္ဇာတကျာတို့၏ အလုပ်.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)မသာဖြစ်လေသမျှ-(အဝိဇ္ဇာ တကျာ၏အလုပ်ပါဘုရား)မသာသိမ်းချင်ယင်....(အဝိဇ္ဇာတကျာ သိမ်းရပါမယ်) အဝိဇ္ဇာတကျာချုပ်ပြီးတာပေါ့....(မှန်ပါ့)။

ဒါ့ကြောင့် ဒီမှာ ကြည့်ပါလား နှစ်ခုပါတယ်၊ အဝိဇ္ဇာနဲ့ တကျာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါ ဝင်ရိုးပေါ်မှာနေတာယ်၊ဒို့ကလှည့်ပေးမယ်ပြောလို့ ဒါ တွေလှည့်သွားတာ....(မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ) သူတို့က ဝင်ရိုးတွေ၊ အဝိဇ္ဇာနဲ့ တကျာက ဝင်ရိုး.... (မှန်ပါ့) သတ္တဝါတွေကို တခါတည်း နေသလမ်းချည့်လှည့်လှည့်ပေးတယ်-

မိုးကုတ် ဝိပဿနာ လုပ်ငန်းစဉ်တရား (၃) ၄၂၅

(မှန်ပါ့) ပဋိသန္ဓေ နေခန်း လှည့်ပေးလိုက်၊ သဘောကျပလား (ကျပါပြီ)"

ဒါဖြင့် လှည့်ကြည့်ပါလား တကာ တကာမတို့ သေလမ်း ချည့်ခဏခဏတွေ့ရတယ် ဆိုတာ သူကလှည့်လှည့်နေတာ သူက ဝင်ရိုးကြီးဗျ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဆင်း....သူက ဘာပါလိမ့်....(ဝင်ရိုးပါဘုရား) ဘာတွေလှည့်ပေး နေသလဲ....(သေပဲ့ချည့်လှည့်ပေးနေပါတယ်ဘုရား)။

သေပဲ့တွေလှည့်ပေးလိုက်၊ သမုဒယသစ္စာလှည့်ပေးလိုက်၊ ဒုက္ခသစ္စာ....(လှည့်ပေးပါတယ်) သမုဒယသစ္စာ .... (လှည့်ပေးပါတယ်) ဒုက္ခသစ္စာ....(လှည့်ပေးပါတယ်) ဒီအဝိဇ္ဇာနဲ့ တဏှာက ဝင်ရိုး လှည့်နေတယ်....(မှန်ပါ့ဘုရား) ဒါ့ကြောင့် ခင်ဗျားတို့ အသေထပ်၊ဆင်းရဲထပ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အာသဝ ဝင်ရိုးဆိုတာ တကာကြွယ် ပေါ်ပလား.... (ပေါ်ပါပြီ) ကာမာသဝတို့ဟာ .... ဒါက ကာမာသဝ-ဘဝါသဝ....ဒါက အဝိဇ္ဇာသဝ.... (မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

အာသဝ ဝင်ရိုးကြီးလှည့်လိုက်တယ်ဆိုပေမဲ့ မောင်ဘသော် ဒါကြီးဟာ ဒီအတိုင်းနေသေးသလား-လှည့်နေသလား....(လှည့်နေပါတယ်ဘုရား)အသေတွေဆက်နေတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့်- သူလှည့်လိုက်ပြီဆိုမှဖြင့် ဘာသစ္စာတွေချည့်တွေ့နေရသတုံး....(သမုဒယနဲ့ ဒုက္ခတွေ့ရပါတယ်) သမုဒယနဲ့ ဒုက္ခကို

သူလှည့်ပေးနေတာ(မှန်ပါ့)သဘောပါကြပလား.... (ပါပါပြီ) သမုဒယနဲ့ဒုက္ခကို....(လှည့်ပေးနေပါတယ်ဘုရား) အဲ- အာသဝဝင်ရိုးက လှည့်ပေးနေတယ်....(မှန်ပါ့) သဘောကျပလား.... (ကျေးပါ့ပြီ)။

အင်း.... ဘယ်သူကလှည့်သတုံး .... (အာသဝ ဝင်ရိုးကလှည့်ပါ့တယ်)သူသာ ဗဝင်ရိုးကြီးက လှည့်မပေးမယ်ဆိုယင် တကာတကာမတို့ ဒါကြီးက ဗီလိုသွားနိုင်ပါ့မလား .... (မသွားနိုင်ပါဘုရား)။

သူကလှည့်ပေးနေတာ....(မှန်ပါ့) ဒီအသေကြီးဟာ ဟိုဘက်ရောက်လိုက်-ဒီဘက်ရောက်လိုက်နဲ့ အသေတွေ့ လှည့်ရောက်နေတာ....(မှန်ပါ့) မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) အင်း....ဘယ်သူက လှည့်တာပါလိမ့်....(အာသဝက လှည့်တာပါဘုရား)ဒါကြောင့် ဒီဥစ္စာပါလာတာ တက်ာကြွယ်ရ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ခင်ဗျားတို့၊ဟာ-အခုတော့ ဥပမာ-ဗြဟ္မာ့ပြည် သေတယ်ဆိုပါဦးတော့၊ တော်တော်ကြာ ကမ္ဘာတော့ လူ့ပြည် သေတယ်....(မှန်ပါ့) ဟာ-တော်တော်ကြာ သူ့လှည့်လိုက်လို့ ရှိယင် ငရဲပြည်နေတယ်၊ အောက်ရောက်သွားမှာဘဲ .... (မှန်ပါ့ဘုရား) မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

တော်တော်ကြာကျတော့ တိရစ္ဆာန်ဘုံ ဆိုပြီး- ဒီရောက်လာဦးမှာဘဲ၊ မရောက်ပေဘူးလား.... (ရောက်ပါတယ်) ဘယ်သူက လှည့်ပေးတာတုံး....(အာသဝက လှည့်ပေးတာပါ) အာသဝက အဝိဇ္ဇာနဲ့-တဏှာ....(မှန်ပါ့ဘုရား)။

ကဲ .... သူလှည့်လိုက်တာ တကာကြွယ် သေတ္တဟာ သေပေါင်းကို နေရာထပ်နေပြီ....(မှန်ပါ့) သူက တစိစိလှည့်နေလို့ ရှိယင် အသေမထပ်ပေဘူးလား.... (ထပ်ပါတယ်ဘုရား)သဘော ပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် သူတို့မချုပ်သ၍ ကျုပ်တို့ လှည့်ပြီး အသေခိုင်းဦးမှာဘဲ....(ခိုင်းပါတယ်ဘုရား) ဦးဘအုန်း ဘယ်လိုမှတ်မလဲ.... (လှည့်ပြီး အသေခိုင်းဦးမှာပါဘုရား) သူတို့က ဝင်ရိုးဗျ....(မှန်ပါ့ဘုရား) အာသဝ,ဝင်ရိုးဆိုတာ ဒါဘဲ....(မှန်ပါ့)။

အင်း....မင်းတို့ အဆက်လဲအသေခိုင်းမယ်.... (မှန်ပါ့ဘုရား) ဘေးလဲ.... (အသေခိုင်းမယ်) အောက်လဲ.... (အသေခိုင်းမယ်) တဖန် ဘေးလဲ....(အသေခိုင်းမယ်) ဒါဖြင့် သေတဲ့နေရာကို ကျုပ်တို့ထပ်နေပြီ....(မှန်ပါ့ဘုရား) သူလှည့်တာ၊ သူလှည့်တာ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ်....ဒါဖြင့် ဒီ-အာသဝ,ဝင်ရိုး မကျိုးသ၍ကာလ ပတ်လုံးတော်ပါ့မလဲ....(မတော်ပါဘုရား)၊

ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာချုပ်ရလိမ့်မယ် .... (မှန်ပါ့ဘုရား) အဝိဇ္ဇာနဲ့ တဏှာချုပ်ယင် ဝင်ရိုးကျိုးပြီ ဒါကြီးဟာ အောက်မှာ ပြားသာနေစရာရှိတယ်၊ ဒီအတိုင်း မလှည့်ဘဲဘူး...(မှန်ပါ့ဘုရား)လည်နိုင်ပါ့မလား....(မလည်နိုင်ပါဘုရား)။

ကဲ....ဒါဖြင့် တကာကြွယ် အလုပ်-လုပ်ကြစို့နော်.... (မှန်ပါ့ဘုရား) အလုပ်-မလုပ်ယင် ဒီဝင်ရိုး မကျိုးဘူး .... (မကျိုးပါဘုရား)။

ကိုင်း....ဒါဖြင့် ဦးဘအုန်းတို့ အလုပ်-လုပ်ပါ.... (မှန်ပါ့) ဥပမာမယ် ခင်ဗျားတို့ မက်တဲ့စိတ်ကလေး ပေါ်လာတယ်.... (မှန်ပါ့) ကဲ....တကာကြွယ်က ဖြစ်ပျက်ရှု၊ ဖြစ်ပျက်ရှုလိုက်တော့ ကို မက်တဲ့ စိတ် က လေး ဟာ လဲ .... မက်တဲ့ ယောကျ်ားး ဖြင့် ယောကျ်ားး၊ မိန်းမဖြင့် မိန်းမပေါ့ဗျာ.... (မှန်ပါ့) မက်နေတဲ့ မိန်းမ, မက်နေတဲ့ ယောကျ်ားးဟာ တခါတည်း ဖြစ်ပျက်ရှုလိုက်တော့ကို အင်း....တယောက်သေပြန်ပြီလို့ မသိဘူးလား .... (သိပါတယ်ဘုရား) သိရတယ်ဆိုတာ ရှင်းပြီနော်....(ရှင်းပါပြီ)။

ဘာနဲ့ကြည့်သတုံးဆိုတော့ ဝိဇ္ဇာနဲ့ကြည့်လိုက်တာ.... (မှန်ပါ့ဘုရား) ဒါဖြင့် ဒီအသေမျိုး လိုချင်သေးသလား....လို့မေးတော့....(မလိုချင်ပါဘုရား)။

မလိုချင်တော့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်တယ်၊တဏှာက အလောဘ ဖြစ်တယ်.... (မှန်ပါ့ဘုရား) ဝင်ရိုးကျိုးတယ်....(မှန်ပါ့) မကျိုးသေးဘူးလား....(ကျိုးပါတယ်ဘုရား) ဖြစ်ပျက် မြင်တဲ့ ပဋိဂိုလ် ဝင်ရိုးကျိုးတယ်... (မှန်ပါဘုရား) တကာကြွယ်....ဖြစ်ပျက် မြင်တဲ့ပဋိဂိုလ်....(ဝင်ရိုးကျိုးပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး ဆိုတော့ တကာကြွယ်၏ အသေကို တကာကြွယ်မြင်ပေါ့ကိုး....(မှန်ပါ့) တကာကြွယ် ကုသိုလ်စိတ်ကလေးနဲ့ နေတာ ကုသိုလ်စိတ်ကို တကာကြွယ်က ဖြစ်ပျက်ရှုလိုက်စမ်း (မှန်ပါ့) ကုသိုလ်လုပ်နေမဲ့ တကာကြွယ် ရှိသေးသလား....(မရှိပါဘုရား) မရှိတော့ တကာကြွယ်သေပြီ .... (သေပါပြီဘုရား)။

သြော်....ဒါဖြင့် အသေမြင်တာက ဝိဇ္ဇာ....(မှန်ပါ့)နောက် ဒီလိုအသေမျိုး လိုချင်သေးရဲ့လား.... (မလိုချင်ပါဘုရား) မလိုချင်တာကအလောဘ....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဒီနေ့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်ပြီ.... (မှန်ပါ့) တဏှာက အလောဘ ဖြစ်ပြီဆိုတော့ ဝင်ရိုးနေရာမှာ ပြောင်းသွားတယ်....၊ မပြောင်းဘူးလား .... (ပြောင်းပါတယ် ဘုရား)။

အဝိဇ္ဇာက ဘာဖြစ်သတုံး....(ဝိဇ္ဇာဖြစ်ပါတယ်ဘုရား) တဏှာက ဘာဖြစ်သတုံး.... (အလောဘဖြစ်ပါတယ်)အလောဘ ဆိုတော့ မလိုချင်တာ....(မှန်ပါ့)။

အဲဒီတော့ ဝင်ရိုးကြီး ဘယ်နှယ်နေသတုံး တကာကြွယ်ရ.... (ကျိုးသွားပါတယ်ဘုရား) ဝင်ရိုးကျိုးသွားယင် လှည့်ပေးမည့်လူ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ကဲ....ဒါဖြင့် ဒီကလဲ မစ,တော့ဘူး....(မှန်ပ့ါ) ဒီကလဲ မစ, တော့ဘူး.... (မှန်ပါ့) သဘောကျရဲ့လား .... (ကျပါတယ် ဘုရား)။

ဒီ-သမုဒယသစ္စာကော စ,သေးရဲ့လား.... (မစ,ပါဘုရား) ဒီ သမုဒယသစ္စာ ဒီအစ ကော စ,နိုင်သေးရဲ့လား....(မစ,နိုင်ပါဘုရား) ဘာဖြစ်လို့တုံး....၊ ဒီဝင်ရိုးနှစ်ခုဟာ သူတို့နှစ်ခု လှည့်ပေးနေတာ....(မှန်ပါ့) သူတို့နှစ်ခုက ဒီဝင်ပြီး လှည့်နေတယ်.... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီနေ့ ဘာတရားနာရသတုံး မေးတော့ သြော်....ဒို့သံသရာမှာ အသေနေရာ မရွေးနိုင်အောင်ဖြစ်-သေနေတဲ့ ဝင်ရိုးဖြင့် ပြုတ်ပေပေါ့....(မှန်လှပါဘုရား) ဦးဘအုန်း သဘောကျပလား....(ကျပါပြီဘုရား)။

ဒီနေ့ ဘာတရားဟောသတုံး၊ ဝင်ရိုးကျိုးတဲ့တရားဟောတယ် (မှန်ပါ့)ဘာဝင်ရိုးပါလိမ့်မတုံး....(အာသဝ,ဝင်ရိုးပါ)။

အာသဝ,ဝင်ရိုး....(မှန်ပါ့) တကာကြွယ် နေရာကျပလား.... (ကျပါပြီဘုရား)အင်း....ဘာနဲ့ချိုးကြသတုံး ဆိုတော့ဖြစ်ပျက်မြင်တဲ့ ဝိဇ္ဇာနဲ့ချိုးလိုက်တာယ် .... (မှန်ပါ့) ဖြစ်ပျက်မလိုချင်တဲ့ အလောဘနဲ့ ချိုးလိုက်တယ်....(မှန်ပါ့ဘုရား)။

လောဘ လာလဲ လောဘတဏှာကို အလောဘနဲ့ သတ်တယ်(မှန်ပါ့) မသိတာကို သိတာနဲ့သတ်တယ်....(မှန်ပါ့) တကာကြွယ် ရှင်းပလား....(ရှင်းပါပြီဘုရား) မသိတာကို.... (သိတာနဲ့ သတ်ပါတယ်ဘုရား)လိုချင်တာကို .... (မလိုချင်တာနဲ့ သတ်ပါတယ်ဘုရား)။

မလိုချင်တဲ့ အလောဘနဲ့ သတ်လိုက်တော့ ဖြစ်ပျက်ရှုတဲ့ ပုဂ္ဂိုလ်မျိုးမှာတဲ့ ဒုက္ခသစ္စာကိုလဲ သိသွားတယ်....(မှန်ပါ့) သိတော့ အဝိဇ္ဇာကရှိသေးရဲ့လား.... (မရှိပါဘုရား) ဒုက္ခသစ္စာမှန်း သေသေချာချာသိတော့လဲ လိုချင်သေးရဲ့လား .... (မလိုချင်ပါဘုရား)မလိုချင်တော့ လိုချင်တဲ့ လောဘလဲရှိသေးရဲ့လား (မရှိပါဘုရား)ဒါဖြင့် ဒီနေရာမှာ အဝိဇ္ဇာက ဘာဖြစ်သတုံး.... (ဝိဇ္ဇာဖြစ်ပါတယ်) တဏှာက ဘုံးလာဖြစ်သတုံး....(အလောဘလာဖြစ်ပါတယ်)။

ဒါဖြင့် သူတို့လှည့်မှုဖြစ်မှာ၊ သူတို့က လှည့်မှု- မလှည့်တော့ဘဲ....(မှန်ပါ့)ဒီတရားတွေက နိဗ္ဗာန်ဘဲသွားတယ်....(မှန်ပါ့) ဝိဇ္ဇာကလဲ နိဗ္ဗာန်ဘဲသွားတယ်၊ သဘောကျပလား....(ကျပါပြီဘုရား) အလောဘကလဲ နိဗ္ဗာန်ဘဲပို့တယ်....(မှန်ပါ့)။

အဲဒီလို ပို့လိုက်တဲ့ အခါကျတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာ ဝင်ရိုးကျိုးလို့ သံသရာ မလည်ရတော့ဘူး .... (မှန်ပါ့) အသေမထပ်ရတော့ဘူးဟေ့....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာကြွယ်တို့ ဒီအလုပ်မှုတပါး ကျွပ်တို့မှာ အသေဇာတ်သိမ်းတဲ့နည်း-အအိုဇာတ်သိမ်းတဲ့နည်း-ဆင်းရဲဇာတ်သိမ်းတဲ့နည်း- သမုဒယသိမ်းတဲ့နည်း- ဒုက္ခသိမ်းတဲ့နည်း မရှိပါဘူး....(မရှိပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် တကာကြွယ်တို့ ဦးဘအုန်းတို့ဘာလုပ်ကြမှာတုံးဗျ.... (ဖြစ်ပျက် ရှုရပါမယ်ဘုရား) ဖြစ်ပျက် မြင်အောင် ရှုပါ....၊ သဘောကျပလား....(ကျပါပြီ)။

ဖြစ်ပျက်ဆိုတာ ဘယ်သူ့ အသေတုံး .... (ကိုယ့် အသေပါဘုရား) အဲ....ကိုယ့် အသေ ကိုယ်မြင်အောင်ကြည့်....(မှန်ပါ့) လူဟာ တစိတ်တည်းနဲ့ အသက်ရှင်တာကိုး....(မှန်ပါ့) တစိတ်တည်းနဲ့ အသက်ရှင်နေတော့ ကဲ....စားချင်တဲ့ စိတ်ကလေးနဲ့ တကာကြွယ် စားချင်တဲ့ စိတ်ကလေး ပေါ်လာတယ် .... (မှန်ပါ့ ဘုရား)အဲ... တကာကြွယ်က ဖြစ်ပျက် ရှုလိုက်....(မှန်ပါ့)စားချင်တဲ့ တကာကြွယ် သေတာဘဲ....(မှန်ပါ့)။

သေလိုက်တယ်ဆိုတော့ ဒုက္ခရောက်တယ်ဗျ .... (မှန်ပါ့) ဘာလုပ်သလဲ.... (ဒုက္ခရောက်ပါတယ်) ဒါဖြင့် ကြည့်တဲ့ ဉာဏ်ကလေးက ဘာမြင်သတုံး....(ဒုက္ခရောက်တာ မြင်ပါတယ်) ဒုက္ခသစ္စာ သွားမြင်တယ်....(မှန်ပါ့) ဒုက္ခရောက်တဲ့ ဒုက္ခသစ္စာဘဲ သွားမြင်တယ်....(မှန်ပါ့)။

ဟ....ဒီဒုက္ခမျိုး တကာကြွယ် နောက် ရချင်သေးသလား.... (မရချင်ပါဘုရား) မရချင်တော့ လောဘလာလဲ့ သေသွားတယ် (သေသွားပါတယ်) ရချင်တာက လောဘကိုး....(မှန်ပါ့) မရချင်တော့ဘူးဆိုတော့ အလောဘဖြစ်ဘယ်.... (မှန်ပါ့)။

ဒါဖြင့် ဝင်ရိုး ဘယ် နှယ်တုံး....(ကျိုးသွားပါတယ်ဘုရား) ဝင်ရိုး ကျိုးတယ်ဆိုလို့ ရှိယင် ဘီးများ ဝင်ရိုးကျိုးတယ်ဆိုလို့ ရှိယင် သွားလို့ ဖြစ်သေးရဲ့လား....(မဖြစ်ပါဘုရား)။

အဲ....သံသရာ သွားလို့ လှည့်လည်လို့ မဖြစ်တော့ဘူး.... (မှန်ပါ့) ဦးဘအုန်း သံသရာလှည့်လို့ .... (မဖြစ်ပါဘုရား) အဝိဇ္ဇာနဲ့ တဏှာဆိုတဲ့ ဝင်ရိုးက တခါတည်း ဝိဇ္ဇာဖြစ်သွားပြီ (မှန်လှပါဘုရား) အလောဘ ဖြစ်သွားပြီ....(မှန်ပါ့) အဲဒီတော့ ဝင်ရိုးကြီး ကျိုးသွားပြီ....(ကျိုးပါပြီဘုရား)။

အဲ....လှည့်ပေးမည့်သူ ရှိသေးရဲ့လား .... (မရှိပါဘုရား) ဒါဖြင့် သံသရာ့ ခရီးသည်တွေမှာ ဟိုရောက်-ဒီရောက်နဲ့ အသေ လှည့်ရသေးသလား....(မလှည့်ရပါဘုရား)။

အင်း .... အထက်ဗြဟ္မာပြည် ဖြစ်လိုက်-သေလိုက် မရောက် တော့ပါဘူး....(မရောက်တော့ပါဘုရား) အောက်လူ့ပြည် ဖြစ် လိုက်-သေလိုက်ကော....(မရောက်တော့ပါဘုရား) ဘေးနတ် ပြည် ဖြစ်လိုက်-သေလိုက်ကော....(မရောက်တော့ပါဘုရား)။

မရောက်တော့ပါဘူး၊ လှည့်ပေးမည့်သူကုန်ပြီ.... (မှန်ပါ့) အရင်တော့ သူလှည့်လို့ ကျုပ်တို့မှာ သေတဲ့နေရာတွေဟာ မမြဲ ဘူး....(မှန်ပါ့)ဟို- သွားသေလိုက်ရ၊ ဒီ-သွားသေလိုက်ရ၊ လေး ဘက် လှည့်သေနေရတာဘဲ....(မှန်ပါ့)။

တကာကြွယ် ဘယ်.နှယ်တုံး....(လေးဘက်လှည့်ပြီး သေရပါ တယ်ဘုရား)ဟ....ဘယ်သူကလှည့်ပေးနေလို.ပါလိမ့်.... (အဝိဇ္ဇာ နဲ့ တဏှာက လှည့်ပေးပါတယ်) ဟာ....သူက ဝင်ရိုးလား....(မူန် ပါ.ဘုရား)ရှင်းကြပြီနော်....(ရှင်းပါပြီဘုရား)။

အင်း....ဘယ်သူ လှည့်ပေးနေတာတုံး....(အာသဝ လှည့်ပေး နေတာပါဘုရား)ဒါဖြင့် အသေမမြဲတာလဲ ဘယ်သူတုံး.... (အာ သဝ ဝင်ရိုးပါဘုရား) အနေ မမြဲတာလဲ .... (အာသဝ ဝင်ရိုးပါ ဘုရား)ရှင်းပြီ....(ရှင်းပါပြီ) အနေမမြဲတာလဲ အာသဝ ဝင်ရိုး၏ လှည့်မှု....(မူနံပါ.ဘုရား) အသေမမြဲတာလဲ.... (အာသဝ ဝင်ရိုး ၏ လှည့်မှုပါဘုရား)။

ဩော်....ဝင်ရိုး ကျိုးသွားတော့ ဦးဘအုန်းရေ- စိတ်ချရပေ ပေါ့....(မှန်ပါ.ဘုရား)ဒီတုခါတော့ ဘယ်နေရာမှ မရှေ.ရတော့ ဘူးဆိုတဲ့ နိဗ္ဗာန်ရောက်တယ်.... (မှန်ပါ.ဘုရား) ဘယ်နေရာမှ မရှေ.ရတဲ့....(နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

အင်း....ဘာ့ကြောင့်ပါလိမ့်.... (အာသဝ ဝင်ရိုး ကျိုးလို.ပါ ဘုရား) အာသဝ ဝင်ရိုး ကျိုးလို.ဆိုတာ သေချာကြပလား.... (သေချာပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ယနေ့ ဘာ တရား နာရသတုံး မေးယင် ဘယ်.နှယ် ပြောမတုံး .... (ဝင်ရိုး ကျိုးတဲ့တရားပါဘုရား) ဝင်ရိုးကျိုးတဲ့တရား နာရတယ်၊သဘော ကျပလား....(ကျပါတယ်ဘုရား)။

နို.... ဒီဝင်ရိုးကျိုးတော့ ဒီ ဒေါက်တွေကော တကာတကာမ တို့ ဘာအသုံးကျသတုံး .... (မကျတော့ပါ ဘုရား) ဒီ ဒေါက်

တွေကော....(မကျပါဘုရား)ဒီ ဒေါက်တွေကော... (မကျပါဘုရား) ဒေါက်လေးထောက် အကုန်ဘာမှ အသုံး မကျ တော့ဘူး....(မကျပါဘုရား)သဘောကျပဲလား....(ကျပါပြီ)။

ဒီအကွပ်ကြီးဟာကော ဘာအသုံးကျသေးတုံး .... (မကျပါဘုရား)ဒီဝင်္ဂတွေလဲ အကုန်ကျတ်သွားတယ်....(မှန်ပါ့) ဝင်ရိုးလေ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)ဘာ လိုရင်းပါလိမ့်.... (ဝင်ရိုးပါဘုရား)။

ဒါ့ကြောင့် ဝင်ရိုးကျိုးလို့ရှိယင် လှည်းများ ဒီဒေါက်တွေလဲ အလကား၊ ဒီဒေါက်လဲ အလကားဘဲ၊ ဒေါက်လေးဒေါက် အလကားဖြစ်သွားတယ်... (မှန်ပါ့)။

ဒေါက်လေးထောက် အုပ်ချုပ်ထားတဲ့ ဒီက သံပတ်ခွေကြီး ဟာတော....(အလကားပါဘဲဘုရား)အလကားဘဲ။

ဒါ့ကြောင့် ခင်ဗျားတို့ ဘုန်းကြီးပြောတဲ့ အတိုင်း· ဘုရား ဟောတဲ့အတိုင်းသာ ဝင်ရိုးကျိုးတဲ့နည်းကို လုပ်ကြမယ်ဆိုလို့ရှိယင်ဖြင့် က-အသေလဲ မရှိစတော့ပါဘူး၊ အဓနဆင်းရဲ .... (မရှိစတော့ပါဘုရား)အသေဆင်းရဲ ....(မရှိစတော့ပါဘုရား) မသာကပရိဒေဝ-အပူဆင်းရဲ .... (မရှိတော့ပါဘုရား) ဘာဖြစ်လို့မရှိပါလိမ့်မတုံး .... (ဝင်ရိုးကျိုးလို့ပါဘုရား) လှည့်ခပေးမည့် အာသဝကျိုးသွားတယ်....(မှန်ပါ့)။

ဦးဘအုန်း ဘယ်သူကျိုးသတုံး ... (လှည့်ပေးမည့် အာသဝကျိုးပါတယ်ဘုရား) အာသဝ- ဝင်ရိုးကျိုးတယ် ဆိုကတည်းက တကာ တကာမတို့ ပူစရာရှိသေးသလား....(မရှိပါဘုရား)။

သြော်....ဒါကြောင့် ဝိဇ္ဇာ ဥဒပါဒိ-တဲ့.... (မှန်ပါ့) ဝိဇ္ဇာ= ဝိဇ္ဇာသည်၊ ဥဒပါဒိ=ဖြစ်ပေါ်လာ၏....(မှန်ပါ့ဘုရား)အဇ္ဇတ္တ ဇာတော ဥဒပါဒိ၊ အင်း-ရှေးက မှောင်ထဲမှေး- မှောင်ထဲသေဟာ အခုမှဘဲ အလင်းရပေတော့တယ် .... (မှန်လှပါဘုရား) ဉာဏ် ဥဒပါဒိ- အခုမှဘဲ အသေလှတ်တဲ့နေရာ မြင်ရပေတော့တယ်.... (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့်....တကာ တကာမတို့မှာ ဖြစ်ပျက်ရှုမှုမှတပါး-တကာ ကြွယ် အားထားစရာမရှိဘူး .... (မရှိပါဘုရား) ဖြစ်ပျက်ရှုတော့ ဘာကျေးဇူးရှိသတုံးဆိုတာ ယခုပေါ်လာတယ်.... (ပေါ်လာပါတယ်)အာသဝ ဝင်ရိုးကျိုးတယ်ဘုရာ့....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်....(အာသဝ ဝင်ရိုးကျိုးပါတယ်) ဘာရှုလိုက်လို့လဲ.... (ဖြစ်ပျက်ရှုလိုက်လို့ပါ) ဖြစ်ပျက်ဟာ ဘာသစ္စာ...(ဒုက္ခသစ္စာပါဘုရား) အဲ....ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း သိတာက ဝိဇ္ဇာ....(မှန်ပါ့) ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း သိလို့ မိမိ အသေမှန်း သိလို့ မလိုချင်တာက အလောဘ...(မှန်ပါ့ဘုရား)ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာချုပ်တယ် .... (မှန်ပါ့ဘုရား) ဝိဇ္ဇာနဲ့ အလောဘဆောက်လာတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဝိဇ္ဇာနဲ့ .... (အလောဘဆောက်လာပါတယ်) ဒါဖြင့် ဝင်ရိုးကျိုးတဲ့ဘီးသည် ဘယ်မှမလိမ့်ဘူးပါဘူး....(မှန်ပါ့) ဦးဘအုန်း ဘယ်လိုတုံး....(ဘယ်မှမလိမ့်ပါဘုရား)။

ဘယ်မှ မလိမ့်ဘူးဆိုကတည်းက နိစ္စနိဗ္ဗာန် ဓုဝနိဗ္ဗာန်ဆိုဘဲ

အမြဲတမ်းရသွားပြီ....(ရသွားပါပြီ) ဘယ်မှ မရှေ့ရတော့ဘူး.... (မှန်ပါ့)။

အခုတော့ တကာ တကာမတွေ ဒီနေရာ နေဦးမယ် ဆိုရင် ခင်ဗျားတို့ ရှေ့ကြရော့ .... (မှန်ပါ့) ဟိုနေရာလဲ့ ဒီနေရာဆိုလဲ့ အချိုးမကျဘူး စစ်တွေကျနေတယ်ဆိုယင်ကော.... (ရှေ့ရမှာပါဘုရား) ဟာ့ခင်ဗျားတို့ရှေ့ကြပါဦးဆိုယင်ကော.... (ရှေ့ရမှာပါဘုရား)။

ဦးဘအုန်း ခင်ဗျားတို့ဖနရာ မြဲရဲ့လား.... (မမြဲပါဘုရား) အနေမှမမြဲယင် အသေကော....(မမြဲပါဘုရား)။

အသေလဲ ဘယ်နေရာရယ်လို့ ရေထဲသေရမလားဘုရာ့-ကုန်းပေါ် သေရမလားဘုရာ့ မပြောတတ်သေးဘူးဘုရာ့ .... (မှန်လှပါဘုရား)။

ဒါဖြင့်-အနေမမြဲ အသေမမြဲဆိုတာဒီဝင်ရိုးဘဲကိုး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အခုတော့ ဒီဝင်ရိုးကျိုးသွားတဲ့အလုပ်ကို ခင်ဗျားတို့က လုပ်ကြတယ်ဆိုယင် အနေကော .... (မြဲပါတယ်ဘုရား) မြဲသွားပြီ အသေကောရှိသေးရဲ့လား....(မရှိတော့ပါဘုရား)။

ဒါဖြင့် အနေမြဲ အသေမရှိအောင် တကာ တကာမတို့ ဝင်ရိုးကျိုးအောင်လုပ် .... (မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)ဦးဘအုန်း ဘာလုပ်မယ် .... (ဝင်ရိုးကျိုးအောင် လုပ်ပါမယ်ဘုရား)။

အဲ....ဝေဒနာကြိုက်ယင် ဝေဒနာဖြစ်ပျက်ရှု.... (မှန်ပါ့) စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်ဖြင့်.... (စိတ်ကိုဖြစ်ပျက်ရှုရပါ့မယ်ဘုရား)။

အဲ....ရှုနေတဲ့ ဉာဏ်သည် ဝင်ရိုးကျိုးမအောင်လုပ်နေတာဘဲ.... (မှန်ပါ့ဘုရား) ရှုနေတဲ့ဉာဏ်သည် .... (ဝင်ရိုးကျိုးအောင်လုပ်တာပါ)ပေါ့ပလား....(ပေါ့ပါပြီဘုရား)။

ကဲ....နားရီစေ.ပြီ....တော်ကြစို့။

သာဓု.... သာဓု....သာဓု

အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော် မူသော

ကျေးဇူးတော်ရှင် , အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား - အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော
အာဒီးကိုးရာ အစစ်ရှာကြပါ

ပဋိစ္စသမုပ္ပါဒ်တရားတော် (၂၁)

(၁၃-၁၂-၆၁)

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘုန်းကြီး တို့ တကာ တကာမတွေ အာဒီးကိုးရာ ရှိကြပါဆိုတဲ့ ဥစ္စာကို အထူး သဖြင့်ဘဲ သူမျာတယ်နော်....(မွန်ပါဘုရား) အာဒီးကိုးရာရှိကြပါ စေ-အာဒီးကိုးရာမရှိလို့ နိုယင် မဖြစ်ဘူး....(မွန်ပါ)။

လေးကို ဥပမာ ဘုန်းကြီးတို့ကဖြည့်စွက်ပြီးပြောရလို့ ရှိယင် တကာ တကာမတို့ သိတဲ့အတိုင်းတဲ့- မွေးလာတယ် ဆိုယင်ဘဲ ကိုယ့် အိမ်ကလေး အာဒီးကိုးရာရှိတော့ မိုးလုံတဲ့ နေရာကလေး ပြေးရကြတယ်.... (မွန်ပါ) အာဒီးကိုးရာရှိတဲ့ ပုဂ္ဂိုလ် ကျတော့ ခိုကိုးရာရဲတယ်....(ရပါတယ်ဘုရား)။

နေပူတယ် ဆိုလို့ ရှိယင်လဲ ထို့ အတူဘဲတဲ့ တကာ တကာမ တွေသိတဲ့အတိုင်း ထီးကလေးပါသွား၊ ထီးခိုဘို့ရာ ရတယ်....(မွန် ပါ)ဒီ့ ပြင်ဝင်နားမယ်ဆိုလို့ ရှိယင် အိမ်ထဲ ဝင်နားနေလိုက်ယင် ခိုကိုးရာရတယ်....(မွန်ပါ)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ခိုကိုးရာ အားထားရာ တို့တော့ဖြင့် မင်းတို့ အသိဉာဏ်ရှိတဲ့ဘဝ အရ ယူထားပါ ဆိုတာကိုလဲ....(မှန်ပါ့ဘုရား) သို့သော်.... ဒီ ခိုကိုးရာ ဆိုတာကလဲ အဟုတ်စိတ်ချရတဲ့ ခိုကိုးရာ, ခေတ္တယာယီမျှစိတ်ချ ရတဲ့ ခိုကိုးရာရယ်လို့ ခိုကိုးရာ နှစ်မျိုးရှိဘယ် .... (မှန်လှပါ ဘုရား)။

အဲဒီတော့ ဒီ တကာ့ကာမတွေဟာ ဒါနကလေး လုပ်ပြီး သကာလ နတ်ပြည်သွားပြီး ခိုကိုးလိုက်တယ်.... (မှန်ပါ့) ခေတ္တ တော့ ခိုကိုးရပါရဲ့ ဒီဥမပြုတ်ယင်အပါယ်ပြန်ကျတယ်....(မှန်လှ ပါဘုရား)။

ဟာ-သီလကလေး ဆောက်တည်လိုက်တာဘဲ၊ ဒါကလေးခို ကိုးရာဘဲ၊ နောက်ဘဝ ကောင်းစားရာ ခိုကိုးရာဘဲလို့ ခိုကိုးရာ အလုပ်-လုပ်လိုက်ပြန်တော့လဲ ဒီဥကမပြုတ်ပြန်တော့လဲ တကာ ကြွယ် ပြန်ပြီး အပါယ်လေးပါး ရောက်ပြန်တယ် .... (မှန်ပါ့ ဘုရား)။

အဲဒီတော့ ဒီဟာတွေက ယာယီ ခိုကိုးရာလို့ မှတ်ပါ.... (မှန် ပါ့)ရှင်းပလား....(ရှင်းပါပြီ) ဘယ်လိုခိုကိုးရာပါလိမ့်....(ယာယီ ခိုကိုးရာပါဘုရား)။

ယာယီ ခိုကိုးရာလောက်နဲ့ တော့ဖြင့် တင်းတိမ်ပြီးမနေကြ ပါနဲ့....(မှန်ပါ့ဘုရား)အမြဲအစဲ့ ဘယ်ဟာမျိုးမဆိုမလှုပ်ရှားနိုင် မထိခိုက်နိုင် မတွန်းလှန်နိုင်တဲ့ မပျက်စီးနိုင်တဲ့ ခိုကိုးရာကို အသိ ဉာဏ်ရှိတဲ့ဘဝ ရှာထားပါဆိုတဲ့ ဥစ္စာကို တိုက်တွန်းရတယ် .... (မှန်လှပါ)။

ဒါဖြင့် ခိုကိုးရာတွေ့ အမျိုးမျိုး အဖုံဖုံ ရှိကြ ငြားသော်လဲ ယာဃ်ခံ ခိုကိုးရာတမျိုး....(မှန်ပါ့) အမြဲတမ်း ခိုကိုးရာတမျိုး.... (မှန်လှပါဘုရား) ဘယ်နှစ်မျိုးရှိသွားပလဲ....(နှစ်မျိုးပါဘုရား) နှစ်မျိုးရှိပြီးသကာလ နေတော့ နတ်ပြည်, ဗြဟ္မာပြည်သွားပြီး ခိုကိုးလို့ကမယ်လို့ ဆိုပြန်လို့ရှိယင် အိုဘေး,နာဘေး, သေဘေး, ကျတော့ မတတ်နိုင်ဘူး....(မတတ်နိုင်ပါဘုရား)။

ထိုကဲ့သို့ မတတ်နိုင်တော့ ယာယီဘဲ သက်သာခွင့် ရပြီး မောင်ဘသော်တို့ တော်တော်ကြာကျလို့ရှိယင်ဖြင့် စိတ်မချရတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) ဘယ်နှယ်ကြောင့်ပါလိမ့်မတုံးမေးတော့ ယာယီ ခိုကိုးရာမို့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း....လူ့ပြည်လာပြီးသကာလ လူချမ်းသာရယ်လို့ ဆိုပြီး သူများပြောထားတဲ့အတိုင်း ယုံပြီးသကာလ တကာကြွယ်တို့ ခိုကိုးတော့ ကိုယ်ကိုယ်တိုင် ခိုကိုးကြတော့ အိုဘေး,နာဘေး သင့်နေပြီ....(သင့်ပါတယ်ဘုရား) ဖယင့်ဘူးလား.... (သင့်ပါတယ်ဘုရား) မရောက်ခင်တုန်းကတော့ လူ့ပြည်ဟာ ခိုကိုးရာအစစ်ဘဲဆိုပြီးသကာလ ခိုကိုးကြည့်လိုက်တာဘဲ....(မှန်ပါ့) သေသေချာချာကြည့်လိုက်ပြန်တော့လဲ ကိုယ်ကိုယ်တိုင် အိုဘေး,နာဘေး,သေဘေး သင့်နေတယ်....(သင့်ပါတယ်ဘုရား) မသင့်ဘူးလား....(သင့်ပါတယ်ဘုရား)။

အဲဒါ ဒီဟာတွေ့ သေသေချာချာတွေးတော့ အို....ခိုကိုးရာအစစ်ဆိုတာလဲ ရှေးဦးမှု ချယ်ဦးမှု တော်တော့မှယ်ဆိုတဲ့ ဥစ္စာ ဒီနေ့ စိတ်မွေးရလိမ့်မယ်....(မှန်လှပါဘုရား) မမွေးသင့်ဘူးလား....(မွေးသင့်ပါတယ်)။

ကိုင်း....ဒါဖြင့် ဘယ်သူဖျက်လို့မှမပျက်,ဘုယ်မရဏစွတ္ဆမှလဲ မကြောက်ရ, ဘယ် ကိုးဆယ် ခြောက်ပါးတွေမှလဲ မမြေနှောက် နိုင်တဲ့ နိဗ္ဗာန်ဆိုတဲ့ဥစ္စာဖြင့် တခါခိုကိုးမိမယ်ဆိုယင်ဖြင့် တကာ ကြွယ်-ရေ.... ဘယ်သူမှ လှုပ်ချောက်ခြားလို့ မရဘူး.... (မရပါဘူးရှင်း)။

အဲဒီတော့ ဒီခိုကိုးရာရောက်မှဘဲ ကျုပ်ဘို့-စိတ်ချ,လက်ချနေလို့ရမယ်....(မှန်ပါ့ဘုရား)ဒီခိုကိုးရာ မရောက်သ၍ ကာလပတ်လုံး ဖြစ်ခဲ့လို့ရှိယင် နတ်ပြည်ကျပြန်တော့လဲ အိုဘေး,နာဘေးက ရှိ....(ရှိပါတယ်ဘုရား) လူ့ပြည်ကျပြန်တော့လဲ.... (အိုဘေး,နာဘေးရှိပါတယ်ဘုရား) ငြဟ္မာပြည် ခိုကိုးလိုက်မယ် ဆိုပြန်တော့လဲ....(အိုဘေး,နာဘေး ရှိပါတယ်ဘုရား)။

သြော်.... ဒါဖြင့် ယာယီခိုကိုးရာတွေပါကလားဆိုတာ ဆုံးဖြတ်ချက်ချ....(မှန်လှပါဘုရား) ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (ယာယီခိုကိုးရာတွေပါဘုရား) ယာယီခိုကိုးရာတွေကျတော့ အလကားပါဘဲကွာ....၊ ယနေ့ကစပြီး ယာယီခိုကိုးရာကတော့ အလကားပါတဲ့ဟော့....(မှန်ပါ့)အမြဲတမ်းခိုကိုးရာမှဘဲ စိတ်ချရမှာဘဲဟော့....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ) ဘာ ရှာဘို့ အချိန်ရောက်ပလဲ....(အမြဲတမ်း ခိုကိုးရာရှာဘို့ အချိန်ရောက်ပါပြီဘုရား)။

အဲဒါ-ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ၊ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ-တဲ့"ဓမ္မတဲ့အားကိုးကြဟော့တဲ့....(မှန်ပါ့) ဓမ္မဘဲ အားကိုးကြဆိုတာ နိဗ္ဗာန်ဓမ္မဘဲ အားကိုးက....(မှန်ပါ့)။

နိဗ္ဗာန်ဓမ္မသည်သာလျှင် တကာ့တကာမတို့ ဓြ-ပါး နဲ့လဲ သူမဆက်သွယ်ဘူး.... (မှန်ပါ့ဘုရား) အိုဘေး,နာဘေး,သေဘေး နဲ့လဲ....(မဆက်သွယ်ပါဘုရား) မင်းဘေး,စိုးဘေး,သူခိုးဘေးနဲ့ လဲ....(မဆက်သွယ်ပါဘုရား)။

ဩသြဝ်....ဒါဖြင့်.....အဲဒီ ဓမ္မဟဲ့ ကျုပ်တို့ အားကိုးမှသာလျှင် ဦးဘအုန်းရေ-အခြေခိုင်တော့မယ်.... (မှန်ပါ့ဘုရား) ဒီ ဖြင်ဟာ အားကိုးလိုက်လို့ ရှိယင်ဖြင့် အခြေမခိုင်ဘူး.... (မှန်ပါ့) အခြေမခိုင်တော့ နှစ်ကြာလေ ကြောက်စရာ ကောင်းလေ.... (မှန်ပါ့ဘုရား) နှစ်ကြာလို့ ရှိယင်တော့.... ဆွေးတော့မှာဘဲ ပျက်တော့မှာဘဲ ပျော့က်တော့မှာဘဲဆိုတဲ့ဥစ္စာ လာပါတယ်.... (မှန်ပါ့)။

အဲဒါကြောင့် အခြေခိုင်တာကိုဖြင့်.... တကာတကာမတွေ့ အားကိုးရာ ရှိကြပါစေဆိုပြီး သံယုတ်ပါဠိတော်မှာ "အတ္တာဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ...." တရားဘဲ အားကိုးကြ၊ တရားဘဲ ပုန်းအောင်းကြဟေ့....၊ ဒီ ဖြင်ဟာတွေက ယာယီတွေ့ ဟလို့ အင်မတန် ဆုံးမတော်မူတယ်....(မှန်လှပါဘုရား)။

ဒါ့ကြောင့်....ဘုန်းကြီးတို့ တကာတကာမတွေ့ ဓမ္မဟဲ့ အား ကိုးရမယ်.... (မှန်ပါ့) ဘယ်ဓမ္မတုံး....လို့ မေးတဲ့အခါကျတော့ ဓမ္မတွေကလဲ အပါယ်သွားတဲ့ ဓမ္မကလဲ ရှိသေးတယ်.... (မှန်ပါ့) သုဂတိ ဖြဟ္မဉ့်ပြည် သွားတဲ့ ဓမ္မတွေလဲ ရှိသေးတယ်....(ရှိပါတယ် ဘုရား)။

အဲဒီတော့ ဒီ ဓမ္မတွေလဲ အသာထားပြီးသကာလ စိတ်မချရ တဲ့ ဓမ္မတွေဘဲ ဆိုပြီးသကာလ မဂ္ဂင်ရှစ်ပါး ဓမ္မတရားကိုသာလျှင်

မလှုပ်နိုင်တဲ့ နိဗ္ဗာန်- မပြုတ်နိုင်တဲ့ နိဗ္ဗာန်-မပျက်စီးနိုင်တဲ့ နိဗ္ဗာန် ရောက်အောင် ပို့နိုင်တဲ့တရားဖြစ်လေသောကြောင့် ယခုအချိန်မှာ ဒီ ဓမ္မဘဲ ကိုယ့်ဝမ်းထဲမှာ ထားပြီး ကိုးစားရမယ်ဆိုတာ.... သတိပေးလိုက်ပါတယ်... (မှန်ပါဘုရား)။

ကိုယ့်ဝမ်းထဲမှာထားပြီး ဒီဓမ္မဘဲ အားကိုးကြပါဆိုတာ.... သတိပေးရတယ်....(မှန်ပါဘုရား) ဒီပြင် ဓမ္မတွေကတော့ဖြင့်.... အထိမခံ ရှေပုဂံတွေလို့ မှတ်လိုက်စမ်းပါ....(မှန်လှပါဘုရား)။

ဦးဘအုန်း ကျေနပ်ပြီ.... (ကျေနပ်ပါပြီဘုရား) ဘယ်ဓမ္မ အားကိုးကြမယ် (နိဗ္ဗာန်ပို့မည့် ဓမ္မအားကိုးကြရပါမယ်ဘုရား) အားကိုးလို့ရှိယင် မခိုင်-မမြဲသလို တကာတကာမတို့ သစ်ပင် တက်တဲ့ ပုဂ္ဂိုလ်လိုပေါ့နော်... (မှန်ပါ) သစ်ကိုင်းချောက် သွားပြီး အားကိုးလောက်တယ်ဆိုပြီး ခဲလိုက်မယ်ဆိုယင် သူက ကျိုးတာနဲ့ ကိုယ်ပါကျိုးရတယ်-(မှန်လှပါဘုရား) သူပျက်စီးတာနဲ့ ကိုယ်ပါ ပျက်စီးရတယ်... (မှန်ပါဘုရား)။

အဲဒီတော့ နတ်ပြည်ဗြဟ္မာပြည်ဇတ္တဟာ သစ်ကိုင်းခြောက်နဲ့ တူတယ်ကွ....(မှန်လှပါဘုရား) တကယ် အားကိုးလို့မရဘူးကွ.... တော်တော်ကြာကျလို့ရှိယင် ပြုတ်ကျတာဘဲဆိုတော့.... တကာ ကြွယ်ရေ.... နိဗ္ဗာန်ဓမ္မဘဲ အားကိုးရမယ်.... (မှန်လှပါဘုရား)။

နိဗ္ဗာန်ဓမ္မသည့် ဘယ်လိုမှ ကျိုးတယ်, ပေါက်တယ်, ပျက်တယ် မဟုတ်ပါဘူး....(မှန်ပါ) သို့သော်-သူ့ကိုလဲ အားကိုးကြပါ ဆိုခြားသော်လဲ.... သူ့ပို့တဲ့တရားကို ရှေးဦးစွာ အားကိုးရမယ်....(မှန်လှပါဘုရား)သူပို့တဲ့တရားက မဂ္ဂင်ရှစ်ပါး.... (မှန်လှပါဘုရား)။

တကာတကာမတို့.... အားကိုးရာအစစ် ပို့နိုင်တဲ့ တရားက ဘယ်သူပါလိမ့်....(မဂ္ဂင်ရှစ်ပါးပါဘုရား) ကဲ....ဒါဖြင့် အဲဒီ ဓမ္မကို စ,ပြီး အားကိုးကြ.....(မှန်လှပါဘုရား)။

ဒီဓမ္မ စ,ပြီး အားကိုးလိုက်ပြီဆိုမှဖြင့် တကာကြွယ်တို့, ဦးလှဘူးတို့ ရောက်အောင် ပို့လိုက်တယ်....(မှန်ပါ့)ဒါကြောင့် မဂ္ဂင်ရှစ်ပါး ဓမ္မတရားကိုဖြင့် တကာတကာမတို့ အမြဲတမ်း အားကိုးကြပါ။သူသာလျှင် ခုနဲင်က မကျိုး,မပျက်တဲ့ နေရာအရောက် ပို့နိုင်တဲ့တရား ဖြစ်လေသောကြောင့် သူ့ကိုဘဲ ကျွပ်တို့ ဓမ္မဒီပါ ဓမ္မသရဏာဆိုတဲ့အတိုင်း ဒီဓမ္မဘဲ ကျွန်ကြီးသဖွယ် အောက်မေ့ရမယ်....(မှန်ပါ့) ဒီဓမ္မဘဲ ကိုးကွယ်ရာလုပ်ရမယ်....(မှန်ပါ့) ရှင်းပါပြီ.... (ရှင်းပါပြီဘုရား) ဒါဖြင့်- မဂ္ဂင်ဓမ္မ အားကိုးကြ.... (မှန်ပါ့)။

တကာတကာမတို့ ဘာ အားကိုးကြမယ်.... (မဂ္ဂင်ဓမ္မ အားကိုးကြရပါမယ်ဘုရား)မဂ္ဂင်ဓမ္မဘဲ ဦးဘအုန်းခရ.... အားကိုးမှဘဲ (မှန်ပါ့) မဂ္ဂင်ဖေါင်ကြီး မဂ္ဂင် ရုထားရယ်လို့ ဘုရားက အမျိုးမျိုး ဟောတယ်... (မှန်လှပါဘုရား)။

အဲ.... အမျိုးမျိုး ဟောပြီးသကာလခနတော့ သြော်.... သူသည် မပြို မပျက်နိုင်တဲ့နေရာ ပို့တဲ့တရားပါလားဆိုတဲ့ ဥစ္စာဖြင့် မောင်ဘသော်တို့ သေချာပါပြီ.... (သေချာပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် မဂ္ဂင်ဓမ္မလဲ ဘယ်လိုလုပ်မှ တပည့်တော်တို့ ရမှာပါလဲလို့ မေးတဲ့အခါကျတော့ မဂ္ဂင်ဓမ္မဟာလဲ ဦးဘအုန်း အလိုလို ပေါ်လာတဲ့ ဓမ္မမဟုတ်ဘူး....(မှန်လှပါဘုရား)။

အလိုလို ပေါ်လာတဲ့ ဓမ္မမဟုတ်ပါဘူး တစ်ခုခုယောင်ရယ် အားထုတ်ယူရတဲ့ ဓမ္မပါ....(မှန်သ့ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

မဂ္ဂင်ဓမ္မဟာလဲ အလိုလို ပေါ်လာတာလား....အားထုတ် ယူရိမ္မာလား.... (အားထုတ်ယူရမှာပါဘုရား) အားထုတ်ယူရမှာဆိုတာ ရှင်းရှင်းလင်းလင်း မှတ်ထားပါ....(မှန်လ့ပါ)။

အဲဒီတော့ ဒီမဂ္ဂင်ဓမ္မကလဲ ဘယ်လို အားထုတ်ရမှာတုံး—လို့မေးတော့မှ ဟာ....(မဂ္ဂင်ဓမ္မဆိုတာ သတိပဋ္ဌာန် အလုပ်- လုပ်လို့ရှိယင်ဖြင့် မဂ္ဂင်ဓမ္မ ပေါ်လာတာဘဲ.... (မှန်ပါ့ဆုရား)။

သတိပဋ္ဌာန် အလုပ်-လုပ်လို့ရှိယင်.... (မဂ္ဂင်ဓမ္မ ပေါ်လာပါတယ်ဘုရား) မဂ္ဂင်ဓမ္မ ပေါ်လာတာဘဲလို့ဆိုတာ သေသေချာချာ မှတ်ပါ....(မှန်ပါ့ဘုရား)။

သတိပဋ္ဌာန် အလုပ်-လုပ်လို့ရှိယင်.... (မဂ္ဂင်ဓမ္မ ပေါ်လာပါတယ်ဘုရား) မဂ္ဂင်ဓမ္မ ပေါ်လာတယ်ဆိုတာ သေသေချာချာ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

အဲဒီတော့ မဂ္ဂင်ဓမ္မသည်ကားလို့ ဆိုယင်ဖြင့် နိဗ္ဗာန်လဲ ပို့တယ်၊ ရန်သူတွေလဲ သတ်တယ်....(မှန်လ့ပါဘုရား) နိဗ္ဗာန်ကိုလဲ (ပို့ပါတယ်ဘုရား) ရန်သူတွေလဲ....(သတ်ပါတယ်ဘုရား)။

ဩော်.... ဒါဖြင့် ရန်သူနိုင်တာလဲ သူဘဲ.... (မှန်ပါ့ဘုရား) မကျိုး,မပျက်တဲ့ဆီ ပို့တာလဲ.... (သူပါဘဲဘုရား) ကိုယ်လသာ ရန်သူတွေ သတ်တာလဲ..... (သူပါဘဲဘုရား) မကျိုး, မပျက် မပျောက်, မကြားတဲ့ နိဗ္ဗာန်ပို့တာလဲ....(သူပါဘဲဘုရား)။

သြော်.... ဒါဖြင့် တကာတကာမတို့ ကိုးစားရာ အစစ်ဟာ ဖြင့် ဦးဘအုန်း တွေ့ပြီဗျာ.... (တွေ့ပါပြီဘုရား) အဲဒီတော့.... ဒီတရားဘဲ ကျုပ်တို့ တွေ့ပြီးသကာလနေတော့ ဒါကလေး ကိုယ် ပိုင်ရဘို့ အလုပ်ဟာ ကျုပ်တို့ အရေးကြီးတယ်....(မှန်ပါဘုရား) ဒါကလေး ကိုယ်ပိုင်ရဘို့ အလုပ်ဟာ အလွန် အရေးကြီးတယ်ဆိုတာ တကာတကာမတွေ ရှင်းရှင်းလင်းလင်း မှတ်ပါ.... (မှန်ပါဘုရား)။

အလွန် အရေးကြီးပါတယ်နော်....(မှန်ပါ) ဘယ်လို အရေးကြီးသလဲလို့ မေးတဲ့အခါကျတော့ မဂ္ဂင်မှမဆိုတဲ့ဥစ္စာ တကာတကာမတို့.... ၂-နံပါတ်က ရုပ်နမ်ဓမ္မတွေ ရှိပါတယ်ဆိုတဲ့ ဥစ္စာ ပဋိစ္စသမုပ္ပါဒ်မှာ တကာတကာမတွေ မြင်ပါပြီ.... (မြင်ပါပြီဘုရား) ၂-နံပါတ်မှာသဲ ရှိတဲ့ ရုပ်နာမ်ဓမ္မတွေ မတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား)။

အဲဒီ ၂-နံပါတ်ရှိဘဲ့ ရုပ်နာမ်ဓမ္မတွေကိုဘဲ့ ကြည့်တတ်ယင် မဂ္ဂင်ဓမ္မ ပေါ်လာတာပဲယ်.... (မှန်ပါဘုရား) အရိယာမျက်လုံး တပ်ပြီး ကြည့်လိုက်လို့ ရှိယင်....(မဂ္ဂင်ဓမ္မပေါ်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် မဂ္ဂင်ဓမ္မဆိုတာလဲ သူတော်ကောင်းမျက်လုံး အရိယာတို့၏ မျက်လုံး။ ဒီမျက်လုံးနဲ့ ကြည့်မှဘဲ မဂ္ဂင်ဓမ္မကလဲ ပေါ်တယ်....(မှန်ပါဘုရား)။

မဂ္ဂင်ဓမ္မက အလိုလို ပေါ်လာတာလား....၊ သူတော်ကောင်း မျက်လုံး၊ အရိယာမျက်လုံး တပ်ကြည့်မှ ပေါ်တာလား.... (သူတော်ကောင်း မျက်လုံး၊ အရိယာမျက်လုံး တပ်ကြည့်မှ ပေါ်တာပါဘုရား)။

အဲဒါကြောင့် အခုတရားနာကြတဲ့ တကာတကာမတို့ ဘယ် အကျိုးဋ္ဌာ နာကြတာတုံးဆိုလို့ ရှယင်ဖြင့် မဂ္ဂင်ဓမ္မပေါ်အောင် လို့ နာကြတာဘဲ....(မှန်ပါဘုရား) ပဌားများကြတာလဲ မဂ္ဂင်ဓမ္မ ပေါ်အောင်လို့ ပဌားများကြတာပါဘဲ.... (မှန်ပါ)။

သို့သော်....ဆရာဘုန်းကြီးက သူတော်ကောင်းမျက်လုံး တပ် ပေးလိုက်ချင်တယ်..... (မှန်ပါဘုရား) တပ်ပေးလိုက်တော့.... သူတော်ကောင်းမျက်လုံး ရတော့ ရင့်ကျက်လာတော့ အရိယာ မျက်လုံးဖြစ်လာတယ်....(မှန်ပါ)။

အဲဒီမျက်လုံးတွေကို သူတော်ကောင်းမျက်လုံး ရှေးဦးစွာတပ် ပြီး ရင့်ကျက်လာလို့ အရိယာ မျက်လုံးဖြစ်အောင်.... တကာ တကာမတွေက ကြိုးစားလိုက်ပြီဆိုမှဖြင့်.... မဂ္ဂင်ဟာ ပေါ်လာ တယ်....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

မဂ္ဂင်ပေါ်လာသည်နဲ့ တပြိုင်နက်တည်းတဲ့ ဒီဘက်မှာ တဏှာ ဥပါဒါန်တို့ သောကပရိဒေဝတို့ လာသေးသလား.... (မလာပါ ဘုရား)။

၂-နံပါတ်လဲမလာ၊ ၃-နံပါတ်လဲမလာ၊ ၄-နံပါတ်လဲမလာ.... (မှန်ပါဘုရား) ၃-နံပါတ် မလာတာလဲ ဘယ်သူ့ကြောင့်တုံး.... (မဂ္ဂင်ကြောင့်ပါ) ၄-နံပါတ်တွေအဆက်ပြတ်သွားတာ.... (မဂ္ဂင် ကြောင့်ပါဘုရား)။

ဩော်.... ဒါဖြင့် မဂ္ဂင်ဓမ္မသည် ဒီဘက်က သမုဒယသစ္စာကို လဲသတ်တယ်၊ လာလတ္တံ့ ဒုက္ခသစ္စာတွေကိုလဲသတ်တယ်....(မှန် ပါဘုရား) ဘယ်သူပါလိမ့်....(မဂ္ဂင်ဓမ္မပါဘုရား)။

ဒါ၆ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တရားကြွယ်အားကိုးရာတခု လုပ်ထားပါတဲ့.... (မှန်ပါ့) တကာ တရားမတို့အားကိုးရာတခုဖြင့်.... (လုပ်ပါဘုရား) ဘယ်သူပါလိမ့်မတုံး.... (မဂ္ဂင်ဓမ္မပါဘုရား)။

အို....ဒါဟာ ခင်ဗျားတို့-ဦးဘအုန်း ဒီအသံ ထွက်လာတာကို အလွန်ကျေးဇူးများပြီ....(မှန်လှပါဘုရား) ရှေးတုန်းကတော့.... တကာကြွယ်တို့ ဒီလိုဗဟုသုတ ကြီးကြီးကျယ်ကျယ် မရှိခင်တုန်းက ကိုယ်ပြုထားတဲ့ ကျောင်းကန်ဘုရားကလေး သူ့အားကိုးလိမ့်မယ်.... (ကိုးပါတယ်ဘုရား) ဒါကလေးက နတ်ပြည်ပို့မှာကိုးဗျ....(မှန်ပါ့ဘုရား)။

အင်း.... ကိုယ် ဆောက်တည်ထားတဲ့ တရားလေးလဲ အားကိုးလိမ့်မယ်....(အားကိုးပါတယ်ဘုရား)။

အင်း....ဒါကလေးတွေလဲ မဂ္ဂင်က မဟုတ်သေးတော့ သူတို့ပို့တော့ပို့မှာဘဲ ယာယီခိုကိုးရာ....(မှန်ပါ့)။

ဘယ်လို ဆိုကြမယ်.... (ယာယီ ခိုကိုးရာ ပို့ပါမယ်ဘုရား) ယာယီခိုကိုးရာဘဲပို့မယ်....(မှန်ပါ့)အမြဲတမ်း ခိုကိုးရာတော့.... (မပို့နိုင်ပါဘုရာ)။

အင်း.... ဒါ၆ကြောင့် ဘုန်းကြီးက အရင်းထားပြီး တကာ့တကာမတွေ့ အမှန်အကန်ပြောတော့ တကာတကာမတွေ့ မဂ္ဂင်မှ နိဗ္ဗာန်ပို့တယ်....(မှန်ပါ့) သူပို့လိုက်တဲ့နေရာကတော့ ပျက်ခြင်း,ပြိုခြင်း,ပျောက်ခြင်းမရှိပါဘူး....(မရှိပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သူ့အားကိုးရမယ်ဆိုတဲ့အတိုင်း စောစောက ပြော လိုက်တာလဲ တကာကြွယ် ဦးဘအုန်းတို့ ကျေနပ်လောက်အောင် သဘောကျတယ်....(ကျေပါတယ်ဘုရား)။

ဒီ့ပြင်ဟာတွေက ယာယီခိုကိုးရာတွေ....(မှန်ပါ့) ရှင်းပြ လား....(ရှင်းပါပြီ)ဘယ်နှယ်ကြောင့် ဒီမဂ္ဂင်ဓမ္မကို ခိုကိုးကြပါ လို့ဆိုသတုံးဆိုတော့ ဒီနေရာမှာ တကာ တကာမတွေက ဗီဒီခန္ဓာ တွေကို ဒုက္ခသစ္စာလို့ မှန်မှန်ကန်ကန်သိမယ်၊ ၂- နံပါတ်တွေကို နော်....(မှန်ပါ့)။

၂—နံပါတ်တွေ မှန်မှန်သိတော့ ဒီနားမှာ မဂ်ကလေးပေါ် တယ်....(မှန်ပါ့) မဂ္ဂင်ရှစ်ပါးသွားပေါ်တယ်.... (မှန်ပါ့) ရှစ်ပါး မဂ္ဂင်ငါးပါး ဖြစ်ပေါ်တယ်၊ဒီနောက်တော့ ရှုဖန်မျှားလာတော့ ရှစ်ပါးပေါ်တယ်....(မှန်ပါ့)။

ဒါတွေ ဒုက္ခသစ္စာမြင်လာလို့ရှိယင် ဒါတွေဟာ ဒုက္ခသစ္စာ တွေ ပင်ကိုယ်က ဒုက္ခသစ္စာဘဲ .... (မှန်ပါ့) ဒီမှာကြည့်ပါလား ဒုက္ခသစ္စာ....(မှန်ပါ့)။

ပင်ကိုယ်က ဒုက္ခသစ္စာကို တကာ တကာမတွေက ကိုယ့် ဉာဏ်ထဲ ဒုက္ခသစ္စာဖြစ်လာလို့ရှိယင်ဖြင့် ဒီဘက်က ကိလေသာ တွေလဲ သူဖြတ်ပါတယ်.... (ဖြတ်ပါတယ်ဘုရား) ဒီနားပေါ်တဲ့ မဂ္ဂင်ကလေ.... (မှန်ပါ့) ဒီဘက်ကနိဗ္ဗာန်ကော .... (ပို့ပါတယ် ဘုရား)။

ဩော်....ဒါဖြင့် မဂ္ဂင်သည် တကာတကားမတို့ ၃-နံပါတ်ကို လဲ မလာစေ....(မှန်ပါ့) ၂-နံပါတ်ဖုံးနေတဲ့ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကိုလဲ အဖော်ပို့တယ်....(ပို့ပါတယ်ဘုရား)။

ဒါဖြင့် ကိလေသာရန်သူကိုဖြတ်တာလဲ မဂ္ဂင်ဘဲ.... (မှန်ပါ့) ဒီနေရာမဂ္ဂင်ပေါ်ရမယ်....(မှန်ပါ့) သူ့ကို ဖြစ်ပျက်ရှုမှာကိုး.... (မှန်လှပါ)။

အဲဒီတော့ ဒီကိလေသာရန်သူတွေဖြတ်တာကော....(မဂ္ဂင်ပါဘုရား)ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဒီဘက် ဝေဒနာနိရောဓါ, တဏှာနိရောဓါ နိဗ္ဗာန်ပို့လိုက်တာကော .... (မဂ္ဂင်ပါဘုရား)။

ဩော်....ဒါဖြင့် တကာကြွယ်နေရာကျပြီ.... (ကျပါပြီဘုရား) ကိလေသာရန်သူတွေဖြတ်တာလဲမဂ္ဂင်ဘဲ....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)မပြိုမပျက်တဲ့နိဗ္ဗာန်ပို့တာလဲ....(မဂ္ဂင်ပါဘုရား)။

ဩော်....မဂ္ဂင်သည်ကားလို့ ဆိုလို့ရှိယင် ဘကာတကာမတို့ အလွန်ကျေးဇူးများတယ်ဆိုတာ ပေါ်လာပလား....(ပေါ်လာပါပြီဘုရား)။

ကိလေသာရန်သူဖြတ်တာလဲ.... (မဂ္ဂင်ပါဘုရား) နိဗ္ဗာန်ကို ရောက်ကြောင်းအဖြစ်နဲ့ပို့တာလဲ....(မဂ္ဂင်ပါဘုရား)။

အဲဒီမဂ္ဂင်ကလေးဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဓမ္မဒီပါ ဓမ္မသရဏာ ဒီတရားဘဲ ကျွန်းကြီးသဖွယ် အားကိုးကြ၊ ဒီတရားဘဲတောင်ကြီးသဖွယ်ခိုအောင်းကြကွဲ့....(မှန်ပါ့ဘုရား) ဆိုတော့ မဂ္ဂင်အရေးကြီးပုံကိုဖြင့် ယနေ့တကာကြွယ်ရေ ကောင်းကောင်းပေါ်သွားပြီ....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ အားလုံးတရားနာလာကြတဲ့ တကာတကာမတွေ ပွဲများယူလိုက်ယင် မဂ္ဂင်ပေါ်တာဘဲ.... (မှန်ပါ့) ပွဲများယူလိုက်ယင်....(မဂ္ဂင်ပေါ်ပါ့တယ်ဘုရား)။

၂-နံပါတ်ထဲက တရားတွေ အခုစိတ်ရှုလိုက်ဖြစ်ပျက်မြင်၊ဖြစ်ပျက်ကအနီစွ မြင်တာကမဂ္ဂ....(မှန်ပါ့ဘုရား) ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်က ဝေဒနာကဖြစ်ပြီးပျက်လို့ အနီစွ....(မှန်ပါ့) မြင်တာက မဂ္ဂဆိုတော့ မဂ္ဂင်ဟာ ဝမ်းထဲရောက်ပြီ .... (ရောက်ပါပြီဘုရား)မရောက်ဘူးလား....(ရောက်ပါပြီ)။

မဂ္ဂင်ရောက်ပြီးသကာလ လာတော့ ရှေ့တွင်ဘဲ ပြလိုက်ဘော့ ဒီဘက်က ၃-နံပါတ် ကိလေသာ တဏှာ ဥပါဒါန် ကံတွေကော (ဖလာပါဘုရား) မလာဘူး၊ ဒါမဂ္ဂင်က ဖြတ်လိုက်တာ.... (မှန်ပါ့)။

နောက် ဒုက္ခသစ္စာတွေ ချက်ခြင်း ရောက်သာတော့ နိရောဓသစ္စာဘက်ပို့လိုက်ဘယ်ဆိုတာကော....(မဂ္ဂင်ဓမ္မပါဘုရား)။

ဒါဖြင့် ဒီဟာ အားကိုးရာမရှိတဲ့ ပုဂ္ဂိုလ်များမှာ နိဗ္ဗာန် မရောက်သေးဘူး....(မရောက်သေးပါဘုရား)။

ဒီဟာ အားကိုးရာမရှိတဲ့ ပုဂ္ဂိုလ်များမှာ.... (နိဗ္ဗာန်မရောက်သေးပါဘုရား)။

သြော်....ဒါဖြင့် တကာကြွယ်ရေ....နာဂ်ပြည်,ငြဟ္မာပြည်ဘွဲ့ကိုဖြင့်သွားပြီးသကာလ သစ်ပင်ဘက်ဘဲ့လူက သစ်ကိုင်းခွေါက်ဆဲ့သလို ကျိုးကျမှာ စိုးရိမ်ရတယ်.... (မှန်ပါ့ဘုရား) ကျိုးတတ်တဲ့ ဓမ္မတွေကိုး....(မှန်ပါ့ဘုရား) ပျက်တတ်တဲ့ ဓမ္မတွေကိုး.... (မှန်ပါ့ဘုရား)။

အဲဒါတွေကြောင့် အားကိုးမလဲ့ပါဓစနဲ့ ဆိုဘာကိုလဲ ဦးဘအုန်း သတိပေးရတယ်....(မှန်ပါ့) အားကိုးမလဲ့ပါဓစနဲ့ ဆိုတာ (သတိုပေးရပါတယ်ဘုရား) ဘာ့ကြောင့်တုံး၊မခိုင်လို့ - (မှန်ပါ့)

သဘောပါပါလား....(ပါ-ပါပြီ) မခိုင်တာ အားကိုးလို့ရှိယင်
မခိုင်သလို ကိုယ်နှစ်နာလိမ့်မှယ်....(မှန်ပါ့)။

မခိုင်တော့ အားကိုးယင်....(မခိုင်သလို နစ်နာမှာပါဘုရား)
မခိုင်သလို နစ်နာရမယ်ဆိုတဲ့ဥစ္စာ မသေချာဘူးလား....(သေချာ
ပါတယ်ဘုရား)။

အေး .... ဒါ့ကြောင့် မဂ္ဂင်အလုပ်ကလဲ ဆုတောင်းလို့မရ
၂-နံပါတ်တွေကို ဖြစ်ပျက်မြင်မှ ဝမ်းထဲမှာ မဂ်ဝင်တယ် .... (မှန်
ပါ့ဘုရား)။

၂-နံပါတ်တွေ့ ဖြစ်ပျက်မြင်မှ ဝမ်းထဲ မဂ္ဂင်ရောက်လာတယ်
(မှန်ပါ့)နို့ မဟုတ်လို့ရှိယင်ဖြင့် မဂ္ဂင်က ရောက်လာပါ့မလား....
(ရောက်လာပါဘုရား)။

မရောက်လို့ ရှိယင်လဲ ကိလေသာရန်သူ မဖြတ်နိုင်တာလဲ
သူဘဲ....(မှန်ပါ့) နိဗ္ဗာန်မပို့နိုင်တာလဲ သူမရလို့ဘဲ....(မှန်ပါ့)
သဘောကျပြီ....(ကျပါပြီ)။

ကိလေသာရန်သူ မဖြတ်တာလဲမဂ်မရလို့.... (မှန်ပါ့)နိဗ္ဗာန်
မရောက်တာလဲ....(မဂ်မရလို့ပါဘုရား) မဂ်မရလို့ ဆိုကာဖြင့်
တကာတကာမတို့ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ကိုင်း— ဒါဖြင့် ၂-နံပါတ်ရှိတဲ့ တရားတွေ့ ဘာလုပ်ကြမယ်
(ဖြစ်ပျက်ရှုရမှာပါဘုရား) ဖြစ်ပျက်ရှုရမှာဆိုတော့တဲ့ကာကြွယ်
ခင်ဗျားတို့က လုပ်ရှုရမှာလား၊ သူကဖြစ်ပြီး ပျက်နေတာကို
ကိုယ်က ကြည့်ယုံဘဲလား.... (သူကဖြစ်ပြီးပျက်နေတာကိုကိုယ်က
ကြည့်ရုံပါဘုရား)။

သူက ဖြစ်ပျက်ပြမှာဘဲ ဆိုတာ တကာတကာမတို့က မူတ်ပါ....(မှန်ပါဘုရား)ကိုယ်က ကြည့်တတ်တဲ့ ဉာဏ်နဲ့ ကြည့်လိုက်တဲ့ အခါကျတော့ အပျက်မြင်ယင် မဂ်ဝင်လာတယ် မူတ်ပါ.... (မှန်ပါဘုရား) အပျက်မြင်ယင်....(မဂ်ဝင်လာပါတယ်ဘုရား) အပျက်မြင်ယင် မဂ်ဝင်လာတော့ ကိလေသာ ရန်သူလဲ ရှိသေးရဲ့လား....(မရှိပါဘုရား)သဘောကျပြီ....(ကျပါပြီဘုရား)။

ဒုက္ခသစ္စာကြီးများ ချုပ်သွားတော့ အပျက်တွေ့ မြင်လို့ အပျက်တွေ့ မုန်းလို့ အပျက်တွေ့ဆုံးသွားတာ ဒုက္ခဆုံးတယ်.... (မှန်ပါဘုရား) ဒုက္ခ ဆုံးသွားပြန်တော့ နိဗ္ဗာန်တွေ့ရာဘယ်.... (မှန်ပါ) မတွေ့ရဘူးလား....(တွေ့ရပါတယ်ဘုရား)။

အင်း....ဒါလဲဘာနဲ့တွေ့ရတာတုံးမေးတော့ဘယ် .နှယ်ဖြေကြမလဲ....(မှင်္ဂင်နဲ့ တွေ့ရပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ကိလေသာ ရန်သူတွေ့ကို ဘန့်ကွက်တာလဲသူဘဲ....(မှန်ပါ) အပျက်အဆုံး နိဗ္ဗာန်သို့ပို့တာလဲ....(သူပါဘဲဘုရား)။

ဒါဖြင့် ဒီအားကိုးလုံးကလေးဖြင့် အားလုံးတရားတပဲလုံးဘဲ အရယူထားရမယ်၊ အရပ္ပူထားမှယ်ဆိုတာဖြင့်စိတ်ထဲမှာမြဲမြဲစဲ့စဲ့ဘဲ ကြိုးစားကပါ....(မှန်လှပါဘုရား)။

ဒါကလေးဖြင့် အရယူမဟေ့၊ ဒါကလေးဖြင့် အရယူမဟေ့ ဆိုတာကိုဖြင့်- မရသေးယင် ကြိုးစားလိုက်ပါ(မှန်ပါဘုရား)။

မရသေး ဘယ် .နှယ်လုပ်မလဲ.... (ကြိုးစားရမှာပါဘုရား) ကြိုးစားလိုက်ပါဆိုတာ ဘုန်းကြီးများက တိုက်တွန်းရတယ်.... (မှန်ပါဘုရား)။

ခင်ဗျားတို့ကတော့ဖြင့် ဘာတွေအားကိုးရမယ်လို့ အစစ်ကို မသိတော့ ခင်ဗျားတို့က ရေနစ်သလိုဘဲ....(မှုန်ပါ့)။

ရေနစ်ကဲ့ပုဂ္ဂိုလ်ဟာဖြင့် ဦးဘအုန်း....ဝါးဖေါင်တွေလဲ ဝါးဖေါင်အားကိုးလိုက်တာဘဲ....(မှုန်ပါ့) ငှက်ပျောဖေါင်တွေလဲ (ငှက်ပျောဖေါင် အားကိုးပါတယ်)ရေလယ်မှာ မြက်သစ်ကိုင်းတွေ တွေပြန်လဲ... (မြက်သစ်ကိုင်းအားကိုးပါတယ်ဘုရား)။ တခုမှလဲ မခိုင်ဘူး....(မခိုင်းပါဘုရား) ဝါးဖေါင်ကလဲ တော်တော်ကြာ ဆွေးမြေ့ပြီး သွားမှာဘဲ....(သွားမှာပါဘဲ)ရှင်းပြီ....(ရှင်းပါပြီ)။

ငှက်ပျောဖေါင်ကလဲ အခွံထဲကရှိတဲ့ ရေနဲ့ပတ်သက်ပြီး ငြိညက်ပြီး သွားပြီး သူပါပျက်တာဘဲ....(မှုန်ပါ့) သစ်ခက်တွေ တွေပြန်လဲ ထို့အတူဘဲ အားမကိုးလောက်လို့ ပျက်စီးတာဘဲ.... (မှုန်ပါ့)။

အဲ....ခင်ဗျားတို့ နဂိုရှိသိထားတာကတော့ အားကိုးမမှန်ဘူး (မှုန်ပါ့ဘုရား) တကာကြွယ် ဘယ်နှယ်တုံး... (အားကိုးမမှန်ပါဘုရား)ဦးဘအုန်းကြီး ငယ်ငယ်တုန်းက ကြားထားတာတွေက အားကိုးမှမမှန်ဘဲ... (မှုန်လှုပါဘုရား)။

ငှက်ပျောဖေါင်၊ ဝါးဖေါင်၊ သစ်ခက်တို့ကို ရေထဲနစ်တဲ့ ပုဂ္ဂိုလ်တွေသလို ဖြစ်နေတော့ ကိုယ်အားကိုးချင်ရာအားကိုးပြီ ချလိုက်တော့ကို တခုမှလဲ ခိုင်တယ်,မြဲတယ်က မတွေ့ .... (မတွေ့ပါဘုရား)။

အဲဒီတော့ကို ကကားကြွယ်တို့ သတိပေးချင်တယ်၊ သဗ္ဗေသင်္ခါရာ အနိစ္စတွေ အားကိုးလို့တော့ ဘယ်ရမတုံး .... (မရပါဘုရား)။

နတ်ပြည်ဆိုတာလဲ သဗ္ဗေသခ်ါရာ အနိစ္စ....(မှန်ပါ့) ဗြဟ္မာပြည်ဆိုတာကော....(သဗ္ဗေသခ်ါရာအနိစ္စပါဘုရား)။

ဟာ....ဒါဖြင့် တကာကြွယ်လဲကုန်ပြီ....(လဲပါတယ်ဘုရား) အနိစ္စအားကိုးရတယ်လို့....(မှန်ပါ့) မောင်ဘသော် ဘယ်နှယ် ဆိုရမလဲ....(အနိစ္စအားကိုးရပါတယ်ဘုရား)။

ဒါက သေသေချာချာကြည့်လိုက်တော့မှ သြော်....ဒို့ငယ် ငယ်တုန်းက သူမျှားပြောသံကြားနဲ့ နတ်အားကိုး, နတ်တွေ အားကိုး, ဗြဟ္မာပြည်အားကိုးနဲ့ အခု သေသေချာချာ ဆရာ ဘုန်းကြီးက ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတဲ့ အတိုင်း ညွှန်ပြပြန်တော့ သဗ္ဗေသခ်ါရာ အနိစ္စာထဲ သူတို့ ပါနေတယ်.... (ပါနေပါတယ်ဘုရား)။

နတ်လဲ ပါဘယ်....(မှန်ပါ့) ဗြဟ္မာကော....(ပါ- ပါတယ် ဘုရား)ပါတာကို ဦးဘအုန်းကြီးတို့က သူမျှား ပြောသံကြားနဲ့ အားကိုးလိုက်တော့ ဒီ အနိစ္စတရားတွေ အားကိုးမိလျက် ကြုံနေတယ်....(ကြုံနေပါတယ်ဘုရား) ဘယ်လို ဆိုကြမယ်.... (ဒီအနိစ္စတရားတွေ အားကိုးမိလျက် ကြုံနေပါတယ်ဘုရား)။

ဟာ....တကာကြွယ် ပြောတတ်ပလားဗျ.... (ပြောတတ်ပါပြီဘုရား)ခင်ဗျားတို့ ရှေးက အားကိုးတာကို ကိုယ့်ဉာဏ်နဲ့ကိုယ် ဆက်တတ်ပလား.... (ဆက်တတ်ပါပြီဘုရား) ရှေးက နတ်ပြည် အားကိုးတယ်နော်....(မှန်လှပါဘုရား) ဗြဟ္မာပြည် အားကိုးကြတယ်....(မှန်ပါ့)ကဲ....ပါဠိတော်ထဲ သွင်းလိုက်....(သဗ္ဗေသခ်ါရာ အနိစ္စပါဘုရား)၊

ကဲ....သူတို့ဟာ သခ်ါရတရားတွေ....(မှန်လှပါဘုရား)သခ်ါရတရားတွေဆိုတာ လူ့ပြည်က ဒါနဲ့ ပြုပြင်ထားတာ.... (မှန်

ပါဘုရား)သီလနဲ့ ပြုပြင်ထားတာ....(မှန်ပါ့)အဲဒီတော့ သခ်ါရ တရားဝတ္ထု ဟိုမှာ ပေါ်လာတယ်...(ပေါ်လာပါတယ်ဘုရား)။

အဲဒီ့တရားတွေ သပ္ပေသခ်ါရာ အနိစ္စာတဲ့၊ မင်းတို့ ပြုပြင်လို့ ပေါ်ထားတာကတော့ကွာ....တဲ့- ဟိုမှာ ပေါ်ခြားသော်လဲ နဟ်ဟု နတ်နန်းတွေဟာ အနိစ္စတွေပါတဲ့....(မှန်ပါ့) ရှင်းပလားး (ရှင်းပါပြီ)ခင်ဗျားတို့က ဒါနနဲ့ပြုပြင်ထားတာကိုး.... (မှန်ပါ့) ဆိုလဲနဲ့....(ပြုပြင်ထားတာပါဘုရား)။

ဒါနနဲ့.ပြုပြင်၊သီလနဲ့.ပြုပြင်ထားတော့ သူတို့ကို ခင်ဗျားတို့ ပြုပြင်ထားခြင်းကြောင့် သခ်ါရတရား....(မှန်ပါ့ဘုရား) အဲဒီမင်းတို့ ပြုပြင်ထားတော့ကို တော်တော်ကြာကျတော့ အနိစ္စဘဲကွ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်လို ဆိုကြမယ်....(အနိစ္စတရားပါဘုရား) ရွတ်ပါ-ရွတ်ပါ၊ခင်ဗျားတို့ ပါဠိနဲ့. ခင်ဗျားတို့ရွတ် ကိုက်နေတယ်....(သပ္ပေသခ်ါရာ အနိစ္စပါဘုရား)။

ကဲ...တကာကြွယ် ကိုယ်ပြုပြင်ထားတာ ဘာတဲ့ .... (သပ္ပေသခ်ါရာ အနိစ္စပါဘုရား) အဲ.... ကိုယ်ပြုပြင်ထားတာက သပ္ပေသခ်ါရာနော် .... (မှန်ပါ့) မိမိက ဒါနနဲ့ ပြုပြင်ထားလို့ကတော့ နတ်ပြည်ဘုံ ပေါက်တယ်.... (မှန်ပါ့ဘုရား) သီလနဲ့ ပြုပြင်ထားလို့ကတာ နတ်ပြည် အသက်ရှည်ဘုံတွေ ဖြစ်နေတယ်-(မှန်ပါ့)။

အဲဒီ အသက်ရှည်တဲ့နတ် အသက်ရှည်တဲ့ ဘုံတွေဟာ ဘာတဲ့တုံး... (သပ္ပေသခ်ါရာ အနိစ္စပါဘုရား)အဲ....ဒီက ပြုပြင်ထားခြင်းကြောင့် ဟိုမှာ အနိစ္စဘဲ ပေါ်တယ်....(မှန်ပါ့ဘုရား)။

ဦးဘအုန်းရေ....ဒီက ပြုပြင်ထားတဲ့ တရားဟူသ၍.... (ဟိုမှာ အနိစ္စဘဲ ပေါ်ပါတယ်) အနိစ္စချည်း ပေါ်တော့ သစ်ကိုင်း

ချောက် ဆဲမိသလို ဖြစ်နေတယ်...(မှန်ပါ့ဘုရား) အာနိစ္စချည်း ပေါ်တော့ ဘာဆဲမိသတုံး.... (သစ်ကိုင်းချောက် ဆဲမိပါတယ် ဘုရား)။

ဒါကြောင့် ပြုတ်ကျတယ်.... (မှန်ပါ့) နတ်သမီး ငါးရာတို့ သူဌေးမှန်တ်သား၏ နတ်သမီးငါးရာတို့ သူတို့နဲ့တက္ခ အလုံးစုံ ဦးဘအုန်း ပြုတ်ကျတယ်....(မှန်ပါ့)။

ဟာ....ဘယ်နှယ်ကြောင့်ပါလိမ့်မတုံးလို့ မေးကြယင် ဘယ်နှယ်ဖြေကြမလဲ၊ သဗ္ဗညုခ်ိရာအနိစ္စ အားကိုးလို့.... (မှန်ပါ့) သြော်....အနိစ္စ အားကိုးလို့....(မှန်ပါ့) တကာကြယ်....အားကိုးမလဲစေနဲ့....(မှန်ပါ့)။

နောက်က တကာ တကာမတွေ့ ဘယ်လို မှတ်ကြမယ်.... (အားကိုး မလဲစေနဲ့ပါဘုရား) ခင်ဗျားတို့ နဂိုရိုက မိဘရိုးရာ အတိုင်း အားကိုးထားတာကဘော့ဖြင့်အနိစ္စဘဲ အားကိုးထားတယ်....(မှန်ပါ့ဘုရား) ဦးဘအုန်း.... မငြင်းနဲ့တော့.... (မငြင်းပါဘုရား)။

နဂိုရိုက အားကိုးထားတဲ့ဘာကဖြင့်....(အနိစ္စဘဲ အားကိုးထားပါတယ်)သဗ္ဗညုခ်ိရာဆိုတာ ခင်ဗျားတို့ပြုပြင်တဲ့ ဒါနကြောင့် ခင်ဗျားတို့ နတ်တွေမှာ ပေါ်လာတဲ့ ဘုံနန်း ဗိမာန်ပဒေသာ ပင်တွေ....(မှန်ပါ့) ရှင်းပလားး....(ရှင်းပါပြီ)အဲဒါတွေဘုရားက ဘာတဲ့တုံး.... (သဗ္ဗညုခ်ိရာ အနိစ္စပါဘုရား)။

အဲ....မှင်းတို့ ပြုပြင်ထားတဲ့ တရားတွေဟာ ဟိုမှာ အနိစ္စတရားသာ ပေါ်မပေါ်ကတဲ့....(မှန်ပါ့ဘုရား) နိစ္စနိဗ္ဗာန် မပေါ်နိုင်ဘူးတဲ့....(မှန်ပါ့) ပေါ်နိုင်ရဲ့လား....(မပေါ်နိုင်ပါဘုရား)။

တော်ဘော်ကြာ ဘုံပါပျောက်၊ နတ်သမီး, နတ်သားတွေ ပျောက်....(ပျောက်ပါတယ်) ဟ....ဘယ်နှယ်ကြောင့် ပျောက် ပါလိမ့်မတုံးမေးတဲ့အခါကျတော့မှ သဗ္ဗညုခ်ီရာ အနိစ္စအား ကိုးကြလို့....(မှန်လှပါဘုရား) အနိစ္စပြုတ်ကျလိုက်တာအပါယ် လေးပါးရော လူ့ပြည်ရောဆိုသလိုဘဲတဲ့ တကာကြွယ်ရဲ့အကုန် ပြုတ်ကျတယ်....(မှန်ပါဘုရား)။

ဘယ်လိုကြောင့် ပြုတ်ကျပါလိမ့်... (သဗ္ဗညုခ်ီရာ အနိစ္စ အားကိုးမိလို့ပါဘုရား) သဗ္ဗညုခ်ီရာ အနိစ္စ အားကိုးမိလို့.... (မှန်ပါ)အဲဒီတော့ ယနေ့က စပြီးတော့ ဘယ်သူအပြောပြော ဘကာအုန်းတို့ တုကာကြွယ်တို့, မောင်ဘသော်တို့ကစပြီး တရားတပဲလုံး မယုံကြနဲ့.... (မှန်လှပါ ဘုရား) ပြုတ်ကျမှာဘဲ... (မှန်ပါ)။

ဘယ်နှယ်ကြောင့် ပြုတ်ကျသတုံးဆိုတော့ သူ့ပါဋိတော် ရှတ်ကြည့်လိုက်ယင် မောင်ဘသော်.... ပေါ်နေပြီ.... (မှန်ပါ) သဗ္ဗညုခ်ီရာ.... (အနိစ္စပါဘုရား) ဟိုမှာ ရှိဘာတွေက ဒီက ပြုပြင်ထားလို့ပေါ်ကဲ့ သခ်ၤါရတရား....(မှန်လှပါဘုရား)သခ်ၤါရတရားဟာ အနိစ္စလမ်းဆုံးတယ်....(မှန်ပါ)ပြုပြင်လို့ပေါ်လာတဲ့ တရားဆာ....(အနိစ္စလမ်းဆုံးပါတယ်ဘုရား)။

အဲ့....ခင်ဗျားတို့က ဒီကနေ ကျောင်းကလေးများ မောက် ပြီး နတ်ပြည်ဘုံပေါက်တယ်....(မှန်ပါ)ခင်ဗျားတို့ ပြုပြင်လိုက် လို့ ပေါ်လာတယ်....(မှန်ပါ)အင်း....တကာကြွယ် တော်တော် ကြာတော့ အနိစ္စရောက်ပါရော....(ရောက်ပါတယ်ဘုရား) အဲဒီ တော့ ဒါအားကိုးနေတဲ့ပုဂ္ဂိုလ်ဟာ ဝမ်းနည်းပက်လက်ဖြစ်ပြီး ဘုံပျောက်ပါပေါ့လား....(မှန်ပါ) အင်း.... သေရတော့မှာပါ

ဘဲလားဆိုပြီးသကာလ နဂိုရ်ကအထင်ကြီးနဲ့ အားကိုးလိုက်တာ အခုတော့ဖြင့် အနိစ္စဆောက်သွားတဲ့အခါတကာကြွယ်....ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)။

ဒါဖြင့် သစ်ပင် တက်တဲ့ပုဂ္ဂိုလ် သစ်ကိုင်းချောက် ဆဲမိလို့ ရှိယင် ဦးဘအုန်း ကိုယ်ကျိုးနည်းပြီ.... (နည်းပါပြီဘုရား)သစ်ကိုင်းလဲကျိုးပေါ့ဗျာ.... ခန္ဓာလဲကျိုးပေါ့....(မှန်ပါ့) ဒီအတိုင်း ဘဲနေလိမ့်မယ်....(နေပါတယ်ဘုရား)။

အဲဒါကြောင့် သဗ္ဗညုဘုရား အနိစ္စကိုဖြင့် အားမကိုးလိုက်ပါနဲ့ဆိုတဲ့ဥစ္စာတော့ သေသေချာချာ ယနေ့ သတိပေးပါတယ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကောင်းပြီ....ဒါဖြင့် ဘာအားကိုးရမှာတုံး....လို့မေးတော့ သခ်ါရကို အားမကိုးနဲ့ အသခ်ာတကိုအားကိုး.... (မှန်ပါဘုရား) သခ်ါရကို အားမကိုးပါနဲ့....(မှန်ပါ့) အသခ်ာတကို.... (အားကိုးပါဘုရား)။

ဦးဘအုန်း ပေါ်ပလား....(ပေါ်ပါပြီဘုရား) အခုပြုတ်ပြုတ်ကျနေကြတာ သခ်ါရကို အားကိုးကြလို့.... (မှန်ပါ့) သခ်ါရအားကိုးလိုက်တော့ ဟိုက အနိစ္စတွေ့ ဖြစ်နေတယ်.... (မှန်ပါ့) အသခ်ာဆိုတာ ဘယ်သူမှ မပြုပြင်ဘဲနဲ့ ဖြစ်တဲ့နိဗ္ဗာန်ဆိုတော့ ပြုပြင်တဲ့ စွမ်းရည်သတ္တိ သူ့ကိုဘယ်သူမှမတတ်နိုင်ဘူး....(မတတ်နိုင်ပါဘုရား)။

သဘာဝဓမ္မဖြစ်ပြီးသကာလ နိဗ္ဗာန်ရနိုင်တဲ့ပုဂ္ဂိုလ်၏ ပစ္စည်းသာဖြစ်နေတာ....(မှန်ပါ့ဘုရား) နိဗ္ဗာန်ရထိုက်တဲ့ပုဂ္ဂိုလ်ကသွားဆောက်ထားတဲ့ နိဗ္ဗာန်တောင်မဟုတ်ဘူး.... (မှန်လှပါ) ရထိုက်တဲ့ပုဂ္ဂိုလ် သူ့ဆီရောက်လာတယ်....(မှန်ပါ့ဘုရား)။

ဘယ်သူမှ ပြုပြင်ထားတဲ့တရား မဟုတ်ဒေသကြောင့် သူက အသစ်တတရား.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဘာတရားတဲ့(အသစ်တတရားပါဘုရား)အသစ်တ တရားဆိုတာ တကာတကာမတွေက လေးလေးစားစားမှတ်လိုက်ပါ၊ဘယ်သူမှ မပြုပြင်ဘဲနဲ့ ရှိနေတဲ့တရား.... (မှန်ပါ့)။

ဒါကြောင့် ကြည့်တဲ့လူက အစဉ်မမြဲရည်သတ္တိကုန်ယင် သူပျက်တယ်လို့ ဆိုစရာမရှိဘူး....(မှန်ပါ့) သဘာဝခမ္မခိုင်မြဲနေတဲ့တရား (မှန်ပါ့)တကာကြယ် ဘယ်လိုတဲ့တုံး....(သဘာဝခမ္မ ခိုင်မြဲနေတဲ့ တရားပါဘုရား)။

အဲဒါက ပြုပြင်လို့ ပေါ်လာတာလား၊ သူ့သဘောနဲ့သူ ခိုင်မြဲနေတာလား.... (သူ့သဘောနဲ့သူခိုင်မြဲနေတာပါဘုရား)။

ဒါနဲ့သူ့သဘောနဲ့ ခိုင်မြဲနေတဲ့ပုဂ္ဂိုလ်ဟာမဂ္ဂင်နဲ့သွားလိုက်တဲ့အခါကျတော့ ရောက်တယ်....(ရောက်ပါတယ်ဘုရား) ရောက်သွားတဲ့အခါကျတော့ သူ့သဘောနဲ့ ခိုင်မြဲနေတဲ့ ဓမ္မဖြစ်သောကြောင့် သူ့ကို အသစ်တတရားလို့ ခေါ်ရတယ်....(မှန်ပါ့) ပျက်စရာ ကျိုးစရာဒုပါက်စရာ ရှိသေးရဲ့လား.... (မရှိပါဘုရား) အာဘိုးတန်တယ်....(တန်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ သဗ္ဗညုဒ်ါရဆိုတာ အနိစ္စလမ်းဆုံးတုယ်(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) အသစ်တဆိုတာကကော့ အလုံးစုံ သစ်ါရတရားတွေ ပြုပြင်လို့မဖြစ်တဲ့တရား....(မှန်ပါ့)။

သစ်ါရတရားတွေ ပြုပြင်လို့မဖြစ်ဘဲ့တရား ဘာခေါ်ကြမယ် (အသစ်တတရားပါဘုရား) အဲ.... အသစ်တက နိဗ္ဗာန်ဆိုတာ သဘောကျပလား ...(ကျပါပြီဘုရား)။

အဲဒီ-တရားကလဲ ဘယ်သူမှ မပြုပြင်ဘဲနဲ့ သဘာဝဓမ္မရှိနေတဲ့ တရားဖြစ်လေသောကြောင့် ဦးဘအုန်း ပြင်စရာ ပျက်စရာကျိုး စရာ ပေါက်စရာ ဘယ်နှယ်တုံး....(မရှိပါဘုရား) ဒါဖြင့်ဘာ အားကိုးကြမယ်....(အသင်္ခတ အားကိုးကြပါမယ်ဘုရား)။

သင်္ခါရအားမကိုးနဲ့ အသင်္ခတအားကိုး....(မှန်ပါ) ရှင်းပြီ နော်....(ရှင်းပါပြီ) အသင်္ခတသွားချင်တော့လဲ တကာကြွယ်ရေ အသင်္ခတဂါမိမင်္ဂါ လုံပ်ရလိမ့်မယ်....(မှန်ပါ့)။

အသင်္ခတ သွားချင်တော့.... (အသင်္ခတဂါမိ မင်္ဂါလုပ်ရပါ မယ်) အသင်္ခတဂါမိမင်္ဂါ အသင်္ခတသို့ သွားရာဖြစ်တဲ့ မဂ်ကို လုပ်ရလိမ့်မယ်.... (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ) အသင်္ခတ သွားချင်တော့ (အသင်္ခတဂါမိ မဂ်ကိုလုံပ်ရပါမယ်) အသင်္ခတ ဂါမိမင်္ဂါကိုလုပ်ရလိမ့်မယ်....(မှန်ပါ့) ဒါကသံယုတ်ပါဦးတော့ လို့ တကာကြွယ်ကမှတ်လိုက်....(မှန်ပါ့ဘုရား)။

အသင်္ခတသွားချင် အသင်္ခတဂါမိမဂ်ဆိုတာ ရှိသေးတယ်.... (မှန်ပါ့)အဲဒါလုပ်မှသာလျှင်တဲ့ လိုရာခရီးကိုခိုင်မြဲတဲ့ နေရာဌာန ကို သူပို့ပေးလိမ့်မယ်....(မှန်ပါ့) သူပို့ပေးတော့ ပျက်စရာရှိ သေးရဲ့လား....(မရှိပါဘုရား)။

အဲဒါကြောင့် ယနေ့ တကာကြွယ် အရေးတကြီး ပြောနေ တယ် ဆိုတာများ အားကိုးရာ မရောက်မှာစိုးလို့ .... (မှန်ပါ့ ဘုရား)။

ယနေ့ပြောတဲ့ တရားဟာ ဘာတရားပါလိမ့်.... (အားကိုးရာ အစစ်ရှာဘို့တရားပါ) အားကိုးလဲမှာစိုးလို့ တချို့ ရှေးကျကျ

တွေ့ကာ ကျုပ်တို့ဗျာခုလောက်ရှိ လူ့ပြည်ကျောင်းဆောက် နတ်ပြည်ဘုံပေါက်နေရမယ် ကျုပ်တို့သွားယင် အဆင်သင့်ပေါ့.... (မှန်ပါ့)ဟာ....ဟုတ်တယ်လို့ဘဲ ဘုန်းကြီးတို့လဲ ဟောနေရတယ်....(မှန်ပါ့)။

ဟုတ်တယ် တကာ တကာမတို့ ခင်ဗျားတို့ ဒီမှာ လူ့ပြည်ကျောင်းဆောက် နတ်ပြည်ဘုံပေါက်မယ်ဆိုတာ ဘုရားလဲဟောပါတယ်၊ သို့သော်- အဲဒီဘုံဟာ သခ်ၤတလား- အာသခ်ၤတလား တခါခဲ့ဦး....(သခ်ၤတပါဘုရား)။

ဒါဖြင့် သခ်ၤတဖြင့် ဘယ်လမ်းဆုံးမယ်.... (အနိစ္စလမ်းဆုံးပါမယ်ဘုရား)ဟာဒါဖြင့်- ခဏဘဲတည်းခိုရာရမယ် .... (မှန်ပါ့) ဘယ်နှယ်ဆိုကြမလဲ.... (ခဏဘဲတည်းခိုရာရပါမယ်) တကာကြွယ် ပေါ်ပလား....(ပေါ်ပါပြီ)။

အမြဲတမ်း ဘယ်နှယ်တုံး.... (တည်းခိုရာမရပါဘုရား) ဘာတရား မို့တုံး .... (သခ်ၤတ တရားမို့ပါဘုရား) သခ်ၤတ တရားခင်ဗျားတို့က ပြုပြင်လို့ ပေါ်ထားတာကိုး....(မှန်ပါ့)။

အဲ.... သဗ္ဗေသခ်ၤရာအနိစ္စ-ဆိုတော့ သခ်ၤတနှင့်သခ်ၤရအတူတူဘဲ၊ သူက အနိစ္စလမ်းဆုံးတာ၊ တကာကြွယ်တို့က ဟ-အားကိုးလောက်ပြီဆိုပြီး ရေနစ်တဲ့လူ ငှက်ပျောဖေါင်အားကိုးသလိုဖြစ်နေပြီ....(မှန်ပါ့) ခုနစ်ရက်လောက်ခံပြီး နောက်ကျတော့ ငှက်ပျောဖေါင်က ပုပ်ရိပြီး မြုပ်တယ် .... (မှန်ပါ့) မမြုပ်ပေဘူးလား.....(ဖြုပ်ပါတယ်ဘုရား)။

အဲဒီတော့ တကာကြွယ်ရေ မဆိုင်တာ အားကိုးမိလို့ ရှိယင် အားကိုးခြင်းကြောင့်ဘဲ ကိုယ်မပါမြုပ်ရတယ်....(မှန်ပါ့)သဘောပါကြပလား....(ပါ-ပါပြီ)။

ကဲ....ဒါဖြင့် ဘာ အားကိုးကြမယ်.... (အသခ်ၤတတရားအား ကိုးကြပါမယ်)အသခ်ၤတ အားကိုးမယ်ဆိုတော့ အသခ်ၤတဆိုတာ ဒီဘက်မှာ.... (မှန်လှုပါ) ဝေဒနာနိရောဓမါ တဏှာနိရောဓါ နိဗ္ဗာနံ-ကိုးဗျ .... (မှန်ပါ့) ခင်ဗျားတို့ နာဘူးလှုပြီနော်.... (မှန်ပါ့)။

အဲဒီ-နိဗ္ဗာန်ဟာ အသခ်ၤတ....(မှန်ပါ့)သို့သော် အသခ်ၤတ ဂါမိမဂ် ဒီနားမှာ မပေါ်ယင် မရဘူး....(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီ)။

ဒါဖြင့် အသခ်ၤတ သွားချင်လို့ရှိယင် ဉီးဘအုန်း ဘာလုပ်ရ ဉီးမယ်....(အသခ်ၤတဂါမိမဂ်ပေါ်အောင် လုပ်ရပါမယ်ဘုရား)။

အသခ်ၤတဂါမိမဂ်ဆိုတော့ နိဗ္ဗာန်သို့ ရောက်ကြောင်း မဂ္ဂင်လုပ်ဉီးက....(မှန်ပါ့) မလုပ်လို့ရှိယင်.... (မရပါဘုရား) မရဘူးဆိုတာ သေချာကြပလား....(သေချာပါပြီ)။

အေး....ဒါကြောင့် တကာကြယ် ယနေ့တရားမှာ မများပါဘူး....(မှန်ပါ့) မများပါဘူးတဲ့ အားကိုးလဲ့မှာစိုးလို့ အမှန်တက် ပေးနေတယ်လို့ ဉီးဘအုန်း မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

တိုက်ကြီးဘလုံးဘော့ ဝယ်မိပါတယ်၊ ကိုယ်က မသိတော့ အဆွေးကြီးဖြစ်နေတော့ ပယ်ပြီးပြင်ရုံဘဲရှိမှာဘဲ၊ နေဘိုမရသေးဘူး....(မှန်ပါ့)။

ဒီလိုဘဲ နေမှာဘဲ နတ်ပြည်သွား တိုက်ဆောက်လဲ တကာကြယ် ကံကုန်ယင် ပြုတ်ကျတယ်.... (မှန်ပါ့) ငြဟ္မာပြည် ငြဟ္မာ နှစ်ဆယ်ကြီး သွားဖြစ် ပြန် တော့ ကော.... (ကံကုန် ပြုတ်ကျပါတယ်ဘုရား) အို....နဂိုရိက အဆွေးကိုင်မိလို့ ပြုတ်

ကျတယ်....(မှန်ပါ့) ပျက်စီးတတ်တာကိုင်မိလို့ .... (ပြုတ်ကျပါတယ်ဘုရား) ပျက်စီးရတယ်ဆိုတဲ့အကြောင်းဟာဖြင့် ရှင်းသွားပြီ (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့်တဲ့ ခင် ဗျား တို့ နိဗ္ဗာန် ဆိုတဲ့ အသစ်တကိုဖြင့် တကာကြွယ် တကယ်အားကိုးပါဆိုတာ တိုက်တွန်းလိုက်တယ်.... (မှန်ပါ့)။

သို့သော်....သူ့နေရာရောက်အောင် ပို့နိုင်တာက ဦးဘအုန်း အသစ်တဂါမိနိမဂ္ဂါလို့ ရှိသေးတယ်....(မှန်ပါ့)။

သူ့နေရာရောက်အောင် ပို့နိုင်တာက .... (အသစ်ဘ ဂါမိနိ မဂ္ဂါပါဘုရား) ဒါဖြင့် မဂ္ဂင်ရှစ်ပါးဆိုတယ်....(မှန်ပါ့)။

အသစ်တဂါမိနိ မဂ္ဂါဆိုတာက ဦးဘအုန်းရေ ဘာဆိုပါလိမ့်....(မဂ္ဂင်ရှစ်ပါးကိုဆိုပါတယ်ဘုရား)။

အဲ....မဂ္ဂင်ရှစ်ပါးကမှ အသစ်ဘရှိတဲ့ဆီကိုပို့မှာ....(မှန်ပါ့) ဒါဖြင့် အသစ်တလမ်းကိုလိုက်မှ အသစ်တနေရာရောက်မှာပေါ့ (မှန်ပါ့ဘုရား)။

တကာကြွယ်ဘာတဲ့ .... (အစ်တလမ်းလိုက်မှ အသစ်တနေရာရောက်မှာပါဘုရား) အသစ်တ လမ်းလိုက်မှ အသစ်ဘ နေရာရောက်မှာ .... (မှန်ပါ့) နို့ မဟုတ်လို့ယုံ .... (မရောက်ပါဘုရား)။

ကိုင်း....ဒါဖြင့်တရားလဲ တော်တော်ရှည်လာတော့ အားကိုးရာအစစ်က အသစ်တလမ်းက သွားမှသာလျှင် အသစ်တရှိတဲ့နေရာရောက်မှာ....(မှန်ပါ့)။

အသခ်ၤတဂါမိမဂ်က သွားမှ အသခ်ၤတ နိဗ္ဗာန်ရောက်မယ်ဆို တာဖြင့် သေချာတယ်....(သေချာပါတယ်ဘုရား)။

သေချာတော့ ဒီအတိုင်း ခြေလျင်သွားမှရမလွား....ပုဂံးများ ယူရမှာလား....(ပုဂံးများယူရမှာပါ) ဦးဘအုန်း ပေါ်ပါပြီ... (ပေါ်ပါပြီ)တကာကြွယ် ပေါ်ပါပြီ....(ပေါ်ပါပြီ)။

အသခ်ၤတဆိုတာ နိဗ္ဗာန်....(မှန်ပါ့) နိဗ္ဗာန်ဆိုတာကို သွား လမ်းမရှိဘဲနဲ့ ဘယ်သူမှ မသွားတတ်ဘူး....(မှန်ပါ့) သွားလမ်း မရှိဘဲနဲ့....(မသွားနိုင်ပါဘုရား) မသွားတတ်တော့ အသခ်ၤတ် ဂါမိမဂ်ကို ကျုပ်တို့ရအောင်လုပ်ရမယ်....(မှန်ပါ့)။

အဲဒီ- အသခ်ၤတဂါမိမဂ်သည် ကျုပ်တို့၏ [illegible] ကိုးစားရာ အစစ်ပါဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြပေတော့ ဒီဇာခု ၂ နှုံပါတ်ထဲတွေ့တဲ့ခန္ဓာ တွေကို ဝေဒနာကြိုက်ဒဲ့ပုဂ္ဂိုလ်က ဝေဒနာကိုဖြစ်ပျက်ရှု(မှန်ပါ့) ဖြစ်ပျက်ရှုလိုက်တော့ ဝမ်းထဲဘာရောက်လာသလဲ.... (မဂ်ရောက် လာပါတယ်) အဲဒါအသခ်ၤတဂါမိမဂ်ဘဲ....(မှန်ပါ့)တကာကြွယ် ဘာတဲ့တုံး....(အသခ်ၤတဂါမိမဂ်ပါဘုရား) ဘယ်သွားမှာတဲ့တုံး.... (နိဗ္ဗာန်သွားမှာပါ) ဒီလိုမဆိုနဲ့ အသခ်ၤတကိုသွားမှာ.... (မှန်ပါ့ ဘုရား)မဟုတ်ဘူးလား....(မှန်ပါ့)။

ဒီအသခ်ၤတဂါမိမဂ်က အသခ်ၤတ ရှိတဲ့ဆီသွားမယ်....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီ) နိဗ္ဗာန်ဆိုတော့ အတူတူတော့ အတူတူပါဘဲ-သို့သော်သူ့အမျိုးနဲ့၊သူ့အသွားနဲ့၊သူ့အရောက်နဲ့ ကိုက်ရမယ်....(မှန်ပါ့)သဘောကျလား....(ကျပါပြီ)။

ဦးဘအုန်းရေ... အသစ်တနိဗ္ဗာန်သွားချင်လို့ ရှိယင် အသစ်တမဂ်ခရီးတာ မသွားယင် .... (မရောက်ပါ ဘုရား) ရောက်ကို မရောက်နိုင်ဘူးဆိုတာသေချာပလား....(သေချာပါပြီ)။

ကိုင်းဒါဖြင့် သစ်တနယ်သွားချင် သစ်တမဂ်နဲ့ သွားပေါ့.... (မှန်ပါ့) အသစ်တ သွားချင်တော့ အသစ်တဂါမိ မဂ်နဲ့သွားပေါ့....(မှန်ပါ့)ရှင်းပြီ....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ် စိတ်ကို တကာ တကာမတို့ သန္တာန်၌ မြင်စိတ်ကလေးပေါ်လဲ ဖြစ်ပျက်ရှု.... (မှန်ပါ့) ကြား စိတ်ကလေးပေါ်လဲ.... (ဖြစ်ပျက်ရှုရပါမယ်) နှာခေါင်းထဲနံစိတ်ကလေးပေါ်လဲ... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဇင်း... ဖြစ်ပျက်တော့တော့ပြီဟ .... ဝမ်းထဲမှာပေါ်တာကမဂ်ဘဲ....(မှန်ပါ့) အဲဒီမဂ်က ဘယ်သွားမှာတုံး....(အသစ်တသွားမှာပါဘုရား)။

အသစ်တ သွားမယ်၊ သူက ဘာဖြစ်လို့ သွားနိုင်သတုံး.... အသစ်တဂါမိမဂ်ဖြစ်လို့....(မှန်ပါ့) သူက ဘယ်နယ်ကြောင့် သွားပါလိမ့်.... (အသစ်တပါမိမဂ်ဖြင့်လို့ပါ)၊ အစ်တဂါမိမဂ်ဖြစ်လို့ ရှင်းပလား(ရှင်းပါပြီ)ဥပမာ ရန်ကုန်သွားချင်တဲ့ ဥစ္စာ ဘယ်လမ်းကိုမလိုက်ဘဲနဲ့ ဦးဘအုန်းရေ.... ဟိုဘက်ကရေနံချောင်းလမ်းလိုက်သွားမိမယ် ဆိုလို့ရှိယင် မိတ္ထီလာ လမ်းခဲ့ကနေပြီး.... သေသေချာချာ ဆိုးတယ်၊ ရောက်ပါ့မလား ....(မရောက်ပါဘုရား)။

ဘာ့ကြောင့်တုံးဆိုလို့ရှိယင် သူ့မြို့နဲ့ သူ့လမ်း မမှန်ယင်လဲ... (မရောက်နိုင်ပါဘုရား) မရောက်နိုင်ဘူးဆိုတာ သေချာကြပလဲ့....(သေချာပါပြီဘုရား)။

ကဲ-ဒါဖြင့် ခင်ဗျားတို့နားထဲမှာ ယနေ့ ရှင်းရှင်းလင်းလင်း သြော်....ဖြစ်ပျက်မြင်တဲ့ မဂ်မှာဲ့ အသစ်တဆိုတဲ့နိဗ္ဗာန်ကိုသွားတဲ့ လမ်းခရီးအစစ်ပါလား....(မှန်လှပါဘုရား) ဒီမဂ်ဟာ လမ်းခရီး အစစ်ဘဲ့....(မှန်ပါ့)။

ဖြစ်ပျက်မြင်တဲ့ မဂ်သည် .... (လမ်းခရီး အစစ်ပါ ဘုရား) အသစ်တ နိဗ္ဗာန်သွားတဲ့ လမ်းခရီးအစစ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ကိုင်း-ဒါဖြင့် တကာကြွယ် ဒီလမ်းခရီးကလဲ ဘုရားတဆူတဆူ ပေါ်မှ တခါတခါပေါ်လာတဲ့ လမ်းခရီး....(မှန်ပါ့ဘုရား) ဘုရား ပရိနိဗ္ဗာန်စံပြီးနောက်လဲဒီဥခြုံတွေအကုန်ဖုံးပြန်တာဘဲ.... (မှန်ပါ့) ဒီဥခြုံတွေ.... (အကုန်ဖုံးပါဘယ်ဘုရား) အကုန်ဖုံးပြီး သကာလ တကာကြွယ် လမ်းပျောက်တယ်....(မှန်ပါ့)ဘုရား တခါ ပွင့်လာပြန်လို့ ရှိယင် တဆူတဆူ ပွင့်ပြန်- ရှင်းရပြန်ပြီ.... ဒီလမ်းကို...(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ကိုင်း- ဒါဖြင့် ဒီ လမ်းဟာဖြင့် ခု တော့ ဖြင့် ရှိခဲသေးရဲ့ တကာကြွယ်ရေ....(မှန်ပါ့) ဘာ့ကြောင့်တုံး ဆိုတော့ ဟောမည့် ပြောမည့် ပုဂ္ဂိုလ်၊လမ်းပြမည့်ပုဂ္ဂိုလ်ကလဲရှိသေးတယ်....(မှန်ပါ့) ခင်ဗျားတို့ကလဲ ကြည့်တတ်တဲ့ဉာဏ်ကလေးနဲ့ ကြည့်ဘော့ဝမ်းထဲ မဂ်ပေါ်နိုင်တဲ့စွမ်းရည်သတ္တိကလဲရှိသေးတယ်....(မှန်ပါ့)။

အဲဒါ ခင်ဗျားတို့ ကံကောင်း အကြောင်း သင့်တော့တယ် ဆိုဘာမှတ်ရမယ်....(မှန်ပါ့) နောက်ကျတော့ ဒီလမ်းက ဟော မည့်လူလဲမရှိဘူး ဦးဘအုန်းရေ....(မှန်ပါ့) လမ်းပျောက်မလား-မပျောက်ဘူးလား....(ပျောက်ပါတယ်ဘုရား)။

ဟောမည်သူမရှိတော့ ဒီဌီတွေ့ကာ လွှမ်းမိုးတယ်.... (မှန်ပါ့) တကျော်ဒီဌီလမ်းကိုးဗျ....(မှန်ပါ့) မိစ္ဆာဒိဌီက ကြီးစိုးလာတဲ့အခါ ကျတော့ ပျောက်မှယ်.... (ပျောက်ပါမယ်) မပျောက်သေးဘူးလား....(ပျောက်ပါတယ်ဘုရား)။

အဲဒီဇာတာ မိစ္ဆာဒိဌီဘည်းဟူသော ခြုံပိတ်ပေါင်းတွေ့ ယခု မဇ္ဈောက်ခင် ဘုန်းကြီးများက ဟောဒီက သွား-ဒီလမ်းသွားဆိုတာ ခင်ဗျားတို့ ဖြစ်ပျက်ရှုပြီး သွားကြ၊ ဖြစ်ပျက်အဆုံးဟာ နိဗ္ဗာန်ဘဲ(ဝါ) အာသင်္ခတဘဲ....(မှန်လှပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဘယ်အချိန် သူ ဟောနေတာပါလိမ့်မတုံး မေးပြန်တော့လဲ အချိန်ပိုင်းနဲ့ ဟောရတာလို့ တကာကြွယ်က မှတ်လိုက် .... (မှန်ပါ့) မိစ္ဆာဒိဌီခြုံတွေ့ မအုပ်ခင် ဟောနေတာ....(မှန်ပါ့)။

မိစ္ဆာဒိဌီခြုံတွေ့ အုပ်သွားမယ်ဆိုလို့ ရှိယင်....(မဟောနိုင်ပါဘုရား)ဒီလမ်း ရှာတွေ့ပါ့မလား....(မတွေ့ပါဘုရား)ကဲ... ဦးဘအုန်းရိပ်မိလောက်ပါပြီ....(ရိပ်မိပါပြီ)မိစ္ဆာဒိဌီခြုံတွေ့ကလဲဝိုင်းနေတာဘဲ.... (မှန်ပါ့) ကိုယ့်သန္တာန်ထဲကလဲ ရှိလျက်... (မှန်ပါ့) ဘာသာခြားတွေ့ကလဲ မိစ္ဆာဒိဌီတွေ့ကလဲ သူတို့ အယူမှု သူတို့ ဟုတ်တယ်ဆိုပြီးသကာလ သားတွေ့-သမီးတွေ့နဲ့ အမျိုးမျိုး အဖုံဖုံစွဲကြ,ယူကြ....(မှန်ပါ့) မိစ္ဆာဒိဌီခြုံတွေ့က ဖုံးသွားလို့ရှိယင် ဒီလမ်း ပျောက်ပါလိမ့်မယ်....(မှန်ပါ့)။

ဒီလမ်းပျောက်လို့ သွားမိသွားရာ သွားလို့ရှိယင်ဖြင့် ခုနင်က ပြောသလိုဘဲ... တဲ့ သစ်ပင် တက်တဲ့လူ သစ်ကိုင်းချောက် အားကိုးသလို ပြုတ်ကျမည့် လမ်းချည်းရောက်မှာဘဲ.... (မှန်ပါ့) ရောက်သွားမယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ဦးဘအုန်းရေ-မင်္ဂလာမ်းကလေး ပေါ်နေတုန်း မိစ္ဆာဒိဋ္ဌိခြုံတွေ မအုပ်ခင် အမြန် ဒီလမ်းကလေး လျှောက်လိုက်.... (မှန်ပါ့) နှေးနေယင် ရဖယ်မဟုတ်ပါဘူး .... (မရပါဘူးရှင်) နှေးယင်.. (မရပါ) ဥပမာမယ် နောက် အုပ်ချုပ်ရေးပြောင်းသွားမယ်ဆိုကြပါစို့.... ဘယ်လိုဝါဒ လာမယ်ဆိုတာ မပြောနိုင်ဘူး ဦးဘအုန်းရေ.... (မှန်ပါ့) အကယ်၍ မိစ္ဆာမင်းလာယင်မိစ္ဆာဒိဋ္ဌိခြုံတွေ ဖုံးသွားတာဘဲ....(မှန်ပါ့) မိစ္ဆာဒိဋ္ဌိခြုံ ဖုံးယင် ဒီ အသစ်ဟာ သွားတဲ့ မဂ္ဂင်, အသစ်ဘဂါမိမဂ်လမ်းကလေးဟာက မောင်ဘသေ ပျောက်ပြီ... (ပျောက်ပါပြီဘုရား)မပျောက်သေးဘူးလား....(ပျောက်ပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ့မှာ အချိန်ရဆဲမှာ ဇီလမ်းအလုပ်ကို မြန်မြန် ရှင်းပြီးသကာလ မြန်မြန်ရောက်တော့မှ အေးမှာဟ... ၊ ဒီလမ်းကလဲ ဖုံးလုပြီ....(မှန်ပါ့) ဘယ်နှယ်ဆိုကြမယ်....(ဒီလမ်းကလဲ ဖုံးလုပါပြီ)သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

တကာကြွယ် သဘောကျရဲ့လား....(ကျပါတယ်) အင်း.... ဒီလမ်းက ကွယ်တော့မယ်နော်....(မှန်ပါ့)တယ်မကြာဘူးနောက် နှစ်ပေါင်း တရာတောင် နေချင်မှ နေမယ် ဦးဘအုန်းရေ.... (မှန်ပါ့) တိုင်းပြည် အပြောင်းအလဲတွေ အမျိုးမျိုးအဖုံဖုံနဲ့ ဆိုယင် ဘယ်နှယ်နေကြမလဲ....(ကွယ်မှာပါဘုရား) အဲ....လမ်းပျောက်သွားမယ်....(မှန်ပါ့)။

အဲဒါ ဘယ်နှယ်ကြောင့် ပျောက်ရသတုံးဆိုတော့ မိစ္ဆာဒိဋ္ဌိတည်းဟူသော ငါလုပ်မှု ငါရတယ်ဆိုတဲ့ မိစ္ဆာဒိဋ္ဌိခြုံတွေက

အကုန်ဖုံးတယ် .... (မှန်ပါ့) ဒီလမ်း လိုက်ဖြစ်ပါဦးမှလား.... (မလိုက်ဖြစ်ပါဘုရား)။

စားဘို့သောက်ဘို့ ငါ့သား- ငါ့သမီး- ငါ့မြေး-ငါ့မြစ်တွေ စားဘို့သာ အရေးကြီးတယ်၊ ငါကြီးပွားဘို့သာ အရေးကြီးတယ် ဆိုပြီးသကာလ ဒီဥခြုံတွေက ဖုံးလိုက်ယင် ဒီလမ်း ဘယ်သူမှ မလိုက်တော့ဘူး... (မှန်ပါ့) လိုက်နိုင်ပါ့မလား .... (မလိုက်နိုင်ပါဘုရား)။

အခုလိုဘဲ ဒီလမ်းကလေးက တကားကြွယ်ရဲ့ လက်ထဲမှာ နည်းနည်း ကျန်ရစ်တယ်....(မှန်ပါ့) မဟုတ်ဘူးလား...၊ ဘချို့ ဦးကို-မန်းသေးဘူးဆိုကာလဲ သေချာနေပါပြီ.... (သေချာနေပါပြီဘုရား)။

ကိုင်း....ဒါဖြင့် အသစ်တ သွားချင်လို့ ရှိယင် အသစ်ကလမ်းက သွားမှရမယ်... (မှန်ပါ့) အသစ်တနိုဗ္ဗာန်သွားချင်ယင်.... (အသစ်တလမ်းက သွားမှ ရမှာပါဘုရား) အသစ်တလမ်းဆိုတာ မဂ္ဂင်ငါးပါးနဲ့ မဂ္ဂင်ရှစ်ပါးလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) အသစ်တ သွားလမ်းဟာ .... (မဂ္ဂင် ငါးပါးနဲ့ မဂ္ဂင်ရှစ်ပါးပါဘုရား)။

အဲ....ဒါဖြင့် မဂ္ဂင်ရှစ်ပါးနဲ့ မဂ္ဂင်ငါးပါးကလဲ တကာတကာ မတွေ့က သေသေချာချာ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ဒီဟာတွေကို အဖြစ် အပျက်ဒုက္ခသစ္စာ မမြင်ဘဲနဲ့ ဒီနေရာမှာ ပေါ်ကို-မပေါ်ဘူး.... (မပေါ်ပါဘုရား) ပေါ်ပါ့မလား....(မပေါ်ပါဘုရား)။

၂-နံပါတ်တွေကို ဖြစ်ပျက် မမြင်သ၍-ကာလပတ်လုံး မြင်တဲ့ မဂ်ဟာ မပေါ်နိုင်ဘူး....(မပေါ်နိုင်ပါဘုရား) ဖြစ်ပျက်ကို မြင်ယင်ဖြင့် မြင်တယ် မဂ်ကို....(မှန်ပါ့)ဖြစ်ပျက်ကို မမြင်သေးယင် (မပေါ်ပါဘုရား) အသခ််တဂါမိမဂ်က သူပေါ်ပလား (မပေါ်ပါဘုရား)။

ဒါဖြင့် တကာကြွယ်ရေ....မြန်မြန်လုပ်....(မှန်ပါ့) ဆေသေစောယင်လဲမရနိုင်ဘူး....(မှန်ပါ့) ညက်ဖျင်းယင်လဲ .... (မရနိုင်ပါ) စိဒိယ မပါယင်လဲ....(မရနိုင်ပါဘုရား)။

အဲ....ဖရလို့ ရှိယင်ဖြင့် ခင်ဗျားတို့ ဘော်ဒတော်ကြောကျတော့ ကိုယ်က သံသရာငင်လယ်ထဲက မထွက်သေးဖယ့ အေး...ကျုပ် တို့ဖတော့ မတတ်နိုင်ဘူး၊ ခိုကိုးရာရှိမဲ့အောင် ဟခုခုဖတော့ ရှာထားရမှာတဲ့ဆိုဘော့ သစ်ကိုင်းခြောက် သွားတွေ့မယ်.... (မှန်ပါ့) မတွေ့ပေဘူးလား....(တွေ့မှာပါဘုရား)။

တွေ့တဲ့ဒခါကျဖတော့ ဟကာကြွယ် .... သိပ် ကြောက်စရာကောင်းတယ်....(မှန်ပါ့) ယာယီသာ ခိုရတယ်၊ နောက်ဆုံးပိတ် ကိုယ်ပါမြုပ်....(မှန်ပါ့)။

ဌက်မျောဖေါင် အားကိုးယင် ယာယီသာခိုရတယ်၊ နောက်ဆုံးပိတ်....(ကိုယ်ပါမြုပ်ပါတယ်) စီးတဲ့ လူရော အားကိုးတဲ့ ပစ္စည်းရော....(မြုပ်ပါတယ်ဘုရား)။

ဝါးဖေါင် အားကိုးလိုက်တယ် ပင်လယ်ထဲမှာ....(မှန်ပါ့) ခိုတဲ့ပုဂ္ဂိုလ်ရော, ဝါးဖေါင်ရော....(မြုပ်ပါတယ်ဘုရား) မြုပ်မှာဘဲဆိုတော့ တကာကြွယ်ရေ· ဒါဖြင့် အားကိုးရာ အစစ်ဟာ အသခ််တဂါမိမဂ်ဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ကြိုးစား လုပ်ကြစမ်းပါဆိုတော့ ကိုင်း.... တကာ တကာတို့ မနေ့က ဝင်ရိုးကျိုးတာ ဟောခဲ့ပြီ၊ ဒီနေတော့ဖြင့်တဲ့ ဒီဘက်လမ်း မကူးအောင် ဟောမယ်....(မှန်ပါ့) ၃-နံပါတ် မကူးအောင် ဟောတဲ့နေ့လို့ မှတ်ပါ....(မှန်ပါ့)ရှင်းပလား .... (ရှင်းပါပြီ)၃-နံပါတ်မှကူးအောင်....(ဟောတဲ့နေ့ပါဘုရား)။

ကိုင်း... ဒါဖြင့် ၃-နံပါတ် မကူးအောင် တကာ တကာမတို့ မြင်စိတ်ကလေး လေ့လဲ ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

အဲ....ဒီထဲမှာ မြင်စိတ်ရှိတယ်....(မှန်ပါ့) သဋ္ဌာယတနဆိုတာ မနာယတနစိတ်တွေပေါ့ဗျာ .... (မှန်ပါ့) အဲဒီ စိတ်ကလေးကို ကိုယ် သန္ဓာန် ဒါက ပုံစံပြတာ.... (မှန်ပါ့ဘုရား) မြင်ရသည်နဲ့ တပြိုင်နက်တည်း မြင်စိတ်ပေါ်လို့ ရှိယင်ဖြင့် မြင်စိတ် ဖြစ်ပျက်ရှု....(မှန်ပါ့ဘုရား)။

ဒါဖြင့် မြင်စိတ်က ဖြစ်ပျက်၊ ရှုတာက ဒီနေရာ မင်္ဂပေါ်တယ်....(ပေါ်ပါတယ်ဘုရား)ကြားစိတ်ကလေးနားထဲ ပေါ်ပြန်တော့ကော....(ဖြစ်ပျက်ရှုနေပါမယ်) အဲ- ဖြစ်ပျက်ရှုလိုက်၊ ကြားစိတ်ကဖြစ်ပျက်၊ ရှုတာက.... (မင်္ဂပါဘုရား) အင်း....ဒါဖြင့် အာသဒ်တဂါမိမင်္ဂေါ် ပေါ်လာတယ်....(မှန်ပါ့)။

နှာခေါင်းထဲ မွှေးတယ်၊နံတယ်ရယ်လို့ ရှုမိပြန်ယင်... (ဖြစ်ပျက်ရှုရပါမယ်) အဲဒီ့ ရှုတဲ့စိတ်ကလေးဖြစ်ပျက်ရှု.... (မှန်ပါ့)။

နောက်က လိုက်မိအောင် လိုက်ပါ၊ လိုက်လိုက်တဲ့ အခါကျတော့ ဖြစ်ပျက်တွေ့ပါတယ်....(မှန်ပါ့)အဲဒီ့ မင်္ဂကလေးဟာ အာသဒ်တဂါမိမင်္ဂ်....(မှန်ပါ့) နိဗ္ဗာန်ဆောက်ကြောင်းမင်္ဂ်ဘဲ....

(မှန်ပါ့)အသစ်တ သွားကြေငင်းမဂ်ဘဲ.... (ဝါ) ခရီးဘဲဆိုတာ သေချာပလား.... (သေချာပါပြီ)။

ကိုင်း... တခါသွားပါဦး၊ ကိုယ်ပေါ်မှာ ယားတယ် ယံတယ် ဆိုတဲ့ ဒုက္ခစိတ်ကလေးပေါ်ယင်.... (ဖြစ်ပျက်ရှုရပါမယ်) စား စိတ်ကလေးပေါ်ယင်.... (ဖြစ်ပျက်ရှုပေးရမယ်) ကိုယ်ပေါ်မှာ လေကလေးဘာလေးတိုက်လို့ ခံသာတဲ့စိတ်ကလေးပေါ်ယင်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဝမ်းထဲ လောဘကလေး ပေါ်ယင်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

လောဘပေါ်တယ်လို့ အောင့်မထားနဲ့ ဖြစ်ပျက်ရှု....(မှန်လှပါဘုရား) ဒေါသစိတ်ကလေးပေါ်ယင်ကော....(ဖြစ်ပျက်ရှုရပါမယ်) သံသယဝိစိကိစ္ဆာဖပေါ်လာယင်.... (ဖြစ်ပျက်ရှုရပါမယ်) စိတ်ကလေးဟာ ပျံ့လွင့်တယ်ဆိုယင်... (ဖြစ်ပျက်ရှုရပါမယ်)။

အဲ... သူကဖြစ်ပျက်ဆိုယင်ရှုတာကဟာတုံး... (မှန်ပါဘုရား) အဲဒါအသစ်တပါမိမဂ်ဘဲ....(မှန်ပါ့)။

တခါတလေကျတော့ ပေးချင်ငမ်းချင်တဲ့စိတ်ကလေး ပေါ်လာယင်.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်သာရှု-မရှုမရှိနဲ့.... (မှန်ပါ့)။

တော်တော်ကြာ မေတ္တာပို့လိုက်တဲ့စိတ်ကလေး ပေါ်လာယင်... (ဖြစ်ပျက်ရှုရပါမယ်)ဖြစ်ပျက်ရှုပါ။

တော်တော်ကြာကျတော့ ဘာမှမရှိတဲ့ အခါကျတော့ လေထုတ်တဲ့စိတ်ကလေးကိုလဲ ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်) လေပြန်ရှိုက်တဲ့ စိတ်ကလေးကော.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲဒီတော့ ဒါတွေလှည့်ရှုနေ၊ တာမှ မရှိလို့ရှိယင် ရှူးစိတ် ရှိုက်စိတ် ရှုရုံပေါ့....(မှန်ပါ့) ဟိုဟာပေါ်တာလဲ-ခုနင်က စက္ခု သောတ ဃာန ဇိဝှာ ကာယ- မြင်စိတ်ဓတ္တ, လောဘ, ဒေါသ မောဟ, အလောဘ, အဒေါသ,တွေ ပေါ်လာယင်လဲ တကာ ကြွယ် ဖြစ်ပျက်ရှုရုံပေါ့.... (မှန်ပါ့) ဖြစ်ပျက်ရှုလိုက်တဲ့အခါ ကျတော့ ဖြစ်ပျက်-မြင်တာကာ....(မဂ်ပါဘုရား)။

နောက် ရှုဖန်များလာတော့ ဖြစ်ပျက်တွေ့ မုန်းလာတယ်.... (မှန်ပါ့) နောက်ကျတော့ ဒီဖြစ်ပျက်ဓတ္တ ဘာတွေ့ပါလိမ့်မလဲ ဆိုပြီး ဉာဏ်ကတက်လာတယ် ...(မှန်ပါ့) ရှုတဲ့ဉာဏ်က တက်လာ တယ်၊ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာဘဲလို့ ပိုင်ပိုင်နိုင်နိုင်လဲ သိရော ဖျတ်ဆို ဒုက္ခသစ္စာချုပ်တယ်.... (မှန်ပါဘုရား) ချုပ်တော့ ဒီထဲ မှာ တခုချုပ်ယင် အကုန်ချုပ်တယ်....(မှန်ပါ့) ဒီငါးခု ရေးထား တယ်မဟုတ်လား.... (မှန်ပါ့) အကုန်ချုပ်တယ်.... (ဤနေရာ၌ စက်ဝိုင်းကိုထောက်၍ ပြတော်မူသည်) အကုန်ချုပ်ပြီးသကာလ ဒီဘက်ကဟာ ပေါ်လာတယ်....(မှန်ပါ့ဘုရား)ဝေဒနာနိရောဓါ တဏှာနိရောဓါနိဗ္ဗာနံဆိုတဲ့ အသင်္ခတပေါ်လာတယ်....(မှန်ပါ့ ဘုရား) ဘာပေါ်လာသလဲ.... (အသင်္ခတပေါ်လာပါတယ်)။

အသင်္ခတပေါ်လာတော့ ကိုတဲ့ အသင်္ခတကိုဘာနဲ့ မြင်သတုံး မေးတော့ ခုနင်က ရှုနေတဲ့ မဂ်နဲ့ဘဲမြင်တယ်....(မှန်ပါ့)ဒါဖြင့် သူပို့တာဘဲ....(မှန်ပါ့)။

ဘယ်သူက ပို့တာတုံး.... (မဂ္ဂင်ကပါဘုရား) မဂ္ဂင်တာဘဲ ပို့ တယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ရှေးက ဒီနေရာ မမြင်ဘူးပါဘူး.... (မှန်ပါ့) တကာကြွယ် ရှေးက....(မမြင်ဘူးပါဘုရား) အင်း....အခုဘယ်သူပြလို့ မြင်ရပါ

လိမ့်....(မဂ္ဂင်ပြလို့.မြင်ရပါတယ်ဘုရား)မဂ္ဂင်ကပြလို့. မြင်ရတာယ် ဆိုတာ သေချာပလား....(သေချာပါပြီ)။

ဒါဖြင့် သူပြလို့.မြင်လို့.ရှိယင်ဖြင့် ဩဩ....ဒါ မသေရာမှန် အသစ်တနိဗ္ဗာန်ဆိုတာ ဒါဘဲ.... (မှန်ပါဘုရား) မသေရာမှန် အသစ်တနိဗ္ဗာန်ဆိုတာ ဒါဘဲ.... (မှန်ပါ)ဒါကို မဂ္ဂင်နဲ့.မြင်ပြီး သကာလ နေတော့ အဲဒီအချိန်ကျတော့ တကာတကာမတို့ ခန္ဓာ ဘက်ရှုပေး.... (မှန်ပါ) ခန္ဓာရှုယင် မြင်တော့ နေသေးတယ် နော်....(မှန်ပါ)မြင်တော့နေသည့်အတွက် ဩဩ-ဒါသည်ကား လို့.ဆိုယင် ဘာပါလိမ့်.... အို...မသေရာကို မြင်ထားတယ်.... (မှန်ပါ)။

မသေရာကို မြင်ထားတယ် တကာ တကာမတို့.... (မှန်ပါ) မသေရာကို မြင်ထားတဲ့နေ့ဖြင့် အို..စုတေသွားလို့.ရှိယင် ဒီ-နေရာ မင်္ဂလာက်ဘယ်.... (မှန်ပါ) မသေတဲ့နေရာရောက်မယ်.... (ရောက်ပါတယ်ဘုရား)။

ခုနင်က ဝါးဖေါင်တွေအားကိုးတဲ့ပုဂ္ဂိုလ်ကတော့ သေရာဘဲ ရောက်တယ်....(မှန်ပါ) ဒီသေပြီးသကာလ ဟိုမှာ-ဘာဖြစ်ဦးမှာ ပါလိမ့်....(သေရာရောက်ပါတယ်)ခဏတော့နေဦးမှာပေါ့လေ.... (မှန်ပါ)ပြီးတော့ ဘာဖြစ်မလဲ....(သေရမှာပါဘုရား)။

အင်း....ဒီကသေပြီးတော့လဲ ဟိုမှာ သေရာဌာနဘဲ သွားရ တယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် မသေရာ ဆိုစာသည် အသစ်တဘဲ.... (မှန်ပါ) အသစ်တဆိုတဲ့ဥစ္စာ တကာ တကာမတို့ ဘယ်သူမှ မပြုပြင်ဘဲနဲ့ ခိုင်မြဲနေတဲ့တရား.... (မှန်လှပါဘုရား)အဲဒါ ဘာခေါ်ကြမယ်...

(အသစ်တပါ) ဘယ်သူမှမပြုပြင်ဘဲနဲ့ ခိုင်မြဲတဲ့တရား ဘာခေါ်ကြမယ်....(အသစ်တပါဘုရား)။

အဲဒီ အသစ်တ တရားကို ခင်ဗျားတို့ ဖြစ်ပျက်ဆုံးအောင် ရှုနိုင်တဲ့ပုဂ္ဂိုလ် ကိုယ်တိုင်မြင်ရလိမ့်မယ်.... (မှန်ပါ့) ဖြစ်ပျက်ဆုံးအောင်ရှုနိုင်တဲ့ ပုဂ္ဂိုလ်.... (ကိုယ်တိုင်မြင်ရမှာပါ) ကိုယ်တိုင်မြင်ရတော့ အမြင်ခံရတဲ့ အသစ်တ-က နိုဗ္ဗာန်....(မှန်ပါ့)ခင်ဗျားတို့ ပြောနေကျ နိုဗ္ဗာန်....(မှန်ပါ့) မြင်နေတာက မျက်လုံးနဲ့မြင်စာမဟုတ်ဘူး၊ မဂ်ဉာဏ်နဲ့,မြင်တာ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဘာနဲ့မြင်တာပါလိမ့်.... (မဂ်ဉာဏ်နဲ့မြင်တာပါ) မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ် တွေနဲ့ မြင်ပါတယ်....(မှန်ပါ့ ဘုရား) သဘောကျပလား... (ကျပါပြီ)။

ဒါဖြင့် အသစ်တက နိုဗ္ဗာန်....(မှန်ပါ့) အသစ်ဘဂါမိမဂ်က မဂ်ဉာဏ်.... (မှန်ပါ့) ဖိုလ်ဉာဏ်— သဘောကျပလား.... (ကျပါပြီ)။

ဒီလိုဆိုတော့ ဦးဘအုန်းရေ သေချာပြီလို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ကိုယ်မြင်ထားတဲ့နေရာ ဒီတခါမြင်ပြီးလို့ရှိယင် ဖြင့် ဒါ-ငါ၏ ဧရာက်ရာဌာနဆိုတာ ကိုယ်.ဟာကိုယ် ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

ကိုယ်.ဟာကိုယ်ဆုံးဖြတ်ချက်ချထားတော့ ဖျတ်ဆိုစုတေကျအဲဒီဘဲရောက်သွားတယ်....(မှန်ပါ့) နဂိုရိုးကိုကလဲ ချမ်းသာနေတယ်....(မှန်ပါ့)။

နဂိုရိုးကိုက သူ့ဟာ သူလဲစိတ်ထဲမှာ အဲဒါမြင်ပြီးတဲ့ အချိန်က စပြီး တခါတည်း တကာကြွယ်တို့မှတ်လိုက်ပါ၊ သြော်....ငါသည် ဘာဝး အပါယ်လေးပါး တံခါးပိတ်ပြီလို့ သူ့ဟာသူသိတယ်.... (မှန်ပါ့ဘုရား)။

ဒီဟာ မြင်ပြီးတဲ့ ပုဂ္ဂိုလ်က.... (သူ့ဟာသူ သိပါတယ်ဘုရား) အပါယ်လေးပါး တံခါးပိတ်တယ်ဆိုတာ သူမျှား မမေးရဘူး.... (မှန်ပါ့) ငါလေယင် အပါယ် မသွားဘူးဆိုတာလဲ သူသိတယ်.... (သိပါတယ်ဘုရား) သဘောကျပလား.... (ကျေပါပြီဘုရား)

ဒါဖြင့် ဒီဉာဏ်သည် တကာတကာမတို့ ဥာဏ်ထိုင်းတဲ့ ပုဂ္ဂိုလ်ကိုလဲ တခါတည်း ဆုံးဖြတ်ချက် ချပါ..... (မှန်ပါ့) မင့်ဟာ အပါယ် မသွားတော့ဘူး....(မှန်ပါ့) ဟိုဟာ မင်းမြင်တာ နိဗ္ဗာန်ဘဲ....(မှန်ပါ့)။

အဲဒီတော့- မင်းသည်ကားလို့ ဆိုယင် ဘာမှ ပူဆွေးသောက် ဗျာပါရ မရှိတော့ဘူး....(မှန်ပါ့) ငါးပါးသီလလဲ လုံသွားပြီ.... (မှန်လှပါဘုရား) သဘောကျပလား....(ကျေပါပြီ)။

ဒီဟာလုံပြီ၊ အပါယ်လေးပါး တံခါးပိတ်တာလဲ သူ့ဟာသူ သိတယ်.... (မှန်ပါ့ဘုရား) ငါးပါးသီလလဲ ဘယ်လို လွန်ကျူးပါဆိုလိုမှု.... (မလွန်ကျူးပါ) ခုနင်က နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ....(မှန်ပါ့)။

အသခ််တဂါမိမဂ်ကို မြင်တဲ့ ပုဂ္ဂိုလ်ကတော့ ဦးဘအုန်းရေ.... ဒါ-တော်တော့ ပုဂ္ဂိုလ်ကတော့ မဟုတ်ဘူးပေါ့ဗျာ.... (မှန်ပါ့) တဏယ် မြင်တဲ့ ပုဂ္ဂိုလ်ကတော့ တကာကြွယ် တကယ်လုံပြီ..... (မှန်ပါ့) အသက်စွန့်မယ်....၊ ငါးပါးသီလ မစွန့်ဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အပါယ်လေးပါးဆိုတာ သူ့ဟာသူ မကျဘူးလို့ သိတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ငါ သေယင်ဖြင့် ဖရိုဖရဲကျတဲ့ လမ်းကို မရောက်ဘူး.... (မှန်ပါ့)နိယတ မိစ္ဆာဒိဋ္ဌိ ဘေးတွေလဲ မသင့်တော့ဘူး....(မှန်ပါ့) ဘယ်ဆရာမှ ဘယ်တရား လာဟောလဲ မရတော့ဘူး....(မရတော့ပါဘုရား)။

ဒီ နိဗ္ဗာန်ရောက်တဲ့ တရားဆိုယင် သူနာမယ်..... (မှန်ပါ့) ဒီ့ပြင် တရားဆိုယင်....(မနာပါ) ဒီ့ပြင်တရား မနာတော့ပါဘူး ဆိုပြီး အယူတွေလဲ ကင်းသွားတယ်....(မှန်ပါ့)။

အဲဒါ.... ဘယ်သူ့ သတ္တိပါလိမ့်မတုံးဆိုတော့ အားကိုးထုရတဲ့ မဂ်သတ္တိ.....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ဒါဖြင့် တကာ တကာမတို့ ဖြစ်ပျက် မြင်အောင်လုပ်ပါ.... (မှန်ပါ့) ၂-နံပါတ်ထဲက ဖြစ်ပျက်ကို.... (မြင်အောင်လုပ်ရပါမယ်) စိတ်ရှယင် စိတ် ဖြစ်ပျက် မြင်ယင် ပြီးဘာဘဲ.... (မှန်ပါ့) ဝေဒနာရှတဲ့ ပုဂ္ဂိုလ်.... (ဝေဒနာဖြစ်ပျက် မြင်ယင် ပြီးဘာပါဘဲဘုရား)။

အဲ... မြင်ပြီး သကာလ မြင်ရုက-မနပြီး ကြိုးစားရှ မုန်းညာဏ် ရောက်မှာဘဲ....(မှန်ပါ့)မုန်းညာဏ်က-ဒနပြီး ဆုံးညာဏ် ရောက်မှာဘဲ....(မှန်ပါ့ဘုရား)။

ရောက်လို့ ရှိယင်ဖြင့် ခင်ဗျားတို့ အားကိုးထုအစစ် ကိုယ်ပိုင် ဖြစ်ပြီလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

ကိုင်း... ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင် သီတင်းသုံး

နေထိုင်တော် မူသော

ကျေးဇူးတော်ရှင် , အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား - အမရပူရမြို့ ဓမ္မာရုံ၌

ဟောကြားတော်မူသော

ခန္ဓာဖြစ်စဉ် စက်ဝိုင်းထောက်ပြ၍ ဟောတော်မူသော

ပဋိစ္စသမုပ္ပါဒ်တရားတော် (၂၂)

(၁၄-၁၂-၆၁)

ဘုးဆုးသခင် ကိုယ်တော်မြတ်ကြီးက တကာ တကာမတွေ.... နှလုံးသွင်း မလဲ့စေနဲ့လို့ သေသေချာချာ ဟောဝယ်-နော်.... (မှန်ပါ့)။

"ယောနိသော ဘိက္ခဝေ မနသိကရောတော မဟာဒေတာ အာထွားယ သံဝတ္တတိ" ဒီလိုဟောလိုက်တယ်....(မှန်ပါ့)။

ဘိက္ခဝေ=ရဟန်းတို့၊ယောနိသောမနသိကရောတော=အသင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား (ဝါ) မှန်ကန်အောင် နှလုံးသွင်းသော ပုဂ္ဂိုလ်အား၊ မဟာတော=ကြီးစွာသော၊ အတ္တာယ=ကျိုးငှါ၊ သံဝတ္တတိ=ဖြစ်၏။ နှလုံးသွင်းမှန်ယင် နိဗ္ဗာန် ရောက်တယ် ဟေ့....တဲ့- (မှန်ပါ့ဘုရား)။

နှလုံးသွင်းမှန်ယင်.... (မှန်ဗ္ဗာန် ရောက်ပါတယ်ဘုရား) သေသေချာချာ မှတ်ကြပါ့ တကာ တကာမတို့- နှလုံးသွင်း မှန်ယင်

နိဗ္ဗာန် ရောက်တယ်.... (မှန်ပါ့ဘုရား) နှလုံးသွင်း မှန်လို့ ရှိယင်... (နိဗ္ဗာန်ရောက်ပါ့တယ်ဘုရား)။

ဩော်....ဒါဖြင့်.... နိဗ္ဗာန်ရောက်ဘို့ရာ အလုပ်တခုကို ယနေ့ တခါ ထူးထူးခြားခြား ဘုရားက ဟောပြန်တော့.... နှလုံးသွင်း မှန်လို့ ရှိယင်ဖြင့် နိဗ္ဗာန် ရောက်တာဘဲ....(မှန်ပါ့)။

"ယောနိသောဘိက္ခဝေ မနသိကရောတော" ယောနိသော= အာသင့်အားဖြင့်၊ မနသိကရော။ တာ= နှလုံးသွင်းသော ပုဂ္ဂိုလ် အား၊ မဟာတော=ကြီးစွာသော၊ အတ္ထာယ= နိဗ္ဗာန်အကျိုးငှါ သံဝတ္တတိ= ဖြစ်၏-လို့ ဆိုသဖြင့်တဲ့.... ဩော်.... နှလုံးသွင်း မှန်ယင် နိဗ္ဗာန်ရောက်တယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုမှတ်ကြမယ်....(နှလုံးသွင်း မှန်ယင် နိဗ္ဗာန်ရောက်ပါ့တယ်ဘုရား)။

နှလုံးသွင်း မှန်ယင် နိဗ္ဗာန်ရောက်တယ်လို့ ဆိုသေးကြောင့် တကာကြွယ်ရေ ဒီလိုမှတ်ကြစို့ တော့-နော်.... (မှန်ပါ့) ပြုန်းကနဲဆိုတော့ နှလုံးသွင်းမှန်ဆိုတာ.... ဘာမှန်းမသိဘဲ နေမှာ စိုးရတယ်....(မှန်ပါ့ဘုရား)။

ဒီ- ခန္ဓာကိုယ်ကြီးက ပင်ကိုယ်ကလဲ-တဲ့- သဗ္ဗသင်္ခါရ အနိစ္စ ဆိုသောကြောင့်.... ဖြစ်ပြီး ပျက်တဲ့ အနိစ္စဘဲ..... (မှန်ပါ့ဘုရား) ဝေဒနာ ကြည့်လိုက်လဲ အနိစ္စဘဲ....(မှန်ပါ့ဘုရား) ရုပ်ကြည့်လိုက်လဲ....(အနိစ္စပါဘဲဘုရား)။

ဒီလို တွေ့လို့ ရှိယင်ဖြင့် ခန္ဓာထဲမှာ မျက်လုံးမှိတ်ပြီး ဉာဏ်နဲ့ ကြည့်လိုက်တဲ့ အခါကျလို့ ရှိယင် ဝေဒနာကလေးတွေ ကြည့်လိုက်လဲ ဒီနေရာပေါ်- ဒီနေရာပျောက်၊ အနိစ္စကလေးတွေဘဲ.... (မှန်ပါ့ဘုရား) စိတ်ကလေးတွေလဲ အင်း....စားချင်တဲ့ စိတ်

ကလေး ပေါ်တာလဲ ပေါ်တဲ့နေရာမှာဘဲ ပျောက်သွားတာဘဲ-
(မှန်ပါ့) စဉ်းလိုက်ရတယ်လို့ မရှိပါဘူး....(မရှိပါဘုရား)။

လောဘ စိတ်ကလေး ပေါ်လာလဲ.... ပေါ်ကဲ့ နေရာမှာဘဲ ပျောက်သွားတာဘဲ၊ အနိစ္စဇာလေးတွေဘဲ ပြောသွားတာဘဲ.... (မှန်ပါဘုရား)။

အဲဒီတော့ ဒါဟာ နှလုံးသွင်းမှန်တဲ့ ပုဂ္ဂိုလ်ကျတော့ ငါလဲ မတွေ့ဘူး၊ သူလဲ မတွေ့ဘူး၊ ပျောက်ပျက်တာချည်းတွေ့တယ်.... (မှန်ပါဘုရား)။

နှလုံးသွင်း မှန်တဲ့ ပုဂ္ဂိုလ်မှာ.... (ပျောက်ပျက်တာချည်းတွေ့ပါတယ်ဘုရား) ငါ- သူ မတွေ့ဘဲနဲ့ ပျောက်ပျက်တာချည်းတွေ့တယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဒါဖြင့် ငါ-သူ မတွေ့....၊ ပျောက်ပျက်တာချည်း တွေ့လို့ ရှိယင်ဖြင့် တကာကြွယ်ရေ....ဒါ-အနိစ္စတွေ့တယ်- (မှန်ပါဘုရား) ဘယ် နှယ်ကြောင့် အနိစ္စ တွေ့ပါလိမ့်မတုံး-လို့ တကာတကာမ တွေ့ကဲ့ မေးတဲ့အခါကျတော့ အရင်တုန်းက နှလုံးသွင်းမှားနေ တုန်းကတော့ ငါစိတ်....(မှန်ပါ့) သြော်... စိတ်ကို ငါလုပ်ထား တယ်၊ နှလုံးသွင်းမှားတုန်းကလေ....(မှန်ပါဘုရား) ငါ ကောင်း စားတာ ဝေဒနာ ငါလုပ်ထားတယ်.... (မှန်ပါဘုရား) ငါ နာတာ....(မှန်ပါ့)ဝေဒနာ ငါလုပ်ထားတယ်.... (မှန်ပါ့) ငါ တွေ့တာ ဖဿ ငါလုပ်ထားတယ်.... (မှန်ပါ့) ငါသိတာ.... စိတ်ကို ငါလုပ်ထားတယ်....(မှန်ပါဘုရား) မလုပ်ဘူးလား.... (လုပ်ပါ၏ စာယ်ဘုရား)။

အဲဒါ.... ဦးဘအုန်းတို့ လူစုအားလုံး တကာတကာတွေက မှတ်ဘို့ရာက နှလုံးသွင်းမှားနေတယ်.... (မှန်ပါဘုရား)။

နှလုံးသွင်း မှားတော့ ကိုယ်ခန္ဓာငါးပါးတခု ပေါ်လာလဲ ငါလုံပ်ထားတယ်....(မှန်ပါ) နောက်- ဝေဒနာ ပေါ်လာလဲ.... (ငါလုပ်သားပါတယ်) ငါနာတယ်....(မှန်ပါ) နောက်ဝေဒနာ ပေါ်လာလဲ....(ငါလုပ်ထားပါတယ်)ငါ-နာတယ်၊ ဒုက္ခဝေဒနာ ငါလုပ်ပြီ.... (မှန်ပါ) ငါ-ကောင်းစားတယ်.... (သုခ ဝေဒနာ ငါလုပ်ပါတယ်) သုခဝေဒနာကို ငါလုပ်ထားပြီ.... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ... ငါမြင်တယ်ဆိုတော့ ဥပေက္ခာဝေဒနာက မြင်တာကို ငါလုပ်ထားတယ်ဆိုတော့ နှလုံးသွင်း မှားနေကြပြီ.... (မှန်ပါဘုရား) ဘယ်လိုဆိုကြမယ်....(နှလုံးသွင်းမှားနေကြပါပြီဘုရား)။

နှလုံးသွင်းမှားသွားတဲ့ အခါကျတော့ နှလုံးသွင်းမှားတာက ဒီဌိ....(မှန်ပါ) ဒီဌိနောက်က ဒိဋ္ဌိပါဒါနံ လိုက်လာလိမ့်မယ်.... (မှန်ပါ) မလိုက်ဘူးလား.... (လိုက်လာပါတယ်ဘုရား)။

အဲဒီ ဥပါဒါန် လိုက်လို့ရှိယင် ကံကကော မလိုက်ပေဘူးလား- (လိုက်ပါတယ်ဘုရား)ဥပါဒါနပစ္စယာ ကမ္မဘဝေါကော မလိုက်ပေဘူးလား... (လိုက်ပါတယ်ဘုရား)။

သွားရောပေါ့ နှလုံးသွင်းမှားလိုက်တာ တကာတကာမတို့ ဒီဌိ ဒိဋ္ဌိပါဒါန်၊ ဒီဌိ အုပ်ချုပ်တဲ့ကံဆိုပြီးသကာလ လိုက်လာတော့ ကမ္မဘဝေါစယာ-အပါယ်ဇာတိ....(မှန်ပါဘုရား) အပါယ်ဇာတိရောက်ပြီ....(ရောက်ပါပြီဘုရား)။

အဲဒါ ကကာတကာမတွေက စဉ်းစားပါလား....ဘာဖြစ်လို့ ပါလိမ့်မတုံး....(နှလုံးသွင်းမှားလို့ပါဘုရား)။

ဩော်....နှလုံးလုံးမှားကဲ့ဖြစ်ချက်ဟာ တကာကြွယ်အပါယ် တောင်ရောက်ပါလား.... (ရောက်ပါတယ်ဘုရား) နှလုံးသွင်းမှားတဲ့ ဖြစ်ချက်ဟာ....(အပါယ်ဘောင်ရောက်ပါတယ်ဘုရား)။

အပါယ်တောင် ရောက်သွားတယ်ဆိုတော့ ဩော်....ဒါဖြင့် နှလုံးသွင်းမှားတဲ့ အဖြစ်ဟာအဖြစ်ဆိုးကြီးလို့ မောင်ဘသော်တို့ မှတ်ရတော့မယ်....(မှန်ပါ့)။

နှလုံးသွင်းမှားတဲ့ အဖြစ်ဟာ.... (အဖြစ်ဆိုးကြီးပါဘုရား) ဘယ်သူမှလဲ သတ်တာမဟုတ်ဘူး၊ ဘယ်သူ့ပစ္စည်းမှလဲ ခိုးတာမဟုတ်ဘူး.... (မှန်ပါ့) တကာတကာမှတို့ အလကား နေရင်း နှလုံးသွင်းမှားတာနဲ့ ခန္ဓာငါးပါး ငါ-လုပ်မိတာနဲ့ ကကာကြွယ်တို့ မောင်ဘသော်တို့အပါယ်ရောက်သွားတယ်....(မှန်ပါ့ဘုရား) ဒါဘာဖြစ်လို့ ရောက်ပါလိမ့်.... (နှလုံးသွင်းမှားလို့ပါဘုရား)။

ဩော်....တကာဘကာမတို့ ... (နှလုံးသွင်းမှားတဲ့ အဖြစ်ဟာ သေးသေးလား-အောက်မေ့တယ် အလွန် ကြီးကျယ်ပါသား.... (ကြီးကျယ်ပါတယ် ဘုရား) ဉာဏ်နဲ့ နားထောင်ကြည့်ပါ....၊ ဉာဏ်နဲ့နားထောင်ကြည့်ပါနှလုံးသွင်းမှားတဲ့ အဖြစ်အနာတော်ကြီးတယ်....(ကြီးပါတယ်ဘုရား)။

တကာကြွယ် ကိုယ် ကိုယ်တိုင် တွေ့ပြီးပြီ မဟုတ်သားဗျာ.... (တွေ့ပြီးပါပြီဘုရား) ဒါ-ငါ့သမီးကလေးလို့ ဆိုပြီး သကာလ ခန္ဓာငါးပါးကို သမီးရယ်လို့ နှလုံးသွင်းလိုက်လို့ ရှိယင်ဖြင့် တခါတည်း စိတ်မချတဲ့ ဒေါသတွေပေါ်လာတယ် ... (ပေါ်လာပါတယ်ဘုရား)။

ဒေါသလိုက်ပြီး သကာလ.... သောကက သူ့အတွက် စိုးရိမ်တယ်၊ ဘယ်နှယ်လဲပ်ရပါမတုံး.... လို့.... (မှန်ပါ့) ပရိဒေဝကတယောက်ထည်းများမျက်ရည်ကျတယ်....(မှန်ပါဘုရား) ဒုက္ခကကိုယ်၏ဆင်းရဲခြင်း၊ ဒေါမနဿက စိတ်၏ဆင်းရဲခြင်း....(မှန်ပါ့) ဥပါယာသက အိပ်မပျော်ခြင်းအောင် ပူခြင်း....(မှန်ပါဘုရား)။

ဘာဖြစ်လို့ ဒီလောက်တောင် သူ့ဟာသူ တယောက်ဘည်း ဘာဖြစ်နေပါလိမ့်မတုံး....(နှလုံးသွင်းမှားလို့ပါဘုရား)ဩဝါဒနိစ္စ,ဒုက္ခ,အနတ္တကို သမီးကလေး လုပ်ပစ်လိုက်တယ်... (မှန်ပါဘုရား) သမီးရယ်လို့ နှလုံးသွင်းမှားလိုက်တယ်.... (မှန်ပါ့)။

တကာ တကာမတို့ ဒုက္ခလိုက်မလာဘူးလား.... (လိုက်လာပါတယ်ဘုရား) သောကကော.... (လိုက်ပါတယ်ဘုရား) တယောက်ထည်းမျက်ရည်ကျတာကော....(လိုက်ပါတယ်ဘုရား) ပရိဒေဝပေါ့နော်....(မှန်ပါ့) ကိုယ်၏ဆင်းရဲခြင်း ဒုက္ခကော.... (လိုက်ပါတယ်ဘုရား) စိတ်၏ဆင်းရဲခြင်း ဒေါမနဿကော.... (လိုက်ပါဘယ်ဘုရား) တခါတည်း ပြင်းပြအောင် ပူပန်တဲ့ဥပါယာသကော... (လိုက်ပါတယ်ဘုရား)။

အင်း.. ဒီလိုလိုက်လာတော့ သောကပရိဒေဝဒုက္ခဒေါမနဿဥပါယာသဆိုတာ မသိတဲ့ပုဂ္ဂိုလ်မို့ ဖြစ်သောကြောင့် အဝိဇ္ဇာကလဲ တဲ့ပါလာတယ်....(တဲ့ပါလာပါတယ်ဘုရား)။

တဲ့ပါလာသောကြောင့် အဝိဇ္ဇာပစ္စယာသင်္ခါရာ.... (မှန်ပါဘုရား) သင်္ခါရပစ္စယာ....(ဝိညာဏ်ပါဘုရား) ဝိညာဏ်ဆိုလို့ ရှိယင် တကာတကာမတို့မှာ သင်္ခါရသည် ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေတယ်....(မှန်ပါဘုရား) အင်း....အပါယ်လေးပါးကို ကျတယ်....(ကျပါတယ်ဘုရား)။

တကာကြွယ်ဘာဖြစ်လို့ ဒီအမေ အိပ်ရာထဲက အပါယ်သွား ပါလိမ့်....(နှလုံးသွင်းမှားလို့ပါဘုရား)။

ဩော်..... တကာတကာမတွေ.... ဒီနေ့ ဟောမည့် တရားက ခင်ဗျားတို့ သူ့အသက်မသတ်-သူ့ပစ္စည်းမခိုး-မုသားမပြောဘဲနဲ့ အပါယ်သွားတဲ့တရား....(မှန်ပါဘုရား)။

ဘယ်နှယ်ကြောင့် ဒီတရားတွေ ဒီလိုပေါ်ပေါက်လာပါလိမ့် မတုံးလို့မေးတဲ့အခါ ဆရာကောင်း, သမားကောင်း, သူတော် ကောင်းတရားမနာရလို့နှလုံးသွင်းမှားသွားတယ်....(မှန်ပါ့)။

ခန္ဓာငါးပါး အနိစ္စ ဒုက္ခ အနတ္တ တရားကို သမီးလုပ်ပစ် လိုက်တယ်....(မှန်ပါ့)သားလုပ်ပစ်လိုက်တဲ့ အတွက်-တဲ့ ကျုပ်တို့ သားပေမဲ့လဲ သမီးလိုဘဲ ပူနေရတာပါဘဲ.....(မှန်ပါဘုရား)။

အံမာလေး တကာတကာမတွေဖြစ်နေလိုက်တာ....(မှန်ပါ့) သူမျှားတော့ သမီးပူ.... (မှန်ပါ့) သူတို့ကတော့ သမီးဆိုတော့ သမီးပူပူတာဘဲ....(မှန်ပါ့) ကျုပ်ဘို့မှာလဲ သားဆိုတော့ ဘယ် သွားသွား စိတ်ချရတယ်မရှိဘူး....(မှန်ပါ့) အိမ်ပြန်လာမှဘဲ တံခါးပိတ်ပြီးတော့မှဘဲ သူတို့ ပြန်လာမှဘဲ.... ဘဝင် အေးပြီး အိပ်မိတော့တယ်....(မှန်ပါ့)။

အင်း-မပြန်လာသေးယင် ဘယ်နှယ်နေကြသလဲ....(မအိပ်မိ သေးပါဘုရား) မအိပ်မိသေးဘူးဆိုတာ ရိပ်မိပလား.... (ရိပ်မိ ပါပြီဘုရား)။

ဟ....ဘာဖြစ်လို့ မအိပ်တာတုံး တကာကြွယ်ရ ပြောပါဦး.... (နှလုံးသွင်းမှားလို့ပါဘုရား) အို.... ဘယ်တုံးက မှားလိုက်တာ ပါလိမ့်။

ဘယ်တုန်းက မှားလိုက်တာတုံး ပြောလေ တစ္ဆာကြွယ်ရဲ့.... ဘယ်တုန်းကမှားလိုက်တာတုံး၊ ခန္ဓာငါးပါးကို သားသမီးလုပ်ပစ်လိုက်တယ်၊ ရှင်းပလား....(ရှင်းပါပြီ) အနိစ္စ,ဒုက္ခ,အနတ္တကို (သားသမီးလုပ်ပစ်လိုက်ပါတယ်ဘုရား)။

သားသမီးလုပ်ပစ်လိုက်တဲ့အတွက်တဲ့၊ အို-ကိုယ့် အရုပ်ကလေးနဲ့ ကိုယ်လွှမ်းဆွေးနေတာနဲ့ တယ်တူတယ်....(မှန်ပါ့)။

ကိုယ့် သစ်သား ရုပ်ကလေးနဲ့ ကိုယ့်ဟာကိုယ် ကြံဖန်ပြီး သကာလ ကိုယ့်ခေတ်ပုံနဲ့ ကိုယ်လွှမ်းဆွေးနေတာနဲ့ တယ်တူတယ်....(မှန်ပါ့) မတူဘူးလား....(တူပါတယ်ဘုရား)။

ခန္ဓာငါးပါးကို ယောကျ်ားလုပ်ပြီး မိန်းမလုပ်ပြီး သကာလ လွှမ်းဆွတ် ဆွေးနေတယ်ဆိုတော့ တကာတကာမတွေ့ စဉ်းစားကြည့်စမ်းပါလားတဲ့ သွားကိုင်ကြည့်တာလဲ ခေတ်ပုံ စက္ကူကြီး (မှန်ပါ့ဘုရား)။

ဒါကလေး ကြည့်တဲ့ပြီးသကာလ ဦးဘအုန်းရေ့ လွှမ်းတယ် ဆွေးတယ် သတိရတယ် နှစ်ပတ်လည် တွေ့မျှား လုပ်နေလိုက်တာ.... (မှန်ပါ့) ဟ- ဘားလုပ်တာတုံးဆို အို-ခေတ်ပုံကို လှူလိုပ်ပြီး နှလုံးသွင်းပြီး ဆွမ်းသွတ်နေတာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဟဲ့....ဘာဖြစ်ကြတာတုံး....(နှလုံးသွင်းပြီး ဆွမ်းသွတ်နေတာပါ) သေသေချာချာပြောပါ တကာကြွယ်ရ၊ တကာကြွယ်တို့ ဇာတ်ထုပ်က အတော်ဆိုးတယ်.... (ဆိုးပါတယ်ဘုရား) သွားကြည့်တော့လဲ ကပ်တွေနဲ့....(မှန်ပါ့)ဒါကို နှစ်ပတ်လည် သတိရပြန်တယ်....(မှန်ပါ့)။

ဟ-သတိရလို့ ရှိယင် သွားကိုင်ပါလား-ဒါခင်ဗျန်းသည်လား စက္ကူလားလို့....(စက္ကူပါဘုရား) စက္ကူဆိုတော့ ချုပ်ဘဲ....(မှန် ပါဘုရား)မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အဲ....အဲဒီ စက္ကူချုပ်ကိုဘဲ အကြောင်းရင်းခံပြီး သကာလ အောင်း .... တန္ဒစ်ပြည့်သွားပြီး ဘယ်နှစ်ရက်စွန်းသွားပြီနဲ့ ပုတီး များစိပ်ပြီး တခါတည်း အိပ်မပျော် စားမဝင်....(မှန်ပါ့)။

တကာကြွယ် ဘာဖြစ်နေတာတုံး.... (နှလုံးသွင်းမှားလို့ပါ) နှလုံးသွင်းမှားတာ.... (မှန်ပါ့) ဇာကာ တကာမတို့ ရိပ်မိကြ ပလား....(ရိပ်မိပါပြီ)။

သမိုးမဟုတ်တာ သမိုးလို့ နှလုံးသွင်းလိုက်လို့ ရှိယင် ငယ် ငယ်တုန်းက ဒီလို နေခဲ့တာဘဲ၊ အခုတော့ အချိန်အရွယ်ကလေး က ရောက်လာတော့ ကျုပ်စိတ်ထဲတမျိုးဖြစ်တယ်.... (မှန်ပါ့)။

ဟ- ဘာတမျိုးဖြစ်တာတုံးဆိုတော့ အို-ခန္ဓာငါးပါးကလေး ကို သမိုးပျိုလုပ်ပစ်လိုက်တယ် .... (မှန်ပါ့) ခန္ဓာငါးပါး အနိစ္စ တရားကလေးကို....(သမိုးပျိုလုပ်ပစ်လိုက်ပါတယ်ဘုရား)။

သမိုးပျိုလုပ်ပစ်လိုက်တော့....(မှန်ပါ့) ဒါဖြင့် ကိုယ်လုပ်ပြီး ကိုယ်ယူတာကိုး....(မှန်ပါ့) ဘယ်နှယ်ဆိုကြမလဲ .... (ကိုယ်လုပ် ပြီး ကိုယ်ယူတာပါဘုရား)။

တကာကြွယ် သူများက ပေးတဲ့အပူလား၊ ကိုယ့် စိတ်ကမှ သမိုးပျိုလုပ်၊လုပ်ပြီးသကာလမှ-ကိုယ့်ဟာကိုယ်ပူ .... (မှန်လှပါ ဘုရား) ဦးဘအုန်း ဘာလုပ်တာတုံး- ပြောဘဲ ပြောစမ်းပါဦး ခင်ဗျားတို့-မပြောတတ်ပါဘူး၊ရှုးတာပါဘုရားလို့ သာဖြေပါ....

(မှန်ပါ့) ဒီ့ပြင်ဘာမှမရှိဘူးမောင်ဘသော်....(မှန်ပါ့)ဒီ့ပြင် ဘာရှိသေးသတုံး....(မရှိပါဘုရား)။

တကာ တကာမတို့ သမီးလုပ်တာလဲ ဘယ်သူက လုပ်တာ တုံး....(ကိုယ့်နှလုံးသွင်းကလုပ်တာပါ) ကိုယ့်နှလုံးသွင်းမှား က လုပ်တာ....(မှန်ပါ့ဘုရား)။

ဒီ-သမီးမဟုတ်တာ သမီးလုပ်လိုက်တာက ကိုယ့်နှလုံးသွင်း မှားကလုပ်တယ်၊ လုပ်ပြီးသကာလ ကိုယ်လုပ်ထားတာ နှလုံး သွင်းမှားလို့ လုပ်ထားတာဘဲဆိုပြီး ဒီတွင်မရပ်ဘူး....(မှန်ပါ့) ရပ်သေးရဲ့လား....(မရပ်ပါဘုရား)။

နှလုံးသွင်းမှားတော့ သမီးလုပ်ဖြစ်ရော.... (မှန်ပါ့)သမီးလုပ် ဖြစ်တဲ့အခါကျတော့ကို အပျိုကလေးအရွယ်ကလေးလဲ ဖြစ်လာ ပြန် မသိမလိမ်မာတဲ့ အရွယ်ကလေးလဲဖြစ်နေပြန်တော့ အို-သွား လဲ နောက်ဈာတန်းလန်း....(မှန်ပါ့) ထားခဲ့ပြန်လဲ စိတ်မချ.... (မှန်ပါ့) ဘာဖြစ်နေပြန်တာတုံး - သမီးလုပ်လို့ပေါ့ဗျာ.... (မှန်ပါ့)သမီးလုပ်ဖြစ်သွားတာ....(မှန်ပါ့)။

အနိစ္စ,ဒုက္ခ,အနတ္တ,ဈာလေး ဘာလုပ်လိုက်တာတုံး .... (သမီး လုပ်လိုက်ပါ့တယ်ဘုရား)။

သမီးလုပ်လိုက်တဲ့ အခါကျတော့ ဘယ်သူ လုပ်လိုက်တာ တုံး....(ကိုယ့်နှလုံးသွင်းမှားကပါ့) ကိုယ့်နှလုံးသွင်း မှားဈာ လုပ်လိုက်တာ....(မှန်ပါ့)။

နှလုံးသွင်းမှားက လုပ်ပြီး သကာလ တခါတည်းဦးဘအုန်း ရေ-နှလုံးသွင်းမှားလဲလုပ်ပြီးပါရော စိတ်မချ, လက်မချ ဆိုတာ တွေ လာကုန်တယ်....(လာပါတယ်ဘုရား)။

တော်တော်ကြာကျတော့ သူက ပြောသေးတယ်၊အဲဒီ အမေ အဖေလုပ်တဲ့ပုဂ္ဂိုလ်ဟာ ဟာကြည့်ကြယ်-မင်းတို့အပေါ်က နေ. မျက်စိမှိတ် တောင်မလွယ်ဘူးတဲ့....(မှန်ပါ့ဘုရား) သြော်- မျက်စိမှိတ်တောင် မလွယ်ဘူးတဲ့ သူ. ကိုဘယ်သူကမျှား မလွယ်အောင် လုပ်ထားပါ လိမ့်....(မှန်ပါ့ဘုရား)။

မင်းတို့အတွက်နဲ. မျက်စိမှိတ်သွားလို့ တောင် မလွယ်ဘူး တဲ့ တကာကြည့်.... (မှန်ပါ့) သူ.မျက်စိ ဖွင့်ထားလို့ ရသလိုလို.... (မှန်ပါ့) ရဂလေမဟုတ်ဘူး အလကားပြောနေတာ....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သူကလုပ်တာတုံး ဒီ.သမီးကို....(နှလုံးသွင်းမှားကလုပ် တာပါ) ဘယ်သူက အိပ်မပျော်အောင်လုပ်တာတုံး.... (နှလုံး သွင်းမှားက လုပ်တာပါ) ကိုယ်လုပ်ထားတဲ့ နှလုံးသွင်းမှားက လုပ်တာ.... (မှန်ပါ!) ဟိုက အထည်ရှိတာလား-မရှိတာလား.... (မရှိတာပါဘုရား)။

ဓြော်....ခက်နေပြီကော-အရုပ်ငိုခြင်းချတာ ဘေးကပဲကြည့် လူကရော ငိုခြင်းချသလိုဖြစ်နေပြီ....(မှန်ပါ့ဘုရား) သဘောကျ ပလား....(ကျပါပြီဘုရား)။

အရုပ်က ငိုခြင်းချတာကို ခင်ဗျားတို့က ဖြစ်မှ ဖြစ်ရလေ ဒေါသမျှားထွက်လို. ရိုက်တဲ့လူ နှက်တဲ့လူကို တကာကြည့်တို့က.... (မှန်ပါ့) ဘာဖြစ်တာတုံး....(နှလုံးသွင်းမှားတာပါ) နှလုံးသွင်း မှားကုန်တာ-ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ မျက်ရည်ကျတာဟူသ၍၊ ဟာ-မောင် ဘသော်ဖြစ်စေ- တကာမတွေဖြစ်စေ မသနားနဲ.ကွာ....(မှန်ပါ!)

ဘာဖြစ်လို့တုံးဆိုတော့ အရှိကို တကယ်ဖြစ်လို့ မျက်ရည်ကျ တာလား-မှားပြီးကျတာလား.... (မှားပြီးကျတာပါ) ဒါဖြင့် အကောင်းကျ ဆိုမလား —အရှုးကျဆိုမလား.... (အရှုးကျပါဘုရား)။

သြော်....ရှုးလို့ကျတဲ့ပုဂ္ဂိုလ်ဟာ ရှုးတဲ့ပုဂ္ဂိုလ်က ငိုခြင်းချနေတာ ဦးဘအုန်းကြီးက ဝင်ပြီးသနားသေးသလား....(သနားမိပါတယ်) တကာကြွယ်ကော သနားမိသေးသလား....(သနားမိပါတယ်ဘုရား) သနားမိတယ်- ကိုယ်တောင် ရောပြီး ငိုချင်သေးထင်ပါရဲ့ တကာကြွယ် ကြည့်ရတာ - အတော်ဆိုး နေတာ.... (မှန်ပါ့)ဟိုက ထန်းရည်သမားလို အရှုးထပြီး သူ့ဟာသူ ဖြစ်နေတာ၊ မင်းဘာဖြစ်နေသတုံး၊ မင်းတို့ဖြစ်တာ ငါလဲ စိတ်မကောင်းဘူးလို့ များ သူ့ဘားပြီး အဆစ်ထည့်မိ သေးသလား.... (ထည့်မိပါတယ်) အို....ဖြစ်မှ-ဖြစ်ရလေ....(မှန်ပါ့)။

အဲဒါ နှလုံးသွင်းမှားတာ၊ အကုန် ပြင်ကြမှာဗဲ.... (မှန်ပါ့) နှလုံးသွင်းမှားဟာ ဦးဘအုန်း မင်္ဂိုလ် ကန့်ကွက်တယ်နော်.... (မှန်ပါ့) နှလုံးသွင်းမှားဟာ ဘာတုံး.... (မင်္ဂိုကို ကန့်ကွက်ပါတယ် ဘုရား) တကယ် ဆုကြီး လာဘ်ကြီး ပိတ်ပါတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

တကာ တကာမတို့ နှလုံးသွင်း မှားဟာ ကြောက်စရာ မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား) ကဲ....ဒါဖြင့် ရှာထဲ ရပ်ထဲမှာ ဟိုအိမ်မှာလဲ မျက်စိ မျက်နှာ မသာတဲ့ မျက်ရည်စက်လက်နဲ့၊ ဟိုအိမ်ကလဲ ကြည့်ပြန် မျက်နှာရှစ်ခေါက်ချိုးနဲ့....(မှန်ပါ့ဘုရား) ဟိုအိမ်ကြည့်ပြန်လဲ လင်နဲ့ မယား အဆင်

မပြေ၊ ဟိုအိမ် ကြည့်ပြန်လဲ သမီးက ဒုက္ခရောက်အောင် လုပ်သွားလို့....(မှန်ပါ့)ဟိုအိမ် ကြည့်ပြန်လဲ သားက တေလေ ဖြစ်နေလို့ အိပ်မပျော်ဘူး....(မှန်ပါ့)။

ဟာ.... ဘာဖြစ်နေကြတာတုံး ပြောကြစမ်းပါဦး၊ အိမ်တိုင်း ဓစ် ဒီဥစ္စာ ဘာဖြစ်နေတာတုံး.... (နှလုံးသွင်း မှားလို့ပါ) ရော.... ခက်ကုန်ပြီပဒကာ-၊ အိမ်တိုင်းစေ့ အပါယ်သွားမည့် ပုံချည်းပါလား....(မှန်ပါ့)။

ဦးဘအုန်- ဘယ်.နှယ်-စဉ့်စားမိရဲ့လား-ခင်ဗျား.... (စဉ်းစားမိပါတယ် ဘုရား) အိမ်တိုင်းစေ့ ဘယ်သွားမည့် ပုံတုံး.... (အပါယ်သွားမည့် ပုံပါဘုရား)။

ကဲ....တကာကြွယ်-ခင်ဗျားတို့ လုပ်ထားဘဲ့ ကုသိုလ်ကလေးနဲ့ ဥပမာ-တိုက်ကလေးတလုံး တည်ထားတယ် ဆိုပါဗျာ တကာကြွယ် နှလုံးသွင်း မှားတဲ့ အချိန်နဲ့.၊တိုက်တဲ့ အချိန်နဲ့၊တိုက်တည်တဲ့ ကုသိုလ်နဲ့ ဘယ်ဟာက များသတုံး.... (နှလုံးသွင်း မှားတဲ့ အချိန်က များပါတယ်ဘုရား)။

နှလုံးသွင်း မှားလို့ပေါ့ တခါ.တလေ ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်လဲ မျက်နှာတော့ မကောင်း၊ မိန်းမလုပ်တဲ့ ပုဂ္ဂိုလ်မှာလဲ-(မျက်နှာမကောင်းပါ) သားသမီးလုပ်တဲ့ ပုဂ္ဂိုလ်တွေကလဲ.... (မျက်နှာမကောင်းပါဘုရား)။

ဟာ.... ဘာဖြစ်နေကြတာလဲ ဒီ- တအိမ်လုံးကလဲဆိုတော့.... (နှလုံးသွင်း မှားလို့ပါဘုရား) နှလုံးသွင်းမှားလို့.... (မှန်ပါ့) သားက အမေ စိတ်ဆိုးနေတာလဲ အမေ မဟုတ်တာကို အမေ လုပ်ပြီး နှလုံး သွင်းလိုက်တာနဲ့ အမေ စိတ်ဆိုးတယ်....(မှန်ပါ့)

အမေက မျက်စိ မျက်နှာ မသာတာလဲ သမီး မဟုတ်တဲ့ အနိစ္စ, ဒုက္ခ, အနတ္တကို သမီးလုပ်ပြီးသကာလ သူဘဲ အနေ အထိုင် မတတ်တာ၊ သူဘဲ ဆိုးဝါးတာ၊ သူ့အတွက် အရှက်ကွဲရတာ.... (မှန်ပါ)အံမာလေး- တကာတကာမတွေမှာ အနိစ္စ,ဒုက္ခပျောက် (မှန်ပါ့)တခါတဲ့ညည်း နှလုံးသွင်း မှားကြီးနဲ့ အထည်လုပ်ပစ်လိုက် တယ်... (မှန်ပါ့ဘုရား)။

အထည် လုပ်ပစ်လိုက်ဒေတာ့ အမေမိဘလုပ်တဲ့ ပုဂ္ဂိုလ်မျှားမှာ ခြောက်.... သမီးဆိုးလို့လား-ကိုယ် နှလုံးသွင်းမှားလို့ မျက်ရည်ကျ ရင်ထုရတာလား.... (နှလုံးသွင်းမှားလို့ မျက်ရည်ကျ ရင်ထုရတာပါဘုရား)။

ဦးဘအုန်း သနားစရာလားဗျာ-မသနားစရာလားဗျာ ပြောစမ်းပါဦး....(မသနားစရာပါဘုရား) တကာကြွယ်ကလဲ သနား စရာလား မသနားစရာလား အကဲခတ်စမ်း- (မသနားစရာပါဘုရား)ရှင်းပလား....(ရှင်းပါပြီ) သေသေချာချာ စဉ်းစားကြ စမ်းပါ တကာတကာမတို့ ဘုရားဟောတော်မူတာနော်-(မှန်ပါ့) ဘုန်းကြီးက တဆင့်ခံ ပြောနေတာ... (မှန်ပါ့ဘုရား)။

ရှာထဲမှာ ဟိုအိမ်-ဒီအိမ်မှာကြည့်၊ မျက်စိမျက်နှာ မသာတဲ့ အိမ်တွေ ဧမောင်ဘသော် ဘယ်အိမ်မှ တကယ် သာလှတယ် မရှိပါဘူး....(မှန်ပါ့)အဲဒါ ဘာဖြစ်နေကြတာလဲ....(နှလုံးသွင်းမှား တာပါဘုရား)။

ယောကျ်ားက မိန်းမအပေါ်မှာ မိန်းမလုပ်ပြီး နှလုံးသွင်း မှားလို့က်....(မှန်ပါ့) မိန်းမလုပ်တဲ့ ပုဂ္ဂိုလ်ကလဲ ကိုယ့်ကိုယ်-ကို မိန်းမထင်ပြီး ယောကျ်ားအပေါ် နှလုံးသွင်းမှားလို့က်(မှန်ပါ့)။

အင်း....ဒါနဲ့ ဘာဖြစ်ကြသလဲ .... (နှလုံးသွင်းမှားပါတယ်) ဒါနဲ့ မျက်ရည်မျက်ခွက်နဲ့ မသာ-ဃယာ၊ရိုက်ကြဟဲ့ နှက်ကြဟဲ့ အပြောအဆိုပြောကြဟဲ့ - တခါတည်း နင်ဘဲ-ငဆ ဖြစ်ကြဟဲ့ - (မှန်ပါ့) အင်း....ဘာဖြစ်ကြတာတုံး .... (နှလုံးသွင်းမှားလို့ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ကြက်ညီနောင် အိုးမဲသုတ် တိုက်သူလို ဖြစ်နေပြီ....(မှန်ပါ့) ဦးဘအုန်း ဘယ် နှယ်ဖြစ်နေသတုံး.... (ကြက်အိုးမဲသုတ် တိုက်သလိုဖြစ်နေပါတယ်) ကြက်ညီနောင် ထည့်ပါဦးဗျ....(မှန်ပါ့) ကြက်ကညီနောင်၊ နဂိုရိုက ဒီအမေက မွေးဖွားတာ....(မှန်ပါ့) ဒီအမေ ဝမ်းထဲက ပေါက်ဖွားတာ၊ အင်း....အမိဝမ်းတွင်း ဆိုကြပါစို့ဗျာ၊ဝမ်းတွင်း ဆင်းပေါ့နော်-(မှန်ပါ့)အဲဒါ အိုးမဲသုတ် တိုက်လိုက်တော့ခွဲပ်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့သည်ကားလို့ ဆိုယင် ယောကျ်ားကလဲ မိန်းမ မဟုတ်တာ မိန်းမ လုပ်နေလို့ အို....ဒီမိန်းမက အသုံး အဖြုန်းကြီးတယ်၊ သူစကြွားတယ်၊ အင်း....ပိုက်ဆံ အသုံး အဖြုန်းများလို့ အဖတ်ကို မတင်ဘူး၊ မိန်းမလုပ်ပြီးသကာလ ယောကျ်ားကလဲ မျက်နှာ မကြည် မသာ ဖြစ်လာတယ်.... (မှန်ပါ့ဘုရား)။

မိန်းမလုပ်တဲ့ ပုဂ္ဂိုလ်ကလဲ ယောကျ်ားကိုက ရှာပြီး သူက တော်လေ....ရသ၍ ဖြုန်းနေတာ....(မှန်ပါ့) အင်း....လာပြီးကော တကာ တကာမတို့....(မှန်ပါ့) ပြီးတော့ ဟိုကလဲနှလုံးသွင်း လဲသွားတယ်....(လဲပါတယ်) ဟာ- နဂိုရိုက ချစ်ပါတယ်,ခင်ပါ

စာယ်, ရိုးမြေကျ ပေါင်းပါ့မယ်ဆိုတဲ့ ညီနောင်ပျောက်ပြီ .... (မှန်ပါ့)မပျောက်သေးဘူးလား.... (ပျောက်ပါပြီဘုရား)။

ဟ-ဘယ်.နှယ်ကြောင့်ပျောက်သွားတာတုံးဆိုတော့ အယောနိသော မနသိကာရက အိုးမဲသုတ်တိုက်တာ....(မှန်ပါ့ဘုရား) ဘာဖြစ်ဘားတုံး .... (အယောနိသော မနသိကာရက အိုးမဲသုတ်တိုက်တာပါဘုရား)။

အဲ... အယောနိသော မနသိကာရက အိုးမဲသုတ် တိုက်လိုက်တာ၊ လင်နဲ့.မယားဟာ တခါတည်း အရင်တုန်းက ယုယုယယသွားတွဲ.လာဘက် ဘုရားသွား ကျောင်းတက်ဆိုသလို တရားဓမ္မအားထုတ် အတူတူ.ကို မဖြစ်လာတော့ဘူး.... (မှန်ပါ့ဘုရား)။

ဘယ်သူက-နေပြီး အိုးမဲသုတ်လိုက်သတုံးမေးတော့ အယောနိသော မသိကာရက အိုးမဲ သုတ်လိုက်တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အိုးမဲသုတ်လိုက်တော့ ကြက်ညိနောင် ဘာဖြစ်ကြသတုံး.... (ခွပ်ကြပါတယ်)ဒီမှာလဲ ဘကာနဲ့ တကာမ မတည့်ဟာခင်ဗျားတို့ ယုံပလား... (ယုံပါပြီ) ဘယ်သူက အိုးမဲသုတ်လိုက်သတုံး.... (အယောနိသော မနသိကာရက အိုးမဲသုတ်လိုက်ပါတယ်)၊

အယောနိအော မသိကာရက ယောကျ်ားကလဲ မိန်းမလို့ ဆိုလိုက်တော့ တခါတည်း အနိစ္စ-ဒုက္ခ-အနတ္တ ပျောက်သွားပြီး မိန်းမဆိုပြီး အိုးမဲသုတ်ပစ်လိုက်တယ်.... (မှန်ပါ့) မိန်းမကလဲ ဒါ-ငါ့ခင်ပွန်းသည်ဆိုပြီး အိုးမဲသုတ်ပစ်လိုက်တယ်၊ အနိစ္စ-ဒုက္ခ-အနတ္တ မဟုတ်ဘူးဆိုပြီး အိုးမဲသုတ်ပစ်လိုက်တဲ့အခါကျတော့ သူလုပ်သ၍ ဟာက အမှား....(မှန်ပါ့) မိန်းမ လုပ်သ၍ ဟာက

အမှားမှား....(အမှားပါဘုရား) ဟာ....ဒါနဲ့ဘဲ တခါတည်း ခွဲကြစို့ဆိုတော့- ကွဲကြစို့ဆိုတော့- ရုံးသွားပြီး လက်မှတ် ထိုးကြစို့ဆိုတော့ ဟုတ်လာ....(မှန်ပါ့) သဘောတူပြတ်ကြစို့ဆိုတော့ ဖြစ်သင့်သည်စွာ ဒီလိုနေလို့ဆိုတော့ ဖြစ်မှာမဟုတ်ဘူး အစရှိသည်နဲ့ ရန်ဖြစ်ကုန်ကြတယ်....(ဖြစ်ပါတယ်ဘုရား)။

ဘယ်သူကနေပြီး အိုးမဲသုတ်လိုက်ပါလိမ့်....(အယောနိသော မနသိကာရက အိုးမဲသုတ်ပါတယ် ဘုရား) သြော် .... တကာ-တကာမတို့ အယောနိသောမနသိကာရလောက်ရန်တိုက်ကောင်းတာ မရှိပါဘူး....(မရှိပါဘုရား) ဦးဘုအုန်း ဆွေဘူးရဲ့လား ခင်ဗျား....(မဆွေဘူးပါဘုရား)။

အဲ....အယောနိသော မနသိကာရလောက် ရန်တိုက် ကောင်းတာ တကာ- တကာမတို့ ရှိသေးရဲ့လား .... (မရှိပါဘုရာ) အယောနိသော မနသိကာရလောက် လင်မယားကွဲပြားအောင် နှစ်ယောက်စလုံး အပါယ်သွားအောင် လုပ်နိုင်တာ ရှိသေးရဲ့လား... (မရှိပါဘုရား)။

ကြက်နှစ်ကောင်ခွပ်ကြတဲ့အခါကျလို့ ရှိယင်ဖြင့်....တဲ့၊ တကာတကာမတို့ တကောင့် တကောင် ဒေါသကြီးနေတော့ ရန်သူနဲ့ တွေ့နေတော့ နှစ်ကောင်စလုံ ဟာဒယ်အိုးထဲချည်းကျတယ်....(မှန်ပါ့)ဆက်ပြီးခတော့ခံကြရတယ်... (မှန်ပါ့)။

ဒီမှာလဲ ခင်ဗျားတို့ ဒီ အယောနိသောမနသိကာရကြောင့် ဒီဌိဖြစ်ပြီးတော့သူ့ကြောင့်-ငါ့ကြောင့် ဖြစ်လာတယ်....(မှန်ပါ့) ဖြစ်ပြီးသကာလ ဒီဌပါဒါန်ဒီဌိအုပ်ချုပ်တဲ့ကံကနေပြီး ကမ္မဘဝ ပစ္စယာဇာတိ-ဆိုပြီးအပါယ်ရောက်သွားတယ်....(မှန်ပါ့ဘုရား)။

ဟာ .... ဘယ်သူကနေပြီး ရန်တိုက် လိုက်တာ ပါ လိမ့် .... (အယောနိသော မနသိကာရကပါဘုရား) ရှင်းကြပလား .... (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ တခါ အယောနိသောမနသိကာရကြောင့် ဒါက ရှင်ကဲ့ရှိသေးတယ်....(မှန်ပါ့) တော်တော် ကြာကျတော့ အသက်တိုင်းနေတော့ သေကဲ့ဆိုတာက လာပြန်တယ်....(မှန်ပါ့)မလာဘူးလား....(လာပါဘယ်ဘုရား)။

သေကဲ့ကျပြန်တော့လဲ ဘာဖြစ်လို့ .... ရေမချိုး မဖီး မလိမ်း အဝတ်အစား ပြောင်ပြောင် လက်လက် မဝတ်ဘဲ ဘာဖြစ်နေသတုံး... ခင်ပွန်းသည် ပျက်စီးသွားလို့....(မှန်ပါ့) အင်း.... ခင်ပွန်းသည်တဲ့....(မှန်ပါ့) အနိစ္စ-ဒုက္ခ- အနတ္တဟာ အနိစ္စ-ဒုက္ခ-အနတ္တာ ဖြစ်သွားလို့-လို့ ပြောရဲ့လား....(မပြောပါဘုရား) ဘယ် နှယ်ပြောသတုံး....(ခင်ပွန်းသည် ပျက်စီးသွားလို့)။

ခင်ပွန်းသည် အနိစ္စရောက်သွားလို့.... (မှန်ပါ့) ခင်ပွန်းသည်က တပြည်တရွာစွန့်သွားလို့....(မှန်ပါ့)ယဉ်အောင်သုံးယင် ပေါ့ဗျာ....(မှန်ပါ့) ယဉ်အောင် သုံးယင် ဒါဘဲ သုံးတာဘဲ.... (မှန်ပါ့)။

အဲဒီတင်မှ တခါတည်း နောက်ဇာတ်ကြောင်းတွေ ထိုင်ကာ မိုင်ကာ နေတော့မယ် ဆိုယင် ဇာတ်ကြောင်း လှန်တော့မလို့ အောက်မေ့ ပေတော့ နှလုံးသွင်း မှားချည့် လာတော့မှာဘဲ.... (မှန်ပါ့)မလာသေးဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့်ငိုခြင်းအချခိုင်းတာလဲဘယ်သူတုံး.... (အယောနိသော မနသိကာရပါဘုရား)လင်နဲ့မယားရန်ဖြစ်ခိုင်းတာလဲ(အယောနိသောမနသိကာရပါဘုရား)။

ဟာ....တကာကြွယ် ခက်ကုန်ပြီ ခင်ဗျားတို့ ပြုဟ်ဖွတ်ပြီ.... (မှန်ပါ့) ဦးဘအုန်း ပြုဟ်ဒတ်ပြီ....(တွေ့ပါပြီဘုရား)။

ဘာတွေသတုံး... (အယောနိသော မနသိကာရတွေပါဖြယ်) အယောနိသော မနသိကာရတွေပြီ....(မှန်ပါ့)ယောနိသောမနသိကာရပျောက်ပြီဟာ....(ပျောက်ပါပြီဘုရား)။

ယောနိသော မနသိကာရ ဆိုလို့ရှိယင် တကာ တကာမတို့ အင်မတန်တည့်မှာပေါ့.. (မှန်ပါ့) အခုတော့ အယောနိသော မနသိကာရဆိုတာလဲ ခင်ဗျားတို့က ကံ့မကောင်းလို့ မအောက်မေ့နဲ့ တကာကြွယ်ရဲ့ လက်သည်ရှာ....(အယောနိသော မနသိကာရပါဘုရား)။

အင်း....သေလို့တခါဖာညီး တယောက် တယောက်ချုပ် ပိန်ချောက်သွားတာတွေကြည့်လိုက်ပြန်တော့လဲ.... (အယောနိသော မနသိကာရပါဘုရား)သုံးနှစ် သုံးမိုး မမေ့တာ ကြည့်လိုက်ပြန်တော့လဲ....(အယောနိသော မနသိကာရပါဘုရား)။

သူသာန် သူများ မသာသွားပို့ရင်း မြေပုံ လှမ်းငိုတာတွေ့ကြည့်လိုက်ပါဦး....(အယောနိသော မနသိကာရပါဘုရား)။

မြေပုံမှားငိုတာလဲ ရှိသေးတယ်.... (ရှိပါတယ်ဘုရား) ရှိတာဘာပါလိမ့်....(အယောနိသော မနသိကာရပါဘုရား)။

အို.... ဒီ-အကြောင်းတွေ အယောနိသောမနသိကာရ သာတကာမ တယောက်က စကားရှည်ရှည်နဲ့ ပြောနေမယ်ဆိုယင် ဘေးက နားဆောင်မည့်သူတွေ နားကို ညီးတာဘဲ- မပြီးဘူး (မှန်ပါ့) ဘာတွေချည့်ပြောနေမယ်ထင်သလဲ... (အယောနိသော မနသိကာရပါဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် တထာကြွယ်တို့မှာ နိဗ္ဗာန်မရောက်နိုင်တဲ့ လက်သည် တယောက်တော့ မိပြန်ပြီ.... (မှန်ပါဘုရား) ဘာမိပါလိမ့်.... (အယောနိသော မနသိကာရပါဘုရား)။

အင်း....တော်ဘဲ တော်သေးတယ်နော်-နဂိုရိစာ ဖမ်းမိဘူး.... (မှန်ပါ)နဂိုရိကသူများလာယင် ဒို့ အိမ်ပယောဂများ တိုက်ထား သလား- လင်နဲ့မယား အဆင်မပြေပါဘူးတဲ့.... (မှန်ပါ)ဘယ် ဟုတ်ရမှာတုံး ပယောဂ....(မှန်ပါ)ရိပ်မိပလား_ (ရိပ်မိပါပြီ) အင်း....ဘယ်သူကများ အဆင်မပြေအောင် လုပ်ထားပါလိမ့်.... (အယောနိသော မနသိကာရပါ ဘုရား)။

အယောနိသော မနသိကာရက, မိန်းမ လုပ်ထားပြီမဟ. ၊ မိန်းမလုပ်တဲ့ပုဂ္ဂိုလ်ကလဲ အင်း-ယောကျ်ားလုပ်ထား.... (မှန်ပါ) ယောကျ်ားလုပ်ထားတဲ့သူကလဲ အနိစ္စ,ဒုက္ခ,အနတ္တကိုယောကျ်ား လုပ်ထားတယ် (မှန်ပါ) မိန်းမလုပ်တဲ့လူကလဲ အနိစ္စ,ဒုက္ခ, အနတ္တကို.... (မိန်းမလုပ်ထားပါတယ်) မိန်းမလုပ်ပြီး သကာလ အနိစ္စ,ဒုက္ခ,အနတ္တက ကွယ်ပြီးသကာလ ယောကျ်ား မိန်းမ ဖြစ် နေတယ်... (မှန်ပါဘုရား)။

ယောကျ်ား မိန်းမ ဖြစ်လာတဲ့ အခါကျတော့ တယောက်က အသုံးအဖြုံးကြီးသလေး, တယောက်က အနေအထိုင်မကောင်း ဘူးလေးနဲ. ရှုပ်လာတယ်.... (မှန်ပါ) မရှုပ်သေး ဘူးလား.... (ရှုပ်ပါတယ်ဘုရား)။

အင်း....ဒါဘာပါလိမ့်....(အယောနိသော မနသိကာရ ပါ ဘုရား) ယောကျ်ား မိန်းမရယ်လို. နှလုံးသွင်းမှားက စ,တာ.... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာကြွယ် ဒီလို နှလုံးသွင်းမမှားတဲ့ အိမ် ရှာထဲမှာ ဘယ်နှစ်အိမ်ရှိသတုံး....(မရှိပါ ဘုရား) ဟာ....အကုန်ပါဗျာ ရှုပ် မနေနဲ့တော့....(မှန်ပါဘုရား) တရှာလုံး ရှိပါတယ်.... (မှန်ပါ) သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

အဲ....ဒါ-ဘုန်းကြီးက ခင်ဗျားတို့ကို ကျကျနန ပြင်ပေးနိုင်ဘို့ ပေးတာ....(မှန်ပါ) မ့ပေးနိုင်လို့ ရှိယင် ဘယ်သူမှ ကယ်မည့်သူ တော့မရှိဘူး....(မှန်ပါ) ဟိုအိမ်ကြည့်လိုက်လဲ နှလုံးသွင်းမှားနဲ့ ဘဲ-(မှန်ပါ)ဟိုမှာ ဒီလင်မယား တွဲဘူးကြတာဘဲဆိုပြီးဘေးက များအားကျကြတယ်-(မှန်ပါ) ဘေးက အားကျတယ်၊ သူတို့ အကြင်လင်မယားဟာ မောင်လိုနှမလိုဘဲ အကြင်လင်မယားသာ ဆိုတယ် မောင်လို နှမလိုဘဲ....၊ ကြင်ကြင်နာနာ ရှိလိုက်တာ.... (မှန်ပါ) ညှာညှာတာတာရှိလိုက်တာ.... (မှန်ပါ)ဒါတွေ နှလုံး သွင်းမှားနေတာ....(မှန်ပါ)။

အို....အင်မတန် လိမ်မာတဲ့တကာမ၊ ကိုယ်က ဂရုမစိုက်ယင် တယ်ဖြစ်မလဲ၊ ဇောတ်ဘောင်လိမ်မာတဲ့ ယောကျ်ား၊ ကိုယ်ကအနာ မခံလို့ရှိယင် ဘယ်ဖြစ်မလဲ....(မှန်ပါ) သူကလဲ နှလုံးသွင်း မှားနဲ့ တဏှာသွားနေတာ-(မှန်ပါ) သူကလဲ တဏှာ-ဥပါဒါန်-ကံ-အပါယ်ဇာတိဘဲ....(မှန်ပါဘုရား)။

အဲ.... သင့်သင့်မြတ်မြတ် နေတာတွေကလဲ ဘာပါလိမ့်.... (အပါယ်ဇာတိပါဘုရား) အဲ....နှလုံးသွင်းမှားတဲ့ လူကရော.... (အပါယ်ဇာတိပါဘုရား)။

တဏှာဥပါဒါန်ကံ.... (အပါယ်ဇာတိပါ) နှလုံးသွင်းလဲ့ပြီး တခါ အချိုးမကျတဲ့ အိမ်ကျပြန်တော့လဲ နှလုံးသွင်းမှားလို့ဘဲ အချိုးမကျတာ....(မှန်ပါ)။

အဲဒါကျတော့လဲ တက္ကာဥပါဒါန်....(ကံပါဘုရား)အဲဒါကျတော့ တက္ကာ မလာနဲ့... (မှန်ပါ့) ဒေါသ,သောကပရိဒေဝအဝိဇ္ဇာ သင်္ခါရ....(မှန်ပါ့) ဝိညာဏ်... (မှန်ပါဘုရား)။

နှလုံးသွင်းမှားတဲ့ ဒီ-ဒေါသဖြစ်တဲ့လူ ကျတော့လဲ အဝိဇ္ဇာပစ္စယာ သင်္ခါရာဘုက်လှည့်....(မှန်ပါ့)နှလုံးသွင်းမှာ တခါမှားတော့ မှားတာဘဲ၊ မှားပေမဲ့ ယုယုယယနေတဲ့လူဖြစ်ပြန်တော့ တက္ကာ ဥပါဒါန် ကံ· အပါယ်ဇာတိ— (မှန်ပါ့)ဦးဘအုန်း ဒီကချည်း လာတယ်...(မှန်ပါဘုရား)။

တချို့ဟာ တကာ တကာမဒုတ္တမှာ သေချိန် မရောက်ဘဲနဲ့ သေသွားကာတွေ မောင်ဘသော်မင်းကြားဘုံးရဲ့လား....(ကြားဘူးပါတယ်ဘုရား) အဲဒါ ဘာထင်သတုံး မင်း.... (နှလုံးသွင်းမှားတာပါဘုရား)။

နှလုံးသွင်းမှားတာ၊ ကိုယ်က အသက်တိုင်းနေရလိမ့်မယ်ဆိုပြီး အခုဟော သူက အရင်စွန့်သွားတော့ ကျုပ်လဲ လိုက်မှတော်မယ်.. (မှန်ပါဘုရား) ဒါဖြင့် ဘာဖြစ်ပြန်သတုံး.... (နှလုံးသွင်းမှားတာပါဘုရား)။

ဒါ ဘာဖြစ်ကြတာတုံး.... (နှလုံးသွင်းမှားတာပါ) ဒါ-ကံ-မဒုတ္တာင်းလို့ သေတာလားကွာ သူ့ဟာသူ လိုက်ချင်လို့ လိုက်တာလားကွာ. (သူ့ဟာသူ လိုက်ချင်လို့ လိုက်တာပါဘုရား)။

ဒါဖြင့် ဒါ ကံကသတ်တာလား၊ နှလုံးသွင်းမှားက သတ်တာလား... (နှလုံးသွင်းမှားက သတ်တာပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ)ဘကားကြွယ် နှလုံးသွင်းမှား ဘယ်လောက် အရာကျယ်တယ်ဆိုတာ... (ကျယ်ပါတယ်ဘုရား)မကျယ်ဘူးလား.... (ကျယ်ပါဘယ်ဘုရား)။

ဒါဖြင့် ယနေ့ နှလုံးသွင်းမှားကိုမှ ဦးဘအုန်း တည့်မပေးလို့ ရှိယင်ဖြင့် အမှားတို့၏သွားရာလမ်းကိုဖြင့် မလွတ်တမ်းဘဲ ရောက်ရမယ်....(မှန်ပါ့) မရောက်ရပေဘူးလား.... (ရောက်ရပါတယ်ဘုရား)။

ဒါဖြင့် အင်မတန် အရေးကြီးတဲ့တရားဆိုတာ တကာကြွယ်ပေါ်လောက်ပါပြီ.... (ပေါ်ပါပြီဘုရား)တနေ့လုံး ရန်တိုက်တာဟာ ဘယ်သူတုံး.... (အယောနိသော မနသိကာရပါ ဘုရား) တနေ့လုံး ပြုံးစရာတွေ မဟုတ်ဘဲနဲ့ ပြုံးနေတာတွေ ကြည့်ပြန်တော့ကော- (အယောနိသော မနသိကာရပါ) နှလုံးသွင်းမှားတာ.... (မှန်ပါ့) ဓဲ့စရာမရှိဘဲနဲ့ ဓဲ့နေတာတွေ ကြည့်လိုက်ပြန်တော့ကော....(နှလုံးသွင်းမှားတာပါဘုရား)။

တကာကြွယ်မြို့ထဲမှာလဲ အပြုံးနဲ့အဓဲ့ဘဲ ရှိမှာပါဘဲ....(မှန်ပါ့ဘုရား) ဒီ့ပြင် ဘာရှိသေးသတုံး....(မရှိပါဘုရား) အပြုံးကလဲ ဘာပါလိမ့်-(နှလုံးသွင်းမှားတာပါ) အဓဲ့တွေ ကြည့်ပြန်တော့ကော....(နှလုံးသွင်းမှားတာပါဘုရား)။

ရော... ခက်ကုန်ပြီကော၊ ဦးဘအုန်းရေ လက်သည်တော့ဖြင့် ဒီနေ့ ကောင်းကောင်းတွေ့ပြီ....(တွေ့ပါပြီဘုရား)။

အင်း... တကာတကာမတွေ....တဲ့၊ ခွေးနဲ့ကြောင်နဲ့ တည့်အောင်လဲ နှလုံးသွင်းမှားပြီ....(မှန်ပါ့) အစာကလေးပြုံး နှစ်ခု ခဏခဏကျွေးနေတော့ ခွေးနဲ့ကြောင်လဲ တွေ့ယင် တည့်နေတာ (မှန်ပါ့) ဒါလဲ နှသုံးသွင်းမှားတာဘဲ... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ) အင်း.... ခုနင်က ကြက်ညီနောင် ခွပ်ကြပြန်တာလဲ....(နှလုံးသွင်းမှားတာပါဘုရား)။

ဒါဖြင့် နှလုံးသွင်းမှုဟာ တကာ တကာမတို့ ချိုပြီးအပါယ် ချတာလဲ ရှိတယ်....(ရှိပါတယ်ဘုရား) ကြမ်းပြီး အပါယ်ချတာကော.... (ရှိပါတယ်ဘုရား) ဒါဖြင့် ဘယ်ဟာ ကြိုက်သတုံး...၊ (ဘယ်ဟာမှ မကြိုက်ပါဘုရား)။

ဟာ....ဒီလို မပြောနဲ့၊ တခုခုတော့ကြိုက်ကြဦး ခင်ဗျားတို့.... ခင်ဗျားတို့ တခုခုတော့ ကြိုက်ကြဦး....(မှန်ပါ့)။

ခင်ဗျားတို့ ကြိုက်တာကို တကာကြွယ် ဘုန်းကြီးသိပါတယ်၊ ယောကျ်ားကလဲ မိန်းမကို ယုယုယယနဲ့၊ မိန်းမလုပ်တဲ့ပုဂ္ဂိုလ်ကလဲ ယောကျ်ားကို လေးလေးစားစားနဲ့၊ အို.... ဒီလို အိမ်ထောင်သည်ဆိုတာတော့ ရှာမှု-ရှား.... (မှန်ပါ့) ဦးဘအုန်း အိမ်နီးချင်းဆိုယင် ချီးမွမ်းပြီ- (ချီးမွမ်းပါတယ်ဘုရား) သည်းခံနိုင်ကြတယ်၊ ဒီလို ကြုံဘို့ကျဘို့ မလွယ်ဘူးဆို၊ အို....နှလုံးသွင်းမှုးနေတာတော့ သိတာမဟုတ်ဘူး.... (မှန်ပါ့) သိပါ့မလား.... (မသိပါဘုရား)။

မသိခင်ဗတော့ ဟိုအိမ်ကတော့ အကြိုက်... (မှန်ပါ့ဘုရား) ဒို့အိမ်က လူနဲ့မျှးတော့ ကွာပါ့ကွာ.... (မှန်ပါ့) မလာဘူးလား....(မလာပါဘုရား) လာတယ်-လာတယ်၊ ဒို့ အိမ်ကလူနဲ့တော့ဖြင့်ကွာ မယှဉ်ပါနဲ့ကွာ....၊ သူက ထောင်လောင်းကန့်လန့် မိုက်တီးမိုက်ချက်တွေနဲ့ အစရှိသည်နဲ့ မလာဘူးလား— လာသလား....(လာပါတယ်ဘုရား) ဒါ ဘယ်ဟာ လာသတုံး.... (နှလုံးသွင်းမှုးက လာတာပါဘုရား)။

အင်း... ဒီအိမ်ကလဲ သူတို့ဟာသူတို့ နှလုံးသွင်းမှုးလို့ ပြုံးနေတာ....၊ ဟိုအိမ်ကလဲ နှလုံးသွင်းမှုးလို့ ပြုံးနေတာကိုဘဲ

ဒို့လဲ ဒီလိုဖြစ်ချင်သေးတယ်၊ ဒီလို မှားချင်သေးတယ်၊ ကိုယ်ကလဲ သဘောကျတယ်....(မှန်ပါ့)။

ဒါဖြင့် တစ္ဆာတကာမတို့ အပြုံးကြိုက်သလား....၊ အမဲ့ကြိုက်သလား....(ဘယ်ဟာမှ မကြိုက်ပါဘုရား) အခုတော့ ပါးသွားပြီ၊ တော်သေးတယ်၊ နက်ဖြန်ကာ ပြုံးကြိုက်ဘဲ....(မှန်ပါ့ဘုရား) တကာကြွယ်တို့ ဘာကြိုက်သလဲ....(ပြုံးကြိုက်ပါတယ်ဘုရား) ခင်ဗျားတို့ ဆုံးမနေတာ- ကျုပ်က လင်နဲ့မယားတွေလို့ ရှိယင်ကွာ.... လင်နဲ့မယား လျှာနဲ့သွားတွေ-ဘာတွေနဲ့ ရှုပ်လာတာဘဲ....(မှန်ပါ့) မရှုပ်ဘူးလား....(ရှုပ်ပါတယ်ဘုရား)။

အဲဒါတွေ ရှုပ်ပြီးသကာလ လာတာ လူကြီးတွေကိုက နှလုံးသွင်းမှားတာ.... (မှန်ပါ့) တခါတည်း တကာကြွယ်ရေ....ကိုယ်တတ်တဲ့ပညာနဲ့ နှလုံးသွင်းမှားအောင် လုပ်တော့တာဘဲ.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဦးဘအုန်း လူကြီးလုပ်ချင်သေးသလား ခင်ဗျားတို့....(မလုပ်ချင်ပါဘုရား) မလုပ်ချင်ပါဘူး-ဟုတ်လား....၊ လုပ်ယင် သူပါရောမှားပါဘဲ....(မှန်ပါ့ဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ ပြီတ္တာဘုံသွားတဲ့ လက်သည်လည်း အပြုံးသမားတွေက ပြီတ္တာဘုံသွားတာ....(မှန်ပါ့ဘုရား) ငရဲသွားတဲ့ပုဂ္ဂိုလ်က အမဲ့သမားတွေက သွားတာ....(မှန်ပါ့)။

ဒါဖြင့် ပြီတ္တာဘုံ၏ လက်သည်လဲ နှလုံးသွင်းမှား.... (နှလုံးသွင်းမှားပါဘုရား)အပါယ်၏လက်သည်လဲ....(နှလုံးသွင်းမှားပါ့ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်-ပြီတွာနဲ့ ငရဲ ဘယ်ဟာကကောင်းသတုံး (ဘယ်ဟာမှ မကောင်းပါဘုရား) ဒါဖြင့် ... နှလုံးသွင်းမှားကို ဇာတ်သိမ်းမှ ရုမယ်.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

နှလုံးသွင်း မှားလိုက်တဲ့ဖြစ်ခြင်း တကာတကာမတို့ ယခုန ရှင်းပြပါမယ်....တဲ့ ဒီမှာကြည့်ပါ တကာတကာမတို့....ဥပမာ မယ် ကာမဘုံ လို့ဆိုပြီး အထက်နားမှာပြထားတယ်နော်....(မှန် ပါဘုရား)။

ဒါတွေက ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ.... (မှန်ပါ) အလည်က ဟာက အာသဝေါတရားလေးပါးပေါ့... (မှန်ပါ) အာသဝ, ဝင်ရိုးကြိုးပေါ့ဗျာ၊ ဒါ-အာသဝ, ဝင်ရိုး ကြိုးစာ သူလှည့်မယ်နော်....(မှန်ပါ)။

တကဲ့ာ တကာမတွေ.... လူ့ပြည်မနေ သေလွန်ခဲ့လို့ ရှိယင် ဘာမဆယ် တဘုံဆိုတဲ့လူ့ဘုံရယ်၊ နတ်ပြည် ခြောက်ထပ်ရယ် မကြုံက်ပေဘူးလား....(ကြုံက်ပါတယ်)မနေရလို့ရှိယင် သေရ သော်လေ....(မှန်ပါ)။

အင်း....ဒါ ဘယ်နှယ်ကြောင့် ကာမဘုံဆိုတာ လူ့ပြည်တို့ နတ်ပြည်ခြောက်ထပ်တို့ပေါ့လေ (မှန်ပါ)အသက်မနေသေရလို့ ရှိယင် နိဗ္ဗာန်လဲ မရောက်သေးလို့ရှိယင် ဒီကာမဆိုတဲ့ နတ်ပြည် ခြောက်ထပ် မကြုံက်ပေဘူးလား.... (ကြုံက်ပါတယ်ဘုရား) ။

ကြုံက်တယ်တဲ့ ကြည့်- အာသဝ လှည့်ပို့တာ.....(မှန်ပါ) ဒီအာသဝကလှည့်လိုက်တာ ဘာမဘုံပေါ်လာတယ်....(မှန်ပါ)။

ကြည့်ပါလား အာသဝလျှည့်လိုက်တာနဲ့ - ဒိဝင်ရိုးသာမလည် မယ်ဆိုယင် ဒီကာမဘုံဟာ ပေါ်ပါ့မလား..... (မပေါ်ပါဘုရား)။

ဒါဖြင့် အပါယ်ပို့လိုက်တာလဲ ဒီဝင်ရိုးကနေပြီး အာသဝက ပို့လိုက်တာဘဲ..... (မှန်ပါ့) အရူပဘုံ ပို့လိုက်တာကော.... (အာသဝက ပို့လိုက်တာပါ) ရူပဘုံတွေ ဗြဟ္မာဖြစ်အောင် ပို့လိုက်တာကော....(အာသဝကပို့လိုက်တာပါဘုရား)။

သူလျှည့်ပို့နေတာ ကာမဘုံ နတ်ပြည်ခြောက်ထပ်ပို့ လိုက်တာကော... (အာသဝက ပို့လိုက်တာပါဘုရား)။

ဟာ.... ဒါဖြင့် သူပို့တဲ့ နေရာမှာ....တဲ့ တကာတကာမတွေ ကြည့်ပါတဲ့ သူက- ဒါ ဒေါက်ကြီးပါဘဲ ဝင်ရိုးပေါ်ထောက်တဲ့ ဒေါက်တွေ....(မှန်ပါ့) တွေပြီနော်....(တွေ့ပါပြီဘုရား)။

ဘာတွေတုံး.... (ဝင်ရိုးပေါ် ထောက်နေတဲ့ ဒေါက်တွေပါ) အဲ....ဒေါက်တွေဟာ တကာတကာမတို့ ဒီအာသဝကြီး လည်သလို မလျှည့်ရပေဘူးလား.... (လျှည့်ရပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့.... ကာမဘုံ ကြိုက်တဲ့ ပုဂ္ဂိုလ်လဲ ဒီဘက် ကြည့်ပါ... တဲ့၊ အို့,သေပျက်ကြီးနဲ့ သွားတွေ့တာဘဲ.... (မှန်ပါ့)အပါယ်ကြိုက်တဲ့ပုဂ္ဂိုလ်လဲ အို့,သေပျက်ဘဲ.... (မှန်ပါ့ ရူပဘုံ ကြိုက်တဲ့ပုဂ္ဂိုလ်ကော....(အို့,သေပျက်သွားတွေ့ပါတယ်) အရူပဘုံ ကြိုက်တဲ့ ပုဂ္ဂိုလ်ကော.... (အို့,သေပျက်သွားတွေ့တာပါဘဲဘုရား)။

ဒါဖြင့်....သူလျှည့်ပို့နေတဲ့ဥစ္စာ အို့,သေလမ်းချည့်ပို့တယ်.... (မှန်ပါ့) အာသဝ,ဝင်ရိုးကြီး လျှည့်လိုက်တာ ဘယ်ပို့သလဲ....

(အိုသေလမ်းပို့ပါတယ်ဘုရား) ကာမပို့လိုက်တော့လဲ (အို့သေလမ်းပါဘဲဘုရား) ရူပပို့လိုက်တော့လဲ.... (အို့သေလမ်းပါဘဲ) အာပါယ်ပို့လိုက်တော့ကော....(အိုသေလမ်းပါဘဲ)အရူပပို့လိုက်တော့....(အိုသေလမ်းပါဘဲဘုရား)။

ဒါဖြင့် ဒီအာသဝကို ခင်ဗျားတို့ လွတ်မှသာလျှင် ဒီဝင်ရိုးကျိုးမှသာလျှင် ဒီဘုံတွေကို မရောက်မယ်.... (မှန်ပါ့ဘုရား) မရောက်မှ ဗီ-အိုးသ အကွပ်ကြီးနဲ့ ခင်ဗျားတို့နဲ့ အိုးစားကွဲမယ်....(မှန်ပါ့ဘုရား) နို့မဟုတ်ယင် ကွဲပါ့မလား.... (မကွဲပါဘုရား)။

ဒါက ပဋိစ္စသမုပ္ပါဒ်ကို ချုံးပြတာ.... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီ) ခင်ဗျားတို့က ကာမာသဝဆိုတဲ့ ဥစ္စာဏာခုနင်က နှလုံးသွင်းမှားတော့ တခါတည်း တဏှာကြွယ် ကာမဘုံရောက်လို့ရှိယင် နတ်ပြည်ခြောက်ထပ်မှာ စိတ်အေးရမယ်ဆိုလို့ရှိယင် တကာကြွယ်တို့က နဂိုရိကာမကြိုက်ဘူးလား....(ကြိုက်ပါတယ်)သစ္စာမသိခင်တုံးက....(မှန်ပါ့)။

သစ္စာမသိခင်တုံးက ကာမဘုံရောက်ကြောင်း ဖြစ်တဲ့ ဆွမ်းတွေ့ကွမ်းတွေ့ မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား) လုပ်တဲ့အခါကျတော့ ကာမာသဝကနေပို့ပါတယ်တဲ့၊ကာမာသဝကဲနေပို့တော့ ကာမဘုံမရောက်ဘူးလား.... (ရောက်ပါတယ်) ဒီကျတော့ ဘာနဲ့တွေ့သလဲ....(အိုသေနဲ့တွေ့ပါတယ်ဘုရား) အို-သေသံပတ်ခွေ အကွပ်ကြီးနဲ့တွေ့ပါတယ်....(မှန်ပါ့) မလွတ်ဘူးတဲ့ (မလွတ်ပါဘုရား) ဘာဖြစ်လို့တုံး-ပို့စဲ့သူက ဝင်ရိုးကိုးဗျ....(မှန်ပါ့)အာသဝ,ဝင်ရိုးကို သူပို့တဲ့ဥစ္စာ ရောက်တဲ့ဥစ္စာကျတော့ အို-သေဘဲ သူပို့တယ်ဟုတ်လား....(မှန်ပါ့)။

အပါယ်ပို့လိုက်တာလဲ အို့,သေဘဲတွေ့မယ်-(မှန်ပါ့)ရှုပဘုံပို့လိုက်ပြန်ကော....(အိုသေဘဲတွေ့ပါတယ်) အရှုပဘုံ ပို့လိုက်ပြန်ကော....(အိုသေဘဲတွေ့ပါမယ်ဘုရား)။

ဒါကြောင့် သုံးဆယ့်တဘုံမှာဖြင့်အို့,သေအုပ်ချုပ်နေတယ်ဆိုတဲ့ဥစ္စာ သံပတ်ခွေကြီးပြဆားတယ်.... (မှန်ပါ့) အို့,သေဟာသံပါတ်ခွေကြီးဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကြည့်လေ-ဒါတွေက အကန့်တွေလေ၊ သဘောကျပလား .... (ကျပါပြီ) ဒါတွေကော....(အကန့်တွေပါဘဲ) အို့,သေဟူသ၍ ဟာဖြင့် အကန့်တွေချည့်ဘဲ....လို့ သေသေချာချာ မှတ်ပါ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒါတွေ နှလုံးသွင်းမှားတဲ့ ပုဂ္ဂိုလ်၏ သွားရာလမ်း.... (မှန်ပါ့) နှလုံးသွင်းမှားတဲ့ပုဂ္ဂိုလ်၏....(သွားရာလမ်းပါဘုရား) ရိပ်မိကျပလား....(ရိပ်မိပါပြီ) ကြည့်လေ-နှလုံးသွင်းမှားတော့ကို ခင်ကြ,မင်ကြတာ နှလုံးသွင်းမှားလို့ဘဲ.... (မှန်ပါ့) ကာမဘုံ ခွင်တာလဲ ဘာပါလိမ့် တကာကြွယ်.... (နှလုံးသွင်း မှားလို့ပါဘုရား)။

ကာမဘုံလဲ ဒုက္ခသစ္စာလို့ မသိခဲ့ဘူး....၊ ချမ်းသာတယ်လို့ နှလုံးသွင်းမှားခဲ့တယ်.... (မှန်ပါ့) အဲဒါတော့- ကာမဘုံဘယ်က ပို့လိုက်သလဲ....(အာသဝကပဲ့ ပို့လိုက်ပါတယ်ဘုရား)။

အာသဝကပို့လိုက်တော့ ကာမဘုံရောက်တော့ဘာနဲ့သွေ့တွေ့သလဲ....(အို့သေနဲ့တွေ့ပါတယ်ဘုရား) ဒါက ဘာပါလိမ့်.... (အို့သေပါဘုရား) အို့သေ သံပတ်ခွေကြီး.... (မှန်ပါ့) အို့,သေအကွပ်ကြီးပေါ့၊ဒါက ဝင်ရိုး၊ ဒါက ဒေါက်၊ ဒါက သံပတ်ခွေ၊

အထိမ်း....(မှန်ပါ့)ရိပ်မိပလား-(ရိပ်မိပါပြီ)ဘယ်ရောက်ရောက် အို့ သောက ထိမ်းသွားတယ်....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကဲ....ဦးဘအုန်းရေ-ဒီနေ့ ပဋိစ္စသမုပ္ပါဒ်က ဝါမျိုး....(မှန်ပါ့) နှလုံးသွင်းမှားတဲ့ ပုဂ္ဂိုလ်၏ သွားရာ လမ်းခရီး....၊ တကာကြွယ် ဘာတဲ့တုံး.... (နှလုံးသွင်းမှားတဲ့ ပုဂ္ဂိုလ်၏ သွားရာလမ်းခရီးပါဘုရား) ဘယ်သွားသလဲဆိုတော့ ဒီလေးမျိုးဘဲ သွားတယ်.... (မှန်ပါ့)နှလုံးသွင်းမှားတဲ့ ပုဂ္ဂိုလ်၏လမ်းခရီးက....(ဒီလေးမျိုးဘဲ သွားပါတယ်ဘုရား)။

ဒီလေးမျိုး သွားတော့.... ဒီဘုံတွေဘဲ မရောက်ဘူးလား.... (ရောက်ပါတယ်) ဒီဘုံတွေရောက်တော့ ဘာတွေတွေ့သတုံး.... (အို့,သေတွေ့ပါတယ်ဘုရား)။

ဩော်.... ခင်ဗျားတို့က နတ်ပြည် ရောက်ရပါလို့၏ ဆိုတာ နှလုံးသွင်းမှားခဲ့တာ-(မှန်ပါ့) ငြဟ်မွဲပြည်ရောက်ရပါလို့၏ ဆိုတာကော.... (နှလုံးသွင်းမှားကောင်းတာပါ) နှလုံးသွင်းမှားတဲ့ အာသဝ.... (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ)။

အပါယ်လေးပါးဆိုတာကတော့ကွာ သားမယား စားဘို့ဘဲ အကုသိုလ်မကြောက်နိုင်ပါဘူး....၊ မုသားမှပါ လက်ဝမချ၊ ခေတ်ကလဲ ဒီလိုမှ မစားလို့ ရှိယင် ဖြစ်ကိုမဖြစ်ဘူး၊ ဒါကြောင့် သားတွေသမီးတွေတပြုံကြီးနဲ့ ကုန်စရာကျစရာစားစရာစရိတ်က သေးတာမဟုတ်ဘူး လုပ်မှဘဲဆိုပြီး လုပ်လိုက်တဲ့ အခါကျတော့ ကို ကာမာသဝကြောင့် အပါယ်ကျတယ်.... (မှန်ပါ့) ဘာတွေ့သတုံး....(အို့,သေ,တွေ့ပါတယ်ဘုရား)။

အပါယ်ကျတော့ အို့,သေ့,ဘဲ ပြန်လှုပ်ပြန်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ရှင်တုန်းအပါယ်ကျ၊ အပါယ်ကထွက် တာနိုးကျတော့ အို့,သေ့,ဘဲ လမ်းဆုံးဘယ်....(မှန်ပါ့) ရိပ်မိကြ ပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ယခု ဒီဘုံလေးမျိုးပြပြီးသကာလ နိဂုံးချုပ်လိုက် တော့ အို့,သေ့,က အုပ်ချုပ်တယ်....(မှန်ပါ့)။

အဲဒါ ဘယ်ပုဂ္ဂိုလ်တို့၏ သွားရာလမ်းလဲလို့ မေးတဲ့အခါကျ တော့မှ တဲ့- နှလုံးသွင်းမှားလို့ အာသဝေါတယ်.... (မှန်ပါ့ ဘုရား)နှလုံးသွင်းမှားလို့....(အာသဝေါပါတယ်ဘုရား) အာ သဝေါလို့ ဒီဘုံတွေ့ရောက်ရတယ်.... (မှန်ပါ့) ဒီဘုံတွေ့ ရောက်ရလို့ အို့,သေ့,ဒုက္ခသစ္စာနဲ့ တွေ့ရတယ်....(တွေ့ရပါတယ် ဘုရား)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဦးဘအုန်း- လွန်ကုန်ပြီ....(မှန်ပါ့) မနေ့က ပဋိစ္စသမုပ္ပါဒ်ကို ချုံးပြလိုက်တော့ ဒါရက်ယ် တကား တကာမတို့....(မှန်ပါ့) အာ သဝက ဝင်ရိုး....(မှန်ပါ့) ဒီဘုံတွေက ပတောင်းပုံ....(မှန်ပါ့)ရိပ် မိပလား....(ရိပ်မိပါပြီ) အို့,သေ့,က အကုပ်ကြီး....(မှန်ပါ့) ရိပ်မိ ပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ဒီအထဲမှာ ကာမဘုံ ဆိုတဲ့နတ်ဘုံ ကြိုက်သလား တကာကြွယ်....(မကြိုက်ပါဘုရား) ကြိုက်ယင် ခင်ဗျား အို့,သေ ကျတော့ မငြင်းနဲ့နော်....(မှန်ပါ့)။

ရူပဘုံကြိုက်သလား....(မကြိုက်ပါဘုရား) ကြိုက်ယင် အို့, သေ့,မငြင်းနဲ့....(မှန်ပါ့) အို့,သေ့,တွေ့ရမယ်....(မှန်ပါ့)။

အရူပဘုံဆိုတာ ဗြဟ္မာတွေ သိပ်အသက်ရှည်တဲ့ဘဝဲတဲ့ဆိုပြီး သွားမကြိုက်လေနဲ့.....(မှန်ပါ့) စာတွေ့ရမယ်ထင်သတုံး....(အို, သေ,တွေ့ရပါ့မယ်ဘုရား)။

အို,သေ,ဘဲတွေ့ရမယ်ဆိုတာ သေချာကြပလား.....(သေချာပါပြီ) ဒါဖြင့် ဒါဘယ်နှယ်ကြောင့် အို,သေ, တွေ့ရတာကုံး.... အို- ဒီဝင်ရိုးပို့ရာသွားနေတာ.....(မှန်ပါ့)အာသဝပို့ရာ (သွားနေပါတယ်ဘုရား) တကာ တကာမတို့ မြင်ကြပြီနော်..... (မြင်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဆုတောင်းဟူသ၍ နိဗ္ဗာန်မှတပါး ကျန်တာတွေတော့ဖြင့် မသိလို့တောင်းတာ.....(မှန်ပါ့ဘုရား)။

မသိတာက တကာ တကာမှတို့ အဝိဇ္ဇာသဝ.....(မှန်ပါ့) တောင်းတာက ကာမာသဝ... (မှန်ပါ့)သောဝါကျပလား.....(ကျပါပြီ)ကာမဘုံ တောင်းယင် ကာမာသဝ.....(မှန်ပါ့)ရူပ-အရူပဘုံ ဟောင်းယင် ဘဝါသဝ... (မှန်ပါ့) သတောကျပလဲ့း..... (ကျပါပြီဘုရား)။

ဒါကြောင့် အာသဝသည်ကားလို့ဆိုလို့ ရှိယင်ဖြင့် တဲ့၊ ကာမာသဝ-ဘဝါသဝ-ဒိဋ္ဌာသဝ-အဝိဇ္ဇာသဝဆိုတာ ပေါ်ပလား..... (ပေါ်ပါပြီဘုရား)။

ဂါဖြစ်ချင်တာ သူများဖြစ်ချင်တာမဟုတ်ဘူးဆိုဘဲ့ ဒိဋ္ဌာသဝကလဲ ပါသေးတာကိုး.....(ပါပါတယ်) ရှင်းပလား.....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဝင်ရိုးကြီး လှည့်ရာကို ခင်ဗျားတို့ သွားရမယ်..... (မှန်ပါ့)သတောကျပလား.....(ကျပါပြီဘုရား)။

ဒါဖြင့် အောက်ရောက်လဲ အို့,သေ,ဘဲ....(မှန်ပါ့) အထက်ရောက်လဲ....(အို့,သေ,ပါဘဲ) ဘေးရောက်လဲ.... (အို့သေပါဘဲ) ဘယ်နေရာကြိုက်သတုံး တကာကြွယ် .... (ဘယ်နေရာမှမကြိုက်ပါဘုရား)။

ဒါဖြင့် ဒီအာသဝ ဘယ်ကလာသတုံး မေးတော့မှ ယနေ့တရားမှတ်လိုက်ပါ၊ နှလုံးသွင်းမှားရာက လာတာ....(မှန်ပါ့) လက်သည်းပါပြီ....(ပေါ်ပါပြီဘုရား)ဒီအာသဝ ဘယ်က လာသတုံး....(နှလုံးသွင်းမှားရာကလာပါတယ်ဘုရား)။

နှလုံးသွင်းမှားတော့ နတ်ပြည်လိုချင်တဲ့ ကာမာသဝ ပေါ်လာတယ်....(မှန်ပါ့ဘုရား) နတ်ပြည်ဆိုတာဟာ -ချမ်းသာတယ်ဆိုတော့ နတ်ပြည်မှာ အနိစ္စ, ဒုက္ခ ရယ်လို့ နှလုံးသွင်းက မှန်သေးရဲ့လား....(မမှန်ပါဘုရား) မမှန်တော့ လိုချင်တဲ့ ကာမာသဝ မလာဘူးလား....(လာပါကယ်ဘုရား)။

ဒါဖြင့် ကာမာသဝကလှည့်လိုက်တော့ကိုတဲ့ ကာမ ဘုံရောက်သွားတယ် ရောက်သွားဘာ့ ဘာတွေ့မျှားတွေ့သတုံး.... (အို့,သေ,တွေ့တွေ့ပါတယ်ဘုရား)။

ကဲ-နှလုံးသွင်းမှားတော့ ကာမာသဝပေါ်တယ်၊ကာမာသဝပေါ်တော့ လုပ်လိုက်ဘဲ့အခါကျဘာ့ အို့, သေ, သွားတွေ့တယ်....(မှန်ပါ့) ကာမဘုံတော့ ရောက်တာဘဲ၊ ရောက်ပင် ရောက်ငြားသော်လဲ အို့,သေ,ဘဲ သွားတွေ့တယ် .... (မှန်ပါ့) သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

နှလုံးသွင်းမှားတော့ကို ငါ့သား ငါ့မယားဆိုတဲ့ ဒိဋ္ဌာသဝ မလာဘူးသား....(လာပါတယ်)အဲ့ဒိဋ္ဌာသဝ ဆိုကတည်းက ဝင်ရိုး....(မှန်ပါ့) မလှည့်ပေဘူးလား....(လှည့်ပါတယ်) လှည့်တဲ့

အခါကျတော့ အပါယ် မသွားပေးဘူးလား - သွားသလား...
(သွားပါတယ်ဘုရား)။

ဆင်း- ဒါဖြင့်ဒီဌာဿဝကြောင့်လဲအပါယ်သွားရတယ်ဆိုတာ ရိပ်မိပြီ....(ရိပ်မိပါပြီ) ဟာဒီ အဝိဇ္ဇာသဝကလဲ ရူပဘုံမှာ အရူပဘုံမှာ အနိစ္စ,ဒုက္ခ, အနတ္တလို့ သိသေးရဲ့လား.... (မသိပါဘုရား) နှလုံးသွင်းမှားတော့ အဝိဇ္ဇာသဝကလဲ လာတယ်.... (လာပါတယ်ဘုရား)။

လာတဲ့အခါကျတော့ အဝိဇ္ဇာသဝနဲ့ ဧင်ဗျားတို့က အား ထုတ်လိုက်ဟဲ့အခါကျတော့ ရူပဘုံ အရူပဘုံ မရောက် ဘူးလား...(ရောက်ပါတယ်) ရောက်တော့ နောက်ဆုံးပိုတ် ဘာနဲ့ လက်စသတ်ရသတုံး.... (အို,သေ,နဲ့လက်စသတ်ရပါတယ်) အို့ သေ,နဲ့ လက်စသတ်ရတယ်ဆိုတာ ပေါ်ကြပြလား .... (ပေါ်ပါပြီဘုရား)။

ဒါ ဘယ်ကလာတာတုံး.... (နှလုံးသွင်းမှားကလာတာပါ) ကဲ... ဒါဖြင့် ဒီလို လှည့်ကြစို့၊ နှလုံးသွင်းမှားကြောင့် အာသဝေပေါ်တယ်....(မှန်ပါ့) အာသဝေပေါ်သောကြောင့် ဘုံလေးမျိုး ကိုကြိုက်တယ်....(မှန်ပါ့) ကြိုက်သောကြောင့် အို,သေ,လေးမျိုးနဲ့....(တွေ့ရပါဘယ်ဘုရား)။

ကဲ....ပေါ်ကြပြလား....(ပေါ်ပါပြီဘုရား) ဦးဘအုန်း သေသေချာချာ မှတ်စမ်းပါဦးဗျာ၊ နှလုံးသွင်းမှားတော့ ဘာပေါ်သတုံး....(အာသဝေပေါ်ပါတယ်)အာသဝေပေါ်တော့ ဘုံသေးမျိုးကိုရောက်တယ်... (မှန်ပါ့) မရောက်ရဘူးလား ... (ရောက်ရပါတယ်)ကာ,မရူပ, အရူ မရောက်ရပဘူးလား....(ရောက်ရပါတယ်)ကာမ,ရူပ, အရူပ,အပါယ်တို့ပေါ့ဗျာ....(မှန်ပါ့)။

အဲဒါ ဘယ့်နှယ်ကြောင့် ရောက်သွားသတုံးလို့ မေးတဲ့အခါ ကျတော့ နှလုံးသွင်းမှားလို့....(မှန်ပါ့ဘုရား)။

နှလုံးသွင်းမှားတော့ အာသဝ ပေါ်တယ်၊ အာသဝနဲ့ လှည့်လိုက်တဲ့အခါကျတော့... တကာတကာမတို့ ကာမ,ရူပ, အရူပ အပါယ်လေးပါးဆိုတာ မပေါ်လာဘူးလား.... (ပေါ်လာပါတယ်) ပေါ်လာတဲ့အခါကျတော့ အဲဒီဘုံမှာ ကောင်းကောင်းနေရသလား... အို,ဒေသ,နဲ့တွေ့ရသလား.... (အို,ဒေသ,နဲ့ တွေ့ရပါတယ်) ပေါ်ကြပါပြီ....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ယနေ့တရားမှာ တကာကြယ် သိပ်အဘိုးတန်တယ်..., (တန်ပါတယ်ဘုရား) နှလုံးသွင်းမှားကြောင့် ဘာပေါ်သတုံး.... (အာသဝပေါ်ပါတယ်ဘုရား) အာသဝ ပေါ်သောကြောင့် ဒီအာသဝလက်ထဲ ဆုတောင်းသောကြောင့် ဒီဘုံတွေ ဖရောက်လား....(ရပါတယ်ဘုရား)။

ဒီဘုံတွေရတော့ နိဂုံးချုပ်တော့ ဒီဘုံတွေဟာ ဘယ်မှာ ဇာတ်သိမ်းရသလဲ....(အို,ဒေသ,မှာ ဇာတ်သိမ်းရပါတယ်) ဟော ဒုက္ခသစ္စာမှာသွားပြီး ဇာတ်သိမ်းရတယ်.... (မှန်ပါ့)။

ဒါဖြင့် တကာကြယ် ဒီပုံများ သေသေချာချာမှတ်ထားဦး.... (မှန်ပါ့) ဟိုဘက်က တမျိုးပေါ့ဗျာ.... (မှန်ပါ့) ဒီဘက်ကလဲ တမျိုးဘဲ....၊ ပဋိစ္စသမုပ္ပါဒ် မှကုန်လို့ ဒီဘက်ဆက်ရေးရတာ.... (မှန်ပါ့) သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

အဲဒါစကြာပုံထဲမှာတော့ မပါသေးကူး....(မှန်ပါ့)မပါသေးဘူး၊ ကိုယ့်ဟာကိုယ် နောက်ကထည့်ချင် ထည့်နိုင်ကြပါတယ် ရေးပြီးတော့....(မှန်ပါ့)။

ကိုင်း·ဒါဖြင့် တကာကြွယ် နှလုံးသွင်းမှားခြင်းကြောင့် အာသဝေပေါ်ဘယ်.... (ပေါ်ပါစေတယ်ဘုရား) အာသဝေပေါ်သောကြောင့် ဘုံတွေ့ရောက်တယ်.... (မှန်ပါ့) ဘုံတွေ့ရောက်ရလို့ အိုကဲ့ သေကဲ့ဖြစ်ရတယ်....(မှန်ပါ့ဘုရား)။

ပြန်ပြောကြစမ်း နှလုံးသွင်းမှားသောကြောင့်.... (အာသဝေပေါ်ပါတယ်ဘုရား) အာသဝေပေါ်သောကြောင့်.... (ဘုံတွေ့ရောက်ရပါတယ်)ဘုံတွေ့ရောက်ရသောကြောင့်....(အိုကဲ့သေကဲ့ဖြစ်ရပါတယ်ဘုရား)။

ဟော.... နှလုံးသွင်းမှား၏ စွမ်းရည်သတ္တိ ဦးဘအုန်းသေးသလားဗျာ.... (မင်းသားပါဘုရား) တကာတကာမတို့ သိပ်ဆိုးဝါးပါကလား....(ဆိုးဝါးပါတယ်ဘုရား) အခုတကာကြွယ်တို့ နှလုံးသွင်းမှားတော့ အို,သေ နီးနေပြီဗျ....(နီးပါပြီဘုရား)။

နဂိုရိုက ကာမဘုံကြိုက်တာကိုးဗျ.... (မှန်ပါ့) ကာမဘုံကြိုက်ဘော့ အခု ကာမဘုံရောက်မလာဘူးလား·(ရောက်လာပါတယ်ဘုရား)။

အင်း....ဘယ်နှယ်ကြောင့် ကာမဘုံကို နဂိုရိုက်ကြိုက်မိပါလိမ့်မဘုံး.... (နှလုံးသွင်းမှားလို့ပါ့) နှလုံးသွင်းမှားတော့ ကာမဘုံကြိုက်တဲ့ လူ့ဘုံကြိုက်တဲ့ တဏှာ ပေါ်လာတယ်..... (မှန်ပါ့) အဲဒီတော့ တဏှာဟာ ကာမာသဝေ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီ ကာမာသဝေကလွှဲပြေးလိုက်တော့ အခုတကာကြွယ်တို့ ကာမဘုံရောက်လာတယ်....(ရောက်လာပါတယ်) အင်း....ဒီရောက်မှုဟာ တဲတဲရှိတော့တယ်.... (မှန်ပါ့) အို,သေနဲ့ တန်းနေ

ပြီ.... (တန်းနေပါပြီ) တကာကြွယ် ဒါဘယ်သူပို့လိုက်တာပါလိမ့်....(ဒုလုံးသွင်းမှုားက ပို့လိုက်တာပါဘုရား)။

ဒုလုံးသွင်းမှုားသောကြောင့်.... ကာမဿဝ၊ ကာမဿဝကြောင့် ကာမဘုံဖြစ်.... (မှန်ပါ့) ကာမဘုံမှာ တကာကြွယ်ဆိုတဲ့ ပုဂ္ဂိုလ်တယောက်လာဖြစ်တယ်.... (မှန်ပါ့) တကာကြွယ်ဆိုတဲ့ ပုဂ္ဂိုလ်ဘယောက်လာဖြစ်တော့ ဒီ-အို့သေ စက်တွင်းကမလွတ်နိုင်ဘူး.... (မှန်ပါ့) လွတ်နိုင်ပါ့မလား.... (မလွတ်နိုင်ပါဘုရား)။

ဒါဖြင့် တကာကြွယ် ဒုလုံးသွင်းမှုားတာ သေးသေးမတောက်မေ့နဲ့....(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ကဲ- တခေါက်ပြန်ပြောပါဦး တကာတကာမတို့၊ ဒုလုံးသွင်းမှုားမှုသည် အာသဝလေးပါးပေါ်စေတယ်.... (ပေါ်စေပါတဲ့ယ်) ဒုလုံးသွင်းမှုားမှုသည်.... (အာသဝလေးပါးပေါ်စေပါတယ်ဘုရား)။

အာသဝလေးမျိုး ပေါ်သောကြောင့် ဘုံလေးမျိုး ရောက်ချင်သလိုရောက်ရတယ်.... (မှန်ပါ့) ကာမရွာ အပါယ်တွေပါ့ဗျာ....(မှန်ပါ့) ရောက်ချင်သလို ရောက်ရသောကြောင့် သေချင်သလိုသေခြင်းဆိုးသေရတယ်.... (မှန်လှပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကိုင်း....ဒါဖြင့် တကာတကာမတွေ ဒါ-သေသေချာချာမှတ်ပါ-နော်....(မှန်ပါ့) ဒုလုံးသွင်းမှုားတော့ ဘာတွေပေါ်သတုံး.... (အာသဝလေးပါးပေါ်ပါတယ်) ဟော....ဒါတွေဟာ အာသဝ

တော့ပေါ့....၊ ကာမာသဝ- ဘဝါသဝ- ဒိဋ္ဌာသဝ- အဝိဇ္ဇာသဝ....
(မှန်ပါ့) အတိုးကောက်ရေးထားနော်....(မှန်ပါ့)။

နှလုံးသွင်းမှားလို့ ဒါတွေမပေါ်ဘူးလား....(ပေါ်ပါတယ်
ဘုရား) ဒါတွေပေါ်ပြီး သူကနေ လှည့်ပေးလိုက်တဲ့ အခါကျ
တော့ တကာတကာမတွေ သိတဲ့အတိုင်းတဲ့ ဘုံလေးမျိုးရောက်
ရာ မပေါ်ဘူးလား... (ပေါ်ပါတယ်ဘုရား)ရှင်းပြီနော်....(ရှင်း
ပါပြီဘုရား)။

ဘုံလေးမျိုးရောက်တော့ အဓိကာင်းနေရသလား.... အဆိုး
နေရသလဲး ဆိုတော့ ဟောဒီ အကုသိုလ်ကြီးထဲက မထွက်နိုင်ဘူး
က... တဲ့.... (မှန်ပါ့) အို,သော အကုသိုလ်ကြီးထဲက မထွက်နိုင်ဘူး....
သဘောပါကြပလား....(ပါ-ပါပြီ)။

ကိုင်း.... တကာတကာမတွေ ပြန်စ, နှလုံးသွင်းမှားကြောင့်
ဘာပေါ်သတုံး.... (အာသဝလေးပါးပေါ်ပါတယ်) အာသဝ
ပေါ်ဖသားကြောင့် ဘာဖြစ်ကြသတုံး... (ဘုံလေးမျိုးရောက်
ရပါတယ်) ဘုံလေးမျိုးရောက်ရတယ်....ဘုံလေးမျိုးရောက်လို့
ဘာဖြစ်ကြသတုံး.... (အို,သေနဲ့တွေ့ရပါတယ်) အို,သေနဲ့တွေ့
ရတယ်....(မှန်ပါ့)။

ကိုင်း....တကာတကာမတို့ အာသဝနယ်က မလွတ်လို့ရှိယင်
အို့သေ လွမ်းဆုံး....(မှန်ပါ့) အာသဝနယ်ကမလွတ်လို့ရှိယင်....
(အို,သေ လွမ်းဆုံးပါဘုရား)။

ဒါဖြင့် အာသဝကို တကာတကာမတို့ ပြောင်းပြန် ပြန်မေး
ကြည့်စို့ - ပဋိလောမနည်း-နော်....(မှန်ပါ့)အို,သေ ဘယ်ကလာ
ပါလိမ့်မတုံး....(ကာမဘုံကလာပါတယ်) ဘုံလေးမျိုးကလာ

တယ်.... (မှန်ပါ့) ဘုံလေးမျိုးက လာပါတယ်- ရှင်းပလား.... (မှန်ပါ့) ဘုံလေးမျိုး ဘယ်သူလှည့်လို့ပို့ရသတုံး....(အာသဝလှည့်လို့ပါ)အာသဝ-ဝင်ရိုးက လှည့်ပေးတယ်....(မှန်ပါ့) အာသဝ-ဝင်ရိုးဖြစ်အောင် ဘယ်သူက လုပ်ပါလိမ့်....(နှလုံးသွင်းမှုးက လုပ်ပါတယ်) နှလုံးသွင်းမှုးက သာဆိုးတယ်.... (မှန်ပါ့) တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီ)။

အားလုံး တရားတပဲလုံး ကကာတကာမတို့ နှလုံးသွင်းမှုးက ဘာလုပ်သတုံး.... (အာသဝ-ဝင်ရိုးလုပ်ပါတယ်) အဲ-ကျုပ်တို့ လှည့်ပေးစမ်းပါဗျာ- ဘုံလေးမျိုး လှည့်ပေးစမ်းပါ-တဲ့၊ ဒါမှ ကျုပ်တို့လေးဘုံမှာ လေးသေ-သေရမယဲ့....(မှန်ပါ့)။

လေးမျိုးသော သေခြင်းဆိုး ကျုပ်တို့ မသေဘူးသေးဘူး၊ ဒါကြောင့်....မရောက်,ရောက် အောင်ပို့ပေးစမ်းပါဆိုတော့.... အာသဝ-က လှည့်ပေးလိုက်တယ်.... (မှန်ပါ့) လှည့်ပေးတော့ အပါယ်သေခဲ့ရ....၊ ကာမဘုံသေခဲ့ရ.... (မှန်ပါ့)ရူပ,အရူပဘုံကော....(သေခဲ့ရပါတယ်ဘုရား)။

အင်း....ဒါဟာ ခင်ဗျားတို့ သေချင်လို့သေရတာလား-တဲ့ အာသဝပို့လို့ သေရတာလား.... (အာသဝပို့လို့သေရတာပါဘုရား) အာသဝကို ဘယ်သူက ပေါ်စေတာပါလိမ့်.... (နှလုံးသွင်းမှုးက ပေါ်စေတာပါဘုရား) ဒါဖြင့် တကာကြွယ်-ရေ.... ကြောက်စရာကြီးပါလား....(မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒီလိုသွားကြဦးစို့၊ နှလုံးသွင်းမှုးလို့ တကာကြွယ်တို့ နှလုံးသွင်းမှုန် ပြောင်းလိုက်လို့ရှိယင်ဖြင့် ဝင်ရိုးကျိုး

ပြီ....(မှန်ပါ့ဘုရား) ဝင်ရိုးကျိုးယင် ဘုံတွေ့ မလာဘူးလား.... (မလာပါဘုရား) ဘုံတွေ့ မလာယင် အိုး-သေ အာဇာတ်ကြီးနဲ့.... (မတွေ့ရပါဘုရား)။

ဒါဖြင့် ကျုပ်တို့ နိဗ္ဗာန်ရောက်ဘို့ရာ နှလုံးသွင်းမှုန်ဘို့ အရေးကြီးတယ်....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ဒါဖြင့်- တရားတကာမတို့ နှလုံးသွင်းမှုန်ယင် ကိစ္စပြီးပါတယ်.... (ပြီးပါတယ်ဘုရား) ဦးဘအုန်း ဘာတဲ့တုံး.... (နှလုံးသွင်းမှုန်ယင် ကိစ္စပြီးပါတယ်ဘုရား)။

နှလုံးသွင်းမှုန်ယင် ကိစ္စပြီးတယ်ဆိုတာဖြင့် တကာကြွယ်.... လေးလေးစားစား မှတ်ပါတော့.....(မှန်ပါ့ဘုရား) အင်မတန် အရေးကြီးတဲ့ဘရားဆိုတာ ယနေ့ ဖေါ်ပလား... (ဖေါ်ပါပြီဘုရား) ခုနင်က စောစောက အပြစ်တွေ့လဲ အများကြီးပြခဲ့ပါတယ်....(မှန်ပါ့ဘုရား)။

မျက်နှာ မကြည်မသာရှိတာလဲ နှလုံးသွင်းမှားဘဲ.... (မှုန်ပါ့) ပြုံးနေကြပြန်ကော(နှလုံးသွင်းမှားပါ)အပြုံးလဲ မမက်ကြပါနဲ့ (မှုန်ပါ့) အမဲ့လဲ မကြိုက်ကြပါနဲ့.... (မှန်ပါ့) အပြုံးလဲ.... (မမက်ကြပါနဲ့ဘုရား)။

ဆဲဒါ နှလုံးသွင်းမှားကချည်း လာဘဲဖြစ်ပါတယ်-(မှန်ပါ့) အရိယာတွေ့ ပြုံးတာ မဆိုလိုပါဘူး.... (မှုန်ပါ့) အရိယာတွေ့ ပြုံးတာကတော့ အိုး-သေလွတ်လို့ သူတို့ပြုံးတာ.... (မှုန်ပါ့) ခင်ဗျားတို့ကတော့ အိုး,သေသွားမလို့ ပြုံးတာ-(မှန်ပါ့) ကွာသေးဘာကိုး....(ကွာပါတယ်ဘုရား) မဲ့တာကြလဲ ရဟန္တာများကျတော့ မဲ့လုံးမရှိဘူး၊ သံဝေဂဲရှိတယ်.... (မှန်ပါ့) ခင်ဗျား

တို့ကတော့ မဲ့စရာရှိယင် အရှုပ်ကိုဆိုးသွားတာဘဲ(မှန်ပါ့ဘုရား) မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား) ဘယ်နှယ်ကြောင့် မဲ့တာတုံးဆိုတော့ နှလုံးသွင်းမှားတာ.... (မှန်ပါ့) နှလုံးသွင်းမှားတာပါဘုရား)။

နှလုံးသွင်းမှားတော့ အဝိဇ္ဇာသဝကာ လာပါရော....(မှန်ပါ့) ဟာ....ဒါဖြင့် အဝိဇ္ဇာသာ ခင်ဗျား ဝင်ရိုးလုံပ်ပြီး လှည့်စမ်းပါဦးဆိုတော့ အဝိဇ္ဇာသဝကာနေပြီး တကာတကာမတို့ အပါယ်ပို့ချင်ပို့တာ.... (မှန်ပါ့ဘုရား) မပို့ဘူးလား .... (ပို့ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် နှလုံးသွင်းမှားသည် တကာတကာမတို့ ဝင်ရိုးကို ဖြစ်စေတယ်....(မှန်ပါ့) ဝင်ရိုးဖြစ်စေသောကြောင့် ဝင်ရိုးက လှည့်လိုက်တာ ဘုံလေးမျိုးပေါ်လာတယ်....(မှန်ပါ့)။

ဘဝလေးမျိုးပေါ်တယ်....၊ ဘဝလေးမျိုး ပေါ်လာသောကြောင့် သေခြင်းဆိုးသေရတယ်.... (မှန်ပါ့ဘုရား) အိုသေလမ်းဆုံးရတယ်၊မှဆုံးရဘူးလား .... (ဆုံးရပါတယ်ဘုရား) ကဲ....ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် နှလုံးသွင်းမှားလို့ သံသရာလည်တယ်(မှန်ပါ့ဘုရား) ဦးဘအုန်း ဘယ်လိုမှတ်မယ်....(နှလုံးသွင်းမှားလို့ သံသရာလည်ပါတယ်ဘုရား)။

ဒါ့ကြောင့် သံယုတ်ပါဋ္ဌိတော်ကြီးမှာ လာတယ်၊ ရှင်မဟာကောဋ္ဌိတ-က ရှင်သာရိပုတ္တရာကို မေးတယ်၊ ရဟန္တာကြီးနှစ်ပါးလို့မှတ်လိုက်ပါတော့.... (မှန်ပါ့) အရှင်ဘုရား .... သီလရှိတဲ့ပုဂ္ဂိုလ် ဘယ်ဟာကို နှလုံးသွင်းမှန်တယ် လုပ်ရမှာတုံးကဲ့....(မှန်

ပါဘုရား) သီလရှိတဲ့ပုဂ္ဂိုလ်သည်ကားလို့ ဆိုယင် "သီလဝတော ဘိက္ခဝေ ယောနိသော မနသိကာရော" ဆိုတဲ့ အတိုင်းတဲ့၊ သီလရှိတဲ့ပုဂ္ဂိုလ်မှာ နှလုံးသွင်းမှုန်ကို လုပ်လိုက်စမ်းပါ .... (မှုန်ပါဘုရား)။

သီလကလေး ဆောက်တည်ပြီး နှလုံးသွင်းမှုန် လုပ်လိုက်စမ်းပါ-တဲ့....(မှုန်ပါ) ခန္ဓာကိုယ်မှာ ဝေဒနာဖြစ်ယင် တကာကြွယ် ဝေဒနာကို ဖြစ်ပျက်ရှုစမ်း....(မှုန်ပါဘုရား) စိတ်ကြိုက်တဲ့ ပုဂ္ဂိုလ်က....(စိတ်-ဖြစ်ပျက်ရှုရပါမယ်) ရုပ်ကြိုက်တဲ့ပုဂ္ဂိုလ်က .... (ရုပ်ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

အဲဒီလို ဖြစ်ပျက်ရှုလိုက်တဲ့တခါကျတော့ ယောကျ်ား-မိန်းမ ပျောက်ပြီး အနိစ္စ, ဒုက္ခ, အနတ္တတွေဘဲ ရောက်တယ်.... (မှုန်ပါဘုရား)။

ဒါကျတော့ဘာဖြစ်လို့ပါလိမ့် (နှလုံးသွင်းမှုန်လို့ပါဘုရား) နှလုံးသွင်းမှုန်ဟာ့ အာသဝ လာသေးရဲ့လား .... (မလာပါဘုရား) အာသဝမှု မလာဘဲနဲ့ လှည့်ပို့စရာ ဘုံရှိသေးရဲ့လား (မရှိပါဘုရား)ဘုံမှုမရှိဘဲနဲ့ သေစရာကော....(မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတို့ သံသရာစခန်းသတ်ချင်ယင် နှလုံးသွင်းမှုန်ဘို့....(အရေးကြီးပါတယ်ဘုရား)။

ဒါ့ကြောင့် ရှင်မဟာကောဋ္ဌိက-က သီလရှိတဲ့ပုဂ္ဂိုလ် ဘယ်ဟာကို နှလုံးသွင်းမှုန်ရမှာတုံးဆိုတော့ကဲ့ခန္ဓာငါးပါးကို အနိစ္စတော, ဒုက္ခတော, ရောဂတော, သလ္လတော, အဃတော, ပရတော, ပလောကတော, သုညတော, အနတ္တတော ဆိုပြီး သကာ

လက္ခာ....တဲ့ ခန္ဓာငါးပါးကို ဖြစ်ပျက်နှလုံးသွင်းလိုက်လို့ ရှိယင် ဒါ နှလုံးသွင်းမှုန်သွားတာဘဲ.... (မှုန်ပါဘုရား) ခန္ဓာငါးပါး ဖြစ်ပျက်နှလုံးသွင်းလိုက်ယင်.... (နှလုံးသွင်းမှုန်ပါတယ်ဘုရား)။

နှလုံးသွင်းမှုန်သွားတဲ့အတွက် အဲဒီတော့ ဖြစ်ပျက် ဆိုတော့ ကို အနိစ္စ ဟုတ်လား....(မှုန်ပါ) မြင်ကာက တကာတကာမှတို့ မဂ္ဂဆိုတော့ အဝိဇ္ဇာရှိသေးရဲ့လား....(မရှိပါဘုရား) တဏှာ ကော....(မရှိပါဘုရား) ဒိဋ္ဌိကော....(မရှိပါဘုရား) ဘဝ တဏှာ ကော....(မရှိပါဘုရား)။

အာသဝ လေးပါးစလုံးဟာ ဖြစ်ပျက်မြင်လိုက်တာနဲ့ တကာ ကြွယ်-ရေ .... ကာမာသဝ- ကာမဘုံလဲ မလိုချင်တော့ဘူး .... (မလိုချင်ပါဘုရား) ရူပဘုံကော... (မလိုချင်ပါဘုရား)အရူပ ဘုံကော....(မလိုချင်ပါဘုရား) အပါယ်ဘုံကော.... (မလိုချင် တော့ပါဘုရား)။

အင်း....ဒိဋ္ဌာသဝလဲ မဖြစ်တော့ဘူး၊ မဖြစ်တော့ အပါယ်လဲ မရောက်တော့ဘူး....(မရောက်တော့ပါဘုရား) ဖြစ်ပျက် မြင်တဲ့ ပုဂ္ဂိုလ်ကိုး.... (မှုန်ပါ့)။

အဲဒီ ဖြစ်ပျက်မြင်လိုက်တော့ နှလုံးသွင်းက မှုန်သွားတယ် (မှုန်ပါ့) နှလုံးသွင်းမှုန်သွားတော့ ဂင်ခိုးကျိုးတယ်....(ကျိုးပါ တယ်ဘုရား) ဝင်ခိုးကျိုးတော့ ဒေါက်တွေတယ်လို့ ဖြစ်သေးရဲ့ လား....(မဖြစ်ပါဘုရား)ဒေါက်တွေမှ တယ်လို့ မဖြစ်လို့ ရှိယင် အကယ်နဲ့ တူတဲ့ ဇရာမရဏာတွေကဘာကာတကာမတွေကိုသေအောင် အိုအောင်လုပ်နိုင်သေးရဲ့လား....(မလုပ်နိုင်ပါဘုရား)။

ဩော်....ဒါဖြင့် တကာကြွယ် သိပ် အာဘိုးတံ်နပါလား။ (တန်ပါတယ်ဘုရား) ဒါဖြင့် ဒီနေ့ တရား တကာ တကာမတို့ သတ္တုချလိုက်ဘော့ ဘာအဓရေးကြီးသတုံး.... (နှလုံးသွင်း မှုန်ဘို့ အရေးကြီးပါတယ်ဘုရား)။

ဒါဖြင့် နှလုံးသွင်း မှုန်ယင် အာသဝ, ဝင်းရိုး ကျိုးတယ် (မှုန်ပါ့) အာသဝ, ဝင်ရိုးကျိုးသောကြောင့် ဘု့ဒေါက်တွေကော....(ကျိုးပါတယ်ဘုရား)ဘု့ဒေါက်တွေ ပျက်သောကြောင့် အကွပ်ကြီးကော ရှိသေးရဲ့လား....(မရှိပါဘုရား)။

ကဲ့-သံသရာ လည်မှုစခန်းကြီး,အဝိုင်းကြီး အကုန် သိမ်းတာဘဲ.... (သိမ်းပါတယ်ဘုရား) ဝင်ရိုးရော,ဒေါက်ရော တကာတကာမတို့ အကွပ်ကြီးရော-(သိမ်းပါတယ်ဘုရား) အကုန်မသိမ်းဘူးလား....(သိမ်းပါတယ်ဘုရား)။

အဲဒီလို သိမ်းတာသိရဘော့မှ ဘုန်းကြီးတို့၊ တကာ တကာမတွေက ဩော်....ဒီနှလုံးသွင်းမှုန်ဘို့ သိပ်အရေးကြီးပါကလား.... (မှုန်ပါ့ဘုရား) နှလုံးသွင်းမှုန်ဆိုတာက ဘာကြည့်လိုက်၊ ကြည့်လိုက် ခန္ဓာကိုယ်ကို ဝိပဿနာ ထိုင်တော့မယ် ဆိုတော့ဖြစ်ပျက်ကလေးတွေ တွေ့ယင် ငါနှလုံးသွင်း မှုန်ပြီဟေ့.... (မှုန်ပါ့ဘုရား)ဖြစ်ပျက်တွေ့ယင်....(နှလုံးသွင်းမှုန်ပါပြီဘုရား)။

နှလုံးသွင်းမှုန်တော့ ဝင်ရိုး ဘယ်နှယ်နေသလဲ.... (ကျိုးပါတယ်ဘုရား) ဒေါက်တွေကော.... (ကျိုးပါတယ်ဘုရား) သံပတ်ခွကြီးကော....(ကျိုးပါတယ်ဘုရား)။

အင်း....ဒါဖြင့် ဘယ်မှာတုံး တကာ တကာမတို့ သံသရာထဲမှာဖြင့် အခြေကနေပြီး ဖျက်ချလိုက်ပြီး.... (မှုန်ပါ့ဘုရား)

သံသရာ အခြေက နေပြီး ဖျက်ချတယ်.... (မှန်ပါ!) တကာ တကာမတို့ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဦးဘအုန်းရေ သိပ်အရေးကြီးတယ် ဆိုတာ ပေါ့လာကြပလား .... (ပေါ်လာပါပြီ) ကိုင်း ဒါဖြင့် နှလုံးသွင်း မှန်အောင် အရှင်ဘုရားတဲ့ သီလရှိတဲ့ ပုဂ္ဂိုလ် နှလုံးသွင်းမှန်ပြီး ဘယ်ဟာ လုပ်ရမှာတုံး ဆိုတော့ အို-မင်းတို့ ခန္ဓာကိုယ်ကြာတဲ့ အနိစ္စတော, ဒုက္ခတော, ရောဂတော, သလ္လတော, အဃတော, အဃမူလတော,ပရတော, ပလောကတော, သူညတော, အနတ္တတော အို-ဒါတွေရှုလိုက်ယင် ပြီးတာဘဲ-တဲ့ .... (မှန်ပါဘုရား)။

ဒီလိုဆိုတော့ စာတွေက များနေတော့ တကာ တကာမတို့ ဒါတွေကိုရအောင်လဲမကျက်နိုင်တော့ ကိုယ် ဟာကိုယ်ကြည့်ယင် ဖြစ်ပျက်မြင်ယင် ဒါတွေ အကုန် ပါသွားတာဘဲ.... (မှန်ပါ!) ဖြစ်ပျက်မြင်ယင်....(ဒါတွေအကုန်ပါသွားပါတယ်ဘုရား)။

ဒါတွေ အကုန်ပါသွားတော့ တကာ တကာမတို့ ဖြစ်ပျက်မြင်တော့ နှလုံးသွင်းက ဘယ် နှယ်နေသလဲ .... (နှလုံးသွင်းမှန်ပါတယ်ဘုရား) နှလုံးသွင်းမှန်တော့ ယောနိသော မနသိကာရ ဖြစ်သွားတယ်....(ဖြစ်ပါတယ်ဘုရား)။

အဲဒီကျတော့မှ ဘုရားက ယောနိသော ဘိက္ခဝေ မနသိကရောတော် မဟာတော အတ္ထာယ သံဝတ္တတိ.... (မှန်လှပါဘုရား) ဘိက္ခဝေ=ရဟန်းတို့၊ယောနိသော=ဖြစ်ပျက်ဟူ၍၊ မနသိကရောတော=နှလုံးသွင်းသော ပုဂ္ဂိုလ်အား၊မဟာတော = ကြီးစွာသော နိဗ္ဗာန်၏-အတ္ထာယ=အကျိုးငှာ၊သံဝတ္တတိ= ဖြစ်၏။ နိဗ္ဗာန်ရောက်

တယ်က္ခ-တဲ့....(မှုန်လှုပါဘူးရား) တကာ တကာမတို့ နှုလုံးသွင်း မှုန်ယင်....(နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

အင်း....ဘုရားကဟောတော့ ဘုရားကတော့ ဒီမျှလောက်ဘဲ ဟောတော်မူပါတယ်၊ ဘုန်းကြီးတို့က ပဋိစ္စသမုပ္ပါဒ်နဲ့ နားလည် အောင် ပြလိုက်တဲ့ အခါကျတော့မှ- ဒီဘုန်းကြီးတို့က ပဋိစ္စသမုပ္ပါဒ်နဲ့ ပြလိုက်တဲ့အခါကျတော့မှ ယောနိသော မနသိကာရဖြစ်ဘော့ ဝင်ရိုးကျိုးတယ်....(မှုန်ပါ့) ဝင်ရိုးကျိုးတော့ ဒေါက်ပြုတ်တယ်....(မှုန်ပါ့) ဒေါက်ပြုတ်ပါတယ်၊ ဒေါက်ပြုတ်တော့ အချုပ်ဆိုတဲ့ သံပတ်ခွေကြီးဟာ....(မရှိတော့ပါဘူးရား) ပြုတ်သွားတဲ့အဘွက် တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ်ဒုက္ခစက်ရဟတ်အကုန်ရပ်.... (ရပ်ပါတယ်ဘုရား) မရပ်သေးဘူးလား....(ရပ်ပါတယ်ဘုရား)။

ကဲ့-တကာ တကာမတို့ ပေါ်ကြပလား .... (ပေါ်ပါပြီ) ဒါဖြင့် ကျုပ်တို့ ဘာ အရေးကြီးသတုံး .... (နှုလုံးသွင်းမှုန်ဘို့ အရေးကြီးပါတယ်) အဲ .... အိမ်ကျတော့ နှုလုံးသွင်းတာပေါ့ ဗျာ....(မှုန်ပါ့) အိမ်ကျတော့ နှုလုံးသွင်းဘာပေါ့ ဦးဘအုန်း.... (မှုန်ပါ့ဘုရား)။

ခန္ဓာကိုယ်မျက်လုံးမှိတ်ပြီး နှုလုံးသွင်း....(မှုန်ပါ့) ဒီနေရာ ဟိုနေရာကလေးမှာ ယားတယ်၊ အင်း... ဖြစ်ပြီး ပျက်တာဘဲ... (မှုန်ပါ) နာတယ်ဖြစ်ပြီး ပျက်တာဘဲ.... (မှုန်ပါ့)ရပ်ကောဖြစ်ပြီး ပျက်တာဘဲ....(မှုန်ပါ့)။

အင်း....ဒါဖြင့် စိတ်ကလေးပေါ်လာလို့... (ဖြစ်ပြီး ပျက်တာပါဘဲ) ဘယ်စိတ်ပေါ်ပေါ်....(ဖြစ်ပြီးပျက်တာဘဲ) အဲဒါ-နှုလုံး

သင်းလိုက်တော့ ဩဩ....ငါ့ တကိုယ်လုံးဟာလဲ ယောကျ်ားလဲ မရှိဘူး၊မိန်းမလဲ မရှိဘူး....(မှန်ပါ့)ဖြစ်ပျက်သာ ရှိနေပါကလဲဒီး (မှန်ပါ့ဘုရား)ဘာတုံး....(ဖြစ်ပျက်သာ ရှိနေပါတယ်ဘုရား)။

အင်း-ဒါ ဘယ်နယ်ကြောင့် မြင်ပါလိမ့်(နှလုံးသွင်းလို့မြင်တာပါဘုရား)ဖြစ်ပျက်မြင်ပြီ....(မှန်ပါ့) ဒါဖြင့် မုန်းစရာကောမလာပေဘူးလား....(လာပါတယ်ဘုရား) ဖြစ်ပျက် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ ဘုရား)ဒီဒုက္ခသစ္စာကြီးကော-လိုချင်သေးရဲ့လား....(မလိုချင်ပါဘုရား) မလိုချင်တော့ မဂ်ဉာဏ် ပေါ်လာတယ်....(ပေါ်ပါတယ်ဘုရား)။

အရဟာတ္တမဂ် ဓါးသံလျက်ဆိုတာ မဂ်ဆိုတာ သံလျက်....(မှန်ပါ့) ဒီသံလျက်သည်ကားလို့ဆိုလို့ရှိယင် ဝင်ရိုးခုတ်ထစ်ပစ်လိုက်....(မှန်ပါ့)ဒေါက်တွေ့ ဖျက်ဆီးပစ်လိုက်....(မှန်ပါ့)အကွင်းတွေ့ ဖြုတ်ချလိုက်....(မှန်ပါ့)။

အင်း....မဂ် ပေါ်လာတော့လဲ ဒါတွေ့အကုန်....(ပြုတ်ကျပါတယ်ဘုရား) ပြုတ်တယ် ပျက်တဲယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာမှတပါး ခင်ဗျားတို့ကို သံသရာစခန်းကို ရပ်ပေးမည့်သူမရှိဘူး....(မှန်ပါ့)နှလုံးသွင်းမှားတော့ဖြင့် ခုနင်က ပြောခဲ့တဲ့အတိုင်း နှလုံးသွင်းမှားလို့ ဝင်ရိုးပေါ်၊ ဝင်ရိုးပေါ်လို့ ဒေါက်တွေ့ပေါ်၊ ဒေါက်တွေ့ ပေါ်လို့ အကွင်းနဲ့ ကြုံရ....(မှန်ပါ့)။

နှစ်လုံးသွင်း မှန်တော့ ဝင်ရိုး ပြုတ်တယ်၊ ဝင်ရိုး ပြုတ်တော့ ဒေါက်တွေကကော....(ပြုတ်ပါတယ်) ဒေါက်တွေ ပြုတ်တော့ အကွပ်ကကော....(ပြုတ်ပါတယ်ဘုရား) သံသရာစခန်းသတ်တယ် ဆိုတာ သေချာပလား....(သေချာပါပြီ)ဒါဖြင့် ဖြစ်ပျက်မှု တပါး ကယ်မည့်, ယူမည့်သူ မရှိဘူး....(မှန်ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကဲ... ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု... သာဓု

အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော် မူသော

ကျေးကျွန်းတော်ရှင် , အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ် ဆရာတော်ဘုရား - အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော
အိမ်တွင်း

ပဉ္စဒုသမုပ္ပါဒ်တရားတော် (၂၃)

(၁၄- ၁၂ - ၆၁)

တကာ တကာမတွေ့ တရား အားထုတ်ရတယ်ဆိုတဲ့ ဥစ္စာ ဘယ်နှယ်ကြောင့် အားထုတ်ဘို့ ဆရာဘုန်းကြီးက ဒါလောက် တိုက်တွန်းပါလိမ့်မလဲလို့ မေးတော့ တကာတကာမတွေသန္တာန်မှာ တရားတွေ ရှိနေလို့ တရားအားထုတ်ခိုင်းတယ်လို့ အောက်မေ့ရမယ်....(မှန်ပါဘုရား)။

တရားတွေ ခန္ဓာကိုယ်ထဲမှာ ရှိပြီးနေတော့ ငါဒီတရားတွေကို အားထုတ်ရမယ်လို့ ဆိုတဲ့ ဥစ္စာ ဟာထားတယ်....(မှန်ပါဘုရား)။

ဒီတရားက ဘုရားက ဟောတယ်၊ မည်းနက်တဲ့ တံရားတမျိုး ဖြူစင်ကဲ့ တရားတမျိုး,မမည်း-မဖြူတဲ့ တရားတမျိုး-(မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား) အားလုံး တကာတကာမတွေ့ ဒီနေ့ သေသေချာချာ မှတ်ပါတဲ့၊ တကာတကာမတို့၏ ခန္ဓာကိုယ်ထဲမှာ တရားသည်ကားလို့ ဆိုလို့ ရှိယင် မည်းနက်တဲ့ တရားလဲ ရှိတယ်နော်....(မှန်ပါဘုရား) ဖြူစင်တဲ့ တရားလဲ ရှိတယ်....(ရှိပါတယ်ဘုရား)တခါတလေ အမည်း-အဖြူရော

တဲ့ တရားလဲ့....(ရှိပါတဲ့ယ်ဘုရား) မမည်း-မဖြူတဲ့ တရားလဲ့.... (ရှိပါတယ်ဘုရား)။

ဩဩ်....တကာတရာမတို့ သန္တာန်မှာ တရားက လေးမျိုး တောင် ရှိနေတယ်လို့ မှတ်ရမယ်....(မှန်ပါ့ဘုရား) ခန္ဓာထဲက တရားဘယ်နှစ်မျိုးရှိပါလိမ့်... (လေးမျိုးရှိပါတယ်ဘုရား) လေး လေးမျိုး သေသေချာချာ မှတ်ကြပါ။

ဩဩ်--ဒါဖြင့် တရားနာကြတယ်ဆိုတာ ဒီတရားလေးမျိုးကို သိဘို့ အရေးကြီးတယ်....(မှန်ပါ့ဘုရား) တရားနာကြတဲ့ တကာ တကာမတွေ့ ခန္ဓာကိုယ်ထဲမှာ တရားလေးမျိုး ရှိတယ်နော်.... (မှန်ပါ့)တရားလေးမျိုး ရှိပြီးသကာလ နေတော့ ဒီတရားလေး မျိုးကို ဂရုစိုက်ပြီးသကာလ ဩဩ်--ဒီတရားက ရှိထိုက်တဲ့တရား၊ ဒီတရားက မရှိထိုက်တဲ့ တရား၊ ဒီတရားကတော့ ရှိပေမဲ့ အဆွေ အနှောဖြစ်နေလို့ မကောင်းတဲ့ ကရား၊ ဒီတရားကတော့ မမည်း မဖြူတဲ့ တရားဟာ ကိုယ်ပိုင်တရား လုပ်ရမှာဘဲ ဆိုတဲ့ ဥစ္စာ တကာသစ် အရေးကြီးဘယ်....(အရေးကြီးပါတယ် ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ ခန္ဓာကိုယ်ထဲ တရားလေးမျိုး ရှိတယ်လို့ စောစောမှတ်ထားပါ....(မှန်လှပါဘုရား)တရား ဘယ်နှစ်မျိုးရှိသတုံး....(လေးမျိုးရှိပါတယ်ဘုရား) လေးမျိုး ရှိ တယ် ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ထားတော့မှ ဩဩ်....ဒို့ သည်ဘားလို့ ဆိုယင် တရားနှစ်မျိုးတည်း အောက်မေ့နေတယ် ကောင်းတဲ့ တရား, မကောင်းတဲ့ တရား....(မှန်ပါ့)။

ဒီ နှစ်မျိုးတည်း မှတ်ထားတော့ တကာကြွယ် မလွဲပေဘူး လား....(လွဲပါတယ်ဘုရား)တကာ တကာမတွေ့ဟာ တရားနှစ်မျိုး

ရှိတယ်လို့ ထင်ကြတယ်....(မှန်ပါ့) ကောင်းတာနဲ့ မကောင်းတာ ဘဲ့- တရား ၉ နှစ်မျိုး ရှိတ်ာဘဲလို့ ဒီလိုအောက်မေ့နေကြတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဉာဏ်ကောင်နဲ့ ဝေဘန်လိုက်တဲ့ အခါကျတော့မှ မင်းတို့ဒီလိုအောက်မေ့မနေနဲ့ တရားလေးမျိုး ရှိတယ်ဆိုတာ သေသေချာချာမှတ်ရမယ်.... (မှန်လုပါဘုရား)။

ဘယ်နှစ်မျိုးပါလိမ့်....(လေးမျိုးရှိပါတယ်ဘုရား) လေးမျိုး မှတ်ထားကြစမ်းပါ တကာ တကာမတို့....(မှန်ပါ့) ဘုန်းကြီးကာ ဒီ-တကာ တကာမတွေကို ထိုးထိုး ထွင်းထွင်း မှန်မှန် ကန်ကန် စစ်စစ်မြစ်မြစ်ကြီးကို သိစေချင်တယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ တကာ တကာမတွေ သိထားတာကလဲ အသိက နည်းတော့ ပြောသံကြားနဲ့ သိထားတာကိုး-အကောင်းနဲ့ အဆိုး ရှိတာပါဘဲကွာ၊အကောင်းဆောင်-အဆိုးရှောင် ပြီးတာပါဘဲ... (မှန်ပါ့ဘုရား)။

ဩော်....ကိုယ့်ဉာဏ်ကလေး မိုသလောက်နဲ့ ကိုယ်ထေးကဲပြီး သကာလ နေပြန်တော့ တကယ့် လိုရင်းတွေ ဟာနေပါသေး ကလားဆိုတာ တကာသစ် ရေ-ရှင်းကြည့်မှသိတယ်....(မှန်လုပါ ဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ တရားရှင်းကြပါစို့လို့ ဆိုတော့ တကာမတွေပစ္စည်းရှာကြတယ်ဆိုတော့ တကာတကာမတို့ ဒီခန္ဓာကိုယ်ကြီးအတွက်နဲ့ ပစ္စည်းရှာကြတယ်နော်.... (မှန်ပါ့) ဒါက ခန္ဓာငါးပါး၊ ခန္ဓာကိုယ်ကြီးထားပါခဘဲ့ တကားကွယ်.... (မှန်လုပါဘုရား)။

ဒီခန္ဓာကြီးအကြောင်းရင်းခံပြီးသကာလတဲ့-ခန္ဓာက ဘာခန္ဓာ တုံးဆိုတော့ ဝေဒနာကွန္ဓာ.... (မှန်ပါဘုရား) ခန္ဓာက ဘာခန္ဓာ ပါလိမ့်.... (ဝေဒနာကွန္ဓာပါဘုရား) ရူပကွန္ဓာ စားချင်တော့ ဒီလောက်ကိစ္စမရှိဘူး၊ ဝေဒနာခံစားချင်လို့ ရှာကြတာ....(မှန်လှပါဘုရား) တကာ့ တကာမတို့ ချမ်းသာချင်ကြသလားလို့ မေးလို့ ရှိယင်ဖြင့် ဘယ်နှယ် ဖြေကြမလဲ.... (ချမ်းသာချင်ပါတယ်ဘုရား)။

ချမ်းသာချင်တယ် ဆိုတဲ့ဥစ္စာ လာကြမယ်....(မှန်ပါ့) ခန္ဓာကိုယ်ကြီးထဲမှာ ချမ်းသာတဲ့ဝေဒနာက ပါပြီးသား.... (မှန်ပါ့) ချမ်းသာတဲ့ ဝေဒနာကြီးက ပါပြီးသားဖြစ်နေတော့ ဒီဝေဒနာ အတွက် တကာသစ်တို့က ဒီခန္ဓာကိုယ်ကြီးနဲ့ ပတ်သက်ပြီးသကာလ သူ့ကိုခင်ကြမင်ကြတယ်... (မှန်လှပါဘုရား) ဒီခန္ဓာကိုယ်ကြီးကို ဝေဒနာကို ခင်ကြတယ်.... (မှန်ပါ့ဘုရား) ခန္ဓာကြီးက ဝေဒနာကွန္ဓာနော်....(မှန်ပါ့) ဝေဒနာကွန္ဓာကို မခင်ကြဘူးလား....(ခင်ကြပါတယ်ဘုရား)။

ဩော်....ခန္ဓာကြီးက သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပက္ခာဝေဒနာ နဲ့ ဝေဒနာကွန္ဓာကြီး ပေါ့ဗျာ .... (မှန်ပါ့) ဧ.... ဝေဒနာကွန္ဓာကြီးကို တကာ့တကာမ တွေ့က မသိတော့ ခင်ကြတယ် ....(ခင်ကြပါတယ်) ဒါကြောင့် ဝေဒနံ ပဋိစ္စတကျာ၊ ရှင်းပလား....(ရှင်းပါပြီ) ဝေဒနံ ပဋိစ္စ... (တကျာပါဘုရား)။

ဩော်... ခန္ဓာခင်တာ တကျာဘဲ.... (မှန်ပါ့) ခန္ဓာခင်တာ ဘယ်နှယ်တဲ့....(တကျာပါဘုရား) ခန္ဓာခင်တာ တကျာဆိုတော့ ဒီ တကျာရှိနေလို့ ရှိယင်ဖြင့် ဒီခန္ဓာကြီး ခင်မယ်၊ ဒီ ခန္ဓာကြီး

ခင်လို့ ရှိယင်ဖြင့် ဒီခန္ဓာကြီးကို ကျွဲ-ဘို့-မွေး-ဘို့ရှာမှဘဲ-ဆိုတော့ ရှာတဲ့ တဏှာက နောက်ထပ် ပွားလာတယ်.... (ပွားပါတယ် ဘုရား)။

ဒါဖြင့် ဝေဒနံ ပဋိစ္စ တဏှာ၊ ရှင်းပလား....(ရှင်းပါပြီ) တဏှာ ပဋိစ္စ ပရိယေသနာ....(မှန်လှပါဘုရား)တဏှာအကြောင်း ရင်းခံပြီး ဘာဖြစ်သလဲ .... (ပရိယေသနဖြစ်ပါတယ်) ပရိယေသနဆိုတာ ရှာမှီးတာ....(မှန်ပါဘုရား)။

အို....ဇာတာ တဏှာမတွေ့ ဘာမျှားလုပ်နေကြသတုံး ဆိုတဲ့ အခါကျတော့ တပည့်တော်တို့ ခန္ဓာကိုယ်ကြီးကို တပည့်တော်တို့ ခင်တဲ့အတွက် တပည့်တော်တို့ စီးပွားရှာကြတယ်.... (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ) ဘာလုပ်ကြဘာတုံး....(စီးပွားရှာကြဘာပါဘုရား)။

အင်း....တကယ်သစ် လက်သည်ရှာလိုက်တော့ ဦးမာဒင် တို့ လက်သည်ရှာပါ....(မှန်ပါ့) ဦးသန်းမောင်တို့ လက်သည်ရှာပါ....(မှန်ပါ့)ဩော်...ဒို့ ဒီခန္ဓာကြီးကို ခင်ခြင်းကြောင့် ရှာတာဘဲ.... (မှန်ပါ့) ဒီခန္ဓာကြီးကို.... (ခင်ခြင်းကြောင့် ရှာတာပါဘုရား)။

ဩော်....ဒီခန္ဓာခင်တာက တဏှာ.... (မှန်ပါ့) သဘောကျပလဲ....(ကျပါပြီ) ဒီတဏှာရှိလာတော့ ဒီတဏှာသည် အညှန့်ထွက်လာတယ်....(မှန်လှပါ) ဘယ်လိုအညှန့်ထွက်လာသတုံး မေးတော့ ဒီတဏှာထဲကနေပြီး ရှာတဲ့ တဏှာဆိုတဲ့အညှန့်ပေါက်လာတယ်.... (မှန်ပါ့ဘုရား) မဲ့ပေါက်ဘူးလား.... (ပေါက်ပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမှတွေ ဝေဒနံ ပဋိစ္စ-(တဏှာ)တဏှာ ပဋိစ္စ....(ပရိဒေယ်သနာ) ပရိယေသနာလို့ မှတ်ထားလိုက်စမ်းပါ.... (မှန်ပါ့) တဏှာအကြောင်းရင်းခံပြီး ပရိဒေယသနတဏှာပေါ်ပြန်တယ်... (မှန်ပါ့)။

အို....တကာဘကာမတွေ စီးပွားရှာနေကြတာလား- တဏှာပွားနေကြတာလား မေးကြပါဦး.... (တဏှာပွားနေကြတာပါဘုရား)အင်း....ဒါဘာမှ သံသယမရှိကြပါနဲ့ မဟာနိဒါနသုတ်* ပါဠိဘေဘမှာတဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ရှင်အာနန္ဒာက ပဋိစ္စသမုပ္ပါဒ် လွယ်ပါတယ်လို့ ဖြေတော့ မလွယ်ဘူးကွ၊ မင်းဖြစ်နေတာကို မင်းမသိကွးတဲ့....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ ဒါက ခန္ဓာကြီး ၄ပါ့ ဗျာ.... (မှန်ပါ့) အခု တရားနာနေ ကြတဲ့ အားလုံး တကာ တကာမတွေ ခန္ဓာကြီး၊ ဝေဒနံ ပဋိစ္စ တဏှာ... (မှန်ပါ့) ဒါက ခန္ဓာခင်ဗျဲ့ တဏှာ.... (မှန်ပါ့) ခန္ဓာခင်တဲ့ တဏှာရှိတဲ့ တကာတကာမတွေ ကျတော့ ကိုယ့် ခန္ဓာ အတွက် ကိုယ်ရှာတာဘဲ.... (မှန်ပါ့) သားသမီးခန္ဓာတွေ ခင်ပြန်တော့ကော .... (ရှာပါတယ်ဘုရား)။

ဩဿော်.. ရှာတဲ့တဏှာ ပွါးလာတယ်... (ပွါးပါတယ်)ရှာတဲ့ တဏှာပွါးလာတော့ကို တက်သာသစ်၊ တကာကြွယ်၊ ဦးမာဒင်တို့ ဦးသန်းမောင် ဟိုက စဉ်းစားကာပေါ့၊ ဩဿော်....ဒီ ခန္ဓာခင်တဲ့ တဏှာက ရှာမှီးဘိုတဏှာကိုး....(မှန်သုပါဘုရား)ရှာမှီးဘိုတဏှာပေါက်ပွါးလာအောင် သူလုပ်တာဘဲ....(မှန်ပါ့)။

---

* မဟာနိဒါနသုတ်၊ ဒီဃနိကာယ်-သုတ်မဟာဝဂ်ပါဠိတော်။

ဒါဖြင့် တဏှာ သည် ကား လို့ ဆိုယင် တကာ တကာမတို့ ဒီအတိုင်းနေသလား- ရှာမှီးတဲ့တဏှာကိုပေါက်ပွါးစေသလား.... (ရှာမှီးတဲ့ တဏှာကို ပေါက်ပွားစေပါတယ်ဘုရား)။

ဩော်....တကာသစ်တို့နော်- နေ့မအား ညမအား လူလား မြောက်တဲ့နေ့ကစပြီး တကာ တကာမတွေဟာ ဒီခန္ဓာ ခင်လို့ ရှာမှီးခဲ့ကြတာဟာ တနေ့မှမအားဘူး.... (မအားရပါဘုရား) တနေ့မှမအားတော့ကို ဩော်....ဒါတွေဟာ မည်းနက်တဲ့ တရား ပါကလားလို့ လဲ-ကိုယ်လဲ မသိဘူး....(မသိပါဘုရား)မည်းနက်တဲ့ တရားပါကလားလို့....(မသိပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ စဉ်းစားကြည့်ပါတဲ့ ညဉ့်မှောင် ကြီးသွားဟယ်၊ ညဉ့်မှောင်ကြီးသွားတော့ မြေပြေးလဲကိုက်ဓာယ် (မှန်ပါ့) မြေခပ်းက ထုတ်လားပြီး ကိုက်တာဘဲ၊ ဘာကောင် ကိုက်မှန်းတော့ မသိဘူး၊မြေတော့ကိုက်ကာဘဲ....(မှန်ပါ့ဘုရား) သေတော့ကော ...(သေရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့လဲ ဘာမကောင်ကိုက်မှန်း မသိဘူးနော်.... (မှန်ပါ့)ကဲ.. ဦးဘသော် ရောက်ရတယ်.... (ရောက်ရပါတယ်) ရှာမှီးတဲ့ တဏှာကြောင့် အပါယ်လေးပါးကို.... (ရောက်ရပါတယ်ဘုရား) ဘာကောင်ကိုက်မှန်း မသိဘူး၊ ခင်ဗျားတို့ကတော့ ခက်တယ် ... (မှန်ပါ့) ဒါ ထုံးစံဘဲ... ၊ လူရယ်လို့ ဖြစ်ယင် ရှာရတယ်... (မှန်လှပါဘုရား)ဆိုတော့ ဘုန်းကြီးက မကန့်ကွက်ပါဘူး.... (မှန်ပါ့) သို့သော် မြေခပ်းငယ်ကခလေး ကိုက်တာ ခင်ဗျားတို့က မခံသဘူးတော့မထင်နဲ့.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

ခင်ဗျားတို့ထုံးတမ်းကတော့ဖြင့် တကာကြွယ်တို့လူစုတွေက ကိုယ့်ခန္ဓာခင်ယင်တော့ ရှာရမှာဘဲ ဘုရား.... (မှန်ပါ့) ကိုယ့် သားမယားခန္ဓာခင်ယင်ကော....(ရှာရမှာပါဘဲ)ဒီရှာတဲ့ တဏှာ သည် တကာ တကာမတို့ မည်းနက်တဲ့ တရားလား- ဖြူဖွေးတဲ့ တရားလား....(မည်းနက်တဲ့ တရားပါ ဘုရား)။

ဒါဖြင့် ဒါကလေးက တကာ တကာမတို့ ဒီခန္ဓာထဲပေါ် တာ-(ပေါ်ပါတယ်ဘုရား)တကာဇကာမတွေ့ ခန္ဓာထဲပေါ်တာ (ပေါ်ပါတယ်ဘုရား)ဒီ ခန္ဓာထဲပေါ်တော့ ဒီတဏှာသည်၊ဒီ-တ ကာ တကာမတွေ့ကို ဘာလုပ်မှာတုံးလို့ မေးတဲ့အခါကျတော့-အို ဘုရားက အဖေဟာသားဘဲ ဆူးရှိတဲ့ ဝါးပင်ထဲက ထွက်လာတဲ့ အသီးက ဝါးပင်ကို လောအောင်သတ်ဘယ်.... (မှန်လှပါဘုရား) ငှက်ပျောပင်မှာ ငှက်ပျောက သီးတဲ့ အသီးကလေး တွေ့ဟာ ငှက်ပျောပင်ကို သေစေတယ်.... (မှန်လှပါ) လဲ့ပါ့မလား.... (မလဲနိုင်ပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့အထဲမှာဖြစ်တဲ့ တဏှာက ခင်ဗျားကိုကိုဘဲ အရှာခိုင်းမယ်....(မှန်ပါ့) အရှာခိုင်းမည့် တဏှာက ခင်ဗျား တို့ကိုဘဲ အပါယ်လေးပါး ပို့တယ် .... (မှန်လှပါဘုရား) ကြောက်စရာသိပ်ကောင်းပါကလား...(ကောင်းပါတယ်ဘုရား)

သို့သော်လဲ- ခင်ဗျားတို့က အရှာလေး ကြိုက်သလား.... ကြီးကြီးကျယ်ကျယ်ရင်းနှီးပြီးသကာလ အရှာကြီးကြိုက်သလား မေးယင် ဘယ့်နှယ်ပြောကြမယ်....(အရှာကြီး ကြိုက်ပါတယ် ဘုရား)မြေပဲငယ်ကိုက်မသေစေချင်ဘူး.... (မှန်ပါ့) မသေ စေချင်ဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘယ် လိုမျှား မှတ်ကြပါလိမ့် ..... (မြေပေး ငယ် ကိုက် မသေစေချင်ပါဘုရား) ပေါ်ကြပလား တကား တကားမတို့.... (ပေါ်ပါပြီဘုရား) မြေပေးကလေး ကိုက်လို့ သေရတာ.... ကံနည်းလို့ မြေပေးကြီး ကိုက်သေရတာ....(ကံကြီးလို့ ပါဘုရား) ကံကောင်းလို့....(မှန်ပါ့) မျက်စိလည်ကုန်ပြီ.... (မှန်ပါ့ဘုရား) တကာတကာမတို့ ဘယ်လိုပါ့လိမ့်.... (မျက်စိ လည်ကုန်ပါပြီဘုရား)။

မျက်စိလည်လေ, ခင်ဗျားတို့က ဆွမ်းဆန်ရလေ မဟုတ်ဘူး အပါယ်ရလေ ဖြစ်နေဘယ်.... (မှန်ပါ့ဘုရား) သီလရင်တော့ ဆွမ်းဆန်ခံတော့ မျက်စိလည်လေ-ဆန်ရလေဖြစ်တယ် မဟုတ်ဘူးလား....(မှန်ပါ့) ခင်ဗျားတို့ကျတော့ မျက်စိလည်လေ အပါယ်ရလေဘဲ.... (မှန်လှပါဘုရား)။

သို့သော်.... ဒါတွေကို တကာတကာမတွေက အပြစ်တော့ မယူဆကြပါဘူး.... (မှန်ပါ့) ဟိုအိမ်ကလဲ ဒီအတိုင်းဘဲ ရှာနေတာဘဲ....(မှန်ပါ့)အရှေ့ဘက်ကအိမ်ကကော....(ဒီအတိုင်းပါဘဲဘုရား) နောက်က အိမ်ကလဲ....(ဒီအတိုင်းပါဘဲဘုရား)။

ဒီအတိုင်းရှာနေတော့ မြေပေးတော့ကိုက်နေတာ....(မှန်ပါ့) ကိုက်ပင်ကိုက်ငြားသော်လဲ ကိုက်တဲ့ လူချင်းကြည့်ပြီး သကာလ ကိုယ်လဲ ကိုက်နေတာဘဲ-သူလဲကိုက်နေတာဘဲ-ဘာကိစ္စရှိရမလဲ-ဘာမှ ကိစ္စမရှိဘူး အပါယ် သွားရုံဘဲ.... (မှန်လှပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါကြောင့် .... ဘုရားက မဟာနိဒါနသုတ်မှာ .... ဟောတယ်....တဲ့၊ ဝေဒနံပဋိစ္စ တဏှာ၊ တဏှံ ပဋိစ္စ ပရိယေသနာ....

(မှန်ပါ့) ပရိယေသနဆိုတာ ရှာမှီးတဲ့ တဏှာ....(မှန်ပါ့ဘုရား) ဒီဟာတွေဟာ ခန္ဓာမင်တဲ့တဏှာ.... (မှန်လှပါဘုရား) ဒီဟာက ဘာတဲ့တုံး.... (ပရိယေသနပါ) ရှာမှီးပါတယ်.... (မှန်ပါ့)။

ဦးမြခမောင်တို့-ဦးသန်းမောင်တို့ မှတ်လိုက်စမ်း၊တဏှာနှစ်မျိုး ပါလား....(မှန်ပါ့) ခန္ဓာခင်တဲ့ တဏှာက တမျိုး....၊ ခန္ဓာခင်လို့ ရှာမှီးချင်တဲ့တဏှာက.... (တမျိုးပါဘုရား) သြော်....တကာသစ် ဘယ်နှစ်မျိုးရှိသတုံး....(နှစ်မျိုးပါဘုရား)။

" ဘာကို ပဋိစ္စ ပရိယေသနာ " တဲ့ ခင်ဗျားတို့ ဟိုသွားလိုက် ဒီသွားလိုက်၊ တကာသစ်တို့ ချည်ရမည့်ဆီ သွားရ၊ ချည်ထည် ရောင်းဝယ် စုမည့်ဆီသွားရ၊ ဒါ ပရိယေသနတွေပေါ့ ဗျာ.... (မှန်ပါဘုရား)။

ဒါဘယ်သူ့ကြောင့် ဒီပရိယေသနဖြစ်ပါလိမ့်မတုံး မေးယင် ဘယ်နှယ်ဖြေကြမလဲ-(တဏှာကြောင့်ပါဘုရား) တဏှာကြောင့် ဖြစ်တယ်....(မှန်ပါ့)။

ဒီတဏှာကဲလဲ ဘယ်နှယ့်ကြောင့် ပေါ်လာပါလိမ့်မတုံး....၊ မိုးပေါ်ကျလားလို့ မေးတဲ့ အခါကျဘော့.... ဒီ ခန္ဓာ ခင်လို့ ပေါ်တာ....(မှန်ပါဘုရား)။

ဒါဖြင့် ဘဒဒုံ ပဋိစ္စ.... (တဏှာပါဘုရား) တဏှာ ပဋိစ္စ.... (ပရိယေသနာပါဘုရား)ဒါဖြင့် တကာတကာမတို့ -ပရိယေသန တဏှာဆိုတာ ထင်ရှားပါပြီ....(ထင်ရှားပါပြီဘုရား) " ပရိယေသနံ ပဋိစ္စလာဘော " ၊ ဟြော်... ခင်ဗျားတို့ အရှာကောင်းတော့ ရကြတာဘဲ....(မှန်ပါဘုရား) အရှာကောင်းတော့....(ရကြပါတယ်ဘုရား) အင်း....ရတဲ့ လောဘ ဖြစ်ပြီ....(မှန်ပါ့) သဘော

ကျပလား....(ကျပါပြီ)တကားကြွယ်....ရတဲ့ သဘောကလေး ပေါ်လာပြီ... (ပေါ်လာပါပြီဘုရား)။

အင်း....ဒီရတဲ့ သဘောကလေးကလဲ တကာသစ်ရေ.... ဦးမြေမောင်တို့.... ဦးသန်းမောင်တို့ အလိုလိုရတာလား.... ရှာမှီးတဲ့ တဏှာကြောင့် ရတာလား... (ရှာမှီးတဲ့ တဏှာကြောင့် ရတာပါ) ဒီ·ရှာမှီးတဲ့ တဏှာကလဲ ဘယ်နှယ်ကြောင့် သူပေါ်လာပါလိမ့်မလဲ... (ခန္ဓာခင်လို့ပါဘုရား)ခန္ဓာခင်တဲ့ တဏှာကြောင့် (မှန်လှပါ)။

ဒီတဏှာက အလိုလို ပေါ်လာတာလားလို့ မေးယင် ဘယ်နှယ် ဖြေကြမလဲ....(ခန္ဓာကြောင့်ပါဘုရား) ခန္ဓာကြောင့် ပေါ်တာ....(မှန်ပါ့) ခန္ဓာကြောင့် တဏှာပေါ်တာယ်.... (မှန်ပါ့) တဏှာပေါ်သောကြောင့် ရှာမှီးတယ်.... (မှန်ပါ့) ရှာမှီးလို့ ရတယ်....(မှန်ပါ့)။

ကဲ....ရပါစေဟော့၊ ရတဲ့အခါကျတော့ ပြုံးပြုံး-ပြုံးပြုံး နဲ့ပေါ့ဗျာ.... (မှန်ပါ့ဘုရား) တကာသစ် မပြုံးပေဘူးသား.... (ပြုံးပါတယ်ဘုရား) နည်းနည်းရယင်းတော့ မပြုံးဘူးပေါ့ဗျာ-များများရယင်တော့....(ပြုံးပါတယ်ဘုရား)။

အို.... ပြုံးမှာက ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်တဲ့.... ဒီအပြုံးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်.... တကာတကာမတို့ ဘယ်သူက အပြုံးခိုင်းတာတုံးလို့ မေးဘို့ မလိုဘူးလား.... (လိုပါတယ်) ဟောဒီ ရှာမှီးတဲ့ တဏှာက အပြုံးခိုင်းတာ.... (မှန်ပါ့ဘုရား)ဘယ်သူက အပြုံးခိုင်းတာတုံး-(ရှာမှီးတဲ့ တဏှာက အပြုံးခိုင်းတာပါဘုရား)။

ဒါဖြင့်.... ဒါသည် ဥာဏ်ပြုံးလား....ဦးမာဒင်....တဏှာပြုံးလား.... (တဏှာပြုံးပါဘုရား) အင်း.... ငါ သဲ့ားရမည့်လမ်း အပါယ်လေးပါး ရောက်ဘဲ့ အလုပ်လုပ်မိတာနဲ့ ပြုံးများနေလိုက်သေးတယ်....(မှန်ပါဘုရား) ဖြစ်မှဖြစ်ရပလေ.... (မှန်ပါ) တကဲ့ကြွယ် ဘယ်သဲ့ားရမည့်လမ်း ပြုံးတာတုံး.... (အပါယ်သဲ့ားရမည့်လမ်း ပြုံးတာပါ) အပါယ်မလေးပါး သဲ့ားရမှာကြောင့် ပြုံးနေတာယ်....(မှန်ပါ)။

သြော်.... ဒါဖြင့် တကာ့တကာမတို့ ငရဲပြေးကိုက်နေတာတောင် ပြုံးတုန်းရှိသေးတယ်....(ပြုံးတုန်းပါဘုရား) သေမှာကိုတော့ ခဏာဘဲ့....(မှန်ပါ) သို့သော် သူမသေခင် ဘာလုပ်နေသတုံး...(ပြုံးနေပါစာယ်ဘုရား)အင်း....ဒါဖြင့် သေကာနီးပြုံး....(မှန်လှပါဘုရား) သေကာနီးပြုံး မကျဘူးလား ...(ကျပါတယ်ဘုရား ဦးမာဒင်တို့... ဦးသန်းမောင်တို့....သိပ်ဆိုးသဗျာ.... (ဆိုးပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ခန္ဓာကြောင့် တဏှာဖြစ်တယ်....(မှန်ပါ့)တဏှာဖြစ်လို့ ရှာတဲ့ တဏှာပေါ်တယ်.... (မှန်ပါ့) ရှာတဲ့ တဏှာကြောင့် ထိုက်တန်သလောက်ရတယ်..... (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် သြော်... ဒို့ ပဋိစ္စသမုပ္ပါဒ်ဟဲ့ ဒါကဟို-တသံသရာလုံးလည်တဲ့ ပဋိစ္စသမုပ္ပါဒ်လို့ မဆိုနဲ့....၊ ဒီအိမ်တွင်း ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ပါ.... (မှန်လှပါ) ဒါဟာ တသံသရာလုံး လည်တာကို ဘုရားက ဟောတာမဟုတ်ဘူး၊ အိမ်တွင်းတွင် ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဟောတာ.... (မှန်လှပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနံ ပဋိစ္စ....(တဏှာပါ) တဏှံ ပဋိစ္စ.... (ပရိယေသနာ) " ပရိယေသနံ ပဋိစ္စ လာဘော"....၊ သေသေချာချာမှတ်ပါ....(မှန်ပါ့) ပရိယေသနံပဋိစ္စ.... (လာဘောပါဘုရား) လာဘော-လာဘ်ရတယ်.... (မှန်ပါ့) လာဘောဆိုတာ ရပြီ.... (မှန်ပါ့) တကာကြွယ် ရတော့ ဘယ့်နှယ် ဖြစ်သွားသတုံး.... (ပြုံးပါတယ်ဘုရား)ပြုံးတယ်....(မှန်ပါ့)ပြုံးလာပြီ၊နေးက်ကတကာတကာမတွေ့ ရတဲ့အခါ ဘယ့်နှယ်နေကြသလဲ.... (ပြုံးပါတယ်ဘုရား) ပြုံးကြ-ပြုံးကြ၊ ခင်ဗျားတို့ပြုံးတာ မသက်သာဘူးနော်.... (မှန်ပါ့ဘုရား) မသက်သာဘူး တကာသစ်ခုံ.... (မှန်ပါ့) ဘဲ့ယ်နှယ် ရှာတဲ့တဏှာက အပြုံးခိုင်းလို့ပြုံးတာဘဲ (မှန်ပါ့ဘုရား) ရှာတဲ့တဏှာက မည်းနက်တဲ့ တရားလား.... ဖြူစင်တဲ့ တရားလား....(မည်းနက်တဲ့တရားပါဘုရား) မည်းနက်တဲ့တရားက အပြုံးခိုင်းတောဲ့ကို မည်းနက်တဲ့ တရားသည် တကာတကာမတို့ မည်းနက်ဆာဘဲ ပို့ရမယ်.... (ပို့ရပါမယ်ဘုရား) သဓဘ့ာပါပလား....(ပါ့,ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် လာဘံ ပဋိစ္စ လာဘ်သဲ့ ရပါ့ဆော... တဲ့၊ ပစ္စည်း တသိန်း,ကိုးသောင်းရပါ့ဆော "လာဘံ ပဋိစ္စ ဝိနိစ္ဆယော" ဆုံးဖြတ်ချက်ချတယ်....(မှန်လှပါဘုရား) ဒါက သားဘို့, ဒါက သမီးဘို့, ဒါက အိမ်ရာသတ်သတ် တည်ဆောက်ဘို့, ဒါက အခုရင်းနှီးဘို့....(မှန်လှပါဘုရား) အံမာလေး....အတောင်းကျယ်လာတယ်....(ကျယ်ပါတယ်ဘုရား)အတောင်းကျယ်လာတယ်, လာဘံ ပဋိစ္စ ဝိနိစ္ဆယော....တဲ့ ဆုံးဖြတ်ချက်ချတယ်.... (မှန်ပါ့) တကာကြွယ် ဘာလုပ်သလဲ....(ဆုံးဖြတ်ချက်ချပါတယ်ဘုရား) ချကောချဘူးရဲ့လား... (ချဘူးပါတယ်ဘုရား)။

အောင်း.... ဒို့ အရင်းအနှီးကလေးက အရင်နဲ့ မတူဘူးကွ....၊ နည်းနည်းကလေး ချွေးကြဦးစို့ရဲ့.... (မှန်လှုပါဘုရား) တိုးတိုးတိတ်တိတ်ပေါ့ဗျာ....(မှန်ပါ့) ဘာပြုလို့တုံး....အပါယ်သွားဘို့ စည်းဝေးတာကိုး၊ မတော် လူသိကုန်ယင် ခက်ချေရဲ့။

အဲဒီလို ဖြစ်ပြီးသကာလနေတော့ လာဘ် ပဋိစ္စ ဝိနိစ္ဆယော (မှန်ပါ့) လာဘ် ပဋိစ္စ.... (ဝိနိစ္ဆယောပါဘုရား) ဒါကလေး တွေ့ ရ,ထားရမယ်....နော်.... (မှန်ပါ့ဘုရား) ရ,ထားစေချင် တာက တကာသစ် တခြားကြောင့်မဟုတ်ဘူး....၊ ဆူးစူးမှာ သိတဲ့ အခါကျလို့ရှိယင် ဟာ ... သိခနယင် မနင်းဘော့ဘူး.... (မှန်ပါ့) နို့မဟုတ်လို့ရှိယင်ဖြင့် သေခြင်းဆိုးလမ်း အတင်း ပြေးမှာစိုးတယ်....(မှန်ပါ့ဘုရား) သသောကျပလား....(ကျပါပြီ) ဘယ်လမ်း အတင်းပြေးမှာစိုးသလဲ ... (သေခြင်းဆိုးလမ်း အတင်းပြေးမှာ စိုးပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ရှင်အာနန္ဒာက ဦးမာဒင်တို့.... ဦးသန်း မောင်တို့ ပဋိစ္စသမုပ္ပါဒ် လှယ်တယ်ဘုရော့.... ရှင်အာနန္ဒာက ဘုရားဆီ သွားလျှောက်တယ်....(မှန်ပါ့ဘုရား)။

ဒီလိုဘော့ ဘုရား.... တပည့်တော် သောတာပန် ဥာဏ်နဲ့ တွေ့လိုက်တာ ပဋိစ္စသမုပ္ပါဒ်မှာ တော်တော် ထင်ထင်မြင်မြင် ရှိတယ်(မှန်လှုပါဘုရား)။

အို.... မင်းဟာက မင့်အမြင်နဲ့ မင်း ပြောနေတာ...၊ မင်း အမြင်က သေကွဉ်ဆဲအမြင်လောက်ဘဲရှိသေးတယ်၊ ကဲ-ကွာ.... ဒါဖြင့် မင်း ပဋိစ္စသမုပ္ပါဒ် လှယ်တယ်ဆိုတော့ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် ကြည့်စမ်းဆိုတော့ ပြောပုံပြောင်းလိုက်တယ်-(မှန်ပါ့)

အခု တကာတကာမတွေ့လဲကြည့်စမ်း၊ ဟို....ပဋ္ဌိစ္စသမုပ္ပါဒ်ကြီးက စာအုပ်ထဲ တကာသစ်တို့ ရနေတယ်....(ရပါတယ်ဘုရား) ကိုယ်တွေ့သန္တာန်ဖြစ်တဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် ကျတော့ သိတောင်မသိလိုက်ဘူး (မသိပါဘုရား)။

ကိုယ်တွေ့သန္တာန်ကဖြစ်တဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်ကျတော့ ..(သိတောင် မသိပါဘုရား) ဟို စာထဲကဟာတော့.... (သိပါတယ်ဘုရား) စာထဲကဟာကျတော့ ခင်ဗျားတို့ သိကြတယ်၊ ကျက်ကြတယ်၊ ဦးမာဒင်ကြီးတို့များ ညားဖါင်လို့ပေါ့ဗျာ ရွတ်ကြတယ်....(မှန်ပါဘုရား) ကိုယ်တိုင်ဖြစ်နေတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်ကျတော့ .... (မသိကြပါဘုရား)။

ဒါဂကြောင့် ရှင်အာနန္ဒာကို အို-မင်းသိတာ အလကားပါကွ မဟုတ်သေးပါဘူးဆိုပြီး ဒါကိုဟောရှာတယ် ....(မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ) အားလုံး တကာတကာမတို့ ဒါက အိမ်တွင်း ပဋ္ဌိစ္စသမုပ္ပါဒ်...(မှန်လှပါဘုရား)ဘာ- ပဋ္ဌိစ္စသမုပ္ပါဒ် တုံး....(အိမ်တွင်း ပဋ္ဌိစ္စသမုပ္ပါဒ်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဝေဒနံ ပဋ္ဌိစ္စ....(တဏှာပါ) တဏှာ ပဋ္ဌိစ္စ.... (ပရိယေသနာပါ) ပရိယေသနံ ပဋ္ဌိစ္စ....(လာဘောပါ) လာဘော-လာဘ်ရတယ်နော်....(မှန်ပါ့) လာဘ် ပဋ္ဌိစ္စ-ဝိနိစ္ဆယော.... (မှန်ပါ့)။

တကာတကာမတို့ လာဘ် ပဋ္ဌိစ္စ .... (ဝိနိစ္ဆယောပါ) ဆုံးဖြတ်ချက်ချတယ်.... (မှန်ပါ့) ပစ္စည်းကို တခါတည်း ကြွေးပေးစရာရှိတာကို ဒါပေးလိုက်ကွ....ဒါက အို့စာ, မင်းစာသိမ်းကွ.... (မှန်ပါ့) ဒါက အမြတ်တော်ကြွေးအတွက် ခဲထားလိုက်ကွ....

အံ့မာလေး....တခါတဲ့ညီး တကာကြွယ် ဆုံးဖြတ်ချက်ချနေလိုက်တာ....(မှန်လှပါဘုရား) မချကြဘူးလား.... (ချပါတယ်ဘုရား) ဒီအတိုင်း ရမ်းနေလို့ကောဖြစ်ကဲ့လား....(မဖြစ်ပါဘုရား)။

ဒီဆုံးဖြတ်ချက်ကလဲ့-တဲ့ ဘာနဲ့ဆုံးဖြတ်ချက်ချတာတုံး- လို့ဆိုတော့ တဏှာဒိဋ္ဌိနဲ့ဆုံးဖြတ်ချက်ချတာ....(မှန်လှပါဘုရား)။ ဒါက ကိုယ်သိမ်းရမယ်ဆိုတော့ တဏှာ (မှန်ပါ့) ဒီဟာက ငါ့ဟာအပိုင်လုပ်ရမှာက္ခ .. ၊ ဒီဥစ္စာကတော့ ထားလို့-သိုလို့ကို ရတယ်၊ ဒီဟာမထိစေနဲ့-မဟုတ်ဘူးလား....(မှန်ပါ့)ဒိဋ္ဌိ- ဝိနိစ္ဆယက ဒါက-ငါ့သားဘို့၊ ဒါက ငါ့သမီးဘို့ဆိုတော့ ဒိဋ္ဌိဝိနိစ္ဆယလဲပါတယ်....(မှန်ပါ့ဘုရား) တဏှာ ဝိနိစ္ဆယလဲ....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် တဏှာနဲ့လဲ ဆုံးဖြတ်ချက်ချတယ်(မှန်ပါ့) ဒိဋ္ဌိနဲ့ရော (ဆုံးဖြတ်ချက်ချပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့်ဝိနိစ္ဆယဆိုတာသည် ဆုံးဖြတ်ချက်ချတာ.... (မှန်ပါ့) ရှလာတဲ့ပစ္စည်းကို ဝေပုံ-ပုံတာပေါ့ဗျာ ...(မှန်ပါ့) ဒါက ငါ့ဘို့သဘောကျပလား....(မှန်ပါ့ဘုရား) ဟိုဟာက ငါ့သား ငါ့သမီးဘို့၊ ဒါက မင်းဘို့စိုးဘို့....(မှန်လှပါ) မလာကြဘူးလား.... (လာကြပါတယ်ဘုရား)။

အင်း....ဒါဟာ ဝိနိစ္ဆယချတာ... (မှန်ပါ့) ဘယ်လိုချချတဲ့-ဒီဥစ္စာဟာ ဘုရားက တဏှာနဲ့ ဒိဋ္ဌိဖြစ်နေတာကဲ့တဲ့....(မှန်ပါ့) တကာတကားမဘို့ ဘယ်လိုပါလိမ့်-(တဏှာနဲ့ ဒိဋ္ဌိဖြစ်နေတာပါ) အင်း....တဏှာနဲ့ ဒိဋ္ဌိဖြစ်နေတာ ဦးမာဒင်တို့ ဦးသန်းမောင်တို့

လူစုတွေက တကာသစ်တို့ လူစုတွေက လူသိမှာစိုးတယ်....(စိုးပါတယ်ဘုရား)။

လူသိမှာစိုးတယ်၊ ဘာဖြစ်လို့တုံး....၊ တဏှာဖြစ်တာကိုလဲ လူသိမှာစိုးတယ် .... (စိုးပါတယ်) ဒိဋ္ဌိဖြစ်မှာကိုလဲ....(လူသိမှာစိုးပါတယ်ဘုရား) ဖြစ်နေတာက ဘာဖြစ်နေသတုံး .... (တဏှာဒိဋ္ဌိဖြစ်နေပါတယ်) တဏှာဒိဋ္ဌိဖြစ်နေတယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါက ငါသားငါသမီးဘို့ဆိုတော့ ဒါ ငါရင်းဘို့ ဟုတ်လား (မှန်ပါ့) ဒီလိုဆိုတော့ ဒိဋ္ဌိက မပါဘူးလား....(ပါ-ပါတယ်ဘုရား) ဒါက သိမ်းဆည်းထားဘို့ဆိုတော့ တဏှာက မပါဘူးလား ...(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဆုံးဖြတ်ချက်ချနေတဲ့အခါမှာ ဘယ်သူ လက်သည် ပါလိမ့်မတုံးဆိုတာ လက်သည် အရင်းကျကျရှာတော့ ဘာတွေ့သတုံး....(တဏှာဒိဋ္ဌိတွေ့ပါတယ်ဘုရား)။

ဒါကြောင့် တကာတကာမတို့ လာဘ ပဋိစ္စဓိနိစ္ဆယော.... (မှန်ပါ့ဘုရား) တဏှာဒိဋ္ဌိ ပေါ်လာတယ်ကွ...တဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အင်း .... ဒီအလုပ်သည် တကာသစ်-ရေ..ကိုယ်တော့ အမြဲလုပ်နေဘာဘဲ .... (မှန်ပါ့ဘုရား) သို့ပေမဲ့လဲ အကုသိုလ်လို့မည်းနက်တဲ့တရားလို့ကော ထင်ရဲ့လား .... (မထင်ပါဘုရား) ဦးမာဒင်ကြီးတို့ ထင်ဘူးရဲ့လား .... (မထင်ဘူးပါဘုရား) အံမာလေး ..မထင်ဘူး၊ ဆိုပေမဲ့ မေ့နေတဲ့ယ်....(မှန်ပါ့ဘုရား) မဆင်ဘူးဆိုပေမဲ့ .... (မေ့နေပါဘယ်ဘုရား) တကာကြွယ်တို့လဲ ထင်ဘူးရဲ့လား....(မှထင်ဘူးပါ့ဘုရား)။

အခု သေသေချာချာ ကြည့်တော့ ဘယ့်နှယ်တုံး....တဏှာ ဒိဋ္ဌိနဲ့ ဆုံးဖြတ်ချက်ချတာဘဲ....(မှန်ပါ့ဘုရား) တဏှာကလဲ မေ့လို့-ဒိဋ္ဌိကလဲမေ့လို့....(မှန်ပါ့ဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဩ ဩ .... ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ အခု မကောင်းတာကိုတော့ဖြင့် ဘုရားဟောတော်မူတဲ့ အတိုင်းရှင်းပြရဦးမှာဘဲ....(မှန်လှပါဘုရား)။

သို့သော်....ဒီလမ်း ဒီစခန်းမို့ ဆရာကောင်းသမားကောင်းနဲ့ တွေ့ပြန်တော့လဲ တကာသစ်ရေ.... ဒါတွေ့ မဖြစ်ပါဘူး....(မှန်လှပါဘုရား)။

ဒါတွေ့မဖြစ်ပါဘူး.... တဲ့၊ သူ့နည်းနဲ့ သူ အနာရှိ ဆေးရှိဆို သလိုဘဲ တကာကြွယ်-ရေ....(မှန်ပါ့) ဦးလှဘူး.... (အနာရှိဆေးရှိပါတယ်ဘုရား) အမှားရှိယင် အမှန်ရှိရမယ်....(မှန်ပါ့)။

သို့သော်.... ခင်ဗျားတို့မှာ ဒီလိုဆရာသမားတွေနဲ့ မတွေ့ပြီဆိုတော့ ဒီအမှားဟာ အစဉ်တစိုက် သွားမှာဘဲ .... (သွားမှာပါဘုရား) အပါယ်ကျအောင် သွားမှာဘဲ....(မှန်ပါ့) မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

ကဲ.... ဒါဖြင့် ဒီ ပဋိစ္စသမုပ္ပါဒ်ဟာ တကာသစ်ဘဲ ဆုံးဖြတ်ချက်ချပါ၊ သူများ ပဋိစ္စသမုပ္ပါဒ်လား ....၊ ကိုယ့် ဝမ်းထဲတွင်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်လား .... (ကိုယ့်ဝမ်းထဲတွင်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ပါဘုရား) ကိုယ့်ဝမ်းထဲနဲ့ ကိုယ့်အိမ်တွင်းသာ ဖြစ်တယ်....(မှန်ပါ့ဘုရား)။

ပစ္စည်းတွေများ ပုံနေတဲ့အခါကျလို့ ရှိယင်လေ.... (မှန်ပါ့) ပစ္စည်းဝေပုံကျများ သိုလှောင်ရမည့်ပစ္စည်း၊ အခု ဒါက ထုတ်ပြရမည့်ပစ္စည်း အစရှိသည်နဲ့ ဒါက အရေးကြုံမှ ထုတ်ရမှာ၊ဒါက ဘယ်လမှာ တက်စေးရှိတယ်.... (မှန်ပါ့) ဒါက ဘယ်လ ကျလာလို့ ရှိယင် မကုန်လို့ ရှိယင် အလားတားဖြစ်လိမ့်မယ်၊ အရုံးခံတဲ့နှုန်းထုံတ် အစရှိသည်နဲ့ ဝေပုံကျတွေကော မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

ဒါဟာ ဝိနိစ္ဆယခေါ်တယ်.... (မှန်ပါ့ဘုရား)ဝိနိစ္ဆယဆိုတာ တကာသစ် ဘာတဲ့တုံး (ဆုံးဖြတ်ချက်ချတာပါ)ဝေဆာန်ပိုင်းခြားပြီး ဆုံးဖြတ်ချက်ချတာဘဲ....(မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အင်း....ဒါက များသောအားဖြင့် တကာကြွယ်ရေ အိမ်ခေါင်းဆောင်မှာ လုပ်သလား....၊ အိမ်နောက်လိုက်မှာ လုပ်သလား.... (အိမ်ခေါင်းဆောင်မှာ လုပ်ပါတယ်) သြော်... ခေါင်းဆောင်ဖြစ်ရတာများ ကြောက်စရာကြီးပါကလား....(ကြောက်စရာကြီးပါဘုရား) သူက ရှေ့က အပါယ်သွားမယ် ပြောတာ.... (မှန်ပါ့ဘုရား)သူက ရှေ့က-(အပါယ်သွားမယ်ပြောတာပါ)။

အဲဒါ ခင်ဗျားတို့က သူများက ဝင်ရှုပ်လို့ ဒီဝိနိစ္ဆယ ချနေတုန်း ဒါက ဘာဘို့၊ ဒါက ဘာဘို့၊ ဒါက ဘာဘို့ဆိုပြီး တံယောက်ကဲများဝင်ပြီး စကားဆွတ်လိုက်တဲ့ အခါကျတော့ တကာသစ်က ကျေနပ်ကဲ့လား....(မကျေနပ်ပါဘုရား)မသိဘဲနဲ့ မပြောစမ်းပါနဲ့.... (မှန်ပါ့) ဒီခဏမှာ....အော်များထုတ်လိုက်သေးတယ်....(မှန်ပါ့ဘုရား) ငါ့ဟာငါ အပါယ် သွားစမ်းပါရစေ.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ငါ့ဟာငါ ဘာတဲ့တုံး.... (အပါယ် သွားစမ်းပါရစေ)မရှုပ်စမ်းပါနဲ့၊ မင်းတို့က ကန့်လန့်-ကန့်လန့် မလုပ်စမ်းပါနဲ့....(မှုန်ပါဘုရား) အံမာ....တယောက်တည်း သွားမည့် အဓိပ္ပါယ်၊ ဒီအဓိပ္ပါယ်ကျအောင် ဦးမာဒင် သိခဲတယ်နော်.... (သိခဲပါတယ်ဘုရား)။

အခု ဆုံးဖြတ်ချက်ချတာက ကလှာ မာန ဒိဋ္ဌိတဲ့...(မှုန်လှုပါ)သဘောကြပလား.... (ကျုပါပြီဘုရား) ဘယ်သူပါလိမ့်ဗျာ... (ကံလှာ မာန ဒိဋ္ဌိ ပါဘုရား)။

ဇာလှာ မာန ဒိဋ္ဌိနဲ့ ဆုံးဖြတ်ချက်ချနေတာ-ဟိုအိမ်မှာ တိုးတိုး-ဒီအိမ်မှာ တိုးတိုး၊ လူခြေတိတ်မှ ပြောတဲ့ အသွားတွေကကော တကာသစ် ဘာဆင်သတ္တုးဗျ....ဆုံးဖြတ်ချက်ချနေတာ.... (မှုန်ပါဘုရား)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

တကာကြွယ်တို့ တိုးတိုး-တိုးတိုးဟာ သဘောပါလား.... (ပါ-ပါပြီဘုရား) ဘာတွေ့ လုပ်နေကြတာတုံး....(ဆုံးဖြတ်ချက်ချနေကြတာပါ) ဘယ်သွားမလို့တုံး.... (အပါယ်သွားမလို့ပါဘုရား)အံမာလေး....အတော် မဆိုးဘူးလား....(မှုန်ပါ့)အခုဟာက တိုးတိုး-တိတ်တိတ်သွားမည့် အဓိပ္ပါယ်မျိုး ပါတယ်.... (ပါပါဘယ်ဘုရား)။

ရှင်အာနန္ဒာက လွယ်တယ်ဆိုလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကိုင်း....အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် မင်း-ပြောစမ်းပါဆိုတော့ ပြောကို-မပြောနိုင်ဘူး....(မှုန်ပါ့ဘုရား)အခု ဘုန်းကြီးတို့ တကာ တကာမတွေက ကြည့်စမ်း၊ ဘုန်းကြီးက သေသေချာချာ

ဖေါ်ပြောတော့မှ သြော်....ဒီအလုပ်ဟာ ဒို့လဲလုပ်နေတာဘဲ.... (မှန်ပါ့ဘုရား) ဒီ-အစဉ်အတိုင်းဟာ ဟုတ်-မဟုတ် တကာသစ်ကြည့်....(ဟုတ်ပါတယ်ဘုရား)။

ဝေဒနံ ပဋိစ္စ-(တဏှာပါဘုရား)တဏှာ ပဋိစ္စ- (ပရိဒေယသနာပါ) ဒီ-တဏှာကြောင့် ခန္ဓာခင်ဗျဲ့ တဏှာကြောင့် ဖေဟာ.... ပရိဒေယသန ရှာပါတယ်....(မှန်ပါ့ဘုရား) ရှာလို့ဘဲ လုံးဝန်သလောက် ရပါတယ်....(မှန်ပါ့) ရတဲ့ ပစ္စည်းကို ဆုံးဖြတ်ချက်ချပါတယ်တဲ့....(မှန်ပါ့) ဒါက ညစာ၊ ဒါက နေ့စာနဲ့ဟင်.... (မှန်ပါ့ဘုရား) ဒါက အိုစာ မင်းစာ၊ ဒါက သားကလေးတွေ့ သမီးကလေးတွေအတွက် ဆိုပြီးသကာလ ဝိနိစ္ဆယ ဆုံးဖြတ်ချက်ချနေရတာ တကာကြွယ်ရေ၊ သုံးဆောင်း-မသုံးဆောင်း တကာကြွယ်တို့ အိုမ်က သုံးယဲ့ဝက်ရှိတာကိုးဗျ.... (မှန်ပါ့) မလာဘူးလားဗျာ....(လာပါတယ် ဘုရား) ဒါဘာလုပ်ဘာတုံး တကာကြွယ်....(ဆုံးဖြတ်ချက်ချတာပါ) ဆုံးဖြတ်ချက် ချတယ်ဆိုတာ မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ကဲ.... ဒီဆုံးဖြတ်ချက်ကို တကာသစ်က လက်သည်ရှာ ဆုံးဖြတ်ချက်ချတာ ဘယ်သူကမျှား ချနေပါလိမ့်မတုံးလို့ - (တဏှာဒိဋ္ဌိကချတာပါ)တဏှာနဲ့ဒိဋ္ဌိက ချနေတာ....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ) ဘယ်သူက ချပါလိမ့်.... (တဏှာနဲ့ ဒိဋ္ဌိက ချပါတယ်ဘုရား)။

သြော်....တဏှာနဲ့ ဒိဋ္ဌိက ချနေတာဆိုတော့ တကာ တကာမတွေ့ ဒါ သားတွေ့-သမီးတွေ့က ဝေဘန်တာလား.... လူကြီးသူမက ဝေဘန်တာလား.... ဆုံးဖြတ်ချက် ချတာလား-မေးယင်

ဘယ်.နှယ် ပြောမလဲ....(လူကြီးသူမက ဆုံးဖြတ်ချက် ချတာပါ့ဘုရား)ဘာနဲ့ ဆုံးဖြတ်ချက် ချသလဲ(တဏှာ ဒိဋ္ဌိနဲ့ ဆုံးဖြတ်ချက် ချပါတယ်ဘုရား)။

ဒါကြောင့် လူကြီးတွေ အတွက်ဟာ...တကာ တကာမှတို့ ရှေ့မှီ-နောက်မှီလို့ ဆိုပြီး ကြားလုံး ထုတ်ငြားသော်လဲ ဦးဘအုန်း ဒိဋ္ဌိတဏှာ ဖြစ်နေတယ်လို့ မသိတော့ကို တကာတကာမတို့ အင်မတန် သနားစရာကောင်းတယ်.... (ကောင်းပါတယ်ဘုရား) ဦးဘကလေး-သနားစရာ သိပ်ကောင်းတယ်....(ကောင်းပါတယ်ဘုရား) ဦးသန်းမောင် ဘယ်.နှယ်တုံး.... (သနားစရာကောင်းပါတယ်ဘုရား) သနားစရာ သိပ်ကောင်းတယ်။

ပြီးတော့ ခုနင်က ကလေးသူငယ်, လူမမယ်တွေနဲ့ လာပြီး အိပ်ရာက နိုးလို့ ပြောပြန်တော့လဲ နင်တို့နေရာ မဟုတ်ဘူးတဲ့....(မှန်လုပါဘုရား)ဒါဖြင့် အပါယ်ဟာ ဘယ်သူ့ နေရာလို့ ဆိုပါလိမ့်....(လူကြီးတွေ နေရာပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အံ့မာလေး.... ကြောက်စရာကြီးပါကလား....တကဲ့ကွယ်....(မှန်ပါဘုရား) တကာသစ်တို့လဲ ကန်ထုတ်တာဘဲ.... (မှန်ပါ့) ခလေးခလေးပဲပဲ နေဟာမဟုတ်ဘူး၊နင်တို့နေရာမှ မဟုတ်ဘဲတဲ့ (မှန်လုပါဘုရား) အံ့မာလေး....ကြောက်စရာကြီးပါကလား.... (မှန်ပါ့) ဘယ်သူ့ နေရာတဲ့တုံး....(လူကြီးတွေ နေရာပါဘုရား) လူကြီးတွေနေရာ....(မှန်ပါ့)။

ဒါ့ကြောင့် အပါယ်ကျမှု ပဋိသန္ဓေနေပြီး အပါယ်ကျမှု မေ့မှ

တဲ့ ခလေးလို့ မရှိဘူး....*(မှန်ပါ့) မရှိဘူး လူကြီးတွေချည်း ကျနေတာဘဲ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

အပါယ်မှာ ပဋိသန္ဓေနေတယ်၊ ကိုးလလွယ်-ဆယ်လဖွား ရှိရဲ့လား.... (မရှိပါဘုရား) ရှိတော့ကွာ.... လူကြီးတွေချည်းဘဲ အပါယ်ထဲမှာ နေကြတယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါကြောင့် ခင်ဗျားတို့လဲ ကိုယ်.ဟာ ကိုယ်ပြန်ကြည့်တော့ နင်တို့မနရာ မဟုတ်ဘူး....တဲ့.... ကြောက်စရာကြီးပါလား.... (မှန်ပါ့ဘုရား)တကာကြွယ်-ဒီစကား ပြောဘူးသလား.... (ပြောဘူးပါတယ်ဘုရား) မှတ်ထားနော်၊ မစပျောက်စေနဲ့.... (မှန်ပါ့ဘုရား) အတော်ဆိုးနေပြီ တကာ တကာမတို့.... (ဆိုးပါတယ်ဘုရား)သိမှ ရှောင်နိုင်တယ်နော်...(မှန်ပါ့)။

ဒီဥစ္စာ တပည့်တော်တို့ ဘာအပြစ်မှ မရှိဘူးလို့ အားလုံးဘဲ တရားတပဲလုံးဘဲ တာဝန်ခံပြီးယဲ့...(မှန်ပါ့)အပြစ်ရှိယင် ယူကို မယူဘူး(မယူပါဘုရား)မယူပါဘူး....တဲ့၊ ဒီဥစ္စာ တပည့်တော်တို့ ဆောင်းဝယ်တုန်းက ဒါ ဒီဥစ္စာကလေး မုသားနည်းနည်းပါလို့ အမြတ်အစွန်းကလေးများ ထုတ်ခဲ့ဘယ်၊ အဲဒါ သိလိုက်တာဘဲ....(မှန်ပါ့)အိမ်တွင်း ရောက်လာမှဖြင့် ဒီလို အလုပ်တွေ ရှောက်ပြီးလုပ်တော့ တကာသစ်ရေ....သိသေးရဲ့လား....(မသိပါဘုရား)မသိသေးတော့ အပြင်မှာ ခုနင်က ပြောခဲ့တဲ့ စကားလုံးတွေနဲ့ လူလာ,သူလာလို့ရှိယင် ဒီစကား ဂျပ် ပစ် လိုက်တယ်....(ရပ်ပါတယ်ဘုရား) ဘာဖြစ်လို့တုံး သူတို့နေရာ မဟုတ်ဘူး....(မှန်ပါ့) ဘယ်သူ့နေရာတုံး....(လူကြီးတွေနေရာပါ) ရိပ်မိ

---

* ငရဲ-ဟူသော အပါယ်ကို ဆိုလိုသည်....

ပလား....(ရိပ်မိပါ့ဗျို့) အံမာလေး တကာ တစာမတို့ ခင်ဗျား တို့ လူကြီးဖြစ်ရမှာများ သိပ်ကြောက်စရာနော်....(မှန်ပါ့)။

ဒါ အိုလို့ ကြောက်တယ်လို့ မဆိုနဲ့တဲ့၊ မသိတဲ့လူကြီးဖြစ်ရ မှာ သိပ်ကြောက်စရာကောင်းတယ်.... (မှန်ပါ့) ကြောက်စရာ မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

ကဲ-ဒါဖြင့် တဏှာ ပဋိစ္စ ပရိယေသနာ၊ ပရိယေသနံ ပဋိစ္စ လာဘော.... (မှန်ပါ့) ရှုပြီနော်.... (မှန်ပါ့)လာဘ=ရခြင်းကို ပဋိစ္စ=စဲ့၍၊ဝိနိစ္ဆယော=ဆုံးဖြတ်ချက်ချတယ် - (မှန်လှပါ့)ဒါက အိုစာ၊ ဒါက မင်းစာ၊ ဒါက သားစာ၊ ဒါက သမီးစာ၊ ဆိုပြီး သကာလ ဒါတွေ ဇောနှိပ်ပြီး သကာလ ဆုံးဖြတ်ချက် ချတယ် တကာကြွယ်ရဲ့.... (မှန်လှပါဘုရား) ဒါဟာ ဘုရားဟောတာ ဘုန်းကြီးဘလုံးမှ အပိုမပါဘူး....(မှန်လှပါ) တလုံးမှ အပိုမပါ ဘူး၊ ခင်ဗျားတို့ ဩဿ်....ဒီ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် မသိလို့ ရှိ ယင် ညတိုင်း စီးပွားရေးအကြောင်း ညီညွတ်တိုင်း ညီညွတ်တိုင်း ဒီဥစ္စာ လုပ်နေတော့မှာဘဲ....(မှန်ပါ့ဘုရား) မလုပ်ဖေဘူးလား.... (လုပ်ပါတယ်ဘုရား)။

ဆောက်လာတဲ့ ငွေကလေး ထိုးပစဲ့ ထားလိုက်တယ်လို့ မရှိ ဘူး....(မရှိပါဘုရား)မရှိဘူး၊ဒါကလေး ဒီဒီလို၊ဒီလို အကြောင်း ညီညွတ်လာတယ် အင်း-ခင်တဲ့လူနဲ့ ရှေးဦးစွာ ခပ်တိုးတိုးပြော တယ်....(မှန်ပါ့) တိုးတိုးပြောပြီး သကာလမှ ဒီဥစ္စာကွာ- ဒီလို ထားလို့တော့ မဖြစ်သေးဘူး၊ သိုတန်တာသို့၊ မှိုးတန်တာမှိုး၊ စောင့်ရှောက်တန်တာ စောင့်ရှောက်ပေါ့ကွယ်- ဆိုပြီး သကာလ လူကြီးလုပ်တဲ့ပုဂ္ဂိုလ်က အသံကောင်းလွှင့်တယ်လို့ ထင်ရတယ်...

(မှန်ပါ့) ဘယ်ဟုတ်မလဲ- ငရဲအောင်လံကြီးလွှင့်တာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ငရဲမှာ အော်တယ်.... (မှန်ပါ့) အော်လံနဲ့ မတူဘူးလား.... (တူပါတယ်ဘုရား) အဲဒါက တကာတရားမတွေ့ ဆရာရင်း သမားရင်းမို့ ပြောနေရတယ်၊ သြော်....ဒီဟာ ဘာမှ အပြစ်မရှိဘူးထင်ဘယ်၊ ဒီဥစ္စာက သိလဲ့ မကပ်နိုင်ဘူး..... (မှန်လှပါဘုရား) သမာဓိလဲ့....(မကပ်နိုင်ပါဘုရား)ဝိပဿနာလဲ့....(မကပ်နိုင်ပါဘုရား)။

ဘယ်ကပ်နိုင်လိမ့်မတုံး....၊မည်းနက်တဲ့ တရားချည်း ဆိုတော့ အဖြူကို ဒီအထဲ ပြောက်ကျားကြီးထိုးလို့ မရဘူး.... (မရပါဘုရား) ဘယ်လောက်ဆိုးဝါးသတုံး.... (ဆိုးဝါးပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့....တဲ့ ဘယ်ကနေပြီး သကာလ အပါယ် သွားကျတာတုံးမေးတော့ အိမ်တွင်းကနေသွားတာ.... (မှန်ပါ့ဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ဘယ်ကနေ သွားပါလိမ့်.... (အိမ်တွင်းကနေသွားပါတယ်ဘုရား) တကာကြွယ် မရိပ်မိဘူးနော်....ဒါကြောင့် ဘုရားကဖေါ်ပြောတာ (မှန်ပါ့)မရိပ်မိဘူး တဲ့ကာသစ်ရ....(မှန်ပါ့-မရိပ်မိပါဘုရား)မရိပ်မိဘူး၊ ဒီဥစ္စာတာ ကဲကွာ....ဒါကလေးတွေလဲ ဝေဘန်ပြီးပေါ့၊ ဘုရားရှိခိုးပြီး အိပ်ရုံရှိတော့တယ်....(မှန်ပါ့) အင်း....သူ ဘုရားရှိခိုးတာကလေး အဆစ်ထည့်လိုက်တယ်.... (မှန်လှပါဘုရား) သူ လုပ်ထားတဲ့ အကုသိုလ်က ဘုရားရှိခိုးရုံနဲ့ ကျေမှာလား.... (မကျေပါဘုရား) မကျေပါဘူး၊ ဒီပဋိစ္စသမုပ္ပါဒ်က အပါယ်ရောက်သွားပြီ.... (မှန်ပါ့ဘုရား) အခုမှသူကထပြီး ဘုရားရှိခိုးတယ်.... (မှန်ပါ့ဘုရား)။

ဒီနေဘာ့ မောသေးတယ်လေ၊ မခိုးပါဘူး ဆိုတော့.... ပါ ဘောင်မပါတော့ဘူး....(မှန်ပါ့) ပါသေးသလား.... (မပါ-ပါ့ ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဝိနိစ္ဆယ ဆုံးဖြတ်ချက်ချ ပါပြီဗျဲ့၊ကိုင်း....ဒါဖြင့် တကာတကာမတို့ ခန္ဓာက စတယ်ဆိုဘာ သေချာပြီ....(သေချာပါပြီ) ဘယ်ကစ,ပါလိမ့်.... (ခန္ဓာက စ, ပါတယ်ဘုရား) ခန္ဓာက စ,တယ်ဆိုတဲ့ဥစ္စာ ပေါ်လာပြီ..... (မှန်ပါ့) ဒါဖြင့် ခန္ဓာဆယ် နိပ်စက်လိုက်တာ အပါယ်ရောက် ဖအောင် နိပ်စက်တယ်....(မှန်ပါ့ဘုရား)ဒါဖြင့် ခန္ဓာကို ဘာသစ္စာ ဆိုကြမလဲ... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဆိုတော့ မှတ်လိုက် စမ်းပါ။ ကိန်းဏာပုဂ္ဂိုလ်ကို နိပ်စက်ပါတယ်....(မှန်ပါ့) ကိန်းဏာ ပုဂ္ဂိုလ်ကို....(နိပ်စက်ပါတယ်ဘုရား)အပါယ်ရောက်အောင် နိပ် စက်တယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ခန္ဓာ ဒုက္ခသစ္စာဆိုဘာ ပေါ်လာတယ်.... (ပေါ် လာပါတယ်ဘုရား) သူနိပ်စက်လိုက်တာ ဒီဘက်အပါယ်ရောက် တော့မယ်.... (မှန်ပါ့ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား) ကောင်းပြီ ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရဂေါ....(မှန်ပါ့ဘုရား)ဝိနိစ္ဆယံ ပဋိစ္စ....(ဆန္ဒရဂေါပါဘုရား)။

ဆန္ဒဲရဂေါ-ဆိုတော့ သြော်-ဒီကုန်ဟဲ့ကွာ ကိုယ့်အကျိုးခပး တဲ့ကုန်၊ လာပြီ တကာကြွယ်.... (မှန်လှပါဘုရား) နည်းနည်း ကြိုးကြိုးစားစားကလေး လုပ်ဦးမှဘဲ.... (မှန်ပါ့) သယ်လိုပါ လိမ့်.... (ကြိုးကြိုးစားစားကလေးလုပ်ဦးမှဘဲ) ကြိုးကြိုးစားစား ကလေး လုပ်ဦးမှဘဲဆိုတဲ့ ဆန္ဒရာဂ ပိုလာ-မလာ.... (ပိုလာပါ

တယ်ဘုရား) အကျိုးပေးသကိုးဗျ....(မှန်ပါ့) ဟ....လသာတုန်း ဗိုင်းငင်ဟ... (မှန်ပါ့) သဇောကျဟလာ....(ကျပါပြီ) အင်း.... အကျိုးပေးတုန်းကို အရယူရတယ်၊ ဒီလိုဟောာ မဆုံးမကြဘူးလား....(ဆုံးမပါတယ်ဘုရား)။

ကိုယ်.ကိုယ် ကိုယ်လဲ ဒီအချိန်မှာ မကျန်းမာမှာတောင် စိုးရိမ်လိုက်သေးတယ်....(မှန်ပါ့) ဒီအချိန်ကလေးများ မကျန်းမာလို.ရှိယဲ့ဆင် ဓမ္မန္တရာယ်ဖြစ်ချိရဲ့.... (မှန်ပါ့ဘုရား) ဘယ်သူးမည့် ဓမ္မန္တရာယ်ပါလိမ့်... (အပါယ်သူးမည့် ဓမ္မန္တရာယ်ပါဘုရား) အပါယ်သူးမည့် ကြးတောင်မှ မခြးစေချင်ဘူး၊ တောက်လျောက်သူးချင်တယ်.... (မှန်ပါ့ဘုရား) ဘကာကြယ် ဘယ်လောက်ဆိုးတယ်ဆိုတာ ပေါ်ရောပေါ့.... (ပေါ်ပါပြီဘုရား) စိတ်အထင်က တမျိုးနော်....(မှန်ပါ့ဘုရား) တရားဖြစ်စဉ်က.... (တမျိုးပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့က တကာတကာမတွေကို သတိပေးရတယ်၊ တကာတကာမတို့ ခင်ဗျားတို့ တရားသဘောအတိုင်း ဖြစ်ရတာနော်.... (မှန်ပါ့) အိုတာလဲ ခင်ဗျားတို့က အိုချင်လို.လား- တရားသဘောအတိုင်းလား....(တရားသဘောအတိုင်းပါဘုရား) နာရဘုာလဲ တကာ တကာမတို့ ကိုယ်နာချင်လို. နာရတာလား တရားသဘောအတိုင်း ဖြစ်ရတာလား.... (တရားသဘောအတိုင်းပါဘုရား)။

လူ.ပြည်ရောက်လာတာလဲ တကာတကာမတို့ ခြေလျင်လာတာလား.... တရားပို.လိုက်တာလား.... (တရားပို.လိုက်တာပါဘုရား) ခင်ဗျားတို့ တရားစိမ်ရာ ခံရမှာစိုးလို. ဒီတရားပယ်ထိုက်တဲ့တရားဆိုလို.ရှိယင်လဲ ပယ်ရလိမ့်မယ်.... (မှန်ပါဘုရား)။

ဒါ့ကြောင့် အရေးတကြီး ဒီဥစ္စာ ပြောနေတယ်ဆိုတဲ့ဥစ္စာ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်က ဦးမာဒင်၊ ဦးသန်းမောင် သိပ်သိခဲ့တယ်....(မှန်လှပါဘုရား)သိပ်သိခဲတယ် အင်မတန်မှတကာ့ကြွယ်ဖြစ်လိုက်တာက စီပွါးတက် တက်သလိုဖြစ်တယ်.... (မှန်ပါ့) စီးပွားယုတ်ယင်လဲ.... (ယုတ်သလိုဖြစ်ပါတယ်ဘုရား)ယုတ်သလိုဖြစ်လို့ ရှိယင် စီးပွားယုတ်ပြန်တော့လဲ ဒါလျှော့ကြဦးစို့ ဟေ.... (မှန်ပါ့) ဒီဘက်တော့ မလဲသာလို့ ရှိနေပစေတော့....၊ ဒီဘက်က လျှော့ကြဦးစို့ဆိုပြီး ဒီနားမှာ ဝိနိစ္ဆယ လုပ်နေ ပြန်တာဘဲ.... (မှန်လှပါဘုရား) မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီတော့ စီးပွားတက်လဲ ခင်ဗျားတို့ကော ဒယ်အိုးမျက်စောင်းထိုးတာဘဲ....(မှန်ပါ့) စီးပွားပျက်ပြန်တော့ကော.... (ဒယ်အိုးမျက်စောင်း ထိုးလာပါဘဲဘုရား) အဲဒီ မျက်စောင်း ထိုးနေတယ်လို့ တကာ့ကြွယ် လူတိုင်းမသိဘူးနော်.....(မသိပါဘုရား) ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရှင်အာနန္ဒာက ပဋိစ္စသမုပ္ပါဒ်လွယ်ပါတယ်-တပည့်တော် သေကွဉာဏ်နဲ့ တွေးတာတောင် သေကွဉာဏ်ဆိုတာ သူ အထက်မရောက်သေးဘူးပေါ့ဗျာ.... (မှန်ပါ့) သောတာပန် ဉာဏ်နဲ့ တွေးတာတောင် ပေါ့သလိုလိုရှိတယ်ဘုရဲ့ ပဋိစ္စသမုပ္ပါဒ်....(မှန်ပါ့)။

ဟ....ညီတော် အာနန္ဒာ.... သူ့ကို နားမလည်လို့ တကာ တကာမတွေ အပါယ်ချည့် ရောက်နေကြတာပေါ့ကွ.... ဆိုပြီး ဒါကို ဟောတော်မူတယ်....(မှန်ပါ့)။

သူနားမလည်လို့....တဲ့ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် မင်းတို့ကော နားမလည်တော့.... တကာ တကာမတွေ အိမ်တွင်းက နေပြီး

သကာလ ဘုရားရှေ့မှောက်မှာဘဲ သေပဲ့ဝင်ပြီးသကာလ ဘုရား ရှေ့မှောက်က အပါယ်သွားရတယ်....(မှန်ပါ့)။

ဗုဒ္ဓဘာသာဆိုတာ အိမ်ပေါ်ဘုရားရှိကြတယ်.... (ရှိပါတယ် ဘုရား) အဲဒီအောက်မှာဘဲ သူတို့ဘယ်သွားကြသလဲ....(အပါယ် သွားကြပါတယ်ဘုရား) ကဲ-ဘယ်လောက်ကြောက်စရာကောင်း သတုံး....(ကြောက်စရာကောင်းပါတယ်ဘုရား)။

ဒါ့ကြောင့်.... အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် မင်းမသိဘူး ဆိုပြီး ဟောရှာတယ်....(မှန်လှပါဘုရား) ကဲ....ဒါဖြင့် တကာတကာမ တွေ့ကလဲ ဒီ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်ကိုက်ကဲ့လား ကိုယ်ပိုင်ဉာဏ်နဲ့ တွေးကြစမ်း.... (ဖြစ်စဉ်ကိုက်ပါတယ်ဘုရား) သေသေချာချာ ကိုက်တယ်....(မှန်ပါ့) ရှင်းပြီနော်... (ရှင်းပါပြီ)။

ကဲ....ဒါဖြင့် တခေါက်ပြန်ကြည့်စိုး၊ ဝေဒနံ ပဋိစ္စ.... (တဏှာ ပါဘုရား) တဏှံ ပဋိစ္စ....(ပရိယေသနာ) တဏှာကြောင့် ရှာမှီးတယ်.... (မှန်ပါ့) ဇဏှံ ကြောင့် ရှာမှီးတယ်၊ တဏှာ ဖြစ်ပြီ.... (မှန်ပါ့)ရှာမှီးတော့ တဏှံ ပဋိစ္စ....(ပရိယေသနာ) ပရိယေသနံ ပဋိစ္စ လာဘော.... (မှန်ပါ့) လာဘံ ပဋိစ္စ.... (ဝိနိစ္ဆယောပါ) ဝိနိစ္ဆယော... တဲ့ တခါတည်း ဆုံးဖြတ်ချက်ချတာဘဲ....(မှန်ပါ့) တခါတခါများ ဒါသမီးဘို့ ဒါသားဘို့-အစရှိသည်နဲ့ ဆုံးဖြတ် ချက်ချလိုက် တကာတကာမတို့ ဒါကလေးတော့ဖြင့် ရှေ့စျေး ကလေးကလဲ ကျတယ်၊ ကိုယ်လဲ အကြောင်း ညီညွတ်တဲ့ အခါ ဒါကလေးကတော့ သမီးဘို့ ရှောလေးဝယ်လိုက်ဦးမှ တော်မယ် လာပြီ....(မှန်ပါ့) မလာသေးဘူးလဲ.... (လာပါပြီဘုရား)။

အင်း....ဒီ့ထက် မျှားလာလို့ရှိယင်လဲ စိန်ဈေးကလေးကလဲ ကျွတယ်၊ ပြီးခေတ့ ရောင်းမှည့်သူတွေကလဲ အဆင်သင့်ရှိတယ်၊ ပြီးတော့ အရှယ်ကလေးနဲ့ကလဲ အတော်ဘဲ- အင်း....လုပ်ပြန်ပြီ ခင်ဗျားတို့က....(မှန်လှပါဘုရား)မလာဘူးလား....(လာပါတယ်ဘုရား)။

ဒီနိစ္စယ မလာကြဘူးလား....(လာပါတယ်ဘုရား) ဝိနိစ္ဆယ် ပဋိစ္စ ဆန္ဒရာဂေါ...(မှန်ပါဘုရား) သဘောကျမလား....(ကျပါပြီဘုရား) ဝိနိစ္ဆယချပြီ သာသနာပြန်သာတုံး.... (ဆန္ဒရာဂလာပါတယ်ဘုရား) ဆန္ဒရာဂ လာတယ်တဲ့၊ သမီးကလေးက ဝတ်နေလဲ အကြောင်းညီညွတ်တော့ပြုံးနေတယ်....(မှန်ပါ) နောက်ကနေ ကြည့်နေပြီး တခါတည်း သူကဝတ်စားပြီးသွားပြန် ပြုံးတယ်.... (မှန်ပါ) သားလလေးက ကောင်းကောင်း မှန်မှန်ကလေး ဝတ် သွားပြန်တော့ အမေမိဘက....(ပြုံးပါဝယ်ဘုရား) ဘာဖြစ်လို့ တက်ကြွယ် ပြုံးတာတုံးလို့ မေးယင် ဆန္ဒရာဂဖြစ်တာ ဘုရာ့.... (မှန်လှပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကဲ...ဒါဖြင့် တကာတကာမတို့ ဆန္ဒရာဂဖြစ်ပြီးသကာလ-တဲ့ ဒီဥစ္စာ ရှေ့ဆက်ရမှာကိုး....(မှန်ပါဘုရား) ဆန္ဒရာဂအကြောင်း ရင်းခံပြီး တကာ တကာမတို့ တမျိုးလာဦးမှာကိုး.... (မှန်ပါဘုရား)။

ဒါ့ကြောင့် ဘုရားက တဏှာ ပဋိစ္စပရိယေသနာ၊ ပရိယေသနံ ပဋိစ္စ လာဘော၊ လာဘ ပဋိစ္စ ဝိနိစ္ဆယော၊ ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂေါလို့ မလာဘူးလား.... (လာပါတယ်ဘုရား) အဲဒီ့ ဆန္ဒရာဂတွေဖြစ်ပြီးသကာလ့ လာတဲ့အခါကျလို့ရှိယင် တကာ

တစ်ခာမတွေ့ ဒီဘက်က ဘာလာတော့မတုံး ဆိုလို့ ရှိယင်ကွာ.... ဝတ်လဲဝတ်-စားလဲစား သို့သော် ခုနင်က မင်းလဲ မမြင်အောင် စာရင်းဖျောက်ရမယ်....(မှန်ပါ့) မင်းမမြင်အောင် စာရင်းဖျောက်ရမယ်....(မှန်ပါ့) မစ္ဆရိယ ဝင်လာတယ်....(မှန်ပါ့) ဘာဝင်လာသတုံး.....(မစ္ဆရိယဝင်လာပါတယ်ဘုရား)။

မစ္ဆရိယဝင်လာတယ်၊ တကၠာတကာမတို့ ဒီဟာတွေစာရင်းထဲ တည့်ပြီးသကာလ ကျန်တော်တို့ဝင်ငွေ ဒီနှစ်ဘယ်လောက်ပါလို့ ရေးသလား... ဒီအတွက်တွေ့ရှုတ်ထားသလား .... (ဒီအတွက်တွေ့ ရှုတ်ထားပါတယ်ဘုရား)ရှိပါစေ- ရှိပါစေ၊ ဒါမစ္ဆရိယပါဘဲ.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီအတွက်တွေကတော့ တကာကြွယ်ရေ ထည့်ထားလို့ တော်ပါ့မလား....(မတော်ပါဘုရား) ဘယ်နှယ်ကြောင့် မတော်သတုံး....(မစ္ဆရိယပါဘုရား) ဒါသူများမစ္ဆရိယဖြစ်နေတာလား တကာသစ် ကိုယ့်အိမ်ထဲ တင်လား .... (ကိုယ့်အိမ်ထဲတွင်ပါဘုရား)။

ဒါတော့ အကြောင်းညီညွတ်တဲ့အခါကျတော့ ထုဝတ်တာပေါ့၊ သို့သော်လဲ ဝတ်မှုစားမှုကလေး ခြိုးခြံသလောက်မခြိုးခြံရဘူးလား....(ခြိုးခြံရပါတယ်ဘုရား)။

ကဲ- ဒါဖြင့် ဒါဘာဖြစ်တာတုံး မေးတော့ .... (မုစ္ဆရိယကြောင့်ပါ) မစ္ဆရိယရှိတယ်....(မှန်ပါ့) မစ္ဆရိယ ရှိလာတော့ တစာ တကာမတွေက ဘယ်လို ဆုံးဖြတ်ချက် ချလိုက်သတုံး ဆိုတော့ဟာ - မတော်ဘူး၊ ပြန်သိမ်းမယ်ကွ၊ ဒီအချိန်မကောင်းဘူး ဝတ်လို့ စားလို့ .... (မှန်ပါ့) ဘာလုပ် ကြတာတုံး.... (ပြန်သိမ်းတာပါဘုရား)။

အံမာလေး တကာတကာမတို့ မစ္ဆရိယလဲ လာပါရော ပြန်သိမ်းတယ်....(မှန်ပါ့) ပြန်သိမ်းတဲ့ဥစ္စာက ငါ့ဟာ ပျောက်ချီရဲ့ ဆိုတဲ့ ဒိဋ္ဌိနဲ့သိမ်းလိုက်တယ်....(မှန်ပါ)ဘာနဲ့သိမ်းသလဲ....(ဒိဋ္ဌိနဲ့သိမ်းပါတယ်ဘုရား) တကာသစ် သေတ္တာထဲ ပြန်သိမ်းတာများ အပြစ်မရှိဘူး ခင်ဗျားတို့က ထင်မနေနဲ့.... (မှန်လှပါဘုရား)။ သေတ္တာထဲ ပြန်သိမ်းတာဟာ လုံခြုံစေခြင်လို့ သိမ်းတာဘဲလို့ ဆိုမလားတဲ့ တကာ တကာမတို့ မစ္ဆရိယနဲ့ သိမ်းတာလား.... (မစ္ဆရိယနဲ့သိမ်းတာပါ)သဘောပါကြပလား(ပါ-ပါပြီဘုရား) ဒါဟာ အိမ်ပြင် ဖြစ်သလား....၊အိမ်တွင်း ဖြစ်သလား....(အိမ်တွင်းဖြစ်ပါတယ်ဘုရား)။

သြော်....ဒီ ပဋိစ္စသမုပ္ပါဒ်ကလဲ အားလုံး တကာ တကာမတွေ သိတဲ့အဝိုင်း အိမ်တွင်းချည်းဘဲ သူက.... (အိမ်တွင်းချည်းပါဘုရား) ဒါကြောင့် ခင်ဗျားတို့က ကိုယ့်အိမ်နဲ့ ကိုယ်နေတာ ကျွန်တော်တို့ဖြင့် ဘယ်မှမသွားလို့ အကုသိုလ်တော့နည်းပါ ရဲ့တဲ့... (မှန်ပါ့) အံမာ.... ခင်ဗျားတို့က သုံးသေးတယ်....(သုံးပါတယ်ဘုရား)။

ကျွန်တော်တို့က ခရီးသွားတဲ့လဲ နည်းတော့ အကုသိုလ် အဖြစ်နည်းတယ်... တဲ့၊ပြီးတော့ ဘာဟုတ်မလဲဗျာ့ မစ္ဆရိယနဲ့ မသွားတာ....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘာနဲ့ မသွားတာတုံး....(မစ္ဆရိယနဲ့မသွားတာပါဘုရား)။

ဒါကျယင် အာဂုံရှတ်တယ်.... (မှန်ပါ့) အဲဒီတော့ အလားဘား မဖွင့်တာတော့ဖွင့်၊ လုံခြုံအောင် လုပ်ရမည့် ဥစ္စာတွေ ဖွင့်နေလို့ ရှိယင်ဖြင့် လူကြီးတွေ အမျှော်အမြင်ရှိတာ မဟုတ်ဘူးတဲ့....(မှန်ပါ့)အင်း.... တကဒကွယ် လူကြီးက ဘာတဲ့တုံး....

(အမျှော် ရှိတာမဟုတ်ဘူးတဲ့) ဘယ်အမျှော်တုံး .... (မစ္ဆရိယ အမျှော်ပါဘုရား)။

အံမာလေး....ကြောက်စရာကြီးပါလားဗျ- တကာ တကာမတွေ ခင်ဗျားတို့ဖြစ်စဉ်ဟာ ဘုရားသခင် ကိုယ်ဘော်မြတ်ကြီးကရှင်အာနန္ဒာကို ပြန်ပြန်ပြောနေရတယ်၊ ပဋိစ္စသမုပ္ပါဒ် လွယ်တယ်ပြောလို့....(မှန်ပါ့)ကြည့်ကွ... ဒါအိမ်တွင်း ပဋိစ္စသမုပ္ပါဒ်တဲ့....၊လူတိုင်းဖြစ်တယ်တဲ့....(မှန်ပါ့)။

ဒါတွေကို ဘုန်းကြီးကမှ ဝိပဿနာဉာဏ်နဲ့ တကာတကာမတွေ ဖြတ်မပေးလို့ ရှိယင် ကျွန်တော်တို့ အကုသိုလ် မရှိဘူးပြောမှာဘဲ .... (ပြောမှာပါဘုရား)မပြောဘူးလား....ပြောမလား... (ပြောပါတယ်ဘုရား)။

တကာကြွယ် ပြောမနော်....(ပြောမှာပါဘုရား) ဖြစ်လို့ကတဲ့ အကုသိုလ်ဟာ အခု တကာသစ် ကြည့်စမ်း၊ တဏှာပဋိစ္စ ပရိယေသနာ-ပရိယေသနံပဋိစ္စ.... (လာဘော) လာဘ ပဋိစ္စ.... (ဝိနိစ္ဆယော)ဝိနိစ္ဆယံပဋိစ္စ....။

အဲ... ဝိနိစ္ဆယံပဋိစ္စဆိုပြီးတော့ ဒီကြားထဲ တခုထည့်လိုက်ပါဦးနော်....(မှန်ပါ့) ဝိနိစ္ဆယံ ပဋိစ္စ ဆုံးဖြတ်ချက်ချပြီ- အဇ္ဈောသာနံ....တဲ့.... (မှန်ပါ့) အဇ္ဈောသာနံ ဆိုတာက အခြားမဟုတ်ပါဘူး၊ အလွန့်ကို ဒီအလုပ်ကို အားကျိုးမာန်တက်သွန်ပြီးလုပ်တော့မယ်ကွာတဲ့.... (မှန်လှပါဘုရား) ဒီကျအောင် တခါတည်းလုပ်ပစ်လိုက်တယ်....(မှန်ပါ့)။

ဆုံးဖြတ်ချက်ချပြီး တခါတည်းဟိုဆုံးဖြတ်ချက်ချပြီးဒီအလုပ်တော့ဖြင့် အားကုန်ရှိသမျှ သွန်မှဘဲကွ....(မှန်ပါ့) ဘာပြုလို့တုံးလဲသာတုန်းဗိုင်းငဲ့ရတယ်....(မှန်ပါ့) အချိန်ရှိခိုက် လုံ့လစိုက်ရ

တဲယ်....(မှုန်လှုပါဘုရား)ဆိုပြီး သကာလ အလွန် ကြီးကျယ်တဲ့ တဏှာဒိဋ္ဌိပေါ်လာတယ်....(မှုန်လှုပါဘုရား) မပေါ်လာဘူး လား....(ပေါ်လာပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် တကာ ကကာမဲ့ဘို့ အဇ္ဈောသာနံ ပဋိစ္စ-ပရိဂ္ဂဟော- တခါတည်း အကုန် သိမ်းဆည်းတော့တာလဲ၊ ဒုနင် တုန်းကဟာတွေ သေတ္တာထဲ ဘာထဲ အကုန်သိမ်းဆည်း တော့ တာဘဲ့....(မှုန်ပါ့) ဒါကလေးတခု ကြားကျနေတယ်နော်.... (မှုန်ပါ့)။

ကဲ့- ဒါဖြင့် ဒါရှင်းပလား.... (ရှင်းပါပြီ) "အဇ္ဈောသာနံ ပဋိစ္စ ပရိဂ္ဂဟော၊ ပရိဂ္ဂဟံ ပဋိစ္စ မစ္ဆရိယာ"....(မှုန်ပါ့) သိမ်း ဆည်းတဲ့ အခါကျလို့ ရှိယင်ဖြင့် သိမ်းဆည်းတာက တကာ တကာမတို့ ဘာဖြစ်လို့ သိမ်းဆည်းတာတုံးလို့ မေးလို့ ရှိယင် တကာသစ် ဖြေတတ်ပါပြီ....(မစ္ဆရိယဖြစ်လို့ပါ)သူမျှားမြင်မှာ စိုးလို့....(မှုန်လှုပါဘုရား)သူမျှားသိမှာ .... (စိုးလို့ပါဘုရား)။

သူတို့ ရှေတဲ့လဲ ငဲ့တဲ့လဲ စိန်တွေ တပြောင်ပြောင်နဲ့ ငဲ့ ချေးမှာလဲ စိုးတယ်....(စိုးပါတယ်) တကာကြွယ် ဘာစိုးရိမ် သလဲ.... (ငဲ့ချေးမှာ စိုးရိမ်ပါကယ်ဘုရား) ငဲ့ချေးမည့်လူလာ လို့ ရှိယင် တော်အောင် ကြည့်ပြောတာပေါ့၊ အရင်ချေးထား တာတောင် ပြန်မရသေးတော့ခက်တယ်ကွာ၊ မင်းငဲ့ရှာတဲ့နေရာ အယာင်နေရာ သွားနိုင် သေးသသားတောင် လှမ်းမေးချင်မေး သေးတာ... (မေးပါတယ်ဘုရား) ဖုံးလိုက်တာကိုး....(ဖုံးတာပါ ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အတော် ဆိုးပါကလား တကာ တကာမတို့.... (မှန်ပါ့) တဆောကြွယ် ဒီအသုံးတွေဟာလဲ မသုံးဘူး မဆိုနဲ့ နော်.... (သုံးပါတယ်ဘုရား) သူ့ချေးယင် ငွေရမှာ မဟုတ်တော့ ကဗျာကယာ ဆောကွယ်လိုက်ရတယ်.... (မှန်ပါ့)အိမ်ပေါ်တွင် ခြေလှုပ်းလှည့် လာကတည်းက ဦးမာဒင် သိပြီ....(သိပါပြီဘုရား) ဒီလူ အယင် တုန်းကလဲ ကြေတာမဟုတ်ဘူး၊အခုလဲ ဒို့ အကြောင်း ညှဉ်ညှတ် တယ် ဆိုလို့ လာပြန်ပြီ၊ အဲဒီတော့ အသံတော့ လွှင့်လိုက်ဦးမှဘဲ ဆိုပြီးတော့ တကာကြွယ် မလွှင့်လိုက်ဘူးလား ... (လွှင့်လိုက်ပါ တယ်ဘုရား)။

ကဲ....ဒို့လဲ အကြောင်း မည်သည်တော်လို့ ခုထက်ထိ ဒီလိုဘဲ နေ ရတယ်၊ ဒါကြောင့် ကိုယ့်အတွက်တောင်မှ အတော်ရှာရမည့် အရေးကို တွေးနေရသေးဘယ်ဆိုတဲ့ အသွားမျိုး.... (မှန်ပါ့) တကာသစ် ဖုံးလိုက် ဖိလိုက်၊ ဒါဘဲ.... (မှန်ပါ့) ဇရာဘူးလား.... (ရပါတယ်ဘုရား)။

ကဲ... ဒါဖြင့် မစ္ဆရိယံ ပဋိစ္ဆ....တဲ့၊ တဲကာ တကာမတို့ ဝန်တို ပြီး သကာလ အခု သိမ်းလိုက် ဆည်းလိုက်ပြီ... ၊ ဟိုလူလားလို့ အပြစ်မရှိနိုင်တော့ဘူး....(မှန်လှပါဘုရား) ခံနိုင်ကြသေးရဲ့လား (မခံနိုင်ပါဘုရား)။

ကဲ.... ဒါဖြင့် ဘယ်လိုလုပ်ကြမတုံးလို့ မေးတော့ မစ္ဆရိယံ ပဋိစ္ဆ ဆောရကွောၤစောင့်ရှောက်ပြီ.... (မှန်ပါ့)တကာတကာမတို့ ဒီနေထုကလေးကို နေတိုင်းလိုလိုဘဲ အခြေပျက်မပျက် သွား သွားကြည့်တယ်....(မှန်ပါ့) မကြည့်ကြဘူးလား....(ကြည့်ကြပါ

တယ်ဘုရား) လက်ရာ ခြေရာများ ရှိလလား၊ တက်ရာ ဆင်းရာများ ရှိသလား....(မှန်ပါ!) ဘာလုပ်ကြတာတုံး....(အခြေအနေသုံးကြည့်တာပါ) သုံးသုံးကြည့်ရတယ်.... (မှန်ပါဘုရား) သုံးကြည့်တာနဲ့ တချို့ သူပုန်က ရိပ်မိလို့ တူးသုံးတာတွေလဲ တပုံကြီးဘဲ....(မှန်ပါ)။

ဒီလိုဟာတွေကလဲ ရှိသေးတယ်....တဲ့၊ ကဲ.... ဒါဖြင့် တကာတကာမတို့ စောင့်ရှောက်ပြီ....နော်.... (မှန်ပါ) တဏှာဒိဋ္ဌိနဲ့ စောင့်ရှောက်တယ်....(မှန်ပါဘုရား)။

ဒါဖြင့် မစ္ဆရိယံ ပဋိစ္စ အာရက္ခော၊ စောင့်ရှောက်ပါပြီ...တဲ့ မစ္ဆရိယတာ အာရက္ခဆိုတဲ့ စောင့်ရှောက်မှု လာတယ်.... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ) အာရက္ခဆိုတဲ့ စောင့်ရှောက်မှုကြောင့် ကဲကွာ... ဒို့အရင်လို နေလို့ မတော်ကြတော့ဘူး၊ သေနတ်ကလေး ဘာကလေးလဲ လိုင်စင်ယူဦးမှဘဲ.... (မှန်ပါဘုရား) ဒီဇရောက်ပြီ.... (မှန်ပါ) မရောက်သေးဘူးလား.... ရောက်သလား.... (ရောက်ပါတယ်ဘုရား) ရောက်ပြီ....တဲ့၊ ဒီရောက်ပြီ။

ဒါကြောင့် ဘုရားက အာရက္ခာနံ ပဋိစ္စ သတ္ထာဒါနံ= လက်နက်ရှာဘယ်ကွ....တဲ့.... (မှန်ပါ) ညီတော် အာနန္ဒာ မင်းမသိဘူး... တဲ့။ ဒီလက်နက်ထားတာ ဘာဖြစ်လို့တုံး.... (စောင့်ရှောက်ဘို့ပါဘုရား) ကဲ.... ညီတော် အာနန္ဒာ ပြောနေပြီ... (မှန်ပါဘုရား)။

ကဲ....အခု လက်နက်ထားတာဟာ တကယ်ကွယ် ရိပ်မိပြီ.... (ရိပ်မိပါပြီ) လက်နက် မရမှာစိုးလို့ ကိုယ့်အမြက်တော်ကြီး

မကြေးသးလို့ ရှိယင် အမြတ်တော်ကြေးက သွားပြီး နည်းနည်း ဆောင်လိုက်ရသေးတယ်.... (မှန်ပါ့ဘုရား) မဟုတ်ဘူးလား.... လက်နက်မရမှာစိုးသကိုးဗျ၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) တကာကြွယ်-ခရေ.... ဒီညစ်စာ အတော်ဆိုးဘယ်နော်.... (ဆိုးပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျတော့မှ တကာတကာမတို့ မစ္ဆရိယကြောင့် အာရက္ခဆိုတဲ့ အစောင့် အရှောက်လိုလာတယ်....(လိုပါတယ်ဘုရား) ဒဲ့ဒါကြောင့် ဓါးတို့၊ လက်နက်တို့၊တံခါးတို့ အမျိုးမျိုးအ လုပ်မှုလာဘူးလား-(လုပ်လာပါတယ်ဘုရား)။

ဒါဖြင့် ဓါး,ဒုတ်,လက်နက်သေနတ် အစရှိသည်တို့ ဟကာတကာမတွေမှာ အဆင်သင့်ဖြစ်ပြီး ဘံခါးတွေ အမျိုးမျိုးအပုံ့ အထပ်ထပ်နဲ့ လုပ်ကြတာဟာ ဘယ်နှယ်ကြောင့် လုပ်ဖြစ်ပါလိမ့်မတုံးလို့ မေးဘို့မလိုဘူးလား.... (လိုပါတယ်ဘုရား) ဒီဘက်သူ့အကြောင်း နောက်ပြန်တွေးလိုက်....(မှန်ပါ့) မတွေးသင့်ဘူးလား....(တွေးသင့်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ စောင့်ရှောက်လိုတဲ့ စိတ်ကြောင့် ဓါး,ဒုတ်,လှံ ဆောင်ရတယ်....(မှန်ပါ့) ဓါး,ဒုတ်တွေ ဘယ်နှယ်ကြောင့် ထားပါလိမ့်.... (စောင့်ရှောက်လိုတဲ့ စိတ်ကြောင့်ပါ) စောင့်ရှောက်ချင်တဲ့စိတ်က ဘယ်က လာတာတုံး....ပေါ့ကမ္ဘာပျက်မှာစိုးတဲ့စိတ်က ဘယ်က လာတာတုံး၊ ဟော....မစ္ဆရိယက လာတာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) မစ္ဆရိယဘယ်က လာပါလိမ့်မတုံး....လို့ မေးလို့ရှိယင် ဒီကြောင်းပြန်

လှည့်ရာ အကုန်သွားရမယ်.... (မှန့်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါ့ဘုရား)။

ဒါဖြင့် နောက်ဆုံးပိတ် ဘယ်ပြန်ရောက်မယ် ထင်သတုံး.... (ခန္ဓာပါ) ခန္ဓာပြန်ရောက်မယ်....(မှန်ပါ့) ခန္ဓာ အတွက်ချည်း ဘဲ-(မှန်ပါ့) ဒါဖြင့် တကာတကာမတို့ အလုံးစုံအကုန် ခင်ဗျား တို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်....တဲ့ လက်နက် ဆောင်တာ သည် အိမ်မှာ တံခါးတွေ့ လုံခြုံအောင်ပြန်ပြီးသကာလ အရင်မူနဲ့ မတော်ဘူး...၊ နောက်မှ ပြန်လှုပ်မှာဘဲဆိုတဲ့ အသွားစော့ဟူသ၍ ဟာလဲ ခင်ဗျားတို့သည် ဘယ်အကျိုးငှါ လုပ်ပါလိမ့်မတုံးလို့ တကာသစ် မေးဘို့ မလိုဘူးလား-(လိုပါတယ်ဘုရား) ဒီ-စောင့် ရှောက်မှု အလိုရှိလို့.....(မှန်လှပါဘုရား) စောင့်ရှောက်မှု ဘယ် က လာသတုံး မေးလို့ရှိယင် ဘယ်နှယ်ဖြေပါ့မလဲ.... (မစ္ဆရိယ ကပါဘုရား)။

မစ္ဆရိယ ဘယ်နှယ်ကြောင့် လှပါလိမ့်မလဲလို့ မေးလို့ရှိ ယင် ကိုယ့်ပစ္စည်း အလှန်နှစ်သက်လို့.....(မှန်လှပါ) သဘော ကျပလား....(ကျပါပြီ) ဘယ်နှယ်ကြောင့် အလှန် နှစ်သက်တဲ့ သဘော ဖြစ်ရပါလိမ့်မတုံးဆိုတော့ အို.... ဝေပုံကျထားတာ.... သဘောကျပလား.... (ကျပါပြီ) ဘယ်နှယ်ကြောင့် ဝေပုံကျ ထားဘာပါလိမ့်မတုံး ဆိုတော့ ရလို့.... (မှန်ပါ့-ရလို့ပါ) မဟုတ်ဘူးလား....(မှန်ပါ့)ရတာ ဘယ်က ရသတုံးဆိုတော့ ရှာ လို့.... (ရှာလို့ပါ) ရှာတာ ဘာနဲ့ ရှာသတုံးမေးတော့.... (တဏှာနဲ့ရှာပါတယ်) တဏှာ ဘယ်ထက်ရှာသတုံး မေးတော့ (ခန္ဓာက ထက်ရှာပါတယ်ဘုရား)။

အဲဒီတော့ တကားတွကာမတွေက ဖုံးလိုက် ဖိသိုက်သေးတယ် (မှန်ပါ့) ဖုံးလိုက် ဖိလိုက်တယ်၊ အိမ်များလုံလို့ လက်နက်ကွေ ဘာတွေနဲ့လဲ စောင့်ရှောက်လို့ ဟုတ်လား....(မှန်ပါ့ဘုရား)။

အမျိုးမျိုး အဖုံဖုံတွေ လုပ်ပြီးထားပါတယ်၊ ကျုပ်တို့ ရှာနေတယ်၊ တခြားတော့ မဟုတ်ပါဘူး....၊ ကိုယ့် အတွက်တော့ စားချိန်လဲ မရှိပါဘူး၊ နေချိန်လဲ မရှိပါဘူး.... (မှန်ပါ့) လူတို့ တန်းဘိုပါဘဲ.... (မှန်ပါ့) ဒါကြီး၊ အကုန်ဖုံးပစ်လိုက်တယ်.... (မှန်ပါ့ဘုရား)။

• ဒီ ပဋိစ္စသမုပ္ပါဒ် ဘာဖြစ်လို့ကသလဲ.... (ဖုံးပစ်လိုက်ပါတယ် ဘုရား) ရော.... ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ဖုံးလို့ -ရတာလား တကာတကာမတို့ အကြောင်း အကျိုး ဆက်နေတာလား.... (အကြောင်းအကျိုးဆက်နေတာပါဘုရား) ဖုံးလို့ ရတာလား.... (မရပါဘုရား)။

အဲဒါ တကားကြွယ်တို့က မသိဘူးတော့ အင်း... သူတို့ရှာနေတာက သူတို့စားချိန်တော့ မရှိဘူးဟေ....၊လူနေတာ တန်းနေတာ လူတာတန်းလန်း၊ ကျောင်းဆောက်နေတာ တန်းလန်း၊ ဘုရားတည်နေတာကတန်းလန်း၊ ရေကန်တူးနေတာ တန်းလန်း၊ ဒါကြောင့် ရှာနေကြတယ်၊ သာဓု·သာဓုတဲ့ (မှန်ပါ့) အံမာ.... သာဓုများခေါ်လိုက်သေးတယ်.... (မှန်လှုပါဘုရား) သူ့အိမ် သွားကြည့်တော့လဲ လက်နက်တွေနဲ့... (မှန်ပါ့ဘုရား)။

ဘယ်နှယ်ဆိုကြမယ်....သူ့အိမ်သွားကြည့်ဗတော့ ဘယ်နှယ် ဆိုပါ့မလဲ.... (လက်နက်တွေနဲ့ပါဘုရား) ဘယ်နှယ်ကြောင့်

ဒီလက်နက်တွေထားပါလိမ့်.... (ပျောက်မှာစိုးလို့ပါ) သဘော ကျပလေး.... (ကျပါပြီ) ဘာဖြစ်လို့ ပျောက်မှာ စိုးရသတုံး ဆိုတော့ မစ္စရိယရှိလို့.... (မှန်ပါ့) ဒါမျိုး သာဓုခေါ်သေး တယ်.... (မှန်ပါ့ဘုရား) တကားကြွယ်ကော ခင်ဗျားခေါ်ဘူး သလား....(ခေါ်ဘူးပါတယ်ဘုရား)။

သြော်-သွားပြီပေါ့ ခင်ဗျား သာဓုခေါ်လိုက်တာ ဟိုလူ ထိုးချလိုက်တာဘဲ .... (မှန်ပါ့) အင်မတန် ဆိုးနေတယ်ဆိုတာ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဥစ္စာ တကွဲမှလက ကိုးချက်ဆို တော့ တစ်-နှစ်-သုံး-လေး-ငါး-ခြောက်-ခုနှစ်-ရှစ်-ကိုး ပေါ့ဗျာ၊ (မှန်လှပါဘုရား) တကွာအကြောင်းရင်းခံပြီး ကိုးချက်ဖြစ် သပေါ့ဗျာ....(မှန်လှပါဘုရား)။

မင်းတို့ တခြား ပဋိစ္စသမုပ္ပါဒ်မှတ်မနေနဲ့ ညီတော်အာနန္ဒာ ဥဥစ္စာ အိမ်တွင်းကနေပြီး အာပါယ်သွားတဲ့ ပဋိစ္စသမုပ္ပါဒ်တွေ တဲ့....(မှန်လှပါဘုရား)။

ကဲ- ဟောထိုက်-မဟောထိုက်.... (ဟောထိုက်ပါတယ်ဘုရား) ဒါဖြင့် တကာတကာမတို့ ဒီပဋိစ္စသမုပ္ပါဒ် နားလည်ပလား.... (လည်ပါပြီဘုရား) မပြောပါနဲ့ ကိုယ်တိုင်လုပ်နေတာပါဘုရာ့ နားလည်ရုံတွင်မကဘူး- ရိပ်မိပလား....(ရိပ်မိပါပြီ) ဦးမြမောင် ဘယ် နှယ်လုပ်နေတာတုံး.... (ကိုယ်ကိုယ်တိုင် လုပ်နေတာပါ ဘုရား)။

ကိုယ်တိုင် လုပ်နေတာပါ နားလည် ရုံ မဆာပါဘူး ဒါ လက်တွေ့ပါ .... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) အတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

သို့သော်-ဒီကြား ဝိပဿနာဝင်မယ်လို့ လာကို- မလာဘူး.... (မလာပါဘုရား)လာကြရဲ့လား....(မလာစေပါဘုရား)။

ဒီလိုမလာတာ တကာကြွယ် ဘယ်လောက် ကြာပတုံး .... (ကြာပါပြီ ဘုရား အစစတည်းက မလာပါ ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ရိပ်မိပလား....(ရိပ်မိပါပြီ) ဘယ်တုန်းကမလာဘူးတာတုံး.... (အစကတည်းကပါဘုရား) အစကတည်းကဲ့ မလာဘူးဘူးဆိုလို့ ရှိယင်ဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ပေါင်း တကာကြွယ် ဘယ်လောက်ရှိပြီတုံး.... (မရေတွက်နိုင်ပါဘုရား)။

ကဲ့- တက်သမ်းကိုမပါဘူး .... (မပါ-ပါဘုရား) တကာကြွယ် ဘယ်နှယ်ဘုံး....(တက်လမ်းမပါပါဘုရား) အဲဒါခင်ဗျားတို့မှာ အားလုံး တရားနာလာကြတဲ့ တကာတွေ ဒီကြွေးတွေလူတိုင်းရှိတယ်....(ရှိပါတယ်ဘုရား)။

နည်းနည်းရှိဘဲ့လူလဲ ဒီပဋိစ္စအမှုပ္ပါဒ်ပါဘာဘဲ၊ များများရှိတဲ့လူလဲ...(ပါ-ပါတယ်ဘုရား) အလတ်စားရှိတဲ့ပုဂ္ဂိုလ်လဲ .... (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဒီအိမ်တွင်းကနေ အာပါယ်သွားတဲ့ ပဋိစ္စသမုပ္ပါဒ် ဟာ တကာသစ် နည်းသလား....(မနည်းပါဘုရား)။

ဒါဖြင့် ဘုရားဟာ ခဏ ခဏ ဟောတယ် လူတသိန်းသေလို့ နှံတ်ဖျားသုဂတိ တယောက်မဆောက်ဘူးလို့ ပြောတဲ့ယ်.... (မှန်ပါ့ဘုရား)

ခင်ဗျားတို့က ဘုရားအပြောကြီးတယ်လို့ ဆိုမလား- တပည့်တော်တို့ဖြစ်တာနဲ့ စာယင်လဲ အဟောနည်းတယ်ဆိုကြမလား.... (အဟောနည်းပါတယ်ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဖြစ်တာနဲ့ စာယင် အဟောနည်းသေးတယ် .... (အဟောနည်းပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် တကာဘဒ္ဒကာမတွေ ဒီဟာတွေ ခင်ဗျားတို့ကို ဒီဆရာဘုန်းကြီးကမှ ဖြတ်လမ်းကို မပြတော့ပါဘူး ဆိုလို့ရှိယင် ဒီကြွေးပေါင်းဟာ ခင်ဗျားတို့မှာ မနည်းတော့ဘူး .... (မနည်းပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီအကြွေးလွတ်တဲ့ ဘဝတကာမတွေ ဒီထဲတယောက်မှမပါဘူး.... (မပါပါဘုရား) ဒီဗဟိဒ္ဓစသမုပ္ပါဒ် ကြွေးလွတ်တဲ့ဟာလေ တယောက်ပါရဲ့လား.... (မပါပါဘုရား) ပေါ်ကြပြီ.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ ဒီကြွေးကို ခင်ဗျားတို့ဆွေဉာ.... ဘပည့်တော်ဖြင့် ပန်းကလေး လှူပါ၏၊ အပါယ်လေးပါး ဖြင့် မရောက်ပါစေနဲ့တဲ့- ဟိုပဋိစ္စသမုပ္ပါဒ်က ဆောင်ပြီးပြီ .... (မှန်လှုပါဘုရား) ပဋိစ္စသမုပ္ပါဒ်က.... (အခင်မြင်ပြီးပါပြီ)ဆောင်မြင်ပြီးသွားပြီ။

အင်း.....ချမ်းသာတဲ့အခါကျလို့ ရှိယင်ဖြင့်ကဲ့ကဘလတကြိမ် တလသုံးကြိမ်မြောက် ဒို့ဆယ်ပါးစီ- ဆယ်ပါးစီ ဆယ့်ငါးပါးစီ

နှစ်ဆယ်စီလောက်၊ ကိုယ်အကြောင်း ညီညွတ်တဲ့အခါ ဆုမ်းအလေးကျွေး· ဒါကိုယ့်ကို ကယ်မည့်လူ ယူမည့်လူပေါ့ကွ.... (မှန်ပါ)။

အင်း.... ဆုမ်းကသုံးကြိမ်ရယ်၊ သူ့ပဋိစ္စသမုပ္ပါဒ်က တန္ဆေဘုယ်နှစ်ကြိမ် .... (မရေတွက်နိုင်ပါဘုရား) မရဘူး· မရဘူး မိုးကြိုးပစ်တာ ထန်းလက်ကလို့ မရဘူး.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)မိုးကြိုးပစ်တာကို .... (ထန်းလက်ကလို့ မရပါဘုရား)မရဘူး-မရဘူး ဝိပဿနာနဲ့မှရမယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝိပဿသနာကတော့ တကာတကာမတို့ မှတ်လိုက်စမ်းပါတဲ့ ကုသိုလ်ရော အကုသိုလ်ရော-မကောင်းတဲ့ အကုသိုလ်လဲ ဘုံဘဝ အကျိုးပေးမည့်ကုသိုလ်လဲ သူကစွန့်ပစ်လိုက်တယ်.... (မှန်ပါ့) အပါယ်သွားမည့်အကုသိုလ်လဲ .... (စွန့်ပစ်လိုက်ပါတယ်ဘုရား)။

အဲ....ဝိပဿနာနဲ့ ကာကွယ်မှုရမယ်....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒီနေ့ နာရီစေ့ပြီ တော်ကြဦးစို့....။

သာဓု...သာဓု....သာဓု

ဤတွင် အမှတ်စဉ်(၇) ပြီးဆုံးပါပြီ။

ရန်ဒိုင်သောဌာနများ

★

ဤအဖဲ့မှရိုက်နှိပ်ထုတ်ဝေပြီးထုတ်ဝေလတ္တံ့သောစာအုပ်များကို အောက်ဖေါ်ပြပါဌာနများတွင် ရရှိနိုင်ပါသည်။
အဖဲ့မှ ရပ်ဝေးသို့ တင်ပို့ခြင်းမပြုပါ။

ရန်ကုန်မြို့

(၁) ပညာအလင်းပြ စာအုပ်တိုက် -၁၃၀-ဗိုလ်ချုပ်လမ်း
(၂) ဗုဒ္ဓဓမ္မလောက စာစောင်- ရွှေတိဂုံ ဘုရားလမ်း
(၃) ဦးချစ်ထုံး၊ အမှတ် ၃၃-ဘုန်းကြီးလမ်း
(၄) ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်း ဦးချစ်တင်ဆိုင်-နှင့် အခြား စာအုပ်ဆိုင်များ
(၅) ဟံသာဝတီ စာအုပ်ဆိုင်။ ဗိုလ်အောင်ကျော်လမ်း

မန္တလေးမြို့နှင့်အခြားမြို့များ

(၆) သစ်ဘရားသားအယ်(လ်)ရုံ စျေးချို့တော်
(၇) အောင်မြန်မာ စက္ကူဆိုင်-အောက်လိုင်း စျေးချို
(၈) ဦးဘထွေး-ဂျစ်ကားတံဆိပ် အထည်တိုက် မုံရွာမြို့
(၉) ဦးဘအုန်း-ဒေါ်ကျင်လှမ်(အုန်းဘရားသား)၁၄ကုန်စုံလမ်း၊ ပုသိမ်မြို့။
(၁၀) အောင်နိုင် စာပေတိုက်၊ နဝရတ်သီဂီတိုက် ၁၁၅-အခန်းအမှတ် ဘီစီ-လမ်းမတော် ပြည်မြို့
(၁၁) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း ဟသ်ာတမြို့
(၁၂) ဦး မောင် ရွှန်၊ ၁-စကာဝလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။
(၁၃) ဦးတင်အောင် ဒေါ်ခင်ကြည်၊စျေးအနီးဆင်ဖြူကျွန်း၊ သတိပြုရန်။ ။အဖဲ့တည်ရာဌာနဌ် လက်လီရောင်းချခြင်းမပြုပါ။

ကျေးဇူးရှင် - အဂ္ဂမဟာပဏ္ဍိတ

ဒီးကုတ် ဆရာတော်ဘုရား၏

ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်

ပြန်ပြောပုံရေးအဖွဲ့က

ကမ္ဘာထပြု၍ ကျွန်စာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။